# မဇ္ဈိမနိကာယ်မူလပဏ္ဏာသကာ

(အရှင်အာဒိစ္စဝံသ)

J

၁၃၁၄

အရှင်အာဒိစ္စဝံသ
မြန်မာပြန်ဆိုရေးသားအပ်သော
ဗုဒ္ဓဝါဒ-မြန်မာပိဋကတော်

# မဇ္ဈိမနိကာယ်
## မူလပဏ္ဏာသက

ဗုဒ္ဓဝါဒ သဒ္ဓါစုရ မဟာသုဓမ္မာ အဖွဲ့ချုပ်ကြီး
၁၂ သုဓမ္မာထမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။
၁၃၁၃ ခု-ဝါခေါင်လ၊

သွန်မြတော်ပုံနှိပ်တိုက်၊
အမှတ်—၁၅၀, ဒိလ်ချ်ပင်လမ်း ရန်ကုန်မြို့။

## ဩဝါဒါစရိယ နာယကဆရာတော်များ ။

---

၁- ပိန္နဲကန်ဆရာတော်ဘုရားကြီး

၂- လွယ်ကော်ဆရာတော် အရှင်ဝါယာမ

၃- အဂ္ဂမဟာဂန္ထဝံသကျောင်းတိုက် ဆရာတော် အရှင်ဣန္ဒသာရိယ

၄- ကမာကောဗိုလ်ဆရာတော် အရှင်ဇာဂရ

၅- အရှင်အဘိဓဇ္ဇသကျောင်းတိုက်အုပ် ဆရာတော် အရှင်ပညာလင်္ကာရ

၆- ရဟန်းပြုအဖွဲ့ချုပ် ဥက္ကဋ္ဌ-အရှင်ဇောတိက

# မဇ္ဈိမနိကာယ်

# မူလပဏ္ဏာသက

## မာတိကာ အညွှန်း


| ဦးရေ | သုတ်စဉ် | စာမျက်နှာ |
|---|---|---|
| (က) | ပုံနှိပ်နိဒါန်း၊ | င – ဌ |
| (ခ) | ကျမ်းပလ္လင်၊ | ဍ – ဏ |
| | (က) ပထမဝဂ်၊ | |
| ၁- | မူလပရိယာယ သုတ္တန်၊ | ၁ – ၇ |
| ၂- | သဗ္ဗာသဝ သံဝရ သုတ္တန်၊ | ၈ – ၁၆ |
| ၃- | ဓမ္မဒါယာဒ သုတ္တန်၊ | ၁၇ – ၂၁ |
| ၄- | ဘယဘေရဝ သုတ္တန်၊ | ၂၃ – ၃၁ |
| ၅- | အနင်္ဂဏ သုတ္တန်၊ | ၃၃ – ၄၀ |
| ၆- | အာကင်္ခေယျ သုတ္တန်၊ | ၄၁ – ၄၃ |
| ၇- | ဝတ္ထ သုတ္တန်၊ | ၄၅ – ၅၀ |
| ၈- | သလ္လေခ သုတ္တန်၊ | ၅၁ – ၅၇ |
| ၉- | သမ္မာဒိဋ္ဌိ သုတ္တန်၊ | ၅၈ – ၆၆ |
| ၁၀- | မဟာသတိပဋ္ဌာန သုတ္တန်၊ | ၆၇ – ၈၀ |
| | (ခ) ဒုတိယဝဂ်၊ | |
| ၁၁- | အနုပါဒါန ပရိနိဗ္ဗာန သုတ္တန်၊ | ၈၁ – ၈၂ |
| ၁၂- | ဒသဗလ သုတ္တန်၊ | ၈၃ – ၈၄ |
| ၁၃- | ဝေသာရဇ္ဇ သုတ္တန်၊ | ၈၅ – |
| ၁၄- | ပဥ္စဂတိ သုတ္တန်၊ | ၈၇ – ၉၀ |
| ၁၅- | လောမဟံသန သုတ္တန်၊ | ၉၁ – ၉၄ |
| ၁၆- | ဒုက္ခက္ခန္ဓ သုတ္တန်၊ | ၉၅ – ၁၀၀ |
| ၁၇- | မဟာနာမောဝါဒ သုတ္တန်၊ | ၁၀၁ – ၁၀၂ |
| ၁၈- | အတ္တကိလမထာနုယောဂ သုတ္တန်၊ | ၁၀၃ – ၁၀၅ |
| ၁၉- | အနုမာန သုတ္တန်၊ | ၁၀၇ – ၁၀၉ |
| ၂၀ | စေတောခိလ သုတ္တန်၊ | ၁၁၁ – ၁၁၂ |

## (ဂ) တတိယဝဂ်


၂၁ - ဝနပတ္ထ သုတ္တန်၊ ၁၁၃ - ၁၁၄

၂၂ - မဓုပိဏ္ဍိက သုတ္တန်၊ ၁၁၅ - ၁၁၇

၂၃ - ဒွေဓါဝိတက္က သုတ္တန်၊ ၁၁၈ - ၁၂၁

၂၄ - ဝိတက္ကသဏ္ဌာန သုတ္တန်၊ ၁၂၃ - ၁၂၅

၂၅ - မောဠိယဖဂ္ဂုနောဝါဒ သုတ္တန်၊ ၁၂၇ - ၁၂၈

၂၆ ကကစူပမ သုတ္တန်၊ ၁၂၉ - ၁၃၃

၂၇ - အလဂဒ္ဒူပမ သုတ္တန်၊ ၁၃၅ - ၁၃၆

၂၈ - ကုလ္လူပမ သုတ္တန်၊ ၁၃၇ - ၁၃၉

၂၉ - ဝမ္မိက သုတ္တန် ၁၄၁ - ၁၄၂

၃၀ - ရထဝိနီတ သုတ္တန်၊ ၁၄၃ -


## (ဃ) စတုတ္ထဝဂ်


၃၁ - အရိယပရိယေသန သုတ္တန်၊ ၁၄၅ -- ၁၅၅

၃၂ - စူဠဟတ္ထိပဒေါပမ သုတ္တန်၊ ၁၅၇ -- ၁၆၄

၃၃ မဟာဟတ္ထိပဒေါပမ သုတ္တန်၊ ၁၆၅ -- ၁၆၈

၃၄ သာရောပမ သုတ္တန်၊ ၁၆၉ -- ၁၇၂

၃၅ - မဟာဂေါပါလက သုတ္တန်၊ ၁၇၃ -- ၁၇၇

၃၆ - စူဠဂေါပါလက သုတ္တန်၊ ၁၇၈ -- ၁၈၀

၃၇ စူဠသစ္စက သုတ္တန်၊ ၁၈၁ -- ၁၈၈

၃၈ - မဟာသစ္စက သုတ္တန်၊ ၁၈၉ -- ၁၉၉

၃၉ - စူဠတဏှာသင်္ခယ သုတ္တန်၊ ၂၀၀ --

၄၀ မဟာတဏှာသင်္ခယ သုတ္တန်၊ ၂၀၁ -- ၂၀၇


## (င) ပဉ္စမဝဂ်


၄၁ - မဟာအဿပုရ သုတ္တန်၊ ၂၀၉ -- ၂၁၄

၄၂ - စူဠအဿပုရ သုတ္တန်၊ ၂၁၅ - ၂၁၈

၄၃ - သာလေယျက သုတ္တန်၊ ၂၁၉ -- ၂၂၄

၄၄ - မဟာဝေဒလ္လ သုတ္တန်၊ ၂၂၅ - ၂၃၁

၄၅ စူဠဝေဒလ္လ သုတ္တန်၊ ၂၃၃ -- ၂၃၆

၄၆ - စူဠဓမ္မသမာဒါန သုတ္တန်၊ ၂၄၁ -- ၂၄၄

၄၇ - မဟာဓမ္မသမာဒါန သုတ္တန်၊ ၂၄၅ -- ၂၄၉

၄၈ - ဝီမံသက သုတ္တန်၊ ၂၅၁ -- ၂၅၃

၄၉ - သာရဏီယဓမ္မ သုတ္တန်၊ ၂၅၅ -- ၂၅၇

၅၀ ဗြဟ္မနိမန္တနိယ သုတ္တန်၊ ၂၅၉ -- ၂၆၃

# နိဒါန်း

ကျွန်ုပ်သည် ပန်းတနော်မြို့မှ မီးလောင်ရေဗျော ဆိုသကဲ့သို့ ကေ- အင်- ဒီ- ဗိုလ် တို့၏ တော်လှန်မှုကြောင့် ရန်ကုန်မြို့သို့ ရောက်နေရာ အေးချမ်းစွာနေလျက် မိမိ၏ နေထိုင်ရာ ပန်းတနော်မြို့သို့ ပြန်မှီရာသာ စိတ်ကူး နေစဉ်, ကျွန်ုပ်နှင့် ရှေးအခါက တခါမျှ မမြင်ဖူး, မသိဖူးသော အမှတ် ၁၂ - သုဓမ္မာလမ်း ကျောက်မြောင်းရပ် , ဒေါ်မကြီးနှင့် ၎င်း၏သား မောင်အောင်ကြည် ဟူသည် ကျွန်ုပ်အား အလွန် ကြည်ညို လေးစားသောအားဖြင့် ၁၃၁၂-ခု၊ ဒုတိယ ဝါဆိုလပြည့်နေ့တွင် နေ့ဆွမ်းစားရန်ပင့်လျှောက်၏၊ ကျွန်ုပ်လည်း ၎င်းတို့ ပင့်လျှောက်သောနေ့တွင် ၎င်းတို့အိမ်သို့ ကြွလာ၍ နေ့ဆွမ်းစား၏၊ ဆွမ်းစားပြီးသော် အဆိုပါ ဒေါ်မကြီးသည် ကျွန်ုပ်အား တရားဟောရန် လျှောက်ထား၏၊ ကျွန်ုပ်သည် အနည်းငယ် စဉ်းစားပြီးသော်- တရားဟောရန် ပတိညာဉ်ပေးလိုက်၏။

ကျွန်ုပ် အနည်းငယ် စဉ်းစားခြင်းကား- တရားမဟောချင်၍ မဟုတ်- အမှန်အားဖြင့် ကျွန်ုပ်ဟောမည့် ဗုဒ္ဓဝါဒသည် ၎င်းတို့ လက်ခံနိုင်မည်, လက်မခံနိုင်မည့်ကို စဉ်းစားခြင်းဖြစ်၏၊ကျွန်ုပ်ဟောညွှန်သော ဗုဒ္ဓဝါဒကို လက်ခံနိုင်သော်-၎င်းတို့သည် ဗုဒ္ဓဘာသာစစ်စစ်ဖြစ်၍ အကျိုးရှိမည်၊ အပါယ်လေးပါးမှလွတ်၍ လူဖြစ်ရကျိုးနပ်မည်၊ လက်မခံနိုင်သော်- ဗုဒ္ဓဘာသာတုဖြစ်၍ အကျိုးမရှိ,အပါယ်လေးပါးမှမလွတ်-လူဖြစ်ရကျိုးမနပ်၊သနားစရာဖြစ်သည်ဟု စဉ်းစားခြင်းဖြစ်၏။

သို့ရာတွင်–၎င်းတို့ကပ်လှူသောဆွမ်းအတွက် ငါ၌ ဟောညွှန်ရမည့်ဝတ္တရားရှိသည်၊ ဟောညွှန်ရမည့် တာဝန်ဝတ္တရားကား ငါဖြစ်၏၊ လက်ခံနိုင်, လက်မခံနိုင် ဝတ္တရားကား ၎င်းတို့ဖြစ်၏ ဟု စိတ်၌ဆုံးဖြတ်ပြီးလျှင် နေ့ တနာရီ အချိန်မှစ၍ ညနေ ငါးနာရီ အထိ၊ ဗုဒ္ဓဂေါတမ ညွှန်ကြားတော်မူခဲ့သော ဗုဒ္ဓဝါဒ ဓမ္မမှန်တော်အရ "ဗုဒ္ဓ-သရဏံ-ဂစ္ဆာမိ" ဖြင့် ဗုဒ္ဓဘာသာ စစ်စစ် သောတာပန် ဖြစ်ကြောင်း များကို၊ အကျယ် တဝင့် မြန်မာစကားသက်သက်ဖြင့်ဟောညွှန်၏။

ဆွမ်းတကာမ-ဒေါ်မကြီးနှင့် ကျွန်ုပ်ညွှန်ကြားရေးကို လာရောက် နာကြားကြသောသူအပေါင်းတို့သည် အလွန်ပင် သဘောကျကြသဖြင့် ရှေ့အဖို့ ဆက်လက်ဟောညွှန်ရန် လျှောက်ထားကြ၏၊ ဒေါ်မကြီးသည် ကျွန်ုပ်အား ၎င်း၏အိမ်ကို ယာသီကျောင်း အဖြစ် လှူဒါန်း၍ ပစ္စည်းလေးပါးဖြင့် လျှောက်ထား၏။

ဤသို့ အားဖြင့် ကျွန်ုပ်၏ ဗုဒ္ဓဝါဒ ဟောညွှန်ရေး ၅ - ကြိမ် ပြီးမြောက်သောအခါ၊ ဒေါ်မမကြီးနှင့်၎င်း၏သား ခင်မောင်ကြည် တို့သည် ဗုဒ္ဓဝါဒပြန့်ပွားရေးအဖွဲ့ကြီး တစ်ဖွဲ့ တည်ဆောက်ရန် လျှောက်ထား၏၊ ကျွန်ုပ်နှင့် တကွ အဖွဲ့၏ ဝတ္တရားဝန် ဟူသမျှကို ရွက် ဆောင်ရန် ၎င်းတို့ သားအမိသည် လျှောက်ထား ဝန်ခံကြ၏၊ ကျွန်ုပ်သည် ကျွန်ုပ်၏ ဗုဒ္ဓ ဝါဒနှင့် ထိုသားအမိနှစ်ယောက်၏ သဒ္ဓါတရားနှင့်၎င်းတို့ နေထိုင်ရာ အဖွဲ့ကြီး၏ တည်ရာ လမ်းပါ ပါစေရန် **ဗုဒ္ဓဝါဒ-သဒ္ဓါစုရ မဟာသုခမ္မာ အဖွဲ့ချုပ်ကြီး** နှင့် ၎င်းနှင့် အမည်တူ အမျိုးသမီးအဖွဲ့ကြီးကို ဖွဲ့စည်း တည်ဆောက်ပေးလိုက်၏၊ ကျွန်ုပ် ကား ထိုအဖွဲ့ကြီးနှစ်ဖွဲ့၏ မဟာနာယက အဖြစ်ဖြင့် အုပ်ချုပ်၍ ကျွန်ုပ်၏နောက်၌ ထို အဖွဲ့ကြီးနှစ်ဖွဲ့ကို အုပ်ချုပ်စီမံသွားရန် ရပ်ကွက်ဆိုင်ရာလူကြီးများအား ရွေးချယ်စီစစ်၍ အောက်ပါအတိုင်း လွှဲအပ်ခန့်ထားလိုက်၏။

## အမှုဆောင်လူကြီးများ

၁ နာယက ဦးဘိုးကြည် အငြိမ်းစား ဘိုလိန်းလမ်း ကန်တော်ကလေး
၂ ဥက္ကဋ္ဌ မကွေးရာမင်းသားကြီး ထိပ်တင်ဝင်း ဘိုလိန်းလမ်း ကန်တော်ကလေး
၃ ဒုတိယဥက္ကဋ္ဌ ဦးထွန်းတင် အငြိမ်းစား သင်္ဂဟာလမ်း ကျောက်မြောင်း
၄. အတွင်းရေးမှူး ကိုမောင်ကြည် သုခမ္မာလမ်း ကျောက်မြောင်း
၅ တွဲဘက်အတွင်းရေးမှူး ကိုစိန် သုခလမ်း ကျောက်မြောင်း

### ဗုဒ္ဓဝါဒ အထူးဘာဝနာ အကျိုးဆောင်

| | | | |
|---|---|---|---|
| ၆ မောင်ဘမြ ဆရာကြီး | ၁၁၉ လမ်း | ၁၇ ဦးဘညွန့် | တာမွေ |
| ၇ ဦးဘိုးလုံး | ကြည်တော်ရပ် | ၁၈ ဦးထွန်းဝင်း | သီတာဗွာနုလမ်း |
| ၈ ဦးပု | ။ | ၁၉ ဦးတင့်လေး | ညောင်လေးပင်မြို့ |
| ၉ ဦးမြ | ၁၄၉ လမ်း တာမွေ | ၂၀ ဦးချို | သင်္ဂဟာလမ်း ကျောက်မြောင်း |
| ၁၀ ဦးပုကလေး | သင်္ဂဟာလမ်း | ၂၁ ဦးစိုးညား | ရွှေဂုံတိုင်ကွက်သစ် |
| ၁၁ ဦးထွန်းဖေ | ချိုင်းခရ ဒုံးစင် | ၂၂ ဦးညွန့် ရွှေမြ | ကွင်းမောနောက်လမ်း |
| ၁၂ ဦးစိန် | မဟာသဘင်လမ်း | ၂၃ ဦးဝင်း | စက်ဆန်း ဂျပန်တောင် |
| ၁၃ ဦးမောင် | ချိုင်းခရ ဒုံးစင် | ၂၄ ဦးဘမြိုး | ပျိုလတ်လမ်း |
| ၁၄ ဦးဝ | ၈၉ ကန်တော်ကလေး | ၂၅ ဦးဘခွေး | မဂ္ဂလမ်း တာမွေ |
| ၁၅ ဦးသန်းတင် | ပန်းဆိုးတန်း ရန်ကုန် | ၂၆ ဦးဘ | မအူကုန်း |
| ၁၆ ဦးဘကြီး | ၁၅၉ လမ်း တာမွေ | ၂၇ ဦးဘရိန် | ပြွစ်လမ်း တာမွေ |

## ဒုဗ္ဗါဒ. ဖြန့်ဖြူးရေးမှူး

| | | |
|---|---|---|
| ၁ | ဦးသိမ်းမောင် | မလ္လကုန်း |
| ၂ | ဦးဘရှိန်း | ကျောက်မြောင်းလမ်း |
| ၃ | ဦးဖူးညို | ״ |
| ၄ | ဦးအုန်းဖေ | မဂျစ်လမ်း တာမွေ |
| ၅ | ဦးသန့် | သုဓမ္မာလမ်း |

## ဒုဗ္ဗဝါဒ ဆက်သွယ်ရေးမှူး

| | | |
|---|---|---|
| ၁ | ကိုကြည် | ကျိုက္ကစံလမ်း |
| ၂ | ကိုသိန်း | ကြည့်တော်ရပ် |
| ၃ | ဦးထွန်းမင်း | အုန္တနိလာလမ်း တာမွေ |
| ၄ | ဦးအောင်ဖေ | ၁၆၆ လမ်း ״ |
| ၅ | ကိုတင်မြင့် | ဗျူဂိုင်းရေအိုးစင် |
| ၆ | ဦးမောင်မောင်ထွန်း | စက်ဆန်း |
| ၇ | ကိုသန်းမောင် | စက်ဆန်း ၃ လမ်း |
| ၈ | ကိုမြမောင် | B O D ပေတရာတန်း |
| ၉ | ဦးအုန်းစိန် | မဂျစ်လမ်း တာမွေ |

## ဒုဗ္ဗဝါဒ အထွေထွေ အမှုဆောင်

| | | |
|---|---|---|
| ၁ | ဦးကိုကိုလေး | မဂျစ်လမ်း တာမွေ |
| ၂ | ကိုလှမြိုင် | သုခလမ်း |
| ၃ | ကိုမောင်မောင် | ကျားကွက်သစ် |
| ၄ | ကိုချစ်စိန် | ဗျူဂိုင်းရေအိုးစင် |
| ၅ | ဗိုလ်ချမ်းမြ | မလ္လကုန်း |
| ၆ | ဦးဘဟန် | ကျားကွက်သစ် |
| ၇ | ဦးကံထွန်း | ဗဟိုရ်လမ်း |
| ၈ | ဦးလှသောင် | ״ |
| ၉ | ကိုဘခင် | ကြည့်တော်ရပ် |

## ဒုဗ္ဗဝါဒ တာဝန်ခံအမှုဆောင်

| | | |
|---|---|---|
| ၁ | ဦးဘိုးဝန် | ကျိုက္ကစံကွက်သစ် |
| ၂ | ကိုဘငွေ | ရွှေဂုံတိုင် |
| ၃ | ဦးစိန် | ဗိုလ်စိန်မှန်လမ်း |
| ၄ | ဦးမောင်ကြီး | ရွှေဂုံတိုင် |
| ၅ | ဦးမြဒင် | ״ |
| ၆ | ဦးဘချန် | ၁၅၃ လမ်း |
| ၇ | ဦးသာခင် | သတိပဋ္ဌာန်လမ်း |
| ၈ | ဦးဘား | သတိပဋ္ဌာန်လမ်း |
| ၉ | ဦးဘသောင်း | ကျိုက္ကစံလမ်း |
| ၁၀ | ဦးပြိမ်း | စတော့ကိတ်လမ်း |
| ၁၁ | ဦးသာတင့် | ဗဟိုရ်လမ်း |
| ၁၂ | ဦးသာခင် | ״ |
| ၁၃ | ဦးတုတ်မြိုင် | ကြည့်တော်ရပ် |
| ၁၄ | ကိုသန်း | ״ |
| ၁၅ | ကိုသန်းဖေ | ״ |
| ၁၆ | ကိုသိန်းအောင် | ״ |
| ၁၇ | ကိုစိန်ဝင်း | ״ |
| ၁၈ | ဝင်း ဆရာပြိမ်း | သုဓမ္မာလမ်း |
| ၁၉ | ဦးရင်ကြီး | ကျောက်မြောင်းလမ်း |
| ၂၀ | ဦးပွ | သုဓမ္မာလမ်း |
| ၂၁ | ဦးရွှေကိုး | ״ |
| ၂၂ | ဦးဘရင် | မြို့သစ် ၁ လမ်း |
| ၂၃ | ဦးအုံးလေး | ကျောက်မြောင်းလမ်း |
| ၂၄ | ဦးဘိုးရှိန် | အင်းဝလမ်း |
| ၂၅ | ဦးစိန်ထွန်း | ဒဂုံဝင်ရိုလမ်း |
| ၂၆ | ဦးစိန်ရှိန်း | အာလောကလမ်း |

## ဗုဒ္ဓဝါဒ တာဝန်ခံ အမှုဆောင်အဆက်။

| | | | |
|---|---|---|---|
| ၂၇ ဦးဘိုးထင် | အသောကလမ်း။ | ၅၁ ဦးကြွင်မိန်း | သုဝဏ္ဏလမ်း |
| ၂၈ ဦးရွှေခ | ရတနာလမ်း | ၅၂ ဦးဘိုးဟန် | ״ |
| ၂၉ ဦးလူမောင် | ״ | ၅၃ ဦးအုန်းခင် | စကြာလမ်း |
| ၃၀ ဦးထွန်းလှိုင် | ကျောက်မြောင်းလမ်း | ၅၄ ကိုသူတော် | ဗွဲဘိုလမ်း |
| ၃၁ ဦးပဏ္ဍိ | ဖုန္ဒီလာလမ်း | ၅၅ ကိုမိုးဟန် | မြို့သစ်လမ်း |
| ၃၂ ဦးပွင့် | ״ | ၅၆ ကိုဘအုန်း | ״ |
| ၃၃ ဦးဘရှိန်း | အင်းဝလမ်း | ၅၇ ဦးဘဖေ | သတိပဋ္ဌာန်လမ်း |
| ၃၄ ဦးထွန်းမိန် | ၈၉ လမ်း | ၅၈ ဦးဘချင် | ၁၆၆ လမ်း တာမွေ |
| ၃၅ ဦးထွန်းရှိန် | ״ | ၅၉ ဦးဖုန်းတင် | ကျိုက္ကစံလမ်း |
| ၃၆ ဦးဘိုးဘွန်း | ״ | ၆၀ ကိုသောင်းဖေ | သင်္ဂဟလမ်း |
| ၃၇ ဦးစန် | ဧအောင်မင်္ဂလာလမ်း | ၆၁ ကိုသန်းညွန့် | ပန်းဆိုးတန်း |
| ၃၈ ဦးစော | ၁၆၇ လမ်း တာမွေ | ၆၂ ကိုထွန်း | သတိပဋ္ဌာန်လမ်း |
| ၃၉ ကိုအောင်ဖေ | စိတ္တသုခလမ်း | ၆၃ ကိုစောဟန် | ကြည့်တော်ရပ် |
| ၄၀ ကိုချစ်မိန် | ၁၀၅ လမ်း | ၆၄ ကိုအုန်းရွှေ | ״ |
| ၄၁ ကိုသောင်းညွန့် | ၁၆၇ လမ်း | ၆၅ ဦးအုန်းမောင် | ״ |
| ၄၂ ကိုမောင်ဟန် | သတိပဋ္ဌာန်လမ်း | ၆၆ ဦးဘလှ | ״ |
| ၄၃ ဦးစံရှိန် | ကျောက်မြောင်းလမ်း | ၆၇ ဦးမိုးကျော် | စက်ဆန်း |
| ၄၄ ကိုကျော်ရှိန် | ဖျာပုံရေအိုးစင် | ၆၈ ကိုသိန်းဇံ | ״ |
| ၄၅ ကိုဘဂျမ်း | ၁၆၅ လမ်း တာမွေ | ၆၉ ကိုမိန်လှ | သင်္ဂဟလမ်း |
| ၄၆ ကိုစံထွေး | ၁၆၆ လမ်း ״ | ၇၀ ကိုထွန်းရှိန် | ဓမ္မစိတ္တာလမ်း |
| ၄၇ ဦးဘိုးဝန် | ဖျာပုံရေအိုးစင် | ၇၁ ကိုထွန်းရီ | သင်္ဂဟလမ်း |
| ၄၈ ဦးထွန်းနု | ״ | ၇၂ ကိုဖြူး | သတိပဋ္ဌာန်လမ်း |
| ၄၉ ဦးမိုးသက် | ״ | ၇၃ ဦးဘဇံ | ကဝမြို့ |
| ၅၀ ဦးထွန်း | ကျိုက္ကစံလမ်း | ၇၄ ဦးဘိုးကျော် | ဝဲနွယ်ကုန်း |

### ဗုဒ္ဓဝါဒ - ခန္တီ - နားခံတော

၇၅ ဦးသက် ဂျစ်လမ်း တာမွေ

### ဗုဒ္ဓဝါဒ - ဆောင်ကြဉ်းသူ

၇၆ ကိုချစ်ထွန်း သုဒ္ဓလမ်း

၇၇ ကိုထပ် ״

၇၈ ဆရာမို ״

# အမျိုးသမီးအဖွဲ့အမှုဆောင်များ

၁ ဥက္ကဋ္ဌ မဂ္ဂရာမင်းသမီး ထိပ်တင်မလေး ဘိုးဝင်းလမ်း ကန်တော်ကလေး
၂ ဒုတိယဥက္ကဋ္ဌ ဒေါ်မမကြီး သုဓမ္မာလမ်း ကျောက်မြောင်း
၃ ဇုန္တဝါဒ အတွင်းရေးမှူး လှဝိဇ္ဇာ ဒေါ်ကျေ မျိုးကြွစံလမ်း ကျောက်မြောင်း
၄ တွဲဘက် အတွင်းရေးမှူး မြင့်မြင့် သင်္ဂဟာလမ်း ကျောက်မြောင်း

## ဇုန္တဝါဒ ဖြန့်ဖြူးရေးမှူး

| | | | |
|---|---|---|---|
| ၁ ဒေါ်စော | သင်္ဂဟာလမ်း | ၄ ဒေါ်ရှင် | ရတနာလမ်း |
| ၂ ဒေါ်တင်မေ | ကျားကွက်သစ်လမ်း | ၅ ဒေါ်တင့် | ၆၂- မျိုင်းရေအိုးစင် |
| ၃ ဒေါ်သန်းတင် | သတိပဋ္ဌာန်လမ်း | | |

## ဇုန္တဝါဒ ဆက်သွယ်ရေးမှူး

| | | | |
|---|---|---|---|
| ၁ ဒေါ်ကျေ့ရှင်း | ၁၁၈ လမ်း | ၅ ဒေါ်စောရင် | ၈၉ လမ်း |
| ၂ ဒေါ်စိန်ထွေး | ကြည်တော်ရပ် | ၆ ဒေါ်ညွန့်စိန် | ၁၁၉ လမ်း |
| ၃ ဒေါ်ဖော် | မျိုင်းရေအိုးစင် | ၇ ဒေါ်အုန်းတင် | မယ္ယကုန်းလမ်း |
| ၄ ဒေါ်ရင် | ၁၆၃ လမ်း | | |

## ဇုန္တဝါဒ အထွေထွေအမှုဆောင်

| | | | |
|---|---|---|---|
| ၁ ဒေါ်ညွန့်မေ | သင်္ဂဟာလမ်း | ၄ ဒေါ်သောင်း | ကျားကွက်သစ် |
| ၂ ဒေါ်မြရင် | ဗဟိုရ်လမ်း | ၅ ဒေါ်ကျင်နု | မျိုးကြွစံလမ်း |
| ၃ ဒေါ်သန့် | ဇာနွှနီလာလမ်း | | |

## ဇုန္တဝါဒ တာဝန်ခံအမှုဆောင်

| | | | |
|---|---|---|---|
| ၁ ဒေါ်ခင်စိန် | မျိုးကြွစံလမ်း | ၁၃ ဒေါ်ရင်မေ | သုဓမ္မာလမ်း |
| ၂ ဒေါ်တင် | ၁၆၇ လမ်း | ၁၄ ဒေါ်ဧးကြည် | ” |
| ၃ ဒေါ်မေ | ဇာနွှနီလာလမ်း | ၁၅ ဒေါ်ကျင်ဖိုး | သင်္ဂဟာလမ်း |
| ၄ ဒေါ်ဘွင့် | သင်္ဂဟာလမ်း | ၁၆ ဒေါ်ကျင်မြ | ၁၆၇ လမ်း |
| ၅ ဒေါ်ပို | ” | ၁၇ ဒေါ်လေးမယ် | ဗဟိုရ်လမ်း |
| ၆ ဒေါ်ကြီး | မြို့သင်လမ်း | ၁၈ ဒေါ်ဖွားရိုန် | ကျောက်မြောင်းလမ်း |
| ၇ ဒေါ်မမလေး | သုဓမ္မာလမ်း | ၁၉ ဒေါ်ပု | ၁၈၃ လမ်း |
| ၈ ဒေါ်ဧးတင် | ” | ၂၀ မမြစိန် | ၁၆၅ လမ်း |
| ၉ ဒေါ်သန်း | ” | ၂၁ ဒေါ်လှရင် | မျိုင်းရေအိုးစင် |
| ၁၀ ဒေါ်နှင်း | မျိုင်းရေအိုးစင် | ၂၂ မသန်းတင် | ” |
| ၁၁ ဒေါ်အေး | ၈၉ လမ်း | ၂၃ မအေးချစ် | ” |
| ၁၂ ဒေါ်တင်ညွန့် | ” | ၂၄ ဒေါ်ရှင်ကြီး | ” |

## ဇုဋ္ဌဝါဒ တာဝန်ခံ အလှူဆောင်အဆက်

| | | | |
|---|---|---|---|
| ၂၅ ဒေါ်ဇေးစိန် | ဈေးရေဖွိုးစင် | ၄၁ ဒေါ်သန်း | ကြည့်တော်ရပ် |
| ၂၆ ဒေါ်ကြိတ် | ။ | ၄၂ ဒေါ်ထွေး | သတိပဋ္ဌာန်လမ်း |
| ၂၇ ဒေါ်ညွန့်ရင် | ။ | ၄၃ ဒေါ်ဖေးပု | ကြည့်တော်ရပ် |
| ၂၈ ဒေါ်ဖေးကြွယ် | ။ | ၄၄ ဒေါ်အုံးခင် | ကျိုက္ကစံလမ်း |
| ၂၉ ဒေါ်ငွေလှိုင် | ။ | ၄၅ ဒေါ်မှန်း | ၁၅၂ လမ်း |
| ၃၀ ဒေါ်ငွေမြိုင် | ။ | ၄၆ ဒေါ်တင် | သတိပဋ္ဌာန်လမ်း |
| ၃၁ မသန်းတင် | ။ | ၄၇ မသန်းခင် | သင်္ဂဟာလမ်း |
| ၃၂ ဒေါ်လွှမ်းအုံ | လက်ပတန်းမြို့ | ၄၈ မကျင်စိန် | ။ |
| ၃၃ မကြွေ | သတိပဋ္ဌာန်လမ်း | ၄၉ မမြမေ | |
| ၃၄ ဒေါ်ကျင်ငွေ | ဩဂုတ်တိုင်အရှေ့ | ၅၀ မကြိုင် | ဓမ္မမိတ္တာလမ်း |
| ၃၅ မသန်းတင် | ။ | ၅၁ မရ | သင်္ဂဟာလမ်း |
| ၃၆ ဒေါ်စိန်တင် | ဒဂုံသိရိလမ်း | ၅၂ မဖေးကြည် | မဟာသုခလမ်း |
| ၃၇ ဒေါ်ဖေးကြည် | ကျောက်မြောင်း | ၅၃ မကျင် | ကြည့်တော်ရပ် |
| ၃၈ ဒေါ်ကြည် | ၁၆၆ လမ်း | ၅၄ ဒေါ်စိန် | ။ |
| ၃၉ မတင်ညွန့် | ဇဝိုလလမ်း | ၅၅ ဒေါ်စိန်မြင့် | စက်ဆန်း |
| ၄၀ မကျင်မြိုင် | ကျိုက္ကစံလမ်း | ၅၆ ဒေါ်နု | ။ |

ကျွန်ုပ်သည် အဆိုပါ အဖွဲ့ကြီးနှစ်ဖွဲ့ကို ဖွဲ့စည်းတည်ဆောက်၍ အမှတ် ၁၂-သုခမ္မာလမ်း၊ ကျောက်မြောင်းရပ် ဒေါ်မမကြီး အိမ်၌ အဖွဲ့ တည်ရာဌာန ထားပြီးလျှင် ၎င်း ဒေါ်မမကြီး အိမ်၌ ခေတ္တ သီတင်းသုံးကာ ဇုဋ္ဌဝါဒကြီးကို အားကိုက် အင်တိုက် ဖြန့်ဖြူးခဲ့၏၊ တနေ့သောအခါ ဥက္ကဋ္ဌကြီး၏ ဌာန်မှ ပတိသမ္ဘိဒါမဂ် - မြန်မာဘာသာပြန် တအုပ် ယူလိုက်၏၊ ထိုစာအုပ်ကို အခေါက်ခေါက်အခါခါ ဘာသ်ကြည့်သောအခါ ဗမာပြည်တွင် ရှိနှင့်ပြီးသော ဘာသာပြန် တို့ထက် အလွန် ကောင်းမွန် ကျနသော ဘာသာပြန်ခြင်း၊ ပါဠိတော်စကားသက်သက်ကို အဋ္ဌကထာ ဋီကာ စသည်တို့မှ ပက်ပဲ၊ အဓိပ္ပာယ်များကို နုတ်၍ လိုရင်းစကားကိုသာ ဘာသာပြန်ဆိုထားခြင်း, ဘာသာပြန်ဆရာ၏ ထင်မြင်ချက်ကိုထည့်သွင်း၍ ဖော်ပြထားသဖြင့် စာကြည့်သူတို့ကိုယ်ပိုင်ဉာဏ်ဖြင့်ဝေဖန်နိုင်ခြင်း စသောအချက်များဖြင့် ပြည့်နှက်နေသည့်ပြင် ၎င်းအောက်၌ဖော်ပြထားသောစကားသည် အလွန်လေးနက်သော ပညာရှိကြီး၏ စကားဖြစ်ကြောင်းကို ကျွန်ုပ်သည် ကျွန်ုပ်၏ ဇုဋ္ဌဝါဒ ညွန်ကြားရေး ဌာနတိုင်း-ဌာနတိုင်း ထုတ်ဖော်၍ ဝေဖန်ညွန်ကြားခဲ့ပေ၏၊

ထိုပညာရှိကြီး၏ စကား, ကား– မှား မှန် အဖြစ် စစ်ပိ ခဲ့တုံ,
မှား အမှန် ဝေဖန် သိခဲ့တုံ၊
မှား မှန် ဝေခွဲ ပြောခဲ့ပိတုံ,
အမှားလှန် အမှန် ကျင့်ခဲ့တုံ။ ဟူသောစကားဖြစ်၏၊

ထို့ကြောင့် ကျွန်ုပ်တို့သည် အောက်ပါ ဗုဒ္ဓဂေါတမ၏ ညွှန်ကြားတော် မူခဲ့သော ဓမ္မမှန်တော်ကြီးအရ- ပညာရှိကို ပညာရှိဟု ကပ္ပါသူ-ကပ္ပါသား ဗုဒ္ဓ-သရဏံ-ဂစ္ဆာမိ ဗုဒ္ဓဘာသာဝင် သူစင်သူမြတ်ဟူ လက်ဝါးပေါ်တွင်တင်ထားသော ပတ္တမြားကို ထင်ရှား စွာ မြင်ရ-သိရသကဲ့သို့ အဆိုပါပညာရှိကြီးကို သိမြင်ရန်ဝတ္တရားကား ကျွန်ုပ်တည်းဟူ သော ဗုဒ္ဓဝါဒ ဟောညွှန်ရေး ပုဂ္ဂိုလ် တယောက်၏ တာဝန် ဖြစ်လေသည်၊ အဘယ် ကြောင့်နည်းဟူမူ အောက်ပါဓမ္မမှန်ကိုဗုဒ္ဓဂေါတမ ကောန်ညွှန်ထားသောကြောင့်တည်း၊ ဗုဒ္ဓဂေါတမ ညွှန်ထားတော်မူခဲ့သော ဗုဒ္ဓဝါဒတော်ကား–

နာဘာသ မာနံ ဇာနန္တိ,
မိဿံ ဗာလေဟိ ပဏ္ဍိတံ၊
ဘာသမာနံဝ ဇာနန္တိ,
ဒေသေန္တံ အမတံ ပဒံ။ ဟူသော စကားဖြစ်သတည်း၊

ဤသို့လျှင် ကျွန်ုပ်၏ ဟောညွှန်ရေးသည် အကြိမ် ၂၀ ပြီးမြောက်သောအခါ, ကျွန်ုပ် သည် အဆိုပါ ပညာရှိကြီးဌာန် ကိုယ်တိုင် သွား၍ တွေ့ရ၏၊ ထိုဆရာကား အခြားမဟုတ် ပေ- လွန်ခဲ့သော ၁၂၈၇-ခုနှစ် သောက်က ပကာသနိယ ကမ်ဖြင့် ပြည်ဖုံးချထားပူး သော အရှင်အာဒိစ္စဝံသဖြစ်၍ နေပေ၏။

ထိုဆရာကြီးသည် ကျွန်ုပ်နှင့်တွေ့သောအခါ ဗုဒ္ဓဂေါတမ အလား တိကျ ပြတ်သား သော ဗုဒ္ဓဝါဒများကို ကရုဏာရေလွှတ် ညွှန်ကြားပြောဆိုပေ၏။ ကျွန်ုပ်ကား ထိုဆရာကြီး ကို တွေ့ရစဉ်ကပင် နေ့အခါက ဆရာဟူသော တော်စပ်ခြင်းသည် မရှိ၊ တွေ့ပင်မတွေ့ ပူးသေးသော်လည်း မြင်လိုက်သော ခဏ၌ ပင်လျှင် ကျွန်ုပ်၏ ရင်ဝ၌ လှိုက်လှဲသော ကြင်နာ ခြင်းသည် ပြင်းပြစွာ ဖြစ်လာပေရကား၊ ငါသည် ဤလို ပညာရှိကြီးတယောက်၏ ဂုဏ် ကျေးဇူးကို အဘယ်သို့ဖေါ်ထုတ်၍ မြန်မာနှင့်ကပ္ပါသိအောင် ကျေးဇူးဆပ်ရပါအံ့နည်း? ဟူသောပြဿနာဖြင့်သာ ကျွန်ုပ်၏ နေထိုင်ရာ ဒေါ်မမကြီးအိမ် ယာသို့ ကျောင်းသို့ ပြန် ရောက်လာတော့၏။

တနေ့သောအခါ – ကျွန်ုပ်တို့ အဖွဲ့ကြီးတွင် နာယက အဖြစ်ဖြင့် အစ, အဆုံး၌ ရွက် ဆောင် အားထုတ်သော ထို ဆရာကြီး အရှင် အာဒိစ္စဝံသ, ၏ ဟာသည့်ကြီး ဖြစ်သော အငြိမ်းစား ဝန်ထောက်မင်း ဦးဘတင်နှင့် အဆိုပါ ဆရာတော် အရှင် အာဒိစ္စဝံသ၏ အကြောင်းအကျိုး ပြောဆိုတိုင်ပင် နှီးနှောနေစဉ်, ထိုဆရာတော် ရေးသား ဇိရင်ပြီး ဖြစ် သော နိကာယ် ၅-ရပ် ဘာသာပြန် မြန်မာပိဋကအကြောင်းသည် လာပေ၏၊

ထိုသို့ ပါလာလေသောအခါ ကျွန်ုပ်သည် ဤသို့ အရှေ့-အနောက်ဟူသော ကမ္ဘာသူကမ္ဘာသား လူ-ရှင်များတို့အား ဗုဒ္ဓဝါဒ-စစ်စစ်ကြီးကို ဘာသာသွားကာမျှဖြင့် နားလည်လောက်အောင် သူမတူ စွမ်းနိုင်သော ဘာသန္တရဆေက, ဂဏာစရိယ, ဂဏပါမောက္ခ, လဇ္ဇီပေသလ, သိက္ခာကာမ, ပဉ္စနိကာယ ပါရဂူ, ဂန္ထကာရက ကျမ်းပြုဆရာကသူ ဖြစ်တော်မူသော အရှင်အာဒိစ္စဝံသ တည်းဟူသော နေမင်းကြီးသည် ဆီးနှင်း-မြူ-တိမ်-သူရိန်-မိုးခိုး တည်းဟူသော အမျိုးမျိုးသော ဘေးအန္တရာယ်အသွယ်သွယ်တို့ကြောင့် အရောင်အလင်း တည်းဟူသော ပညာရောင်ခြည်ကိုသည် အမှောင်အတိဖြစ်နေသော ကမ္ဘာသူကမ္ဘာသားတို့အား အကျိုးခံစားခွင့်မရ ဖြစ်နေရကား-ကျွန်ုပ်တည်းဟူသော လေမုန်တိုင်းကြီးသည် ဘယ်သူ-ဘယ်ဝါ လောက ငဲ့စရာ အဖြာဖြာ တို့ကို မငဲ့ညှာပဲ၊ အမှတ် ၁၂-သုခမ္မာလမ်း၊ ကျောက်မြောင်းရပ်- ဒေါ်မကြီးအိမ်မှ အစပြု၍ တိုက်ခပ်လာသောအခါ ဆီးနှင်း-မြူ-တိမ်-သူရိန်-မိုးခိုး တည်းဟူသော အန္တရာယ် အသွယ်သွယ်တို့သည် တစတစ ကင်းစင်လွင့်ပျောက်၍ သွားပေရကား-ဆရာတော် အရှင်အာဒိစ္စဝံသ တည်းဟူသော နေမင်းကြီး၏ အရောင်အလင်း တည်းဟူသော မဇ္ဈိမနိကာယ် ဘာသာပြန် မြန်မာ ပိဋကတော်ကြီးသည် အမှောင်ဖုံးမိ၍ နေသော ကမ္ဘာသူ-ကမ္ဘာသားတို့အဖို့ ထွန်းလင်းတောက်ပြောင် ခံစားနိုင်ခွင့်ရစေရန် ကျွန်ုပ်တို့အဖွဲ့ကြီးက ဦးစီးပြု၍ ၁၃၁၂-ခု၊ တပေါင်းလဆန်း ၁၄-ရက်နေ့က စတင်ပုံနှိပ်အပ်ပါကြောင်း။

ထိုနိကာယ် ဘာသာပြန် မြန်မာ ပိဋက တော်ကြီးကို မြန်မာနှင့် ကမ္ဘာသို့ ပြန့်နှံ့ရေး အတွက် ငွေရှင်း မ, တည်သူတို့ကား အငြိမ်းစား ဦးသုကလေး-ဒေါ်ညွန့်မေ၊ အငြိမ်းစား ဦးထွန်းတင်-ဒေါ်စော၊ စာရေးကြီး ဦးမောင်မောင်-ဒေါ်တင်မေ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မမကြီးနှင့် သား-ကိုအောင်ကြည်တို့ ဖြစ်ပါကြောင်း။

၎င်း မဇ္ဈိမနိကာယ် ဘာသာပြန် မြန်မာ ပိဋကတော်ကြီး ပြီးမြောက်အောင် ဆောင်ရွက် အားထုတ်ရေးအတွက် နာယက-ဦးဘိုးကြည်၊ ဥက္ကဋ္ဌ - မကွေးရာ မင်းသားကြီး ထိပ်တင်ဝင်း၊ ဗုဒ္ဓဝါဒ-အသုံးတာဝန်ခံ-အကျိုးတော်ဆောင် အတွင်းမှူး-ဆရာကြိုင်၊ ဗုဒ္ဓဝါဒ အတွင်းရေးမှူး ကိုအောင်ကြည်တို့အား၊ ကျွန်ုပ်၏ ကိုယ်စား လွှဲအပ်၍ နိကာယ် စာအုပ်ကြီး ပြီးမြောက်ရေးအတွက် ဆောင်ရွက်စေပါကြောင်း။

ဤနိကာယ်စာအုပ်ကြီး ပြီးစီးသည့်နောက် ထိုဆရာတော် အရှင်အာဒိစ္စဝံသ ရေးသားစီရင်ပြီးသော ကျမ်းပေါင်း လေးရာကျော်တို့ကိုလည်း ကျွန်ုပ်တို့ အဖွဲ့ကြီးက တာဝန်ယူ၍ ဆက်လက် ရိုက်နှိပ် သွားမည်ဖြစ်ရာ ထောင်ကျော် မျှသော ကျွန်ုပ်တို့ အဖွဲ့ဝင် အဖွဲ့သားတို့နှင့်တကွ မြန်မာ တိုင်းရင်းသူ-တိုင်းရင်းသား အပေါင်းတို့သည် နားမျက်စိ ဖွင့်လင်း၍ ဗုဒ္ဓဝါဒစစ်စစ်ကို တစ်တစ်ခွခွ ကျနစွာ သိကြရပေကုန်အံ့သတည်း။

အရှင်ဝါသဝ

ဗုဒ္ဓဝါဒ - ဓမ္မကထိက

# ကျမ်းပလွင်

ဘုရားအလောင်း သိဒ္ဓတ်မင်းသားသည် မဟာသက္ကရာဇ် ၆၈ - ခုနှစ် ကဆုန်လပြည့် သောကြာနေ့ နံနက် တချက်တီး အချိန်တွင် မိးရှူး သန့်စင် ဖွားမြင်တော် မူသည်၊ ယင်းသို့ ဖွားမြင်တော်မူပြီး၍ မဟာသက္ကရာဇ် ၉၇ - ခုနှစ် ဝါဆိုလပြည့် တနင်္ဂလာနေ့ သန်းခေါင်ကျော် အချိန်တွင် တောထွက်တော်မူသည်၊ တောထွက်တော် မူပြီးသည့်နောက် - မဟာသက္ကရာဇ် ၁၀၃ - ခုနှစ် ကဆုန်လပြည့်ကျော် တရက် ကြာသပတေးနေ့ နံနက် အာရုဏ်တက် အချိန်တွင် သုံးလူ့ထွတ်တင် ဘုရားရှင် အဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဘုရားရှင်သည် ယင်းသို့အားဖြင့် ဘုရားဖြစ်တော်မူ၍ လူနတ်ဗြဟ္မာ သတ္တဝါသုံးဦးတို့အား တိုက်ဆိုက်မိရာ ထိုထို မြို့ရွာတို့၌ သတ္တဝါများ၏ အကျိုးသယအားလျော်စွာ တရားတော် မြောက်မြားစွာကို ဟောတော်မူခဲ့ လေသည်၊ ထို တရားတော် တို့သည် နောက်လာ နောက်သား ဝေနေယျများ အတွက် ကျေးဇူး အလွန်များလှ၏၊ ဘုရားရှင် ကပင်လည်း " ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော, သော ဝေါ မမ'စ္စယေန သတ္ထာ " ဟူ၍ ဒေသနာ ညွှန်ကြားတော်မူခဲ့လေပြီ။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသော သုံးလမြောက်၌ သံဃာတော် အမြောက်အမြားတို့၏သဘောအရ ဘုရားတရားတော်များ လောကတွင်မသုဉ်းစေခြင်း, မဆုံးစေခြင်း အလို့ငှါ သံဃာတော်အားလုံးက အရှင်မဟာကဿပ အမှူးရှိ သံဃာတော် ငါးရာကို ဘုရား စကားတော်များ သံဂါယနာတင်ရန် ၊ သို့မဟုတ် ရုံးပေါင်း လုံးစည်း ထားရန် ခွင့်တောင်းကြသည့်အတိုင်း ရာဇဂြိုဟ်ပြည် မြောက်ဘက် ဝေဘာရတောင် စရည်းပင် လိုဏ်၌ သံဂါယနာတင်ထားကြကုန်ပြီ။

ထို ပိဋကတော်များသည်ယခုအထိ ကျွန်ုပ်တို့ကျေးဇူးခံစားရသည်ကိုမြင်သဖြင့် ထို သံဂါယနာတင် အရှင်မြတ်တို့၏ ပိဋကတော်ရုံးဆောင်းထားခဲ့ချက် ကျေးဇူးကို ကျွန်ုပ်တို့ သိရှိရလေသည်၊ထို ပိဋကတော်ကို တတ်ကျွမ်း၍ ရှေးရှေး မထေရ်ကြီး များသည် အချို့ ပိဋကတော် အဖွင့် သံဝဏ္ဏနာ ကျမ်းများကို ရေးသား ခဲ့ကြသည်၊ အချို့က မိမိတို့ ဘာသာ၌ ကျေးဇူးများစေရန် နိဿယပြန်ဆိုကြလေသည်၊ အချို့က ထိုထို ပိဋကတော်များမှ ကောက်နုတ်၍ သတ္တဝါများအား ကျေးဇူးများစေသည့် ထင်သော ကျမ်းအမျိုးမျိုးကို ရေးသားခဲ့ကြလေသည်။

ဤသို့အားဖြင့် ဘာသာ အမျိုးမျိုး၌ ကျမ်းအမျိုးမျိုး ဖြစ်ခဲ့လေသည်၊ ၎င်းအတွင်း၌ ကျွန်ုပ်တို့ မြန်မာများလည်း တဦး အပါအဝင် ဖြစ်ခဲ့လေသည်၊ သို့ရာတွင် ပိဋကတ်တော် အပြည့်အစုံ ဘုရားဟောအတိုင်း လူတိုင်း ဘတ်ရှု သိရှိနိုင်ရန် မိမိတို့ဘာသာဖြင့် ပြန်ထားသောသူများကား တဦးတယောက်မျှ မဖြစ်ပေါ်ခဲ့ပချေ၊ ထိုသို့ ဖြစ်ခြင်းသည် ဤမြန်မာတို့၏ ကံဆိုးသော အချက်တခုပင် ဖြစ်၏။

ထိုအကြောင်းကို သိဟန်တူသော လူပြန်တော် ပညာရှိ ဆရာကြီး ဦးဖြိုးသည် မော်လမြိုင် ကဘိုးမှ မွန်သခွေး ဦးရွှေလှေးကိုအမှီပြု၍ ထိုဦးရွှေလှေး၏ အကူအညီဖြင့် ၁၂၇၂-ခုနှစ်မှ ၁၂၈၂-ခုနှစ်ထိ ဆယ်နှစ်တိုင်တိုင် ဘုရားဟောပိဋကတော်အချို့ကို ချွားသောအားဖြင့် နိကာယ်လေးရပ်ကို မြန်မာပြန်ဆို၍ ၁၂၈၉-ခုနှစ်တွင် စက်တင်ပုံနှိပ်ထားခဲ့ဘူးလေပြီ။

သို့ရာတွင် ပါဠိဘာသာအတိုင်း ပါကျ အစီအစဉ် ဖြစ်ပွားနေသဖြင့် လူအပေါင်းတို့ ဘာသာ်ရှု၍ နားမလည်နိုင်ကြကုန်၊ ထို့ကြောင့် ထိုဦးဖြိုး၏ ဘာသာပြန်သည် မြန်မာဘာသာ၌၊ သို့မဟုတ် မြန်မာပြည်၌ အသုံးမဝင်သကဲ့သို့ဖြစ်ရှိနေလေသည်၊ ထိုမြန်မာပြန် ပိဋကတော် စာအုပ် များပင်လျှင် ယခုအခါတွင် အစရှာမရတော့ပေ၊ ထို့ကြောင့် မြန်မာပြည်၌ မြန်မာ ဘာသာ သက်သက်ဖြင့် ဗုဒ္ဓပိဋကတော်၏ မြန်မာ ပြန်ထားချက် ယခုအထိ မရှိသေးဟု ဆိုနိုင်လေသည်၊

ဤနေရာ၌ဘာနန္ဒ ရှေးစဉ်အခါက ပိဋကတော်ကိုနိသျ ရေးထားတော် မူကြကုန်သော မထေရ်မြတ်တို့ သည်လည်း ကျေးဇူး များကြကုန်၏၊ ၎င်းပြင် ထိုထို ကျမ်းဂန်ကို မြန်မာဘာသာအားဖြင့် ထိုထိုဝိနိစ္ဆယကို ရေးသားကြကုန်သော မထေရ်မြတ်တို့သည်လည်း ကျေးဇူး များကြကုန်၏၊ ထို့ပြင် သမထ ကမ္မဋ္ဌာန်း ဝိပဿနာ ကမ္မဋ္ဌာန်းဆိုင်ရာ ကျမ်းဆရာကြီးတို့သည်လည်း ကျေးဇူး များကြကုန်၏၊ သို့ရာတွင် စာပေမလိုက်စားဘူးသော လူတန်းစား အများ၌ကား ကျေးဇူးမများပဲ ရှိနေလေသည်။

ဤစာရေးသူကျွန်ုပ်ကိုယ်တိုင်ရဟန်းငါးဝါမြောက်အခါတွင် ဘုရားဟောပိဋကတော်၏ မြောက်မြားစွာ သိအပ်သော လောကီအကျိုးများ ....နိဗ္ဗာန်တိုင်အောင်လည်း ပေါက်မြောက်အောင်လုပ်နိုင်သော စွမ်းပကားများကိုငါ၏မိဘဘိုးဘွားနှင့်အလားတူစွာသော ရှေး မြန်မာလူကြီးများသည် မြောက်မြားစွာ ခံစားခွင့်ရှိသော ပိဋကတော်၏ အကျိုးကို သို့မဟုတ်အရသာကို မခံစားရကြလေတကား၊အကြောင်းကား လောကီလောကုတ္တရာ အကျိုးသူးတရားဖြိုးဖြိုးထွက်သော ဗုဒ္ဓပိဋကတော်၏ မြန်မာ ဘာသာ သက်သက်နှင့် မရှိသေးသောကြောင့်တည်းဟု ထင်မြင်ခဲ့လေသည်။

ထို့ကြောင့် ကျွန်ုပ်သည် ပိဋကတော်ကို မြန်မာဘာသာနှင့် ပြန်ထားပေအံ့၊ ငါ့မြန်မာ အမျိုးသားတို့ကို ပိဋကတော်၏ လေးနက်သော အဆိအနှစ်ကို အပြည့်အနက် စားသုံးစေအံ့ ဟု သန္နိဋ္ဌာန် ချခဲ့ဘူးလေပြီ၊ သို့ရာတွင် ပိဋကတော် ချပို့ နေရရေးအတွက် ထို

အခွင့်များ မဆိုက်ရောက်ခဲ့ပဲရှိနေရာ၊ ယခုရဟန်း၀ါ ၄၀-မြောက်တွင် တပည့်တပန်း တို့၏ ကိစ္စအားလုံးကို ပစ်ထား၍ ဤဗုဒ္ဓ၀ါဒ ပိဋကကို မြန်မာပြန်ထားပါသည်။

ဤမြန်မာပြန်၏ဂုဏ်ကျေးဇူးကို ဆိုရသော်-ကျွန်ုပ်သည် နိကာယ်ငါးရပ်ကို ကြေကြေ ပွန်ပွန် အလေ့ခေါက်သုံးဆယ်ဘိုင်အဓိပ္ပါယ်အပြည့်အစုံချို့ဘူးသူဖြစ်ခြင်း, နိကာယ်ငါးရပ် အနက်အဓိပ္ပါယ်ကို အကြွင်းမရှိသိနိုင်သူဖြစ်ခြင်း, မြန်မာဘာသာစာရေးသားရာ၌ပါရဂူ မြောက် ဖြစ်ခြင်း, မြန်မာပြန်ရာ၌ ကျွမ်းကျင်လိမ္မာခြင်း ဤသို့စသော ဂုဏ်ကျေးဇူးများ ထင်ရှားရှိပေသည်၊ သို့ဖြစ်၍ ဤ မြန်မာဘာသာ ဖြစ်ပေါ်ခြင်းကြောင့် မြန်မာ မှုအား၌ ကံကောင်းသည်- မင်္ဂလာရှိသည်ဟု ဆိုနိုင်ခဲ့လျှင် ဤ မြန်မာပြန် အတွက် တကယ် ကံ ကောင်း- တကယ်မင်္ဂလာရှိသည်ဟု ဆိုနိုင်ပေမည်။

ကျွန်ုပ်တို့ မြန်မာပြန်ဆိုရာ၌ မဇ္ဈိမ နိကာယ်သည် အခက် အခဲဆုံး ဖြစ်၍ ၎င်းကို လက်ဦးစပြီးလျှင် မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, ဒီဃနိကာယ်, အင်္ဂုတ္တရနိကာယ်, ဝိနည်း ပိဋကတော် , အဘိဓမ္မာ ပိဋကတော်နှင့် အခြား ခုဒ္ဒက နိကာယ် ကျမ်းများကို အစဉ်အတိုင်း ပြန်ဆိုပါမည်၊ ထို့ပြင်-ဘာသာရှာနားထောင်သူများအတွက် ဤဘုရား၏ နက်နဲသော ဒေသနာတော် ကြီးများကို ဘာသာရှုပြီးလျှင် ကြားခြင်း နားလည်သိရှိနိုင်ပါ လိမ့်မည်၊ ဤမြန်မာပြန်က ပိဋကတော် အနက်အဓိပ္ပါယ်ကို သိရှိရေး၌ စာဘာသာတတ်သူ တပုံတပြီးမှစ၍ မည်သူ့ကိုမျှ ကန့်ကွက် ကာကွယ်ထားလိမ့်မည်မဟုတ်ကြောင်း၊

အရှင် အာဒိစ္စဝံသ

ဤစာအုပ်ကို အမြန်ဆုံး ထုတ်ဝေနိုင်ရန်
ကူညီအားပေးချီးမြှင့်ကြကုန်သော
မုဋ္ဌန်တောင် စင်္ကာပူမြေ ကုန်သည်ကြီး
ဦးညွန့်နှင့် ဒေါ်သိန်းကြီး တို့အား
ကျေးဇူး အထူး တင်ရှိ ပါကြောင်း။

ချမ်းတော်ပုံနှိပ်တိုက်။
အမှတ်– ၅၂၀, ဗိုလ်ချုပ်လမ်း ရန်ကုန်မြို့

# မဇ္ဈိမနိကာယ်

# မူလပဏ္ဏာသက

## ပထမဝဂ်

## ၁။ မူလပရိယာယ သုတ္တန်

အကျွန်ုပ်သည် ပုဦးတော်ကြီးသော ဘုရားရှင့် အထံတော်မှ ဤသို့ ကြားနာမှတ်သား ရပါသည်။ တစ်ရံအခါ ပုဦးတော်ကြီး ဘုရားသည် ဥက္ကဋ္ဌာမြို့နယ် သုဘဂဝန် တောအတွင်း အင်ကြင်းပင်ကြီးအောက်တွင် သီတင်းသုံး နေတော်မူလေသည်။ ထိုစဉ်အခါ ပုဦးတော်ကြီး ဘုရားက ရဟန်းများကို 'အို-ရဟန်းတို့' ဟု ခေါ်တော်မူ၍ 'ပုဦးတော်သခင် အရှင်မြတ် ဘုရား' ဟု ပြန်ကြား ကြကုန်သော်- ရဟန်းတို့ တရားအားလုံး၏ အရင်းအမြစ် ဖြစ်သော ဒေသနာကို သင်တို့အား ဟော ကြားအံ့, ၎င်းကို နာယူကြ, ကောင်းစွာ နှလုံးသွင်းကြ, ဟောပြမည်, ဟု မိန့်ကြား တော်မူရာ ရဟန်းတို့က 'ကောင်းလှပါပြီဘုရား' ဟု တုန့်ပြန် လျှောက်ထား ကုန်လျှင် ပုဦးတော်ကြီးဘုရားသည် ဤသို့ ဟောကြားတော်မူလေပြီ။—

### ပုထုဇ္ဇန်တို့အတွက် ဘုံပိုင်းခြားချက်။

ရဟန်းတို့ ဤသည့် လူ နတ် တို့၏ အတွင်း၌ အရိယာ သူတော်ကောင်းတို့ကို ဖူးမြင်ရ၍ အရိယာ သူတော်ကောင်းတို့ တရားတော်၌ မလိမ္မာသဖြင့် အရိယာ သူတော်ကောင်း တရားတော်ဝယ် ယဉ်ကျေးပဲ့ အရိယာ သူတော်ကောင်းတို့ တရား တော်တွင် အကြား အမြင် ကင်းမဲ့သော ပုထုဇ္ဇန် လူ နတ် အများသည်။—

မြေကို မြေအားဖြင့် မှတ်သား၏၊ မြေကိုမြေအားဖြင့်မှတ်သား၍ မြေ ဟု ထင် မှတ်၏၊ မြေ၌ထင်မှတ်၏၊ မြေအတိုင်းသင်မှတ်၏၊ မြေကို ငါ့ဟာ ဟုထင် မှတ်၏၊ မြေကိုနှစ်သက်၏၊

ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ မြေကို ပိုင်းခြားကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏။

ရေကို ရေအားဖြင့် မှတ်သား၏၊ ရေကို ရေအားဖြင့် မှတ်သား၍ ရေဟု ထင်မှတ်၏၊ ရေ၌ ထင်မှတ်၏၊ ရေအဘိုင်း ထင်မှတ်၏၊ ရေကို ငါ့ဟာဟု ထင်မှတ်၏၊ ရေကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ ရေကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည် ဟု ငါဆို၏။

မီးကို မီးအားဖြင့် မှတ်သား၏၊ မီးကို မီးအားဖြင့် မှတ်သား၍ မီးဟု ထင်မှတ်၏၊ မီး၌ ထင်မှတ်၏၊ မီးအတိုင်း ထင်မှတ်၏၊ မီးကို ငါ့ဟာဟု ထင်မှတ်၏၊ မီးကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ မီးကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည် ဟု ငါဆို၏။

လေကို လေအားဖြင့် မှတ်သား၏၊ လေကို လေအားဖြင့် မှတ်သား၍ လေဟု ထင်မှတ်၏၊ လေ၌ ထင်မှတ်၏၊ လေအတိုင်း ထင်မှတ်၏၊ လေကို ငါ့ဟာဟု ထင်မှတ်၏၊ လေကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ လေကိုပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏။

သတ္တဝါကို သတ္တဝါ အားဖြင့် မှတ် သား ၏၊ သတ္တဝါ ကို သတ္တဝါ အား ဖြင့် မှတ်သား၍ သတ္တဝါဟု ထင်မှတ်၏၊ သတ္တဝါ၌ ထင်မှတ်၏၊ သတ္တဝါအတိုင်း ထင်မှတ်၏၊ သတ္တဝါကို ငါ့ဟာဟု ထင်မှတ် ၏၊ သတ္တဝါကို နှစ်သက်၏၊ ထိုသို့ ဖြစ် ရ ခြင်း ၏ အကြောင်းမှာ သတ္တဝါကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏။

နတ်ကို နတ်အားဖြင့် မှတ်သား၏၊ နတ်ကို နတ် အား ဖြင့် မှတ်သား၍ နတ်ဟု ထင်မှတ်၏၊ နတ်၌ ထင်မှတ်၏၊ နတ်အတိုင်း ထင်မှတ်၏၊ နတ်ကို ငါ့ဟာဟု ထင်မှတ်၏၊ နတ်ကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ နတ်ကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏။

နတ်တို့၏ မင်းကို နတ်မင်း အားဖြင့် မှတ်သား၏၊ နတ်တို့၏မင်းကို နတ်မင်းအားဖြင့် မှတ်သား၍ နတ်မင်းဟု ထင်မှတ်၏၊ နတ်မင်း၌ ထင်မှတ်၏၊ နတ်မင်းအတိုင်း ထင်မှတ်၏၊ နတ်မင်းကို ငါ့ဟာ ဟု ထင်မှတ် ၏၊ နတ်မင်းကို နှစ်သက်၏၊ ထိုသို့ ဖြစ် ရ ခြင်း ၏ အကြောင်းမှာ နတ်မင်းတို့ကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိ သောကြောင့် ဖြစ်သည်ဟု ငါဆို၏။

ပြဟ္မာကို ပြဟ္မာအားဖြင့် မှတ်သား၏၊ ပြဟ္မာကို ပြဟ္မာအားဖြင့် မှတ်သား၍ ပြဟ္မာဟု ထင်မှတ်၏၊ ပြဟ္မာ၌ ထင်မှတ်၏၊ ပြဟ္မာအတိုင်း ထင်မှတ်၏၊ ပြဟ္မာကို ငါ့ဟာဟု ထင်မှတ်၏၊ ပြဟ္မာကို နှစ် သက် ၏၊ ထို သို့ ဖြစ်ရ ခြင်း၏ အကြောင်းမှာ ပြဟ္မာကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏။

**အာဘဿရ** ဗြဟ္မာကို အာဘဿရ ဗြဟ္မာအားဖြင့် မှတ်သား၏၊ အာဘဿရ ဗြဟ္မာကို အာဘဿရ ဗြဟ္မာအားဖြင့် မှတ်သား၍ အာဘဿရ ဗြဟ္မာဟု ထင်မှတ်၏၊ အာဘဿရ ဗြဟ္မာ၌ ထင်မှတ်၏၊ အာဘဿရ ဗြဟ္မာအတိုင်း ထင်မှတ်၏၊ အာဘဿရ ဗြဟ္မာကို ငါ့ဟာဟု ထင်မှတ်၏၊ အာဘဿရ ဗြဟ္မာကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ အာဘဿရ ဗြဟ္မာကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏။

**သုဘကိဏှ** ဗြဟ္မာကို သုဘကိဏှ ဗြဟ္မာ အားဖြင့် မှတ်သား၏၊ သုဘကိဏှ ဗြဟ္မာကို သုဘကိဏှ ဗြဟ္မာအားဖြင့် မှတ်သား၍ သုဘကိဏှ ဗြဟ္မာဟု ထင်မှတ်၏၊ သုဘကိဏှ ဗြဟ္မာ၌ ထင်မှတ်၏၊ သုဘကိဏှ ဗြဟ္မာအတိုင်း ထင်မှတ်၏၊ သုဘကိဏှ ဗြဟ္မာကို ငါ့ဟာဟု ထင်မှတ်၏၊ သုဘကိဏှ ဗြဟ္မာကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ သုဘကိဏှ ဗြဟ္မာကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏၊

**ဝေဟပ္ဖိုလ်** ဗြဟ္မာကို ဝေဟပ္ဖိုလ် ဗြဟ္မာ အားဖြင့် မှတ်သား၏၊ ဝေဟပ္ဖိုလ် ဗြဟ္မာကို ဝေဟပ္ဖိုလ် ဗြဟ္မာ အားဖြင့် မှတ်သား၍ ဝေဟပ္ဖိုလ် ဗြဟ္မာဟု ထင်မှတ်၏၊ ဝေဟပ္ဖိုလ် ဗြဟ္မာ အတိုင်း ထင်မှတ်၏၊ ဝေဟပ္ဖိုလ်ဗြဟ္မာ၌ ထင်မှတ်၏၊ ဝေဟပ္ဖိုလ် ဗြဟ္မာကို ငါ့ဟာဟု ထင်မှတ်၏၊ ဝေဟပ္ဖိုလ် ဗြဟ္မာကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ ဝေဟပ္ဖိုလ် ဗြဟ္မာကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏။

**အာကာသာနဉ္စာယတန** ဗြဟ္မာကို အာကာသာနဉ္စာယတန ဗြဟ္မာ အားဖြင့် မှတ်သား၏၊ အာကာသာနဉ္စာယတန ဗြဟ္မာကို အာကာသာနဉ္စာယတန ဗြဟ္မာ အားဖြင့် မှတ်သား၍ အာကာသာနဉ္စာယတန ဗြဟ္မာဟု ထင်မှတ်၏၊ အာကာသာနဉ္စာယတန ဗြဟ္မာ၌ ထင်မှတ်၏၊ အာကာသာနဉ္စာယတန ဗြဟ္မာအတိုင်းထင်မှတ်၏၊ အာကာသာနဉ္စာယတန ဗြဟ္မာကို ငါ့ဟာဟု ထင်မှတ်၏၊ အာကာသာနဉ္စာယတန ဗြဟ္မာကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ အာကာသာနဉ္စာယတန ဗြဟ္မာကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏၊

**ဝိညာဏဉ္စာယတန** ဗြဟ္မာကို ဝိညာဏဉ္စာယတန ဗြဟ္မာအားဖြင့် မှတ်သား၏၊ ဝိညာဏဉ္စာယတန ဗြဟ္မာကို ဝိညာဏဉ္စာယတန ဗြဟ္မာ အားဖြင့် မှတ်သား၍ ဝိညာဏဉ္စာယတန ဗြဟ္မာဟု ထင်မှတ်၏၊ ဝိညာဏဉ္စာယတန ဗြဟ္မာ၌ ထင်မှတ်၏၊ ဝိညာဏဉ္စာယတန ဗြဟ္မာအတိုင်း ထင်မှတ်၏၊ ဝိညာဏဉ္စာယတန ဗြဟ္မာကို ငါ့ဟာဟု ထင်မှတ်၏၊ ဝိညာဏဉ္စာယတန ဗြဟ္မာကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ ဝိညာဏဉ္စာယတန ဗြဟ္မာကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့်ဖြစ်သည်ဟု ငါဆို၏။

**အာကိဉ္စညာယတန** ဗြဟ္မာကို အာကိဉ္စညာ ယတန ဗြဟ္မာအားဖြင့် မှတ်သား၏၊ အာကိဉ္စညာယတန ဗြဟ္မာ ကို အာကိဉ္စညာယတန ဗြဟ္မာ အားဖြင့် မှတ်သား၍ အာကိဉ္စညာယတန ဗြဟ္မာဟု ထင်မှတ်၏၊ အာကိဉ္စညာယတန ဗြဟ္မာ၌ ထင်မှတ်၏၊ အာကိဉ္စညာယတန ဗြဟ္မာအတိုင်း ထင်မှတ်၏၊ အာကိဉ္စညာယတန ဗြဟ္မာကို ငါ့ဟာဟု ထင်မှတ်၏၊ အာကိဉ္စညာယတန ဗြဟ္မာကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ အာကိဉ္စညာယတန ဗြဟ္မာကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏။

**နေဝသညာ နာသညာ ယတန** ဗြဟ္မာကို နေဝသညာ နာသညာ ယတန ဗြဟ္မာ အားဖြင့် မှတ်သား၏၊ နေဝသညာ နာသညာယတန ဗြဟ္မာကို နေဝသညာ နာသညာ ယတန ဗြဟ္မာအားဖြင့်မှတ်သား၍ နေဝသညာနာသညာ ယတန ဗြဟ္မာ ဟုထင်မှတ်၏၊ နေဝသညာ နာသညာ ယတန ဗြဟ္မာ၌ ထင်မှတ်၏၊ နေဝသညာ နာသညာ ယတန ဗြဟ္မာအတိုင်း ထင်မှတ်၏၊ နေဝသညာ နာသညာ ယတန ဗြဟ္မာကို ငါ့ဟာ ဟု ထင်မှတ်၏၊ နေဝသညာ နာသညာ ယတန ဗြဟ္မာကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ နေဝသညာ နာသညာ ယတန ဗြဟ္မာကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏။

**မြင်ရသော အရာကို** မြင်ရသော အရာအားဖြင့် မှတ်သား၏၊ မြင်ရသော အရာကို မြင်ရသော အရာအားဖြင့် မှတ်သား၍ မြင်ရသော အရာဟု ထင်မှတ်၏၊ မြင်ရသော အရာ၌ ထင်မှတ်၏၊ မြင်ရသော အရာအတိုင်း ထင်မှတ်၏၊ မြင်ရသော အရာကို ငါ့ဟာ ဟု ထင်မှတ်၏၊ မြင်ရသော အရာကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ မြင်ရသော အရာကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏၊

**ကြားရသော အရာကို** ကြားရသော အရာအားဖြင့် မှတ်သား၏၊ ကြားရသော အရာကို ကြားရသော အရာအားဖြင့် မှတ်သား၍ ကြားရသော အရာဟု ထင်မှတ်၏၊ ကြားရသော အရာ၌ ထင်မှတ်၏၊ ကြားရသော အရာအတိုင်း ထင်မှတ်၏၊ ကြားရသော အရာကို ငါ့ဟာဟု ထင်မှတ်၏၊ ကြားရသော အရာကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ ကြားရသော အရာကို ပိုင်းခြား ကန့်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏၊

**နံ့ရ, သာယာရ,** တွေ့ထိရသော အရာကို နံ့ရ သာယာရ တွေ့ထိရသော အရာဟု မှတ်သား၏၊ နံ့ရ သာယာရ တွေ့ထိရသော အရာကို နံ့ရ သာယာရ တွေ့ထိရသော အရာဟု မှတ်သား၍ နံ့ရ သာယာရ တွေ့ထိရသော အရာဟု ထင်မှတ်၏၊ နံ့ရ သာယာရ တွေ့ထိရသော အရာ၌ ထင်မှတ်၏၊ နံ့ရ သာယာရ တွေ့ထိရသော အရာအတိုင်း ထင်မှတ်၏၊ နံ့ရ သာယာရ တွေ့ထိရသော အရာကို ငါ့ဟာဟု ထင်မှတ်၏၊ နံ့ရ သာယာရ တွေ့ထိရသော

အရာကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ နံရ သာယာရ တွေ့ထိရသော အရာကို ပိုင်းခြား ကန်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏၊

**သိရသောအရာကို** သိရသော အရာဟု မှတ်သား၏၊သိရသောအရာကို သိရသော အရာဟု မှတ်သား၍ သိရသော အရာဟု ထင်မှတ်၏၊ သိရသောအရာ၌ ထင်မှတ်၏၊ သိရသောအတိုင်း ထင်မှတ်၏၊ သိရသောအရာကို ငါ့ဟာဟု ထင်မှတ်၏၊ သိရသော အရာကို နှစ်သက်၏၊ထိုသို့ဖြစ်ရခြင်း၏ အကြောင်းမှာ သိရသောအရာကို ပိုင်းခြား ကန်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏။

**တခုတည်းသောကိုယ်ကို** တခုတည်းသော ကိုယ်ဟု မှတ်သား၏၊ တခုတည်းသော ကိုယ်ကို တခုတည်းသော ကိုယ်ဟု မှတ်သား၍ တခုတည်းသော ကိုယ်ဟု ထင်မှတ်၏၊ တခုတည်းသော ကိုယ်၌ ထင်မှတ်၏၊ တခုတည်းသော ကိုယ်အတိုင်း ထင်မှတ်၏၊ တခုတည်းသောကိုယ်ကို ငါ့ဟာဟု ထင်မှတ်၏၊ တခုတည်းသော ကိုယ်ကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ တခုတည်းသော ကိုယ်ကို ပိုင်းခြား ကန်သတ်၍ ထိုသူ မသိသောကြောင့်ဖြစ်သည်ဟု ငါဆို၏။

**အထူးထူးသောကိုယ်ကို** အထူးထူးသော ကိုယ်ဟု မှတ်သား၏၊ အထူးထူးသော ကိုယ်ကို အထူးထူးသောကိုယ်ဟု မှတ်သား၍ အထူးထူးသောကိုယ်ဟု ထင်မှတ်၏၊ အထူးထူးသောကိုယ်၌ ထင်မှတ်၏၊အထူးထူးသော ကိုယ်အတိုင်း ထင်မှတ်၏၊အထူးထူးသော ကိုယ်ကို ငါ့ဟာဟု ထင်မှတ်၏၊ အထူးထူးသောကိုယ်ကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏အကြောင်းမှာ အထူးထူးသော ကိုယ်ကို ပိုင်းခြားကန်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏။

**အလုံးစုံကို** အလုံးစုံဟု မှတ်သား၏၊ အလုံးစုံကို အလုံးစုံဟု မှတ်သား၍ အလုံးစုံဟု ထင်မှတ်၏၊အလုံးစုံ၌ ထင်မှတ်၏၊ အလုံးစုံအတိုင်း ထင်မှတ်၏၊ အလုံးစုံကို ငါ့ဟာဟု ထင်မှတ်၏၊ အလုံးစုံကိုနှစ်သက်၏၊ထိုသို့ ဖြစ်ရခြင်း၏အကြောင်းမှာ အလုံးစုံကို ပိုင်းခြား ကန်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏၊

**နိဗ္ဗာန်** (တသိမက်ခြင်းအားဖြင့် အသွား ကင်းဖြတ်ရာ) ကို နိဗ္ဗာန် အားဖြင့် မှတ်သား၏၊ နိဗ္ဗာန်ကို နိဗ္ဗာန် အား ဖြင့် မှတ် သား၍ နိဗ္ဗာန်ဟု ထင် မှတ် ၏၊ နိဗ္ဗာန်၌ ထင်မှတ်၏၊ နိဗ္ဗာန် အတိုင်း ထင်မှတ်၏၊ နိဗ္ဗာန်ကို ငါ့ဟာဟု ထင်မှတ်၏၊ နိဗ္ဗာန်ကို နှစ်သက်၏၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ နိဗ္ဗာန်ကို ပိုင်းခြားကန်သတ်၍ ထိုသူ မသိသောကြောင့် ဖြစ်သည်ဟု ငါဆို၏၊

### သေက္ခပုဂ္ဂိုလ်အတွက် ဘုံပိုင်းခြားချက်။

ရဟန်းတို့ အရဟတ္တမဂ်ဖိုလ် * သို့ မရောက် မရသေး မူ၍ အတုမဲ့ သော အားထုတ်ခြင်း လေးမျိုးတို့ ၏ ကုန်ခန်းရာ အရဟတ္တမဂ်ဖိုလ်ကို တောင့်တ နေထိုင်သော သေက္ခ † ပုဂ္ဂိုလ်သည်လည်း–

မြေကို မြေအားဖြင့် ပိုင်းခြား သိ၏၊ မြေကို မြေအားဖြင့် ပိုင်းခြားသိ၍ မြေဟု မထင်မှတ်၊ မြေ၌ မထင်မှတ်၊ မြေအတိုင်း မထင်မှတ်၊ မြေကို ငါ့ဟာဟု မထင်မှတ်၊ မြေကို မနှစ်သက်၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ မြေကို ပိုင်းခြား ကန့်သတ်၍ ထိုသေက္ခပုဂ္ဂိုလ် သိပြီးသောကြောင့် ဖြစ်သည်ဟု ငါဆို၏၊ ရေကို ...... / ပေ......

နိဗ္ဗာန် ကို နိဗ္ဗာန်အားဖြင့် ပိုင်းခြားသိ၏၊ နိဗ္ဗာန်ကို နိဗ္ဗာန်အားဖြင့် ပိုင်းခြားသိ၍ နိဗ္ဗာန်ဟု မထင်မှတ်၊ နိဗ္ဗာန်၌ မထင်မှတ်၊ နိဗ္ဗာန်အတိုင်း မထင်မှတ်၊ နိဗ္ဗာန် ကို ငါ့ဟာဟု မထင်မှတ်၊ နိဗ္ဗာန်၌ မနှစ်သက်၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ နိဗ္ဗာန်ကို ပိုင်းခြား ကန့်သတ်၍ ထိုသေက္ခပုဂ္ဂိုလ် သိပြီးဖြစ်သောကြောင့် ဖြစ်သည်ဟု ငါဆို၏။

### ရဟန္တာအတွက် ဘုံ ပိုင်းခြားချက်။

ရဟန်းတို့ မဂ်အကျင့် အားလုံးကျင့်သုံးပြီး သံသရာကိစ္စ ကို ပြုလုပ်ပြီး ကိုယ် ခန္ဓာဝန် ပယ်ချပြီး ကိုယ် ကျိုးစီးပွါးကို ရရောက်ပြီး ဘဝနှောင်ကြိုး ဖြတ်တောက်ပြီး မှန်ကန်စွာ သိ၍ လောကမှ လွတ်မြောက်ပြီး // ရဟန္တာ ပုဂ္ဂိုလ်သည်လည်း–

မြေကို မြေအားဖြင့် ပိုင်းခြားသိ၏၊ မြေကို မြေအားဖြင့် ပိုင်းခြားသိ၍ မြေဟု မထင်မှတ်၊ မြေ၌ မထင်မှတ်၊ မြေအတိုင်း မထင်မှတ်၊ မြေကို ငါ့ဟာဟု မထင်မှတ်၊ မြေကို မနှစ်သက်၊ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းမှာ မြေကို ပိုင်းခြား ကန့်သတ်၍ ထိုရဟန္တာ သိပြီးဖြစ်သောကြောင့် ဟု ငါဆို၏၊ ရေကို ......ပေ...... မီးကို......ပေ......

နိဗ္ဗာန်ကို နိဗ္ဗာန်အားဖြင့် ပိုင်းခြားသိ၏၊ နိဗ္ဗာန်ကို နိဗ္ဗာန်အားဖြင့် ပိုင်းခြားသိ၍ နိဗ္ဗာန်ဟု မထင်မှတ်၊ နိဗ္ဗာန်၌ မထင်မှတ်၊ နိဗ္ဗာန်အတိုင်း မထင်မှတ်၊ နိဗ္ဗာန် ကို ငါ့ဟာဟု မထင်မှတ်၊ နိဗ္ဗာန်ကို မနှစ်သက်၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ နိဗ္ဗာန်ကို ပိုင်းခြား ကန့်သတ်၍ ထိုရဟန္တာ သိပြီး ဖြစ်သောကြောင့်ဟု ငါဆို၏။

---

* အရဟတ္တမဂ်–ဆိုသည်ကား၊ ကိလေသာတို့ကို အကြွင်းမဲ့ သတ်ဖြတ်သော တရားတည်း။ ဖိုလ် ဆိုသည်ကား၊ ကိလေသာ သတ်ဖြတ်ပြီး ပုဂ္ဂိုလ်တည်း။

† သေက္ခ-ဆိုသည်ကား၊ ကျင့်ဆဲ၊ ကျင့်ဆဲ၊ ဖြစ်သော ပုထုဇ္ဇန် သီလဝန်နှင့် အနာဂါမ်အထိ ပုဂ္ဂိုလ်စုတည်း။

/ ပေ ဟူသည်ကား ''ပေယျာလ'' အပိုဒ်မြှုပ် ဝါကျမြှုပ်ကို ဆိုလို၏၊ ဆိုခဲ့ပြီးနှင့် တူသည်ကို ချန်ပြ၏၊ အားလုံးကိုဖော်ထုတ်၍ ဆိုနိုင်သောစကားဟု အဓိပ္ပါယ်ထွက်၏၊

// ရဟန္တာ ဆိုသည်ကား၊ 'အရဟန္တ' ဆိုသော ပါဠိစကားမှ မြန်မာစကား၊ ကိလေသာအားလုံးကို ဖြတ်ပယ်ပြီးသူ ဘုံ ဝကုန်ပြီးသူ ဝဋ်ဆင်းရဲအားလုံး ကုန်ဆုံးပြီဟု ဆိုလို၏၊

## ဘုရားအတွက် ဘုံပိုင်းခြားချက်

ရဟန်းတို့ အမှန်တရားကို အမှန်အားဖြင့် သိ၍ အပုဖော်ခံသခင် ဘုရားရှင်သည်လည်း-

မြေအကို မြေအားဖြင့် •မိုင်းခြားသိ၏၊ မြေကို မြေအားဖြင့် ပိုင်းခြား သိ၍ မြေဟု မထင်မှတ်၊ မြေ၌ မထင်မှတ် မြေအတိုင်း မထင်မှတ်၊ မြေကို ငါ့ဟာဟု မထင်မှတ်၊ မြေကို မနှစ်သက်၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ မြေကို ကုန်သတ် ပိုင်းခြား သိခြင်း အဆုံးသို့ ရောက်သောကြောင့် ဖြစ်သည်ဟု ငါဆို၏။ ရေကို .....ပေ .....မီးကို .....ပေ ..... •

နိဗ္ဗာန်အကို နိဗ္ဗာန်အားဖြင့် ပိုင်းခြားသိ၏၊ နိဗ္ဗာန်ကို နိဗ္ဗာန်အားဖြင့် ပိုင်းခြားသိ၍ နိဗ္ဗာန်ဟု မထင်မှတ်၊ နိဗ္ဗာန်၌ မထင်မှတ်၊ နိဗ္ဗာန် အတိုင်း မထင်မှတ်၊ နိဗ္ဗာန်ကို ငါ့ဟာဟု မထင်မှတ်၊ နိဗ္ဗာန်ကို မနှစ်သက်၊ အကြောင်းကား နှစ်သက်ခြင်းသည် ဆင်းရဲ၏ အရင်းအမြစ် ဖြစ်သည်ဟု သိ၍ ဘဝသစ်တွင် ဖြစ်ပွါးရရန် ကမ်အထွေထွေ ပြုလုပ်မှုကြောင့် ဘဝသစ်၌ ဖြစ်ရ၏၊ ဘဝသစ်၌ ဖြစ်ရသူကား အိုခင်းခြင်း၊ သေရခြင်း ဖြစ်သည်ဟု သိ၏။

ရဟန်းတို့ ထို့ကြောင့် အမှန်တရားကို အမှန်အားဖြင့် သိတော်မူ၍ မှန်ကန်သော လမ်းကို သိတော်မူလျက် မှန်ကန်သော လမ်းညွှန် တရားကို ဟောကြားတော်မူသော ဘုရားရှင်သည် အခြင်းခပ်သိမ်း တပ်မက်ရေး ကုန်ခန်းခြင်း တပ်မက်ရေး ကင်းလွတ်ခြင်း ချုပ်ငြိမ်းခြင်း စွန့်လွှတ်ခြင်း လွတ်လွတ် စွန့်ပယ်ခြင်း ကြောင့် အတုမဲ့ သော x သဗ္ဗညုတဉာဏ်တော်ကို ရရောက်လေသည်ဟု ငါဆို၏။

ဤသို့ ဘုရား ဟောညွှန်တော်မူသော တရားတော်ကို ကြားနာ ကြရကုန်သော ရဟန်းတို့သည် *•နှစ်ခြိုက်ကြကုန်ပြီ။ ဤသို့ အကျဉ်းနှုပ် ကြားနာ မှတ်သားရပါသတည်း။

### မူလပရိယာယ သုတ္တန် ပြီး၏။

---

x သဗ္ဗညုတဉာဏ် ဆိုသည်ကား သိထိုက်သမျှ တရားအားလုံး အကြွင်းမဲ့ သိနိုင်သော ဉာဏ်ဟု ဆိုလို၏၊

အချို့မူဘွင် ဤနေရာ၌ နာဘိနန္ဒုံ-ကုန်၏၊ အဋ္ဌကထာကလည်း ဤမူကိုပင် ဖွင့်၏၊ အကြောင်းကား မာန်တက်သောရဟန်း ငါးရာကိုမာန်နှိမ်ရန်ခဲ့ခက်သော တရားကိုဟောသောကြောင့် ဘာမျှမသိရကား မနှစ်သက်ကုန် ဟု ဆို၏၊ ငါးရာသာမဟုတ် အခြား ရဟန်း များစွာလည်း ပါရသောကြောင့် ထို အခြားရဟန်းတို့ နှစ်သက်နိုင်မည် ဖြစ်၍ အဘိနန္ဒုံ ဟု ရှိသော မူသာ မှန်သင့်၏။

ဘုရားရှင်၏ မူလ ရည်ရွယ်ချက်ကလည်း မဂ်ဖိုလ် ရရေးအတွက် ဤတရားကို ဟောသည် မဟုတ် ''သဗ္ဗဓမ္မမူလ ပရိယာယ'' ဟူသော အမည်အရ အားလုံးသော မဂ်ဖိုလ်ရရေးတို့၏ အခြေခံတရားသာဖြစ်လေသည်၊ ထို့ကြောင့်သည်း မဂ်ဖိုလ် ရရောက် နှစ်ခြိုက်ဖွယ်မရှိချေ၊ သို့သော် အခြေသိရန် ဟောညွှန်ချက်အတိုင်း၊ အခြေကိုကား သိရ လေသောကြောင့် ဝမ်းမြောက်ဖွယ် ရှိ၏၊ မဒ္ဒဘာအားဖြင့်သည်း သိမသိ မေးခဲ့ မထားပဲ ဝမ်းမြောက်ရမည့် ဝတ္ထုရှိသာဖြစ်လေသည်၊

# ၂။ သဗ္ဗာသဝ သံဝရ သုတ္တန်

အကျွန်ုပ်သည် ပုဥ္ဇးတော်ကြီးသော ဘုရားရှင့် အဌာန်တော်မှ ဤသို့ ကြားနာ မှတ်သားရ ပါသည်။ တရံအခါ ပုဥ္ဇးတော်ကြီး ဘုရားသည် သာဝတ္ထိ မြို့တော်တွင် အနာထပိဏ် သေဋ္ဌေးကြီး ဆောက်လုပ် လှူဒါန်းသည့် ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူ၏၊ ထိုစဉ်အခါ ပုဥ္ဇးတော်ကြီးဘုရားသည် "ရဟန်းတို့" ဟု ခေါ်တော်မူ၍ ရဟန်းတို့က "ပုဥ္ဇးတော်ကြီးသခင် အရှင်မြတ်ဘုရား" ဟု ပြန်ကြားကြကုန်ပြီ။ ပုဥ္ဇးတော်ကြီးဘုရားက, 'ရဟန်းတို့' အလုံးစုံသော လောကပွါးစီးရေး တရားတို့မှ စောင့်စည်းရေး ဒေသနာကို သင်တို့အား ဟောကြားအံ့၊ ၎င်းကို နာယူကြကုန်, ကောင်းမွန်စွာနှစ်လုံး သွင်းကြကုန်, ဟောညွှန်အံ့ဟု မိန့်တော်မူရာ, ရဟန်းတို့က 'ကောင်းလှပါပြီ' မြတ်စွာဘုရား-ဟု ဝန်ခံလျှောက်ထားကြသော်, ဘုရားရှင် ဤသို့ဟောညွှန်တော်မူ၏ပြီ။

ရဟန်းတို့,ငါသည် ငါ့ကိုယ်တိုင် သိ၍ မြင်၍ သာလျှင် လောကပွါးစီးရေး တရားတို့၏ ကုန်ခန်းရာကို ဟောညွှန်၏။ မသိ မမြင်ပဲ ဟောညွှန်သည် မဟုတ်၊ ရဟန်းတို့, အဘယ်ကိုသိ၍ အဘယ်ကိုမြင်၍ လောကပွါးစီးရေး တရားတို့၏ ကုန်ခန်းရာကို ဟောညွှန်သနည်း?၊ အသင့်အတင့် နှစ်လုံးသွင်းခြင်းနှင့် မသင့်မတင့် နှစ်လုံးသွင်းခြင်းကို သိ၍ မြင်၍ လောက ပွါးစီးရေး တရား တို့၏ ကုန်ခန်းရာကို ဟောညွှန်၏၊ ရဟန်းတို့ မသင့်မတင့် နှစ်လုံးသွင်းသူအား မဖြစ်ပေါ်သေးသော လောကပွါးစီးရေး တရားတို့လည်း ဖြစ်ပွါးကုန်၏၊ ဖြစ်ပေါ်ပြီး လောကပွါးစီးရေး တရားတို့လည်း တိုးပွါးကုန်၏၊ အသင့်အတင့် နှစ်လုံးသွင်းသူအားမူကား မဖြစ်ပေါ်သေးသော လောက ပွါးစီးရေး တရားတို့လည်း မဖြစ်ပွါးကုန်၊ ဖြစ်ပေါ်ပြီး လောကပွါးစီးရေး တရားတို့လည်း ကင်းစင်ကုန်၏။

ရဟန်းတို့, ဥာဏ် အမြင်ဖြင့် ပယ်အပ်သော ပွါးစီးရေး တရားတို့လည်း ရှိကုန်၏၊ စောင့်စည်းခြင်းဖြင့် ပယ်အပ်သောပွါးစီးရေးတရားတို့လည်း ရှိကုန်၏။ မှီဝဲ သုံးဆောင်ခြင်းဖြင့် ပယ်အပ်သော ပွါးစီးရေး တရားတို့လည်း ရှိကုန်၏၊ သည်းခံခြင်းဖြင့် ပယ်အပ်သောပွါးစီးရေး တရားတို့လည်း ရှိကုန်၏၊ ကြဉ်ရှောင်ခြင်းဖြင့် ပယ်အပ်သော ပွါးစီးရေး တရားတို့လည်း ရှိကုန်၏၊ ဖျောက်ဖျက်ခြင်းဖြင့် ပယ်အပ်သော ပွါးစီးရေး တရားတို့လည်း ရှိကုန်၏၊ ပွါးများခြင်းဖြင့် ပယ်အပ်သော ပွါးစီးရေး တရားတို့လည်း ရှိကုန်၏။

## ဥာဏ်အမြင်ဖြင့် ပယ်အပ်သော ပွါးစီးရေးတရား။

ရဟန်းတို့, ဥာဏ်အမြင်ဖြင့် ပယ်အပ်သော ပွါးစီးရေး တရားတို့ကား အဘယ်တို့နည်း?၊ ရဟန်းတို့, ဤလူ့နှင့် နတ်တို့ အတွင်း၌ အရိယာ သူတော်ကောင်းတို့ကို မဖူးမြင်ရ၍ အရိယာ သူတော်ကောင်းတို့ တရား၌ မလိမ္မာသဖြင့် အရိယာ သူတော်ကောင်း တရား၌ မယဉ်ကျေးပဲ အရိယာ သူတော်ကောင်း တရားတွင် အကြားအမြင် ကင်းမဲ့သော ပုထုဇဉ် လူနတ် အများသည် နှစ်လုံးသွင်းရမည့် တရားတို့ကို မသိ, နှစ်လုံးမသွင်းရမည့် တရားတို့ကို မသိ, သူသည် နှစ်လုံးသွင်းရမည့် တရားတို့ကို မသိပဲ, နှစ်လုံးမသွင်းရမည့် တရားတို့ကို မသိပဲ နှစ်လုံးမသွင်းရမည့် တရားတို့ကို နှစ်လုံး သွင်းလေသည်၊ နှစ်လုံးသွင်းရမည့် တရားတို့ကို နှစ်လုံး မသွင်းချေ။

## နှစ်လုံးမသွင်းရမည့် တရားတို့ကို နှစ်လုံးသွင်းခြင်း။

ရဟန်းတို့, နှစ်လုံးမသွင်းရမည့် တရားတို့ကို နှစ်လုံးသွင်းသော မည်သည် အဘယ်နည်း?၊ ရဟန်းတို့,- မဖြစ်ပေါ်သေးသည့် ကာမ *ပွါးစီးရေးတို့ ဖြစ်ပွါး၍ ဖြစ်ပေါ်ပြီး ကာမ ပွါးစီးရေးတို့လည်း တိုးပွါးမည့် တရား, မဖြစ်ပေါ်သေးသည့် ဘဝ // ပွါးစီးရေးတို့ ဖြစ်ပွါး၍ ဖြစ်ပေါ်ပြီး ဘဝ ပွါးစီးရေး တို့လည်း သာလွန် တိုးပွါးမည့်တရား, မဖြစ်ပေါ်သေးသည့် မသိ တွေဝေခြင်းတို့ ဖြစ်ပွါး၍ ဖြစ်ပေါ်ပြီး မသိ တွေဝေခြင်း ပွါးစီးရေးတို့လည်း သာလွန် တိုးပွါးမည့်တရား, ဤသည်တို့ကား နှစ်လုံးမသွင်းရမည့် တရားတို့တည်း၊ ဤသို့သော နှစ်လုံး မသွင်းရမည့် ကာမ ဘဝနှင့် မသိ တွေဝေခြင်း တိုးပွါးမည့် တရားတို့ကို နှစ်လုံး သွင်းလေသည်၊

## နှစ်လုံးသွင်းရမည့် တရားတို့ကို နှစ်လုံးမသွင်းခြင်း။

ရဟန်းတို့, နှစ်လုံးသွင်းရမည့် တရားတို့ကို နှစ်လုံးမသွင်းသော ဟူသည် အဘယ်နည်း?၊ ရဟန်းတို့, မဖြစ်ပေါ်သေးသည့် ကာမ ပွါးစီးရေးတို့ မဖြစ်ပွါးမူ၍ ဖြစ်ပေါ်ပြီး ကာမ ပွါးစီးရေးတို့လည်း ပျောက်ကွယ်မည့်တရား, မဖြစ်ပေါ် သေးသည့် ဘဝပွါးစီးရေးတို့ မဖြစ်ပွါးမူ၍ ဖြစ်ပေါ်ပြီး ဘဝ ပွါးစီးရေးတို့လည်း ပျောက်ကွယ်မည့် တရား, မဖြစ်ပေါ်သေးသည့် မသိ တွေဝေခြင်း ပွါးစီးရေးတို့ မဖြစ်ပွါးမူ၍ ဖြစ်ပေါ်ပြီး မသိတွေဝေခြင်းတို့လည်း ပျောက်ကွယ်မည့် တရား, ဤသည်တို့ကား နှစ်လုံးသွင်းရမည့် တရား

---

* ကာမ ဟူသည်ကား၊ ကာမဘုံ ကာမအလိုဆန္ဒတည်း။

// 'ဘဝ' ဟူသည်ကား၊ ရူပ အရူပ ဘုံနှင့် ၎င်းတို့အလိုဆန္ဒတည်း။

တို့တည်း။ ဤသို့သော နှစ်လုံးသွင်းရမည့် ကာမ ဘဝ နှင့် မသိ တွေဝေခြင်း ပျောက်ကွယ်မည့် တရားတို့ကို နှစ်လုံးမသွင်းချေ။ ဤကား နှစ်လုံးမသွင်းရမည့် တရားတို့ကို နှစ်လုံးသွင်း၍ နှစ်လုံးသွင်းရမည့် တရားတို့ကို နှစ်လုံး မသွင်းခြင်းတို့တည်း။

## အယူမှားခြောက်မျိုး။

ထိုသည့်သူသည် ဤသို့ နှစ်လုံးသွင်း လေသည်၊ ငါသည် ရှေးက ဖြစ်ခဲ့ပြီလော ? မဖြစ်ခဲ့ပူးလော ? ရှေးက ငါသည် ဘယ်လို ဖြစ်ခဲ့ပူးလေပြီနည်း ? ဘယ်သို့ ဖြစ်ခဲ့ပူး လေပြီနည်း ? ငါသည် ရှေးက ဘာဖြစ်ခဲ့၍ ဘယ်သို့ ဖြစ်ခဲ့လေပြီနည်း ? နောင်အခါ ငါသည် ဖြစ်ရဦးမည်လော ? မဖြစ်ရလိမ့်လော ? နောင်အခါ ငါ ဘယ်လို ဖြစ်မည်နည်း ? ဘယ်သို့ဖြစ်မည်နည်း ? ငါသည် နောင်အခါ ဘာဖြစ်၍ ဘယ်သို့ ဖြစ်လိမ့်နည်း ? ယခု မျက်မှောက်၌လည်း ငါပင် ဖြစ်သလော ? ငါမဟုတ်လော ? အဘယ်သို့လေနည်း ? ဘယ်လိုလေနည်း ? ဤ သတ္တဝါသည် ဘယ်က လာလေသနည်း ? ၎င်းသည် ဘယ်သို့သွားမည်နည်း ? ဟု သို့လော ? သို့လော ? တွေးတော ယုံမှားခြင်း ဖြစ်လေသည်။

ဤသို့ တွေးတော ယုံမှားသူ့အား အယူမှားခြောက်မျိုးတို့တွင် တမျိုးမျိုး ဖြစ်ပေါ်လေသည်၊ ငါ့မှာ ကိုယ်ထင်ရှားရှိ သည် ဟုသော်, မမှန်မကန်ပဲ မြဲခိုင်စွာ ယူမှား၏၊ ငါ့မှာ ကိုယ်ထင်ရှား မရှိဟုသော်, မမှန်မကန်ပဲ မြဲခိုင်စွာ ယူမှား၏၊ ငါသည်ပင် ငါ့ကိုယ်ကို သိ၏ဟုသော်, မမှန်မကန်ပဲ မြဲခိုင်စွာ ယူမှား၏၊ ငါသည်ပင် ငါ့ကိုယ် မဟုတ်သည်ကို သိ၏ဟုသော်, မမှန်မကန်ပဲ မြဲခိုင်စွာ ယူမှား၏၊ ငါမဟုတ် သူကပင် ငါ့ကိုယ်ကို သိ၏ဟုသော် မမှန်မကန်ပဲ မြဲခိုင်စွာ ယူမှား၏၊

ထိုသို့ မဟုတ်မူကား ဤသို့သော် စွဲမှားလေသည်၊ ဤကိုယ်သည် ငါ၏ကိုယ် ဟု စွဲဆိုသည်, စွဲဆိုသင့်သည်, ထိုထိုဘုံဘဝ၌ ကောင်းမှု ဆိုးမှု တို့၏ ကောင်းကျိုး ဆိုးပြစ်တို့ကို ခံစားသည်၊ ထိုသည့် ငါ၏ ကိုယ်သည်, မြဲခိုင်သည်, မရွေ့ ရှား, မပျက်ပြား အပျက်အစီးမရှိ မြဲစွဲ ခိုင်ခန့်ဘိသို့သာ တည်နေလေသည်၊ ဤသို့သော် စွဲယူလေသည်။

ရဟန်းတို့, ဤသို့သော စွဲယူခြင်းကို အယူမှား, အယူမှား တောအုပ်, အယူမှား ခရီးခဲ, အယူမှားဆူးငြောင့်ခလုတ်, အယူမှား ချောက်ချားချက်, အယူမှား ဖွဲ့ကြိုး ဟု ဆိုအပ်၏။ ရဟန်းတို့, အယူမှား ဖွဲ့ကြိုးဖြင့် ဖွဲ့ချည်မိသည့် အကြား အမြင် ကင်းမဲ့သော ပုထုဇ္ဇန်နတ်လူ များသည် ဘဝသစ်၌တဖန် ဖြစ်ပွါးရပြန်ခြင်း, အိုမင်း ရင့်ရော်ရခြင်း, သေပျောက်ရခြင်း, စိုးရိမ် ပူဆွေးရခြင်း, ငိုကြွေး မြည်တမ်းခြင်း, ကိုယ်ဆင်းရဲရခြင်း, စိတ်ဆင်းရဲရခြင်း ပြင်းပြသည်းထန်စွာ ပင်ပန်းရခြင်းတို့မှ မလွတ်နိုင်၊ ဆင်းရဲပူသော လောကဘုံ ဘဝကြီးမှ မလွတ်နိုင်ဟု ငါဆို၏။

ရဟန်းတို့၊ဤသည့် လူနတ်တို့ အတွင်း၌ အရိယာ သူတော်ကောင်းတို့ကို ဖူးမြင်ရ၍ အရိယာ သူတော်ကောင်းတရား၌ လိမ္မာသဖြင့် အရိယာ သူတော်ကောင်း တရားဝယ် ယဉ်ကျေး၍ အရိယာ သူတော်ကောင်း တရားတွင် အကြား အမြင် များပြီး အရိယာ သူတော်ကောင်းတို့ တပည့် လူနတ်များသည်ကား နှလုံးသွင်းရမည့် တရားကို သိ၏၊ နှလုံးမသွင်းရမည့် တရားကို သိ၏၊သူသည် နှလုံးသွင်းရမည့် တရားကို သိ၍ နှလုံး မသွင်းရမည့် တရားကို သိ၍ နှလုံးသွင်းရမည့်တရားကို နှလုံးသွင်း၏၊နှလုံးမသွင်း ရမည့် တရားကို နှလုံးမသွင်းချေ။

## နှလုံးမသွင်းရမည့် တရားကို နှလုံးမသွင်းခြင်း။

ရဟန်းတို့၊ နှလုံး မသွင်းရမည့် တရားကို နှလုံးမသွင်းသော ဟူသည် အဘယ် နည်း? ရဟန်းတို့၊ မဖြစ်ပေါ်သေးသော ကာမ ပွါးစီးရေး ဖြစ်ပွါး၍ ဖြစ်ပွါးပြီး ကာမ ပွါးစီးရေးတို့လည်း သာလွန် တိုးပွါးမည့် တရား ၊မဖြစ်ပေါ်သေးသော ဘဝ ပွါးစီးရေး တို့ ဖြစ်ပွါး၍ ဖြစ်ပွါးပြီး ဘဝ ပွါးစီးရေး တို့လည်း သာလွန် တိုးပွါးမည့် တရား၊ မဖြစ် ပေါ်သေးသော မသိတွေဝေခြင်း ပွါးစီးရေးတို့ ဖြစ်ပွါး၍ ဖြစ်ပွါးပြီး မသိ တွေဝေခြင်း ပွါးစီးရေးတို့လည်း သာလွန် တိုးပွါးမည့် တရား - ဤသည်တို့ကား နှလုံး မသွင်းရ မည့် တရားတို့တည်း၊ ဤသို့သော နှလုံး မသွင်းရမည့် တရားတို့ကို နှလုံးမသွင်းချေ။

## နှလုံးသွင်းရမည့်တရားကို နှလုံးသွင်းခြင်း။

ရဟန်းတို့၊ နှလုံး သွင်းရမည့် တရားတို့ကို နှလုံး သွင်းသော ဟူသည် အဘယ် နည်း? ရဟန်းတို့၊မဖြစ်ပေါ်သေးသည့် ကာမပွါးစီးရေးတို့မဖြစ်ပွါးမူ၍ ဖြစ်ပွါးပြီး ကာမ ပွါးစီးရေး တို့လည်း ပျောက်ကွယ်မည့် တရား၊ မဖြစ်ပေါ်သေးသော ဘဝ ပွါးစီးရေး တို့ မဖြစ်ပွါးမူ၍ ဖြစ်ပွါးပြီး ဘဝ ပွါးစီးရေးတို့လည်း ပျောက်ကွယ်မည့် တရား၊မဖြစ် ပေါ်သေးသော မသိတွေဝေခြင်း ပွါးစီးရေးတို့ မဖြစ်ပွါးမူ၍ ဖြစ်ပွါးပြီး မသိ တွေဝေ ခြင်း ပွါးစီးရေးတို့လည်း ပျောက်ကွယ်မည့်တရား- ဤသည်တို့ကား နှလုံးသွင်းရမည့် တရားတို့တည်း။ ဤသို့သော ကာမဘဝနှင့် မသိတွေဝေခြင်း ပွါးစီးရေး ပျောက်ကွယ် မည့် တရားတို့ကို နှလုံးသွင်းလေသည်။

ယင်းသို့လျှင် နှလုံးမသွင်းရမည့် တရားတို့ကို နှလုံးမသွင်းမူ၍ နှလုံးသွင်းရ မည့် တရားတို့ကို နှလုံးသွင်းသူအား မဖြစ်ပေါ်သေးသည့် လောကပွါးစီးရေးတရား တို့လည်း မဖြစ်ပေါ်ကုန်၊ ဖြစ်ပေါ်ပြီး လောက ပွါးစီးရေး တရား တို့လည်း ပျောက် ကွယ် ချုပ်ငြိမ်းကုန်၏၊ ထိုသူသည်- ဤကား ဆင်းရဲ အမှန်တရားတည်းဟု အသင့် အသင့် နှလုံးသွင်း၏၊ ဤကား ဆင်းရဲ ဖြစ်ရကြောင်း အမှန်တရား တည်းဟု အသင့် အသင့် နှလုံးသွင်း၏၊ ဤကား ဆင်းရဲ ချုပ်ငြိမ်းရာ အမှန်တရားတည်းဟု အသင့်

အတင့် နှင်လုံးသွင်း၏၊ ဤကား ဆင်းရဲချုပ်ငြိမ်းရေး ကျင့်ဝတ် အမှန် တရားတည်းဟု အသင့်အတင့် နှစ်လုံးသွင်း၏၊ ထိုသူမှာ ထိုသို့ နှင်လုံးသွင်းစဉ်ပင် ငါ့ကိုယ်၌ အယူမှားခြင်း, ယုံမှားခြင်း, အကျင့်အလေ့၌စွဲလမ်းခြင်း, ဟူသော လောက ဖွဲ့ကြိုး သုံးစင်းတို့ ပြတ်တောက်ကုန်၏၊ ဤကား ဥာဏ်အမြင်ဖြင့် ပယ်အပ်သော ပွါးစီးရေးတရားတို့ တည်း။

## စောင့်စည်းခြင်းဖြင့် ပယ်အပ်သော ပွါးစီးရေးတရား၊

ရဟန်းတို့, စောင့်စည်းခြင်းဖြင့် ပယ်အပ်သော ပွါးစီးရေးတရားတို့ကား အဘယ်တို့နည်း ?၊ ရဟန်းတို့ , ဤသာသနာတော်၌ ရဟန်းသည် အသင့်အတင့် ပညာဥာဏ်ဖြင့် ဆင်ခြင်၍ မစောင့်စည်းခဲ့သော်- ပင်ပန်းကြောင်း, ပူပန်ကြောင်း, ပွါးစီးရေး တရားများ ဖြစ်ပွါး၍ စောင့်စည်းခဲ့သော်- ဤသို့သော ပင်ပန်းကြောင်း, ပူပန်ကြောင်း, ပွါးစီးရေးများ မဖြစ်ပွါးမည့် မျက်စိ ဣန္ဒြေကို စောင့်စည်း၏၊ နား ဣန္ဒြေကို စောင့်စည်း၏၊ နှာခေါင်း ဣန္ဒြေကို စောင့်စည်း၏၊ လျှာ ဣန္ဒြေကို စောင့်စည်း၏၊ ကိုယ် ဣန္ဒြေကို စောင့်စည်း၏၊ စိတ် ဣန္ဒြေကို စောင့်စည်း၏၊ ရဟန်းတို့ , ဤတရားတို့ကား စောင့်စည်းခြင်းဖြင့် ပယ်အပ်သော ပွါးစီးရေး တရားတို့တည်း။

## မှီဝဲခြင်းဖြင့် ပယ်အပ်သော ပွါးစီးရေးတရား။

ရဟန်းတို့, မှီဝဲး သုံးဆောင်ခြင်းဖြင့် ပယ်အပ်သော ပွါးစီးရေး တရား တို့ ကား အဘယ်တို့နည်း ? ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် ပညာဥာဏ်ဖြင့် အသင့်အတင့် ဆင်ခြင်၍ အဝတ် သင်္ကန်းကို သုံးစွဲ၏၊ အချမ်း အအေးကို ပယ်ဖျောက်ရန်, အပူ အအိုက်ကို ပယ်ဖျောက်ရန်, ခြင်-မှက်-လေ-နေပူ-ကင်း သန်း တို့ အတွေ့အထိ, အကိုက်အခဲမှ ပယ်ဖျောက်ရန် အရှက် အကြောက်ကို ဖုံးလွှမ်းရုံအလို့ ငှါ ဝတ်ရုံ၏။

ပညာဥာဏ်ဖြင့် အသင့်အတင့် ဆင်ခြင်၍ ဆွမ်း ဘောဇဉ် ခဲဖွယ်ကို စားသုံး၏၊ ရယ်ရွှင်ရန်, ယစ်မူးရန်, တန်ဆာဆင်ယင်ရန်, တင့်တယ်ရန်, မစားသုံးချေ၊ ဤကိုယ်တည်နေနိုင်ရန်, မျှတရန်, ပင်ပန်းခြင်းကင်းပျောက်ရန်, အကျင့်မြတ်ကို ချီးမြှောက်ရန် စားသုံး၏၊ ဤသို့ စားသုံးခြင်းဖြင့် ရောဂါဝေဒနာဟောင်း ပျောက်ကင်းရန်, ရောဂါဝေဒနာသစ် မဖြစ်ရန်, မျှတရန်, အပြစ်ကင်းရန်, ချမ်းသာစွာ နေထိုင်ရခြင်း ဖြစ်ရန်သာ စားသုံး၏။

ပညာဥာဏ်ဖြင့် အသင့်အတင့် ဆင်ခြင်၍ ကျောင်း အိပ်ရာ, နေရာထိုင်ခင်းတို့ကို နေထိုင်၏၊ အချမ်းအအေးကို ပယ်ဖျောက်ရန်, အပူအအိုက်ကို ပယ်ဖျောက်ရန်, ခြင်-မှက်-လေ-နေပူ-ကင်းသန်းတို့ အတွေ့အထိ-အကိုက်အခဲမှ ပယ်ဖျောက်ရန်, ထိုထို ဥတုဘေးမှလွတ်ငြိမ်းရန်, နေထိုင်ချမ်းမြေ့ရန် သုံးဆောင်နေထိုင်၏။

ပညာဥာဏ်ဖြင့် အသင့်အတင့် ဆင်ခြင်၍ သူနာ၏ အထောက်အပံ့ ဖြစ်သော အသက် အရံ အတား ဆေးဝါး ဓာတ်စာကို သုံးစား၏၊ ဖြစ်ပေါ်သည့် ရောဂါ ဝေဒနာ

တို့ကို ပယ်ပျောက်ရန်, ဆင်းရဲကင်းပျောက်ရန်သာ စားသောက်၏၊ ရဟန်းတို့, ၎င်းတို့ကို မမှီဝဲ မသုံးဆောင်ခဲ့သော်-ပင်ပန်းခြင်း, ပူပန်ခြင်း, ပူါးစီးရေး တရားတို့ ဖြစ်ပွါးကုန်၍ မှီဝဲ သုံးဆောင်ခဲ့သော်- ပင်ပန်းခြင်း, ပူပန်ခြင်း, ပူါးစီးရေး တရားတို့ မဖြစ်ပွါးကုန်ရာ၊ ဤတရားတို့ကား မှီဝဲခြင်းအားဖြင့် ပယ်အပ်သော ပူါးစီးရေး တရားတို့တည်း။

## သည်းခံခြင်းဖြင့် ပယ်အပ်သော ပူါးစီးရေးတရား။

ရဟန်းတို့, သည်းခံခြင်းဖြင့် ပယ်ပျောက်အပ်သော ပူါးစီးရေးတို့ကား အဘယ်တို့နည်း? ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် ပညာဉာဏ်ဖြင့် အသင့်အတင့် ဆင်ခြင်၍ အချမ်း အအေးကို, အပူ အအိုက်ကို, ဆာလောင်ခြင်းကို, မွတ်သိပ်ခြင်းကို, ခြင်-မှက်-လေ-နေပူ-ကင်း သန်း တို့၏ အတွေ့အထိ အကိုက်အခဲ တို့ကို သည်းခံ၏၊ မကောင်းဆိုးဝါးစွာ ဆိုပြောအပ်ကုန်၍ ကြမ်းကြုတ်စွာ ရောက်ဆိုက်ကုန်သော အဆိုအပြောတို့ကို ကိုယ်၌ဖြစ်ပွါးကုန်၍ ဆင်းရဲကုန်, ထက်မြက်ကုန်, ကြမ်းထမ်းကုန်, စပ်ရှားကုန်, မသက်သာကုန်, မနှစ်မြို့ကုန်, အသက်ကို ဆောင်တတ် ကုန်သော ရောဂါဝေဒနာတို့ကို သည်းခံနိုင်သောသဘောရှိ၏၊ ၎င်းများကို သည်းမခံခဲ့သော်- ပင်ပန်းခြင်း ပူလောင်ခြင်း ပူါးစီးရေး တရားတို့ တိုးပွါးကုန်၍ သည်းခံခဲ့မူ ယင်းသို့ ဖြစ်ပွါးမည့် ပင်ပန်းခြင်း, ပူလောင်ခြင်း, ပူါးစီးရေးတရားတို့ မဖြစ်ပွါးကုန်ရာ၊ ရဟန်းတို့, ဤတရားတို့ကား သည်းခံခြင်းဖြင့် ပယ်ပျောက်အပ်သော ပူါးစီးရေး တရားတို့တည်း။

## ကြဉ်ရှောင်ခြင်းဖြင့် ပယ်ပျောက်အပ်သော ပူါးစီးရေးတရား။

ရဟန်းတို့, ကြဉ်ရှောင်ခြင်းဖြင့် ပယ်ပျောက်အပ်သော ပူါးစီးရေး တရား တို့ကား အဘယ်တို့နည်း? ရဟန်းတို့, ဤ သာသနာတော်၌ ရဟန်းသည် ပညာ ဉာဏ်ဖြင့် အသင့်အတင့် ဆင်ခြင်၍ ဆိုးသွမ်းသော ဆင်ကို ကြဉ်ရှောင်၏၊ ဆိုးသွမ်းသော မြင်းကို ကြဉ်ရှောင်၏၊ ဆိုးသွမ်းသော နွားကို ကြဉ်ရှောင်၏၊ ဆိုးသွမ်းသော ခွေးကို ကြဉ်ရှောင်၏၊ ဆိုးသွမ်းသော မြွေကို ကြဉ်ရှောင်၏၊ သစ်ငုတ်, ဆူး ချောင့်, ရှိရာကို ကြဉ်ရှောင်၏၊ ထုံးအိုင်ကို ကြဉ်ရှောင်၏၊ ချောက်, ကမ်းပါးပြတ်, ကို ကြဉ်ရှောင်၏၊ တံစီးတွင်းကို ကြဉ်ရှောင်၏၊ ရွံ့ပုပ်အိုင်ကို ကြဉ်ရှောင်၏၊ ပညာဉာဏ်မြင်ရှိသည့် သီတင်းသုံးဖေါ်တို့က ယုတ်မာ ဆိုးဝါးသည်ဟု ယုံမှားလောက်သော နေရာ၌နေထိုင်ခြင်း, ဆွမ်းခံစားကျက်ပြုလုပ် သွားလာခြင်း, ယုတ်ညံ့ ဆိုးဝါးသော မိတ်ဆွေတို့နှင့် ဆက်ဆံ ပေါင်းသင်းခြင်း များကို ကြဉ်ရှောင်၏။

၎င်းတို့ကို မကြဉ်ရှောင်ခဲ့သော်-ပင်ပန်းခြင်း, ပူပန်ခြင်း, ပူါးစီးရေးတရားတို့ တိုးပွါးကုန်၍, ရှောင်ကြဉ်သော်-ထိုသို့သော ပင်ပန်းခြင်း, ပူပန်ခြင်း, ပူါးစီးရေးတရားတို့ မဖြစ်ပွါးကုန်ရာ၊ ရဟန်းတို့, ဤတရားတို့ကား ကြဉ်ရှောင်ခြင်းဖြင့် ပယ်အပ်ကုန်သော ပူါးစီးရေး တရားတို့တည်း။

## ဖျောက်ဖျက်ခြင်းဖြင့် ပယ်အပ်ကုန်သော ပွါးစီးရေးတရား။

ရဟန်းတို့, ဖျောက်ဖျက် ခြင်းဖြင့် ပယ်အပ် ကုန်သော ပွါးစီးရေး တရား တို့ကား အဘယ်တို့နည်း?၊ ရဟန်းတို့, ဤ သာသနာတော်၌ ရဟန်း သည် ပညာ ဉာဏ်ဖြင့် အသင့်အတင့် ဆင်ခြင်၍, ဖြစ်ပေါ်သော ကာမအကြံအစည်ကို လက်မခံ, ပယ်စွန့်၏, ဖျောက်ဖျက်၏, ပျက်စီးအောင် ပြု၏, မဖြစ်ပေါ် ခြင်းသို့ ရောက်စေ၏၊ ဖြစ်ပေါ်လာ သော သူတပါး ပျက်စီးရေး အကြံ အစည်ကို လက်မခံ, ပယ်စွန့်၏,ဖျောက်ဖျက်၏, ပျက်စီးအောင် ပြု၏, မဖြစ်ပေါ် ခြင်းသို့ ရောက်စေ၏၊ ဖြစ်ပေါ်လာသော သူတပါးအား ညှဉ်းဆဲရေး အကြံအစည်ကို ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း သော ယုတ်မာဆိုးဝါးသည့် အကုသိုလ် တရားတို့ကို လက်မခံ ,ပယ်စွန့်၏, ဖျောက်ဖျက်၏, ပျက်စီးအောင် ပြု၏, မဖြစ်ပေါ် ခြင်းသို့ ရောက်စေ၏။

၎င်းတို့ကို မဖျောက်ဖျက်သော်- ပင်ပန်းခြင်း, ပူပန်ခြင်း,ပွါးစီးရေး တရားတို့ တိုးပွါး ကုန်၍,ဖျောက်ဖျက်သော်- ထိုသို့သော ပင်ပန်းခြင်း , ပူပန်ခြင်း, ပွါးစီးရေးတရားတို့ မဖြစ်ပွါးကုန်ရာ၊ ရဟန်းတို့ , ဤသည်တို့ကား ဖျောက်ဖျက်ခြင်းဖြင့် ပယ်အပ်သော ပွါးစီးရေး တရားတို့တည်း။

## ပွါးများခြင်းဖြင့် ပယ်အပ်ကုန်သော ပွါးစီးရေးတရား။

ရဟန်းတို့ , ပွါးများခြင်းဖြင့် ပယ်အပ်ကုန်သော ပွါးစီးရေး တရားတို့ကားအဘယ်တို့နည်း? ရဟန်းတို့ , ဤသာသနာတော်၌ ရဟန်းသည် ပညာဉာဏ်ဖြင့် အသင့်အတင့် ဆင်ခြင်၍ အကုသိုလ် ဆိတ်ငြိမ်ခြင်း၌ အမှီအထားပြုကာ စွန့်လွှတ်ခြင်းသို့ ကိုင်းညွတ်သော သတိ ဟူသော မဂ်ဖိုလ်၏ အကြောင်းကို ပွါးများ၏၊ ကုသိုလ်တရားတို့ကို စိစစ်ခြင်းဟူသော မဂ်ဖိုလ်၏ အကြောင်းကို ပွါးများ၏၊ အကုသိုလ်ကို ပယ်ရန်, ကုသိုလ်ဖြစ်ပွါးရန်,အားပိုက်ခြင်း ဟူသော မဂ်ဖိုလ်၏ အကြောင်းကို ပွါးများ၏၊ ကုသိုလ်တရား၌ နှစ်သက်ခြင်း ဟူသော မဂ်ဖိုလ်၏ အကြောင်းကို ပွါးများ၏၊ ကုသိုလ်တရား၌ စိတ်ထား ငြိမ်းချမ်းခြင်း ဟူသော မဂ်ဖိုလ်၏ အကြောင်းကို ပွါးများ၏၊ ကုသိုလ်တရား၌ တည် တန့်ခြင်း ဟူသော မဂ်ဖိုလ်၏ အကြောင်းကို ပွါးများ၏၊ ထိုထိုတရားတို့၌ လျစ်လျူ ရှုခြင်း ဟူသော မဂ်ဖိုလ်၏ အကြောင်းကို ပွါးများ၏၊ ၎င်းတို့ကို မပွါးများခဲ့မူ ပင်ပန်းခြင်း,ပူပန်ခြင်း, ပွါးစီးရေးတရားတို့ ဖြစ်ပွါးကုန်၍, ပွါးများခဲ့မူ ပင်ပန်းခြင်း, ပူပန်ခြင်း, ပွါးစီးရေး တရားတို့ မဖြစ်ပွါးကုန်ရာ၊ ရဟန်းတို့, ဤသည်တို့ကား ပွါးများခြင်းဖြင့် ပယ်အပ်သော ပွါးစီးရေးတရားတို့တည်း။

ရဟန်းတို့ , ဤ သာသနာ တော်၌ ရဟန်းသည် ဉာဏ် အမြင်ဖြင့် ပယ်အပ်သော ပွါးစီးရေး တရားတို့ကို ဉာဏ်အမြင်ဖြင့် ပယ်ပျောက်အပ်ကုန်၏၊ စောင့်စည်းခြင်းဖြင့် ပယ်အပ်သော တရားတို့ကို စောင့်စည်းခြင်းဖြင့် ပယ်ပျောက်အပ်ကုန်၏၊ သုံးဆောင် မှီဝဲခြင်းဖြင့် ပယ်အပ်သော တရားတို့ကို သုံးဆောင် မှီဝဲခြင်းဖြင့် ပယ်ပျောက်အပ်ကုန်၏၊ သည်းခံခြင်းဖြင့် ပယ် အပ်သော တရားတို့ကို သည်းခံခြင်းဖြင့် ပယ်ပျောက် အပ်ကုန်၏၊ ကြဉ်ရှောင်ခြင်းဖြင့် ပယ်အပ်သော တရားတို့ကို ကြဉ်ရှောင်ခြင်းဖြင့် ပယ်ပျောက်အပ်ကုန်၏၊ ပျောက်ပျက်ခြင်းဖြင့် ပယ်အပ်သောတရားတို့ကို ပျောက်ပျက်ခြင်းဖြင့် ပယ်ပျောက်အပ်ကုန်၏၊ ပွါးများခြင်းဖြင့် ပယ်အပ်သော တရားတို့ကို ပွါးများခြင်းဖြင့် ပယ်ပျောက်အပ်ကုန်၏။ ရဟန်းတို့ , ဤသည့်-ခုနစ်မျိုးသော စောင့်စည်း ရေး တရားတို့ဖြင့် စောင့်စည်း နေထိုင်သော ရဟန်းကို အားလုံး စောင့်စည်းဖွယ်ကို စောင့်စည်း နေထိုင်သော ရဟန်းဟု ဆိုအပ်၏၊ တဏှာကို ဖြတ်၏၊ သံယောဇဉ်ကို ပယ်၏၊ ဘဝ နှောင်ကြိုးပြည့် လျက် ,မှန်ကန်စွာ ကိလေသာ ကုန်ခန်းသည့် ဆင်းရဲကုန်ဆုံးသော ရဟန်းဟု ဆိုအပ်၏။ ဤသို့ ဘုရားဟော ညွှန်၍ ကြားနာရသော ရဟန်းတို့ နှစ်မြို့ကြကုန်ပြီ။– ဤသို့ အကျွန်ုပ် ကြားနာ မှတ်သားအပ်၏။

သဗ္ဗာသဝ သံဝရ သုတ္တန် ပြီး၏။

# ၃။ ဓမ္မဒါယာဒ သုတ္တန်

ပုဦးတော်ကြီးသော ဘုရားရှင့် အဆုံးအမ တော်မှ ဤသို့ အကျွန်ုပ် ကြားနာ မှတ်သားရပါသည်၊ တစ်ရံအခါ ပုဦးတော်ကြီးဘုရားသည် သာဝတ္ထိ မြို့တော် တွင် အနာထပိဏ် သေဌေးကြီး ဆောက်လုပ်လှူဒါန်း သော ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူလေသည်၊ ထိုစဉ်အခါ ဘုရားရှင်က "ရဟန်းတို့" ဟုခေါ်တော်မူ၍ ရဟန်းတို့က "ပုဦးတော်ကြီးသခင် အရှင်မြတ် ဘုရား" ဟု တုန့်ပြန် လျှောက် ထားကြကုန်ပြီ၊ ဘုရားရှင်သည် ဤသို့ မိန့်ဆိုလေပြီ။—

ရဟန်းတို့, သင်တို့သည် ငါဘုရား၏ တရားတော် အမွေခံ ဖြစ်ကြကုန်၊ ပစ္စည်း အာမိသ† အမွေခံ မဖြစ်ကြကုန်လင့်၊ ငါ့တပည့်တော်တို့သည် မည်သို့လျှင် ငါ ဘုရား၏ တရားတော်အမွေခံ ဖြစ်ကြကုန်မည်နည်း?၊ မည်သို့လျှင်ပစ္စည်း အာမိသအမွေခံ မဖြစ်ပဲ ရှိကြကုန် မည်နည်း? ဟု သင်တို့အပေါ်၌ အမြဲ ငဲ့ကွက် စောင့် ရှောက် သော မေတ္တာစိတ်ကို ငါဘုရား ထားရှိသည်၊ ရဟန်းတို့, သင်တို့သည် ပစ္စည်းအမွေခံတို့သာ ဖြစ်ကုန်၍, တရားတော် အမွေခံ မဖြစ်ကုန်အံ့, ထိုသို့ ဖြစ်သည့် အတွက် ဘုရား၏ တပည့်တော်တို့သည် ပစ္စည်း အမွေခံ ဖြစ်၍သာ နေကြကုန်၏, တရားတော်အမွေခံ မဖြစ်ကြကုန် ဟု, သင်တို့လည်း စွပ်စွဲခံကြရကုန်မည်၊ ဘုရားတပည့်တို့သည် ပစ္စည်း အမွေခံသာ ဖြစ်ကုန်၍, တရားတော် အမွေခံ မဖြစ်ကုန်ခဲ့ ဟု, ငါဘုရား လည်း စွပ်စွဲခံရဖွယ် ဖြစ်လေသည်။

ထို့ကြောင့်, ရဟန်းတို့ ,သင်တို့သည် တရားတော် အမွေခံသာ ဖြစ်ကြကုန်,ပစ္စည်း အမွေခံ မဖြစ်ကြကုန်လင့်၊ ငါ့တပည့်တော် တို့သည် မည်သို့လျှင် ငါဘုရား၏ တရား တော် အမွေခံ ဖြစ်ကြကုန်မည်နည်း?၊ မည်သို့လျှင် ပစ္စည်း အမွေခံ မဖြစ်ပဲ ရှိကြကုန် မည်နည်း? ဟု သင်တို့ အပေါ်၌ အမြဲ ငဲ့ကွက် စောင့်ရှောက်သော မေတ္တာစိတ်ကို ငါဘုရားထားရှိသည်၊ ရဟန်းတို့, ဤနေရာ၌ငါသည်ဆွမ်းစားသုံးပြီး၍ မစားတော့အံ့ဟု စိတ်တွင် မြစ်ပယ်ပြီး, ပြည့်ရုံပြီး, ပြီးဆုံးပြီး, ဝလင်ပြီး, တင်းတိမ်ပြီး ဖြစ်ရကား

† 'အာမိသ' ဆိုသည်ကား လာဘ် သက္ကာရ ပူဇော် ချီးကျူး မှု၊ တည်း။

ပိုလျှံ၍ စွန့်ပစ်ဖွယ်သာ ဖြစ်သည့် ဆွမ်းကြွင်းလည်း ရှိခဲ့အံ့၊ ထိုသို့ ဖြစ်ရှိနေရာ, ဆာလောင် မွတ်သိပ်၍ အား ဗလ လျော့ပါး ချိနဲ့သော ရဟန်း နှစ်ဦးတို့ လာရောက်ကုန်ရာ၏၊ ၎င်းနှစ်ဦးတို့ကို ငါက, အိုရဟန်းတို့, ငါကား အပြည့်အစုံ အဝအလင် ဟင်းတိမ်စွာ စားသုံးပြီး ဖြစ်၏၊ ပိုလျှံ၍ စွန့်ပစ်ဖွယ်သာ ဖြစ်သော ဤသည့် ဆွမ်းများလည်း ကြွင်းကျန်လျက် ရှိ၏၊ သင်တို့ အလို ရှိလျှင် စားသုံးကြကုန်၊ သင်တို့ မစားသုံးကြကုန်မူ ငါသည် ယခုပင် စိမ်းစိုသော မြက်လွတ်ကင်းရာတွင် ဖြစ်စေ, ပိုးကောင်မရှိသော ရေတွင် ဖြစ်စေ, စွန့်ပစ်အံ့ဟု ဆိုအံ့၊ ထိုသို့ ဆိုလျှင် တဦးသော ရဟန်းက "ဘုရားသခင် မူကား အပြည့်အစုံ အဝအလင် ဆွမ်း သုံးဆောင်တော်မူပြီး ဖြစ်ပြီ" ဘုရားသခင်မှာ ပိုလျှံ၍ စွန့်ပစ်ဖွယ်သာ ဖြစ်သည့် ဤသည့် ဆွမ်းလည်း ရှိနေ၏၊ ငါတို့ မစားသုံးကြမူ, ဘုရားသခင်သည် ယခုပင် စိမ်းစိုသော မြက်လွတ်ကင်းရာ၌ ဖြစ်စေ, ပိုးကောင်မရှိသော ရေ၌ဖြစ်စေ, စွန့်ပစ်တော်မူလိမ့်မည်။

ရဟန်းတို့, ငါဘုရား၏ တရားတော် အမွေခံ သာ ဖြစ်ကြကုန်, ပစ္စည်း အမွေခံ မဖြစ်ကြကုန်သင့်, ဟုလည်း ဘုရား ဟော တော် မူအပ်သည်၊ ဤဆွမ်းကား ပစ္စည်း အာမိသ တမျိုးပင် ဖြစ်တော့၏၊ ငါသည် ဤဆွမ်းကို မစားသုံး မူ၍ပင်, ဤသည့် ဆာလောင်ခြင်း, အား ဗလ နည်းပါးခြင်းဖြင့် ဤည ဤနေ့ကို ကုန်လွန် စေ တော့အံ့၊ သူသည် ဤသို့ ကြံစည်၍ ထိုဆွမ်းကို မစားသုံးပဲပင် ဆာလောင် မွတ်သိပ် ခြင်း, အားနည်းခြင်းဖြင့် ထိုည ထိုနေ့ကို ကုန်လွန်စေလေရာ၏။ ထိုမှတပါးသော ဒုတိယ ရဟန်းကား "ဘုရားသခင်သည် အပြည့်အစုံ အဝ အလင် ဘုဉ်းပေး သုံးဆောင်တော် မူပြီး ဖြစ်လေပြီ" ဘုရားသခင်မှာ စွန့်ပစ်ရမည့် ဆွမ်းပိုလည်း ကြွင်းကျန်ရှိနေသည်၊ အကယ်၍ ငါတို့ မစားသုံးကုန်အံ့၊ ဘုရားသခင်သည် ယခုပင်လျှင် စိမ်းစိုသော မြက် လွတ်ကင်းရာ, သို့မဟုတ် ပိုးမွှား လွတ်ကင်းသော ရေမှာ စွန့်ပစ် တော် မူလိမ့်မည်၊ ငါသည် ဤသည့်ဆွမ်းကို စားသုံး၍ ဆာလောင် မွတ်သိပ်ခြင်း အားနည်းခြင်းကို ပယ်ဖျောက်ကာ ဤည ဤနေ့ကို ကုန်လွန်စေအံ့၊ ဤသို့ ကြံစည် စိတ်ကူး၍ ထိုရဟန်း သည် ဆွမ်းကို စားသုံး ပြီးလျှင် ဆာလောင် မွတ်သိပ် ခြင်း, အားနည်း ခြင်းကို ပယ် ဖျောက် လျက် ထိုညထိုနေ့ကို ကုန်လွန်စေလေရာ၏၊ ရဟန်းတို့, ထိုရဟန်း သည် ထိုဆွမ်းကို စားသုံး၍ ဆာလောင် မွတ်သိပ်ခြင်း, အားအင် နည်း ပါး ခြင်းကို ပယ် ဖျောက် လျက် ထိုည ထိုနေ့ကို လွန်စေသည် မှန်၏၊ သို့ပင်ဖြစ်စေကာ, ထိုသည့် ပထမ ရဟန်း သည်သာ ငါ့မှာ ပူဇော် ချီးကျူးထိုက်လေသည်။

အကြောင်းမူကား ထိုရဟန်း၏ ထိုသို့ မစားသုံးပဲ နေထိုင်ခြင်းသည် ရှည်မြင့်စွာသော ကာလပတ်လုံး အလိုနည်းပါးရန်, တင်းတိမ် ရောင့်ရဲရန်, ခေါင်းပါးရန်, မွေးမြူလွယ်ရန်, လုံ့လစိုက်ထုတ်ရန်, ဖြစ်လိမ့်သတည်း၊ ထို့ကြောင့် အို-ရဟန်းတို့, ဤသာသနာတော်၌ ငါဘုရား၏ တရားတော်အမွေခံ တို့သာ ဖြစ်ကြကုန်, ပစ္စည်းအမွေခံ မဖြစ်ကြကုန်

လင့်၊ ငါ၏တပည့်တော်တို့သည် မည်သို့လျှင် ငါဘုရား၏ တရားတော် အမွေခံဖြစ်ကြကုန်အံ့နည်း ? မည်သို့လျှင် ပစ္စည်းအမွေခံ မဖြစ်ကြကုန်အံ့နည်း ? ဟု သင်တို့ အပေါ်၌ အခြေး ငဲ့ကွက် စောင့်ရှောက်သော မေတ္တာစိတ်ကို ငါဘုရား ထားရှိသည်။ ဤသို့ မိန့်ကြားတော်မူပြီးလျှင် နေရာမှထ၍ ကျောင်းဘွင်းသို့ ဝင်ရောက်တော်မူခဲ့လေပြီ။

ဘုရားရှင် ကြွသွားတော်မူ၍ မကြာမြင့်မီပင် အရှင်သာရိပုတ်မထေရ်က 'ငါ့ရှင်တို့' ဟု ရဟန်းတို့ကို ခေါ်လေရာ, ရဟန်းတို့က, "အို ငါ့ရှင်" ဟု ပြန်ကြားကြကုန်၍ အရှင်သာရိပုတ်သည် ဤသို့မိန့်ဆိုတော်မူလေပြီ၊ အို ငါ့ရှင်တို့, ကိလေသာ အပေါင်းတို့မှ လွတ်ကင်း ဆိတ်ကွယ်၍ ဘုရားနေတော်မူစဉ်, တပည့်တော်တို့သည် မည်မျှ လောက်သော အတိုင်းအရှည်အားဖြင့် ဆိတ်ငြိမ်မှုကို အတု လိုက်နာ၍ မကျင့် ဆောင်ကြကုန်သနည်း ? မည်မျှ အတိုင်းအရှည်အားဖြင့် အတု လိုက်နာ၍ ကျင့်ဆောင်ကြကုန်သနည်း ? ဟု မေးတော်မူလေသော်, ရဟန်းတို့က "အို ငါ့ရှင်" ငါတို့သည် အရှင်သာရိပုတ် မိန့်မြွက်သည့် စကားအနက်ကို ခွဲဖက် ကြားနာရရန် အဝေးအလံကပင် လာကြပါကုန်သည်၊ ကျွန်ုပ်တို့ - တောင်းပန်ပါကုန်သည်၊ အရှင် သာရိပုတ်သည်ပင် ထိုစကားကို ထင်ရှားစွာ မိန့်ဆိုပါ, အရှင်သာရိပုတ် မိန့်ဆိုသည်ကို နာယူကြ၍ ရဟန်းအများ ဆောင်ရွက် မှတ်သား ကြရ ပါလိမ့်မည် ဟု လျှောက်ဆို ကြကုန်ပြီ၊ အရှင်သာရိပုတ်က "ငါ့ရှင်တို့" ထိုသို့ ဖြစ်ခဲ့တပြီးကား, ငါ့ရှင်တို့, နာယူကြကုန်, နှစ်လုံးသွင်းကြကုန်, ဟောပြပေအံ့ဟု ပြန်ကြားသော် "ကောင်းပါပြီ ငါ့ရှင်" ဟု ရဟန်းတို့က ဝန်ခံသဖြင့် အရှင်သာရိပုတ်မထေရ် ဤသို့ မိန့်ဆို ဟောမြွက်လေပြီ။

ငါ့ရှင်တို့, ဘုရားသခင် ကိလေသာတို့မှ ကင်းလွတ် ဆိတ်ငြိမ်စွာ နေတော်မူစဉ် တပည့်တော်တို့သည် အဘယ်မျှသော အတိုင်းအရှည်အားဖြင့် ကိလေသာ ဆိတ်သုဉ်းမှု၌ အတုလိုက်၍ မကျင့်ဆောင်ကုန်သနည်း ?၊ ငါ့ရှင်တို့, ဤသာသနာတော်တွင် ကိလေသာတို့မှ ကင်းလွတ် ဆိတ်ငြိမ်မှု၌ တပည့်တော်တို့ အတုလိုက်၍ မကျင့်ဆောင်ကြကုန်၊ ထို့ပြင် ဘုရားရှင်က ပယ်စွန့်ရန် ညွှန်ပြအပ်ကုန်သော တရားတို့ကိုလည်း မပယ်စွန့်ကြကုန်၊ လာဘ် များကြောင်းသော ကျင့်ကြံကြ ကုန်သည်, စည်းလဲကြ ကုန်သည်, နောက်ဆုတ်ကြ ကုန်သည်, ကိလေသာ ဆိတ်သုဉ်းရေး၌ ဝန်ချ ပစ်စွန့်ကြကုန်သည်။

ငါ့ရှင်တို့, ဤသို့ ဖြစ်ရာ၌ မထေရ်ကြီးတို့သည် သုံးမျိုးသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်ကုန်၏၊ ငါ့ရှင်တို့, ကိလေသာ ကင်းလွတ် ဆိတ်သုဉ်း၍ နေတော်မူသော ဘုရားရှင်၏ ကိလေသာ ဆိတ်သုဉ်းမှု၌ တပည့်တော်တို့သည် အတုလိုက်၍ မကျင့်ဆောင်ကုန်-ဟူသော ဤပထမ အကြောင်းဖြင့် မထေရ်ကြီးတို့ ကဲ့ရဲ့ ခံထိုက်ကုန်၏၊ ဘုရားရှင်က ပယ်စွန့်ရန် ညွှန်ပြအပ်ကုန်သော တရားတို့ကိုလည်း မပယ်စွန့်ကြကုန်-ဟူသော ဤ ဒုတိယ အကြောင်းဖြင့်လည်း မထေရ်ကြီးတို့ ကဲ့ရဲ့ ခံထိုက်ကုန်၏၊ လာဘ်များရေး

ကျင့်ဆောင် ကုန်သည် ၊ စဉ်းလဲး ကုန်သည် ၊ နောက်ဆုတ် ကုန်သည် ၊ ကိလေသာ ဆိတ်သုဉ်းရေး၌ ဝန်ချ ပယ်စွန့်ကုန်သည်-ဟူသော ဤ တတိယ အကြောင်းဖြင့်လည်း မထေရ်ကြီးတို့ ကဲ့ရဲ့ ခံထိုက်ကုန်သည်၊ ငါ့ရှင်တို့ ,မထေရ်ကြီးတို့သည် ဤသုံးမျိုးသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ ခံထိုက်ကုန်၏။

ငါ့ရှင်တို့ , မထေရ်လတ်တို့သည်၎င်း , မထေရ်ငယ်တို့ သည်၎င်း , ထို့အတူပင် ဤသုံးမျိုးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ ခံထိုက်ကုန်၏၊ ငါ့ရှင်တို့ , အဘယ်မျှသော အကြောင်းအရာ ည်အားဖြင့် ကိလေသာမှ ကင်းလွတ် ဆိတ်ငြိမ်စွာ နေတော်မူသော ဘုရားရှင်၏ ကိလေသာ ဆိတ်သုဉ်းမှု၌ တပည့်တော်တို့ အတုလိုက်၍ ကျင့်ဆောင် ကုန်သနည်း ? ငါ့ရှင်တို့ , ဤသာသနာတော်၌ ကိလေသာမှ ကင်းလွတ် ဆိတ်ငြိမ်စွာ နေတော်မူသော ဘုရားရှင်၏ ကိလေသာ ဆိတ်သုဉ်းမှု၌ တပည့်တော်တို့သည် အတုလိုက်၍ ကျင့်ဆောင်ကုန်၏၊ ဘုရားရှင်က ပယ်စွန့်ရန် ညွှန်ပြအပ်ကုန်သော တရားတို့ကို လည်း ပယ်စွန့်ကုန်၏၊ လာဘ်များရေးကျင့်ဆောင်ကြကုန်,စဉ်းလဲးကြကုန် ,နောက် ဆုတ်ရေး၌ ဝန်ချ ပစ်စွန့်ကုန်၏၊ ကိလေသာဆိတ်သုဉ်းရေး၌ ရှေ့သွား ပြုကြကုန်၏။

ငါ့ရှင်တို့ , ထိုသို့ဖြစ်ရာ၌ သုံးမျိုးသော အကြောင်းတို့ဖြင့် မထေရ်ကြီး တို့သည် ချီးမွမ်း ခံထိုက်ကုန်၏၊ ကိလေသာမှ ကင်းလွတ်ဆိတ်ငြိမ်၍ နေတော်မူသောဘုရားရှင်၏ ကိလေသာ ဆိတ်သုဉ်းမှု၌ တပည့်တော်တို့ အတုလိုက်၍ ကျင့်ဆောင် ကုန်သည် ဟူသော ဤပဌမ အကြောင်းဖြင့် ချီးမွမ်း ခံထိုက်ကုန်၏။ ဘုရားရှင်က ပယ်စွန့်ရန် ညွှန်ပြတော်မူအပ်သော တရားတို့ကိုလည်း ပယ်စွန့်ကုန်သည် - ဟူသော ဤ ဒုတိယ အကြောင်းဖြင့်လည်း ချီးမွမ်းခံထိုက်ကုန်၏၊ လာဘ်များကြောင်း မကျင့်ကြကုန် , လျော့ရဲး ချောင်ချိ မရှိကြကုန် , နောက်ဆုတ်ရေး၌ ဝန်ချ ပစ်ထားကုန်သည် , ကိလေသာ ဆိတ် သုဉ်းရေး၌ ရှေ့သွားပြုလုပ် ကုန်သည်- ဟူသော ဤ တတိယ အကြောင်း ဖြင့်လည်း ချီးကျူး ခံထိုက်ကုန်၏၊ ငါ့ရှင်တို့, မထေရ်ကြီးတို့သည် ဤ သုံးမျိုးသော အကြောင်းတို့ ဖြင့် ချီးမွမ်းခံထိုက်ကုန်၏၊ ငါ့ရှင်တို့,မထေရ်လတ်တို့သည်၎င်း , မထေရ်ငယ်တို့သည်၎င်း, ထို့အတူပင် ချီးမွမ်း ခံထိုက်ကုန်၏။ ငါ့ရှင်တို့ , ဤမျှဖြင့် ကိလေသာမှ ဆိတ်ငြိမ်စွာ နေထိုင်တော်မူသော ဘုရားရှင်၏ ကိလေသာ ဆိတ်သုဉ်းမှု၌ တပည့်တော်တို့ အတု လိုက်၍ ကျင့်ဆောင်ကုန်၏။

ငါ့ရှင်တို့ , ဤဆိုပြီး စကားရပ်များ၌ တသ်မက်ခြင်း သည် လည်း ယုတ်ညံ့၏၊ အမျက်ထွက်ခြင်း သည်လည်း ယုတ်ညံ့၏၊ ကြမ်းကြုတ်ခြင်း သည်လည်း ယုတ်ညံ့၏၊ ရန်ငြိုးဖွဲ့ခြင်းသည်လည်း ယုတ်ညံ့၏။ ဂုဏ် ကျေးဇူး ချေဖျက်ခြင်းသည်လည်း ယုတ် ညံ့၏။ ဂုဏ် အတုအပြိုင် ပြုခြင်းသည်လည်း ယုတ်ညံ့၏၊ ငြူစု စောင်းမြောင်းခြင်း သည်လည်း ယုတ်ညံ့၏၊ သဝန်တိုခြင်း,မနာလိုခြင်း,သည်လည်း ယုတ်ညံ့၏၊ ဝှည့်စား ခြင်း , စဉ်းလဲးခြင်း , ခက်မာ တောင့်တင်းခြင်း , ချုပ်ချယ်ခြင်း , မာန်ထောင်လွှားခြင်း ,

အလွန် မြင့်မောက်ခြင်း , မာန်ယစ်ခြင်း , မေ့လျော့ခြင်းသည်လည်း ယုတ်ညံ့၏၊ ဤသည့် တပ်မက်ခြင်း အစရှိသည်တို့ကို ပယ်စွန့်ခြင်း၌ မျက်မြင် ဉာဏ်သိကို ပြုနိုင်၍ ကိလေသာ ငြိမ်းအေးရန် , ပိုင်းခြားသိရန် , ထိုးထွင်းသိမြင်ရန် , လောကမီး ငြိမ်းအေးရန်, အလယ်အလတ်စားဖြစ်သော ကျင့်ဝတ် တရားများ ရှိ၏၊ ၎င်းကား အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်(နိဗ္ဗာန်ညွှန်)လမ်းပင် ဖြစ်၏။ ၎င်းတို့ကား—မှန်ကန်သော ဉာဏ်အမြင်, မှန်ကန်သောအကြံအစည်, မှန်ကန်သော အဆိုအပြော, မှန်ကန်သော အလုပ်အကိုင်, မှန်ကန်သော အသက်မွေးခြင်း , မှန်ကန်သော အားထုတ်ခြင်း , မှန်ကန်သော တည်တံ့ရေး-၎င်းတို့ပင်တည်း၊ငါ့ရှင်တို့ , ဤသည့် မဂ် (နိဗ္ဗာန်လမ်းညွှန်)သည် အလယ် အလတ် စားကျင့်ဝတ်များဖြစ်၍ မျက်စိ အမြင် , ဉာဏ်အထင်ကို ပြုနိုင်သည်၊ ကိလေသာ ငြိမ်း ရေး, ပိုင်းခြားသိမြင်ရေး, ထိုးထွင်း သိမြင်ရေး, လောကမီး ငြိမ်းအေးရေး, များကို ဖြစ်စေနိုင်သည်။ ဤသို့ ဟောတော် မူလေပြီ။— ထိုသည့်တရား နာခံသော ရဟန်း တို့သည် အရှင်သာရိပုတ် မထေရ် ဟောညွှန်သည်ကို ဝမ်းမြောက်ကြ ကုန်ပြီ။— ဤသို့ အကျဉ်းပဲကြားနာ မှတ်သားရပါသည်။

ဓမ္မဒါယာဒ သုတ္တန်ပြီး၏။

# ၄။ ဘယဘေရဝ သုတ္တန်

ဘုရားရှင့် အဋ္ဌာန် တော်မှ ဤ ဆိုလတ် အံ့သည့် အတိုင်း အကျွန်ုပ် ကြားနာ မှတ်သား ရပါသည်၊-တရံ အခါ ဘုရားရှင်သည် ကောသလ တိုင်း သာဝတ္ထိ မြို့တော် ဇေတ မင်းသား၏ အသွား အလာ အဝင် အထွက် သင့်တင့် လျောက်ပတ်၍ ရဟန်းတော်များနှင့်၎င်း, လူများနှင့်၎င်း, သင့်လျော်သော ဥယျာဉ် တော်ကို ငွေပြား ချင်း စပ်၍ ဝယ်ယူ အပ်သောကြောင့် ဇေတဝန် မည်သော အနာ ထပိဏ် သေဋ္ဌေး ကြီး၏ အာရာမ်တော်၌ နတ်လူတို့အား သံသရာမှ ကယ်တင် သိတင်းသုံး နေတော်မူလေသည်၊ ထိုအခါ ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏား သည် ဘုရား ရှင့်ဌာန် ဝင်ရောက် ကာ, နှုတ်ခွန်းဆက် စကား ပြောကြား ပြီးနောက် သင့်တင့်ရာတွင် နေထိုင်၍ ဤသို့ လျှောက်ထားလေပြီ။-

အို အရှင်ဂေါတမ, အရှင်ဂေါတမသည် အိမ်ယာ တည်ထောင် လူတို့ဘောင်မှ ခွါခြောင်၍ အရှင်ဂေါတမအား အမှီသဟဲ ပြုလုပ်သူ ရဟန်းတော် အပေါင်းတို့၏ ရှေ့သွားဖြစ်ပါသည်၊ အရှင်ဂေါတမသည် ထိုရဟန်းတော်များ၏ ကျေးဇူး ပြုလုပ်သူ တဦးဖြစ်ပါသည်၊ အရှင်ဂေါတမသည် ၎င်းတို့ကို ကျင့်ဝတ် ညွှန်ပြ ဆောက်တည် စေသူဖြစ်၍ ယင်းသည့် ရဟန်းတော် အပေါင်းသည်ကား အရှင်ဂေါတမ၏ ညွှန်ပြ အပ်သော နည်းညွှန်သို့သာ လိုက်နာ ကျင့်ဆောင် ကြပါသည်။ ဤသို့ လျှောက်ထား ချက်ကို ဘုရားရှင်က အိုပုဏ္ဏား, ဤအတိုင်း ဟုတ်၏, ဤအတိုင်းမှန်၏, ငါသည်ကား ငါ့ကို ရည်ညွှန်း မှီထား၍ ရဟန်းပြုကြသူ ရဟန်းတော်များ၏ ရှေ့သွားဖြစ်၏, ၎င်းတို့၏ ကျေးဇူးပြု တဦးဖြစ်၏, ၎င်းတို့အား ကျင့်ဝတ် ညွှန်ပြ ဆောက်တည် စေ သူ လည်း ဖြစ်၏, ယင်းသည့် ရဟန်း အပေါင်း သည်လည်း ငါညွှန်ပြတိုင်းသော အတုလိုက်နာ ကျင့်ဆောင်ကြသည်-ဟု ဝန်ခံတော်မူလေပြီ။

အို အရှင်ဂေါတမ, တောတောင် အစွန်အဖျားဖြစ်သော နေရာထိုင်ခင်းတို့သည်ကား ဖြစ်နိုင်ခဲ့ကုန်၏၊ ဆိတ်ဆိတ် ငြိမ်ငြိမ် နေထိုင် ရေးသည် ဝန်လေး ခဲယဉ်း၏၊ တဦး တည်းနေထိုင်ခြင်း၌ မွေ့လျော်နိုင်ခဲ၏၊ စိတ်တည်တန့်ရေးကို မရသော ရဟန်းတော် များ၏ စိတ်ကို တောတောင်တို့က ထုတ်ပယ်ကြ ကုန်ယောင် တကား ဟု, ပုဏ္ဏားက

နုတိယဝဂ်ပန် ကျော်ထား ပြန်ရာ,ဘုရားရှင်က, ''ဒိ ပုဏ္ဏား'' ဤအတိုင်း ဟုတ်ပေ၏, ဤအတိုင်းမှန်ပေ၏, တောတောင် အစွန် အဖျား ကျသော နေရာ ထိုင်ခင်း တို့သည် ဖြစ်နိုင်ခဲကုန်၏ , ဆိတ်ဆိတ် ငြိမ်ငြိမ် နေထိုင်ရေးသည် ဝန်လေးခဲယဉ်း၏,တဦးတည်း နေထိုင်ခြင်း၌ မွေ့လျော်နိုင်ခဲ၏, စိတ် တည်တန့်ရေးကို မရသော ရဟန်း၏ စိတ်ကို တောတောင်တို့က ထုတ်ပယ်ကြ ကုန်ယောင်တည်း - ဟု ပြန်ကြား၍ ဤသို့ဆက်လက် မိန့်ဆိုတော်မူလေပြီ။

ဒိ ပုဏ္ဏား, ငါသည် မှန်ကန် သိမြင်သော ဉာဏ်သို့ မရရောက်မီ, အမှန်အကန် သိမြင်ချက်ကို တောင့်တနေသူသာဖြစ်စဉ် ကပင် တောတောင် အစွန်အဖျား ဖြစ်သော နေရာထိုင်ခင်းတို့သည် ဖြစ်နိုင်ခဲကုန်၏၊ ဆိတ်ဆိတ် ငြိမ်ငြိမ် နေထိုင်ရေးသည် ဝန်လေး ခဲယဉ်း၏၊ တဦးတည်း နေထိုင်ခြင်း၌ မွေ့လျော်နိုင်ခဲ၏၊ စိတ် တည်တန့် ရေးကို မရ သော ရဟန်း၏ စိတ်ကို တောတောင်တို့က ထုတ်ပယ်ကြ ကုန်ယောင်တကား ဟု ထင်မှတ်ခဲ့ပြီ၊ ဒိ ပုဏ္ဏား, ထိုစဉ်အခါ ငါသည် ဤသို့ စိတ်ကူးဖြစ်ပေါ်ခဲ့ပြီ၊ ကိုယ် အမှု မစင်ကြယ်ပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင် ကုန်သော သူစင် သူမြတ်တို့သည် ၎င်းတို့၏ ကိုယ်အမှု မစင်ကြယ်သော အပြစ် ဒေါသ ကြောင့် ပင် မကောင်းဖြစ် ဘေးရန်ကို ခေါ်ယူကုန်၏။

ငါကား ကိုယ်အမှု မစင်ကြယ်ပဲ တောတောင် အစွန် အဖျား နေရာများ၌ နေထိုင် သူ မဟုတ် , ငါသည် ကိုယ်အမှုစင်ကြယ်၏, ကိုယ်အမှု စင် ကြယ်၍ တော တောင် အစွန် အဖျား နေရာ များ၌ နေထိုင် သော အရိယ သူစင် သူမြတ် တို့တွင် ငါကား တဦး အပါ အဝင် ဖြစ်၏၊ ဒိပုဏ္ဏား, ငါသည် ယင်းသည့် ကိုယ် အမှု စင်ကြယ် ခြင်းကိုမိမိကိုယ်၌တွေ့မြင်ရ၍တောတောင်၌နေထိုင်ရန်အလွန်ရဲရင့်သူဖြစ်ခဲ့ပြီ။

ဒိ ပုဏ္ဏား , နှုတ်အမှု မစင်ကြယ်ကုန်ပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကြကုန်သော သူစင် သူမြတ်တို့သည် မိမိတို့၏ နှုတ်အမှု မစင်ကြယ်ခြင်း အပြစ် ဒေါသကြောင့်ပင် မကောင်းဖြစ် ဘေးရန်ကို ခေါ်ယူကုန်၏၊ ငါကား နှုတ်အမှု မစင် ကြယ်ပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူ မဟုတ်၊ ငါသည် နှုတ်အမှု စင်ကြယ်၏၊ နှုတ်အမှု စင်ကြယ်၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင် သော အရိယ သူစင်သူမြတ်တို့တွင် ငါကား တဦး အပါအဝင် ဖြစ်၏၊ ဒိ ပုဏ္ဏား , ငါသည် ယင်းသည့် နှုတ်အမှု စင်ကြယ်ခြင်းကို မိမိ၌ တွေ့မြင်ရ၍ တောတောင်၌ နေထိုင်ရန် အလွန် ရဲရင့်သူ ဖြစ်ခဲ့ပြီ။

ဒိ ပုဏ္ဏား , စိတ်ထား မစင်ကြယ်ကုန်ပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကြကုန်သော သူစင် သူမြတ်တို့သည် မိမိတို့၏ စိတ်ထား မစင်ကြယ်ခြင်း အပြစ် ဒေါသကြောင့်ပင် မကောင်းဖြစ် ဘေးရန်ကို ခေါ်ယူကုန်၏၊ ငါကား စိတ်ထား မစင် ကြယ်ပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူ မဟုတ်၊ ငါသည် စိတ်ထား

စင်ကြယ်၏၊ စိတ်ထားစင်ကြယ်၍ တောတောင် အစွန်အဖျားနေရာများ၌ နေထိုင်သော အရိယာ သူစင်သူမြတ်တို့တွင် ငါကား တဦး အပါအဝင်ဖြစ်၏၊ ဒိဋ္ဌ ပုဏ္ဏား၊ ငါသည် ယင်းသည့် စိတ်ထား စင်ကြယ်ခြင်းကို မိမိ၌ တွေ့မြင်ရ၍ တောတောင်၌ နေထိုင်ရန် အလွန်ရဲရင့်သူ ဖြစ်ခဲ့ပြီ။

ဒိဋ္ဌ ပုဏ္ဏား ၊ အသက် မွေးမြူမှု မစင်ကြယ် ကုန်ပဲ တောတောင် အစွန် အဖျား နေရာများ၌ နေထိုင်ကုန်သော သူစင်သူမြတ်တို့သည် ငင်တို့၏ အသက်မွေး မြူမှု မစင်ကြယ်ခြင်း အပြစ်ဒေါသကြောင့်ပင် မကောင်းပြစ် ဘေးရန်ကို ခေါ်ယူကုန်၏။ ငါကား အသက်မွေးမြူမှု မစင်ကြယ်ပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူ မဟုတ်၊ ငါသည် အသက် မွေးမြူမှု စင်ကြယ်၏၊ အသက်မွေး မြူမှု စင်ကြယ်၍ တောတောင်အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော အရိယာ သူစင်သူမြတ်တို့တွင် ငါကား တဦး အပါအဝင်ဖြစ်၏၊ ဒိဋ္ဌ ပုဏ္ဏား ၊ ငါသည် ယင်းသည့် အသက်မွေးမြူမှု စင်ကြယ်ခြင်းကို မိမိ၌ တွေ့မြင်ရ၍ တောတောင်၌ နေထိုင်ရန် အလွန် ရဲရင့်သူ ဖြစ်ခဲ့ပြီ။

(ဒိဋ္ဌ ပုဏ္ဏား၊ သူတပါး ပစ္စည်း၌ တပ်မက်ခြင်း များ၍ ကာမဂုဏ်၌ အလို့ ပြင်းပြ ကုန်လျက် တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော သူစင်သူမြတ်တို့သည် ငင်တို့၏ သူတပါးပစ္စည်း၌ တပ်မက်ခြင်း ၊ ကာမဂုဏ်၌ အလိုဆန္ဒ ပြင်းပြခြင်း အပြစ်ဒေါသကြောင့်ပင် မကောင်းပြစ် ဘေးရန်ကို ခေါ်ယူကုန်၏၊ ငါကား သူတပါး ပစ္စည်း တပ်မက်ခြင်း ၊ ကာမဂုဏ်၌ အလိုဆန္ဒ ပြင်းပြခြင်းရှိ၍ တောတောင် အစွန် အဖျား နေရာများ၌ နေထိုင်သူမဟုတ်၊ ငါကား သူတပါး ဥစ္စာပစ္စည်း၌ မတပ်မက်၊ သူတပါး ဥစ္စာပစ္စည်း၌ မတပ်မက်ကုန်ပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော အရိယာ သူစင်သူမြတ်တို့တွင် ငါကား တဦး အပါအဝင် ဖြစ်၏၊ ဒိဋ္ဌ ပုဏ္ဏား ၊ ငါသည် ယင်းသည့် သူတပါး ပစ္စည်း၌ တပ်မက်မှုမှ လွတ်ကင်းသည်ကို မိမိ၌ တွေ့မြင်ရ၍ တောတောင်၌ နေထိုင်ရန် အလွန် ရဲရင့်သူ ဖြစ်ခဲ့ပြီ။

ဒိဋ္ဌ ပုဏ္ဏား၊ ပြစ်မှားသောစိတ်၊ ပြစ်မှားသော နှလုံး ရှိကုန်လျက် တောတောင်အစွန် အဖျား နေရာများ၌ နေထိုင် ကြကုန်သော သူစင်သူမြတ်တို့သည် ငင်တို့၏ ပြစ်မှား သောစိတ်၊ ပြစ်မှားသောနှလုံး ဟူသော အပြစ်ဒေါသကြောင့်ပင် မကောင်းပြစ် ဘေးရန် ကို ခေါ်ယူကုန်၏၊ ငါကား ပြစ်မှားသောစိတ် ၊ ပြစ်မှားသော နှလုံးရှိ၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူမဟုတ်၊ ငါသည် မေတ္တာစိတ် ထားရှိ၏၊ မေတ္တာ စိတ်ထားရှိ၍ တောတောင် အစွန်အဖျား၌ နေရာများ နေထိုင်သော အရိယာ သူစင် သူမြတ်တို့တွင် ငါကား တဦး အပါအဝင်ဖြစ်၏၊ ဒိဋ္ဌ ပုဏ္ဏား ၊ ငါသည် ယင်းသည့် မေတ္တာစိတ် ထားရှိသည်ကို မိမိ၌ တွေ့မြင်ရ၍ တောတောင်၌ နေထိုင်ရန် အလွန် ရဲရင့်သူ ဖြစ်ခဲ့ပြီ။

ဒိ ပုဏ္ဏား ၊ ငိုက်မြီး ပျင်းရိ ရှိကုန်လျက် တောတောင် အစွန် အဖျား နေရာများ၌ နေထိုင်ကုန်သော သူစင်သူမြတ်တို့သည် မိမိတို့၏ ငိုက်မြီး ပျင်းရိခြင်း အပြစ်ဒေါသ ကြောင့်ပင် မကောင်းဖြစ် ဘေးရန်ကို ခေါ်ယူကုန်၏၊ ငါကား ငိုက်မြီး ပျင်းရိ၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူမဟုတ်၊ ငါသည် မငိုက်မြီး မပျင်းရိ၊ မငိုက်မြီး မပျင်းရိပဲ တောတောင်အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သောအရိယသူ စင်သူမြတ်တို့တွင် ငါကား တဦးအပါအဝင်ဖြစ်၏၊ ဒိ ပုဏ္ဏား ၊ ငါသည် ယင်းသည့် ငိုက် မြီး ပျင်းရိ မရှိခြင်းကို မိမိ၌တွေ့မြင်ရ၍ တောတောင်၌နေထိုင်ရန် အလွန်ရဲရင့်သူ ဖြစ်ခဲ့ပြီ။

ဒိ ပုဏ္ဏား ၊ ပျံ့လွင့်၍ စိတ်ထား မအေးမြ ကုန်ပဲ တော တောင် အစွန် အဖျား နေရာများ၌ နေထိုင်ကုန်သော သူစင်သူမြတ်တို့သည် မိမိတို့၏ပျံ့လွင့်ခြင်း မငြိမ်းအေး ခြင်း အပြစ်ဒေါသကြောင့်ပင် မကောင်းဖြစ် ဘေးရန်ကို ခေါ်ယူကုန်၏၊ ငါကားပျံ့လွင့် ၍ မအေးမြပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူမဟုတ်၊ ငါသည် စိတ်ထား အေးမြသူဖြစ်၏၊ စိတ်ထားအေးမြ၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော အရိယ သူစင်သူမြတ်တို့တွင် ငါကား တဦး အပါအဝင် ဖြစ်၏။ ဒိ ပုဏ္ဏား ၊ ငါသည် ယင်းသည့် မိမိ၌ စိတ်ထား အေးမြခြင်းကို တွေ့မြင်ရ၍ တော တောင်၌ နေထိုင်ရန် အလွန် ရဲရင့်သူ ဖြစ်ခဲ့ပြီ။

ဒိ ပုဏ္ဏား ၊ ယုံမှားကုန် မဆုံးဖြတ်နိုင် ကုန်ပဲ တောတောင် အစွန်အဖျား နေရာ များ၌ နေထိုင်ကုန်သော သူစင်သူမြတ်တို့သည် မိမိတို့၏ ယုံမှားခြင်း ၊ မဆုံးဖြတ် နိုင်ခြင်း အပြစ်ဒေါသကြောင့်ပင် မကောင်းဖြစ် ဘေးရန်ကို ခေါ်ယူကုန်၏၊ ငါကား ယုံမှား၍ မဆုံးဖြတ်နိုင်ပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူ မဟုတ်၊ ငါသည်ယုံမှားလွန်မြောက်၏၊ ယုံမှားလွန်မြောက်၍ တောတောင် အစွန်အဖျား နေရာ များ၌နေထိုင်ကုန်သော အရိယ သူစင်သူမြတ် တို့တွင် ငါကား တဦး အပါအဝင် ဖြစ်၏၊ ဒိ ပုဏ္ဏား၊ ငါသည် ယင်းသည့် ယုံမှား လွန်မြောက်ခြင်းကို မိမိ၌ တွေ့မြင်ရ၍ တော တောင်၌ နေထိုင်ရန် အလွန်ရဲရင့်သူ ဖြစ်ခဲ့ပြီ။

ဒိ ပုဏ္ဏား ၊ မိမိကို မြှင့်မြှောက်ကုန် ၊ သူတပါးကို ဖဲ့ရှုတ်ကုန်၍ ၊ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော သူစင် သူမြတ် တို့သည် မိမိတို့၏ မိမိကို မြှင့်မြှောက်ခြင်း ၊ သူတပါးကို ဖဲ့ရှုတ်ခြင်း အပြစ် ဒေါသကြောင့်ပင် မကောင်းဖြစ် ဘေးရန်ကို ခေါ်ယူကုန်၏၊ ငါကား မိမိကို မြှင့်မြှောက်ကာ ၊ သူတပါးကို ဖဲ့ရှုတ်၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူမဟုတ်၊ ငါသည် မိမိကို မမြှင့်မြှောက် သူတပါးကို မဖဲ့ရှုတ်၊ မိမိကို မမြှင့်မြှောက်မူ၍ • သူတပါးကို မဖဲ့ရှုတ်ပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင် ကုန်သော အရိယ သူစင် သူမြတ်တို့တွင် ငါကား တဦး အပါအဝင် ဖြစ်၏၊ ဒိ ပုဏ္ဏား ၊ ငါသည် ယင်းသည့် မိမိကို မမြှင့်မြှောက်ခြင်း သူတပါးကို မဖဲ့ရှုတ်ခြင်းကို မိမိ၌တွေ့မြင်ရ၍ တော၌ နေထိုင်ရန် အလွန်ရဲရင့်သူဖြစ်ခဲ့ပြီ။

အိုပုဏ္ဏား ၊ တုန်လှုပ် ကြောက်ရွံ့ ကုန်၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော သူစင်သူမြတ်တို့သည်၊ မိမိတို့၏ တုန်လှုပ် ကြောက်ရွံ့ခြင်း အပြစ်ဒေါသကြောင့်ပင် မကောင်းပြစ် ဘေးရန်ကို ခေါ်ယူကုန်၏၊ ငါကား ကြောက်ရွံ့ တုန်လှုပ်၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူ မဟုတ်၊ ငါသည် မတုန်လှုပ် မကြောက်ရွံ့၊ မတုန်လှုပ် မကြောက်ရွံ့ပဲ တောတောင် အစွန် အဖျား နေရာများ၌ နေထိုင်သော အရိယ သူစင်သူမြတ်တို့တွင် ငါကား တဦး အပါအဝင် ဖြစ်၏၊ အိုပုဏ္ဏား ၊ ငါသည် ယင်းသည့် မကြောက်ရွံ့ ၊ မတုန်လှုပ်ခြင်းကို မိမိ၌ တွေ့မြင်ရ၍ တော၌နေထိုင်ရန် အလွန်ရဲရင့်သူ ဖြစ်ခဲ့ပြီ။

အိုပုဏ္ဏား ၊ လာဘ် ပူဇော် သက္ကာရ အကျော် အစောကို လိုလား တောင့်တ ကုန်၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော သူစင်သူမြတ်တို့သည်၊ မိမိတို့၏လာဘ် ပူဇော် သက္ကာရ အကျော် အစောကို လိုလား တောင့်တခြင်း အပြစ်ဒေါသ ကြောင့်ပင် မကောင်းပြစ် ဘေးရန်ကို ခေါ်ယူကုန်၏၊ ငါကား လာဘ် ပူဇော် သက္ကာရ အကျော် အစောကို လိုလား တောင့်တ၍ တောတောင် အစွန် အဖျား နေရာများ၌ နေထိုင်သူမဟုတ်၊ ငါသည် အလို နည်းပါးသူ ဖြစ်၏၊ အလို နည်းပါး၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော အရိယ သူစင်သူမြတ်တို့တွင် ငါကားတဦးအပါအဝင်ဖြစ်၏၊ အိုပုဏ္ဏား ၊ ငါသည် ယင်းသည့် လာဘ် ပူဇော် သက္ကာရ အကျော်အစောကို မတောင့်တခြင်း ၊ အလိုနည်းပါးခြင်း ၊ ကို မိမိ၌ တွေ့မြင်ရ၍ တော၌ နေထိုင်ရန် အလွန် ရဲရင့်သူ ဖြစ်ခဲ့ပြီ။

အိုပုဏ္ဏား ၊ ပျင်းရိ၍ လုံ့လ မရှိကြကုန်ပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော သူစင် သူမြတ် တို့သည် မိမိတို့၏ ပျင်းရိခြင်း ၊ လုံ့လမဲ့ခြင်း အပြစ် ဒေါသကြောင့်ပင် မကောင်းပြစ် ဘေးရန်ကို ခေါ်ယူကုန်၏ ငါကား ပျင်းရိ၍ လုံ့လ မရှိပဲ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူ မဟုတ်၊ ငါသည် လုံ့လဝီရိယရှိသူ ဖြစ်၏ လုံ့လ ဝီရိယရှိ၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော အရိယ သူစင် သူမြတ် တို့တွင် ငါကား တဦး အပါအဝင် ဖြစ်၏၊ အိုပုဏ္ဏား ၊ ငါသည် ယင်းသည့် မပျင်းရိခြင်း ၊ လုံ့လ ရှိခြင်း ကို မိမိ၌ တွေ့မြင်ရ၍ တော၌ နေထိုင်ရန် အလွန် ရဲရင့်သူ ဖြစ်ခဲ့ပြီ။

အိုပုဏ္ဏား ၊ သတိမဲ့ကုန် ၊ ပညာ ဉာဏ်မြင် ကင်းမဲ့ကုန်၍ တောတောင် အစွန် အဖျား နေရာများ၌ နေထိုင်ကြကုန်သော သူစင် သူမြတ်တို့သည် မိမိတို့၏ သတိ ပညာ ဉာဏ်မြင် ကင်းမဲ့ခြင်း အပြစ်ဒေါသ ကြောင့်ပင် မကောင်းပြစ် ဘေးရန်ကို ခေါ်ယူကုန်၏၊ ငါကား သတိ ပညာ ဉာဏ်မြင် ကင်းမဲ့၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူ မဟုတ်၊ ငါသည် သတိယင်၍ ပညာ မြော်မြင်သူ ဖြစ်၏၊ သတိ သင်ထင် ပညာ မြော်မြင်ရှိ၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်

သော အရိယာ သူစင် သူမြတ် တို့တွင် ငါကား တဦး အပါ အဝင် ဖြစ်၏၊ ဒိုး ပုဏ္ဏား, ငါသည် ယင်းသည့် သတိ ထင်ထင် ပညာ ဉာဏ်မြင် ရှိခြင်းကို မိမိ၌ တွေ့မြင်ရ၍ တော၌ နေထိုင်ရန် အလွန် ရဲရင့်သူ ဖြစ်ခဲ့ပြီ။

ဒိုး ပုဏ္ဏား , မတည် မတန့် တုန်လှုပ် ချောက်ခြား ကုန်၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော သူစင်သူမြတ် တို့သည် မိမိတို့၏ မတည် မတန့်ခြင်း, တုန်လှုပ် ချောက်ခြားခြင်း အပြစ် ဒေါသကြောင့်ပင် မကောင်း ဖြစ် ဘေး ရန်ကို ခေါ်ယူကုန်၏၊ ငါကား မတည်မတန့် တုန်လှုပ် ချောက်ခြား၍ တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်သူမဟုတ်၊ ငါသည် စိတ်ထား တည်တန့်သူ ဖြစ်၏၊ စိတ်ထားတည်တန့်၍, တောတောင် အစွန်အဖျား နေရာများ၌ နေထိုင်ကုန်သော အရိယာ သူစင်သူမြတ်တို့တွင် ငါကား တဦး အပါအဝင် ဖြစ်၏၊ ဒိုး ပုဏ္ဏား, ငါသည် ယင်းသည့် စိတ်ထား တည်တန့်ခြင်းကို မိမိ၌ တွေ့မြင်ရ၍ တော၌ နေထိုင်ရန်အလွန် ရဲရင့်သူ ဖြစ်ခဲ့ပြီ။) *

ဒိုး ပုဏ္ဏား , ငါသည် ဤသို့ ကြံစည်ခဲ့ပြီ၊ ငါသည် မှတ်သား လောက်သော လပြည့် လကွယ်နှင့် လဆန်း လဆုတ် ၁၄-ရက်နေ့ များ၌ ကြောက်မင်းဖွယ် ကြက်သီးထဖွယ် ဖြစ်သော ဥယျာဉ်စေတီ X တောစေတီ သစ်ပင်စေတီ များတွင် သောအသူတို့ ကြောက် ထိတ် လန့် ဖွယ်, ကြက်သီး ထဖွယ် ဟု သမုတ်သော ကြောက်စရာ များကို တကယ်ရှိ ဟုတ် မဟုတ်, စုံစမ်းအံ့၊ ဤသို့ ကြံစည်ကာ ထိုထို ညအခါ ထိုထိုသော နေရာများ၌ နေထိုင်ခဲ့ပြီ၊ ဒိုး ပုဏ္ဏား, ယင်းသို့ နေထိုင်စဉ် သားသမင်သော် လာ၏, ဥဒေါင်းသော် သစ်ကိုင်းချောက်ကို ချိုးချ၏၊ လေသော် သစ်ရွက်ချောက်ကို တိုက်ခတ် ချ၏၊ ထိုအခါ ကြောက်မင်းဖွယ်ပင် တကယ် ငါ့ထံသို့, လာလေသလော? ဟု ထင်မှတ်၍ ၎င်းကိုဟုတ်မှန်တိုင်း သိအောင် လုပ်မည်, အဟုတ် အမှန်အတိုင်း သိအောင်လုပ်၍ အကြောက်ကို ပယ်ဖျောက်မည်ဟု ကြံစည်လျက် ယင်းသည့် ကြောက်မင်းဖွယ်သည် စင်္ကြံသွားစဉ် ရောက်လာအံ့, ငါသည် မရပ်တန့် ထိုင်, မအိပ်ဘဲ, စင်္ကြံသွားလျက်ပင် ထိုကြောက်စရာကို ပယ်ဖျောက်၏၊ ကြောက်မင်းဖွယ်သည် ရပ်နေစဉ် ရောက်လာအံ့, ငါသည် မထိုင် , မအိပ်, စင်္ကြံမသွား, ရပ်လျက်ပင် ထိုအကြောက်ကို ပယ်ဖျောက်၏၊ ကြောက်မင်းဖွယ်သည် ထိုင်နေစဉ် ရောက်လာအံ့ , ငါသည် မအိပ် , မရပ်, စင်္ကြံမသွား ထိုင်လျက်ပင် ထိုအကြောက်ကို ပယ်ဖျောက်၏၊ ကြောက်မင်းဖွယ်သည် အိပ်နေစဉ် ရောက်လာအံ့ , ငါသည် မတန့်ရပ် မထိုင် , [illegible]လာ , အိပ်လျက်ပင် ထိုအကြောက်ကို ပယ်ဖျောက်၏၊

---

* ဤ သောဠသ ပရိယာယ် ၁၆ မျိုးအနက် ကာယ ဝစီ မနော အားဖြင့် သုဒ္ဓလေးမျိုး၊ သာ မူလ [illegible], ကြွင်း ၁၂ မျိုးမှာ သီဟိုဠ်ပိဋကဆောင်တို့ ထည့်သွင်းချက်ဟု ကျွန်ုပ်တွေးဆို၏။

X စေတီ ဟူသည် ပူဇော် လေးစားအပ်ရာ ဌာန တော ဥယျာဉ် သစ်ပင် စသည်တည်း။

ဒိုဠ ပုဏ္ဏားး , အချို့ သူစင် သူမြတ် တို့သည် ညဖြင်လျက် နေ့ဟု သိမှတ်ကြကုန်၏၊ နေ့ဖြစ်လျက် ညဟု သိမှတ်ကြကုန်၏၊ ယင်းသို့ သိမှတ်ခြင်းကို ၎င်းတို့၏ တွေဝေသော နေထိုင်ခြင်းဟု ငါဆို၏၊ ဒိုဠ ပုဏ္ဏားး ,ငါကား ညကို ညဟုသော သိမှတ်နေထိုင်၏၊ နေ့ကို နေ့ဟုသော သိမှတ်နေထိုင်၏၊ ဒိုဠ ပုဏ္ဏားး, ယင်းသို့သော ငါ့ကိုသော လောက၌ များစွာသော သူတို့၏ အစီးအပွါး အလို့ငှါ, များစွာသော သူတို့၏ ချမ်းသာ အလို့ငှါ, လောကသားကို စောင့်ရှောက်ရန် အလို့ငှါ, နတ်လူတို့ အကျိုး စီးပွါး ချမ်းသာများရန် အလို့ငှါ မတွေ မဝေသော ပုဂ္ဂိုလ်တဦး ဖြစ်လာသည်ဟု ဆိုသော် ဆိုပေရာ၏၊ ဒိုဠ ပုဏ္ဏားး , ငါသည် လုံ့လဝီရိယကို အတွန့်အဆုတ်မရှိအောင် အားထုတ်ခဲ့ပြီ၊ သတိသည်မမေ့ပျောက်နိုင်အောင် ထင်ပေါ်နေပြီ၊ နာမ်ကိုယ် ရုပ်ကိုယ် နှစ်ပါးသည် အပူအရှင်းမရှိအောင် အေးမြပြီ၊ ငါ၏ စိတ်သည် တစုတည်း ,တမိုတည်း, ဖြစ်အောင် တည်တန့်ပြီ၊ ဒိုဠ ပုဏ္ဏားး , ငါသည် ကာမဂုဏ်စိတ် , အကုသိုလ်စိတ် များမှ ကင်း၍ ကြံစည် စဉ်းစားလျက်, ကာမဂုဏ်နှင့် အကုသိုလ်မှ ဆိတ်ငြိမ်၍ ဖြစ်သော နှစ်သက်ခြင်း , ချမ်းသာခြင်းရှိသော ပထမ သမာဓိကို ရရောက် နေထိုင်ပြီ၊ ကြံစည်စဉ်းစားရခြင်း ငြိမ်းအေး၍ စိတ်ထားကြည်လင်ကာ တခုတည်းဖြင်လျက်, ကြံစည်စဉ်းစားကင်း၍ နှစ်သက်ခြင်း , ချမ်းသာခြင်း ရှိသော ဒုတိယ သမာဓိကို ရရောက် နေထိုင်ပြီ။

နှစ်သက်ခြင်း အပေါ်၌ တပ်မက်ခြင်း .ကင်း၍ ၎င်းကို လျစ်လျူရှုကာ နေထိုင်ပြီ၊ သတိထင်စွာ ပညာ အမြော်အမြင်ရှိ၍ ချမ်းသာကို ကိုယ်ဖြင့် ခံစားပြီ၊ ယင်းသို့သော သူကို အရိယ သူစင် သူမြတ်တို့က လျစ်လျူရှုသူ , သတိကောင်းသူ, ချမ်းသာစွာ နေထိုင်သူဟု ချီးကျူးကုန်၏၊ ယင်းသည့် တတိယ သမာဓိကို ရရောက် နေထိုင်ခဲ့ပြီ။ ချမ်းသာနှင့်ဆင်းရဲကို ပယ်၍ ဝမ်းမြောက်ခြင်း , ဝမ်းနည်းခြင်းများ၏ ချုပ်ငြိမ်းအေးခြင်းကြောင့် ဆင်းရဲ ချမ်းသာကင်း- လျစ်လျူရှုခြင်းရှိသည့် စတုတ္ထ သမာဓိကို ရရောက် နေထိုင်ပြီ၊ ယင်းသို့ စတုတ္ထ သမာဓိဖြင့် စိတ်ထားတည်တန့်သော်, တည်တန့်၍ စင်ကြယ်သော်, စင်ကြယ်၍ ဖြူဖွေးသော်, ဖြူဖွေး၍ အညစ် အကြေး ကင်းသော်, အညစ် အကြေး ကင်း၍ အပူအပင် မရှိရသော်, အပူအပင် မရှိရ၍ စိတ်နူးညံ့စွာ ဖြစ်သော်, နူးညံ့စွာဖြစ်၍ အလုပ် လုပ်ရန် ခန့်လေသော်, အလုပ် လုပ်ရန် ခန့်၍ စိတ်တည်နေသော်, စိတ်တည်နေ၍ မတုန်မလှုပ် ဖြစ်သော ရှေးနေဖူးသော ဘဝကို သိရန် စိတ်ထားညွတ်ကိုင်း လတ်ပြီ၊ ငါသည် ထိုအခါ မြောက်မြားစွာသော ရှေးနေဖူး ဘုံဘဝကို အောက်မေ့နိုင်၏၊ တဘဝ, နှစ်ဘဝ, ဘဝ တဆယ်, နှစ်ဆယ်, ဘဝတရာ, နှစ်ရာ, ဘဝတထောင်, နှစ်ထောင်, ဘဝတသောင်း, တသိန်း ,တသန်း , သိန်းသန်းများစွာ, ဖြစ်ကပ်, ပျက်ကပ် များစွာကိုပင် ငါသည် ဤမည်သောဘဝ၌ ဤသို့ အဆင်း, ဤသို့အမည် , ဤသို့အနွယ် , ဤသို့အစာ , ဤသို့ချမ်းသာ , ဆင်းရဲ , ဤမည်

ချမ်းသာ ဆင်းရဲကို ခံစား၍ ဤမျှ အသက်ရှိပြီ၊ ဤမှ စုတေ၍ ထို၌ , ထိုမှ စုတေ၍ ဤဘဝ၌ ဖြစ်သည်ဟု အပြည့်အစုံ အောက်မေ့နိုင်လေသည်။

အို ပုဏ္ဏား, ငါသည် ယင်းသည့် အသိဉာဏ်ကို ညဉ့်၏ ပဌမ ယာမ်တွင် ရခဲ့ပြီ၊ မသိမမြင်ခြင်း ပျောက်ကွယ်လေသည်၊ အသိဉာဏ် ဖြစ်ပေါ်လေပြီ၊ အမှောင် ကွယ်ပျောက်၍ အလင်းရောက်ပြီ၊ ယင်းသို့ ဖြစ်ပေါ်ရရှိခြင်းမျိုးကား 'မမေ့မလျော့ လုံ့လစိုက်ထုတ် ကြိုးစားသူများမှာ ဖြစ်ပေါ်တတ်သည့် သဘော ဓမ္မတာပင် ဖြစ်၏၊ အို ပုဏ္ဏား, တဖန် 'ငါသည် ယင်းသို့ စိတ်ထား တည်တန့်လတ်သော် ,သတ္တဝါတို့ ကွယ်လွန်ခြင်း, ဖြစ်ပွါးခြင်း ကို သိမြင်ရန် စိတ်ထား ကိုင်းညွတ်လေပြီ၊ ထိုအခါ ငါသည် လူတို့ မျက်စိ အမြင်ကို လွန်သော နတ်မျက်စိ အမြင်ဖြင့် ကွယ်လွန်သော သတ္တဝါ , ထိုထို ဘုံဘဝ၌ ဖြစ်ပွါးသော သတ္တဝါ , ယုတ်ညံ့သော , မြင့်မြတ်သော , အဆင်းလှသော , အကျည်း တန်သော , ကောင်းရာလားသော , ဆိုးရာလားသော မိမိတို့ပြုလုပ်သည့် ကံအလိုက် ဖြစ်ပွားနေကြသော သတ္တဝါများကို တွေ့မြင်နိုင်လေသည်၊ ဤသူတို့ကား ဤသို့သော ကိုယ် နှုတ် စိတ် မကောင်းမှုကိုပြုကြကုန်သည်၊ သူစင်သူမြတ်တို့ကို စွပ်စွဲကြကုန်သည်၊ အယူအစွဲ မှားကြကုန်သည်၊ အမှား အလုပ်ကို လုပ်ကြကုန်သည်၊ ထို့ကြောင့် ထိုသူတို့ ကိုယ်ကောင်ပျက်ပြုန်း သေဆုံးသည့် နောက်၌ မကောင်းသူတို့သွားရောက်ရာ ချမ်းသာ ကင်း၍ မကောင်းဆိုးဝါးစွာ ကျခံရသည့် ငရဲသို့ လားရောက်ကြကုန်သည်ဟု ဒုဂ္ဂတိ သတ္တဝါတို့၏ ဒုဂ္ဂတိကံအလိုက် ရောက်ဆိုက် ကျခံရသည်ကို သိမြင်နိုင်လေသည်။

ထို့ပြင်ပါး ဤသည့် သတ္တဝါတို့ကား ကိုယ်ကျင့်ကောင်း , နှုတ်ကျင့်ကောင်း , စိတ်ကျင့်ကောင်းကို ကျင့်ကြကုန်၏၊ အရိယာ သူစင် သူမြတ်တို့ကို မစွပ်စွဲကြကုန်၊ အယူ အစွဲ မမှားကြကုန်၊ အယူမှား မကျင့်ကြကုန်၊ မှန်ကန်စွာ ပြုကျင့်ကြကုန်၏၊ ထို့ကြောင့် ထိုသူတို့သည် ကိုယ်ကောင် ပျက်ပြုန်း သေဆုံးသည့်နောက် ကောင်းသောသူတို့ လားရောက်ရာ , ကောင်း ချီးရရာ နတ်ပြည်,လူ့ပြည်၌ ဖြစ်ကြရကုန်၏၊ ယင်းသို့ သိမြင်နိုင်လေသည်၊ ယင်းသည့် ဒုတိယ အသိဉာဏ်ကို ညဉ့်၏အလယ်ယာမ်၌ ရရောက်ခဲ့ပြီ၊ မသိမမြင်ခြင်း ကွယ်ပျောက်၍ အသိဉာဏ် ပေါ်ပေါက်ပြီ၊ အမိုက်မှောင် ကွယ်ပျောက်၍ အလင်းရောင် ပေါ်ပေါက်ပြီ၊ သို့ဖြစ်ခြင်းသည်လည်း မမေ့မလျော့ လုံ့လစိုက်ထုတ် ကြိုးစားသူမှာ ဖြစ်ပေါ်ရရှိမြဲ ဓမ္မတာ သဘောပင် ဖြစ်လေသည်၊ အို ပုဏ္ဏား , တဖန် ငါသည် ယင်းသို့ စိတ်တည်တန့်လတ်သော် , လောကစီးပွါးရေးတရားတို့၏ ကုန်ခန်း သည့် ဉာဏ်အလို့ငှါ စိတ်ထားညွတ်လေပြီ၊ ငါသည် ဤ(လောကသုံးပါး)ကားဆင်းရဲ အစစ် အမှန်တည်း၊ ဤ(လောကကို တည်မက်နေသော တဏှာ) သည်ကား ဆင်းရဲ ရကြောင်းတည်း၊ ဤ(ဘုံဘဝ၌ တည်စွဲ ပြတ်စဲခြင်း)သည်ကား ဆင်းရဲ ချုပ်ငြိမ်းခြင်း ပင်တည်း၊ ဤ (မဂ္ဂင် ရှစ်ပါး)သည် ဆင်းရဲ ချုပ်ငြိမ်းရေး ကျင့်ဝတ်တည်းဟု ဟုတ် တိုင်းမှန်စွာ သိမြင်လေပြီ။

ဤတရားတို့ကား လောကပွါးစီးရေး တရားတို့တည်း၊ ဤတရားတို့ကား လောကပွါးစီးကြောင်း တရားတို့တည်း၊ ဤတရားတို့ကား လောကပွါးစီးရေး၏ ချုပ်ငြိမ်းရာ တို့တည်း၊ ဤတရားတို့ကား လောကာ ပွါးစီးကြောင်း ချုပ်ငြိမ်းရေးတို့တည်း၊ ဟုတ်တိုင်း မှန်စွာ သိလေပြီ၊ အို ပုဏ္ဏား, ငါ့မှာ ယင်းသို့ အသိဉာဏ်များ ဖြစ်ပေါ်လတ်သော် ကာမ၌ ပွါးစီးရေး တရားမှ စိတ်ထားလွတ်ပြီ၊ ရူပ, အရူပ ၌ ပွါးစီးရေး တရားမှ စိတ်ထားလွတ်ပြီ၊ မသိတွေဝေခြင်း ပွါးစီးရေး တရားမှ စိတ်ထားလွတ်ပြီ၊ (ဗိဇ္ဇာသဝလည်း ဤ၌ပင် ဝင်၏) လွတ်သော် လွတ်ပြီဟု အသိဉာဏ်ဖြစ်ပေါ်ပြီ၊ မည်သို့ဖြစ်သနည်း ?၊ ဘဝသစ်ဖြစ်ရခြင်း ကုန်ပြီ၊ ဘဝသစ်ကုန်ကြောင်း အကျင့်မြတ်ကို ကျင့်ဆောင်အပ်ပြီ၊ လောက၌ ပြုဖွယ်ကိစ္စ အားလုံး တုံးပြီ၊ ဤအတွက် အခြား လုပ်ငန်းမရှိပြီဟု သိလေပြီ၊ အို ပုဏ္ဏား ,ဤအသိဉာဏ်ကို ညဉ့်၏ နောက်ဆုံး ဓိုးသောက်ယာမ်၌ ရရောက်နိုင်ပြီ၊ မသိမြင်ရေး ကွယ်ပျောက်ပြီ၊ အသိဉာဏ် ပေါ်ပေါက်ပြီ၊ အမိုက်မှောင် ကွယ်ပျောက်၍ အလင်းရောင် ပေါ်ပေါက်လေပြီ၊ ၎င်းမှာလည်း မမေ့မလျော့ လုံ့လ စိုက်ထုတ် စွန့်စားသူမှာ ဖြစ်ပေါ်ရရှိမြဲ ဓမ္မတာပင် ဖြစ်လေသည်။ * ထိုအခါ ဇာဏု သောဏိပုဏ္ဏားသည် ဤသို့ လျှောက်ထားလေပြီ၊ အို- အရှင်ဂေါတမ , ကောင်းမွန်လှပါပေသည်။ အို-အရှင်ဂေါတမ , ကောင်းမွန်လှပါပေသည်။

(စကားအပြောလည်းကောင်း တရားသဘောလည်း ကောင်းလှပါပေသည်၊ စကားအပြောကောင်းသလောက် တရားသဘော ကောင်းလှပါပေသည်၊ တရားသဘော ကောင်းသလောက်လည်း စကားအပြော ကောင်းလှ ပါပေသည်၊ တရားသဘော ကောင်းသလောက် စကားအပြောကောင်း၍ စကားအပြော ကောင်းသလောက်လည်း နှုတ်ဟန် ကိုယ်ဟန် ကောင်းလှပါပေသည်၊ နှုတ်ဟန် ကိုယ်ဟန် ကောင်းသလောက်လည်း ရုပ်-ရူပနိကာယ် , အသံ-သဒ္ဒနိကာယ် ကောင်းလှပါပေသည်၊)အို-အရှင်ဂေါတမ,ဥပမာအားဖြင့် မှောက်၍ထားသော အရာဝတ္ထုကို လှန်ပြ၏သို့၎င်း , ဖုံး ဖိ၍ထားသော အရာဝတ္ထုကို ဖွင့်လှပ်ပြ၏သို့၎င်း , မျက်စိမြင်သူကို အလင်းရောင်ပြသော်-အရောင်အဆင်းကို မြင်စေပြ၏သို့၎င်း၊ အရှင်ဂေါတမသည် အကြောင်း မြောက်မြားစွာဖြင့် တရားဟောညွှန် ပြဆိုပါပေသည်၊ အကျွန်ုပ်သည် အရှင်ဂေါတမကိုကိုးစား ဆည်းကပ်ပါသည်၊ တရားတော်အတိုင်း လိုက်နာ၍, သံဃာတော်ကို ကိုး စား ဆည်းကပ်ပါသည်၊ ဤအခါမှစ၍ အသက်ထက်ဆုံး ဆည်းကပ် ကိုးစားသူဟု မှတ်တော်မူပါ။– ဤသို့ လျှောက်ထားလေပြီ။ ဤသို့ ကြားနာ မှတ်သားရပါသည်။

* ဤနေရာ၌ ''သိယာခေါ တေ ဗြာဟ္မဏ ဧဝမဿ''စသည် ယခုအခါလည်း အရှင်ဂေါတမသည် မကိလေသာ မရရောက် ရှိသည်ဟု ယုံမှားဖြစ်ရာသည် စသည် ပါဠိနေချက်မှာ သီဟိုဠ် ပိဋကဆောင်တို့ ဆိုထားချက် သက်သက်ဖြစ်၏၊ အရိယာတို့မှာ ဤသို့ တိုက်ရိုက်ပြောရိုး မလေ့မရှိ—သတိပြုစရာ။

ဘယဘေရဝ သုတ္တန် ပြီး၏။

# ၅။ အနင်္ဂဏ သုတ္တန်

အကျွန်ုပ်သည် ပုဥ္ဇးတော်ကြီး ဘုရားရှင်၏ တရားစစ်သူကြီး အရှင်သာရိပုတ်မထေရ်မြတ် အထံတော်မှ ဤသို့ပင် ကြားနာ မှတ်သားရပါသည်။–တရံအခါ ပုဥ္ဇးတော်ကြီးသော ဘုရား သာဝတ္ထိပြည်တော် အနာထပိဏ် သေဌေးကြီး ဆောက်လုပ် လှူဒါန်းသော ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံး နေ့ထိုင်တော်မူစဥ်အခါ၊ ဓမ္မသေနာပတိ အရှင်သာရိပုတ် မထေရ်သည် ရဟန်းတို့ကို "ငါ့ရှင်တို့" ဟု ခေါ်တော်မူ ရာ၊ "အိုငါ့ရှင်"ဟု ရဟန်းတို့က ပြန်ကြားသော်- ဤသို့ မိန့်ဆို ညွှန်ကြားတော် မူလေ ပြီ၊ ငါ့ရှင်တို့ , လောကနေသူ လူတို့အတွင်း၌ ပုဂ္ဂိုလ်လေးမျိုး ရှိကုန်၏၊ အဘယ်လေး မျိုးတို့နည်း ?၊

(၁) ငါ့ရှင်တို့ , ဤလူတို့အတွင်း၌ အချို့ပုဂ္ဂိုလ်သည် မိမိမှာ အညစ် အကြေး ရှိလျက် , ငါ့သန္တာန်၌ အညစ်အကြေးရှိသည်ဟု ဟုတ်တိုင်းမှန်စွာ မသိ။

(၂) အချို့ ပုဂ္ဂိုလ်သည် မိမိမှာ အညစ်အကြေးရှိလျက် , ငါ့သန္တာန်၌ အညစ် အကြေးရှိသည်ဟု ဟုတ်မှန်တိုင်း သိ၏။

(၃) အချို့ ပုဂ္ဂိုလ်သည် မိမိမှာ အညစ်အကြေးမရှိဖြစ်လျက် , ငါ့သန္တာန်၌ အညစ် အကြေးမရှိဟု ဟုတ်မှန်တိုင်း မသိ။

(၄) အချို့ ပုဂ္ဂိုလ်သည် မိမိမှာ အညစ်အကြေးမရှိဖြင်လျက်,ငါ့သန္တာန်၌ အညစ် အကြေး မရှိဟု ဟုတ်မှန်တိုင်း သိ၏။

ငါ့ရှင်တို့ , ထိုသို့ဖြစ်ရာ၌ မိမိမှာ အညစ်အကြေး ရှိလျက် , မိမိသန္တာန်၌ အညစ် အကြေး ရှိသည်ဟု ဟုတ်မှန်တိုင်း မသိသော ပုဂ္ဂိုလ်သည် ထိုသည့် အညစ်အကြေး ရှိသူ နှစ်ဦးတို့တွင် ယုတ်ညံ့သူ ဟု ဆိုရ၏၊ မိမိမှာ အညစ်အကြေးရှိ၍ မိမိသန္တာန်၌ အညစ်အကြေး ရှိသည်ဟု သိသော ပုဂ္ဂိုလ်ကား မြင့်မြတ်သူဟု ဆိုရ၏။

မိမိမှာ အညစ်အကြေး မရှိပဲလျက် , မိမိသန္တာန်၌ အညစ်အကြေး မရှိသည်ကို မသိသော ပုဂ္ဂိုလ်သည် ထိုသည့် အညစ်အကြေး မရှိသူ နှစ်ဦးတို့တွင် ယုတ်ညံ့သူဟု ဆိုရ၏၊ မိမိသန္တာန်၌ အညစ်အကြေး ရှိသည်ဟု သိသောသူကို မြင့်မြတ်သူဟု ဆိုရ၏၊ ထိုအခါ အရှင်မောဂ္ဂလ္လာန်က အိုငါ့အရှင် , အညစ်အကြေး ရှိသူတို့ချည်း ဖြစ်ပါကုန် လျက်,တဦးကို အယုတ် , တဦးကို အမြတ် ဟု ဆိုရသည်မှာ အကြောင်းအဘယ်သို့ဖြစ်ပါ

သနည်း၊ ထို့ပြင် အညစ်အကြေး မရှိသူတို့ချည်းဖြစ်ပါကုန်လျက် , တဦးကိုအယုတ်, တဦးကို အမြတ် ဟု ဆိုရ သည်မှာ အကြောင်း အသို့ ဖြစ်ပါသနည်း ? ဟု မေးမြန်းလေပြီ။

ဒို ငါ့ရှင် မောဂ္ဂလ္လာန် , အညစ်အကြေး ရှိလျက် , မိမိမှာ အညစ် အကြေး ရှိကြောင်း မသိသော ပုဂ္ဂိုလ်သည် ထိုအညစ်အကြေးကို စွန့်ပယ်ခြင်းငှါ အလိုကို မဖြစ်စေလတ္တံ့ , လုံ့လ မအားထုတ်လတ္တံ့ , အားပါး မထုတ်လတ္တံ့. ထို ပုဂ္ဂိုလ်သည် တပ်စွန်းခြင်း , စိတ်ဆိုးခြင်း , တွေဝေခြင်း ဟူသော အညစ်အကြေး ရှိ၍ နောက်ကျိသော စိတ်ဖြင့် သေလွန်ရ လတ္တံ့၊ ငါ့ရှင် , ဥပမာ မည်သည်ကား ဈေးမှ ဖြစ်စေ , ပန်းပဲဖိုမှ ဖြစ်စေ မြူ အညစ်အကြေး တင်သော ကြေးခွက်ကို ဆောင်ယူလာ၏၊ ၎င်းကြေးခွက်ကို အသျှင်တို့သည် မသုံးစွဲးကြကုန် , သုတ်လည်း မသုတ်သင်ကြကုန်, မြူလမ်း၌လည်း ၎င်းကိုပစ်စွန့်ထားကုန်ရာ၏၊ ငါ့ရှင် , ဤသို့ အားဖြင့် ထိုကြေးခွက်၌ ကြာမြင့်သောအခါ သာလွန်ညစ်ထေး၍ ကြေးညှော် ကပ်ငြိလေ၏၊ ဤသို့ ဖြစ်ပေရာ၏၊ ငါ့ရှင်၊ ဤ့အတူပင် ငါ့ရှင် , အညစ်အကြေး ရှိလျက် , အညစ်အကြေး ရှိကြောင်း မသိသော ပုဂ္ဂိုလ်သည် ၎င်းကို စွန့်ပယ်ရန် အလိုကို မဖြစ်စေလတ္တံ့ , လုံ့လ မအားထုတ်လတ္တံ့ , အားပါး မထုတ်လတ္တံ့၊ ထိုပုဂ္ဂိုလ်သည် တပ်စွန်းခြင်း , စိတ်ဆိုးခြင်း , တွေဝေခြင်း အညစ်အကြေး ရှိ၍ နောက်ကျိသောစိတ်ဖြင့်သေလတ္တံ့၊

ငါ့ရှင် မောဂ္ဂလ္လာန် , အညစ်အကြေး ရှိ၍ မိမိမှာ အညစ်အကြေး ရှိကြောင်း သိသောပုဂ္ဂိုလ်သည် ၎င်းကိုစွန့်ပယ်ခြင်းငှါ အလိုကိုဖြစ်စေလတ္တံ့ , လုံ့လအားထုတ်လတ္တံ့, အားပါး ထုတ်လတ္တံ့၊ ထို ပုဂ္ဂိုလ်သည် တပ်စွန်းခြင်း , စိတ်ဆိုးခြင်း , တွေဝေခြင်း အညစ်အကြေးကင်း၍ စိတ်နောက်ကျိခြင်း မရှိပဲ သေလွန်ရလတ္တံ့၊ ငါ့ရှင် , ဥပမာ မည်သည်ကား ဈေးမှဖြစ်စေ , ပန်းပဲဖိုမှ ဖြစ်စေ မြူ အညစ်အကြေး တင်သော ကြေးခွက်ကို ဆောင်ယူလာ၏၊ ၎င်းကို အသျှင်တို့သည် သုံးစွဲးကုန်ရာ၏၊ သုတ်သင်ကုန်ရာ၏၊ ပွတ်တိုက်ကုန်ရာ၏။ မြူလမ်း၌လည်း မထားကုန်ရာ၊ ငါ့ရှင် , ဤသို့အားဖြင့် ၎င်းသည် နှောင်အခါ သာလွန် စင်ကြယ်လေရာသည် , ဖြူစင်ပေရာသည်၊ ဤသို့ ဖြစ်ပေရာသည် ငါ့ရှင်၊ ဤ့အတူပင် ငါ့ရှင် , အညစ်အကြေးရှိ၍ အညစ်အကြေး ရှိကြောင်း သိသောပုဂ္ဂိုလ်သည် ၎င်းကို စွန့်ပယ်ရန် အလိုကို ဖြစ်စေလိမ့်မည် , လုံ့လအားထုတ်လိမ့်မည် , အားထုတ် လိမ့်မည်၊ ထိုသူသည် ထိုသို့အားဖြင့် တပ်စွန်းခြင်း , စိတ်ဆိုးခြင်း, တွေဝေခြင်း အညစ်အကြေးများ ကင်းလွတ်၍ စိတ် မနောက်ကျိပဲ သေလွန်ရလတ္တံ့။

ဒို ငါ့ရှင် မောဂ္ဂလ္လာန် , မိမိသန္တာန်၌ အညစ် အကြေး မရှိ၍ အညစ်အကြေးမရှိကြောင်း မသိသော ပုဂ္ဂိုလ်သည် တင့်တယ်သော အာရုံကို နှစ်လုံးပြုလတ်မည် , တင့်တယ်သော အာရုံကို နှစ်လုံး သွင်း ခြင်း ကြောင့် တပ်စွန်းသော စိတ် ဖြစ်လိမ့်မည်၊

၎င်းသည် တဏှာနှောင်ဖွဲ့ခြင်း၊ စိတ်ဆိုးခြင်း၊ တွေဝေခြင်း အညစ်အကြေးရှိလျက်၊ နောက်ကျုညစ်ထေးသော စိတ်ဖြင့် သေလွန်ရလတ္တံ့။ ဒါ့ ငါ့ရှင်, ဥပမာမည်သည်ကား ဈေးမှဖြစ်စေ, ပန်းပဲဖိုမှဖြစ်စေ၊ စင်ကြယ်ဖြူဖွေးသော ကြေးခွက်ကို ဆောင်ယူခဲ့ရာ၏၊ ၎င်းကို အသျှင်တို့သည် မသုံးစွဲကုန်ရာ, ပွတ်လည်း မပွတ်တိုက်ကုန်ရာ မြူလမ်း၌လည်း ထားကုန်ရာ၏၊ ငါ့ရှင်, ဤသို့အားဖြင့် ထိုကြေးခွက်သည် တပါးသောအခါ သာလွန်ညစ်ထေးလေရာ၏၊ ကြေးညှော်ငြိကပ်လေရာ၏၊ ဤသို့ပင် ဖြစ်ပေရာမည် ငါ့ရှင်၊ ဒါ့ ငါ့ရှင်, ဤ အဘူပင် မိမိသန္တာန်၌ အညစ်အကြေး မရှိ၍ အညစ်အကြေး မရှိကြောင်း မသိသော ပုဂ္ဂိုလ်သည် တင့်တယ်သော အာရုံကို နှလုံးပြုလတ်မည်, တင့်တယ်သော အာရုံကို နှလုံးသွင်းခြင်းကြောင့် စိတ်သည် တဏှာနှောင်ဖွဲ့ခြင်းဖြင့် ပျက်စီးလိမ့်မည်၊ ၎င်းသည် တဏှာနှောင်ဖွဲ့ခြင်း, စိတ်ဆိုးခြင်း, တွေဝေခြင်း အညစ်အကြေး ရှိလျက်, နောက်ကျုညစ်ထေးသော စိတ်ဖြင့် သေလွန်ပေလတ္တံ့။

ဒါ့ ငါ့ရှင် မောဂ္ဂလ္လာန်, မိမိသန္တာန်၌ အညစ်အကြေး မရှိ၍ အညစ်အကြေး မရှိကြောင်း ဟုတ်မှန်တိုင်း သိသော ပုဂ္ဂိုလ်သည် တင့်တယ်သော အာရုံကို နှလုံးမပြုလတ္တံ့၊ တင့်တယ်သောအာရုံကို နှလုံး မပြုခြင်းကြောင့် စိတ်သည် တဏှာနှောင်ဖွဲ့ခြင်းဖြင့် မပျက်စီး လတ္တံ့၊ ထို့ကြောင့် ၎င်းသည် တဏှာနှောင်ဖွဲ့ခြင်း, စိတ်ဆိုးခြင်း, တွေဝေခြင်း အညစ်အကြေး ကင်း၍ မနောက်ကျုသော စိတ်ဖြင့် သေလွန်ရ လတ္တံ့၊ ဒါ့ ငါ့ရှင်, ဥပမာ မည်သည်ကား ဈေးဆိုင်မှဖြစ်စေ , ပန်းပဲဖိုမှ ဖြစ်စေ စင်ကြယ် ဖြူဖွေးသော ကြေးခွက်ကို ဆောင်ယူခဲ့ရာ၏၊ ၎င်းကိုအသျှင်တို့သည် သုံးစွဲကုန်ရာ၏၊ သုတ်လည်းသုတ်သင် ပွတ်တိုက်ကုန်ရာ၏၊ မြူလမ်း၌လည်း မထားကုန်ရာ၊ ငါ့ရှင် ထိုသို့အားဖြင့် ထိုခွက်သည် တပါးသောအခါ သာလွန် စင်ကြယ်ရာသည် , ဖြူဖွေးရာသည်၊ ဤသို့ဖြစ်ပေရာသည် ငါ့ရှင်၊ ဒါ့ ငါ့ရှင် , ဤ အတူပင် မိမိသန္တာန်၌ အညစ် အကြေး မရှိ၍ , အညစ်အကြေး မရှိကြောင်း ဟုတ်မှန်တိုင်းသိသော ပုဂ္ဂိုလ်သည် တင့်တယ်သောအာရုံကို နှလုံး မသွင်းလတ္တံ့၊ တင့်တယ်သော အာရုံကို နှလုံး မသွင်းခြင်းကြောင့်, တဏှာနှောင်ဖွဲ့ခြင်းဖြင့် စိတ် မပျက်စီးလတ္တံ့၊ ၎င်းသည် ထို့ကြောင့် တဏှာနှောင်ဖွဲ့ခြင်း, စိတ်ဆိုးခြင်း, တွေဝေခြင်း အညစ်အကြေး ကင်း၍ မနောက်ကျု မညစ်ထေးသော စိတ်ဖြင့် သေလွန်ပေလတ္တံ့။

ဒါ့ ငါ့ရှင် မောဂ္ဂလ္လာန်, အညစ်အကြေးရှိသူတို့ချည်းဖြစ်ကုန်လျက်, တဦးကို အယုတ်, တဦးကို အမြတ် ဆိုရသည်မှာ ဤသည်ပင် အကြောင်းဖြစ်၏၊ အညစ်အကြေးမရှိသူတို့ချည်း ဖြစ်ကုန်လျက်, တဦးကို အယုတ်, တဦးကို အမြတ် ဆိုရသည်မှာ ဤသည်ပင် အကြောင်းဖြစ်၏၊ ဒါ့ ငါ့ရှင်, အညစ်အကြေး, အညစ်အကြေး, ဟု ဆိုအပ်၏၊ အညစ်

အကြေးဟူသည် အဘယ် အရာဝတ္ထု၏ အမည် ဖြစ်ပါသနည်း ?၊ ဒိ ငါ့ရှင်, အညစ် အကြေးဟူသောအမည်သည် ယုတ်ညံ့ကုန်သော, ဆိုးသွမ်းကုန်သော အကုသိုလ် တို့၏ အမည်တည်း။

ငါ့ရှင် , ဤသို့ ဖြစ်ပွါးပွယ်ရှိ၏၊ ဤသာသနာတော်၌ အချို့ ရဟန်းမှာ , ငါသည် အပြစ် အာပတ်ကိုကား ရောက်အံ့၊ အပြစ် အာပတ် ရောက်သည်ကိုကား ရဟန်းတို့ မသိကြကုန်ရာ၊ ဤသို့ အလို ဆန္ဒ ဖြစ်ပွါးကုန်ရာ၏၊ သို့ရာတွင် ၎င်းရဟန်း အပြစ် အာပတ် သင့်ရောက်သည်ကို ရဟန်းတို့က သိကုန်၏၊ ထိုသို့ သိခြင်းအတွက် ၎င်းသည် အမျက် ထွက်၏၊ မနှစ်သက် ဖြစ်လေ၏၊ အမျက်ထွက်ခြင်း, မနှစ်သက်ခြင်း နှစ်မျိုးစုံသည်ပင် အညစ်အကြေးတည်း။

အပြစ် အာပတ်ကိုကား သင့်ရောက်အံ့၊ ရဟန်းတို့က မျက်ကွယ်၌သာ ငါ့အား စောကြောကုန်ရာ၏၊ သံဃာ့အလယ်တွင် မစောကြောကုန်ရာ၊ ဤသို့ အချို့ ရဟန်းမှာ အလိုဆန္ဒ ဖြစ်ပေါ်ပေရာ၏၊ သို့ရာတွင် ၎င်းကိုရဟန်းတို့က သံဃာ့အလယ်တွင်သာ စောကြောကုန်၏၊ ကွယ်ရာ၌ မစောကြောကုန်၊ ထိုရဟန်းသည် ထိုသို့ စောကြောသည်ကို အမျက်ထွက်ခြင်း, မနှစ်သက်ခြင်း ဖြစ်လေ၏၊ ဒိ ငါ့ရှင်, ဤနှစ်မျိုး စုံပင် အညစ်အကြေးတည်း။

အပြစ် အာပတ်ကိုကား သင့်ရောက်အံ့ , အယှယ် ဂုဏ် ကူတန်သော ရဟန်းကသာ စောကြောရာ၏၊ အယှယ်ဂုဏ် မကူတန်သော ရဟန်းက မစောကြောရာ၊ ဤသို့ အချို့ ရဟန်းမှာ အလိုဆန္ဒ ဖြစ်ပေါ် ပေရာ၏၊ သို့ရာတွင် ၎င်းအလိုအတိုင်း မဟုတ်ပဲ ဂုဏ် အယှယ် မကူတန်သော ရဟန်းကသာ စောကြောလေ၏၊ ဂုဏ် အယှယ် ကူတန်သူက မစောကြောချေ၊ ၎င်းသည် ထိုသို့ ဖြစ်သည့်အတွက် အမျက်ထွက်ခြင်း , မနှစ်သက်ခြင်း ဖြစ်ရလေ၏၊ ငါ့ရှင် ဤနှစ်မျိုးစုံပင် အညစ်အကြေးတည်း။

အချို့ ရဟန်းက, ဘုရားရှင်သည် "ငါ့ကိုသာ မေး၍ မေး၍ တရားဟောတော်မူရာ၏၊ အခြားရဟန်းကို မေး၍ မေး၍ မဟောတော်မူရာ" ဟု အလိုဆန္ဒ ဖြစ်ပေါ်၏၊ သို့ရာတွင် ၎င်းဆန္ဒအတိုင်း မဟုတ်မူ၍ အခြားရဟန်းတပါးကို မေး၍ မေး၍ တရားဟောတော်မူရာ၏၊ ထိုအတွက် ၎င်းသည် အမျက်ထွက်ခြင်း , မနှစ်သက်ခြင်း ဖြစ်လေ၏၊ ငါ့ရှင် , ဤနှစ်မျိုးစုံပင် အညစ်အကြေးတည်း၊

အချို့သော ရဟန်းက " ငါ့ကိုသာ ခြံရံ ခြံရံ၍ မြို့တွင်းသို့ ဆွမ်းခံ ဝင်ကြမူ ကောင်းပေရာ၏၊ အခြားရဟန်းကို ဝန်းရံ , ဝန်းရံ၍ ဆွမ်းခံ မဝင်မူ ကောင်းမည်လော" ဟု အလိုဆန္ဒ ဖြစ်ပေါ်လေရာ၏၊ သို့ရာတွင် ထိုသို့ မဖြစ်ပချေ၊ အခြားသော ရဟန်းကိုသာ ဝန်းရံ , ဝန်းရံ၍ ဆွမ်းခံဝင်ကြကုန်၏၊ ၎င်းကို ဝန်းရံကြကုန်၊ ထိုသို့ ဖြစ်သည့် အတွက် ထိုရဟန်းမှာ အမျက်ထွက်ခြင်း , မနှစ်သက်ခြင်း ဖြစ်လေ၏၊ ထိုနှစ်မျိုးစုံပင် အညစ်အကြေးတည်း

ဒိ ငါ့ရှင် , အချို့ရဟန်းက "ငါသာ ဆွမ်းစားကျောင်း၌ နေရာဦး ,ရေဦး , ဆွမ်းဦး ကို ရယူလို၏၊ အခြားသော ရဟန်းကို မရစေလို"သို့ရာတွင် အခြားရဟန်းကရလေ၏၊ ၎င်းရဟန်းမှုကား မရပ့ချေ၊ ထိုသို့ ဖြစ်သည့်အတွက် ထိုရဟန်းမှာ အမျက်ထွက်ခြင်း , မနှစ်သက်ခြင်း ဖြစ်လေ၏၊ ထိုနှစ်မျိုးစုံပင် အညစ်အကြေးတည်း။

ငါ့ရှင် , အချို့ရဟန်းက "ဆွမ်းစားကျောင်း၌ ငါသာလျှင် အနုမောဒနာ ပြုရစေ၊ အခြားရဟန်းတို့ မပြုရ" ဟု အလိုဆန္ဒဖြစ်၏၊ သို့ရာတွင် ထို့အတိုင်းမဖြစ်မူ၍ အခြား ရဟန်းသာ အနုမောဒနာ ပြုရလေ၏၊ ထိုသို့ ဖြစ်သည်ကို အမျက်ထွက်ခြင်း , မနှစ်သက်ခြင်း ဖြစ်လေ၏၊ ထိုနှစ်မျိုးစုံပင် အညစ်အကြေးတည်း။

ငါ့ရှင် ,အချို့သော ရဟန်းက "အာရာမ်တွင်းသို့ လာရောက်သော ရဟန်း , ရဟန်းမ , ဥပါသကာ , ဥပါသိကာမ တို့အား ငါသာ တရားဟောရမူ ကောင်းလေစွ" ဟု အလိုဆန္ဒရှိ၏၊ သို့ရာတွင် ထို့အတိုင်း မဖြစ်မူ၍ အခြား ရဟန်းကသာ တရားဟော ခွင့် ရလေ၏၊ သို့အတွက် ထိုရဟန်းမှာ အမျက်ထွက်ခြင်း , မနှစ်သက်ခြင်း ဖြစ်လေ၏၊ ထိုနှစ်မျိုးစုံပင် အညစ်အကြေးတည်း။

ငါ့ရှင် , အချို့ရဟန်းက "ငါသာလျှင် ရဟန်း , ရဟန်းမ , ဥပါသကာ , ဥပါသိကာမတို့၏ အရိုအသေ အလေးအမြတ်ကို ခံယူရမည် , အခြား ရဟန်းတို့ မခံယူကုန်ရာ" ဟု အလိုဆန္ဒ ဖြစ်ပွါးလေ၏၊ သို့ရာတွင် ထိုသို့ မဟုတ်မူ၍ အခြားသော ရဟန်းတို့သာ လေးမြတ် ပူဇော်ခြင်းကို ခံယူကြရကုန်၏၊ ထိုသို့ ဖြစ်သည့်အတွက် ရဟန်းမှာ အမျက်ထွက်ခြင်း , မနှစ်သက်ခြင်း ဖြစ်လေ၏၊ ဤနှစ်မျိုးစုံပင် အညစ်အကြေးတည်း။

ငါ့ရှင် , အချို့ရဟန်းက "ငါသည်သာ မွန်မြတ်သော ဆွမ်း , သင်္ကန်း , ကျောင်း, ဆေးဝါးပစ္စည်းလေးပါးတို့ကိုရလို၏၊သူတပါးတို့ကားမရကုန်ရာ" ဟု အလိုဆန္ဒဖြစ်ပေါ်လေ၏၊ သို့ရာတွင် မွန်မြတ်သော ပစ္စည်းလေးပါးတို့ကို အခြား ရဟန်းတို့ကသာ ရကုန်၍ ၎င်းရဟန်းမှာ မရပဲ ရှိလေသည်၊ ထိုသို့ ဖြစ်သည့်အတွက် ထိုရဟန်းမှာ အမျက်ထွက်ခြင်း , မနှစ်သက်ခြင်း ဖြစ်လေ၏၊ ဤနှစ်မျိုးစုံပင် အညစ်အကြေးတည်း။

ငါ့ရှင်တို့ , အမှတ်မရှိ တစုံတဦးသော ရဟန်းမှာ ဤသည့် ယုတ်မာ ဆိုးဝါးသော အလိုဆိုး အကုသိုလ် တရားတို့သည် မပယ်စွန့်အပ်ကုန်မူ၍ ထင်မြင်ရ , ကြားသိရကုန် ငြားအံ့၊ ထိုရဟန်းသည် အကယ်၍ တောနေသူ, ပံသုကူပါတ်ကျင့်သူ, အိမ်စဉ် ဆွမ်းခံသူ, မြေမှုန့် ပြွမ်း သင်္ကန်း ဆောင်နေသူ , သင်္ကန်းဟောင်းပါးသူပင် ဖြစ်စေကာမူ၊ သီတင်းသုံးဖေါ်တို့သည် ထိုရဟန်းကို မရိုသေ့ကုန် , မလေးစားကုန် , မမြတ်နိုးကုန် , မပူဇော်ကုန်၊ အဘယ့်ကြောင့်ဟူသော်-ထိုသည့် ယုတ်မာသော အလိုဆိုး အကုသိုလ် တရားတို့ကို မပယ်စွန့်ကုန်ပဲ ထင်မြင် ကြားသိရသောကြောင့်တည်း။

ငါ့ရှင်တို့ , ဥပမာအားဖြင့် ဈေးဆိုင်မှ ဖြစ်စေ , ပန်းပဲဖိုမှ ဖြစ်စေ , စင်ကြယ် ပြူဖွေးသော ကြေးခွက်ကို ဆောင်ယူလာ၍ ၎င်း၌ မြွေသေကောင်ပုပ်ကို သော်၎င်း , ခွေးသေကောင်ပုပ်ကို သော်၎င်း , လူသေကောင်ပုပ်ကို သော်၎င်း အပြည့်ထည့်၍ ဖုံးအုပ်ပြီးသော်-ဈေးအတွင်းသို့ ယူဆောင်သွားရာ၏၊ ၎င်းကို လူအပေါင်းတို့ တွေ့မြင်ကြလျှင် , ဗိုလ် အမောင် , ကောင်းနိုးရာရာ လက်ဆောင်ပဏ္ဏာ မွန်မြတ်စွာကဲ့သို့ အဘယ်အရာကို ယူဆောင်ခဲ့ပါသနည်း ? ဟု မေး၍ ၎င်းကို ဖွင့်လှပ် ကြည့်ရှုလေရာ၊ ၎င်းကို မြင်သည်နှင့် တပြိုင်နက်ပင် မနှစ်သက်ခြင်း , စက်ဆုပ်ရွံရှာခြင်း ဖြစ်လေရာ၏၊ ဆာလောင်သူပင်သော်လည်း ၎င်းကို မစားလိုပေရာ , ဝလင်ပြီးသူမှာကား အဘယ် ဆိုဖွယ် ရှိတော့မည်နည်း။

ငါ့ရှင်တို့ , ဤပုံ အတူပင် ယုတ်ညံ့သော အလိုဆိုး အကုသိုလ် တရားတို့ကို မပယ်စွန့်မူ၍ ထင်မြင် ကြားသိရ ကုန်ငဲ့မူ၊ ထိုရဟန်းသည် အကယ်၍ တောနေ ပိဏ္ဍပါတ်ဆောင် အိမ်စဉ်အတိုင်း ဆွမ်းခံ ကျင့်သူ , ပံ့သကူသဆောင် ဖြစ်၍ သက်နိုး ခေါင်းပါးသူပင် မှန်စေ , ၎င်းကို သီတင်းသုံးဖော် တို့သည် မရိုသေ , မလေးစား , မမြတ်နိုး , မပူဇော်ကုန်၊ အကြောင်းကား ၎င်း၏ ယုတ်ညံ့သော အလိုဆိုး အကုသိုလ် တရားတို့ကို မပယ်စွန့်မူ၍ ထင်မြင် ကြားသိရသောကြောင့်တည်း။

ငါ့ရှင်တို့, တစုံတဦးသော ရဟန်းမှာ ဤသည့် ယုတ်မာသော အလိုဆိုး အကုသိုလ်တရားတို့ကို ပယ်စွန့်ကုန်လျက် ဖြစ်ငဲ့မူ၊ ထိုရဟန်းသည် အကယ်၍ ရွာနီးကျောင်းနေ , ပင့်ဖိတ် ဆွမ်းစား, တကာ တကာမများ လှူဒါန်းသည့် သင်္ကန်းကို ဆောင်ယူသည်ပင် ဖြစ်စေ, ထိုရဟန်းကို သီတင်းသုံးဖော် တို့ ရိုသေကုန်၏, လေးစားကုန်၏, မြတ်နိုးကုန်၏, ပူဇော်ကုန်၏၊ အကြောင်းသော်ကား, ထိုအရှင်မှာ ထိုသည့် ယုတ်မာသော အလိုဆိုး အကုသိုလ် တရားတို့ကို ပယ်စွန့်သောကြောင့်တည်း။

ငါ့ရှင်တို့, ဥပမာအားဖြင့် ဈေးဆိုင်မှဖြစ်စေ, ပန်းပဲဖိုမှဖြစ်စေ စင်ကြယ် ပြူဖွေးသော ကြေးခွက်ကို ဆောင်ယူ၍ ၎င်း၌ ကောင်းမွန်၍ အမည်း စင်ကြယ်စွာ ရွေးအပ်ပြီးသော သလေးထမင်းနှင့် ဟင်းလျာ အမျိုးမျိုးကို အပြည့်အလျှံ ထည့်ပြီးလျှင်၊ ဈေးအတွင်းသို့ ယူဆောင်ခဲ့ကုန်ရာ၏၊ ထိုထမင်းခွက်ကို လူအများ တွေ့မြင်၍ ဗိုလ် အမောင်, ကောင်းမွန်သော အစားအစာ လက်ဆောင်ပဏ္ဏာ မွန်မြတ်စွာသို့ တကား, အဘယ် အရာများကို ယူဆောင်ခဲ့ပါသနည်း ? ဟု မေးကာ , ဖွင့်လှပ်ကြည့်လေသော်- ထိုသူမှာ မြင်သည်နှင့် တပြိုင်နက်ပင် နှစ်သက်လေရာ၏၊ စက်ဆုပ် ရွံရှာခြင်း မဖြစ်လေရာ၊ ဝလင်ပြီးသူပင်လည်း စားသုံးလိုပေရာ၏၊ ဆာလောင် မွတ်သိပ် သူမှာကား ဆိုဖွယ် မရှိပေရာ။

ငါ့ရှင်တို့, ဤပုံ အတူပင် တစုံတဦးသော ရဟန်းမှာ ဤသည့် ယုတ်မာသော အလိုဆိုး အကုသိုလ်တရားတို့ကို ပယ်ရှား၍ ပစ်အပ်၊ ၎င်းသည် အကယ်၍ ရွာနီးကျောင်း၌

နေထိုင်သုံ့, ပင့်ဖိတ် လှူဒါန်းသော ဆွမ်းကို စားသုံးနေသူ, တကာ တကာမတို့ လှူဒါန်းသော သင်္ကန်းကို ဝတ်ရုံသူပင် ဖြစ်စေ, ၎င်းကို သိတင်းသုံးဖော် တို့ ရိုသေ လေးစား မြတ်နိုး ပူဇော်ကုန်၏။ အကြောင်းသော်ကား, ထိုသည့် ယုတ်မာ ဆိုးသွမ်းသော အလို ဆိုး အကုသိုလ် တရားတို့ကို, ထိုရဟန်း ပယ်စွန့်ထားသောကြောင့် ပင်တည်း။-ဤသို့ အရှင်သာရိပုတ် မိန့်ဆိုတော်မူလတ်ပြီ။

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်က ဒိုရ် ငါ့ရှင်သာရိပုတ်,ငါ့မှာ ဥပမာတခု ထင်လာ ပေ၏ဟု ဆိုလေလျှင်၊အရှင်သာရိပုတ်က,ငါ့ရှင်မောဂ္ဂလ္လာန်, ထင်သော ဥပမာကို မိန့်ဆို ပါဟု ပြန်ကြားသော်-အရှင်မောဂ္ဂလ္လာန်က, ဤသို့မိန့်ဆိုလေပြီ။-

ဒိုရ် ငါ့ရှင်, တရံအခါ ငါသည် တောင်ငါးလုံးတို့ဖြင့် နွားခြံကဲ့သို့ ဝန်းရံသော ရာဇ ဂြိုဟ်မြို့တွင်း၌ ဆွမ်းခံ ဝင်ရောက် လေရာ၊ထိုစဉ် အခါ ယာဉ်သမား၏သား သမိတိ သည် လှည်းဗိန်းအကွပ်ကို ခုတ်ဖျဉ်းလျက်ရှိနေစဉ်၊ရှေးက ယာဉ်သမားသားဖြစ်ခဲ့သည့် ပဏ္ဍု၏သား တက္ကဒုန်မ် ရောက်ဆိုက် ကြည့်ရှုနေလေပြီ၊ထိုအခါ ပဏ္ဍု၏သား တက္က ဒုန်မ်က ဤယာဉ်သမား သမိတိသည် ဤလှည်းဗိန်းအကွပ်၏ ဤသည့် အကောက် ဤသည့် အကွေး ဤသည့်အမျက်ကို ရွေခဲ့ပါမူ၊ ဤလှည်းဗိန်း၏အကွပ်သည် အကောက် အကွေးကင်းစင်, အမျက်ကင်းစင်၍, အနှစ်အတိသာ ဖြစ်လေရာ၏ ဟု ကြံစည်လေပြီ၊ ယာဉ်သမားသမိတိသည်လည်း ထိုတက္ကဒုန်မ်ကြံစည်တိုင်းပင် ထိုသည့်အကောက်,ထို သည့် အကွေး, ထိုသည့် အမျက်များကို ခုတ်ဖျဉ်း စင်ကြယ်၍ အနှစ်အတိသာ ဖြစ်စေ လေသော်- ပဏ္ဍု၏သား ရှေးယာဉ်သမားဟောင်း တက္ကဒုန်မ်က နှစ်သက်၍ "စိတ်ကို စိတ်ကသိ၍ ခုတ်ဖျဉ်းလေဘိယောင်တကား" ဟု ဝမ်းမြောက်စကား မြွက်ဆိုလေပြီ။

ဤနည်းတူပင်, ငါ့ရှင်, မသဒ္ဓါ မယုံကြည်မူ၍ အသက်မွေး ဝမ်းကျောင်းအတွက် ရဟန်းပြုလျက်, ကောက်ကျစ်စဉ်းလဲကုန်, ပွဲလွင့် တက်ကြွကုန်, လျှပ်ပေါ် လေလာ်လက် ကုန်, နှုတ်ထွက်ကြမ်းထမ်းကုန်, ဘယာဉ်းဘတာ မြွက်ဆိုကုန်, ဣန္ဒြေမစောင့်စည်းကုန် အစားအသောက်၌ အဘိုင်းအရှည် မသိကုန်, နိုးနိုးကြားကြားမရှိ, အားထုတ် လုံ့ပမ်း မပြုကုန်, ရဟန်းကျင့်ဝတ်၌ မငဲ့မကွက်, သိက္ခာ၌ ထက်ထက် မျက်မျက် မရှိသေကုန်, လာဘ်များရေးကျင့်ကြံလျက် ပေါ့တန် ရောရဲကုန်, နောက်ဆုတ်ရေးတွင် ရှေ့ပြေး ဦး ဆောင်ကုန်, ကိလေသာ ဆိတ်သုဉ်းရေး၌ ဝန်ချထားကုန်, ပျင်းရိ ပေါ့ဆ လုံ့လ ယုတ် ညံ့ကုန်, သတိခထင် ဉာဏ်အမြင် မရှိကုန်, မတည်မတန့် တုန်လှုပ် ချောက်ချားကုန်, ပညာ ကင်း၍ ထိုင်းမှိုင်း ထုထိုင်- နုံနုံ- နနု- ဖျင်းအ ကုန်သူ ရဟန်း တို့၏ စိတ်ထားကို ငါ့ရှင် သာရိပုတ်၏စိတ်ဖြင့် သိမြင်၍ "ဤသည့် တရားတော် ဓါးမကြီးဖြင့် အကောက် အကွေးကင်းအောင် ခုတ်ဖျဉ်း ဘိယောင်တကား" ထိုသို့ မဟုတ်မူ၍ သဒ္ဓါယုံကြည်သ ဖြင့် ရဟန်းပြုကြကုန်၍ စဉ်းလဲ ကောက်ကျစ်ခြင်း စသည် အပြစ် လွတ်ကင်းကုန်လျက်

ရဟန်းအကျင့်၌ ငဲ့ကွက် ထောက်ထားသူ, သိက္ခာ၌ ထက်မျက်စွာ ရှိသောကုန်သူ, လာဘ်များကြောင်း မကျင့်သူ, မရော့ရဲသူ, နောက်ဆုတ်ရေး၌ ဝန်ချ, ကိလေသာမှ ဆိတ်သည်းရေး၌ ရှေ့သွားပြုလုပ် အားထုတ် စွန့်စားသူ, သတိထင်၍ မြော်မြင်တည်တန့်သူ, ပညာရှိသူ, မထုံ မအ-သူ ရဟန်းတော်ကောင်းတို့မှာကား အချင်သာရိပုတ်ဖျာ်တရားကို ကြားရ၍ စားသောက်သုံးဆောင်ကြကုန်လိမ့်ယောင်တကား။

အို-ငါ့ရှင်တို့, ကောင်းလှ ပေစွ၊ သိတင်းသုံးဖေါ် တို့ကို အကုသိုလ်မှ ထစေ၍ ကုသိုလ်၌တည်စေပေစွတကား၊ ငါ့ရှင်တို့, ဥပမာ အားဖြင့် ပျိုယွယ် နုနယ်၍ တန်ဆာဆင်ယင်လေ့ရှိသော မိန်းမပျို, ယောကျ်ားပျို မည်သည် ဦးခေါင်းဆေးလျော်၍ ရေမိုးချိုးသုံးပြီးသော အခါ ကြာညိုပန်း, မိုးဆွေပန်း, စံကြီးပန်း တမျိုးမျိုးကို ရခဲ့မူ နှစ်ဖက်သော လက်တို့ဖြင့် ယူ၍ ဦးထိပ်၌ ပန်ဆင်လေရာ၏၊ ဤနည်းတူပင် သဒ္ဓါယုံကြည်၍ ရဟန်းပြုလုပ်သူ, ကောက်ကျစ်စဉ်းလဲခြင်းစသော အပြစ်တို့မှ ကင်းစင်သူ, အစားအသောက်၌ အတိုင်းအရှည် သိသူ, နိုးနိုးကြားကြား အားထုတ်သူ, ရဟန်းအဖြစ်၌ ငဲ့ကွက် ထောက်ထားသူ, ကျင့်ဝတ်၌ ထက်မျက်စွာရှိသောသူ, လာဘ်များကြောင်း မကျင့်ကြံသူ, မရော့ရဲသူ, နောက်ဆုတ်ရေး၌ဝန်ချထားသူ, ကိလေသာဆိတ်သုဉ်းရေး၌ ရှေ့သွားသူ, လုံ့လဝိရိယထုတ် စွန့်စားသူ, သတိထင်၍ မြော်မြင် တည်တန့်သူ, ဉာဏ်အမြင် အဝါးဝ၍ မထိုင်း မအ သူတို့မှာကား၊ အချင်သာရိပုတ်ဖျာ်တရားကို ကြားနာကြရ၍ သောက်ကြ, ချိုးကြ, စားသုံးကြ ကုန်ယောင်တကား၊ နှုတ်ဖြင့်၎င်း, စိတ်ဖြင့်၎င်း ငါ့ရှင်တို့ ကောင်းလှပေစွ၊သိတင်းသုံးဖေါ် တို့ကို အကုသိုလ်မှ ထစေ၍ ကုသိုလ်၌ တည်စေပေစွ တကားဟု စိတ်ဖြင့်၎င်း, နှုတ်ဖြင့်၎င်း မြွက်ဆို နှစ်သက် ကုန်လိမ့်သတည်း။– ဤသို့ အချင်းချင်းဝမ်းမြောက်ချီးကျူးလေကုန်ပြီ၊– ဤအတိုင်းကြားနာမှတ်သားရပါသည်။

**အနင်္ဂဏ သုတ္တန် ပြီး၏။**

# ၆။ အာကင်္ခေယျသုတ္တန်

ဘုရားထွတ်တင် ပုဦးတော်သျှင် အဌာန်တော်မှ ဤသို့ အကျွန်ုပ် ကြားနာ မှတ်သားရပါသည်။- ဘုရားရှင်သည် သာဝတ္ထိမြို့တော် အနာထပိဏ် သူဌေးကြီး ဆောက်လုပ် လှူဒါန်းသော ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူသောအခါ၊ ရဟန်းတို့ကို ''အို ငါ့ရှင်တို့ ''ဟု ခေါ်တော်မူ၍ ၎င်းတို့က ''ပုဦးတော်သျှင် မြတ်စွာဘုရား'' ဟု ပြန်ကြားကြကုန်သော်-ဤသို့ မိန့်မြွက်တော်မူလေပြီ။—

ရဟန်းတို့ ၊ အကျင့်သီလနှင့် ပြည့်စုံကြကုန် ၊ ကိလေသာ လွတ်မြောက်ရေး အကျင့် တရားနှင့် ပြည့်စုံကြကုန် ၊ ကိလေသာ လွတ်မြောက်ရေး တရားနှင့် ပြည့်စုံကြကုန်၍ ကောင်းမြတ်သော အကျင့်၊ ကောင်းမြတ်သော အလေ့အကျက်နှင့် ပြည့်စုံကြကုန် ၊ အရောင်အမြူလုံးခန့် သေးငယ်သော အပြစ်တရားတို့၌ ဘေးဟု ထင်မြင်ကြည့်ရှုကုန်၍ သိက္ခာကျင့်ဝတ်တို့၌ ဆောက်တည် ကျင့်သုံးကြကုန်၊ ရဟန်းတို့ ၊ သီတင်းသုံးဖော် သံဃာတော် အရှင်မြတ်တို့၏ ချစ်ခင်အပ် ၊ နှစ်သက် လေးစားအပ် ၊ ချီးကျူး ထောမနာအပ်သူ ဖြစ်လိုငြားအံ့၊ ကိုယ်ကျင့်သီလ၌သာ ဖြည့်ကျင့်သူ အတွင်းစိတ်ထားအေးမြမှု၌ အဖန်ဖန် အားထုတ်သူ ၊ အကုသိုလ်ငြိမ်းအေးရေးကို မပယ်စွန့်သူ ၊ ဖြစ်ပျက်ရေးကို အထူးထူး ရှုမြင်တတ်သည့် ဉာဏ်နှင့် ယှဉ်စပ်သူ ၊ ကိလေသာ ဆိတ်သုဉ်းရေးတို့ကို ပွါးစီးစေသူ ဖြစ်ရာ၏။

ရဟန်းတို့ ၊ ဆွမ်း သင်္ကန်း ကျောင်းကန် ဆေးဝါး ပစ္စည်းလေးပါးတို့ကို မြောက်မြားစွာ လိုလားငြားအံ့၊ ကိုယ်ကျင့်သီလ ပြည့်စုံသူ ၊ အတွင်းစိတ်ထား အေးမြရေးကို အမြဲ အားထုတ်သူ ၊ အကုသိုလ် ငြိမ်းအေးရေးကို မပယ်စွန့်သူ ၊ ဖြစ်ပျက်ရေးကို အထူးထူး ရှုမြင်သည့် ဉာဏ်နှင့် ယှဉ်စပ်သူ ၊ ကိလေသာ ဆိတ်သုဉ်းရေး တို့ကို ပွါးစီးစေသူ ဖြစ်ရာ၏၊ ရဟန်းတို့ ၊ မိမိတို့ ဝတ်ရုံ စားသုံး နေထိုင်သည့် ပစ္စည်းလေးပါးကို လှူဒါန်းသည့် တကာ တကာမတို့၏ အကျိုးရင်း အကျိုးပွား တိုးပွါး မြားမြောက်ရေးကို လိုလားငြားအံ့၊ ရဟန်းတို့ ၊ မိမိတို့၏ သေလွန်ပြီး ဆွေမျိုးသားချင်းတို့က ၊ မိမိအပေါ်၌ ကြည်လင်စွာ အောက်မေ့၍ ၎င်းတို့မှာ အကျိုးရင်း အကျိုးပွား တိုးပွါး မြားမြောက်သည်ကို လိုလားငြားအံ့၊ ရဟန်းတို့ ၊ မမွေ့လျော်ခြင်း ၊ မွေ့လျော်ခြင်း ၊ နှစ်မျိုးကို ခံနိုင်သူ ၊ မမွေ့လျော်ခြင်း၏ အညှဉ်းဆဲကို မခံလိုသူ ၊ မွေ့လျော်ခြင်းကို ဖိစီး လွှမ်းမိုး၍ နေထိုင်လိုသူ ဖြစ်လိုငြားအံ့၊ ဘေးဥပဒ်နှင့် ကြောက်မက်ဖွယ်ကို ခံနိုင်သူ ၊ ဘေးဥပဒ်နှင့်

ကြောက်မင်းဖွယ်တို့၏ အညှင်းဆဲကို မခံလိုသူ, ဘေးဥပဒ်နှင့် ကြောက်မင်းဖွယ်ကို ဖိစီးလွှမ်းမိုး၍ နေထိုင်လိုသူ ဖြစ်ခဲ့အံ့၊ ကိုယ်ကျင့် သီလ ပြည့်စုံသူ, အတွင်းစိတ်ထား အေးမြရေးကို အမြဲ အားစိုက်သူ, အကုသိုလ် ငြိမ်းအေးရေးကို မပယ်စွန့်သူ, ကိလေသာ ဆိတ်သုဉ်းရေးတို့ကို ပွါးစီးစေသူ ဖြစ်ရာ၏။

ရဟန်းတို့, စိတ်၏ တိုးပွါး မြင့်မြတ်ရေး, မျက်မှောက် ချမ်းသာစွာ နေထိုင်ရရေး ဖြစ်သည့် + ဈာန် လေးပါးတို့ကို အလိုရှိတိုင်း မညှိမသွင် မပင်မပန်း ရရောက်လိုခဲ့အံ့၊ ရဟန်းတို့, ရုပ်တရားတို့ကို လွန်မြောက်၍ နာမ် ဥ္သာ ဖြစ်သဖြင့် အေးမြကုန်သော † အရူပ ဈာန်တို့ကို ကိုယ်တွေ့ ဖြစ်မှီ နေထိုင်လိုခဲ့အံ့၊ ရဟန်းတို့, လောက ဖွဲ့ကြိုး သုံးချောင်း ကင်းပြတ်၍ * အပါယ်ဘုံ လားရောက်ရရေးမှ လွတ်ကင်းလျက်, အထက်ဘုံ၌ မြဲစွဲသဖြင့် မဂ်ဖိုလ်လျှင် လည်းချောင်း ဆိုက်ရောက် ရကြောင်း ဖြစ်သည့် x သောတာပန် ဖြစ်လိုခဲ့အံ့၊ လောကဖွဲ့ကြိုး သုံးချောင်း ကင်းပြတ်၍ တပ်စွဲခြင်း, ဖြစ်မှားခြင်း, တွေဝေခြင်း တရားများ ခေါင်းပါးသဖြင့် ကာမဘုံသို့ တကြိမ်သာ ရောက်လျက်, ဆင်းရဲအဆုံး ရောက်နိုင်သည့် †† သကဒါဂါမ် ဖြစ်လိုခဲ့အံ့၊ ကာမဘုံ အတွင်း၌ ဖွဲ့နှောင် တတ်သော ကာမ ဖွဲ့ကြိုး ငါးမျိုးတို့ ကင်းပြတ်၍ ကိုယ်ထင်ရှား ဖြစ်ရလျက် ထိုဘုံ၌သာ ဆင်းရဲ ချုပ်ငြိမ်းသည့် p အနာဂါမ် ဖြစ်လိုခဲ့အံ့၊ ကိုယ်ကျင့် သီလ ပြည့်စုံသူ, အတွင်းစိတ်ထား အေးမြရေးကို အမြဲအားစိုက်သူ, အကုသိုလ် အေးငြိမ်းရေးကို မစွန့်ပယ်သူ, ကိလေသာ ဆိတ်သုဉ်းရေးတို့ကို ပွါးစီးစေသူ ဖြစ်ရာ၏။

ရဟန်းတို့, တယောက်ထီးဖြစ်လျက် အများဖြစ်ခြင်း, အများဖြစ်လျက် တယောက်ထီးဖြစ်ခြင်း, ကိုယ်ထင်ရှား၍ ကွယ်ပျောက်၍ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမခိုက်ပဲ ကောင်းကင်မှာကဲ့သို့ သွားလာနိုင်ခြင်း, မြေ၌ပင် ရေမှာကဲ့သို့ ငုပ်လျှိုး ပေါ်ထွက်နိုင်ခြင်း, ရေထည်း၌ပင် မြေပေါ်မှာကဲ့သို့ မကွဲမပျက်စေပဲ သွားလာနိုင်ခြင်း, ကောင်းကင်ပြင်၌ တင်ပလ္လင်ခွေ နေလျက် ငှက်ကဲ့သို့ ပျံသွားနိုင်ခြင်း, ထိုမျှ တန်ခိုး စွမ်းပကား ကြီးမားကုန်သော လနှင့် နေတို့ကိုပင် လက်ဖြင့် ဆုပ်ကိုင်နိုင်ခြင်း, ဗြဟ္မာ့ဘုံအထိ လောကကြီး အားလုံးကိုပင် အလိုရှိတိုင်း ပြုလုပ်နိုင်ခြင်း, ဤသို့သော တန်ခိုး စွမ်းပကားတို့ကို ပြည့်စုံစေလိုခဲ့အံ့၊ လူတို့၏နားကြားကို လွန်ကဲ၍ စင်ကြယ်

---

+ "ဈာန်" ဟူသည် "ဈာန" ပါဠိပျက်, ကိလေသာ ရှို့မြှိုက်ခြင်း, ကုသိုလ်ပွါးစီးရှုမြင်ခြင်း ဟု အနက်ရှိ၏။ ၎င်း သရုပ် အဓိပ္ပါယ်ကို—၄-ဘယဘေရဝသုတ္တန်၌ကြည့်။

† အရူပ-နာမ်တရား။

* အပါယ်-အပါယ-ချမ်းသာကင်းရာ။

x သောတာပန်-သောတာပန္န-မဂ်အယဉ်သို့ရောက်သူ။

†† သကဒါဂါမ်—သကဒါဂါမိ-ကာမဘုံသို့ တကြိမ်သာ လာရောက်သူ။

p အနာဂါမ်-အနာဂါမိ—ကာမဘုံသို့ မလာသူ။

သော နတ် နှားကြား ဉာဏ်ဖြင့် အဝေး အနီး ဖြစ်သော နတ်လူတို့ ပြောဆိုချက်ကို ကြားနာလိုခဲ့အံ့၊ တပါးသော ပုဂ္ဂိုလ် လူ နတ် သတ္တဝါတို့၏ စိတ် အကြံ အသွားအလာကို သိလိုခဲ့အံ့၊ ရှေးရှေးက * နေထိုင်ဖြစ်ပွါးခဲ့ပြီး ဘဝများစွာကို, ကပ်ကပ္ပါများစွာကို ဤမည်သော ကပ်ကာလဘဝ၌ ဤသို့ ဤသို့ ဖြစ်ခဲ့ပြီ၊ ထိုဘဝမှ ဤမည်သော ဘဝ၌ ဖြစ်ခဲ့ပြီ၊ ဤမည်သော ဘဝ၌ ဤဘဝ၌ ဖြစ်ခဲ့၏ ဟု အကျဉ်းအကျယ်များနှင့်တကွ အောက်မေ့သိမြင်လိုခဲ့အံ့၊ ကိုယ်ကျင့် သီလ ပြည့်စုံသူ, အတွင်းစိတ်ထား အေးမြရေးကို အမြဲအားစိုက်သူ , အကုသိုလ် ငြိမ်းအေးရေးကို မစွန့်ပယ်သူ , ကိလေသာ ဆိတ်သုဉ်းရေးတို့ကို ပွါးစီးစေသူ ဖြစ်ရာ၏။

ရဟန်းတို့, လူတို့၏ အမြင်ကို လွန်၍ စင်ကြယ်လှသော နတ်မျက်စိဉာဏ်ဖြင့် သေလွန်သူ , ဖြစ်ပွါးသူ , ယုတ်သူ , မြတ်သူ , အဆင်းလှ - မလှသူ, အလားကောင်း မကောင်းသူ , မိမိတို့ ကံအလိုက် ဖြစ်ရသူတို့ကို၊ ဤသူတို့ကား ကိုယ် နှုတ် စိတ်ကျင့် ဆိုး ရှိကုန်လျက် သူစင် သူမြတ်တို့ကို စွပ်စွဲးကုန် , အယူမှားကုန် , အယူမှားကို ဆောက်တည်စေကုန်၍ သေလွန်သောအခါ ချမ်းသာကင်းသည့် မကောင်းသော အလား ရှိရှားပင်ပန်းသော ငရဲ၌ ဖြစ်ရကုန်၏။ ဤသူတို့ကား ကိုယ် နှုတ် စိတ် ကျင့်ကောင်းကုန်လျက် သူစင် သူမြတ်တို့ကို မစွပ်စွဲကုန် , အယူမှန်ကုန် , အယူမှန်ကို ဆောက်တည်စေကုန်၍ သေလွန်သောအခါ သူကောင်းတို့ လားရောက်ရာ , ကောင်းကျိုး စံစားရရာ , နတ် လူ ပြည်ရွာ ဖြစ်ကြရကုန်၏—ဟု သိမြင်လိုခဲ့အံ့၊ ရဟန်းတို့ , လောက ပွါးစီးရေး အားလုံး ကုန်ခန်း၍ လောကပွါးစီးရေးမရှိ , စိတ်၏ လွတ်သပ်ခြင်း , ပညာဖြင့် လွတ်လပ်ခြင်းကို မျက်မှောက် ကိုယ်တွေ့ဖြစ်၍ နေလိုခဲ့အံ့၊ ကိုယ်ကျင့် သီလ ပြည့်စုံသူ , အတွင်းစိတ်ထား အေးမြရေး အမြဲရှိသူ , အကုသိုလ် အေးငြိမ်းရေးကို မပယ်စွန့်သူ, ကိလေသာ ဆိတ်သုဉ်းရေးတို့ကို ပွါးစီးစေသူ ဖြစ်ရာ၏။

ရဟန်းတို့ "အကျင့် သီလနှင့် ပြည့်စုံကြကုန် , ကိလေသာ လွတ်မြောက်ရေး အကျင့်သီလနှင့်ပြည့်စုံကြ၍ ကောင်းမြတ်သော အကျင့် , ကောင်းမြတ်သော အလေ့အကျက်နှင့် ပြည့်စုံကြကုန်, အငယ်မျှလုံးခန့် သေးငယ်သောအပြစ်တို့၌ ဘေးဟု ရှုကြည့်ထင်မြင်ကြကုန်၍ သိက္ခာ ကျင့်ဝတ်တို့၌ ဆောက်တည်ကျင့်သုံးကြကုန်"ဟု ဆိုခဲ့သော စကား ကား၊ ဤသို့သောအရေးကို စွဲး၍ ဆိုခဲ့ချက်ဖြစ်၏၊ ဤသို့ ဘုရား ဟောတော်မူချက်ကို ရဟန်းတို့ နှစ်မြို့က် ကြေနပ်ကြကုန်ပြီ၊-ဤသို့ အကျဉ်းရုပ် ကြားနာ မှတ်သားရပါ၏။

အာကင်္ခေယျ သုတ္တန် ပြီး၏။

---

* ဤစကားစုမှာ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ် ဖြစ်၍ အကျဉ်းချုပ် မှာထားချက်, အကျယ်ကို -၄ -ဘယ ဘေဝရ သုတ္တန်၌ ကြည့်ပါ။

# ၇ ၊ ဝတ္ထ သုတ္တန်

ပူဇော်ပွဲတော်ကြီးသော ဘုရားရှင့် အဋ္ဌာနဲ့တော်မှ ဤ ဆိုလတ္တံ့အတိုင်း အကျွန်ုပ် ကြားနာ မှတ်သားရ ပါသည်။—ပူဇော်ကြီးမြတ်မူသော ဘုရားရှင် သည် သာဝတ္ထိ မြို့တော်ကို ဆွမ်းခံရာ ပြုလုပ်၍ အနာထပိဏ် သူဌေးကြီး၏ ကုဋေ လေးဆယ့်ငါးကုဋေ အကုန်အကျခံ၍ ဆောက်လုပ် လှူဒါန်းအပ်လျက်, ဇေတမင်းသား၏ ဥယျာဉ် မြေကို ငွေပြား အပြည့် အစွန်းချင်း စည့်အောင် ခင်း၍ ပေးဝယ်ရသောကြောင့် ဇေတဝန်မည်သော ကျောင်းတော်ကြီးအတွင်း၌ ရဟန်း တပည့်တော် ပေါင်း များစွာဖြင့် ဝန်းရံကာ သီတင်းသုံး နေတော်မူစဉ်အခါ ရဟန်းတော် အရှင်မြတ်တို့၏ ညနေချမ်း အစည်းအဝေးသဘင်၌ ရဟန်းတို့အား ဤတရားတော်ကို ဟောကြားတော်မူလေပြီ။—

ရဟန်းတို့, ဥပမာအားဖြင့် ညစ်နွမ်း၍ ကြေးညှော်တင်သော အဝတ်မည်သည်ကို ဆေးဆိုးသမားက အမျိုးမျိုးသော ဆိုးရည် ဆေးတို့ဖြင့် တပ်ဆိုး လေရာသည်၊ အမည်းဖြင့် သော်၎င်း, အဝါဖြင့် သော်၎င်း, အနီဖြင့် သော်၎င်း, အမောင်းဖြင့် သော်၎င်း, တပ်ဆိုး လေရာသည်၊ မည်သည့် ဆေးမျိုးဖြင့် တပ်ဆိုးစေကာ, မကောင်းသော အဆင်းသာ ဖြစ်လေရာသည်၊ မစင်ကြယ်သော အဆင်းသာ ဖြစ်လေ ရာသည်၊ ထိုသို့ ဖြစ်ရသည့် အကြောင်းမှာကား, ရဟန်းတို့, အဝတ်ကိုယ်က မစင်ကြယ်သောကြောင့် ဖြစ်လေသည်၊ ရဟန်းတို့, ဤနည်းအတူပင် စိတ်ညစ်ကျုံ့သော် - မကောင်းသော လားရောက်ရာကို လိုအပ်၏။

ရဟန်းတို့, ဥပမာအားဖြင့် စင်ကြယ် ဖြူဖွေးသော အဝတ်မည်သည်ကို ဆေးဆိုးသမားက အမျိုးမျိုးသော ဆိုးရည်ဆေးတို့ဖြင့် တပ်ဆိုး လေရာသည်၊ အမည်းဖြင့်သော်၎င်း, အဝါဖြင့်သော်၎င်း, အနီဖြင့်သော်၎င်း, အမောင်းဖြင့်သော်၎င်း, တပ်ဆိုးလေရာသည်၊ မည်သည့် ဆေးမျိုးဖြင့် တပ်ဆိုးစေကာ, ကောင်းမွန်သောအဆင်းအရောင်သာ ဖြစ်လေရာ၏၊ စင်ကြယ်သော အဆင်း အရောင်သည်သာ ဖြစ်လေရာ၏၊ ထိုသို့ ဖြစ်ရသည့် အကြောင်းမှာကား, ရဟန်းတို့, အဝတ်ကိုယ်က စင်ကြယ်သောကြောင့် ဖြစ်လေသည်၊ ရဟန်းတို့, ဤနည်းအတူပင်လျှင် စိတ်မနောက်ကျုံ့သော် - ကောင်းသော လားရောက် ရာကို လိုအပ်၏။

ရဟန်းတို့ , စိတ် ညစ်နွမ်း နောက်ကျိကြောင်းတို့ကား အဘယ်တရားတို့နည်း ?၊ သူ့စည်းစိမ်၌ တပ်စွဲးကြီးစည်ခြင်း ဟူသော မညီ မညွတ်သော X လောဘသည် စိတ်ညစ်နွမ်းကြောင်းတည်း၊ သူတပါး ပျက်စီးကြောင်း အကြံ အစည်သည် စိတ်ညစ်ကျုံကြောင်းတည်း၊ အမျက် ထွက်ခြင်းသည် စိတ်ညစ်ကျုံကြောင်းတည်း၊ ရန်ငြိုးဖွဲ့ခြင်း, ဂုဏ်နှင့် ကျေးဇူး ခြေဖျက်ခြင်း, ဂုဏ်တုပြိုင်ခြင်း, ငြူစူခြင်း, ဝန်တိုခြင်း, လှည့်စားခြင်း, စဉ်းလဲးခြင်း, တောင့်ဖိုင် - ခက်ထမ်ခြင်း, ချုပ်ခြယ်ခြင်း , မြင့်မောက်ခြင်း , အလွန်တက်ကြွခြင်း , မာန်ယစ်ခြင်း, မေ့လျော့ခြင်းသည် စိတ်ညစ်ကျုံကြောင်းတည်း။

ရဟန်းတို့ , ရဟန်းသည် မညီမညွတ် တပ်စွဲးခြင်းဟူသော သူ့စည်းစိမ်၌ ကြီးစည်ခြင်းကို စိတ်၏ ညစ်နွမ်း နောက်ကျိကြောင်းဟု သိ၍ ပွန့်ပယ်၏၊ သူတပါး ပျက်စီးကြောင်း အကြံအစည်ကို စိတ်၏ညစ်ကျုံကြောင်းဟု သိ၍ ပွန့်ပယ်၏၊ အမျက် ထွက်ခြင်းကို စိတ်၏ ညစ်နွမ်း နောက်ကျိကြောင်းဟု သိ၍ ပွန့်ပယ်၏၊ ရန်ငြိုးဖွဲ့ခြင်း , ဂုဏ်နှင့် ကျေးဇူး ခြေဖျက်ခြင်း , ဂုဏ်တု ပြိုင်ခြင်း , ငြူစူခြင်း , ဝန်တိုခြင်း, လှည့်စားခြင်း , စဉ်းလဲးခြင်း , တောင့်ဖိုင် - ခက်ထမ်ခြင်း , ချုပ်ခြယ်ခြင်း , မြင့်မောက်ခြင်း , အလွန်တက်ကြွခြင်း , မာန်ယစ်ခြင်း , မေ့လျော့ခြင်းကို စိတ်၏ ညစ်ကျုံကြောင်းဟု သိ၍ ပွန့်ပယ်၏။

ရဟန်းတို့ , ထိုသို့ ပွန့်ပယ်ငြားသော်- ထိုရဟန်းသည် ဤသို့ ဤသို့သော အကြောင်းကြောင့် ပင်လည်း ထိုသည့် ပုဉ်းတော်ကြီး ဘုရားသည် အပူဇော် ခံထိုက်သည်၊ ကိလေသာ ရန်သူကို ပယ်ဖျက်သည်၊ သံသရာခရီး ပြတ်စဲးသည်၊ မကောင်းသော လုပ်ငန်းမှ ဆိတ်သုဉ်းသည်၊ ထိုသို့သော အကြောင်းကြောင့် တရားတော် အားလုံးကို ကိုယ်တော်တိုင် မှန်ကန်စွာ သိတော်မူ၍၊အတုမဲ့သော ပညာဉာဏ်နှင့်အကျင့်သီလရှိသည်၊ ကောင်းမြတ်သော လမ်းကို သိမြင် ရောက်ပေါက်၍ ကောင်းမြတ်သော ခရီးလမ်းညွှန် တရားကို ဟောကြားတော်မူသည်၊ ကပ္ပါလောကနှင့် လောကနေသူ့ ကပ္ပါလောက၌ ဖြစ်ပွါးရကြောင်း , ကပ္ပါလောကမှ ကျွတ်လွှတ် ရကြောင်း , ကပ္ပါသူ ကပ္ပါသား တို့အလိုကို သိတော်မူနိုင်သည်၊ သီလ , သမာဓိ , ပညာ ဂုဏ်အားဖြင့် တစုံတဦး နှင့်မျှ အတူမရှိ မြင့်မြတ် ကဲးလွန်သည်၊ဖြေချွတ် ဆုံးမ ထိုက်သူကို မသစ်မလပ် ဆုံးမတော်မူသည်၊ ထိုသို့သော အကြောင်းကြောင့် နတ်လူတို့၏ အဆုံးအမ, ဩဝါဒ ဆရာ ဖြစ်တော်မူသည်၊ ထိုနှင့်လျော်စွာ သတ္တဝါအများကို ကိုယ်တော် အလား တရားမှန် သိစေသည်၊ ထိုသို့ အားဖြင့် ပုဉ်းတော် , ကမ်တော် , ဉာဏ်တော် , တန်ခိုးတော် သခင်ဖြစ်၍၊တရားညွှန်ပြရေး၌ စိုးရ ပိုင်နှင်းတော်မူသည်၊စိုးရ ပိုင်နှင်းရေး လောကဓမ္မတရား

X 'လောဘ' ဟူသည် မြန်မာဘာသာ တမျိုးဖြစ်နေသော ပါဠိစကားတည်း၊ လိုဘ-ဆိုသော စကားနှင့် ညီမျှ၏၊တပ်မှန်းခြင်းဟု ဆိုလို၏၊

တော် အပြည့်အစုံ ရှိတော်မူသည်၊ ထိုအားလျော်စွာ ကျော်ကြားခြင်းဂုဏ်သတင်းနှင့် အခြံ အရံ များပြောက်စွာ ရှိသည်၊ ကျော်ကြားတိုင်း ကိုယ်တော် အသရေ , ဟန်တော် အသရေ, အသံတော် အသရေ , တရားတော် အသရေ ရှိသည်၊ စိတ် အလိုတော် အတိုင်း ပြည့်စုံတော်မူသည်၊ လိုလားတိုင်း ပြီးစေနိုင်သော စွမ်းပကားလည်း ရှိတော်မူသည်ဟု၊ ဘုရားရှင့် အပေါ်၌ မတုန်မလှုပ် ကြည်ညိုနိုင်လေ၏။

ထိုသည့် ပုဒ်တော် , ကမ်တော် , ဉာဏ်တော် , တန်ခိုးတော် , အသရေ တော် သခင် ဘုရားရှင် ဟောတော်မူသည့် တရားတော်ကား၊ မျက်မှောက် ဗိုလ်မှာ အကျိုးရဖြစ်စေသည်၊ ကိုယ်တိုင် အကျိုးရစေသည်၊ ထင်ရှားစွာ အကျိုးရစေသည်၊ ကာလ အခြား မရှိ အကျိုးရစေသည်၊ အခါကာလမရှိ အကျိုးရစေသည်၊ကာလမဲ့ တရားကိုရထိုက်သည်၊ လာကြည့်လှည့်ဟု ညွှန်ပြနိုင်သည့်အကျိုးကိုရစေသည်၊ လာရောက်ကြည့်ရှုနိုင်ခွင့် ထင်ရှားသော အသားရှိ တရားဖြစ်သည်၊ အနီးကပ်တွင် ပို့ဆောင်နိုင်သည့် အကျိုးကို ဖြစ်စေသည်၊ အနီးတွင်ကပ်၍ အကျိုးရစေသည်၊ ပညာဉာဏ်ရှိသူတို့ ကိုယ်တွေ့ သိအပ်, ကိုယ်တိုင် သိအပ်သောအကျိုး ရှိလေသည်၊ကိုယ်လုပ် ကိုယ်ရ ဖြစ်သောအကျိုး ကို ခံစား ထိုက်သည် ဟု၊ တရားတော်အပေါ်၌ မတုန်မလှုပ် ယုံကြည် လေးစား လေသည်၊

ထိုသည့် ပုဉ်းတော်ကြီး ဘုရား၏ ဩဝါဒခံ တပည့် သံဃာတော် အပေါင်းသည် ကောင်းသောတရား၌ ကောင်းမွန်ရန် ကောင်းစွာ ကျင့်တော်မူသည်၊ ဖြောင့်မှန်သော တရား၌ ဖြောင့်မှန်ရန် ဖြောင့်မှန်စွာ ကျင့်တော်မူသည်၊ နည်းနာ ကျနသော တရား၌ နည်းနာကျနရန် နည်းနာကျနစွာ ကျင့်တော်မူသည်၊ ရိုသေထိုက်သော တရား၌ ရိုသေ အောင် ရိုသေစွာ ကျင့်တော်မူသည်၊ လေးယောက်စုံဖြစ်၍ ရှစ်ယောက်အရေအတွက်ရှိ ဘုရားရှင်၏ တပည့် သံဃာတော် အပေါင်းသည် ဈေးရှု ကော်ရော် ပူဇော်ထိုက်၏၊ အသူးတလည် ဈေးရှုကော်ရော် ပူဇော်ထိုက်၏၊ မြင့်မြတ်သော အရိုအသေ- အပူ အဇော်ကို ခံထိုက်၏၊ လက်အုပ် ချီ၍ ဦးညွှတ် ကျိုး၍ မြတ်နိုးစွာပူဇော်သည်ကို ခံထိုက် ၏၊ လောကသားတို့၏ အတုမဲ့သော ကောင်းမှု ပြုလုပ်ရာ ဖြစ်၏- ဟု သံဃာတော် အပေါ်၌ မတုန်မလှုပ် ယုံကြည်လေ၏။

စိတ်ညစ်ကျုကြောင်း တရားတို့မှ စင်ကြယ်စွာ စွန့်လယ်အပ် , ထွေးအန်အပ် , လွှတ် လှပ်အပ် , ပစ်လွှင့်အပ် , အဖန်ဖန် စွန့်ပစ်အပ်သမျှ ဘုရားအပေါ်၌ မတုန်မလှုပ် ယုံကြည်ခြင်း , တရားအပေါ်၌ မတုန်မလှုပ် ယုံကြည်ခြင်း , သံဃာတော် အပေါ်၌ မတုန်မလှုပ် ယုံကြည်ခြင်း များနှင့် ပြည့်စုံ၍ အနက် အဓိပ္ပါယ်ကို သိမြင်ခြင်း, တရား သဘော အစဉ်၌ သိမြင်ခြင်း ,တရားနှင့်စပ်ဆိုင်သောဝမ်းမြောက်ခြင်းကိုရလေသည်၊ ဝမ်းမြောက်သူမှာ နှစ်သက်ရ၏၊ နှစ်ခြိုက်သူမှာ ကိုယ်စိတ် အေးမြ၏၊ ကိုယ်စိတ်အေး မြသူမှာ ချမ်းသာ၏၊ ချမ်းသာသူမှာ စိတ်ထားတည်တန့်၏။

ရဟန်းတို့, ဤသို့သော အလေ့သဘော, ဤသို့သော အသိဉာဏ် သက်ရောက်ပြီးသော ရဟန်းသည်၊ အမည်း စင်စွာ ရွေးကောက် ချက်ပြုတ် အပ်၍ ကောင်းမွန်စွာ လှသော သလေးဆွမ်းနှင့် ဖြောက်မြားလှ စွာသော ဟင်းလျာ အစ,ာ မွန်မွန် မြတ်မြတ်ကို စားသုံးစေကာမူ အန္တရာယ်ဘေးဉပဒ် မဖြစ်နိုင်ချေ၊ ရဟန်းတို့, ဉပမာ အားဖြင့် ညစ်နွမ်း ပေကျံ၍ ကြေးညှော်တင်သော အဝတ်သည် ကြည်လင်သော ရေကို အစွဲပြု၍ စင်ကြယ် ဖြူဖွေးသကဲ့သို့၎င်း, ရွှေငွေသည် ပန်းပဲဖိုဝကို အစွဲပြု၍ စင်ကြယ် တောက်ပ လေသကဲ့သို့၎င်း, ဤ အတူပင် ဤသို့သော အလေ့အကျက် သဘော, ဤသို့သောအသိဉာဏ် သက်ရောက်ပြီးသောရဟန်းသည် ဟင်းမျိုးများစွာ ခြံရံသည့်အမည်း စင်စွာ ရွေးကောက် ချက်ပြုတ်သော သလေးဆွမ်းကို စားသုံး စေကာမူ အန္တရာယ် ဘေးဉပဒ် မရှိနိုင်တော့ချေ။

ရဟန်းတို့, ထိုသည့် ရဟန်းသည် အရပ် တမျက်နှာကို မေတ္တာစိတ်ဖြင့် ပျံ့နှံ့စေလေ၏၊ ထို့အတူ အရပ်နှစ်မျက်နှာ, သုံးမျက်နှာ, လေးမျက်နှာ, ကို ပျံ့နှံ့စေလေ၏၊ ဤသို့အားဖြင့် အထက်အရပ်, အောက်အရပ်, ဖီလာ အရပ်, ဤအလုံးစုံသော အရပ်တို့၌ ကုန်အောင်စုံအားဖြင့် သတ္တဝါအားလုံးကို ပျံ့နှံ့လျက် အပိုင်းအခြားမဲ့ ပြန့်ပြောခြင်း, မြင့်မြတ်ခြင်း, အတိုင်းအရှည် မရှိခြင်း, အားဖြင့် သတ်မှတ်အပ်သော ရန်ဘင်း, ကြောင့်ကြကင်း, မေတ္တာစိတ်ဖြင့် ပျံ့နှံ့နေထိုင်လေ၏၊ ဆင်းရဲသော သတ္တဝါတို့ အပေါ်၌ သနားသောစိတ်ဖြင့် ပျံ့နှံ့နေထိုင်လေ၏၊ ချမ်းသာသော သတ္တဝါတို့ အပေါ်၌ ဝမ်းမြောက် ရွှင်ပျစိတ်ဖြင့် ပျံ့နှံ့နေထိုင်လေ၏၊ ထိုထို မေတ္တာ စသည် မရကောင်းသော သတ္တဝါတို့အပေါ်၌ လျစ်လျူစိတ်ဖြင့် ပျံ့နှံ့နေထိုင်လေ၏၊ ထိုသည့် ရဟန်းသည် ဤသည့် ဆင်းရဲသောလောကနှင့် သတ္တဝါသည် ထင်စွာ ရှိ၏၊ ဤသည့် ဆင်းရဲရကြောင်း တဏှာသည် ထင်စွာရှိ၏၊ ဤသည့် ဆင်းရဲ၏အပြတ် အေးငြိမ်းရာသည် ထင်စွာရှိ၏၊ ဤသည့် အမှတ်သညာ ရှိသော လောကနှင့်သတ္တဝါ ကိုယ်အစုတို့ကို လွန်မြောက်ရေး အကျင့်သည်လည်း ထင်စွာရှိ၏ ဟု ပိုင်းခြား သိမြင်လေ၏၊ ယင်းသို့သော ရဟန်း၏ စိတ်သည် လောကပွါးစီးရေး အားလုံးမှ လွတ်လပ်၍ လွတ်လပ်ပြီ, ဘဝကုန်ဆုံးပြီ, အကျင့် ကျင့်သုံးပြီးပြီ, ကိစ္စပြီးပြီ, အခြားပြုဖွယ် မရှိဟု သိမြင်ရလေ၏၊ ရဟန်းတို့, ဤသို့သော ရဟန်းကို စိတ်ရေစင်ဖြင့် စင်စင် ဆေးကြော စင်ကြယ်ပြီး ရဟန်းဟု ဆိုအပ်၏။

ထိုစဉ်အခါ ၅ သုန္ဒရိက ဘာရဒွါဇ ပုဏ္ဏားသည် ဘုရားရှင်၏ မလှမ်းမကမ်းတွင် ရှိနေသည်ဖြစ်၍ ၎င်းက "အို အရှင်ဂေါတမ" ဗာဟုကာမြစ်ကို ရေချိုးကြွပါ၏လား? ဟု

၅ ဤသည့်သုန္ဒရိကဘာရဒွါဇဆိုင်ရာစကားစုကား သီးခြားအဏ္ဏုပွတ်ဘခုသဖြစ်သင့်ရာ၏၊ ဤဝတ္ထုသုတ်၌ စင်ကြယ်သည် ဆိုသောအချက်နှင့် ပတ်သက်၍ စပ်ထားဟန်ရှိ၏၊ ဝတ္ထုသုတ်ဟောပြီးမှ ထိုသို့ မေးမြန်းဖွယ် မရှိသည်ကို သတိပြုအပ်၏။

မေးလေသော်- ဘုရားရှင်က ဒိ ပုဏ္ဏား’ ဗဟာကာမြစ်ဖြင့် အဘယ် ပြုအံ့နည်း ?၊ ဗဟုကာမြစ်သည် အဘယ် ပြုနိုင်လတ်အံ့နည်း ? ဟု ပြန်ကြားတော်မူလျှင် “ဒိ-ရှင်ဂေါတမ” ဗဟုကာမြစ်ကို လူအများက စင်ကြယ်ရာဟု သမှတ်အပ်၏ , ဖြူစင်မှု ဟု သမှတ်အပ်၏, “သူများစွာသည် ဗဟုကာမြစ်တွင်း၌ မိမိတို့ပြုလုပ်သည့်မကောင်းမှု ဒုစ္စရိုက် အပြစ်များကို မျှောချကြသည်” ဟု ဆိုလေပြီ၊ ဘုရားရှင်က ထိုသူ့အခါ အောက်အဖွဲ့ ဂါထာကို မိန့်ဆိုလေပြီ။--

၁။ ဗဟုကာ အဓိက္ကာ ဂယာ ,
သုန္ဒရိကာ မဟိ သရဿတိ၊
ပယာဂါ မြစ်ကြီး မြောက်မြားစွာ ,
ရိက်သူအားလုံး ချိုးသုံးကုန်ပြီ။

၂။ တရားညစ် ပျောက်စစ် မရှိသာ ,
သုန္ဒရိကာ မြစ် ဖြစ်လိမ့်ဘယ်မှာ၊
ပယာဂါဟု ပြုဆိုမှ အဘယ်သာ ,
ဗဟုကာမြစ် ဖြစ်လိမ့်အဘယ်မှာ။

၃။ ရန်မကောင်းမှု ပြုလုပ်သူမှာ ,
မြစ်ရေလျှင် မစင် ညစ်ကြေးသာ၊
နက္ခတ်ကောင်းပင် စင်ကြယ်သူမှာ ,
စင်သူစွဲ့း အမြဲ ဥပုသ်သာ။

၄။ ကမ်စင်လင့်မြဲ ကျင့်စင်ပြုစွာ ,
ဒိ ပုဏ္ဏား , ဤကား ရေစင်ရာ၊
ဗိုလ်အပေါင်းရုံ ပွါးလုံချက်ကြင်စွာ ,
ဒိ ပုဏ္ဏား , ဤကား စင်ကြယ်ရာ။

၅။ မုသားမမြွက် , သက်သတ်ကြဉ်ရာ ,
နုံးဖျက်မှု မပြု ကြဉ်ရှောင်ရာ၊
ဝန်မတို ကြည်ညို ပေးစွန့်ရာ ,
မြဂ်တိုသို ရောက်ချထူးရာ။

ဤစကားကို ကြားနာရသော်– သုန္ဒရိက ဘာရဒွါဇပုဏ္ဏားက ,“အို အရှင်ဂေါတမ” ကောင်းလှပေစွ , နှစ်သက်အပ်ပေစွ , ဥပမာအားဖြင့် မှောက်၍ ထားသည်ကို လှန်လှော ဘိ၏သို့၎င်း , ဖုံးကွယ်သည်ကို ဖွင့်လှပ်ဘိ၏သို့၎င်း , လမ်းမှားသူကို လမ်းမှန် ညွှန်၏သို့ ၎င်း, အမိုက်မှောင်တွင် မီးတိုင် ထွန်းညှိ၏သို့ ၎င်း , မျက်စိရှိသူတို့သည်အဆင်း ကိုမြင်နိုင်ကုန်ဘိ၏သို့ ၎င်း , အရှင်ဂေါတမသည် အကြောင်းများစွာ ညွှန်ပြဟောကြား ပေသည်။

ကျွန်ုပ်သည် အရှင်ဂေါတမနှင့် တရား သံဃာကို ကိုးစားပါ၏၊ ဥပါသကာ မှတ်တော်မူပါ၊ ရဟန်းအဖြစ်ရောက် ချီးမြှောက်တော်မူပါ ဟု လျှောက်ထားရာ ဘုရား ခွင့်ပြုတော်မူသဖြင့် ရဟန်းဖြစ်၍ မကြာမီ ရဟန္တာ ဖြစ်လေသောအခါ-ဤသို့ ကြားနာ မှတ်သားရပါသည်။

ဝတ္ထ သုတ္တန် ပြီး၏။

# ၈။ သလ္လေခ သုတ္တန်

အကျွန်ုပ်သည် ပုဉ်းတော်ကြီးသော ဘုရားရှင် အဋ္ဌာန်တော်မှ ဤသို့ ကြားနာခဲ့ရပါသည်၊-ပုဉ်းတော်ကြီး ဘုရားသည် သာဝတ္ထိမြို့တော်ကို ပစ္စည်း အခြံ သဟာယ်း ပြုလုပ်၍ ဝင်တင်းသုံး နေထိုင်တော်မူစဉ်အခါ၊ အရှင်မဟာစုန္ဒမထေရ်သည် တပါးတည်း ကိန်းနေရာမှ ညနေချမ်းအခါ သံဃာတော် စုစည်းဝေးရာ ဘုရားရှင် ဋ္ဌာန်တော်မှောက်သို့ ဝင်ရောက် ရှိခိုးပန်ဆင် သင့်တင့်ရာတွင် နေထိုင်ပြီးသော်- ဤသို့ လျှောက်ထားလေပြီ။ မြတ်စွာဘုရား , ဤလောက၌ မိမိကိုယ်ဟု စွဲဆိုခြင်းနှင့်ပတ်သက်၍ငှ်း , လောကဟု စွဲဆိုခြင်းနှင့်ပတ်သက်၍ငှ်း မြောက်မြားစွာသော အယူ အစွဲတို့သည် ဖြစ်ပွါးကြပါကုန်သည် မြတ်စွာဘုရား , နှင်လုံးသွင်းသော ရဟန်းအား နှစ်လုံးသွင်းစဉ်ပင် ထိုသည့် အယူ အစွဲတို့သည် ပယ်ရှား စွန့်ခွါကြ ပါကုန်သလော ?၊ ဒိုရ စုန္ဒ, မိမိကိုယ်ဟု စွဲဆိုခြင်းနှင့်ပတ်သက်၍ငှ်း ,လောကဟု စွဲဆိုခြင်းနှင့်ပတ်သက်၍ငှ်း , ဤလောက၌ ဖြစ်ပွါးပေါ်ပေါက်သော အယူ အစွဲတို့ကား ၎င်းတို့ ဖြစ်ပွါးရာ , ၎င်းတို့ကိန်းနေရာ ,ပေါ်ပေါက်ရာတွင် "ဤအရာကား ငါ့ဥစ္စာ မဟုတ် , ငါမဟုတ် , ငါ၏ မြဲစွဲခိုင်ရန့်သော အထည်ကိုယ်မဟုတ်" ဟု ဟုတ်မှန်တိုင်း မှန်ကန်သော ဉာဏ်ဖြင့် ရှုမြင်သော သူအား၊ ထိုအယူများ ပယ်ရှား စွန့်ခွါကြလေသည်။

ဒိုရ စုန္ဒ , အချို့ရဟန်းသည် အလိုကာမတို့မှ ကင်းလွတ်၍ အကုသိုလ် တရားတို့မှ ကင်းလွတ်၍ ကြံစည်ခြင်း စဉ်းစားခြင်း , ဆိတ်ငြိမ်ခြင်း , နှစ်သက်ခြင်း , ချမ်းသာခြင်း ရှိသော ပထမဈာန်ကို ရရောက်ဝင်စားနေ၏၊ ထိုရဟန်းက "ငါကား ကိလေသာ ခေါင်းပါး၍ နေ၏" ဟု ထင်မှတ်ဖွယ် အကြောင်းရှိ၏၊ ဒိုရ စုန္ဒ , ဤပထမဈာန် တရားတို့ကို အရိယာတို့ ဝိနည်းတရားတော်၌ ခေါင်းပါးရေး ဟု မဆိုအပ်ကုန် , မျက်မှောက်ချမ်းသာရေးတို့ ဟုသာ ဆိုအပ်ကုန်၏၊ အချို့ရဟန်းသည် ကြံစည် စဉ်းစားရခြင်းမှ လွတ်ငြိမ်း၍ စိတ်အတွင်း၌ ကြည်လင် လှုပ် စိတ်၏ တည်တန့်ခြင်း ,မကြံစည် မစဉ်းစားရခြင်း , တည်တန့်၍ ဖြစ်သော နှစ်သက်ခြင်း ,ချမ်းသာခြင်းရှိသော ဒုတိယဈာန်ကို ရရောက် ဝင်စားနေထိုင်၏၊ ထိုရဟန်းက "ငါကား ကိလေသာ ခေါင်းပါး၍ နေ၏"ဟု ထင်မှတ်ဖွယ် အကြောင်းရှိ၏၊ ဒိုရ စုန္ဒ , ဤ ဒုတိယဈာန်တရားတို့ကို အရိယာတို့ ဝိနည်းတရားတော်၌ ခေါင်းပါးရေးဟု မဆိုအပ်ကုန် , မျက်မှောက် ချမ်းသာရေး ဟုသာဆိုအပ်ကုန်၏။ ဒိုရ စုန္ဒ , အချို့ ရဟန်းသည် နှစ်သက်ခြင်းမှ လွတ်ကင်း၍ လျှ လျ

ရှုကာ သတိထင်ထင် ဉာဏ်အမြင်ရှိ၍ ချမ်းသာကို ကိုယ်စိတ်ဖြင့် ခံစားနေထိုင်၏၊ ၎င်းကို လျစ်လျူရှုသူ, ချမ်းသာသူ ဟု အရိယာတို့ ချီးကျူးကုန်၏၊ ထိုသို့သော တတိယဈာန်ကို ရရောက် ဝင်စားနေထိုင်၏၊ စုန္ဒ, ထိုရဟန်းက "ငါကား ကိလေသာ ခေါင်းပါး၍ နေ၏" ဟု ထင်မှတ်ဖွယ် အကြောင်းရှိ၏၊ စုန္ဒ, ဤ တတိယဈာန် တရားတို့ကို အရိယာတို့ ဝိနည်းတရားတော်၌ ခေါင်းပါးရေးဟု မဆိုအပ်ကုန်, မျက်မှောက် ချမ်းသာရေးဟူသော ဆိုအပ်ကုန်၏၊

စုန္ဒ, အချို့သော ရဟန်းသည် ချမ်းသာ ဆင်းရဲ နှစ်မျိုးစုံကိုပင် ပယ်စွန့်၍ ရှေးရှေးကပင် ဝမ်းမြောက်ခြင်း, နှစ်လုံးမသာခြင်း, ချုပ်ငြိမ်းရကား၊ ချမ်းသာဆင်းရဲ ကင်းလျက် လျစ်လျူရှုခြင်းကြောင့် သတိထင်၍ စင်ကြယ်စွာသော စတုတ္ထဈာန်ကို ရရောက် ဝင်စားနေထိုင်၏၊ ထိုရဟန်းက "ငါကား ကိလေသာ ခေါင်းပါး၍ နေ၏" ဟု ထင်မှတ်ဖွယ် အကြောင်းရှိ၏၊ စုန္ဒ, ဤစတုတ္ထဈာန် တရားတို့ကို အရိယာတို့ ဝိနည်း တရားတော်၌ခေါင်းပါးရေးဟု မဆိုအပ်ကုန်, မျက်မှောက် ချမ်းသာရေးဟူသော ဆိုအပ် ကုန်၏၊ စုန္ဒ, တစုံတယောက်သော ရဟန်းသည် ကုန်အောင်စုံအားဖြင့် ရုပ်အမှတ်သညာ ကို လွန်မြောက်၍ ထိခိုက်သော အမှတ်သညာ ချုပ်ငြိမ်းလျက်, အထူးထူးသော အမှတ် သညာတို့ကို နှလုံးမပြုခဲ့၍ ကောင်းကင်သည် အဆုံးမရှိဟု အဆုံးမဲ့ကောင်းကင်အာရုံ သို့ ဆိုက်ရောက် နေထိုင်လေ၏၊ ကုန်အောင်စုံအားဖြင့် အဆုံးမဲ့ ကောင်းကင်အာရုံကို လွန်မြောက်၍ ၎င်းကို အာရုံပြုသော ဝိညာဉ်သည် အဆုံးမရှိ ဟု အဆုံးမဲ့ ဝိညာဉ် အာရုံကို ဆိုက်ရောက် နေထိုင်၏၊ ကုန်အောင်စုံအားဖြင့် အဆုံးမဲ့ ဝိညာဉ်ကို လွန် မြောက်၍ တစုံတခု ငွေ့ယူဖွယ် မရှိဟု အစွဲမဲ့ အာရုံကို ဆိုက်ရောက် နေထိုင်၏၊ ကုန်အောင်စုံအားဖြင့် အစွဲမဲ့ အာရုံကို လွန်မြောက်၍ အမှတ်ရှိ-မဲ့ ကင်းသော အာရုံကို ဆိုက်ရောက် နေထိုင်လေ၏။

ထိုရဟန်းက "ငါကား ကိလေသာ ခေါင်းပါး၍ နေ၏" ဟု ထင်မှတ်ဖွယ် အကြောင်း ရှိ၏၊ စုန္ဒ, ဤသည့်ငြိမ်သက်သော နာမ်ဈာန်တို့ကို အရိယာတို့ ဝိနည်းတရားတော်၌ ခေါင်းပါးရေး ဟု မဆိုအပ်ကုန်, ငြိမ်းချမ်း အေးမြရေးတို့ဟူသော ဆိုအပ်ကုန်၏၊ စုန္ဒ, ဤသာသနာတော်၌ ကိလေသာ ခေါင်းပါးရေးကို ပြုကျင့်အပ်၏၊ အခြားသူတို့ သည် ညှဉ်းဆဲသူတို့ ဖြစ်စေကုန်ကာ, ငါတို့ကား မညှဉ်းဆဲသူတို့ ဖြစ်ကုန်မည် ဟု၊ ကိလေသာ ခေါင်းပါးရေးကို ပြုကျင့်အပ်၏၊ အခြား သူတို့သည် သူ့အသက် သတ် ဖြတ်သူတို့ ဖြစ်စေကုန်ကာ, ငါတို့ကား သူ့အသက် မသတ်ဖြတ်သူတို့ ဖြစ်ကုန်မည်, သူ့ဥစ္စာ ခိုးယူမှုမှ ကြဉ်ရှောင်ကြကုန်မည်, မြင့်မြတ်သော အကျင့်ကို ကျင့်ကြကုန် မည်, မုသား ပြောဆိုမှု မှ ကြဉ်ရှောင်ကြကုန်မည်, ချောပစ်ခြင်းမှ ကြဉ်ရှောင်ကြကုန် မည်, ကြမ်းတမ်းကြမ်း ပြောဆိုမှု ကြဉ်ရှောင်ကြကုန်မည်, အကျိုးမဲ့ အဖျင်း ပြောခြင်းမှ ကြဉ်ရှောင်ကြကုန်မည်, သူ့စည်းစိမ်ကို မတပ်မက် မငြူစူသူတို့ ဖြစ်ကုန်မည်,

သူ့ပျက်စီးကြောင်း မကြံစည်သူတို့ ဖြစ်ကုန်မည်, အယူအစွဲ မှန်သူတို့ ဖြစ်ကုန်မည်, မှန်သော အကြံ အစည် ကို ကြံစည် ကုန်မည်, မှန်သော စကားကို ဆိုကုန်မည်, မှန်သောအလုပ်ကို လုပ်ကုန်မည်, မှန်သော အသက်မွေးမှုကို ပြုကုန်မည်, မှန်သော လုံ့လကို ဖိုက်ထုတ်ကုန်မည်, မှန်သော သတိကို ထားကုန်မည်, မှန်သော တည်တန့်ရေးကို ပြုကုန်မည်။

မှန်သောဉာဏ်အမြင် ရှိကုန်မည်, မှန်သော လွတ်လပ်သူတို့ ဖြစ်ကုန်မည်, ပျင်းရိ ငိုက်မြည်းခြင်း ကင်းကုန်မည်, မပျံ့မလွင့် ဖြစ်ကုန်မည်, ယုံမှား လွန်မြောက်သူတို့ ဖြစ်ကုန်မည်, အမျက် မထားသူတို့ ဖြစ်ကုန်မည်, ရန်ငြိုးမဖွဲ့သူတို့ ဖြစ်ကုန်မည်, ဂုဏ်ကျေးဇူး မချေဖျက်သူတို့ ဖြစ်ကုန်မည်, အပြိုင်အဆိုင် မပြုသူတို့ ဖြစ်ကုန်မည်, မငြူစူသူတို့ ဖြစ်ကုန်မည်, ဝန်မတိုသူတို့ ဖြစ်ကုန်မည်, မစဉ်းလဲ သူတို့ ဖြစ်ကုန်မည်, မလှည့်ပတ် သူတို့ ဖြစ်ကုန်မည်, မခက်ထန် သူတို့ ဖြစ်ကုန်မည်, မာန်မတက် သူတို့ ဖြစ်ကုန်မည်, အပြောအဆို လွယ်ကူသူတို့ ဖြစ်ကုန်မည်, မိတ်ဆွေကောင်း ရှိသူတို့ ဖြစ်ကုန်မည်, မမေ့ မလျော့ သူတို့ဖြစ်ကုန်မည်, ယုံကြည်သူတို့ ဖြစ်ကုန်မည်, ရှက်တတ်သူတို့ ဖြစ်ကုန်မည်, ကြောက်လန့်တတ် သူတို့ ဖြစ်ကုန်မည်, အကြားအမြင်များ သူတို့ ဖြစ်ကုန်မည်, အားထုတ် လုံ့လ ပြုလုပ်သူတို့ ဖြစ်ကုန်မည်, သတိထင် သူတို့ ဖြစ်ကုန်မည်, သူတပါးတို့သည် မိမိ အယူဝါဒ၌ စွဲလမ်းသူ, မြဲစွာယူသူ, စွန့်လွှတ် နိုင်ခဲသူတို့ ဖြစ်ကုန်စေကာ, ငါတို့ကား မိမိတို့ အယူ ဝါဒ၌ မစွဲလမ်းသူ, မြဲစွာမယူသူ, စွန့်လွှတ်လွယ်သူတို့ ဖြစ်ကုန်မည်ဟု ခေါင်းပါးရေးကို ပြုကျင့်အပ်၏။

စုန္ဒ, ကုသိုလ်တရားတို့၌ စိတ်ထား ကြံစည်ကာမျှကိုပင် ကျေးဇူးများသည်ဟု ငါဆို၏၊ ကိုယ်, နှုတ်, နှစ်မျိုးရုံဖြင့် ပြုကျင့် ပြောဆိုရာတို့၌ အဘယ်ဆိုဖွယ် ရှိတော့အံ့နည်း?၊ စုန္ဒ, ထို့ကြောင့် တပါးသူတို့မှ ညှဉ်းဆဲသူတို့ဖြစ်စေကုန်ကာ, ငါတို့ကား မညှဉ်းဆဲသူတို့ ဖြစ်ကုန်မည်ဟု စိတ်ထား ပြုလုပ် ကြံစည်အပ်၏၊ အခြား သူတို့သည် သူ့အသက် သတ်ဖြတ်သူတို့ ဖြစ်စေကုန်ကာ, ငါတို့ကား သူ့အသက် မသတ်ဖြတ်သူတို့ဖြစ်ကုန်မည်, သူ့ဥစ္စာ ခိုးယူမှုမှ ကြဉ်ရှောင်ကြကုန်မည်, မြင့်မြတ်သော အကျင့်ကို ကျင့်ကြကုန်မည်, မုသား ပြောဆိုခြင်းမှ ကြဉ်ရှောင်ကြကုန်မည်, ချောပစ်ခြင်းမှကြဉ်ရှောင်ကြကုန်မည်, စကားရုန့်ကြမ်းပြောခြင်းမှ ကြဉ်ရှောင်ကြကုန်မည်, အပြိန်အဖျင်း ပြောခြင်းမှ ကြဉ်ရှောင်ကြ ကုန်မည်, သူ့စည်းစိမ်ကို မတပ်မက် မငြူစူ သူတို့ ဖြစ်ကုန်မည်, သူပျက်စီးကြောင်း မကြံစည်သူတို့ ဖြစ်ကုန်မည်, အယူအစွဲ မှန်သူတို့ ဖြစ်ကုန်မည်, မှန်သောအကြံအစည်ကို ကြံစည်ကုန်မည်, မှန်သောစကားကို ဆိုကုန်မည်, မှန်သောအလုပ်ကို လုပ်ကုန်မည်, မှန်သော အသက်မွေးမှုကို ပြုကုန်မည်, မှန်သောလုံ့လကို ဖိုက်ထုတ်ကုန်မည်, မှန်သော သတိကို ထားကုန်မည်, မှန်သော တည်တန့်ရေးကို ပြုကုန်မည်။

မှန်သောဉာဏ်အမြင် ရှိကုန်မည်, မှန်သော လွတ်လပ်သူတို့ ဖြစ်ကုန်မည်, ပျင်းရိ ငိုက်မြည်းခြင်း ကင်းကုန်မည်, မပျံ့မလွင့် ဖြစ်ကုန်မည်, ယုံမှားလွန်မြောက်သူတို့ ဖြစ်ကုန်မည်, အမျက်မထွက်သူတို့ ဖြစ်ကုန်မည်, ရန်ငြိုးမဖွဲ့သူတို့ ဖြစ်ကုန်မည်, ဂုဏ်ကျေးဇူး မချေဖျက်သူတို့ ဖြစ်ကုန်မည်, အပြိုင်အဆိုင် မပြုသူတို့ဖြစ်ကုန်မည်, မငြူစူသူတို့ ဖြစ်ကုန်မည်, ဝန်မတိုသူတို့, ဖြစ်ကုန်မည်, မစဉ်းလဲသူတို့ ဖြစ်ကုန်မည်, မလှည့်ပတ်သူတို့ ဖြစ်ကုန်မည်, မခက်ထန် သူတို့ ဖြစ်ကုန်မည်, မာန်မတက် သူတို့ ဖြစ်ကုန်မည်, အပြောအဆို လွယ်ကူသူတို့ ဖြစ်ကုန်မည်, မိတ်ဆွေကောင်း ရှိသူတို့ ဖြစ်ကုန်မည်, မမေ့ မလျော့သူတို့ ဖြစ်ကုန်မည်, ယုံကြည်သူတို့ ဖြစ်ကုန်မည်, ရှက်တတ်သူတို့ ဖြစ်ကုန်မည်, ကြောက်လန့်တတ် သူတို့ ဖြစ်ကုန်မည်, အကြားအမြင်များ သူတို့ ဖြစ်ကုန်မည်, အားထုတ် လုံ့လ ပြုလုပ်သူတို့ ဖြစ်ကုန်မည်, သတိထင်သူတို့ ဖြစ်ကုန်မည်, သူတပါးတို့သည် မိမိ အယူဝါဒ၌ အစွဲးသန်သူ, မြဲမြံစွာယူသူ, စွန့်လွှတ် နိုင်ခဲသူတို့ ဖြစ်ကုန်စေကာ, ငါတို့ကား မိမိအယူဝါဒ၌ အစွဲးမသန်သူ, မြဲစွဲးစွာမယူသူ, စွန့်လွှတ်လွယ်သူတို့ ဖြစ်ကုန်မည်ဟု စိတ်ထားပြုလုပ် ကြံစည်အပ်၏။

အို စုန္ဒ, ဥပမာအားဖြင့် မညီမညွတ်သော လမ်းခရီးရှိရာသော်, ညီညွတ်သော လမ်းခရီးသည် ထိုခရီးကိုကြဉ်ရှောင်သွားလာရန် ဖြစ်သကဲ့သို့, မညီညွတ်သော ဆိပ်ကမ်းရှိရာသော်-ညီညွတ်သော ဆိပ်ကမ်းသည် ထိုဆိပ်ကမ်းကို ကြဉ်ရှောင် သွားလာရန် ဖြစ်သကဲ့သို့, ဤနည်းတူပင် ညှဉ်းဆဲးနှိပ်စက် ပြုလုပ်တတ်သူမှာ မညှဉ်းဆဲး မနှိပ်စက်ခြင်းသည် ကြဉ်ရှောင် ဖွယ် လမ်းပင်ဖြစ်၏။ အခြားသူတို့သည် ညှဉ်းဆဲးသူတို့ ဖြစ်ကုန်စေကာ, ငါတို့ကား မညှဉ်းဆဲးသူတို့ ဖြစ်ကုန်မည်ဟု ကိလေသာ ခေါင်းပါးရေးကို ပြုကျင့်အပ်၏။ အခြားသူတို့သည် သူ့အသက် သတ်ဖြတ်သူတို့ ဖြစ်စေကုန်ကာ, ငါတို့ကား သူ့အသက် မသတ်ဖြတ်သူတို့ ဖြစ်ကုန်မည်, သူ့ဥစ္စာ ခိုးယူမှုမှ ကြဉ်ရှောင်ကြကုန်မည်, မြင့်မြတ်သော အကျင့်ကို ကျင့်ကြကုန်မည်, မုသား ပြောဆိုခြင်းမှ ကြဉ်ရှောင်ကြကုန်မည်, ချောပစ်ခြင်းမှ ကြဉ်ရှောင်ကြကုန်မည်, စကားရုန့်ကြမ်းပြောခြင်းမှ ကြဉ်ရှောင်ကြကုန်မည်, အပြိန်အဖျင်း ပြောခြင်းမှ ကြဉ်ရှောင်ကြကုန်မည်, သူ့စည်းစိမ်ကို မတသ်မက် မငြူစူသူတို့ ဖြစ်ကုန်မည်, သူပျက်စီးကြောင်း မကြံစည်သူတို့ဖြစ်ကုန်မည်, အယူအစွဲ မှန်သူတို့ ဖြစ်ကုန်မည်, မှန်သော အကြံအစည်ကို ကြံစည်ကုန်မည်, မှန်သော စကားကို ဆိုကုန်မည်, မှန်သော အလုပ်ကို လုပ်ကုန်မည်, မှန်သော အသက်မွေးမှုကို ပြုကုန်မည်, မှန်သော လုံ့လကို ဆုတ်ထုတ်ကုန်မည်, မှန်သော သတိကို ထားကုန်မည်, မှန်သော တည်တံ့ခြင်းကို ပြုကုန်မည်။

မှန်သောဉာဏ်အမြင် ရှိကုန်မည်, မှန်သော လွတ်လပ်သူတို့ ဖြစ်ကုန်မည်, ပျင်းရိ ငိုက်မြည်းခြင်း ကင်းကုန်မည်, မပျံ့မလွင့် ဖြစ်ကုန်မည်, ယုံမှားလွန်မြောက်သူတို့ ဖြစ်

ကုန်မည် , အမျက်မထားသူတို့ ဖြစ်ကုန်မည် , ရန်ငြိုးမဖွဲ့သူတို့ ဖြစ်ကုန်မည် , ဂုဏ်ကျေးဇူး မချေဖျက်သူတို့ ဖြစ်ကုန်မည် , အပြိုင်အခက် မပြုသူတို့ ဖြစ်ကုန်မည် , မငြူစူသူတို့ ဖြစ်ကုန်မည် , ဝန်မတိုသူတို့ ဖြစ်ကုန်မည် , မစဉ်းလဲ သူတို့ဖြစ်ကုန်မည် , မလှည့်ပတ် သူတို့ ဖြစ်ကုန်မည် , မခက်ထန်သူတို့ ဖြစ်ကုန်မည် , မာန်မတက် သူတို့ ဖြစ်ကုန်မည် , အပြောအဆို လွယ်ကူသူတို့ ဖြစ်ကုန်မည် , မိတ်ဆွေကောင်း ရှိသူတို့ ဖြစ်ကုန်မည် , မမေ့ မလျော့ သူတို့ ဖြစ်ကုန်မည် , ယုံကြည်သူတို့ ဖြစ်ကုန်မည် , ရှက်တတ်သူတို့ ဖြစ်ကုန်မည် , ကြောက်လန့်တတ် သူတို့ ဖြစ်ကုန်မည် , အကြားအမြင်များ သူတို့ ဖြစ်ကုန်မည် , အားထုတ် လုံ့လ ပြုလုပ်သူတို့ ဖြစ်ကုန်မည် , သတိထင် သူတို့ ဖြစ်ကုန်မည် ၊ မိမိ အယူဝါဒ၌ အစွဲးသန်သူ , မြဲမြံစွာယူသူ , စွန့်လွှတ်နိုင်ခဲသူမှာ မိမိ အယူဝါဒ၌ အစွဲမသန်ခြင်း , မြဲမြံစွာမယူခြင်း , စွန့်လွှတ်လွယ်ခြင်းသည် ၎င်းကိုကြဉ်ရှောင်ဖွယ် လမ်းပင်ဖြစ်၏။

ဒို စုန္ဒ , ဥပမာအားဖြင့် အကုသိုလ်တရား အားလုံးတို့သည် အောက်အဖို့သာ ဆိုက်ရောက်ဖွယ် ဖြစ်ကုန်သကဲ့သို့ , ကုသိုလ်တရား အားလုံးတို့သည် အထက်အဖို့သို့ သာ တက်ရောက်ရန် ဖြစ်ကုန်သကဲ့သို့ , ထို့အတူပင် ညှဉ်းဆဲနှိပ်စက် ပြုသူမှာ မညှဉ်းဆဲ မနှိပ်စက်ခြင်းသည် အထက်အဖို့သာ တက်ရောက်ရန်ဖြစ်၏။ အခြား သူတို့သည် ညှဉ်းဆဲသူတို့ ဖြစ်စေကုန်ကာ , ငါတို့ကား မညှဉ်းဆဲသူတို့ ဖြစ်ကုန်မည်ဟု ကိလေသာခေါင်းပါးရေးကို ပြုကျင့်အပ်၏။ အခြား သူတို့သည် သူ့အသက် သတ်ဖြတ် သူတို့ ဖြစ်စေကုန်ကာ , ငါတို့ကား သူ့အသက် မသတ်ဖြတ်သူတို့ ဖြစ်ကုန်မည် , သူ့ဥစ္စာ မိုးယူမှုမှ ကြဉ်ရှောင်ကြကုန်မည် , မြင့်မြတ်သော အကျင့်ကို ကျင့်ကြကုန်မည် , မုသား ပြောဆိုခြင်းမှ ကြဉ်ရှောင်ကြကုန်မည် , ချောပစ်ခြင်းမှ ကြဉ်ရှောင်ကြကုန်မည် , စကား ရုန့်ကြမ်းပြောခြင်းမှ ကြဉ်ရှောင်ကြကုန်မည် , အပြိန်အဖျင်း ပြောခြင်းမှ ကြဉ်ရှောင်ကြကုန်မည် , သူ့စည်းစိမ်ကို မတပ်မက် မငြူစူသူတို့ ဖြစ်ကုန်မည် , သူ့ပျက်စီးကြောင်း မကြံစည်သူတို့ ဖြစ်ကုန်မည် , အယူအစွဲ မှန်သူတို့ ဖြစ်ကုန်မည် , မှန်သော အကြံအစည်ကို ကြံစည်ကုန်မည် , မှန်သော စကားကို ဆိုကုန်မည် , မှန်သောအလုပ်ကို လုပ်ကုန်မည် , မှန်သောအသက်မွေးမှုကို ပြုကုန်မည် ; မှန်သော လုံ့လကို အားထုတ်ကုန်မည် , မှန်သော သတိကို ထားကုန်မည် , မှန်သော တည်တံ့ရေးကို ပြုကုန်မည်

မှန်သော ဉာဏ်အမြင် ရှိကုန်မည် , မှန်သော လွတ်လပ်သူတို့ ဖြစ်ကုန်မည် , ပျင်းရိငိုက်မြည်းခြင်း ကင်းကုန်မည် , မပျံ့မလွင့် ဖြစ်ကုန်မည် , ယုံမှားလွန်မြောက်သူတို့ ဖြစ်ကုန်မည် , အမျက်မထားသူတို့ ဖြစ်ကုန်မည် , ရန်ငြိုးမဖွဲ့သူတို့ ဖြစ်ကုန်မည် , ဂုဏ်ကျေးဇူး မချေဖျက်သူတို့ ဖြစ်ကုန်မည် , အပြိုင်အခက် မပြုသူတို့ ဖြစ်ကုန်မည် , မငြူစူသူတို့ ဖြစ်ကုန်မည် , ဝန်မတိုသူတို့ ဖြစ်ကုန်မည် , မစဉ်းလဲ သူတို့ ဖြစ်ကုန်မည် ,

မလှည့်ပတ်သူတို့ ဖြစ်ကုန်မည်, မခက်ထန် သူတို့ ဖြစ်ကုန်မည်, မာနမတက် သူတို့ ဖြစ်ကုန်မည်, အပြောအဆို လွယ်ကူသူတို့ ဖြစ်ကုန်မည်, မိတ်ဆွေကောင်း ရှိသူတို့ ဖြစ်ကုန်မည်, မမေ့ မလျော့သူတို့ ဖြစ်ကုန်မည်, ယုံကြည်သူတို့ ဖြစ်ကုန်မည်, ရှက်တတ်သူတို့ ဖြစ်ကုန်မည်, ကြောက်လန့်တတ်သူတို့ ဖြစ်ကုန်မည်, အကြားအမြင်များသူတို့ ဖြစ်ကုန်မည်, အားထုတ် လုံ့လ ပြုလုပ်သူတို့ ဖြစ်ကုန်မည်, သတိ ထင်သူတို့ ဖြစ်ကုန်မည်, မိမိ အယူဝါဒ၌ အစွဲးသန်သူ, မြဲမြံစွာယူသူ, စွန့်လွှတ်နိုင်ခဲသူမှာ မိမိအယူဝါဒ အစွဲးမသန်ခြင်း, မြဲမြံစွာမယူခြင်း, စွန့်လွှတ်လွယ်ခြင်းသည် အထက် အဖို့သို့ တက်ရောက်ဖွယ်ဖြစ်၏။

အို စုန္ဒ, မိမိကိုယ်တိုင်က ကာမ၌ တသ်မက်ခြင်း ဟူသော လောက ညွှန်တွင်း၌ လူးလဲ ကျွံနစ်နေပါလျက်, မိမိအလား အခြားတပါးသော အလိုကာမညွှန်တွင် ကျွံနစ်နေသူ တဦးကို ထုတ်ဆောင် ကယ်တင်နိုင်ဖွယ် အကြောင်းမရှိချေ၊ မိမိကိုယ်တိုင်က အလိုကာမညွှန်၌ မကျွံမနစ်သူသည်သာ အခြားတပါးသော အလိုကာမညွှန်၌ ကျွံနစ်နေသူတဦးကို ထုတ်ဆောင် ကယ်တင်နိုင်ဖွယ် အကြောင်းရှိလေသည်၊ အို စုန္ဒ, မိမိကိုယ်တိုင်က မယဉ်ကျေးပါပဲ, မဆုံးမပါပဲ, မငြိမ်းအေးပါပဲ, အခြားတပါးသော မယဉ်ကျေးသူ, မဆုံးမရသေးသူ, မငြိမ်းအေးသူကို ယဉ်ကျေးစေနိုင်, ဆုံးမနိုင်, ငြိမ်းအေးစေနိုင်ရန် အကြောင်းမရှိချေ။

မိမိကိုယ်တိုင်က ယဉ်ကျေးပြီး, ဆုံးမပြီး, ငြိမ်းအေးပြီး သူသည်သာ အခြားတပါးသော မယဉ်ကျေးသူ, မဆုံးမရသေးသူ, မငြိမ်းအေးသူတဦးကို ယဉ်ကျေးစေနိုင် ဆုံးမနိုင်, ငြိမ်းအေးစေနိုင်မည်ဟူသော အကြောင်းရှိလေသည်၊ အို စုန္ဒ, ဤနည်းအတူပင် နှိပ်စက်ညှဉ်းဆဲးတတ်သူမှာ မညှဉ်းဆဲးမနှိပ်စက်ခြင်းသည် ငြိမ်းအေးကြောင်းလမ်းဖြစ်၏၊ အခြားသူတို့သည် ညှဉ်းဆဲးသူတို့ ဖြစ်စေကုန်သော် ငါတို့ကား မညှဉ်းဆဲးသူတို့ ဖြစ်ကုန်မည်ဟု ကိလေသာ ခေါင်းပါးရေးကို ပြုကျင့်အပ်၏၊ အခြားသူတို့သည် သူ့အသက် သတ်ဖြတ်သူတို့ ဖြစ်စေကုန်သော်, ငါတို့ကား သူ့အသက် မသတ်ဖြတ်သူတို့ ဖြစ်ကုန်မည်, သူ့ဥစ္စာခိုးသူမှ ကြဉ်ရှောင်ကြကုန်မည်, မြင့်မြတ်သော အကျင့်ကို ကျင့်ကြကုန်မည်, မုသားပြောဆိုခြင်းမှ ကြဉ်ရှောင်ကြကုန်မည်, ကုန်းချောခြင်းမှ ကြဉ်ရှောင်ကြကုန်မည်, စကားရုန့်ကြမ်းပြောခြင်းမှ ကြဉ်ရှောင်ကြကုန်မည်, အပြိန်အဖျင်း ပြောခြင်းမှ ကြဉ်ရှောင်ကြကုန်မည်, သူ့ဥစ္စာကို မတသ်မက် မရှုသူတို့ ဖြစ်ကုန်မည်, ပျက်စီးကြောင်း မကြံစည်သူတို့ ဖြစ်ကုန်မည်, အယူအစွဲး မှန်သူတို့ ဖြစ်ကုန်မည်, မှန်သော အကြံအစည်ကို ကြံစည်ကုန်မည်, မှန်သော စကားကို ဆိုကုန်မည်, မှန်သော အလုပ်ကို လုပ်ကုန်မည်, မှန်သော အသက်မွေးမှုကို ပြုကုန်မည်, မှန်သော လုံ့လကို အားထုတ်ကုန်မည်, မှန်သော သတိကို ထားကုန်မည်, မှန်သော တည်တန့်ရေးကို ပြုကုန်မည်၊

မှန်သောဉာဏ်အမြင် ရှိကုန်မည် , မှန်သော လွတ်လပ်သူတို့ ဖြစ်ကုန်မည် , ပျင်းရိ ငိုက်မြည်းခြင်း ကင်းကုန်မည် , မပျံ့လွင့် ဖြစ်ကုန်မည် , ယုံမှားလွန်မြောက်သူတို့ ဖြစ်ကုန်မည် , အမျက်မထားသူတို့ ဖြစ်ကုန်မည် , ရန်ငြိုးမဖွဲ့သူတို့ ဖြစ်ကုန်မည် , ဂုဏ်ကျေးဇူး မချေဖျက်သူတို့ ဖြစ်ကုန်မည် , အပြိုင်အဆဲ မပြုသူတို့ ဖြစ်ကုန်မည် , မငြူစူသူတို့ ဖြစ်ကုန်မည် , ဝန်မတိုသူတို့ ဖြစ်ကုန်မည် , မစဉ်းလဲသူတို့ ဖြစ်ကုန်မည် , မလှည့်ပတ်သူတို့ ဖြစ်ကုန်မည် , မခက်ထန်သူတို့ ဖြစ်ကုန်မည် , မာန်မတက် သူတို့ ဖြစ်ကုန်မည် , အပြောအဆို လွယ်ကူသူတို့ ဖြစ်ကုန်မည် , မိတ်ဆွေကောင်း ရှိသူတို့ ဖြစ်ကုန်မည် , မမေ့ မလျော့ သူတို့ ဖြစ်ကုန်မည် , ယုံကြည် သူတို့ ဖြစ်ကုန်မည် , ရှက်တတ်သူတို့ ဖြစ်ကုန်မည် , ကြောက်လန့်တတ်သူတို့ ဖြစ်ကုန်မည် , အကြားအမြင်များသူတို့ဖြစ်ကုန်မည် , အားထုတ် လုံ့လ ပြုလုပ်သူတို့ ဖြစ်ကုန်မည် , သတိထင် သူတို့ ဖြစ်ကုန်မည်၊ မိမိ အယူဝါဒ၌ အစွဲးသန်သူ , မြဲမြံစွာယူသူ , စွန့်လွှတ်နိုင်ခဲသူမှာ ငါးတို့ အစွဲးမသန်ခြင်း,မြဲမြံစွာမယူခြင်း,စွန့်လွှတ်လွယ်ခြင်းသည် ခြိမ်းအေးကြောင်းနည်းလမ်း ပင်ဖြစ်၏။

ဤသို့အားဖြင့် အို စုန္ဒ , ငါသည် ကိလေသာ ခေါင်းပါးရေးကို ဟောညွှန်အပ်ပြီ၊ စိတ်ဖြစ်ပွါးရေးကို ဟောညွှန်အပ်ပြီ၊ အထက်တန်း တက်ရောက်ရေးကို ဟောညွှန်အပ်ပြီ၊ ကိလေသာ ငြိမ်းအေးရေးကို ဟောညွှန်အပ်ပြီ၊ အို စုန္ဒ , တပည့်တော် အပေါင်းတို့အား အစီးအပွါးကို လိုလားစောင့်ရှောက်သည့် ဆရာသည် အစဉ်စောင့်ရှောက်၍ ပြုလုပ်သင့်သောလုပ်ငန်းကို သင်တို့အပေါ်၌ ပြုလုပ်အပ်ပြီ၊ အို စုန္ဒ , ဤသည်တို့ကား သစ်ပင်ရင်း ဆိတ်ငြိမ်ရာ အရပ်တို့ ဖြစ်ကုန်၏၊ တရားကို ရှုမြဲဆင်ခြင်ကြကုန် , မမေ့ မလျော့ကြကုန်လင့် , နောင်အခါ နှစ်လုံးမသက်မသာ မဖြစ်ကြစေကုန်လင့် , ဤကား ငါတို့ အဆုံးအမတည်း၊—ဤတရားတော်ကို အရှင်မဟာစုန္ဒနှင့်သက်ဝမ်းမြောက်ပြီ၊ ဤသို့ ကြားနာ မှတ်သားရပါသည်။

သလ္လေခ သုတ္တန် ပြီး၏၊

# ၉။ သမ္မာဒိဋ္ဌိ သုတ္တန်

တရား စစ်မှူးကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တ မထေရ်မြတ် အထံမှ ဤသို့ အကျဉ်းချုပ် ကြားနာမှတ်သားရပါသည်—

ဘုရားရှင် သာဝတ္ထိမြို့တော်ကို အမှီအထား ပြုလုပ်၍ အနာထပိဏ် သူဌေးကြီး ဆောက်လုပ် လှူဒါန်းသော ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူစဉ် အခါ "ငါ့ရှင် ရဟန်းတို့" ဟု အစည်း အဝေးရှိ ရဟန်းတို့ကို အရှင်သာရိပုတ္တမထေရ် က ခေါ်တော်မူရာ "အို ငါ့ရှင်" ဟု ရဟန်းတို့က ပြန်ကြားသော် - အရှင်သာရိပုတ္တ မထေရ်က ငါ့ရှင်တို့, "မှန်ကန်သော အယူ, မှန်ကန်သော အယူ" ဟု ဆိုအပ်၏။ ဘုရား၏ တပည့်တော်သည် မည်မျှလောက် အတိုင်းအရှည် အားဖြင့် အယူမှန်သူ ဖြစ် လေသနည်း?၊ ထိုသူမှာ မည်မျှ အတိုင်းအရှည်အားဖြင့် ဖြောင့်မှန်သော အယူ ရှိ သူဖြစ်၍ တရားတော်၌ မတုန်မလှုပ် ကြည်ညိုသူ ဖြစ်လျက်, ဤ သာသနာ တော်သို့ သက်ရောက်သောသူ ဖြစ်ပါသနည်း? ဟု မေးတော်မူလေပြီ၊ ◦ ရဟန်းတို့က, "အို-- ငါ့ရှင် သာရိပုတ္တ, ငါတို့သည် အရှင်မြတ် ဟောညွှန်ချက် တရားကို နာကြားရန်ပင် ခရီးဝေးမှ လာကြပါကုန်သည်၊ အရှင်သည်ပင် ဟောညွှန်တော်မူပါ၊ ရဟန်းအများ မှတ်သား ဆောင်ယူကြပါကုန်လိမ့်မည်" ဟု ပြန်ကြားကုန်ပြီ၊ အရှင်သာရိပုတ္တမထေရ် ဤသို့ ဟောညွှန်လေပြီ......

အို ငါ့ရှင်တို့, ဘုရား၏ တပည့်တော်သည် အကုသိုလ်တရားကို ခွဲခြားသိ၏၊ အ ကုသိုလ် အရင်းအမြစ်ကို ခွဲခြားသိ၏၊ ကုသိုလ်ကို ခွဲခြားသိ၏၊ ကုသိုလ် အရင်းအမြစ် ကို ခွဲခြားသိ၏၊ ငါ့ရှင်တို့, ဤမျှ အတိုင်းအရှည် ဖြင့်လည်း ဘုရား တပည့်တော်သည် အယူမှန်သူ ဖြစ်လေသည်၊ အယူဖြောင့်မှန်၍ တရားတော်၌ မတုန်မလှုပ် ကြည်ညို လျက်, ဤသာသနာတော်သို့ သက်ရောက်သူ ဖြစ်လေသည်။

ငါ့ရှင်တို့, အကုသိုလ်ကား အဘယ်နည်း?၊ ငါ့ရှင်တို့, သူ့အသက်ကို သတ် ဖြတ်ခြင်းသည် အကုသိုလ်တည်း, သူ့ဥစ္စာကို ခိုးယူခြင်း, ကာမဂုဏ်၌ မှားယွင်း ကျင့်ကြံခြင်း, မုသားပြောဆိုခြင်း, ချောပစ်ခြင်း, စကားကြမ်းဆိုခြင်း, အပြိန်အဖျင်းဆို ခြင်း, သူ့စည်းစိမ်ကို ရလိုစိတ် ထားခြင်း, သူတပါး ပျက်စီးကြောင်း ကြံစည်ခြင်း, အယူ အစွဲ မှားခြင်းသည် အကုသိုလ်တည်း၊ ငါ့ရှင်တို့, ဤတရားစုကို အကုသိုလ်ဟု ဆိုအပ်၏။

ငါ့ရှင်တို့ , အကုသိုလ်၏ အရင်းအမြစ်ကား အဘယ်နည်း ?၊ တပ်မက်ခြင်းသည် အကုသိုလ်၏ အရင်းအမြစ်တည်း၊ အမျက်ထွက်ခြင်းသည် အကုသိုလ်၏ အရင်းအမြစ်တည်း၊ မသိတွေဝေခြင်းသည် အကုသိုလ်၏ အရင်းအမြစ်တည်း၊ ငါ့ရှင်တို့, ဤတရားစုကို အကုသိုလ်၏ အရင်းအမြစ်ဟု ဆိုအပ်၏။

ငါ့ရှင်တို့, ကုသိုလ်ကား အဘယ်နည်း ?၊ သူ့အသက် သတ်မှုမှ ကြဉ်ရှောင်ခြင်းသည် ကုသိုလ်တည်း၊ ခိုးဝှက်မှုမှ ကြဉ်ရှောင်ခြင်း , ကာမဂုဏ်၌ မှားယွင်း ကျင့်ကြံမှုမှ ကြဉ်ရှောင်ခြင်း , မုသားပြောဆိုမှုမှ ကြဉ်ရှောင်ခြင်း , ချောပစ်မှုမှ ကြဉ်ရှောင်ခြင်း , စကားကြမ်းမှ ကြဉ်ရှောင်ခြင်း, အပြိန်အဖျင်းပြောမှုမှ ကြဉ်ရှောင်ခြင်း ,သူ့စည်းစိမ်ကို ရယူလိုစိတ် မထားခြင်း, သူ့ပျက်စီးရေး မကြံစည်ခြင်း ,အယူအစွဲဖြောင့်မှန်ခြင်းသည် ကုသိုလ်တည်း၊ ငါ့ရှင်တို့ , ဤတရားစုကို ကုသိုလ်ဟု ဆိုအပ်၏။

ငါ့ရှင်တို့ , ကုသိုလ်၏ အရင်းအမြစ်ကား အဘယ်နည်း ?၊ မတပ်မက်ခြင်းသည် ကုသိုလ်၏ အရင်းအမြစ်တည်း၊ အမျက်မထွက်ခြင်းသည် ကုသိုလ်၏ အရင်း အမြစ်တည်း၊ မတွေမဝေခြင်းသည် ကုသိုလ်၏ အရင်းအမြစ်တည်း၊ ငါ့ရှင်တို့ , ဤတရားစုကို ကုသိုလ်၏ အရင်းအမြစ်ဟု ဆိုအပ်၏။

ငါ့ရှင်တို့, ဘုရားတပည့်တော်သည် ဤသို့အားဖြင့် အကုသိုလ်ကို ခွဲခြားသိ၏၊ အကုသိုလ်၏ အရင်းအမြစ်ကို ခွဲခြားသိ၏၊ ကုသိုလ်ကို ခွဲခြားသိ၏၊ ကုသိုလ်၏အရင်း အမြစ်ကို ခွဲခြားသိ၏၊ ထိုသို့သောသူသည် ကုန်အောင်စုံအားဖြင့် တပ်မက်ခြင်း ကိန်းနေသည်ကို ပယ်စွန့်၍ , ရန်ငြိုးဖွဲ့ခြင်း ကိန်းနေသည်ကို ပယ်စွန့်၍ ,ငါဟု စွဲယူ မာန်ထောင်ခြင်းကိန်းနေသည်ကို ပယ်နုတ်၍ , တွေဝေခြင်းကိုပယ်ကာ အသိဉာဏ်ကို ဖြစ်ခဲ့စေသော်-မျက်မှောက်ပင် ဆင်းရဲ ကုန်ဆုံးလေသည်။

ဤမျှဖြင့် ဘုရားတပည့်တော်သည် အယူမှန်သူ ဖြစ်၍ ,ဖြောင့်မှန်သော အမြင် ရှိ၍ , တရားတော်၌ မတုန်မလှုပ် ကြည်ညိုလျက်,ဤသာသနာတော်သို့ သက်ရောက်သူ ဖြစ်လေသည်၊ "ကောင်းလှ၏ ငါ့ရှင်" ဟု နှစ်သက် ဝမ်းမြောက် ကြပြီးလျှင် "ငါ့ရှင်--အယူမှန်ကာ ဖြောင့်မှန်သော အယူရှိ၍ တရားတော်၌ တည်တန့်လျက် , ဤ သာသနာတော်သို့ သက်ရောက်ကြောင်း အခြားနည်းများ ရှိပါသေးသလား" ? ဟု ရဟန်းတို့က နောက်ထပ် မေးလျှောက်ကြပြန်သော် - အရှင်သာရိပုတ်က "ရှိသေး၏ ငါ့ရှင်တို့ " ဟု ဝန်ခံ၍ ဤသို့ ဟောညွှန် ပြဆိုလေပြီ။

ငါ့ရှင်တို့, ဘုရား တပည့်တော်သည် * အာဟာရကို ခွဲခြားသိ၏ , အာဟာရ ဖြစ်ကြောင်းကို ခွဲခြားသိ၏ , အာဟာရ လက်စသတ် ချုပ်ငြိမ်းရာကို ခွဲခြားသိ၏ , အာဟာရ ချုပ်ငြိမ်းရေး အကျင့်ကို ခွဲခြားသိ၏ , ဤ အတိုင်းအကျဉ်းဖြင့် ဘုရားတပည့်တော်သည် အယူမှန်သူဖြစ်၏ , ဖြောင့်မှန်သော အယူဉာဏ်မြင်ရှိ၍ တရားတော်၌

---

* အစာ အယောက်အပင့်ကို "အာဟာရ" ဆိုသည်။

မတုန်မလှုပ် တည်တန့်လျက်, ဤသာသနာတော်သို့ သက်ရောက်သူ ဖြစ်လေသည်၊ ငါ့ရှင်တို့, အာဟာရကား အဘယ်နည်း ?၊ ငါ့ရှင်တို့, ထင်ရှားပြီး သတ္တဝါတို့ တည်တန့်နေနိုင်ရန်, ဖြစ်ပွါးစသတ္တဝါအား ထောက်ပန့်ရန်အလို့ ငှါ အာဟာရ လေးမျိုးဖြစ်ကုန်၏၊

အာဟာရ လေးမျိုးတို့ကား ကြမ်းတမ်း နူးညံ့ နှစ်မျိုးရှိ အားဖြင့် ဖြစ်သော အသုံးအဆောင် ပြုလုပ် စားသုံးသော အစာ အာဟာရငှ်း, တွေ့ထိခြင်း ဟူသော နှစ်ခုမြောက် အစာ အာဟာရငှ်း, စိတ်၌ စေ့ဆော်ခြင်း ဟူသော သုံးခုမြောက် အစာ အာဟာရငှ်း, အထူးထူး သိမှတ်ခြင်း ဝိညာဉ်ဟူသော လေးခုမြောက် အစာ အာဟာရငှ်း, ဤလေးမျိုးတို့တည်း။

တဏှာဖြစ်ခြင်းသည် အစာ အာဟာရ ဖြစ်ကြောင်းတည်း၊ တဏှာ ချုပ်ငြိမ်းခြင်းသည် အာဟာရ ချုပ်ငြိမ်းရာပင် ဖြစ်၏၊ အာဟာရ ချုပ်ငြိမ်းရေး အကျင့်ကား .....
၁- မှန်ကန်သော အမြင်ဉာဏ်, ၂- မှန်ကန်သော အကြံအစည်, ၃- မှန်ကန်သော အပြော အဆို, ၄-မှန်ကန်သော အလုပ် အကိုင်, ၅- မှန်ကန်သော အသက်မွေးမှု, ၆- မှန်ကန်သော အားထုတ်ခြင်း, ၇- မှန်ကန်သော အောက်မေ့ခြင်း, ၈- မှန်ကန်သော တည်တန့်ခြင်း- ဤသည့် အင်္ဂါရှစ်ပါးရှိ မြတ်သော ကျင့်စဉ်တရားပင်တည်း။

ငါ့ရှင်တို့, ဤသို့အားဖြင့် ဘုရား၏ တပည့်တော်သည် အာဟာရတို့ကို ခွဲခြားသိ၏၊ အာဟာရဖြစ်ကြောင်းကို ခွဲခြားသိ၏၊ အာဟာရ ချုပ်ငြိမ်းရာကို ခွဲခြားသိ၏။ အာဟာရ ချုပ်ငြိမ်းရေး ကျင့်ဝတ်ကို ခွဲခြားသိ၏၊ ၎င်းသည် ကုန်အောင်စုံအားဖြင့် တဏှာကြောင်း ကိန်းသည်ကို ဖယ်၍ ရန်ငြိုးကိန်းသည်ကို ပျောက်၍ ငါဟု ထင်မှတ်ချက် ကိန်းသည်ကို နုတ်ပယ်လျက် မသိတွေဝေခြင်းကို ပယ်ကာ, အသိဉာဏ်ကိုဖြစ်စေ၍ယခု-မျက်မှောက်၌ပင် ဆင်းရဲးကုန်ဆုံးလေသည်။

ဤမျှ အတိုင်းအရှည်ဖြင့်လည်း ဘုရား၏တပည့်တော်သည် တရားတော်၌ မတုန်မလှုပ် ကြည်ညိုသော သာသနာဝင် ဖြစ်လေသည်၊ "ကောင်းလှပြီ ငါ့ရှင်" ဟု ရဟန်းတို့က အနုမောဒနာ ပြုကုန်ကာ, အို ငါ့ရှင်, အခြားတပါးသော အယူမှန် ဖြစ်ကြောင်းနည်းများ ရှိပါသေးသလော ?၊ဟု မေးကြကုန်ရာ, "ရှိသေး၏ ငါ့ရှင်တို့"ဟု ပြန်ကြားကာ ဤသို့ ညွှန်ပြလေပြီ။

ငါ့ရှင်တို့, ဘုရား၏တပည့်တော်သည် ဆင်းရဲကို ခွဲခြားသိ၏၊ ဆင်းရဲ ဖြစ်ကြောင်းကို ခွဲခြားသိ၏၊ ဆင်းရဲ လက်စသတ် ချုပ်ငြိမ်းရာကို ခွဲခြားသိ၏၊ ဆင်းရဲ ချုပ်ငြိမ်းရေး အကျင့်ကို ခွဲခြားသိ၏၊ ဤမျှဖြင့်လည်း ဘုရား တပည့်တော်သည် အယူမှန်သူ, မတုန် မလှုပ် ကြည်ညိုသူ, သာသနာဝင် ဖြစ်လေသည်။

ငါ့ရှင်တို့, ဆင်းရဲ အဘယ်နည်း ?၊ ဇာတိဘဝ ထိုထို၌ ဖြစ်ပွါးခြင်းသည် ဆင်းရဲ အိုခြင်းရခြင်းသည် ဆင်းရဲ, သေပျောက်ရခြင်းသည် ဆင်းရဲ, စိုးရိမ်ရခြင်း, ငိုကြွေးရ,

ခြင်း, ကိုယ်စိတ် ဆင်းရဲရခြင်း, ပြင်းစွာ ပင်ပန်း ရခြင်းတို့သည် ဆင်းရဲ , fi လိုရာ မရခြင်းသည် ဆင်းရဲ , အချုပ်အားဖြင့် စွဲလမ်းခြင်းရှိသော ကိုယ်အစု ငါးမျိုး သည်ပင် ဆင်းရဲ ဖြစ်ကုန်၏၊ ဤတရားစုကို ဆင်းရဲဟု ဆိုအပ်၏၊ ဆင်းရဲဖြစ်ကြောင်းကား…… တဖန် ဘုံဘဝသစ်၌ ဖြစ်တတ်သည့် နှစ်သက်ခြင်းနှင့် တကွသော ထိုထိုအရာကို တပ်မက်ခြင်းတည်း။

အဘိပ္ပါယ်ကား ကာမဘုံ၌ တပ်မက်ခြင်း, ရူပဘုံ၌ တပ်မက်ခြင်း , အရူပဘုံ၌ တပ်မက်ခြင်း ဤသည့် ထိုထိုဘုံဘဝ,ထိုထိုအရာတို့ကို တပ်မက်ခြင်းသည် ဆင်းရဲဖြစ်ကြောင်းတည်း။

ဆင်းရဲ ချုပ်ငြိမ်းရာကား အဘယ်နည်း?၊ ထိုသည့် တပ်မက်ခြင်းကို အကြွင်းမဲ့ အတပ် အမက် မရှိ ချုပ်ခြင်း, စွန့်လွှတ်ခြင်း , လွှတ်လွှတ် စွန့်ပယ်ခြင်း , လွတ်သပ်ခြင်း, အတွယ် အငြိ ကင်းခြင်း, ဤကား ဆင်းရဲ လက်စသတ် ချုပ်ငြိမ်းရာတည်း၊ ဆင်းရဲ ချုပ်ငြိမ်းရေး ကျင့်ဝတ်ကား၊ ၁ - မှန်ကန်သော အမြင်ဉာဏ်, ၂ - မှန်ကန်သော အကြံအစည် , ၃ - မှန်ကန်သော အပြော အဆို , ၄ - မှန်ကန်သော အလုပ်အကိုင် , ၅ - မှန်ကန်သော အသက်မွေးမှု , ၆ - မှန်ကန်သော အားထုတ်ခြင်း ,၇ - မှန်ကန်သော အောက်မေ့ခြင်း, ၈ - မှန်ကန်သော တည်တန့်ခြင်း - ဤ အင်္ဂါရှစ်ပါးရှိ ဖြူစင်သော ကျင့်စဉ် ကျင့်နည်းပင်တည်း။

ငါ့ရှင်တို့ , ဤသို့အားဖြင့် ဘုရား တပည့်တော်သည် ဆင်းရဲ စသည်ကို ခွဲခြား သိမြင်လျက်, ကုန်အောင်စုံအားဖြင့် တပ်မက်ခြင်း, ရန်ညိုးဖွဲ့ခြင်း , ကိန်းနေရေး ပယ်စွန့်ပျက်ဆီးကာ, ငါဟု ထင်မှတ်ခြင်းကိန်းနေသည်ကို ပယ်နှုတ်၍ တွေ့ဝေခြင်းမရှိ အသိဉာဏ်ကို ဖြစ်စေသော် - မျက်မှောက်၌ပင် ဆင်းရဲ ကုန်ဆုံးနိုင်၏၊ ငါ့ရှင်တို့ , ဤမှဖြင့်လည်း အယူမှန် အတုန်အလှုပ်မဲ့ ဖြစ်နိုင်၏။

ကောင်းသုပေ၏ ငါ့ရှင်ဟု အနုမောဒနာ ပြုကြကာ,ဤမှတပါး အခြားသော သာသနာဝင် ဖြစ်ကြောင်း ရှိပါသေးသလား ဟု တဖန် မေးလျှောက်ကြ၍ , အရှင် သာရိပုတ်သည် ဤသို့ မိန့်ဆိုညွှန်ကြားလေပြီ။

အိုို ငါ့ရှင်တို့ , အခြားအကြောင်း ရှိသေး၏၊ ၎င်းကား– ဘုရားတပည့်တော်သည် အိုခြင်းနှင့် သေခြင်းကို ခွဲခြားသိ၏၊ အိုခြင်းနှင့် သေရခြင်း အကြောင်းကို ခွဲခြားသိ၏၊ ၎င်းတို့ လက်စသတ် ချုပ်ငြိမ်းရာကို ခွဲခြားသိ၏၊ ၎င်း ချုပ်ငြိမ်းရေး ကျင့်ဝတ်ကို ခွဲခြားသိ၏၊ ဤမှဖြင့်လည်း အယူမှန် သာသနာဝင် ဖြစ်၏၊ ငါ့ရှင်တို့, အိုခြင်းနှင့် သေခြင်းဟူသည် အဘယ်နည်း ?၊ ထိုထို ဘုံဘဝ သတ္တဝါ အဖြစ်၌ အိုမင်းခြင်း,

---

fi ဤနေရာ၌ အခြားနေရာများကဲ့သို့ ''အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော '' ဆိုသော စကား မပါရှိချေ၊

ရင့်ယော်ခြင်း, ကျိုးခြင်း, ပျက်ခြင်း, အရေတွန့်ရှုံ့ခြင်း, အသက်ယုတ်လျော့ခြင်း, မျက်စိ စသော ဣန္ဒြေတို့ အမြင်အား စသည် လျော့ပါးခြင်း–ဤအားလုံးသည် အိုခြင်းမည်၏၊ ထို့ပြင်ထိုထိုဘုံဘဝ သတ္တဝါတို့၏ ရွေ့ခြင်း, လျှော့ခြင်း, ပျက်စီးခြင်း, ကွယ်ပျောက်ခြင်း, အသက်ကုန်ခြင်း, ကာလလွန်ခြင်း, ကိုယ်အစု ပျက်စီးခြင်း, ကိုယ်ကောင် ပစ်ချခြင်း, အသက် ပြတ်စဲခြင်း ဤအားလုံးသည် သေခြင်းမည်၏၊ ဤသည့် တရားစုကို အိုခြင်းနှင့် သေခြင်းဟု ဆိုအပ်၏၊ ဘုံဘဝ၌ ဖြစ်ပွါးရခြင်း ကြောင့်သာ အိုရ, သေရ၏၊ ဤကား အိုခြင်းနှင့် သေခြင်း၏ ဖြစ်ကြောင်းတည်း၊ ဘုံဝ၌ဖြစ်ပွါးရခြင်း ချုပ်ငြိမ်းသော် - အိုခြင်းနှင့် သေခြင်း ချုပ်ငြိမ်း၏၊ ၎င်းချုပ်ငြိမ်းရေး အကျင့်ကား–မှန်ကန်သော ဉာဏ်အမြင်စသော အင်္ဂါရှစ်မျိုးရှိ မြတ်သော ကျင့်ဝတ်ပင်တည်း၊

ငါ့ရှင်တို့, ဤသို့အားဖြင့် ခွဲခြားသိသူသည် ကုန်အောင် စုံအားဖြင့် တပ်မက်ခြင်း, ပြစ်မှားခြင်း, ငါဟု ထင်မှတ်ခြင်း ကိန်းနေရေးများကို ပယ်ဖြတ်၍ မတွေဝေပဲ အသိဉာဏ်ကိုဖြစ်စေသော - မျက်မှောက်၌ပင် ဆင်းရဲဆုံး၏၊ ဤမျှဖြင့်လည်း အယူမှန် တုန်လှုပ်မဲ့ သာသနာဝင် ဖြစ်နိုင်၏၊ အယူမှန်သူ ဖြစ်ရေး အခြားတနည်း ရှိပါသေးသလော?၊ "ရှိသေး၏" ဘဝသစ်၌ ဖြစ်ရခြင်းကိုခွဲခြားသိ၏၊ ၎င်းအကြောင်းကို ခွဲခြားသိ၏၊ ၎င်းချုပ်ငြိမ်းရာကို သိ၏၊ ၎င်းချုပ်ငြိမ်းရေး ကျင့်ဝတ်ကို သိ၏၊ ဤမျှဖြင့် အယူမှန်သူဖြစ်၏၊

ငါ့ရှင်တို့ ဘဝသစ်၌ ဖြစ်ရခြင်း ဟူသည် အဘယ်နည်း?၊ ထိုထို ဘုံဘဝ၌ သတ္တဝါတို့၏ ဖြစ်ပွါးခြင်း, ထင်ရှားပေါ်ပေါက်ခြင်း, သက်ရောက်ခြင်း, ဖြစ်ပေါ်ခြင်း, ကိုယ်အစု ဖြစ်ပွါးလာခြင်း, တည်ရာ ခြောက်မျိုးရခြင်း ဤအလုံးစုံကို ဘဝ၌ ဖြစ်ခြင်းဟု ဆိုအပ်၏၊ ၎င်းဖြစ်ကြောင်းကား–ကုသိုလ် အကုသိုလ် တရားကို ပြုလုပ်ခြင်း ပင်တည်း။ အဓိပ္ပါယ်ကား-ထိုထို ဘုံဘဝ ဖြစ်ရေး, လူဖြစ်ရေး, နတ်ဖြစ်ရေး, ဗြဟ္မာဖြစ်ရေး, ဒါန သီလ ဘာဝနာ ဒုစရိုက် သုစရိုက်မှု ပြုလုပ်ခြင်း ပင်တည်း၊ ထိုသည့် ကုသိုလ် အကုသိုလ်ကံ ဟူသော ဘဝ ချုပ်ငြိမ်းလျှင် အဓိပ္ပါယ်ကား ထိုထိုဘုံဘဝအတွက် ဒါနစသည်မပြုလုပ်လျှင် ထိုထိုဘုံဘဝ၌ ဖြစ်ရခြင်း ချုပ်ငြိမ်း၏၊ ၎င်း ချုပ်ငြိမ်းရေး အကျင့်ကား မှန်ကန်သော ဉာဏ်အမြင်စသော အင်္ဂါရှစ်မျိုးရှိ မြတ်သော အကျင့်ပင်တည်း။

ငါ့ရှင်တို့, ဤသို့ ဘဝသစ်၌ ဖြစ်ပွါးရရေးဆိုင်ရာကိုသိ၍ တပ်မက်ခြင်း, ပြစ်မှားခြင်း, ထင်မှတ်ခြင်း ကိန်းနေရေးတို့ကို နုတ်ပယ်စွန့်ပစ်ကာ တွေဝေခြင်းမရှိ, အသိဉာဏ်ဖြစ်ခဲ့သော်–မျက်မှောက်၌ပင် ဆင်းရဲဆုံးနိုင်၏၊ ဤမျှဖြင့် အယူမှန်သာသနာဝင်ဖြစ်၏၊

"အယူမှန် သာသနာဝင်ဖြစ်ရန် အခြား အကြောင်းများ ရှိပါသေးသလား?"
ငါ့ရှင်၊ အို ငါ့ရှင်တို့, "ရှိသေး၏၊" ဘုရားတပည့်တော်သည် ကုသိုလ် အကုသိုလ်ကမ်

ဟူသော ဘဝကို ခွဲခြားသိ၏, ဘဝဖြစ်ကြောင်း , ဘဝချုပ်ငြိမ်းရာ , ဘဝချုပ်ရေး အကျင့်ကို ခွဲခြားသိ၏၊ ဘဝ ဟူသည် အဘယ်နည်း ?၊ ငါ့ရှင်တို့, ဘဝ ဟူသည် ကာမဘုံ ရောက်ရေးကမ်‌ , ရူပဘုံ ရောက်ရေး ကမ်‌ , အရူပဘုံ ရရောက်ရေးကမ် ဟု သုံးမျိုးရှိ၏၊ ၎င်းဖြစ်ပေါ်ခြင်း အကြောင်းကား , ထိုထိုကမ်နှင့် ဘုံပုဂ္ဂိုလ်တို့ကို ခွဲလမ်း ခြင်းတည်း၊ အခွဲဥပါဒါန် ချုပ်ငြိမ်းလျှင် ဘဝချုပ်ငြိမ်း၏၊ ချုပ်ငြိမ်းရေး အကျင့်ကား မဂ္ဂင်ရှစ်မျိုးပင်တည်း။

ဤသို့အားဖြင့် ဘဝဆိုင်ရာကိုခွဲခြားသိသူသည် တည်မက်ခြင်းကိန်းနေရေးစသည် ကိုပယ်၍နှကာ အသိဉာဏ် ဖြစ်ပေါ်ခဲ့သော်-မျက်မှောက်၌ပင် ဆင်းရဲဆုံး၏၊ ဤမျှဖြင့် အယူမှန်သူ တန်လှုပ်မဲ့ သာသနာဝင် ဖြစ်လေ၏၊ အခြားအယူမှန် ဖြစ်ကြောင်းကို ထပ် ပံ မေးလျှောက်ကြပြန်ရာ , အရှင်သာရိပုတ်က ဤသို့ မိန့်ဆိုညွှန်ကြား တော်မူလေပြီ။

ငါ့ရှင်တို့ , ခွဲလမ်းခြင်း ဥပါဒါန် , ၎င်းဖြစ်ကြောင်း, ချုပ်ငြိမ်းရာနှင့် ချုပ်ငြိမ်း ရေး ကျင့်ဝတ်တရားတို့ကို ခွဲခြားသိသူသည်လည်း အယူမှန် သာသနာဝင် ဖြစ်နိုင်၏၊ ငါ့ရှင်တို့ , ခွဲလမ်းခြင်းကား ကာမ၌ ခွဲလမ်းခြင်း , အယူများ၌ ခွဲလမ်းခြင်း , အကျင့် အလေ့ ဟူသော ကမ်၌ ခွဲလမ်းခြင်း, ကိုယ်ခန္ဓာ၌ ခွဲလမ်းခြင်း ဟု လေးမျိုးရှိ၏၊ တည်မက်သော်-ခွဲလမ်းမှု ဖြစ်၏၊ တည်မက်ခြင်း အကြွင်းမဲ့ ချုပ်ငြိမ်းသော်-အခွဲ အလမ်း ချုပ်ငြိမ်း၏၊ အခွဲအလမ်း ချုပ်ငြိမ်းရေး ကျင့်ဝတ်ကား အရိယမဂ္ဂင် ရှစ်မျိုး ပင်တည်း။

ယင်းသို့လျှင် အခွဲ အလမ်း ဆိုင်ရာကို သိ၍ တည်မက်ခြင်း စသည့် ကိန်းနေရေး တို့ကို စွန့်ပယ် ကင်းပျောက်စေ၍ အသိဉာဏ် ရောက်ခဲ့သော်-မျက်မှောက်၌ပင် ဆင်း ရဲဆုံးနိုင်၏၊ ဤမျှဖြင့်လည်း အယူမှန် တန်လှုပ်မဲ့ သာသနာဝင် ဖြစ်လေ၏။

အယူမှန်ဖြစ်ရန် အခြားအကြောင်းများ ရှိပါသေးသလား ?၊ "ရှိသေး၏" ငါ့ရှင်တို့ , တည်မက်ခြင်းကို ခွဲခြားသိ၏ , ၎င်းဖြစ်ကြောင်း , ချုပ်ကြောင်းနှင့် ကျင့်ဝတ်ကိုသိသော်- အယူမှန် သာသနာဝင်ဖြစ်၏၊ တည်မက်ခြင်း ဟူသည် အဘယ်နည်း ?၊ အဆင်း၌ တည်မက်ခြင်း , အသံ၌ တည်မက်ခြင်း , အနံ့၌ တည်မက်ခြင်း , အရသာ၌ တည်မက် ခြင်း , အတွေ့၌ တည်မက်ခြင်း , ထိုထိုစိတ်ကူးရာ တရားတို့၌တည်မက်ခြင်းဟု ခြောက် မျိုးရှိ၏၊ တည်မက်ကြောင်းကား ခံစားခြင်းတည်း၊ ခံစားမှု ချုပ်ငြိမ်းသော်-တည်မက် ခြင်း ချုပ်ငြိမ်း၏၊ ကျင့်ဝတ်ကား အရိယမဂ္ဂင် ရှစ်မျိုးပင်တည်း။

ငါ့ရှင်တို့ , ယင်းသို့လျှင် တည်မက်ခြင်း ဆိုင်ရာကို ခွဲခြားသိမြင်၍ တည်မက် ခြင်း စသော ကိန်းနေရေး တရားများကို စွန့်ပယ်လျက် ဉာဏ်အမြင် ရောက်ခဲ့သော်- ဆင်းရဲဆုံးနိုင်၏၊ ယင်းသို့ အားဖြင့်လည်း အယူမှန် တန်လှုပ်ကင်း သာသနာဝင် ဖြစ်၏။

အို ငါ့ရှင်သာရိပုတ်, သာသနာဝင် ဖြစ်ကြောင်း အခြားနည်းများ ရှိပါသေးသလား ?၊ "ရှိသေး၏"၊ ငါ့ရှင်တို့, ခံစားခြင်း, ၎င်းဖြစ်ကြောင်း, ၎င်းချုပ်ရာ, ၎င်းကျင့်ဝတ်များကို သိမြင်သူသည်လည်း အယူမှန် သာသနာဝင်ဖြစ်၏၊ ခံစားခြင်းဟူသည် အဘယ်နည်း ?၊ မျက်စိ၌ အဆင်း ထိခိုက် ဖြစ်ပွါးသော ခံစားခြင်း, နား၌ အသံ ထိခိုက် ဖြစ်ပွါးသော ခံစားခြင်း, နှာခေါင်း၌ အနံ့ ထိခိုက် ဖြစ်ပွါးသော ခံစားခြင်း, လျှာ၌ အရသာ ထိခိုက် ဖြစ်ပွါးသော ခံစားခြင်း, ကိုယ်၌ အချမ်း အပူ အကြမ်း အနု ထိခိုက် ဖြစ်ပွါးသော ခံစားခြင်း, စိတ်၌ ကြံစည် စိတ်ကူး ထိခိုက် ဖြစ်ပွါးသော ခံစားခြင်း ဟု ခံစားခြင်း ခြောက်မျိုး ရှိ၏၊ ၎င်းသည် တည်ရာ, အာရုံ, အသိစိတ် သုံးမျိုးတို့၏ တွေ့ထိမှုကြောင့်ဖြစ်၏၊တွေ့ထိမှုချုပ်ငြိမ်းသော်- ခံစားခြင်း ချုပ်ငြိမ်း၏၊ ကျင့်ဝတ်ကား မဂ္ဂင်ရှစ်ပါးတည်း။ ဤသို့ ခံစားခြင်း ဆိုင်ရာကို ခွဲခြား သိမြင်, တသ်မက်ခြင်း ကိန်းနေရေး စသည်ပယ်, အသိဉာဏ်ရောက်, ဆင်းရဲဆုံးနိုင်၏၊ ဤသို့လည်း အယူမှန် တုန်လှုပ်မဲ့ သာသနာဝင်ဖြစ်၏။

အခြား အယူမှန်ကြောင်း ရှိပါသေးသလား?၊ "ရှိသေး၏"၊ ငါ့ရှင်တို့, တွေ့ထိခြင်း, ၎င်းဖြစ်ကြောင်း, ၎င်းချုပ်ရာ, ချုပ်ငြိမ်းရေး အကျင့်များကို ခွဲခြားသိသော်-အယူမှန် သာသနာဝင်ဖြစ်နိုင်၏၊အတွေ့တို့ကား မျက်စိ-နား-နှာခေါင်း-လျှာ-ကိုယ်-စိတ် ဟူသော တည်ရာ ခြောက်မျိုးတို့၌ အာရုံ ချေးရှုသော် - အသိစိတ်•ဖြစ်ပွါး တွေ့ထိခြင်း အားဖြင့် ခြောက်မျိုးရှိ၏၊ ၎င်းကား တည်ရာခြောက်မျိုးကြောင့် ဖြစ်၏၊ ၎င်းတည်ရာ ချုပ်သော်-- အတွေ့ချုပ်၏၊ လုပ်ငန်းကား မဂ္ဂင်ရှစ်ပါးတည်း။

ငါ့ရှင်တို့, မျက်စိ-နား-နှာခေါင်း-လျှာ-ကိုယ်--စိတ်-ဤတည်ရာခြောက်မျိုး, ၎င်းဖြစ်ကြောင်း, ၎င်းချုပ်ရာ, ၎င်းချုပ်ငြိမ်းရေး ကျင့်ဝတ်ကို ခွဲခြား သိသူသည်လည်း အယူမှန် သာသနာဝင် ဖြစ်နိုင်၏၊ ဤတည်ရာများကား ရုပ်ကိုယ် နာမ်ကိုယ် နှစ်မျိုး ကြောင့်ဖြစ်၏၊ ထိုနာမ်နှင့်ရုပ် ချုပ်သော်-အကြွင်းမဲ့ ချုပ်ငြိမ်း၏၊ လုပ်ငန်းကား မဂ္ဂင်တည်း၊ နာမ်ရုပ်, ၎င်းဖြစ်ကြောင်း, ၎င်းချုပ်ရာ, ချုပ်ငြိမ်းရေး အကျင့်များကို ခွဲခြား သိသူသည်လည်း အယူမှန် သာသနာဝင်ဖြစ်၏၊ နာမ် ရုပ် နှစ်မျိုးတွင်......

နာမ်ဟူသည်ကား၊ ၁- ဝေဒနာ= အာရုံ အရသာကို ခံစားခြင်း၊
၂- သညာ= အဖြူအနီ စသည်ကို မှတ်သားခြင်း၊
၃- စေတနာ= အာရုံ ခံစားမှု၌ စေ့ဆော်ခြင်း၊
၄- ဖဿ= တည်ရာ ခြောက်မျိုး၌ တွေ့ထိခြင်း၊
၅- မနသိကာရ= ထိုထို အာရုံကို နှစ်လုံးသွင်းခြင်း၊

ဤငါးပါးမျိုးတည်း။

ရှုပ်ဟူသည်ကား၊ ၁- ပထဝီ= တင်းမာ ခက်ထန်ခြင်း၊
၂- အာပေါ= ပူးပေါင်း ဖွဲ့စပ်ခြင်း၊
၃- တေဇော= ရင့်ယော် ဆွေးမြေ့ခြင်း၊
၄- ဝါယော= တောင့်တင်း ထောက်ခံခြင်း၊

ဟူသော မဟာဘုတ် လေးမျိုးနှင့် ၎င်းတို့ကို မှီ၍ ဖြစ်ပွါးသော ဥပါဒါန် ရုပ်ရှာသည်၊ ၎င်းနာမ်ရုပ်သည် ဝိညာဉ်ကြောင့်ဖြစ်၏။ ဝိညာဉ်ချုပ်သော် နာမ်ရုပ်ချုပ်၏၊ လုပ်ငန်းကား မဂ္ဂင်တည်း။

ဝိညာဉ်, ၎င်းဖြစ်ကြောင်း, ချုပ်ငြိမ်းရာ, ကျင့်ဝတ်ကို သိသူသည်လည်း အယူမှန် သာသနာဝင်ဖြစ်၏၊ ဝိညာဉ် ဟူသည် မျက်စိ- နား- နှာခေါင်း- လျှာ- ကိုယ်-စိတ်ကို မှီ၍ သိခြင်းခြောက်မျိုး ဖြစ်ပွါးသော တရားစုတည်း၊ ကမ် စီမံ ပြုလုပ်ရေးကြောင့် ဝိညာဉ် ဖြစ်၏၊ ၎င်းကမ်ချုပ်သော်-ဝိညာဉ်ချုပ်၏၊ လုပ်ငန်းကား မဂ္ဂင်ရှစ်ပါးတည်း။

ပြုလုပ်စီမံရေး ကမ်-သင်္ခါရ, ဖြစ်ကြောင်း, ချုပ်ရာ, ကျင့်ဝတ်တို့ကို ခွဲခြားသိသူ သည်လည်းအယူမှန် သာသနာဝင်ဖြစ်၏၊ ပြုလုပ် စီမံရေးတို့ကား ကိုယ်-နှုတ်-စိတ် ဟု သုံးမျိုးရှိ၏၊ ၎င်းမှာ မသိတွေဝေခြင်းကြောင့်ဖြစ်၏၊ တွေဝေခြင်း ချုပ်သော်- ကမ် ပြုပြင် ရေး ချုပ်၏၊ အဓိပ္ပါယ်ကား-"မသိ မိုက်မဲမှုကြောင့် ထိုထိုဘုံဘဝ ဖြစ်ရရေး ကမ် ပြု ပြင်မှု အမျိုးမျိုးကို ပြုလုပ်စီမံသည်၊ ထိုသို့မဟုတ် သိခဲ့လျှင် မပြုလုပ်ပေရာ ဟူလို။ မသိ မိုက်မဲ တွေဝေခြင်း, ၎င်းဖြစ်ကြောင်း, ချုပ်ရာ, ကျင့်ဝတ်တို့ကို ခွဲခြား သိသော် အယူမှန် သာသနာဝင် ဖြစ်၏၊ မသိ တွေဝေခြင်း ဟူသည်ကား- ဆင်းရဲ, ဆင်းရဲရ ကြောင်း, ဆင်းရဲ ချုပ်ရာ, ဆင်းရဲချုပ်ရေး ကျင့်ဝတ်တို့ကို မသိ တွေဝေခြင်းတည်း၊ ၎င်းအကြောင်းကား လောကပွါးစီးရေး တရားများတည်း၊ ၎င်းတရားများ ချုပ်လျှင် မသိ တွေဝေခြင်း ချုပ်၏၊ မဂ္ဂင်ရှစ်ပါးကား ၎င်းချုပ်ရေး ကျင့်ဝတ်တည်း။

ငါ့ရှင်, အယူမှန် သာသနာဝင်ဖြစ်ကြောင်း အခြားရှိပါသေးသလား ?၊ ရှိသေး၏၊ ငါ့ ရှင်တို့, လောကပွါးစီးရေး, ၎င်းဖြစ်ကြောင်း, ချုပ်ရာ, ကျင့်ဝတ်တို့ ကို ခွဲခြားသိသော် အယူမှန် သာသနာဝင်ဖြစ်၏၊ လောက ပွါးစီးရေး အဘယ်နည်း ?၊ ကာမ ဘုံဘဝ ပွါးစီးရေး, ရူပ ဘုံဘဝ ပွါးစီးရေး, အရူပ ဘုံဘဝ ပွါးစီးရေး, မသိ တွေဝေ ပွါးစီး ရေးတို့တည်း၊ မသိတွေဝေခြင်းကြောင့် လောကပွါးစီးရေးတရား ဖြစ်၏၊ မသိတွေဝေ မှု ချုပ်သော် - လောကပွါးစီးရေး ချုပ်ငြိမ်း၏၊ ချုပ်ငြိမ်းရေး အကျင့်ကား - မဂ္ဂင် ရှစ် ပါးတည်း။ ဤမှဖြင့် ဘုရားတပည့်တော်သည် အယူမှန်သူ, မတုန်မလှုပ်သူ, သာသနာ ဝင်ဖြစ်၏။ ဤသို့ အရှင်သာရိပုတ် ဟောတော်မူရာ, ထိုရဟန်းတို့ နစ်သက်ကုန်ပြီ- ဤသို့ ကြားနာ မှတ်သားရပါသည်။

**သမ္မာဒိဋ္ဌိ သုတ္တန် ပြီး၏၊**

# ၁၀။ မဟာသတိပဋ္ဌာန သုတ္တန်

## ၁- စကားဦး။

အကျွန်ုပ်သည် ပုဉ်းတော်သခင် ဘုရားရှင့် အဌာန်တော်မှ ဤ ဆိုလတ်အံ့သည့် အတိုင်းကြားနာ မှတ်သားရ ပါသည်၊ တရံအခါ ပုဉ်းအသရေတော် သခင် ဘုရားရှင်သည် ကုရုတိုင်း ကမ္မာသဓမ္မ နိဂုံး၌ သီတင်းသုံး နေတော်မူ၏၊ ထိုစဉ်အခါ ဘုရားရှင်သည် ညနေချမ်းအချိန် ကိုယ်တော့်ဌာန်မှောက် လာရောက်စည်းဝေး နေထိုင်ကြသော ရဟန်းတို့ကို "အို ရဟန်းတို့" ဟု ခေါ်တော်မူရာ , ရဟန်းတို့က "အရှင်မြတ်ဘုရား" ဟု ပြန်ကြားကြကုန်သော်- ဘုရားရှင်သည် ဤသို့ ဟောတော်မူလေပြီ။

ရဟန်းတို့,တကြောင်းတည်းသာဖြစ်သော ဤခရီးလမ်းသည် သတ္တဝါတို့စင်ကြယ်ရန် စိုးရိမ်ပူဆွေးငိုကြွေးရခြင်းတို့ကို လွန်မြောက်ရရန်,ကိုယ်စိတ် ဆင်းရဲမှုတို့ချုပ်ငြိမ်းရန်, နည်းမှန် လမ်းမှန် ဆိုက်ရောက်ရန် , လောကဆင်းရဲ ချုပ်ငြိမ်း အေးမြရာကို ကိုယ်တွေ့ မျက်မှောက် ဖြစ်ရရန် ဖြစ်လေသည်၊ ထိုခရီးလမ်းကား - သတိပြဋ္ဌာန်း တရားလေး မျိုးတို့ပင် ဖြစ်ကုန်၏။

## ၂- အကျဉ်းချုပ်။

သတိပြဋ္ဌာန်း တရားလေးပါးတို့ကား - ရဟန်းတို့, ဤသာသနာ၌ ရဟန်းသည် လုံ့လဒိုက်၍ ဉာဏ်အမြော်အမြင် ရှိလျက် သတိထင်ကာ , လောကနေသူတို့ အပေါ်၌ ငြူစူခြင်း , နှစ်လုံး မသာခြင်းကို ပယ်ဖျောက်၍ ကိုယ်၌ ကိုယ်ဟုသာ အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ခံစားခြင်းတို့၌ ခံစားခြင်းဟုသာ အဖန်ဖန် ရှုကြည့်နေထိုင်၏၊ စိတ်၌ စိတ်ဟုသာ အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ထိုထိုတရားတို့၌ ထိုထိုတရားတို့ဟုသာ အဖန်ဖန် ရှုကြည့်နေထိုင်၏။

## ၃- ထွက်သက်နှင့်ဝင်သက်။

ရဟန်းတို့ , ရဟန်းသည် ကိုယ်အစုအပေါ်၌ ကိုယ်ဟု အဘယ်သို့ အဖန်ဖန် ရှုကြည့် နေထိုင်သနည်း?၊ ရဟန်းတို့ , ဤသာသနာဝယ် ရဟန်းသည် တောအရပ်သို့ သွားရောက်၍ ဖြစ်စေ , သစ်ပင်အောက်၌ သွားရောက်၍ ဖြစ်စေ , ဆိတ်ငြိမ်ရာ အရပ်သို့ သွားရောက်၍ ဖြစ်စေ , ထက်ဝက်ဖွဲ့ခွေ နေထိုင်လျက်,ကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ်

ထားပြီးလျှင်-ကမ္မဋ္ဌာန်း အာရုံ၌ သတိကို ရှေးရှု ဖြစ်စေ၍ နေထိုင်၏၊ ၎င်းသည် သတိထား၍သာ ထွက်သက် ဝင်သက် ရှုရှိုက်၏၊ ထွက်သက် ဝင်သက် ရှည်ရှည် ရှုရှိုက်လျှင် ရှည်ရှည် ရှုရှိုက်သည်ဟု ခွဲခြားသိ၏၊ ထွက်သက်ဝင်သက် တိုတို ရှုရှိုက်လျှင် တိုတို ရှုရှိုက်သည် ဟု ခွဲခြားသိ၏၊ ထွက်သက် ဝင်သက် အားလုံးကို သိ၍ ရှုရှိုက်အံ့ဟု လေ့လာ၏၊ ထွက်သက် ဝင်သက်ကို အေးမြစွာ ငြိမ်း၍ ရှုရှိုက် မည်ဟု လေ့လာ၏။

ရဟန်းတို့ , ဥပမာအားဖြင့် လိမ္မာသော ပွတ်သမားသည်၎င်း , ပွတ်သမားတပည့်သည်၎င်း , ပွတ်ကို ရှည်ရှည် ဆွဲသော်-ရှည်ရှည်ဆွဲသည်ဟု ခွဲခြားသိ၏ တိုကို ဆွဲသော်-တိုတိုဆွဲသည်ဟု ခွဲခြားသိ၏၊ ဤနည်းတူပင် ရဟန်းသည် ထွက်သက် ဝင်သက် အရှည် အတိုကို ခွဲခြားသိမှတ် လေ့လာ၏။

ဤသို့အားဖြင့် မိမိကိုယ်၌ ဖြစ်စေ, တပါးသူ့ ကိုယ်၌ဖြစ်စေ , ကိုယ်ဟုသာ အဖန်ဖန် ရှုကြည့်၏၊ ကိုယ်၌ ဖြစ်ပွါးခြင်းသဘော , ပျက်ပြားခြင်းသဘော , ဖြစ်ပျက်ခြင်းသဘောကို အဖန်ဖန် ရှုကြည့်၍ နေ၏၊ ကိုယ်ရှိသည်ဟု အသိဉာဏ်ဖြစ်ရန်မျှ , တဖန်သတိရရန်မျှ သာ ကိုယ်၌ သတိထင်စွာထား၏၊ အမှီအတွယ်မထား၊ လောက၌ တစုံတရာကိုမျှလည်း အစွဲမထား၊ ရဟန်းတို့ , ဤသို့အားဖြင့် ရဟန်းသည် ကိုယ်အရ၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏၊

## ၄- ဣရိယာပိုဒ်။

ရဟန်းတို့ , ထိုမှတပါးတို့လည်း ရဟန်းသည် သွားသော် သွားသည်ဟု ခွဲခြားသိ၏၊ ရပ်သော် ရပ်သည်ဟု ခွဲခြားသိ၏၊ ထိုင်နေသော် ထိုင်နေသည်ဟု ခွဲခြားသိ၏၊ အိပ်သော် အိပ်သည်ဟု ခွဲခြားသိ၏၊ ထိုထို ဣရိယာပုထ် အထူးထူးဖြင့် နေထိုင်သော်-ထိုထို ဣရိယာပုထ် အထူးထူးကို ခွဲခြားသိ၏။

ဤသို့အားဖြင့် မိမိကိုယ်, သူတပါးကိုယ်, မိမိသူတပါး ကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ကိုယ်၌ ဖြစ်ခြင်း , ပျက်ခြင်း , ဖြစ်ပျက်ခြင်းကို အဖန်ဖန် ရှုကြည့်နေ နေထိုင်၏၊ ကိုယ်ရှိသည်ဟု အသိဉာဏ်ဖြစ်ရန်မျှ , တဖန်သတိရရန်မျှ , ကိုယ်၌ သတိထင်စွာထား၏၊ အမှီအစွဲ မထား၊ လောက၌ တစုံတရာကိုမျှလည်း အစွဲမထား၊ ရဟန်းတို့ , ဤသို့အားဖြင့် ရဟန်းသည် ကိုယ်အရ၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့် နေထိုင်၏။

## ၅- ဆင်ခြင်ဉာဏ်။

ရဟန်းတို့ , ထိုမှတပါးတို့လည်း ရဟန်းသည် ရှေ့သို့ သွားသော် , နောက်သို့ တုန့်ပြန်သော် , ဆင်ခြင်ဉာဏ် ထား၏၊ ရှေးရှု ကြည့်သော် , စောင်းငဲ့ ကြည့်သော် , ဆင်ခြင်ဉာဏ် ထား၏၊ လက် ခြေ ကွေးသော်, ဆန့်တန်းသော် , ဆင်ခြင်ဉာဏ်ထား၏၊

သင်္ကန်း ဝတ်ရုံသော်, သပိတ် ယူဆောင်သော်, ဆင်ခြင်ဉာဏ်ထား၍၊ စားသော်, သောက်သော်, * ခဲသော်, လျက်သော်, ဆင်ခြင်ဉာဏ်ထား၍၊ ကျင်ကြီး-ကျင်ငယ် စွန့်သော်, ဆင်ခြင်ဉာဏ်ထား၍။

ဤသို့အားဖြင့် မိမိကိုယ်, သူတပါးကိုယ်, မိမိ သူတပါးကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့် နေထိုင်၏၊ ဖြစ်ခြင်း,ပျက်ခြင်း, ဖြစ်ပျက်ခြင်း သဘောကို ရှုကြည့် နေထိုင်၏၊ ကိုယ်ဟု အသိဉာဏ် ဖြစ်ရန်မျှ, တဖန် သတိရရန်မျှ, ကိုယ်၌ သတိထား၍၊ အမှီ အစွဲ မထား, လောက၌ တစုံတရာကိုမျှလည်း အစွဲမထား၊ ရဟန်းတို့, ရဟန်းသည် ဤသို့အားဖြင့်လည်း ကိုယ်အစု၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏။

## ၆- စက်ဆုပ်ဖွယ်။

ရဟန်းတို့, ထိုမှတပါးတို့လည်း ရဟန်းသည် ခြေဖဝါးအပြင်မှ အထက်, ဆံဖျားမှ အောက် အရေဖြင့် ပိုင်းခြားအပ်သော ဤကိုယ်ကိုပင် အမျိုးမျိုး အစားစား သော မစင်ကြယ်သော အရာဝတ္ထုများဖြင့် ပြည့်နှက်နေသည်ဟု ဆင်ခြင်၏၊ ဤကိုယ် အစု၌ ဆံပင်, အမွေး, လက်သည်းခြေသည်း, သွား, အရေပါး အရေထူ, အသား, အကြော, အရိုး, ချဉ်ဆီ, အညှို့, နှစ်လုံးသား, အသည်း, အမြှေး, အဖြိုး, အဆုပ်, အူမ, အူသိမ်, အစာသစ်, ကျင်ကြီး, ဦးနှောက်, သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, အဆီကြည်, တံတွေး, နှာရည်, အစေး, ကျင်ငယ်- ဤသည့် စက်ဆုပ်ဖွယ်များဖြင့်ပြည့်နှက်နေသည်ဟုဆင်ခြင်၏၊ရဟန်းတို့, ဥပမာအားဖြင့် အဝနှစ်ဖက်ရှိ အထူးထူးသော စပါးမျိုး, ပဲမျိုး, သလေးစပါး, ကောက်စပါး, ပဲနောက်, ပဲကြီး, နှမ်း, ဆန်တို့ဖြင့် ပြည့်နှက်နေသော အိတ်ကို ပညာဉာဏ်ရှိသူသည် ဤကား သလေးစပါး, ဤကား ကောက်, ဤကား ပဲနောက်, ပဲကြီး, နှမ်း, ဆန် တည်းဟု ဆင်ခြင်သကဲ့သို့ ထို့အတူ ဤကိုယ်အစုကို ဆင်ခြင်၏၊

ဤသို့အားဖြင့် မိမိကိုယ်, သူတပါးကိုယ်, မိမိ သူတပါးကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့် နေထိုင်၏၊ ဖြစ်ခြင်း ပျက်ခြင်း, ဖြစ်ပျက်ခြင်း သဘောကို ရှုကြည့်နေထိုင်၏၊ ကိုယ်ဟု အသိဉာဏ် ဖြစ်ရန်မျှ, တဖန် သတိရရန်မျှ, ကိုယ်၌ သတိထား၍၊ အမှီ အစွဲ မထား, လောက၌ တစုံတရာကိုမျှလည်း အစွဲမထား၊ ရဟန်းတို့, ရဟန်းသည် ဤသို့အားဖြင့်လည်း ကိုယ်အစု၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏။

## ၇- ဓာတ် နှလုံးသွင်းရေး။

ရဟန်းတို့, ထိုမှတပါးတို့လည်း ရဟန်းသည် တည်နေတိုင်း ထားရှိတိုင်းသော ဤကိုယ်အစုကို ဓာတ်အားဖြင့် ဆင်ခြင်၏၊ ဤကိုယ်အစု၌ ပထဝီဓာတ် - ခက်မာခြင်း သဘော, အာပေါဓာတ်-ဖွဲ့စည်း ပေါင်းစုခြင်း သဘော, တေဇောဓာတ် - အပူအအေး

* မုန့်ခဲဖွယ် စားသုံးခြင်းကို ခဲသည်ဟု ဆို၏။

ဟူသော ရုံး၍ ထက်မျက်ခြင်း - ရင့်ယော် ဆွေးမြေ့ခြင်း သဘော, ဝါယောဓာတ် တင်းမာ တောင့်ခိုင်ခြင်း သဘောများရှိ၏၊ ရဟန်းတို့, ဥပမာအားဖြင့် လိမ္မာသော နွားသတ်သမားသည်၎င်း, ၎င်း၏ လိမ္မာသော တပည့်သည်၎င်း နွားကို သတ်၍ ခရီး လမ်းဆုံ၌ အတုံးအတုံး ပိုင်းဖြတ်ထား၍ နေလေရာ၏၊ ဤအတူပင် ရဟန်းသည် ဤကိုယ် အရကို ဓာတ်သဘောအားဖြင့် ရှုကြည့်ဆင်ခြင်၍ နေ၏။

ဤသို့အားဖြင့်လည်း မိမိကိုယ်, သူတပါးကိုယ်, မိမိသူတပါးကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက်ခြင်း သဘောကို ရှုကြည့်နေထိုင်၏၊ ကိုယ်ဟု အသိဉာဏ် ဖြစ်ရန်မျှ, တဖန် သတိရရန်မျှ ကိုယ်၌ သတိထား၏၊ အမှီအစွဲ မထား, လောက၌ တစုံတရာကို မျှလည်း အစွဲမထား၊ ရဟန်းတို့, ရဟန်းသည် ဤသို့အားဖြင့်လည်း ကိုယ်အရ၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏။

## ဂ- သုသာန်ကောင်း

ရဟန်းတို့, ထို့မှတပါးတုံလည်း ရဟန်းသည် သုသာန် တစပြင်၌ စွန့်ပစ်ထားသော တရက်ကြာ, နှစ်ရက်ကြာ, သုံးရက်ကြာ သဖြင့် ဖူးဖူးရောင်နေသော သူသေကောင်, အညို စသည် ကွက်ကျား ပွဆောင်းနေသော သူသေကောင်, အကူးကူးသော ပြည်ပုပ် သွေးပုပ်တို့ဖြင့် ယိုစီးကျဆင်းနေသော သူသေကောင် - ဤသို့သော သူသေကောင် တို့ ကဲ့သို့ မိမိကိုယ်ကို "ဤငါ၏ ကိုယ်အရသည်လည်း ဤသူသေကောင့်အလား ဖြစ်ခြင်း သဘောရှိ၏, ဤသို့ဖြစ်တတ်၏, ဤသို့သောအဖြစ်မျိုးကိုမလွန်နိုင်" ဟု ဆင်ခြင်ရှုကြည့်၏။

ဤသို့အားဖြင့်လည်း မိမိကိုယ်, သူတပါးကိုယ်, မိမိသူတပါးကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက်ခြင်း သဘောကို ရှုကြည့် နေထိုင်၏၊ ကိုယ်ဟု အသိဉာဏ်ဖြစ်ရန်မျှ, တဖန်သတိရရန်မျှ ကိုယ်၌ သတိထား၏၊ အမှီအစွဲ မထား, လောက၌ တစုံတရာကိုမျှလည်း အစွဲမထား၊ ရဟန်းတို့, ရဟန်းသည် ဤသို့အားဖြင့်လည်း ကိုယ်အရ၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏။

ရဟန်းတို့, ထို့မှတပါးလည်း သုသာန် တစပြင်၌ စွန့်ပစ်ထား၍ ကျီး စွန် ငှင်းဒု ပုန်းမတီးငှက် ခွေး ကျား သစ် ခွေးအ နှင့် အသူးသူးသော ပိုးလောက်တို့ ထိုးဆိတ် ကိုက်ဆွဲ ခဲစားနေသော သူသေကောင်ကဲ့သို့ မိမိကိုယ်ကို ဆောင်၍ ဤငါ၏ ကိုယ် အရလည်း ဤသို့ဖြစ်ရမည့် သဘောရှိ၏, ဤသို့ဖြစ်တတ်၏, ဤသည့် သဘောကို မလွန်ဆန်နိုင်ဟု ဆင်ခြင် ရှုကြည့် နေထိုင်၏။

ဤသို့အားဖြင့်လည်း မိမိကိုယ်, သူတပါးကိုယ်, မိမိ သူတပါးကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက်ခြင်း သဘောကို ရှုကြည့် နေထိုင်၏၊ ကိုယ်ဟု အသိဉာဏ် ဖြစ်ရန်မျှ, တဖန် သတိရရန်မျှ, ကိုယ်၌ သတိထား၏၊ အမှီ အစွဲမထား, လောက၌ တစုံတရာကို မျှလည်း အစွဲ မထား၊ ရဟန်းတို့, ရဟန်း သည် ဤသို့အားဖြင့်လည်း ကိုယ်အရ၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏။

## ၉- အရိုးနှ သူကောင်။

ရဟန်းတို့, ထိုမှတပါးတုံလည်း ရဟန်းသည် သုသာန် တစပြင်၌ စွန့်ပစ် ထားသည့် အသားကင်း၍ အသွေး လိမ်းကျံလျက် အကြောနှင့် ဆက်စပ် တည်နေသော အရိုးစု, အသား အသွေးကင်း၍ အကြောနှင့်သာ ဆက်စပ်တည်နေသော အရိုးစု, အဆက်အစပ်မရှိ, ထိုထိုအရပ် ထက်ဝန်းကျင်၌ လက်ရိုးတခြား, ခြေရိုးတခြား, ဖမျက်ရိုးတခြား, သားလုံးရိုးတခြား, ပေါင်ရိုးတခြား, ခါးရိုးတခြား, နံရိုးတခြား, ကျောက်ကုန်းရိုးတခြား, ပခုံးရိုးတခြား, လည်ပင်းရိုး တခြား, မေးရိုးတခြား, သွားရိုး တခြား, ဦးခေါင်းရိုး တခြား, ပျံ့ကြဲနေသော အရိုးစု, ခရုသင်းကဲ့သို့ ဖြူဖွေးနေသော အရိုးစု, ရပုံလျက် နေပူ မိုးယိုနေသော အရိုးစု, အမှုန့်ဖြစ်၍ ရပုံနေသော အရိုးစု ဤသို့သော အရိုးစု သူကောင်များကို ကဲ့သို့ မိမိကိုယ်ကို ဆောင်၍, ဤကိုယ် အစုလည်း ဤသို့ဖြစ်မည့် သဘောရှိ၏, ဤသို့ ဖြစ်တတ်၏, ဤသို့သောသဘောကို မလွန်ဆန်နိုင်ဟု ရှုကြည့်နေထိုင်၏။

ဤသို့အားဖြင့်လည်း မိမိကိုယ်, သူတပါးကိုယ်, မိမိ သူတပါးကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက်ခြင်း သဘောကို ရှုကြည့်နေထိုင်၏၊ ကိုယ်ဟု အသိဉာဏ်ဖြစ်ရန်မျှ, တဖန်သတိရရန်မျှသာ ကိုယ်၌ သတိထင်စွာထား၏၊ အမှီအစွဲမထား, လောက၌ တစုံတရာကိုမျှလည်း အစွဲမထား၊ ရဟန်းတို့, ရဟန်းသည် ဤသို့အားဖြင့်လည်း ကိုယ်အစု၌ ကိုယ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏။

## ၁၀- ဝေဒနာ ရှု ဆင်ခြင်ရေး။

ရဟန်းတို့, ရဟန်းသည် ဝေဒနာ ခံစားခြင်းတို့၌ အဘယ်သို့ ရှုကြည့်၍ နေထိုင်သနည်း?၊ ရဟန်းတို့, ဤသာသနာ၌ ရဟန်းသည် ချမ်းသာခံစားလျှင် ချမ်းသာခံစား၏ဟု ခွဲခြားသိ၏၊ ဆင်းရဲခံစားလျှင် ဆင်းရဲခံစား၏ဟု ခွဲခြားသိ၏၊ လျစ်လျူခံစားလျှင် လျစ်လျူခံစား၏ဟု ခွဲခြားသိ၏၊ တည်မက်ဖွယ်ရှိသော ချမ်းသာ ဆင်းရဲ လျစ်လျူခံစားသော်- တည်မက်ဖွယ်ရှိသော ချမ်းသာ ဆင်းရဲ လျစ်လျူခံစားသည်ဟု ခွဲခြားသိ၏၊ တည်မက်ဖွယ်မရှိသော ချမ်းသာ ဆင်းရဲ လျစ်လျူခံစားသော်-တည်မက်ဖွယ်မရှိသော ချမ်းသာ ဆင်းရဲ လျစ်လျူ ခံစားသည်ဟုခွဲခြားသိ၏၊ ဤသို့အားဖြင့် မိမိသန္တာန်၌, သူတပါးသန္တာန်, မိမိသူတပါးသန္တာန်တွင် ဖြစ်ပွါးသောခံစားခြင်းတို့အပေါ်၌ ခံစားခြင်းကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက်ခြင်းကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ခံစားခြင်း သဘောရှိ၏ဟု အသိဉာဏ်ဖြစ်ရုံမျှ, တဖန် သတိ ရရုံမျှ, သတိထင်စွာထား၏၊ အမှီအစွဲမထား, လောက၌ တစုံတရာကိုမျှလည်း အစွဲမထား၊ ရဟန်းတို့, ဤသို့အားဖြင့်လည်း ရဟန်းသည် ခံစားခြင်းတို့၌ ခံစားခြင်းဟု အဖန်ဖန် ရှုကြည့်နေထိုင်၏၊ (ဝေဒနာငါးမျိုး ရှုဆင်ခြင်နည်းတည်း၊)

## ၁၁- စိတ်ကို ပွါးများနည်း။

ရဟန်းတို့, ရဟန်းသည် စိတ်အပေါ်၌ စိတ်ဟု အဖန်ဖန် ရှုကြည့်၍ အဘယ်သို့ နေထိုင်သနည်း ?၊ ရဟန်းတို့, ဤသာသနာ၀င် ရဟန်းသည် တပ်စွန်းစိတ်ကိုလည်း တပ်စွန်းစိတ်ဟု ခွဲခြားသိ၏၊ တပ်စွန်းကင်းစိတ်ကိုလည်း တပ်စွန်းကင်းစိတ်ဟု ခွဲခြားသိ၏၊ ပြစ်မှားစိတ်ကိုလည်း ပြစ်မှားစိတ်ဟု ခွဲခြားသိ၏၊ ပြစ်မှား ကင်းစိတ်ကိုလည်း ပြစ်မှားကင်းစိတ်ဟု ခွဲခြားသိ၏၊ တွေဝေစိတ်ကိုလည်း တွေဝေစိတ်ဟု ခွဲခြားသိ၏၊ တွေဝေ ကင်းစိတ်ကိုလည်း တွေဝေကင်းစိတ်ဟု ခွဲခြားသိ၏၊ ကျဉ်းကျုံ့ စိတ်ကိုလည်း ကျဉ်းကျုံ့စိတ်ဟု ခွဲခြားသိ၏၊ ပျံ့လွင့်စိတ်ကိုလည်း ပျံ့လွင့်စိတ်ဟု ခွဲခြားသိ၏၊ မြင့်မြတ်စိတ်ကိုလည်း မြင့်မြတ်စိတ်ဟု ခွဲခြားသိ၏၊ မမြင့်မမြတ် စိတ်ကိုလည်း မမြင့်မမြတ်စိတ်ဟု ခွဲခြားသိ၏၊ အလွန်ရှိစိတ်ကိုလည်း အလွန်ရှိစိတ်ဟု ခွဲခြား သိ၏၊ အလွန်မဲ့စိတ်ကိုလည်း အလွန်မဲ့ (အတုမဲ့) စိတ်ဟုခွဲခြားသိ၏၊ တည်တန့်စိတ်ကိုလည်း တည်တန့်စိတ်ဟု ခွဲခြားသိ၏၊ မတည်တန့်စိတ်ကိုလည်း မတည်တန့်စိတ်ဟု ခွဲခြားသိ၏၊ လွတ်လပ်စိတ်ကိုလည်း လွတ်လပ်စိတ်ဟု ခွဲခြားသိ၏၊ မလွတ်လပ်စိတ်ကိုလည်း မလွတ်လပ်စိတ်ဟု ခွဲခြားသိ၏။

ဤသို့ မိမိသန္တာန်, သူတပါးသန္တာန် မိမိ သူတပါးသန္တာန်၌ စိတ်ကို စိတ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏၊ စိတ်အပေါ်၌ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက်ခြင်းကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊ စိတ်သည် ထင်ရှားရှိ၏ဟု အသိဉာဏ် ဖြစ်ကာမျှ, တဖန် သတိရကာမျှ စိတ်၌ အမှတ်ထား၏၊ အမှီအစွဲမထား, လောက၌ တစုံတရာကိုမျှလည်း အစွဲမထား၊ ရဟန်းတို့ ဤသို့အားဖြင့်လည်း ရဟန်းသည် စိတ်အပေါ်၌ စိတ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏။

## ၁၂- အပိတ်အပင်တရားခု။

ရဟန်းတို့, ရဟန်းသည် ထိုထို တရားသဘောတို့အပေါ်၌ အဘယ်သို့အားဖြင့် ထိုထို တရားသဘောဟု ရှုကြည့်နေထိုင်သနည်း ?၊ ရဟန်းတို့, ဤသာသနာ၀င် ရဟန်းသည် ငါးမျိုးသော အပိတ်အပင် တရားတို့အပေါ်၌ အပိတ်အပင် တရားဟု ရှုကြည့်နေထိုင်၏၊ မည်သို့ ရှုကြည့်နေထိုင်သနည်း ?၊ ရဟန်းတို့, ဤသာသနာ၀င် ရဟန်းသည် မိမိ စိတ်သန္တာန်၌ အလိုကာမ ရှိသည်ကိုလည်း ငါ့စိတ် သန္တာန်၌ အလိုကာမ ရှိ၏ဟု ခွဲခြားသိ၏၊ မရှိသည်ကိုလည်း မရှိဟု ခွဲခြားသိ၏၊ မဖြစ်ပေါ်သေးသော အလိုကာမ ဖြစ်ပေါ်သည်ကိုလည်း ခွဲခြားသိ၏၊ ဖြစ်ပေါ်ပြီး အလိုကာမ ပယ်စွန့်သည်ကိုလည်း ခွဲခြားသိ၏၊ ပယ်စွန့်ပြီး အလိုကာမ၏ နောင် တဖန် မဖြစ်ပေါ်ခြင်းကိုလည်း ခွဲခြားသိ၏၊ မိမိ စိတ်သန္တာန်၌ ပြစ်မှားခြင်း ရှိသည်ကိုလည်း ငါ့စိတ် သန္တာန်၌ ပြစ်မှားခြင်းရှိသည်ဟု ခွဲခြားသိ၏၊ မရှိသည်ကိုလည်း မရှိဟုခွဲခြားသိ၏၊

-တွေဝေစိတ်ကိုလည်း တွေဝေစိတ်ဟု ခွဲခြားသိ၏၊ တွေဝေကင်းစိတ်ကိုလည်း တွေဝေကင်းစိတ်ဟု ခွဲခြားသိ၏၊ ကျဉ်းကျုံ့စိတ်ကိုလည်း ကျဉ်းကျုံ့စိတ်ဟု ခွဲခြားသိ၏၊ ပျံ့လွင့်စိတ်ကိုလည်း ပျံ့လွင့်စိတ်ဟု ခွဲခြားသိ၏၊ မြင့်မြတ်စိတ်ကိုလည်း မြင့်မြတ်စိတ်ဟု ခွဲခြားသိ၏၊ မမြင့်မမြတ်စိတ်ကိုလည်း မမြင့်မမြတ်စိတ်ဟု ခွဲခြားသိ၏၊ အလွန်ရှိစိတ်ကိုလည်း အလွန်ရှိစိတ်ဟု ခွဲခြားသိ၏၊ အလွန်မဲ့စိတ်ကိုလည်း အလွန်မဲ့(အံတုမဲ့)စိတ်ဟုခွဲခြားသိ၏၊တည်တန့်စိတ်ကိုလည်း တည်တန့်စိတ်ဟု ခွဲခြားသိ၏၊မတည်တန့်စိတ်ကိုလည်း မတည်တန့်စိတ်ဟု ခွဲခြားသိ၏၊ လွတ်လပ်စိတ်ကိုလည်း လွတ်လပ်စိတ်ဟု ခွဲခြားသိ၏၊ မလွတ်လပ်စိတ်ကိုလည်း မလွတ်လပ်စိတ်ဟု ခွဲခြားသိ၏၊

ဤသို့အားဖြင့် မိမိသန္တာန်, သူတပါးသန္တာန်, မိမိ သူတပါး သန္တာန်၌ စိတ်ကို စိတ်ဟု အဖန်ဖန် ရှုကြည့်နေထိုင်၏၊စိတ်အပေါ်၌ ဖြစ်ခြင်း, ပျက်ခြင်း,ဖြစ်ပျက်ခြင်းကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊ စိတ်သည် ထင်ရှားရှိ၏ဟု အသိဉာဏ် ဖြစ်ခါမျှ, တဖန် သတိရကာမျှ စိတ်၌ အမှတ်ထား၏၊ အမှီအစွဲမထား,လောက၌ တစုံတရာကိုမျှလည်း အစွဲမထား၊ ရဟန်းတို့, ဤသို့အားဖြင့်လည်း ရဟန်းသည် အပိတ်အပင် တရားတို့၌ အပိတ်အပင်တရားဟု အဖန်ဖန်ရှုကြည့်နေထိုင်၏။

## ၁၃- ကိုယ်အစု ငါးမျိုး။

ရဟန်းတို့, ထိုမှတပါးတုံလည်း ရဟန်းသည် စွဲလမ်းအပ်သော ကိုယ်အစု ငါးမျိုးတို့ အပေါ်၌ ကိုယ်အစုတရားဟု အဖန်ဖန် ရှုကြည့် နေထိုင်၏၊ အဘယ်သို့ ရှုကြည့် နေထိုင်သနည်း ?၊ ရဟန်းတို့, ဤသာသနာ၀င် ရဟန်းသည် ဤတရားကား ရုပ်အစုတည်း၊ ဤတရားကား ရုပ်၏ ဖြစ်ကြောင်းတည်း၊ ဤတရားကား ရုပ်၏ ချုပ်ငြိမ်းကြောင်းတည်း၊ ဤတရားကား ခံစားခြင်း သဘောတည်း၊ ဤတရားကား ခံစားခြင်း၏ ဖြစ်ကြောင်းတည်း၊ ဤတရားကား ခံစားခြင်း၏ ချုပ်ငြိမ်းကြောင်းတည်း၊ဤတရားကား အမှတ်သညာတည်း၊ ဤတရားကား အမှတ်သညာ၏ ဖြစ်ကြောင်းတည်း၊ ဤတရားကား အမှတ်သညာ၏ ချုပ်ငြိမ်းကြောင်းတည်း၊ ဤတရားတို့ကား စေ့ဆော်ရေး တရားတို့တည်း၊ ဤတရားတို့ကား စေ့ဆော်ရေး တရားတို့၏ ဖြစ်ကြောင်းတည်း၊ ဤတရားတို့ကား စေ့ဆော်ရေး တရားတို့၏ ချုပ်ငြိမ်းကြောင်းတည်း၊ ဤတရားကား စိတ်ဝိညာဉ် အစုတည်း၊ ဤတရားကား စိတ်ဝိညာဉ်၏ ဖြစ်ကြောင်းတည်း၊ ဤတရားကား စိတ်ဝိညာဉ်၏ချုပ်ငြိမ်းကြောင်းတည်း ဟု ခွဲခြားသိ၏။

ဤသို့အားဖြင့် မိမိသန္တာန်, သူတပါး သန္တာန်, မိမိ သူတပါး သန္တာန်တွင် ဖြစ်ပွါးသော ခံစားခြင်းတို့အပေါ်၌ ခံစားခြင်းကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက်ခြင်းကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ခံစားခြင်း သဘောရှိ၏ ဟု

အသိဉာဏ်ဖြစ်ရုံမျှ, တဖန် သတိရရုံမျှ သတိထင်စွာထား၏၊ အမှီအစွဲမထား, လောက၌ တစုံတရာကိုမျှလည်း အစွဲမထား၊ ရဟန်းတို့, ဤသို့အားဖြင့်လည်း ရဟန်းသည် ခံစားခြင်းတို့၌ ခံစားခြင်းဟု အဖန်ဖန် ရှုကြည့်နေထိုင်၏။

## ၁၄- တည်ရာ တရားမျိုး။

ရဟန်းတို့, ထို့မှတပါးတုံလည်း ရဟန်းသည် အတွင်းအပြင် တည်ရာ တရားတို့၌ တရားသဘောကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊ အဘယ်သို့ ရှုကြည့် နေထိုင်သနည်း ?၊ ရဟန်းတို့, ဤသာသနာဝယ် ရဟန်းသည် မျက်စိကိုလည်း ခွဲခြားသိ၏၊ အဆင်းတို့ကိုလည်း ခွဲခြားသိ၏၊ ထိုနှစ်မျိုးကိုစွဲ၍ ဖြစ်ပေါ်သော ဖွဲ့ကြိုး စက္ခုဝိညာဉ် စိတ်ကိုလည်း ခွဲခြားသိ၏၊ မဖြစ်ပေါ်သေးသော ဖွဲ့ကြိုး ဖြစ်ပေါ်သည်ကိုလည်း ခွဲခြားသိ၏၊ ဖြစ်ပေါ်ပြီးသော ဖွဲ့ကြိုး ပယ်စွန့်သည်ကိုလည်း ခွဲခြားသိ၏၊ ပယ်စွန့်ပြီး ဖွဲ့ကြိုး၏ နောင်တဖန် မဖြစ်ပေါ်ခြင်းကိုလည်း ခွဲခြားသိ၏၊ နားကိုလည်း ခွဲခြားသိ၏၊ အသံကိုလည်း ခွဲခြားသိ၏၊ နှာခေါင်းနှင့်အနံ့, လျှာနှင့်အရသာများ, ကိုယ်နှင့် အတွေ့များ, စိတ်ကိုလည်း ခွဲခြားသိ၏၊ စိတ်ကျ တရားတို့ကိုလည်း ခွဲခြားသိ၏၊ ထိုနှစ်မျိုးစုံကို စွဲ၍ ဖြစ်သော ဖွဲ့ကြိုး မနောဝိညာဉ်စိတ်ကိုလည်း ခွဲခြားသိ၏၊ မဖြစ်ပေါ်သေးသော ဖွဲ့ကြိုး ဖြစ်ပေါ်သည်ကိုလည်း ခွဲခြားသိ၏၊ ဖြစ်ပေါ်ပြီး ဖွဲ့ကြိုး ပယ်စွန့်ခြင်းကိုလည်း ခွဲခြားသိ၏၊ ပယ်စွန့်ပြီး ဖွဲ့ကြိုး၏ နောင်တဖန်မဖြစ်ပေါ်ခြင်းကိုလည်း ခွဲခြားသိ၏။

ဤသို့အားဖြင့် မိမိသန္တာန်, သူတပါးသန္တာန်, မိမိ သူတပါး သန္တာန်တွင် ဖြစ်ပွါးသော ခံစားခြင်းတို့အပေါ်၌ ခံစားခြင်းကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက်ခြင်းကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ခံစားခြင်း သဘော ရှိ၏ဟု "အသိဉာဏ် ဖြစ်ရုံမျှ, တဖန် သတိရရုံမျှ သတိထင်စွာ ထား၏၊ အမှီအစွဲ မထား, လောက၌ တစုံတရာကိုမျှလည်း အစွဲမထား၊ ရဟန်းတို့, ဤသို့အားဖြင့်လည်း ရဟန်းသည် ခံစားခြင်းတို့၌ ခံစားခြင်းဟု အဖန်ဖန် ရှုကြည့်နေထိုင်၏၊ အတွင်း အပြင် တည်ရာ တရားသဘောတို့၌ တရားဟု အဖန်ဖန် ရှုကြည့်နေထိုင်၏။

## ၁၅- မဂ်ဖိုလ် အကြောင်းတရား။

ရဟန်းတို့, ထို့မှတပါးတုံလည်း ရဟန်းသည် မဂ်ဖိုလ်၏အကြောင်းတရားခုနစ်မျိုးတို့၌ တရားသဘောကို အဖန်ဖန်ရှုကြည့်နေထိုင်၏၊ အဘယ်သို့ ရှုကြည့်နေထိုင်သနည်း ?။

ရဟန်းတို့, ဤသာသနာဝယ် ရဟန်းသည် ၁။ မိမိစိတ်သန္တာန်၌ မဂ်ဖိုလ်ရကြောင်းသတိကို ငါ့စိတ်သန္တာန်၌ မဂ်ဖိုလ်ရကြောင်း သတိရှိ၏ဟု ပိုင်းခြားသိ၏၊ မရှိသည်ကို မရှိဟု ပိုင်းခြားသိ၏၊ မဖြစ်ပေါ်သေးသော မဂ်ဖိုလ်ရကြောင်း သတိ ဖြစ်ပေါ်ခြင်းကိုလည်း ပိုင်းခြားသိ၏၊ ဖြစ်ပေါ်ပြီး မဂ်ဖိုလ်ရကြောင်း သတိ ပွါးများ ပြည့်စုံသည်ကိုလည်း ပိုင်းခြားသိ၏၊

၂။ မိမိစိတ်သန္တာန်၌ မဂ်ဖိုလ်ရရေးတရား ဝိစစ်ဥာဏ်ကို ငါ့စိတ် သန္တာန်၌ မဂ်ဖိုလ်ရကြောင်း ဝိစစ်ဥာဏ် ရှိ၏ဟု ပိုင်းခြားသိ၏၊ မရှိသည်ကိုလည်း မရှိဟု ပိုင်းခြားသိ၏၊ မဖြစ်ပေါ်သေးသော မဂ်ဖိုလ်ရကြောင်း ဝိစစ်ဥာဏ် ဖြစ်ပေါ်ခြင်း ကိုလည်း ပိုင်းခြားသိ၏၊ ဖြစ်ပေါ်ပြီး မဂ်ဖိုလ်ရကြောင်း ဝိစစ်ဥာဏ် ပွါးများပြည့်စုံသည်ကိုလည်း ပိုင်းခြားသိ၏။

၃။ မိမိစိတ်သန္တာန်၌ မဂ်ဖိုလ်ရကြောင်း အားထုတ်ခြင်း လုံ့လကို ငါ့စိတ်သန္တာန်၌ မဂ်ဖိုလ်ရကြောင်း အားထုတ်ခြင်းလုံ့လ ရှိ၏ဟု ပိုင်းခြားသိ၏၊ မရှိသည်ကိုလည်း မရှိဟု ပိုင်းခြားသိ၏၊မဖြစ်ပေါ်သေးသော မဂ်ဖိုလ်ရကြောင်း အားထုတ်ခြင်း လုံ့လ ဖြစ်ပေါ်ခြင်း ကိုလည်းပိုင်းခြားသိ၏၊ဖြစ်ပေါ်ပြီး မဂ်ဖိုလ်ရကြောင်းအားထုတ်ခြင်းလုံ့လ ပွါးများပြည့်စုံသည်ကိုလည်း ပိုင်းခြားသိ၏။

၄။ မိမိသန္တာန်၌ မဂ်ဖိုလ်ရကြောင်း နှစ်မြို့က်ခြင်းကို ငါ့စိတ်သန္တာန်၌ မဂ်ဖိုလ်ရကြောင်း နှစ်မြို့က်ခြင်း ရှိ၏ဟု ပိုင်းခြားသိ၏၊ မရှိသည်ကို မရှိဟု ပိုင်းခြားသိ၏၊ မဖြစ်ပေါ်သေးသော မဂ်ဖိုလ်ရကြောင်း နှစ်မြို့က်ခြင်း ဖြစ်ပေါ်ခြင်းကိုလည်း ပိုင်းခြားသိ၏၊ ဖြစ်ပေါ်ပြီး မဂ်ဖိုလ်ရကြောင်း နှစ်မြို့က်ခြင်း ပွါးများပြည့်စုံသည်ကိုလည်း ပိုင်းခြားသိ၏။

၅။ မိမိစိတ်သန္တာန်၌ မဂ်ဖိုလ်ရကြောင်း ငြိမ်းအေးခြင်းကို ငါ့စိတ်သန္တာန်၌ မဂ်ဖိုလ်ရကြောင်း ငြိမ်းအေးခြင်းရှိ၏ဟု ပိုင်းခြားသိ၏၊ မရှိသည်ကို မရှိဟု ပိုင်းခြားသိ၏၊ မဖြစ်ပေါ်သေးသောမဂ်ဖိုလ်ရကြောင်း ငြိမ်းအေးခြင်းဖြစ်ပေါ်ခြင်းကိုလည်းပိုင်းခြားသိ၏၊ ဖြစ်ပေါ်ပြီးမဂ်ဖိုလ်ရကြောင်းငြိမ်းအေးခြင်းပွါးများပြည့်စုံသည်ကိုလည်း ပိုင်းခြားသိ၏။

၆။ မိမိစိတ်သန္တာန်၌ မဂ်ဖိုလ်ရကြောင်း တည်တန့်ခြင်းကို ငါ့စိတ်သန္တာန်၌မဂ်ဖိုလ်ရကြောင်း တည်တန့်ခြင်း ရှိ၏ဟု ပိုင်းခြားသိ၏၊ မရှိသည်ကို မရှိဟု ပိုင်းခြားသိ၏၊ မဖြစ်ပေါ်သေးသော မဂ်ဖိုလ်ရကြောင်း တည်တန့်ခြင်း ဖြစ်ပေါ်ခြင်းကိုလည်းပိုင်းခြားသိ၏၊ ဖြစ်ပေါ်ပြီး မဂ်ဖိုလ်ရကြောင်း တည်တန့်ခြင်း ပွါးများ ပြည့်စုံသည် ကိုလည်း ပိုင်းခြားသိ၏။

၇။ မိမိစိတ်သန္တာန်၌ မဂ်ဖိုလ်ရရေး လျစ်လျူကို ငါ့စိတ်သန္တာန်၌ မဂ်ဖိုလ်ရရေး လျစ်လျူရှိ၏ဟု ပိုင်းခြားသိ၏၊ မရှိသည်ကို မရှိဟု ပိုင်းခြားသိ၏၊ မဖြစ်ပေါ်သေးသော မဂ်ဖိုလ်ရရေး လျစ်လျူ ဖြစ်ပေါ်သည်ကိုလည်း ပိုင်းခြားသိ၏၊ ဖြစ်ပေါ်ပြီး မဂ်ဖိုလ်ရရေး လျစ်လျူ ပွါးများ ပြည့်စုံသည်ကိုလည်း ပိုင်းခြားသိ၏၊

ဤသို့အားဖြင့်လည်း မိမိသန္တာန်, သူတပါးသန္တာန်, မိမိ သူတပါး သန္တာန်တွင် ဖြစ်ပွါးသော ခံစားခြင်းတို့အပေါ်၌ ခံစားခြင်းကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်ပျက်ခြင်းကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊ ခံစားခြင်း သဘောရှိ၏ ဟု အသိဉာဏ်ဖြစ်ရုံမျှ, တဖန် သတိရရုံမျှ, သတိ ထင်စွာထား၏၊ အမှီအစွဲ မထား၊ လောက၌ တစုံတရာကိုမျှလည်းအစွဲမထား၊ ရဟန်းတို့, ဤသို့အားဖြင့်လည်း ရဟန်း

သည့် ခံစားခြင်းတို့၌ ခံစားခြင်းဟု အဖန်ဖန် ရှုကြည့်နေထိုင်၏၊ မဂ်ဖိုလ်ရရေး တရားရှုနှစ်မျိုးတို့၌ တရားသဘောကို အဖန်ဖန် ရှုကြည့် နေထိုင်၏။

## ၁၉- အရိယာသစ္စာအမှန်တရား။

ရဟန်းတို့, ထို့မှတပါးတုံလည်း ရဟန်းသည် အရိယာတို့ အမှန်တရား လေးမျိုးတို့၌ တရားသဘောကို ရှုကြည့်နေထိုင်၏၊ အဘယ်သို့ ရှုကြည့် နေထိုင်သနည်း ?၊ ရဟန်းတို့, ဤသာသနာဝင် ရဟန်းသည် ဤတရားကား ဆင်းရဲအမှန်တရားတည်းဟု ဟုတ်မှန်တိုင်း ပိုင်းခြားသိ၏၊ ဤတရားကား ဆင်းရဲရကြောင်း အမှန်တရားတည်းဟု ဟုတ်မှန်တိုင်း ပိုင်းခြားသိ၏၊ ဤတရားကား ဆင်းရဲချုပ်ငြိမ်းရာ အမှန်တရားတည်းဟု ဟုတ်မှန်တိုင်း ပိုင်းခြားသိ၏၊ ဤတရားကား ဆင်းရဲချုပ်ငြိမ်းရေး ကျင့်ဝတ် အမှန်တရားတည်းဟု ဟုတ်မှန်တိုင်း ပိုင်းခြားသိ၏၊ ရဟန်းတို့, အရိယာတို့ ဆင်းရဲ အမှန်တရားကား အဘယ်နည်း ?၊ ဘုံဘဝသစ်၌ ဖြစ်ပွါးရခြင်းလည်း ဆင်းရဲ, အိုမင်းရခြင်းလည်း ဆင်းရဲ, သေရခြင်းလည်း ဆင်းရဲ, စိုးရိမ်ပူဆွေး ငိုကြွေးခြင်း ကိုယ်စိတ်ဆင်းရဲခြင်း ပြင်းပြစွာ ပင်ပန်းရခြင်း တို့သည်လည်း ဆင်းရဲ, မချစ် မနှစ်မြို့သူနှင့် စပ်ယှဉ်ရခြင်းသည်လည်း ဆင်းရဲ, ချစ်နှစ်မြို့သူနှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ, အလိုအတိုင်း မဖြစ်ရခြင်းသည်လည်း ဆင်းရဲ, အချုပ်အားဖြင့် စွဲလမ်းရသော ကိုယ်အစု ငါးမျိုးတို့သည်လည်း ဆင်းရဲပင်တည်း။

## က- ဆင်းရဲ အမှန်တရား။

ဘဝသစ်၌ ဖြစ်ရခြင်း ဟူသည်ကား ထိုထို သတ္တဝါတို့၏ ထိုထို ဘုံဘဝ သတ္တဝါ အမျိုးအစား၌ ဖြစ်ခြင်း, ထင်စွာဖြစ်ခြင်း, သက်ရောက်ခြင်း, ဖြစ်ပေါ်ခြင်း, ကိုယ်အစု ထင်ရှားခြင်း, တည်ရာ ရခြင်းပင်တည်း၊ အိုမင်းရခြင်း ဟူသည်ကား ထိုထို သတ္တဝါတို့၏ ထိုထို ဘုံဘဝ သတ္တဝါအမျိုးအစား၌ အိုမင်းခြင်း, ဆွေးမြေ့ခြင်း, ကျိုးမြတ်ခြင်း, ပျက်ခြင်း, အရေတွန့်ခြင်း, အသက် ယုတ်လျော့ခြင်း, ဣန္ဒြေ ရင့်ကျက်ခြင်း တည်း၊ သေရခြင်း ဟူသည်ကား ထိုထို သတ္တဝါတို့၏ ထိုထို ဘုံဘဝ သတ္တဝါ အမျိုးအစားမှ ရွေ့ရှားခြင်း, ပြောင်းလဲခြင်း, ကွဲပျက်ခြင်း, ကွယ်လွန်ခြင်း, လျော့ကျခြင်း, အသက်စွန့်ခြင်း, အခါကုန်ခြင်း, ကိုယ်အစု ပျက်စီးခြင်း, ကိုယ်ကောင် ပစ်ချခြင်း, အသက် ပြတ်စဲခြင်း တည်း၊ စိုးရိမ်ရခြင်း ဟူသည်ကား တစုံတခုသော ဆင်းရဲတွေ့ကြုံရသူ၏ စိုးရိမ်ခြင်း, ပူပန်ခြင်း, ဆွေးခြင်း, အတွင်းပူခြင်း, အတွင်းဆွေးခြင်းတည်း၊ ငိုကြွေးရခြင်း ဟူသည်ကား ပျက်စီးရေး တစုံတခု တွေ့ကြုံသေူ၏ မြည်တမ်းခြင်း, ငိုယိုခြင်း, တသခြင်းတည်း၊ ကိုယ်ဆင်းရဲရခြင်း ဟူသည်ကား ကိုယ်၌ ဖြစ်ပွါးသော မသာယာဖွယ် ကိုယ်၌တွေ့သော ဆင်းရဲခြင်းတည်း၊ စိတ်ဆင်းရဲ ရခြင်း ဟူသည်ကား စိတ်၌ဖြစ်ပွါးသော မသာယာဖွယ်-ဆင်းရဲ နှစ်လိုးမသာယာခြင်းတည်း။

ပြင်းစွာ ပင်ပန်းခြင်း ,ဟူသည်ကား ဆင်းရဲ တစုံတခု တွေ့ကြုံရသူ၏ ပြင်းစွာ ပင်ပန်းခြင်း, ပြင်းစွာ ပူဆွေးခြင်းတည်း၊ မချစ်မနှစ်သက်သူနှင့် ယှဉ်စပ်ရခြင်း ဆင်းရဲ ဟူသည်ကား အလိုမရှိအပ် မနှစ်သက်အပ်သော အဆင်း- အသံ - အနံ့ - အရသာ- အတွေ့ - စိတ်ကူး - သို့မဟုတ်, မိမိအကျိုးမဲ့ကို လိုလားသူတို့နှင့် စပ်ဆက် ရောနှော ရ ခြင်း ဆင်းရဲတည်း၊ ချစ်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲ ဟူသည်ကား မိမိ လိုလား နှစ်မြို့က်အပ်သော အဆင်း - အသံ - အနံ့ - အရသာ - အတွေ့ - စိတ်ကူး - စိတ်သန်း - သို့မဟုတ်, မိမိအကျိုးကို လိုလားသော အမိ - အဖ - အစ်ကို - ညီ - အမ - နှမ - အဆွေခင်ပွန်း , ချစ်ကျွမ်းဝင်သူတို့နှင့် မပေါင်းသင်း မဆက်ဆံရခြင်း ဆင်းရဲ တည်း၊ အလိုအတိုင်း မဖြစ်နိုင်ခြင်း ဆင်းရဲ ဟူသည်ကား ဘဝသစ်၌ မဖြစ်ပွါးရခြင်း, အိုမင်းရခြင်း , နာဖျားရခြင်း , သေကြေရခြင်း, စိုးရိမ် ငိုကြွေးရခြင်း, ကိုယ်စိတ် ဆင်းရဲ ရခြင်း , ပြင်းစွာ ပင်ပန်းခြင်း သဘောတရား ရှိသူတို့မှာ ထိုသို့ မဖြစ်ပွါးရန် လိုလား တောင့်တ၍ မရနိုင်ခြင်း ဆင်းရဲတည်း၊ အကျဉ်းချုပ်အားဖြင့် စွဲလမ်းသော ကိုယ်အစု ငါးမျိုးသည်ပင် ဆင်းရဲ ဟူသည်ကား စွဲလမ်းသော ရုပ် - ဝေဒနာ - သညာ - သင်္ခါရ - ဝိညာဉ် ဟူသော ကိုယ်အစု ငါးမျိုး ရှိနေခြင်းသည်ပင် ဆင်းရဲတည်း၊

## ခ- ဆင်းရဲဖြစ်ကြောင်း အမှန်တရား။

ရဟန်းတို့ , ဆင်းရဲ ဖြစ်ကြောင်း အရိယာတို့ အမှန်တရား အဘယ်နည်း ?၊ ဘုံဘဝသစ်၌ ဖြစ်စေတတ်သည့် ထိုထို အာရုံတိုင်း နှစ်သက်တတ်သော တဏှာသည် ပင်တည်း၊ ၎င်းကား ကာမဘုံ၌ တဏှာသည် , ရူပဘုံ၌ တဏှာသည် , အရူပ ဘုံ၌ တဏှာသည်၊ ရဟန်းတို့ , ထိုတဏှာသည် ဖြစ်ပွါးခဲ့သော်-အဘယ်၌ ဖြစ်ပွါးသနည်း ?၊ သက်ဝင်ခဲ့သော် - အဘယ်၌ သက်ဝင်သနည်း ?၊ လောက၌ ချစ်စရာ သာယာ ဖွယ်ရာ၌ တဏှာ ဖြစ်ပွါး၏၊ ထို၌ပင် သက်ဝင်၏၊ လောက၌ ချစ်စရာ သာယာဖွယ်ရာ အဘယ်နည်း ?၊ မျက်စိ - နား - နှာခေါင်း - လျှာ - ကိုယ် - စိတ် - အဆင်း - အသံ - အနံ့ - အရသာ - အတွေ့ - စိတ်ကူး စိတ်သန်း , မျက်စိ အသိစိတ် - နား အသိစိတ် - နှာခေါင်း အသိစိတ် - လျှာ အသိစိတ်- ကိုယ် အသိ စိတ် - စိတ် အသိစိတ် တို့သည်၎င်း, မျက်စိ - နား - နှာခေါင်း - လျှာ - ကိုယ် - စိတ်တို့၌ ထိခိုက်ခြင်းတို့သည်၎င်း , မျက်စိ အတွေ့၌ ခံစားခြင်း စသည်တို့သည်၎င်း, ရုပ်၌ မှတ် ထင်ခြင်း , စေ့ဆော်ခြင်း , တဏှာ, ကြံစည်ခြင်း , စဉ်းစားခြင်းတို့သည်၎င်း , ဤ အားလုံးသည်ပင် ချစ်စရာ သာယာဖွယ်ရာ ဖြစ်၏၊ ၎င်းတို့၌ပင် တဏှာ ဖြစ်ခဲ့သော်-ဖြစ်၏, သက်ဝင်ခြင်းဖြစ်ခဲ့သော်-သက်ဝင်၏၊ ဤကား အရိယာတို့၏ ဆင်းရဲ ဖြစ်ကြောင်း အမှန်တရားတည်း။

### ဂ - ဆင်းရဲးချုပ်ရာ အမှန်တရား။

ရဟန်းတို့, အရိယာတို့၏ ဆင်းရဲး ချုပ်ငြိမ်းရာ အမှန်တရား အဘယ်နည်း ?၊ ထို ဆိုခဲ့ပြီး တဏှာ၏ အကြွင်းမဲ့ တပ်ခြင်းကင်း၍ လက်စသတ် ချုပ်ငြိမ်းခြင်း, စွန့်ပယ်ခြင်း, ထင်ရှား စွန့်လွှတ်ခြင်း, လွတ်ခြင်း, အတွယ်အတာမရှိခြင်း ပင်တည်း၊ ရဟန်းတို့, ထိုတဏှာသည် ခြင်းမှာ ပယ်စွန့်ခဲ့သော်-အဘယ်၌ ပယ်စွန့်သနည်း ?၊ ချုပ်ငြိမ်းခဲ့သော် အဘယ်၌ ချုပ်ငြိမ်းသနည်း ?၊ လောက၌ ချစ်နှစ်သက်စရာ , သာယာ၍ပျော်စရာ တို့၌သာ ပယ်စွန့်သော်-ပယ်စွန့်၏၊ ၎င်းတို့၌သာ ချုပ်ငြိမ်းသော် - ချုပ်ငြိမ်း၏၊ လောက၌ ချစ်နှစ်သက်စရာ, သာယာ ၍ပျော်စရာ အဘယ်နည်း ?၊ လောက၌ မျက်စိ - နား , နှာခေါင်း - လျှာ - ကိုယ် - စိတ် , အဆင်း - အသံ - အနံ့ - အရသာ- အတွေ့- စိတ်ကူး, မျက်စိ အသိစိတ် , နား အသိစိတ်, နှာခေါင်း အသိစိတ်, လျှာ အသိစိတ်, ကိုယ် အသိစိတ် , စိတ် အသိစိတ် , မျက်စိအတွေ့, မျက်စိအတွေ့၌ ခံစားခြင်း စသည်တို့သည်၎င်း, အဆင်း၌ မှတ်သားခြင်း , စေ့ဆော်ခြင်း , တဏှာခြင်း , ကြံစည်ခြင်း , စဉ်းစားခြင်း စသည် - ဤသို့သော အရာတို့သည် လောက၌ ချစ်နှစ်သက်စရာ , သာယာ၍ပျော်စရာ တို့တည်း၊ ၎င်းတို့၌ပင် တဏှာခြင်း ပယ်စွန့်သော် - ပယ်စွန့်၏၊ ၎င်းတို့၌ပင် တဏှာခြင်း ချုပ်ငြိမ်းသော် - ချုပ်ငြိမ်း၏၊ ရဟန်းတို့ , ဤကား အရိယာတို့၏ ဆင်းရဲး ချုပ်ငြိမ်းရာ အမှန်တရားတည်း။

### ဃ- ဆင်းရဲး ချုပ်ငြိမ်းရေး အမှန်တရား။

ရဟန်းတို့ , ဆင်းရဲးချုပ်ငြိမ်းရေး အကျင့် အရိယာတို့ အမှန်တရား အဘယ်နည်း?၊ အင်္ဂါရှစ်မျိုးရှိ ဤသည့်အရိယာ မဂ်လမ်းပင်တည်း၊ ၎င်းတို့ကား မှန်ကန်စွာ ရှုမြင်ခြင်း, မှန်ကန်စွာ ကြံစည်ခြင်း, မှန်ကန်စွာ ပြောဆိုခြင်း, မှန်ကန်စွာ ပြုလုပ်ခြင်း, မှန်ကန်စွာ အသက်မွေးခြင်း , မှန်ကန်စွာ အားထုတ်ခြင်း, မှန်ကန်စွာ အောက်မေ့ခြင်း , မှန်ကန်စွာ တည်တန့်ခြင်းတို့တည်း။

ရဟန်းတို့, မှန်ကန်စွာ ရှုမြင်ခြင်း အဘယ်နည်း?၊ ဆင်းရဲး အသိဉာဏ် , ဆင်းရဲးဖြစ်ကြောင်း အသိဉာဏ်, ဆင်းရဲးချုပ်ငြိမ်းရာ အသိဉာဏ်, ဆင်းရဲးချုပ်ငြိမ်းရေးကျင့်ဝတ် အသိဉာဏ်, ၎င်းတို့ကား မှန်ကန်စွာ ရှုမြင်ခြင်းတည်း။

မှန်ကန်စွာ ကြံစည်ခြင်း အဘယ်နည်း ?၊ အလို ကာမမှ လွတ်လပ်ရေး အကြံအစည်, ပြစ်မှားခြင်းမှ လွတ်လပ်ရေး အကြံအစည်, မညှဉ်းဆဲရေး အကြံအစည်, ဤသို့သော အကြံအစည်များသည် မှန်ကန်စွာ ကြံစည်ခြင်းတည်း။

မှန်ကန်စွာ ပြောဆိုခြင်း အဘယ်နည်း ?၊ မုသားမှ ကြဉ်ရှောင်ခြင်း, ချောပစ် စကားမှ ကြဉ်ရှောင်ခြင်း , စကားကြမ်းကြုတ် ဆိုမှုမှ ကြဉ်ရှောင်ခြင်း , အပြိန်အဖျင်း စကားမှ ကြဉ်ရှောင်ခြင်း ၎င်းများသည် မှန်ကန်စွာ ပြောဆိုခြင်းမည်၏၊

မှန်ကန်စွာ ပြုလုပ်ခြင်း အဘယ်နည်း ?၊ အသက် သတ်ဖြတ်မှုမှ ကြဉ်ရှောင်ခြင်း, ဥစ္စာ ခိုးဝှက်မှုမှ ကြဉ်ရှောင်ခြင်း , သူ့အိမ်ယာ ဖြစ်မှားမှုမှ ကြဉ်ရှောင်ခြင်း တို့သည် မှန်ကန်စွာ ပြုလုပ်ခြင်းမည်၏။

မှန်ကန်စွာ အသက်မွေးခြင်း ဟူသည် အဘယ်နည်း ?၊ အသက်မွေးမှုရေးအတွက် ကောက်ကျစ် စဉ်းလဲခြင်း , အယောင်ဆောင်ခြင်း , မြှင့်မြှောက်ခြင်း , အရိပ် နိမိတ်ပြုခြင်း, စကားရစ်သည့် ပြောဆိုခြင်းတို့မှ ကြဉ်ရှောင်၍ အသက် မွေးမှု ခြင်းသည် မှန်ကန်စွာ အသက်မွေးမှုခြင်းမည်၏။

မှန်ကန်စွာ အားစိုက်ခြင်းဟူသည် အဘယ်နည်း ?၊ မဖြစ်သေးသော အကုသိုလ်မဖြစ်ရန် , ဖြစ်ပြီး အကုသိုလ် ပယ်စွန့်ရန် , မဖြစ်သေးသော ကုသိုလ် ဖြစ်ရန် , ဖြစ်ပြီး ကုသိုလ် တည်တန့်ရန် , မမေ့ပျောက်ရန် , ပွါးစီးရန်, ပြန့်ပြောရန် , ပွါးများပြည့်စုံရန်, လိုလားခြင်း , အားထုတ်ခြင်း , လုံ့လပြုခြင်း , စိတ်မြှင့်တင်ထားခြင်း ကြိုးပမ်းခြင်း ဤသို့သော လုံ့လသည် မှန်ကန်စွာ အားစိုက်ခြင်းမည်၏။

မှန်ကန်စွာ အောက်မေ့ခြင်းကား အဘယ်နည်း ?၊ ကိုယ် - ဝေဒနာ - စိတ် - ထိုထိုတရားတို့အပေါ်၌ အဖန်ဖန် ရှုကြည့်နေခြင်းသည် မှန်ကန်စွာအောက်မေ့ခြင်းမည်၏။

မှန်ကန်စွာ တည်တန့်ခြင်းကား အဘယ်နည်း ?၊ ကုသိုလ်အာရုံ၌ ကြံစည်ခြင်း, စဉ်းစားခြင်း , အကုသိုလ်ဆိတ်သုဉ်းခြင်း, နှစ်မြို့က်ခြင်း , ချမ်းသာခြင်း အင်္ဂါငါးပါးရှိ ပဌမဈာန်နှင့် နေထိုင်ခြင်း , ကုသိုလ်၌ နှစ်မြို့က်ခြင်း , ချမ်းသာခြင်း, တည်တန့်ခြင်း, အင်္ဂါသုံးပါးရှိ ဒုတိယဈာန်နှင့် နေထိုင်ခြင်း , နှစ်မြို့က်မှု ကင်း၍ လျစ်လျူရှုခြင်း , တည်တန့်ခြင်း , ဤအင်္ဂါနှစ်ပါးရှိ တတိယဈာန်နှင့် နေထိုင်ခြင်း , လျစ်လျူရှုခြင်း,သတိထင်စွာ တည်တန့်ခြင်း အင်္ဂါနှစ်ပါးရှိ စတုတ္ထဈာန်နှင့် နေထိုင်ခြင်း ဤသည်ကား မှန်ကန်စွာ တည်တန့်ခြင်းတည်း၊ ဤကား ဆင်းရဲချုပ်ငြိမ်းရေး ကျင့်ဝတ် အရိယာတို့အမှန်တရားတည်း။

ဤသို့အားဖြင့် မိမိ စိတ်သန္တာန်၌င်း ,သူတပါး စိတ်သန္တာန်၌င်း, မိမိ သူတပါး စိတ်သန္တာန်၌င်း, ထိုထို တရားတို့အပေါ်၌ တရားဟု အဖန်ဖန် ရှုကြည့်နေထိုင်၏။ တရားတို့၏ ဖြစ်ခြင်း , ပျက်ခြင်း , ဖြစ်ပျက်ခြင်း သဘောတို့ အပေါ်၌ အဖန်ဖန် ရှုကြည့်နေထိုင်၏၊ တရားသဘော ထင်ရှားရှိ၏ဟု အသိဉာဏ်ဖြစ်ကာမျှင်း, တဖန် သတိရကာမျှင်း, တရားသဘောတို့အပေါ်၌ သတိထင်စွာ ထား၏ အမှီအစွဲ မထား , လောက၌ တစုံတခုကိုမျှလည်း အစွဲမထား၊ ရဟန်းတို့ ဤသို့ အားဖြင့်လည်း အရိယာတို့အမှန်တရားတို့၌ တရားသဘောကို အဖန်ဖန် ရှုကြည့်နေထိုင်၏၊

## ၁၇-နိဂုံး ကဏ္ဍ။

ရဟန်းတို့, ကဝိုတယောက်သော လူယောကျ်ား-လူမိန်းမ- ရဟန်းယောကျ်ား-ရဟန်းမိန်းမသည် ဤဆိုခဲ့ပြီး နည်းညွှန်အတိုင်း အလွန်ဆုံး ၇-နှစ်, အယုတ်ဆုံး ၇-ရက် ပွါးများခဲ့အံ့၊ ၎င်းမှာ မျက်မှောက် ပစ္စက္ခ ဘဝ၌ပင် အရဟတ္တဖိုလ်သော်၎င်း, သုံဘဝစွဲး ကြွင်းကျန်နဲ့မူ အနာဂါမ်သော်၎င်း ဤနှစ်မျိုးသော အ ျိုးကို အလိုရှိအပ်၏၊ "ရဟန်းတို့, တကြောင်းတည်းသာ ဖြစ်သော ဤခရီးလမ်းသည် သတ္တဝါတို့ စင်ကြယ်ရန်, မိုးရိမ်ပူဆွေး ငိုကြွေးရခြင်းတို့ကို လွန်မြောက်ရရန်, ကိုယ် စိတ် ဆင်းရဲ မျိုးတို့ ချုပ်ငြိမ်းရန်, နည်းမှန် ထမ်းမှန် ဆိုက်ရောက်ရန်, လောကဆင်းရဲ ချုပ်ငြိမ်း အေးမြရာကို ကိုယ်တွေ့ မျက်မှောက် ဖြစ်ရရန်, ဖြစ်လေသည်၊ ထိုခရီးလမ်းကား သတိပြဋ္ဌာန်းတရားလေးပါးပင် ဖြစ်သတည်း" ဟူသော စကားမှာ၊ ဤဆိုခဲ့ပြီးအကျိုးကို ရည်ညွှန်ပြဆိုခဲ့ခြင်းပင် ဖြစ်လေသည်။ ဤသို့ ဘုရား ဟောညွှန်သည်ကို ထိုရဟန်းတို့ နှစ်သက်ကြကုန်ပြီ။ ဤသို့ ကြားနာ မှတ်သားရပါသည်။

မဟာသတိပဋ္ဌာန ဘုဒ္ဓုန် ပြီး၏။

# ၂။ ဒုတိယဝဂ်

## ၁၁။ အနုပါဒါန ပရိနိဗ္ဗာန သုတ္တန်

ဘုရားရှင် အဌာန်တော်မှ ဤ ဆိုလတ်အံ့သည့်အတိုင်း အကျွန်ုပ် ကြားနာမှတ်သား ရ ပါသည်၊ - တရံအခါ ဘုရားရှင်သည် သာဝတ္ထိ မြို့တော်ကို ဂေါစရဂါမ် ပြုလုပ်၍ အနာထပိဏ် သေဋ္ဌေးကြီး ဆောက်လုပ် လှူဒါန်းသော ဇေတဝန် အာရာမ်တော်၌ သီတင်းသုံး နေတော်မူလေပြီ၊ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့ကို ဤသို့ ဟောညွှန်တော်မူလေပြီ။

ရဟန်းတို့, အမှန်တရားကို အမှန် အားဖြင့် သိတော်မူသော အပူဇော်ခံ သခင် ဘုရားရှင်သည် အစွဲ ဥပါဒါန် တရား အားလုံး၏ ပိုင်းခြား သိခြင်း, အယူ ဝါဒကို ဝန်ခံတော်မူ၍, အစွဲဥပါဒါန် အားလုံး၏ ပိုင်းခြား သိခြင်းကို † ပညတ်တော်မူ၏၊ အလိုကာမစွဲ ဥပါဒါန်၏ ပိုင်းခြား သိခြင်းကို ပညတ်တော်မူ၏၊ အယူမှားစွဲ ဥပါဒါန်၏ ပိုင်းခြား သိခြင်းကို ပညတ်တော်မူ၏၊ အကျင့်သီလ ဝတ်နိယမ်စွဲ ဥပါဒါန်၏ ပိုင်းခြား သိခြင်းကို ပညတ်တော်မူ၏၊ ကိုယ်စွဲ ဥပါဒါန်၏ ပိုင်းခြား သိခြင်းကို ပညတ်တော်မူ၏၊ ရဟန်းတို့, ဤသို့သော တရား အဆုံး အမ ညွှန်ပြသည့် သာသနာတော်၌ ဘုရား အပေါ်တွင် ကြည်ညိုရခြင်းသည်သာ အမှန်ရောက်သော ကြည်ညိုခြင်းဖြစ်လေသည်။

ဤသို့သော တရား၌ ကြည်ညိုရခြင်းသည်သာ အမှန်ရောက်သော ကြည်ညိုခြင်း ဖြစ်လေသည်၊ ဤသို့သော အကျင့်သီလတို့၌ ဖြည့်ကျင့်ရခြင်းသည်သာ အမှန်ရောက်သော အကျင့်သီလ၌ ဖြည့်ကျင့်ရခြင်း ဖြစ်လေသည်၊ ဤသို့ သဘောရှိသော သီတင်းသုံးဖော် တို့ အပေါ်၌ ကြည်ညို လေးစားခြင်း သည်သာ အမှန် ရောက်သော ကြည်ညို လေးစား ခြင်းဖြစ်လေသည်၊ ရဟန်းတို့, ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းကား တရားတော် ကို ကောင်းစွာ မှန်ကန်စွာ ဟောညွှန်အပ်သောကြောင့် ဖြစ်လေသည်၊ အို ရဟန်းတို့, ဤသည့် အစွဲ ဥပါဒါန် လေးပါးတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်း ?၊ အဘယ်ကို စွဲ၍ ဖြစ်ကုန်သနည်း ?၊ အဘယ် ဖြစ်ပေါ်ရေး အတွက် ဖြစ်ပွါး ကုန် သနည်း ?၊ အဘယ်လျှင် ဖြစ်ပွါးရာ ရှိကုန်သနည်း ?၊ ရဟန်းတို့, ဤအစွဲ ဥပါဒါန် လေးပါးတို့ကား တသ်မက်ခြင်း, ခင်မင်ခြင်း, တွယ်တာခြင်းလျှင် ဖြစ်ကြောင်း ရှိကုန်၏၊ တသ်မက်ခြင်း ခင်မင်ခြင်း, တွယ်တာခြင်းကြောင့် ဖြစ်ကုန်၏။

---

† ''ပညတ်''ဆိုသည်ကား ပညတ္တိ ပါဠိပုဒ်၏ မြန်မာစကား ခွဲခြားသိစေသည်၊ ခွဲခြားထားသည် ဟု အနက် ဆိုလို၏။

ရဟန်းတို့, ဤတဏှာခြင်း, ခင်မင်ခြင်း, တွယ်တာခြင်းသည်လည်း အဘယ် အကြောင်း အစွဲ အမှီကြောင့်ဖြစ်ပေါ်သနည်း ?၊ ရဟန်းတို့, တဏှာခြင်း, ခင်မင်ခြင်း, တွယ်တာခြင်းသည် ခံစားခြင်းကြောင့်, ခံစားခြင်းကို စွဲ၍, ခံစားခြင်းကို မှီ၍ ဖြစ်ပေါ် လေသည်၊ ရဟန်းတို့, ခံစားခြင်းသည်လည်း အဘယ်ကို အကြောင်း အမှီ အစွဲပြု၍ ဖြစ်ပေါ်လေသနည်း ?၊ ရဟန်းတို့, ခံစားခြင်းသည် အတွေ့ကို အကြောင်း ပြု၍ သာ ဖြစ်ပေါ်လေသည်၊ ရဟန်းတို့, အတွေ့သည်လည်း အဘယ်ကို အကြောင်းအမှီ အစွဲ ပြု၍ ဖြစ်ပေါ်လေသနည်း ?၊ ရဟန်းတို့, အတွေ့သည် မျက်စိ-နား-နှာခေါင်း-လျှာ-ကိုယ်-စိတ်နှလုံး ဤခြောက်မျိုးသော စွဲရာ မှီရာ တည်နေရာတို့ကို အစွဲပြု၍ ဖြစ်ပေါ် လေသည်၊ ရဟန်းတို့, ဤသည့် စွဲမှီတည်နေရာ ခြောက်မျိုး သည်လည်း အဘယ် ကို အကြောင်းအမှီအစွဲပြု၍ ဖြစ်ပေါ်လေသနည်း ?၊ ရဟန်းတို့, ဤသည့် စွဲမှီတည် နေရာ ခြောက်မျိုးသည်လည်း * နာမ်နှင့် ရုပ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လေသည်။

ဒို ရဟန်းတို့, ဤသည့် နာမ် ရုပ် နှစ်ပါးသည်လည်း အဘယ်ကို အကြောင်း အစွဲ အမှီပြု၍ ဖြစ်ပေါ်လေသနည်း ?၊ ရဟန်းတို့, နာမ် ရုပ် နှစ်ပါးသည် အသိ ဝိညာဉ် ဓါတ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လေသည်၊ ရဟန်းတို့, ဝိညာဉ်သည်လည်း အဘယ် ကိုအကြောင်းပြု၍ ဖြစ်ပေါ်လေသနည်း ?၊ ရဟန်းတို့, ဝိညာဉ်သည် ပြုပြင်စီမံမှုကြောင့် ဖြစ်ပေါ်၏၊ ပြုပြင် စီမံမှုကား အကြောင်း အကျိုး နှစ်ပါး၌ ထင်ရှား မသိတွေဝေခြင်း ကြောင့် ဖြစ်၏၊ ဒို ရဟန်းတို့, အကြောင်းအကျိုးနှစ်ပါး၌ မသိတွေဝေခြင်း မောဟ ကို ပယ်စွန့်ခဲ့သော်- အသိဉာဏ် ဖြစ်ပေါ်နိုင်လေသည်၊ အသိဉာဏ်ဖြစ်ပေါ်ခဲ့သော်- အလိုကာမကို မစွဲးတော့ချေ၊ အယူမှားကို မစွဲးတော့ချေ၊ အကျင့် သီလ ဝတ်နိဗဒ်ကို မစွဲးတော့ချေ၊ ကိုယ်ကို မစွဲးတော့ချေ၊ မစွဲးလမ်းသော် - မတဏှာမက်တော့ချေ၊ မတဏှာ မက်သော်-မျက်မှောက်၌ပင် ငြိမ်းအေးလေသည်၊ ထိုထိုဘုံဘဝ၌ဖြစ်ပွါးရခြင်း ကုန်ဆုံး ပြီ, အကျင့်မြတ်ကို ကျင့်သုံးအပ်ပြီ, ပြုလုပ်ဖွယ် လုပ်ငန်းကို ပြုလုပ်အပ်ပြီ, ဤသည့် ဘုံဘဝ၌ ဖြစ်ပွါးရေး ချုပ်ငြိမ်းရန် အခြားပြုဖွယ် မရှိဟု သိလေသည်၊ ဤသို့ဘုရား ဟောညွှန်ချက်ကို ရဟန်းတို့ နှစ်ခြိုက်ကုန်ပြီ၊ ဤသို့ ကြားနာမှတ်သားရပါသည်။

---

* "နာမ်" ဟူသည် ဝေဒနာ- သညာ - စေတနာ- ဖဿ-မနသိကာရ ဤအမျိုးစုတည်း၊ 'ရုပ်'ဟူသည် ဘူတုပါဒါ ရုပ်စုတည်း၊

ဆဋ္ဌပါဒါန ပဋိနိဿဂ္ဂ အနုဿရ ပြီး၏။

# ၁၂။ ဒသဗလ သုတ္တန်

ဘုရားရှင် ဝေသာလီမြို့တော် အပြင်ပ အပရပုရ တောအုပ်တွင် သီတင်းသုံး နေတော်မူစဉ် အရှင် သာရိပုတ်အား ဘုရား ဟောညွှန်တော် မူသော ဒသဗလ သုတ္တန်ကို ဤသို့ အကျွန်ုပ် ကြားနာ မှတ်သားရပါသည်၊ ဒို သာရိပုတ်,ဘုရား၏ ဉာဏ်အားစွမ်းတော်တို့သည် ဤဆယ်ပါး တို့တည်း၊ ၎င်း အားအစွမ်းနှင့် ပြည့်စုံသော ဘုရားရှင်သည် မြင့်မြတ်သော အရေးအခွင့်ကို သိတော်မူ၏၊ ပရိသတ်၌ မဆွံ့ မကြောက် ခြင်္သေ့ဟောက်သို့ ကြုံးဝါးတော် မူနိုင်၏၊ မြတ်လှစွာသော တရား စက်ကို လည်စေတော်မူနိုင်၏၊ အဘယ်တို့နည်း ?၊—

၁။ ဒို သာရိပုတ်, ဘုရားရှင်သည် ဤလောက၌ အရာဌာန ဟုတ်သည်ကို အရာဌာန ဟုတ်မှန်တိုင်း,အရာဌာနမဟုတ်သည်ကို အရာဌာန မဟုတ်သည့်အတိုင်း, ဟုတ်မှန်စွာ သိတော်မူ၏။

၂။ ထို့မှတပါးလည်း ဒို သာရိပုတ်, ဘုရားရှင်သည် အတိတ်, အနာဂတ်,ပစ္စုပ္ပန် အခါသုံးမျိုး၌ ပြုလုပ် ဖြစ်ပွါးကုန်သော ကုသိုလ် အကုသိုလ်ကမ်တရားတို့၏ ကောင်း ကျိုး , ဆိုးပြစ်ကို အရာဌာန အားဖြင့်၎င်း , အခွင့်အရေး အားဖြင့်၎င်း , ဟုတ်မှန်စွာ သိတော်မူ၏။

၃။ ဒို သာရိပုတ် , ထို့မှ တပါးလည်း ဘုရားရှင်သည် အလုံးစုံသော ဘုံဘဝသို့ လားရောက် ဖြစ်ပွါးရကြောင်း အကျင့် ပဋိပတ်ကို ဟုတ်မှန်စွာ သိတော်မူ၏။

၄။ ဒို သာရိပုတ်,ထို့မှတပါးလည်း ဘုရားရှင်သည် မြောက်မြားစွာလှသော ဓါတ် သဘော , မတူ ကွဲပြား ခြားနားသော ဓါတ်သဘော ရှိသည့် လောကနှင့် လောကနေသူ နတ် လူ သတ္တဝါအပေါင်းကို ဟုတ်မှန်စွာ သိတော်မူ၏။

၅။ ဒို သာရိပုတ်, ထို့မှတပါးလည်း ဘုရားရှင်သည် ကမ္ဘာ့နေသူ ဗိုလ်လူသတ္တဝါ တို့၏ အထူးထူးသော အလိုအဇ္ဈာသယကို ဟုတ်မှန်စွာ သိတော်မူ၏။

၆။ ဒို သာရိပုတ်, ထို့မှတပါးလည်း ဘုရားရှင်သည် တပါးသော သတ္တဝါ, တပါးသော ပုဂ္ဂိုလ်တို့၏ ဣန္ဒြေ အရင့်အနုကို ဟုတ်မှန်စွာ သိတော်မူ၏။

၇။ ဒို သာရိပုတ် , ထို့မှတပါးလည်း ဘုရားရှင်သည် ဈာန် ဝိမောက် သမာဓိ သမာပတ် တို့၏ ညစ်ညူးခြင်း, စင်ကြယ်ခြင်း, ထမြောက်ခြင်း, ဖြစ်ပွါးခြင်းကို ဟုတ်မှန်စွာ သိတော်မူ၏။

၈။ ဒိုင် သာရိပုတ္တ၊ ထိုမှ တပါးလည်း ဘုရားရှင်သည် ပြောက်ပြားလျှ ရှိသော ရှေးရှေး နေထိုင်ဖူး၊ ဖြစ်ပွါး ဖူးသော ဘဝ တို့ကို အောက်မေ့တော် မူနိုင်၏၊ မည်သို့ အောက်မေ့နိုင်သနည်း ?၊ တဘဝ, နှစ်ဘဝ, သုံးဘဝ , လေးဘဝ , ငါးဘဝ, ဆယ်ဘဝ, ဘဝတရာ, ဘဝတထောင်, ဘဝတသောင်း, တသိန်း , တသန်း များစွာသော ဖြစ်ကပ်,ပျက်ကပ်,ဖြစ်ပျက်ကပ်တို့ကိုပင် ဤမည်သော ဘဝ၌ ဤသို့သော အမည်, အနွယ်, အဆင်း, အစာ , ချမ်းသာ , ဆင်းရဲ , အသက် အပိုင်းအခြား ရှိသည်၊ ဤမည် ဤမည်သော ထိုဘဝတို့မှ ဤဘဝ၌ ဖြစ်သည်ဟု အကြောင်းအရာ , အကျယ်အကျဉ်းနှင့်တကွ သိတော်မူ၏။

၉။ ဒိုင် သာရိပုတ်, ထိုမှ တပါးလည်း ဘုရားရှင်သည် အထူး စင်ကြယ်၍ လူတို့ အမြင်ကို လွန်ကဲသော နတ်မျက်စိဖြင့် မိမိတို့ ကမ်အတိုင်း ဖြင်ကြသည့် သေဆဲ ဖြစ်ဆဲ သတ္တဝါ,ယုတ် မြတ်သော သတ္တဝါ,ဆင်းလှ-မလှသတ္တဝါ,ကောင်း ဆိုး အလားရှိ သတ္တဝါတို့ကို ဟုတ်မှန်စွာ မြင်တော်မူ၏။

၁၀။ ဒိုင် သာရိပုတ်, ထိုမှတပါးလည်း ဘုရားရှင်သည် လောက ပွါးစီးရေး တရား ကုန်ခန်း၍ စိတ်၏ လွတ်လပ်ခြင်း , ဉာဏ်ပညာ၏ လွတ်လပ်ခြင်းကို မျက် မှောက်၌ပင် ထူးခြားစွာ သိတော်မူ၏၊

ဒိုင် သာရိပုတ်, ဤကား ဘုရားရှင်၏ဉာဏ် အားအစွမ်းတော် ဆယ်မျိုး တည်း၊ ဤသို့ ကြားနာ မှတ်သားရပါသည်။

ဒသဗလ ဉာဏ်ခန်း ပြီး၏။

# ၁၃။ ဝေသာရဇ္ဇ သုတ္တန်

ဘုရားရှင် ဝေသာလီမြို့တော် အပြင်ပ အနောက်ဘက် တောအုပ်တွင် သီတင်းသုံး နေတော်မူသောအခါ၊ အရှင် သာရိပုတ်အား ဟောကြွန်တော်မူသော ဤဝေသာရဇ္ဇ သုတ္တန်ကို အကျဉ်းချုပ် ဤသို့ ကြားနာ မှတ်သားရပါသည်၊ ဒိုသာရိပုတ် ,ဘုရားရှင်၏ မကြောက်မရွံ့ ရဲးဝံ့ခြင်းတို့ကား လေးမျိုးတို့တည်း၊ ၎င်းတို့နှင့် ပြည့်စုံသော ဘုရားရှင်သည် မြင့်မြတ်သောအရာဌာနကိုသိတော်မူသည်၊ ပရိသတ်၌ မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ကြုံးဝါးတော် မူနိုင်သည်၊ အဘယ်တို့နည်း ?၊

၁။ ဒိုသာရိပုတ်, "ကြွင်းမဲ့ ဥဿုံ အလုံးစုံကို အကုန် အစင် သိမြင်သည် " ဟု ဝန်ခံသော သင်သည် "ဤမည်သော တရားတို့ကို မသိမမြင်အပဲကုန် " ဟု တစုံတဦးသော ရဟန်း - ပုဏ္ဏား - နတ် - မာရ် - ဗြဟ္မာက တရားသဖြင့် စောကြောနိုင်မည့် အရိပ်နိမိတ်ကိုမျှ မမြင်သောကြောင့် ဤအရေး၌ ငါဘုရားသည် ဘေးမရမူ၍ အေးမြ ရဲးဝံ့တော်မူ၏၊

၂။ ဒိုသာရိပုတ်, " လောက ပွါးစီးရေး တရား အားလုံး ကုန်ခန်းသည် " ဟု ဝန်ခံသော သင်သည် " ဤမည်သော လောကပွါးစီးရေး တရားတို့ကို မပယ်အပ်ကုန် "ဟု တစုံတဦးသော ရဟန်း- ပုဏ္ဏား- နတ်- မာရ်- ဗြဟ္မာက တရားသဖြင့် စောကြောနိုင်မည့် အရိပ် နိမိတ်ကိုမျှ မမြင် သောကြောင့် ဤ အရေး၌ ငါဘုရားသည် ဘေးမရမူ၍ အေးမြ ရဲးဝံ့တော်မူ၏။

၃။ ဒိုသာရိပုတ်, " မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်ကြောင်း တရား " ဟု သင် ဟောကြားသည့် "တရားတို့သည် လွန်ကြူး ကျင့်ကြံသူမှာ အန္တရာယ် မဖြစ်ကုန်" ဟု တစုံတဦးသော ရဟန်း- ပုဏ္ဏား-နတ်- မာရ်-ဗြဟ္မာက တရားသဖြင့် စောကြောနိုင်မည့် အရိပ် နိမိတ်ကိုမျှ မမြင်သောကြောင့် ဤအရေး၌ ငါဘုရားသည် ဘေးမရမူ၍ အေးမြ ရဲးဝံ့တော်မူ၏၊

၄။ ဒိုသာရိပုတ်, "မဂ်ဖိုလ်ရရောက်ရေး " ဟု သင်ဟောကြားသည့် " တရားတို့သည် ထို အတိုင်း လိုက်နာ ကျင့်ကြံသူမှာ မဂ်ဖိုလ် ရရောက် ဆင်းရဲ လွန်မြောက်ရန် မစွမ်းနိုင်ကုန်" ဟု တစုံတဦးသော ရဟန်း-ပုဏ္ဏား- နတ်- မာရ် - ဗြဟ္မာက တရားသဖြင့် စောကြော နိုင်မည့် အရိပ် နိမိတ် ကိုမျှ မမြင် သောကြောင့် ဤအရေး၌ ငါဘုရားသည် ဘေးမရမူ၍ အေးမြ ရဲးဝံ့ တော်မူ၏၊

ဒိုသာရိပုတ်,ဤကား ရဲးဝံ့ခြင်း လေးမျိုးတည်း၊ ဤသို့ကြားနာမှတ်သားရပါသည်။

**ဝေသာရဇ္ဇ သုတ္တန် ပြီး၏။**

# ၁၄။ ပဉ္စဂတိ သုတ္တန်

ဘုရားရှင် ဝေသာလီမြို့တော် အပြင်ပ အာပရပုရတောအုပ်၌ သီတင်းသုံး နေတော်မူစဉ်အခါ အရှင် သာရိပုတ်အား ဟောညွှန်တော် မူသော ပဉ္စဂတိ သုတ္တန်ကို အကျဉ်းချုပ် ဤသို့ ကြားနာမှတ်သားရပါသည်၊ အို သာရိပုတ်, လားရောက်ရာ ဂတိမျိုးတို့ကား ဤငါးမျိုးတို့တည်း၊ အဘယ်တို့နည်း?၊ ၁ – ငရဲ၊ ၂ – တိရစ္ဆာန်၊ ၃ – * ပြိတ္တာ၊ ၄ – လူ၊ ၅ – † နတ် ဤငါးမျိုးတို့တည်း၊ အို သာရိပုတ်, ငါဘုရားသည် ငရဲကိုလည်း သိတော်မူ၏၊ ငရဲ လားလမ်းနှင့် ၎င်း ကျင့်ဝတ် ကိုလည်း သိတော်မူ၏၊ တိရစ္ဆာန်ကိုလည်းသိတော်မူ၏၊တိရစ္ဆာန်ဖြစ်ရကြောင်းလမ်းနှင့်၎င်းကျင့်ဝတ်ကိုလည်း သိတော်မူ၏၊ ပြိတ္တာကိုလည်း သိတော်မူ၏၊ ပြိတ္တာသွားလမ်းနှင့် ၎င်းကျင့်ဝတ်ကိုလည်း သိတော်မူ၏၊ လူတို့ကိုလည်း သိတော်မူ၏၊ လူ့ပြည် ရောက်လမ်းနှင့် ၎င်း ကျင့်ဝတ် ကို လည်း သိတော်မူ၏၊ နတ်တို့ကိုလည်း သိတော်မူ၏၊နတ်ပြည်သွားလမ်းနှင့်၎င်းကျင့်ဝတ် ကိုလည်း သိတော်မူ၏၊ အို သာရိပုတ်, ငါဘုရားသည် ဤအလားငါးမျိုးမှ လွတ်ကင်းရာ နိဗ္ဗာန် ကိုလည်း သိ တော် မူ ၏၊ နိဗ္ဗာန်ကူး တက်ရာလမ်းနှင့် ၎င်းကျင့်ဝတ် ကိုလည်း သိတော်မူ၏။

အို သာရိပုတ်,ဥပမာအားဖြင့် လူတယောက်သည် အခါရေခါ လွန်စွာ ဆာလောင် မွတ်သိပ်လျက်, နွေ နေပူကြီးအတွင်းတွင် ကျဉ်းမြောင်း လှစွာသော ခရီးလမ်းဖြင့် အသူ တရာကျော်ရှိ မီးကျည်းခဲ အတိ ပြည့်နှက်၍, အလျှံ တပြောင်ပြောင် တောက်လောင် ပြင်းပြ, အခိုးတလူလူ ထလျက်နေသော မီးကျည်းတွင်းကြီးဖက်သို့ ရည်ညွှန်သွားလာ လေရာ, တဦးသော ဉာဏ်မျက်စိရှိသူကမြင်၍, "ဤသူကား ဤ့အတိုင်းသာ သွားလာ နေခဲ့လျှင် ဤမည်သော မီးကျည်းတွင်းသို့ ကျဆင်းပေရာသည်"ဟု ဆိုလေ၏၊သို့ဆိုတိုင်း ပင် နောက်အခါတပါးတွင် ထိုယောကျာ်း မီးကျည်းတွင်း၌ ကျဆင်းလျက်, ထက်မျက် ပူပြင်း ဆင်းရဲလှစွာ မီးလောင်မြိုက် ကျွမ်းနေသည်ကို မြင်လေရာ၏၊ အို သာရိပုတ်, ဤ့အတူပင် ငါဘုရားသည် အချို့သောသူကို ဉာဏ်ဖြင့် ပိုင်းခြားသိမြင်တော်မူ၏၊ ဤသူ ကား ဤသို့ပြုမူ ကျင့်ကြံ၏, ဤသို့ ဖြစ်၏, ဤသို့ဖြစ်နေမှု, ဤဘဝမှ သေလွန်သော အခါ

---

* ပြိတ္တာမှာ-ပြိတ္တာ, အသုရာ ဟု နှစ်မျိုး, ယင်းအသုရာမှာလည်း ပြိတ္တာဂိုဏ်းဝင်, နတ်ဂိုဏ်းဝင်ဟု နှစ်မျိုး ရှိလေသည်။

နတ် ဆိုသော ဂတိအတွင်း၌ ဗြဟ္မာလည်း ပါဝင်လေသည်၊

ချမ်းသာ ကင်း၍ မကောင်းသောသူ့ဘဝ လားရောက်ရာ, မကောင်းဆိုးဝါး သဖြင့်ကျရာ
ငရဲလမ်းသို့သာ သွားရောက်နေ၏၊ ဤသူကား ငရဲသို့သာ လားလေရအံ့ ဟု သိမြင်
တော်မူ၏၊ တပါးသော အခါမှုကား , စင်စစ် ဆင်းရဲ လှ၍ သည်းခံနိုင် ခက်အောင်
ထက်မျက်စပ်ရှားစွာသော ဆင်းရဲကို ခံနေရလျက် ငရဲ၌ဖြစ်သည့် ထိုသူကိုပင် လူတို့၏
အမြင်ကိုလွန်၍ စင်ကြယ်သော နတ်မျက်စိဉာဏ်ဖြင့် မြင်တော်မူ၏။

အို သာရိပုတ်, ဥပမာအားဖြင့် အသူတရာကျော်ရှိ စေင်အတိ ပြည့်နှက် နံစော်သွစွာ,
သော မစင်တွင်းကြီးတခု ရှိလေရာ, ယောကျ်ားတယောက်သည် အစာရေစာ လွန်မင်း
စွာ ဆာလောင် မွတ်သိပ်လျက်, နွေ နေပူကြီးအတွင်းတွင် ကျဉ်းမြောင်းလှစွာသော ခရီး
လမ်းဖြင့် ထိုသည့် မစင် တွင်းကြီး သို့သာ ရည်ဆောင် သွားလာ နေလေရာ၏၊ ၎င်းကို
ဉာဏ်အမြင်ရှိသူတဦးက မြင်၍ "ဤသူကား ဤခရီးလမ်းအတိုင်းသာ သွားလာ နေခဲ့
လျှင်, ဤမည်သော မစင်တွင်းသို့ မချွတ်မယွင်း ကျရောက် ပေရာသည်" ဟု ဆိုလေ၏၊
သို့ဆိုတိုင်းပင် နောက်အခါတပါး၌ ထိုယောကျ်ား ထိုမစင်တွင်း၌ကျ၍ဆင်းလျက် အသက်
မရှုနိုင်အောင် နံစော်သော ဆင်းရဲ၌ မချောင်လွဲသော ခံစား နေရသည်ကို မြင်ရလေ၏၊
ဤ အတူပင် သာရိပုတ်, ငါဘုရားသည် အချို့သော ပုဂ္ဂိုလ်၏စိတ်ကို ပိုင်းခြား သိမြင်
တော်မူ၏၊ ဤပုဂ္ဂိုလ်ကား ဤသို့ ပြုမူ ကျင့်ကြံ၏, ဤသို့ဖြစ်၏, ယင်းသို့ ဖြစ်ခဲ့ တပြီးကား
ဤဘဝမှ သေလွန်သောအခါ လွန်စွာ ဆင်းရဲရှားလှသော တိရစ္ဆာန်တို့ လမ်းသို့သာ
သွားရောက်နေ၏၊ ဤသူကား တိရစ္ဆာန်ဖြစ်ရအံ့ဟု သိမြင်တော်မူ၏၊ တပါးသော အခါ
မှုကား ထိုပုဂ္ဂိုလ် တိရစ္ဆာန်ဖြစ်လျက် အခံခက်၍ ထက်မျက်စပ်ရှားစွာလှသောဆင်းရဲ
၌ ကျခံနေရသည်ကို လူတို့ အမြင်ထက် လွန်၍ စင်ကြယ်သော နတ်မျက်စိ ဉာဏ်ဖြင့်
မြင်တော်မူ၏။

အိုသာရိပုတ်, ဥပမာအားဖြင့်မညီမညွတ်နိမ့်နှင်းချိုင့်ခွက်ရှိမြေအပြင်၌အရွက်အခက်
ခေါင်းပါး၍ အရိပ်ကြဲတဲ့ရှိ သစ်ပင်တခုရှိခဲ့လေရာ, တဦးသောယောကျ်ားသည် အစာ
ရေစာ ဆာလောင် မွတ်သိပ်လျက်, နွေ နေပူကြီး အတွင်းတွင် ကျဉ်းမြောင်းလှစွာသော
ခရီး လမ်း ဖြင့် ထိုသည့် အရိပ် ကြဲတဲ့ အခက် အရွက် နည်းပါးသော သစ်ပင် သို့ပင်
ရည်မှောင် သွားလာ လေရာ , ဉာဏ်အမြော်အမြင် ရှိသူတဦးက ၎င်းသူကို မြင်၍ ,
ဤယောကျ်ားသည် ဤခရီးလမ်း အတိုင်းသာ သွားလာမည် မှန်လျှင် , ဤ မည်သော
အရိပ်ကြဲတဲ့ အခက်အရွက် နည်းပါးသော သစ်ပင်သို့သာ ဆိုက်ရောက် ပေရာသည်ဟု
ဆိုလေ၏၊ နောက်အခါသော်-ထိုသည့် သစ်ပင်ရိပ်၌ပင် ထိုယောကျ်ားရောက်ဆိုက်ကာ
နားနေထိုင်သည်ကို မြင်ရလေ၏၊ ဤ အတူပင် သာရိပုတ်, ငါဘုရားသည်အချို့သော
ပုဂ္ဂိုလ်၏ စိတ်ကို ပိုင်းခြား သိတော်မူ၏၊ ဤပုဂ္ဂိုလ်သည် ဤသို့ ပြုမူကျင့်ကြံ၏, ဤသို့
ဖြစ်၏, ယင်းသို့ တပြီးကား ဤဘဝမှ သေလွန်သောအခါ ပြိတ္တာတို့ ခရီးလမ်း သို့သာ

ဆိုက်ရောက်လေရာ၏ဟု သိမြင်တော်မူ၏၊ အခါတပါး၌မူကား, ထိုပုဂ္ဂိုလ် ကွယ်လွန်၍ ငြိတ္တာဖြစ်ကာ ကြီးစွာသောဆင်းရဲ၌ ကျခံနေရသည်ကို လူတို့အမြင်ထက် လွန်၍ စင်ကြယ်သော နတ်မျက်စိဉာဏ်ဖြင့် မြင်တော်မူ၏။

ဒိုရိ သာရိပုတ်, ဥပမာအားဖြင့် ညီညွတ်ပြန့်ပြူးသွားသော မြေအပြင်၌ အခက်အရွက် ထူထဲး စိမ်းလန်း၍ အေးချမ်းသော အရိပ်ရှိ သစ်ပင်ကြီးတခု ဖြစ်ပွါးစည်ပင်လျက် ရှိနေလေရာ, တဦးသော ယောကျ်ားသည် အစာရေစာ ဆာလောင် မွတ်သိပ်လျက် နွေနေပူ ဖြင့် ဖြင်းစွာ နှိပ်စက် ပူလောင်ကာ,တကြောင်း တည်းသာ သွားသော တဖွားဆံ့ ခရီးလမ်းဖြင့် ထိုသည့် သစ်ပင်ရိပ်သို့သာ ရည်ရွယ် လာရောက်နေလေ၏၊ ထိုယောကျ်ားကို ဉာဏ်မျက်စိ အမြော်အမြင်ရှိသူ တဦးက တွေ့မြင်၍, ဤသူကား ဤခရီးလမ်း အတိုင်းသာ သွားလာခဲ့မူ ထိုသည့် အရိပ် အေးမြသာယာလှသောသစ်ပင်သို့သာ ရောက်ဆိုက်ပေရာသည် ဟု ဆိုလေ၏၊ ထို့အတိုင်းပင် အခါတပါး၌ ထိုယောကျ်ား ရောက်ဆိုက်၍, ထိုသစ်ပင်၏အေးမြသော အရိပ်တွင် အိပ်စက်နေသည်ကိုရှင်း, ချမ်းသာ ရွှင်ပျစွာ ထိုင်နေသည်ကိုင်း တွေ့မြင်ရလေ၏၊ဒိုရိ သာရိပုတ်,ဤ့အတူပင် ငါဘုရားသည် အချို့သော ပုဂ္ဂိုလ်၏စိတ်ကို ပိုင်းခြား သိမြင်တော်မူ၏၊ ဤပုဂ္ဂိုလ်ကား၊ဤသို့ ပြုမူ ကျင့်ကြံ၏, ဤသို့ ဖြစ်၏, ယင်းသို့တပြီးကား ဤပုဂ္ဂိုလ်သည် လူတို့ခရီးလမ်းသို့ သွားလာလျက်ရှိ၏၊လူ့ဘုံ၌သာ ဖြစ်လတ်အံ့ဟု မြင်တော်မူ၏၊ အခါတပါး၌ကား, ထိုယောကျ်ား လူအဖြစ်သို့ လာရောက်ကာ လူချမ်းသာ၌ တည်နေသည်ကို လူတို့အမြင်ထက် ကဲးလွန်သော နတ်မျက်စိဉာဏ်ဖြင့် မြင်တော်မူ၏။

ဒိုရိ သာရိပုတ်,ဥပမာအားဖြင့် အလွန်ကြီးမားခမ်းနားလှစွာသောပြာသာဒ်ကြီးတခု ရှိလေရာ, ၎င်းမှာ အထွတ် တပ်သော အဆောင် အမျိုးမျိုး , အကြီး အငယ် အလွယ် အစား များစွာသော တိုက်ခန်းအမျိုးမျိုး, အတွင်းအပြင် စင်ကြယ်စွာသော ဆေးအမျိုးမျိုးတို့ဖြင့်ခြယ်လယ်၍ အသွယ်သွယ်သော ခုတင် အင်းပျဉ် ပလ္လင် မွေ့ရာ အခင်းအနှီးတို့ဖြင့် အံ့ချီးမကုန်နိုင်ဖွယ် တင့်တယ်လှပစွာ ဆင်ယင်ထားရှိလေ၏၊ တဦးသောသူသည် အစာရေစာ ဆာလောင်မွတ်သိပ်လျက် နွေနေပူအတွင်းတွင် ပြင်းစွာ ရှိုက်ငင်ပင်ပန်းကာ ထိုသည့် ဘုံနန်းပြာသာဒ် ဆီသို့သာ ရည်ရော် သွားရောက် နေလေ၏၊ ၎င်းကို ဉာဏ်အမြင်အမြော် ရှိသူတဦးက မြင်၍,ဤသူကား ဤအတိုင်း သွားလာခဲ့မူ ထိုသည့်ပြာသာဒ် ဘုံနန်းသို့သာ ဆိုက်ရောက် လေအံ့ ဟု ဆိုလေ၏၊ ထို့အတိုင်းပင် တပါးသော အခါ၌ ထိုဘုံနန်းသို့ရောက်ဆိုက်လျက် ထိုထို ခုတင် အင်းပျဉ် မွေ့ရာတို့၌ ချမ်းသာစွာ နေထိုင်ခံစားနေသော ထိုသူကို တွေ့မြင်ရလေ၏၊ ဤ့အတူပင် သာရိပုတ်,ငါဘုရားသည် အချို့သူ၏စိတ်ကို ပိုင်းခြားသိမြင်တော်မူ၏၊ ဤသူကား ဤသို့ဖြစ်၏,ဤသို့ ပြုမူကျင့်ဆောင်၏,

ချမ်းသာစွာစံမြန်းသည့် နတ်လမ်းခရီးသို့သာ သွားလာလျက်ရှိသည်ဟု ပိုင်းခြား သိမြင်တော်မူ၏၊ တပါးသောအခါ နတ်တို့ရွာ၌ ဖြစ်လျက် နတ်တို့ချမ်းသာကို ခံစား ပျော်ပိုက်နေသည်ကို လူတို့အမြင်ထက် လွန်ကဲသော နတ်မျက်စိဉာဏ်ဖြင့် မြင်တော်မူ၏။

ဒိုသာရိပုတ္တ, ဥပမာအားဖြင့် အလွန်ကြည်လင် မြူစင် သန့်ရှင်းသော ရေနှင့် သက်ဆိုင်း ချိုးသုံးစရာ သာယာစွာသော ဆိပ်ကမ်းရှိ လေးထောင့် ကန်ကြီးတခု ရှိလေရာ , ၎င်းအနီးပတ်ဝန်းကျင် အနီးအပါး၌လည်း သာယာ , နားခိုနေထိုင်စရာ သာယာ အေးမြသော အရိပ်သင်ခါ၏ ထူးနက် စိမ်းလန်းသော တောအုပ်ကြီး ဝန်းရံလျက်ရှိလေ၏၊ တဖြူးသော သူသည် အား အစာရေစာ ဆာလောင် ပွတ်သိပ်လျက် , နွေနေ့အခါ ဆင်းရဲပင်ပန်းစွာ ထိုရေကန်ကြီးသို့သာ မြော်မှန်း လာရောက် နေလေသည်၊ ထိုသူကို ဉာဏ်မြော်မြင်သူ တစုံတယောက်က တွေ့မြင်၍ ဤသူကား ဤအတိုင်း သွားလာပေသော် ထိုရေကန်ကြီးသို့သာ ဆိုက်ရောက်လတ္တံ့သည်ဟု ဆိုလေ၏၊ ထိုနောက် တပါးသော် - ထိုသူ အတိုင်းပင် ထိုရေကန်သို့ ဆိုက်ရောက် ရေသောက်ချိုးသုံး၍ သာယာသော မြက်ခင်း၌ သက်ပင်ရိပ်၌ အိပ်စက် အေးမြ ချမ်းသာ လှစွာ နေထိုင်သော ထိုသူကို မြင်ရလေ၏၊ ဤအတူပင် , သာရိပုတ္တ, ငါဘုရားသည် အချို့သော ပုဂ္ဂိုလ်၏စိတ်ကို ပိုင်းခြား သိမြင်တော်မူ၏၊ ဤပုဂ္ဂိုလ်ကား ဤသို့ ကျင့်ကြံ ပြုမူ၏, ဤသူသည် လောက ပွါးစီးရေး ကုန်ခန်းသည့် ခရီးလမ်းသို့ သက်ရောက်၏၊ ဤသူကား လောက ပွါးစီးရေး ကုန်ခန်းသည့် နိဗ္ဗာန် သို့သာ ရောက်ပေလတ္တံ့ ဟု သိမြင် တော်မူ၏၊ တရံအခါ မှုကား ထိုသို့ မြင်တော်မူတိုင်းပင် လောကပွါးစီးရေး ကုန်ခန်း၍ စိတ်ထား၏ လွတ်လပ်အေးမြရာ ပညာဉာဏ်အမြင်ဖြင့် စင်ကြယ်စွာ လွတ်လင်ရာကို မျက်မှောက် ရောက်ဆိုက် ချမ်းသာ အေးမြသော ထိုပုဂ္ဂိုလ်ကို မြင်တော်မူ၏၊ ဤကား လားရောက်ရေး ဂတိတို့တည်း။ ဤသို့ ကြားနာ မှတ်သားရပါသည်။

ပဥ္စဂတိ သုတ္တန် ပြီး၏။

# ၁၅။ လောမဟံသနသုတ္တန်

[ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားနှိုင်းချိန်၍ ဖတ်ပါ။]

ဘုရားရှင် ဝေသာလီ မြို့တော် အပြင်ပ အပရပုရ တောအုပ်တွင် သီတင်းသုံး နေတော်မူစဉ် အရှင်သာရိပုတ်အား ဟောညွှန်တော်မူသော လောမဟံသနသုတ္တန်ကို ဤသို့ အကျဉ်းနှုပ် နာခံမှတ်သားရပါသည်။ အို သာရိပုတ်, ငါဘုရားသည် အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် မြတ်သောအကျင့်ကိုကျင့်သုံးပူး၏။

၁ - ပူပန်စွာကျင့်၏၊ အလွန်အမင်း ပြင်းထန်စွာ ကျင့်သူသာဖြစ်၏၊

၂ - ခေါင်းပါးစွာကျင့်၏၊ အလွန်အမင်း ခေါင်းပါးစွာ ကျင့်သူသာ ဖြစ်၏၊

၃ - စက်ဆုပ်စွာကျင့်၏၊ အလွန်အမင်း စက်ဆုပ်စွာ ကျင့်သူသာဖြစ်၏၊

၄ - ဆိတ်သဉ်းစွာကျင့်၏၊ အလွန်အမင်း ဆိတ်သဉ်းကင်းပြတ်စွာ ကျင့်သူသာဖြစ်၏။

အို သာရိပုတ်, ထိုလေးမျိုးတို့တွင် ဤသည်ကား ပူပန်စွာသော အကျင့်တည်း၊ အို သာရိပုတ်, ငါသည် အဝတ်မဆီး နေထိုင်၏, ကျင်ကြီး ကျင်ငယ်ကို စားသောက်၏, လက်ဖြင့်သာ ကျင်ကြီး ကျင်ငယ်ကို သုတ်သင်၏၊ ကြွပါ ဆိုသော ဆွမ်းကို မခံ, ရပ်ပါ ဆိုသောဆွမ်းကို မခံ, ရှေးရှုဆောင်ယူလာသောဆွမ်းကို မခံ, ရည်ညွှန်း၍ ပေးလှူသော ဆွမ်းကို မခံ, ပင့်ဖိတ်သောဆွမ်းကို မခံ, အိုးဝမှ ခူးလောင်းသောဆွမ်းကို မခံ, ဆန်ဆေးတောင်းဝမှ ဆွမ်းကိုမခံ, တံခါးခုံခြား၍ လောင်းသော ဆွမ်း, တုတ်ခြား၍ လောင်းသောဆွမ်း, ကျည်ပွေ့ခြား၍ လောင်းသောဆွမ်းကို မခံ။

လင်နှင့်မယား စားနေစဉ် လှူသောဆွမ်းကို မခံ, ကိုယ်ဝန်ဆောင်မ၏ဆွမ်းကို မခံ, နို့တိုက်မ ၏ ဆွမ်းကို မခံ, ယောကျ်ားနှင့် ပျော်မွေ့ နေသော မိန်းမ၏ ဆွမ်းကို မခံ, ကြော်ငြာကမ်း၍ လောင်းသောဆွမ်းကို မခံ, ခွေးမျှော်လင့်နေရာမှ ဆွမ်းကို မခံ, ယင်ကောင်များ ရုံးနေရာမှ ဆွမ်းကို မခံ, ငါးသား အမဲသားကို မစား, သေ အရက်ကို မသောက်, ထမင်းရည်ကို မသောက်, ငါသည် တအိမ်တည်းက တလုပ်စာမျှ ရသော ဆွမ်းဖြင့် မျှတ၏၊ နှစ်အိမ်မှ နှစ်လုပ်စာမျှ ရသောဆွမ်းဖြင့် မျှတ၏၊ သုံး-လေး-ငါး-ခြောက်-ခုနစ်အိမ်မှ ခုနစ်လုပ်စာမျှ ရသော ဆွမ်းဖြင့် မျှတ၏၊ ဆွမ်းတခွက်မျှဖြင့်သော် မျှတ၏၊ နှစ်-သုံး-လေး-ငါး-ခြောက်-ခုနစ်ခွက်ဖြင့်သော်မျှတ၏၊ တရက်ခြား အစာစား၏၊ နှစ်ရက်-သုံး-လေး-ငါး-ခြောက်- ခုနစ်ရက်ခြား အစာစား၏၊ ဤသို့အားဖြင့် လခွဲဘိုင်ခြား၍

အစာစားခြင်းကို အဖန်ဖန်အားထုတ်၏၊ဟင်းရွက်ကိုစား၏,သာမာကစပါးမျိုးကိုစား၏, ကြိတ်စပါးမျိုးကိုစား၏,သားရေပိုင်းကိုစား၏,သားရေဖတ်ကိုစား၏,ဆန်ကွဲကိုစား၏, ထမင်းချေးကို စား၏,နှမ်းဖတ်ကိုစား၏, မြက်ကိုစား၏,နွားချေးကိုစား၏,တောသစ်မြစ် သစ်သီးကို စား၏, အလိုလို မှက်မပျိုးဖြစ်သော အစာကို စား၏။

ဒိုသာရိပုတ်, ငါသည် ပိုက်ဆံလျှော်ချည်ကို ဝတ်၏၊ မသာက အထည်ကို ဝတ်၏၊ လူသေ အဝတ်ကို ဝတ်၏၊ မြေမှုံ့ပွမ်း အထည်ကို ဝတ်၏၊ လျှော်တေကို ဝတ်၏၊ သစ်နက်ရေကို ဝတ်၏၊ ခွါနှင့် တကွသော သစ်နက်ရေကို ဝတ်၏၊ သမန်းမြက် ကျစ်ထည်ကို ဝတ်၏၊ လျှော်ကျစ်ထည်ကို ဝတ်၏၊ ပျဉ်ချပ်ကို စီစပ်၍ ဝတ်၏၊ လူဆံမွေး ထည်ကို ဝတ်၏၊ သားမွေး ထည်ကို ဝတ်၏၊ ဇှက်တောင်ကို စီစပ်၍ ဝတ်၏၊ ဆံ-မုတ်ဆိတ် နှုတ်ပင်၏၊ ဆံ- မုတ်ဆိတ် နှုတ်ခြင်း၌ အမြဲ ကြောင့်ကြစိုက်၏၊ လေးပက် ထောက်သာ နေထိုင်၏၊ ထိုင်နေခြင်းကို ပယ်၏၊ ဆောင့်ကြောင့်သာ ထိုင်နေ၏၊ ဆောင့်ကြောင့် ထိုင်နေခြင်း၌ အမြဲအားစိုက်၏၊ ဆူးကိုမှီ၍ နေ၏၊ ဆူးမှီ အိပ်ယာ၌ အိပ်၏၊ ညနေလျှင် သုံးကြိမ်မြောက် ရေဖြင့် စင်ကြယ်စေ၏၊ ဤသို့ စသည့် ကိုယ်၏ ဆင်းရဲ ပူပန်ရေး အလုပ်၌ အားထုတ်၏။ ဤကား ပူလောင်ပြင်းပြစွာ ကျင့်ကြံမှုတည်း။

ဒိုသာရိပုတ်, ငါ၏ ခေါင်းပါးရေး အကျင့်များကား, နှစ်ပေါင်း များစွာ ရဆောင်း ထားသော မြူ အညစ် အကြေးသည် ကိုယ်၌ ရဆောင်း ကင်ပြီလျက်သာ အမြဲ ရှိ၏၊ ကွတ်တက်နေ၏၊ ဥပမာ တယ်ပင်ငုတ်သည် နှစ်ပေါင်းများစွာ ပွါးစည်း၍ အဖတ်လိ နေသကဲ့သို့တည်း၊ ဒိုသာရိပုတ်, ထို မြူအညစ်အကြေးတို့ကို ငါကိုယ်တိုင် သုတ်ပစ်ရန် သော်၎င်း, သူတပါးတို့ကို သုတ်ပစ်စေရန် သော်၎င်း, စိတ်မှုပင် မဖြစ်ခဲ့ပချေ၊ ဤကား ခေါင်းခေါင်းပါးပါး ကျင့်ကြံရေးတည်း။

ဒိုသာရိပုတ်, စက်ဆုပ်ရွံရှာသော အကျင့်ကား, ငါသည် သတိပြု၍ သွားလာ၏၊ ရေပေါက် ရေစက်မှု အပေါ်၌ပင် ပိုးမွှား တို့သည် ငါ၏ မသင့်တင့်သော သွားလာ မှုကြောင့် မသေစေကုန်လင့် ဟု သနားကြင်နာစိတ် ထားခဲ့လေသည်။ ဤကား အကျင့် ဖြင့် စက်ဆုပ်ခြင်းတည်း။

ဒိုသာရိပုတ်, ငါ၏ ဆိတ်သုဉ်း ကင်းပြတ်ခြင်း အကျင့်ကား, ငါသည် တောကြီး တခု၌ ဝင်ရောက် နေထိုင်၏၊ ထိုစဉ်အခါ နွားကျောင်းသား, သားကျောင်းသားများ, မြက်ရိတ်သမား,ထင်းခွေသမား,တောခုတ်သမားများကို တွေ့ခဲ့မူ တတောမှတတော, တခြိုမှတခြို, တချိုင့်မှ တချိုင့်, တကုန်းမှ တကုန်းသို့ အတင်း ပြေးတော့ လေသည် သာတည်း၊ ဥပမာ တောသမင်သည် လူကိုမြင် လျှင် သုတ်ခြေတင်ကာ ပြေးသွားပုံ ကဲ့သို့ ပင်တည်း၊ အဘယ့်ကြောင့် ထိုသို့ ပြေးသွားသနည်း ?၊ ဒိုသာရိပုတ်, ၎င်းတို့က ငါ့ကို မတွေ့မြင်ကြရန်, ငါက ၎င်းတို့ကို မတွေ့မြင် ရရန်ပင် ဖြစ်ခဲ့ပေ၏၊ ဤကား ဆိတ်သုဉ်း ပြတ်ကင်းခြင်းတည်း။

အို သာရိပုတ်, ငါသည် နွားကျောင်းသားများ မေ့လျော့၍ နွားအုပ်မှ ကျန်ကြွင်း ခဲ့သော နွားရဌာန်သို့ လေးဖက်ထောက်သွားကာ, နို့သောက် နွားငယ်တို့၏ ကျင်ချေးကို စားသုံးခဲ့ပြီ၊ အို သာရိပုတ်, ငါ့ကိုယ်မှ ကျင်ကြီး များကိုပင် အားလုံး မကုန်မချင်း တပါးအစာမရှိ, စားသုံးခဲ့ပြီ၊ ဤကား ကျင်ကြီးစားခြင်းကြီး ကျင့်ဝတ်တည်း။

အို သာရိပုတ်, ငါသည် ကြောက်မင်းဖွယ်ကောင်းသော တောအုပ်ကြီးတခု၌ နေခဲ့ပြီ၊ မည်မျှ ကြောက်မင်းဖွယ်ကောင်းသနည်းဆိုသော်-ရာဂမကင်းသေးသူ တစုံတယောက် ထိုတောအုပ်သို့ ဝင်ရောက်လာမည်ဆိုလျှင် များသောအားဖြင့် ကြက်သီးထရလေသည်၊ အို သာရိပုတ်, ငါသည် ဆောင်းအခါ ပြာသို တပို့တွဲလ ဆီးနှင်းကျသော ကာလများ၌ ညတွင် လွင်ပြင်တည်းမှာ နေ၍, နေ့အခါ တောအုပ် အတွင်းမှာ နေထိုင်ခဲ့၏၊ နွေအခါ နောက်ဆုံး နယုန်လ၌ နေ့မှာလွင်ပြင်, ညတွင် တောအုပ်ကြီး၌နေထိုင်ခဲ့၏၊ အို သာရိပုတ်, စင်စစ်တမှုကား, ရှေးက မကြားစဖူး အထူး အံ့အောဖွယ် ကောင်းသော ဤဂါထာတခု ငါ၏နှုတ်မှာ ပေါ်လာခဲ့လေပြီ……

သောတတ္တော သောသီနော စေဝ, ဧကော ဘိံသနကေ ဝနေ၊
နဂ္ဂေါ စ နာ'ဂ္ဂိ'မာသီနော, ဧသနာ ပသုတော မုနိ။

ကြောက်ဖွယ်ဖြင်သီး တောအုပ်ကြီးမှာ, ပူလောင်ခံခြင်း ပြင်းပြလေစွာ၊
အဝတ်မဲ့သီး မီးကင်ကျင့်မှာ, ရဟန်းမှု၌ အေးခွင့်ရှာခဲ့စွာ။

အို သာရိပုတ်, ငါသည် သုသာန် တစပြင်၌ ပင်လည်း သူသေရိုး တို့ကို ခေါင်းအုံး အိပ်စက် နေထိုင်ခဲ့ပြီ၊ အို သာရိပုတ်, စင်စစ်တမှုကား ရွာသူ့ လူငယ် လူပျော်ငယ် တို့သည် ငါ့ထံသို့ရောက်ကုန်၍, တံတွေးဖြင့် ထွေးကြကုန်၏၊ သေးဖြင့် ပန်းကြကုန်၏၊ မြူမှုံ့ ဖုံမှုန့်တို့ဖြင့်သော်လည်း ပက်ကြကုန်၏၊ နားတွင်းသို့သော် တုတ်ချောင်းများဖြင့် ထိုးဆွကြကုန်၏၊ အို သာရိပုတ်, ငါသည် ထိုသူငယ်တို့အပေါ်၌ စိတ်မှုဖြစ်မှားခဲ့မိသည်ကို မသိမှတ်ခဲ့ဖူးချေ၊ ဤကား လျစ်လျူရှုခြင်းကြီးတည်း။

အို သာရိပုတ်, အစာဖြင့် စင်ကြယ်သည် ဟု အယူ အစွဲ ရှိကြ ကုန်သော သူတော် သူမြတ်တို့ ရှိကြကုန်၏၊ ၎င်းတို့ ဆိုကုန်သည်ကား ငါတို့သည် ဆီးသီး ဖြင့်သာ မျှတ ကုန်၏ ဟု ဆိုကုန်၏၊ ၎င်းတို့သည် ဆီးသီးကို စားကုန်၏၊ ဆီးသီးမှုန့်ကို စားကုန်၏၊ ဆီးသီးရည်ကို သောက်ကုန်၏၊ ဆီးသီးနှင့်ဆိုင်ရာ အထူးထူးအထွေထွေကိုပင် စားသုံး ကြကုန်၏၊ အို သာရိပုတ်, ငါသည် ဆီးသီးတလုံးမျှသာ စားသုံး နေထိုင်ခဲ့ဖူးသည်ကို သိ မှတ်ဖူး၏၊ အို သာရိပုတ်, ထိုစဉ်အခါက ဆီးသီးမှာ ကြီးကြီးမားမား ဖြစ်လေရာသည် ဟု သင် ထင်မှတ် ပေရာ၏၊ ထိုသို့ မမှတ်ရ, ထိုစဉ်ကလည်း ဆီးသီးမှာ ဤမျှပင် ဖြစ်ခဲ့ လေပြီ၊ အို သာရိပုတ်, အချို့သူတော်သူမြတ်တို့က ငါတို့သည် ပဲနောက် ဖြင့် မျှတ ကုန်၏၊ နှမ်းဖြင့် မျှတကုန်၏။ ဆန်ဖြင့် မျှတကုန်၏ဟု ဆိုကြကုန်၏၊ ၎င်းတို့သည် ဆန်

ကိုသာ စားသုံးကြကုန်၏၊ ဆန်မှုန့်ကို စားသုံးကြကုန်၏၊ ဆန်ရည်ကို စားသုံး ကြကုန်၏၊ အို သာရိပုတ်, ငါသည် ဆန်တလုံးမျှသာ စားသုံးမျှတ နေထိုင်ခဲ့ဖူးသည်ကို သိမှတ်ဖူး၏၊ အို သာရိပုတ်, ထိုစဉ် အခါက ဆန်လုံးမှာ ကြီး၊ ကြီး မားမား ဖြစ်ပေ ရာသည် ဟု သင် ထင်မှတ်ပေရာ၏၊ ထိုသို့ မမှတ်ရ, ထိုစဉ် အခါကလည်း ဆန်လုံးမှာ ဤမျှပင် ဖြစ်ခဲ့ပြီ၊ အို သာရိပုတ်, ထိုသို့အားဖြင့် ဆီးသီးတလုံးမျှ, ဆန်တလုံးမျှ, စားသုံးမျှတ နေထိုင်ခဲ့သော ငါ၏ကိုယ်သည် လွန်မင်းစွာ ကြုံလှီခဲ့လေပြီ။

အို သာရိပုတ်, ဥပမာအားဖြင့် ရှစ်ဆယ်သော အဆစ်တို့ကဲ့သို့၎င်း, မည်းနက်သော အဆစ်တို့ကဲ့သို့၎င်း, ထို့အတူပင် အစာနည်းပါးသောကြောင့် ငါ၏ ကိုယ်အင်္ဂါတို့ ဖြစ်ခဲ့ကုန်ပြီ၊ ငါ၏ တင်ပါးမှာ ကုလားအုပ် ခြေကဲ့သို့ ဖြစ်ခဲ့ပြီ၊ ငါ၏ ကျောက်ဆူးရိုး မှာ ကြိုးလွန်းလုံးကဲ့သို့၎င်း ဖြစ်ခဲ့ပြီ၊ ငါ၏နံရိုးများမှာ ဖရိုဖရဲပြိုပျက်ကျိုးကျသောအိမ်ချဉ်ဝါး တို့ကဲ့သို့၎င်း, ငါ၏ မျက်တွင်းနှစ်ခုတို့၌ မျက်လုံးတို့မှာ နက် ရှိုင်းလှစွာ ဖြစ်ကုန်၍, နက် ရှိုင်း လှစွာသော ရေတွင်း ထဲက ရေရောင်တို့မျှ ပြောင်ပြောင် လက်လက်သာ ဖြစ်ကြကုန်၏၊ ငါ၏ဦးခေါင်းရေများမှာ အစိမ်းနုနု ဆွတ်ခူး၍, လေ နေပူတွင် ထားအပ်သော ဗူးခါးသီးချောက်ကဲ့သို့ ညှိုးချောက်မှုံ့တွလျက်သာ ရှိခဲ့ပြီ၊ အို သာရိပုတ်, ငါသည် ထိုသို့သော အစာနည်းပါးခြင်းကြောင့်ပင် ဝမ်းပိုက်ရေကိုစမ်းသတ်ခဲ့သော်-ကျောရိုးကိုသာ ကိုင်မိ၏၊ ကျောရိုးကို ကိုင်စမ်းခဲ့သော် - ဝမ်းရေ ကိုသာ ဆုပ်ကိုင်မိ၏၊ အကြောင်းကား ထိုသည့် အစာနည်းပါးမှုကြောင့် ဝမ်းရေနှင့် ကျောရိုးများမှာ တသားတည်းကပ်လျက်သာ နေခဲ့လေပြီ၊ ငါသည် ကျင်ကြီးဖြစ်စေ, ကျင်ငယ်ဖြစ်စေ စွန့်မည်ဆိုခဲ့သော်-ထိုနေရာတွင်ပင် မှောက်ရက်လည်းကျသွားခဲ့လေပြီ၊ အို သာရိပုတ်, ငါသည် လက်ဖြင့်ကိုယ်ကို စမ်းသတ်ခဲ့သော်-အရင်းပုပ်ဆွေးသော အမွေးတို့သည် တဖွေးဖွေး ကျွတ်၍, ချောကျကုန်ပြီ၊ အို သာရိပုတ်, ထိုမျှ ခဲခဲယဉ်းယဉ်း ကျင့်ကြံခြင်း ဖြင့်လည်း လူတို့ တရားထက် ထူးခြားသည့် အရိယာ တရားကို မရခဲ့ပချေ၊ အကြောင်းကား + ဆင်းရဲ ကုန်ခန်းရေး အရိယာ ဉာဏ်ပညာကို မရ၍ပင်တည်း၊ ဤသို့ ဟောတော်မူသည်ကို မှတ်သား နာယူရပါသည်။

သတိပြုဖွယ်

ဤ လောမဟံသန သုတ္တန်သည် ဘုရားဟောပင်တည်း၊ ဘုရားဟော ဇာနဲ အစစ်ပါဟု မယုံကြည်ထိုက်၊ ဒုက္ကရစရိယာ ဟူသော အမည်ကို ထောက်၍. ရှေးရှေး ဆရာကြီးများက ထိုထိုတိတ္ထိတို့ ကျင့်ကြံကြသော ကျင့်စဉ် ပတိပတ်ကို ဘုရား၏. ကျင့်စဉ်ပြုလုပ်၍, ရေးသား ထားခဲ့ဟန် တူပေသည်၊ နောက်နောက် ဤသို့ ယုတ္တိ ဂင်းမဲ့သော စကားမျိုးကို ကွန်ဝိတို့ ဘာသာပြန်ရာ၌ ထည့်သွင်း ဖော်ပြလိမ့်မည် မဟုတ်ချေ၊

လောမဟံသန သုတ္တန် ပြီး၏။

---

+ ဆင်းရဲ ပင်ဝန်းခံရေးဖြင့် အရိယ ဉာဏ်ပညာကို မရထိုက်၍ပင်တည်း ဟု ရှိရမည်နေရ တည်း၊

# ၁၆။ ဒုက္ခက္ခန္ဓ သုတ္တန်

ဘုရားရှင် သာဝတ္ထိမြို့တော် အနာထပိဏ် သေဋ္ဌေးကြီး ဆောက်လုပ်လှူဒါန်းသော ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူသော အခါ- ဘုရားရှင့် အဌာန်တော်မှ ဤသို့ အကျွန်ုပ် ကြားနာ မှတ်သားရပါသည်။

ရဟန်းတို့, ÷ ကာမဂုဏ် ငါးပါးတို့၏ သာယာဖွယ် အဘယ်နည်း?၊ ကာမဂုဏ်တို့ကား ငါးမျိုး ဖြစ်ကုန်၏၊ ၎င်းတို့ကား လိုလားအပ်, နှစ်မြိုက်အပ်, ချစ်ခင်အပ်, အလိုနှင့်စပ်၍ တပ်စွန်းဖွယ် ဖြစ်ကုန်သော အဆင်း- အသံ- အနံ့- အရသာ- အတွေ့ -ဤငါးမျိုး တို့တည်း၊ ဤ ကာမဂုဏ် ငါးမျိုးကို စွဲ၍ ချမ်းသာ ဝမ်းမြောက် ရခြင်းသည် ကာမဂုဏ်၏ သာယာဖွယ်တည်း၊ ကာမဂုဏ်တို့၏ အပြစ်ဒေါသကား အဘယ်နည်း?၊ ရဟန်းတို့, ဤလောက၌ အမျိုးကောင်းသားသည် တစုံတခုသော အတတ် ပညာဖြင့် အသက်မွေးမှု ပြုလုပ်လေသည်၊ ဝှ်န်းမတွက်(လက်ဆစ်ချိုးရေ)အတတ်, ဂဏန်းအတတ်, အပေါင်းရေအတတ်, လယ်ထွန် ကုန်သွယ် နွားမွေး မင်းမှုထမ်း စစ်အတတ် တစုံတခုဖြင့် အချမ်းအပူကို အရေးမထားမူ၍, ခြင် မှက် လေ နေပူ ကင်းသန်းတို့၏ ကိုက်အင်း အတွေ့အထိကို ခံမှုလျက် မွတ်သိပ် ဆာလောင်ခြင်းတို့ဖြင့် ဖိစီး နှိပ်စက်ခံ၍ အသက်မွေးမှု ပြုလုပ်လေသည်၊ ဤသည်လည်း ကာမဂုဏ် ချမ်းသာမှု အတွက် မျက်မှောက် ဆင်းရဲအစုပင်တည်း။

ဤသို့ လုံ့လ စိုက်ထုတ် လုပ်ကိုင်လျက်, ထိုသည့် ဥစ္စာပစ္စည်း မဖြစ်ပွါး မပြည့်စုံခဲ့သော်- ငါ ထုတ်စိုက်ခဲ့သော လုံ့လသည် အချည်းနှီး ဖြစ်စွတကား, အကျိုးမဲ့ ဖြစ်စွတကား ဟု စိုးရိမ်ရ၏, ပင်ပန်းရ၏, ငိုကြွေးရ၏, ရင်ခတ် လက်တီး မြည်တမ်းရ၏, တွေဝေ မိန်းမောရ၏၊ ဤသည်လည်း ကာမဂုဏ် ချမ်းသာမှု အတွက် မျက်မှောက် ဆင်းရဲ အစုပင်တည်း။

ရဟန်းတို့, ထိုသို့ လုံ့လစိုက်ထုတ် လုပ်ကိုင်သော အမျိုးကောင်းသားမှာ လုံ့လ အလိုက် ဥစ္စာနေ ကြွယ်ဝ ချမ်းသာ နဲပြန်စေကာ, ထိုသည့် ဥစ္စာပစ္စည်း များကို မ ..နှုန်း မနှိပ်စက် မပျက်ဆီးရန်, ခိုးသားဓါးမြတို့ မလုယက် မဆောင်ယူရန်, မီးမလောင်ရန်, ရေ၌ မပျက်စီးရန်, မနှစ်မြို့သော အမွေခံတို့ မယူဆောင်ရန် စောင့်ရှောက် ထိန်းသိမ်း

÷ "ကာမဂုဏ်" ဟူသည် တပ်စွန်းရခြင်း ကျေးဇူး အကျိုးကိုဆို၏၊ "ကာမ" ဟူသည် ပစ္စည်းဝတ္ထုနှင့် တပ်မက်ခြင်း နှစ်မျိုးတည်း။

ရေးအတွက် ဆင်းရဲရပြန်၏၊ ထိုသို့ စောင့်ထိန်းစဉ်ပင် မင်း ခိုးသူ ရေ မီး မနှစ်မြို့သော အမွေခံများ အနက် တမျိုးမျိုးဖြင့် အကယ်၍ ပျက်စီး ဆုံးရှုံးခဲ့အံ့၊ ခဲးယဉ်းစွာစောင့်ထိန်းရသော ငါ၏ဥစ္စာများမှာ ဆုံးပါးခဲ့ပြီတကားဟု စိုးရိမ်ပူဆွေးရ၏၊ ငိုကြွေးရ၏၊ ရင်ခတ်လက်တီးမြည်တမ်းရ၏၊ တွေဝေမိန်းမောရ၏၊ ဤသည်လည်း ကာမဂုဏ်ကိုအကြောင်းပြု၍ ကာမဂုဏ်အတွက် မျက်မှောက် ဆင်းရဲအစုပင်တည်း။

ရဟန်းတို့, ထိုမှတပါးတုံလည်း မင်းတို့သည် မင်း အချင်းချင်း, ပုဏ္ဏား တို့သည် ပုဏ္ဏား အချင်းချင်း, သူကြွယ်တို့သည် သူကြွယ်အချင်းချင်း ငြင်းခုံကုန်၏၊ အမိနှင့်သား သားနှင့်အမိ, အဖနှင့်သား, သားနှင့်အဖ, အစ်ကိုနှင့်ညီ, ညီနှင့်အစ်ကို, မောင်နှင့် အမ နှမ, အမ နှမနှင့်မောင်, အပေါင်းနှင့် အပေါင်း အချင်းချင်း ငြင်းခုံကုန်၏၊ ၎င်းတို့သည် ယင်းသို့ ငြင်းခုံရာ၌ ရန်ဖြစ်ကုန်, လုံးထွေးကုန်, မညီညွတ်ကုန်၍ လက်သီး ထိုးခြင်း, ခဲပစ်ခြင်း, တုတ်ရိုက်ခြင်း ဓါးခုတ်ခြင်းတို့ ဖြစ်ပွါးကုန်၏၊ ထိုသို့ဖြစ်ရာတွင် သေပျောက်ခြင်းသို့၎င်း, သေလောက်သော ဆင်းရဲသို့၎င်း ရောက်ကုန်၏၊ ရဟန်းတို့, ဤသည်လည်း ကာမဂုဏ်ကြောင့် ကာမဂုဏ်ကို စွဲ၍ ကာမဂုဏ် အတွက် မျက်မှောက် ဆင်းရဲ အစုပင်တည်း။

ရဟန်းတို့, ထိုမှတပါးတုံလည်း ကာမဂုဏ်အလို့ငှါပင် ဓါး သံလျက် လက်နက် လေးမြှား ကိုင်စွဲကုန်၍ နှစ်ဖက်တက်၍ တိုက်ခိုက်သော စစ်မြေပြင်သို့ ဓါး သံလျက် လက်နက် လေးမြှား အစားစား ပစ်ခတ် ထိုးခုတ်စဉ်အတွင်း အတင်း ဝင်ရောက် တိုက်ခိုက်ရကုန်၏၊ မြှားမှန် လှံမှန် ဓါးဖြင့် ဦးခေါင်းပြတ်ရသည့်အထိ ဆင်းရဲကို ရကုန်၏၊ ဤသည်လည်း ကာမဂုဏ်ကြောင့် ကာမဂုဏ်ကိုစွဲ၍ ကာမဂုဏ် အတွက် မျက်မှောက် ဆင်းရဲအစုပင်တည်း။

ရဟန်းတို့, ထိုမှတပါးတုံလည်း ကာမဂုဏ်အလို့ငှါပင် အသူးသူးသော ဓါး သံလျက် လက်နက် လေးမြှား အစားစားဖြင့် အားရှိ ပစ်ခတ် ထိုးခုတ်စဉ်အတွင်း ဓါး သံလျက် လက်နက် လေးမြှား စွဲကိုင်ကုန်, ချပ် ဝိန်ညို ဝတ်ဆင်ကုန်၍ ပြအိုး တံခါးမုခ် စသည်သို့ ပြေးဝင် ထိုးတက်ကြရကုန်၏၊ ယင်းသို့ဖြစ်ရာတွင် မြှားမှန် လှံမှန် ဓါးဖြင့် ဦးခေါင်း ပြတ်ကြသည့်အထိ ဆင်းရဲ တွေ့ကြုံရကုန်၏၊ နွားချေး မြင်းချေး တို့ဖြင့် ပစ်ခတ်ခြင်း, ဗိုလ်ထုဖြင့် ဖိညှပ်ခြင်းကို ခံရကုန်၍ သေရခြင်းသို့၎င်း, သေလောက်သော ဆင်းရဲသို့၎င်း ရောက်ကုန်၏၊ ဤသည်လည်း ကာမဂုဏ်ကြောင့် ကာမဂုဏ်ကိုမှီ၍ ကာမဂုဏ်အတွက် မျက်မှောက် ဆင်းရဲအစုပင်တည်း။

ရဟန်းတို့, ထိုမှတပါးတုံလည်း ကာမဂုဏ်အလို့ငှါပင် အိမ်ခြံစပ်ကို ဖေါက်ထွင်း ဝင်ရောက်ကုန်၏၊ တိုက်ခိုက်လုယက်ကုန်၏၊ သူတပါးအိမ်ယာကိုလွှန်ကြူးကုန်၏၊ ထိုသို့ ပြစ်မှု ကြူးလွန်သူတို့ကို မင်းတို့က ဖမ်းဆီးကုန်၍ အသူးသူးသော အပြစ်ဒဏ် တို့ကို ပေးကုန်၏၊ နှင်တံဖြင့် ရိုက်နှက်ကုန်၏၊ ကြိမ်လုံးဖြင့် ရိုက်နှက်ကုန်၏၊ တုတ်ဖြင့် ရိုက်နှက်

ကုန်၏၊ လက်ကို ဖြတ်ကုန်၏၊ ခြေကို ဖြတ်ကုန်၏၊ လက်ရော ခြေပါ ဖြတ်ကုန်၏၊ နားကို ဖြတ်ကုန်၏၊ နှာခေါင်းကို ဖြတ်ကုန်၏၊ နားရော နှာခေါင်းပါ ဖြတ်ကုန်၏၊ ဦးထိပ်ရေကို ခွါ ဦးခွံကို ဖေါက်၍ ဦးနှောက်ကို ပအုံးရည် ကဲ့သို့ ကြိုက်ကြိုက်ဆူ ပူလောင် စေကုန်၏၊ ဦးခေါင်းရေကို ခွါ၍ ခရုသင်းပမာ ဖွေးဖွေးဖြူအောင်ပြုကြကုန်၏၊ နေကိုရုံသည့် ရာဟု ခံတွင်း အလား ပါးစပ် တွင်း၌ ချင်းချင်း နီသော သွေးဖြင့် ပြည့်အောင် ပြုလုပ် ကုန်၏၊ တကိုယ်လုံးကို အဝတ်ဖြင့်ရစ်ပတ်၍ ဆီဆွတ်ပြီးလျှင် ဆီမီးတိုင်ပြုလုပ် ရှို့မြှိုက်ကုန်၏၊ လက်နှစ်ဖက်ကို အဝတ်ရစ်ပတ် ဆီဆွတ်ပြီးလျှင် မီးတိုင်ပြုလုပ် ရှို့မြှိုက်ကုန်၏၊ မြစ်ခြေ ပင်မ၌ အရိုး အရွက်တို့ ဖြတ်ပတ်ရစ်နေသော ပိန်းပင် အလား, ခြေကျဉ်းဝတ်နားအထိ တကိုယ်လုံးမှ အရေကို ခွါချကာ ပြေးသွားစေကုန်၏၊ အောက် တကိုယ်လုံးမှ အရေကို လည်ပင်းအထိခွါ၍ လျှော်တေဝတ်ရုံသောရသေ့အလား ပြေးသွားစေကုန်၏၊ ခြေလက် လေးဖက်၌ တံကျင်လျှိုထား၍ လေးဖက်တွားနေသည့် သားကောင်ကဲ့သို့ ပြုလုပ်ကုန်၏၊ တကိုယ်လုံး ထိုထိုနေရာမှ အသားတို့ကို ငါးမြှားချိပ် ပမာ ထက်စွာသော သံချိပ်ဖြင့် ဆွဲးချိပ်၍ ချကုန်၏၊ တကိုယ်လုံးမှ အသားစိုင်တို့ကို တကျပ်သား တကျပ်သားခန့် ရွေ၍ ရွေ၍ ချကုန်၏၊ တကိုယ်လုံး၌ သံဆူးခက်ဖြင့် ရိုက်နှက်ကာ, ဆား ဆပ်ပြာ တို့ဖြင့် ပက်ဖြန်းကြကုန်၏၊

တံခါးတိုင်ကို တံခါးကျည် လျှို၍ လှည့်သကဲ့သို့, ကိုယ်ကို သံတံကျင် လျှို၍ လှည့်လည်စေကုန်၏၊ အရိုး အားလုံးကို မှုံ့မှုံ့ ညက်ညက် ကြေမွစေလျက် ကောက်မြိုး ကရွတ်ခွေကဲ့သို့, ကြိုးကြမ်ခွေကဲ့သို့,ပြုလုပ်ကုန်၏၊ ရဲရဲတောက်ပူလောင်သောဆီပူဖြင့် တကိုယ်လုံးကို သွန်းလောင်းကုန်၏၊ ရက်ပေါင်းများစွာ အစာတော်ထားသော ခွေးတို့ဖြင့် မှူးတိုက်၍ ကိုက်ဆွဲး ဝါးစားစေကုန်၏၊ အသက်ရှင်နေလျက်ပင် ရှည်မြင့်စွာ သံတံကျင် ဖြင့် လျှို၍ထားကုန်၏၊ သံလျက်ဖြင့်သော် ဦးခေါင်းကို လက်စတုံး ဖြတ်ပိုင်းကုန်၏၊ ယင်းသို့အားဖြင့် အထူးထူး အထွေထွေသော အပြစ်ဒဏ်ကို ပြုလုပ် ခံရရာ၌ သေကြေ ခြင်းသို့၎င်း, သေလောက်သော ဆင်းရဲသို့၎င်း, ရောက်ကြရ ကုန်၏၊ ဤသည်လည်း ကာမဂုဏ်ကြောင့် ကာမဂုဏ်ကို စွဲး၍ ကာမဂုဏ်အတွက် မျက်မှောက် ဆင်းရဲ အစုပင်တည်း။

ရဟန်းတို့, ထိုမှတပါးတုံလည်း ကာမဂုဏ် ပြည့်စုံ လုံလောက်ရရေး အလို့ငှါပင် ကိုယ့် နှုတ် နှစ်လုံး သုံးပါးဖြင့် ထိုထိုမကောင်းမှု ဆိုးဝါးမှု ဒုစရိုက်ကံတို့ကို လွန်ကြူး ပြုကျင့်ကြကုန်၏၊ ယင်းသို့ လွန်ကြူး ကျင့်ကြံမှုဖြင့် သေလွန်သော်-ချမ်းသာ ကင်း၍ မကောင်းဆိုးဝါးသူတို့ ကျခံရရာ, မကောင်းဆိုးဝါးစွာလည်း ကျခံရရာဖြစ်သော ငရဲ သို့ ကျရောက်ကြရ ကုန်၏၊ ဤသည်ကား ကာမဂုဏ်ကြောင့် ကာမဂုဏ်ကို အစွဲး ပြု၍ ကာမဂုဏ်အတွက် ကျခံရသော တမလွန် ဆင်းရဲအစုတည်း။

ရဟန်းတို့, ကာမဂုဏ်မှ ထွက်မြောက်ကြောင်း,လွတ်လင်ကြောင်း အဘယ်နည်း?၊ ရဟန်းတို့, အလိုကာမတို့ အပေါ်၌ လိုလား တပ်မက်ခြင်းမှ ပယ်ရှားခြင်း , ပျောက်ပျက် ခြင်းသည် အလိုကာမမှ လွတ်လယ်ကြောင်းတည်း၊ ရဟန်းတို့, ဤ ညွှန်ပြခဲ့ပြီး နည်းအတိုင်း ကာမဂုဏ်တို့၏ သာယာနှစ်မြို့က်ဖွယ်ကို သာယာနှစ်မြို့က်ဖွယ်အလိုက် အပြစ်ဒေါသကို အပြစ်ဒေါသအလိုက်, လွတ်မြောက်ရေးကို လွတ်မြောက်ရေးအလိုက်, ဟုတ်တိုင်းမှန်စွာ မသိမမြင်သူတို့သည် ကိုယ်တိုင်အားဖြင့် သော်လည်း အလိုကာမကို ပိုင်းခြားသိနိုင်ကုန်လတ်မည်, သူတပါးတို့ကိုသော်လည်း ကာမတို့၏ ပိုင်းခြား သိမြင် နိုင်ရေး နည်းလမ်းကို ညွှန်ပြနိုင်ကုန်လတ်မည်- ဟူသော အကြောင်း မရှိချေ။

ရဟန်းတို့, ဤညွှန် ကြားခဲ့ပြီးနည်းအတိုင်း ကာမဂုဏ်တို့၏သာယာနှစ်မြို့က်ဖွယ်ကို သာယာနှစ်မြို့က်ဖွယ်အလိုက်, အပြစ်ဒေါသကို အပြစ်ဒေါသ အလိုက်, လွတ်မြောက်ရေးကို လွတ်မြောက်ရေးအလိုက် ဟုတ်တိုင်းမှန်စွာ သိမြင်သူတို့ သည်သာ ကိုယ်တိုင်အားဖြင့်သော်လည်း အလိုကာမကို ပိုင်းခြားသိနိုင်ကုန်လတ်မည်,သူတပါးတို့ကို သော်လည်း အလိုကာမတို့၏ ပိုင်းခြားသိမြင်နိုင်ရေးနည်းလမ်းကို ညွှန်ကြားနိုင်ကုန်လတ်မည် ဟူသော အကြောင်းရှိလေသည်။

ဒိရဟန်းတို့, အဆင်းရုပ်ဝါတို့၏ သာယာနှစ်မြို့က်ဖွယ် အဘယ်နည်း?၊ ရဟန်းတို့, ဥပမာအားဖြင့် တဆဲ့ ငါးနှစ်, တဆဲ့ ခြောက်နှစ်ယွယ် မမြင့် မနိမ့်, မကြို မဆူ, မညိုမဖြူ, မင်းမျိုး, ပုဏ္ဏားမျိုး မိန်းမပျိုမည်သည် ရှိရာ၏၊ ထို အသွယ်ရှိ မိန်းမပျိုကား အဆင်း အသွေး ကောင်းမွန် နုပျို ရိုဖတ်တိုးအသွယ်ဖြစ်သည် မဟုတ်ပါလော?၊ "မှန်ပါသည် ဘုရား" ရဟန်းတို့, ဤသို့ ကောင်းမွန် နုပျို ပြေသော အဆင်းအသွင်ကို အစွဲပြု၍ စိတ်ကြည် ချမ်းမြ ဖြစ်ရ ခြင်း သည်ကား အဆင်းရုပ်ဝါတို့၏ သာယာနှစ်မြို့က်ဖွယ်တည်း။

ရဟန်းတို့, အဆင်း ရုပ်ဝါတို့၏ အပြစ် ဒေါသ အဘယ်နည်း?၊ ရဟန်းတို့ ထိုသည့်မိန်းမပျိုသည် တရံအခါ အသက်ရှစ်ဆယ်,ကိုးဆယ်,ကရာ မြင့်ရှည်လတ်သော် အိုမင်း ကုန်းကွ ကိုင်းညွတ်ကျကာ တောင်ဝှေးသာ ကိုးစားရာဖြစ်လျက်, ဆံဖြူ သွား ကျိုး အို နိမ့်ညွတ် ချွတ်ချော်တိမ်းပါး အသားအရေ ရှုံ့တွဖြူဆွမည်းနက် သောမှည့်အကွက် များဖြင့် တခဲနက် ပြည့်လျက် တုန်တုန်ဒိုက်ဒိုက် သွားလာနေသည်ကို တွေ့မြင်ရလေ၏၊ ရဟန်းတို့, မည်သို့ ထင်မှတ်ကြကုန် သနည်း?၊ ရှေးက အဆင်းရုပ်ဝါ ကွယ်ပျောက်၍ အပြစ် ဒေါသ ထင်ရှား ပေါ်ပေါက်ပြီ မဟုတ်လော?၊ "မှန်ပါသည် ဘုရား" ရဟန်းတို့, ဤသည်ကား အဆင်းရုပ်ဝါတို့၏ အပြစ်ဒေါသတည်း။

ရဟန်းတို့, ထိုမှတပါးတုံသည်း ထိုမိန်းမသည်ပင် သေလွန်၍ သုသာန်တစပြင်၌ ပစ်သွင့် ထားလျက်, တရက်, နှစ်ရက်, သုံးရက် ကြာရှိသော အလောင်းကောင်, ဖူးဖူး ရောင်ထ ပွဆောင်းသော အလောင်းကောင်, အညို အမည်း ကွက်ကြား, ပြည် သွေး

ရှိကျနေသော အလောင်းကောင်ကို တွေ့မြင်ရလေ၏၊ ရဟန်းတို့, မည်သို့ ထင်မှတ်ကြကုန် သနည်း?၊ ရှေးက အဆင်းရုပ်ဝါ ကွယ်ပျောက်၍ အပြစ်ဒေါသ ထင်ရှား ပေါ်ပေါက်ပြီ မဟုတ်လော?၊ "မှန်ပါသည် ဘုရား" ရဟန်းတို့, ဤသည်လည်း အဆင်းရုပ်ဝါတို့၏ အပြစ်ဒေါသပင်တည်း။

ရဟန်းတို့, ထိုမှတပါးတုံလည်း သုသာန်တစပြင်၌ ပစ်ထားအပ်သော ထိုမိန်းမ၏ အလောင်းကို ကျီး စွန် ငှက်ကြီး ပုန်းမတိတ်ငှက် ခွေး ကျား သစ် မြေခွေးနှင့် ပိုးလောက် အမျိုးမျိုးတို့ ထိုးဆိတ် ကိုက်ဆွဲ ခဲစားနေသည်ကိုင်း, အသားအသွေး လိမ်းကျံလျက် အကြောတို့ဖြင့် ဆက်စပ်နေသော အရိုးစု, အသားမရှိ, အသွေး တို့ဖြင့် လိမ်းကျံလျက် အကြောတို့ဖြင့် ဆက်စပ်နေသော အရိုးစု, အသား အသွေး မရှိ, အကြောတို့ဖြင့်သာ ဆက်စပ်နေသော အရိုးစု, ထိုမှတပါး ထိုထိုအရပ်တို့၌ လက်ရိုးတခြား, ခြေရိုးတခြား, ဖမျက်ရိုးတခြား, သားလုံးရိုးတခြား, ပေါင်ရိုးတခြား, ခါးရိုးတခြား, နံရိုးတခြား, ကျောရိုးတခြား, ပခုံးရိုးတခြား, လည်ပင်းရိုးတခြား, မေးရိုးတခြား, သွားရိုးတခြား, ဦးခေါင်းရိုးတခြား အားဖြင့် ပျံ့ကြဲ နေသော အရိုးစု များကို ရှုမြင်ရလေ၏၊ မည်သို့ ထင်မှတ်ကုန် သနည်း?၊ ရဟန်းတို့, ရှေးက အဆင်းရုပ်ဝါ ကွယ်ပျောက်၍ အပြစ်ဒေါသ ထင်ရှား မပေါ်ပေါက်သေးလော?၊ "မှန်ပါသည် ဘုရား, အပြစ်ထင်ရှား ပေါ်ပေါက်ပါပြီ" ရဟန်းတို့, ဤသည်လည်း အဆင်းရုပ်ဝါတို့၏ အပြစ်ဒေါသပင်တည်း။

ရဟန်းတို့, ထိုမှတပါးတုံလည်း ထိုမိန်းမကိုပင် သုသာန်တစပြင်၌ စွန့်ပစ်အပ်၍ ခရုသင်းအဆင်း ဖြူဖွေးသော အရိုးစုကိုင်း, အစုအပုံ ဖြစ်၍နေသော အရိုးစုကိုင်း, မိုးယံးပို (နှစ်) နေသော အရိုးစုကိုင်း, ပုပ်ဆွေး၍ အမှုံ့ဖြစ်နေသော အရိုးစုကိုင်း, ရှုမြင်ရလေ၏၊ ရဟန်းတို့, မည်သို့ ထင်မှတ်ကြ ကုန်သနည်း?၊ ရှေးက အဆင်း ရုပ်ဝါ ကွယ်ပျောက်၍ အပြစ်ဒေါသ ထင်ရှားပေါ်ပေါက်ခဲ့ပြီ မဟုတ်လော? "မှန်ပါ သည် ဘုရား" ရဟန်းတို့, ဤသည်ကား အဆင်းရုပ်ဝါတို့၏အပြစ်ဒေါသပင်တည်း။

ရဟန်းတို့, အဆင်းရုပ်ဝါတို့၏ လွတ်မြောက်ရေး အဘယ်နည်း?၊ ရဟန်းတို့, အဆင်းရုပ်ဝါ အပေါ်၌ လိုလားတပ်စွန်းခြင်းမှ ပယ်စွန့်ခြင်း, ပျောက်ပျက်ခြင်းသည်၊ အဆင်း ရုပ်ဝါတို့၏ လွတ်မြောက်ရေးတည်း၊ ရဟန်းတို့, ယင်းသို့ ညွှန်ပြခဲ့ပြီးနည်း အတိုင်း အဆင်းရုပ်ဝါတို့၏ သာယာနစ်မြုပ်ဖွယ်ကို သာယာနစ်မြုပ်ဖွယ် အလိုက် အပြစ်ဒေါသကို အပြစ်ဒေါသအလိုက်, လွတ်မြောက်ရေးကို လွတ်မြောက်ရေးအလိုက် ဟုတ်တိုင်းမှန်စွာ မသိမမြင်သူတို့သည် ကိုယ်တိုင်အားဖြင့်သော်သည်း အဆင်းရုပ်ဝါ ကို ပိုင်းခြား သိမြင်နိုင်လတ်ကုန်မည်, သူတပါး တို့ကိုသော်လည်း အဆင်းရုပ်ဝါတို့၏ ပိုင်းခြား သိမြင်နိုင်ရေး နည်းလမ်းကို ညွှန်ပြ နိုင်ကုန်လတ်မည်- ဟူသော အကြောင်း မရှိချေ။

ရဟန်းတို့ , စင်စစ်မှုကား ဤညွှန်ကြားခဲ့ပြီး နည်းလမ်းအတိုင်း အဆင်းရုပ်ဝါတို့၏ သာယာနှစ်ခြိုက်ဖွယ်ကို သာယာနှစ်ခြိုက်ဖွယ် အလိုက် , အပြစ်ဒေါသကို အပြစ်ဒေါသအလိုက် , လွတ်မြောက်ရေးကို လွတ်မြောက်ရေးအလိုက် , ဟုတ်တိုင်းမှန်စွာ သိမြင်သူတို့သည်သာ အဆင်းရုပ်ဝါကို ပိုင်းခြား၍ သိနိုင်ကုန်လတ်မည် , သူတပါးတို့ကိုသော်လည်း အဆင်းရုပ်ဝါတို့၏ ပိုင်းခြားသိမြင်နိုင်ရေး နည်းလမ်းကို ညွှန်ကြားနိုင်ကုန်လတ်မည်-ဟူသော အကြောင်းရှိလေသည်။

ရဟန်းတို့ , ဝေဒနာတို့၏ သာယာနှစ်ခြိုက်ဖွယ် အဘယ်နည်း ?၊ ရဟန်းတို့ , ဤသာသနာ၌ ရဟန်းသည် အလိုကာမနှင့် အကုသိုလ်တို့မှ ဆိတ်သုဉ်း၍ ကြံစည်ခြင်း , စဉ်းစားခြင်း , ဆိတ်သုဉ်းခြင်း , နှစ်ခြိုက်ခြင်း , ချမ်းသာခြင်းနှင့် ပြည့်စုံသော ပထမဈာန်ကို ရရောက် နေထိုင်၏၊ ကြံစည်ရခြင်း , စဉ်းစားရခြင်းမှ လွတ်ငြိမ်း၍ အတွင်းစိတ်ထား ကြည်လင်လျက် စိတ်တခုတည်း ဖြစ်ကာ , ကြံစည် စဉ်းစား ရခြင်း မရှိ တည်တန့်ခြင်း , နှစ်ခြိုက်ခြင်း , ချမ်းသာခြင်းနှင့် ပြည့်စုံသော ဒုတိယဈာန်ကို ရရောက် နေထိုင်၏၊ နှစ်ခြိုက်ရရေး ကင်းလွတ်၍ လျစ်လျူရှုကာ , သတိထင်ထင် ဉာဏ်အမြင်ရှိလျက် ချမ်းသာကို နာမ်ကိုယ်ဖြင့် ခံစားသော တတိယဈာန်ကို ရရောက် နေထိုင်၏၊ ချမ်းသာ ဆင်းရဲ နှစ်မျိုးကို ပယ်စွန့်ခြင်းကြောင့် ရှေးကပင် ဝမ်းမြောက်ခြင်း , စိတ်မသက်သာခြင်း ချုပ်ငြိမ်း၍ လျစ်လျူရှုကာ , စင်ကြယ်စွာသော သတိရှိသော စတုတ္ထဈာန်ကို ရရောက် နေထိုင်၏၊ ရဟန်းတို့ , ထိုစဉ်အခါ မိမိပျက်စီးရေး၌လည်း မစေ့ဆော် , သူတပါးပျက်စီးရေး၌လည်း မစေ့ဆော် , နှစ်ဦးစုံပြစ်မှားရေး၌လည်း မစေ့ဆော်၊ စင်စစ်ကား ပြစ်မှားကင်းသော ဝေဒနာကိုသာ ခံစားနေထိုင်၏၊ ဤကား ဝေဒနာတို့၏ သာယာနှစ်ခြိုက်ဖွယ်တည်း၊ ဝေဒနာတို့၏ အပြစ်ဒေါသကား ဝေဒနာတို့၏ မမြဲခြင်း , ဆင်းရဲခြင်း , ဖောက်ပြန် ပျက်စီးခြင်းတည်း၊ ဝေဒနာတို့၏ လွတ်မြောက်ရေးကား , ဝေဒနာတို့၏အပေါ်၌ လိုလားတပ်စွန်းခြင်းမှ ပယ်စွန့်ပျောက်ဖျက်ခြင်းတည်း၊ ရဟန်းတို့ , ဤသို့ ဝေဒနာတို့၏ သာယာနှစ်ခြိုက်ဖွယ် အပြစ်ဒေါသနှင့် လွတ်မြောက်ရေး သုံးမျိုးကို ဟုတ်တိုင်းမှန်စွာ မသိမြင်နိုင်သူတို့သည် မိမိတို့ ကိုယ်တိုင်အားဖြင့် ဝေဒနာတို့ကို ပိုင်းခြားသိမြင်နိုင်ရန် အကြောင်းမရှိကုန် , သူတပါးတို့ကိုလည်း ပိုင်းခြားသိမြင်ရေး နည်းပေးညွှန်ပြနိုင်ရန် အကြောင်းမရှိကုန်၊ စင်စစ်ကား ဝေဒနာတို့၏ သာယာနှစ်ခြိုက်ဖွယ် , အပြစ်ဒေါသနှင့် လွတ်မြောက်ရေးကို ဟုတ်တိုင်းမှန်စွာ သိသော်သာ မိမိကိုယ်တိုင် ၎င်းတို့ကို ပိုင်းခြားသိမြင်နိုင်သည် , သူတပါးတို့ကိုလည်း ပိုင်းခြား သိမြင်ရေးနည်းကို ညွှန်ပြနိုင်သည်၊ ဤသို့ ဟောတော်မူသည်ကို ရဟန်းတို့ နှစ်ခြိုက်ကုန်ပြီ၊-ဤသို့ ကြားနာ မှတ်သားရပါသည်။

**ဒသမ သုတ္တန် ပြီး၏။**

# ၁၇။ မဟာနာမသုတ္တန်

ဤသို့ အကျွန်ုပ်သည် ဘုရားရှင်အထံတော်မှ ကြားနာ မှတ်သားရပါသည်၊ ဘုရားသခင် သက္ကတိုင်း ကပိလဝတ် မြို့တော် နိဂြောဓာရုံ ကျောင်းတော်၌ သီတင်းသုံး နေ ထိုင် စဉ် အခါ - မဟာနာမ် သာကီဝင် မင်းကြီးသည် ဘုရား ရှင် ထံ လာ ရောက် လျှောက်ပတ်စွာ ရှိခိုးနေထိုင်ပြီးသော်- ဤသို့လျှောက်ထားလေပြီ၊

" အို မြတ်စွာဘုရား, အကျွန်ုပ်သည် ရှည်မြင့်စွာသော ကာလ ပတ်လုံး တပ်မက် ခြင်းသည် စိတ်၏အညစ်အကြေးတည်း, ပြစ်မှားခြင်း(စိတ်ဆိုးခြင်း)သည် စိတ်၏ အညစ် အကြေးတည်း, တွေဝေခြင်းသည် စိတ်၏အညစ်အကြေးတည်းဟု ဘုရားရှင်ဟောကြား သည်ကို ကြားရပါ၏၊ သို့ ဖြစ်လျက်လည်း တရံတခါ တပ်မက်ခြင်း တရားတို့သည် တပည့်တော်၏ စိတ်ကို သိမ်းယူ တည်နေကုန်၏၊ ပြစ်မှားခြင်း တရားတို့ သည်လည်း တပည့်တော်၏ စိတ်ကို သိမ်းယူ တည်နေကုန်၏၊ တွေဝေခြင်း တရားတို့ သည်လည်း တပည့်တော်၏စိတ်ကို သိမ်းယူတည်နေကုန်၏၊ အရှင်ဘုရား, တပည့်တော် ကြံစည် မိသည်ကား ငါ့မှာ အဘယ် တရားများကို မပယ်စွန့်၍ ဤသည့် တပ်မက်ခြင်း, ပြစ် မှားခြင်း, တွေဝေခြင်း တရားတို့သည် ငါ၏စိတ်ကို သိမ်းယူတည်နေကုန်သနည်း ? ဟု ကြံစည်မိပါသည်" ဤသို့ လျှောက်ထားလေပြီ။

ဘုရားရှင် မိန့်တော်မူသည်ကား, "အို မဟာနာမ်, သင်၏ စိတ်၌ ရံခါရံခါ တပ် မက်ခြင်းတရား, ပြစ်မှားခြင်းတရား, တွေဝေခြင်း တရားတို့ သိမ်းယူ တည်နေသည်မှာ၊ ထိုသည့် တပ်မက်ခြင်း, ပြစ်မှားခြင်း, တွေဝေခြင်းတို့ကို သင်၏ စိတ်အတွင်း၌ မပယ် အပ်ကုန်သေးသောကြောင့် ဖြစ်လေသည်၊ အို မဟာနာမ်, သင်၏ အတွင်းသန္တာန်၌ ထိုသည့်တရားများ ပယ်စွန့်ထားပြီး ဖြစ်ခဲ့ပါမူ, သင်သည် အိမ်ယာတည်ထောင် လူတို့ ဘောင်၌ နေတော့မည်မဟုတ်ရာ, ကာမဂုဏ်တို့ကို ခံစားတော့မည်မဟုတ်ရာ, သင်၏ အတွင်းသန္တာန်၌ ထိုတရားတို့ကို မပယ်အပ်ကုန်သေး၍သာ သင်သည် အိမ်ယာတည် ထောင် လူတို့ဘောင်၌ နေထိုင်သည်, ကာမဂုဏ် တို့ကို သုံးဆောင် ခံစားသည်၊ အို- မဟာနာမ်, ကာမဂုဏ်တို့သည် သာယာ နှစ်သိမ့်ဖွယ် နည်းပါးကုန်၍, ဆင်းရဲသာ များကုန်လျက်, ပင်ပန်းရခြင်းသာ အားကြီးကုန်၏၊ ဤကာမဂုဏ်၌ အပြစ်သာ လွန်မင်း၏ ဟု အရိယာတို့ တပည့်တော်သည် ဟုတ်မှန်တိုင်း မရှုမြင်နိုင်ခဲ့အံ့, ၎င်းသည် ကာမဂုဏ်

တို့မှ ကြဉ်၍ အကုသိုလ်တို့မှ လွဲဖယ်၍ နှစ်သက် ချမ်းသာဖွယ်ကို မရနိုင်ချေ၊ ထို့ ထက် ပိုလွန် အေးမြသော ချမ်းသာကိုလည်း မရနိုင်ချေ၊ စင်စစ် သော်ကား ၎င်းသည် ကာမဂုဏ်တို့၌ မဆုတ်နစ်သေးသည်သာ ဖြစ်၏။

ဒွိ မဟာနာမ်, အရိယာတို့၏ တပည့်တော်သည် ကာမဂုဏ်တို့ကား သာယာ နှစ်မြို့ဖွယ် နည်းပါးကုန်၍ ဆင်းရဲသာ များကုန်လျက်,ပင်ပန်းရခြင်းအားကြီးကုန်၏၊ ဤကာမဂုဏ်၌ အပြစ်သာ လွန်မင်း၏ဟု ဟုတ်တိုင်းမှန်စွာမှန်ကန်သောဉာဏ်ပညာဖြင့် ရှုမြင်အပ်ပြီးဖြစ်ခဲ့အံ့,၎င်းသည်ကာမဂုဏ်တို့ကိုကြဉ်ရှောင်၍ အကုသိုလ်တို့ကို လွဲဖယ်၍ သာယာနှစ်မြို့ဖွယ်ကို ရနိုင်တော့လေသည်၊ ထို့ထက်ပိုလွန်သော ချမ်းသာကို လည်းရနိုင်တော့လေသည်၊ ထိုအခါ၎င်းသည် ကာမဂုဏ်တို့၌ ပြန်လည်ခြင်းမဖြစ်တော့ချေ၊ ဒွိ မဟာနာမ်,ငါသည်ကား ကာမဂုဏ်တို့သည် သာယာနှစ်မြို့ဖွယ် နည်းပါး ကုန်၍ ဆင်းရဲသာ များကုန်လျက်,ပင်ပန်းခြင်း အားကြီးကုန်၏၊ ဤကာမဂုဏ်၌ အပြစ် သာ လွန်ကဲကုန်၏ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သောဉာဏ်ပညာဖြင့် ရှုမြင်အပ်သည် မဖြစ်ခဲ့သေး, ထိုစဉ်အခါ ကာမဂုဏ်ကလွဲ၍ အကုသိုလ်မှဖယ်၍ နှစ်သက် ချမ်းသာ ဖွယ် မရခဲ့ပချေ၊ ထို့ထက် ပိုလွန်သော ချမ်းသာကိုလည်း မရခဲ့ပချေ။ထိုမျှဖြင့် ငါသည် ကာမဂုဏ်၌ မပြန်လည်ခြင်းကို ဝန်မခံခဲ့ သေးပချေ၊ ဒွိ မဟာနာမ်, ငါဘုရားသည် ကာမဂုဏ်တို့၏ အပြစ်ကို ဟုတ်မှန်တိုင်း မှန်သောဉာဏ်ပညာဖြင့် ရှုမြင်ခဲ့ပြီ၊ ထိုအခါ ထိုကာမဂုဏ်နှင့် အကုသိုလ်တို့ကို ကြဉ်ဖယ်၍ သာယာနှစ်မြို့ဖွယ်ရခဲ့ပြီ, ထို့ထက် လွန်ကဲသောချမ်းသာကိုလည်း ရခဲ့ပြီ၊ထိုအခါမှသာ ငါသည် ကာမဂုဏ်တို့၌မပြန်လည် ခြင်းကို ဝန်ခံတော်မူပြီ၊- ဤသို့ ဘုရားရှင်ဟောသည်ကို မ ဘာနာမ် နှစ်သက်လေပြီ၊ ဤသို့ ကြားနာ မှတ်သားရပါသည်။

**မဟာ နာမ မာ ဝါဒ သုတ္တန် ပြီး၏။**

# ၁၈။ အဂ္ဂကိလမထာနုယောဂ သုတ္တန်

မဟာနာမ် သာကီဝင်မင်းအား ဘုရားဟောညွှန်တော်မူသော အဂ္ဂကိလမထာနုယောဂ သုတ္တန်ကို အကျဉ်းချုပ် ဤသို့ ကြားနာ မှတ်သားရပါသည်။— ဘုရားရှင် သက္ကတိုင်း ကပိလဝတ်မြို့တော် နိဂြောဓါရုံ ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ, ကာမဂုဏ် ငါးမျိုးနှင့်စပ်သော ဆင်းရဲကို ပြဆိုသည့် အခြားမဲ့၌ ဤသည့် အဂ္ဂကိလမထာနုယောဂ † သုတ္တန်ကို ဟောတော်မူလေပြီ။—

အို မဟာနမ်, တရံအခါ ငါဘုရားသည် ရာဇဂြိုဟ်မြို့တော် (အရှေ့) ဂိဇ္ဈကုဋ်တောင်၌ နေထိုင်ခဲ့ပြီ၊ ထိုစဉ်အခါ များစွာသော နိဂဏ်း ရဟန်းမျိုးတို့သည် ဣသိဂိလိ တောင်နံဘေး ကျောက်ညိုအပြင်၌ထိုင်နေရေးကို အလျှင်းပစ်ပယ်ကုန်လျက်, လေးဖက်တွားနေခြင်း၌ လုံ့လထုတ်ကာ ထက်မြက် စပ်ရှားလှစွာသော ကိုယ်၏ဆင်းရဲခံမှု၌ ပြုကျင့်နေကြကုန်ပြီ၊ ငါသည် ၎င်းတို့ဌာန် သွားရောက်၍ ဤသို့မေးမြန်းပြီ၊— အို ငါ့ရှင်တို့, အဘယ့်ကြောင့် ငါ့ရှင်တို့သည် ဤသို့ လေးဖက်တွား၍ အားထုတ် ကြောင့်ကြကုန်ကာ, ထက်မြက် စပ်ရှားလှစွာသော ကိုယ်၏ဆင်းရဲကို ခံနေကြကုန်သနည်း?၊ ဤသို့မေးသော်- ၎င်းတို့က အို ငါ့ရှင်ဂေါတမ ,နိဂဏ္ဌ နာဋပုတ်သည် အားလုံးကိုသိသူ မြင်သူဖြစ်၍ သွားနေစဉ်, ရပ်နေစဉ်, ထိုင်နေစဉ်, အိပ်စက်နေစဉ်, နိုးကြားနေစဉ် အမြဲ မပြတ် ငါ့မှာဉာဏ်အမြင်ရှေးရှုထင်နေ၏ ဟု အကြွင်းမရှိ အားလုံးသိကြောင်းဝန်ခံ၏။

သူက "အို နိဂဏ်းတို့, ရှေးရှေးအခါက ပြုလုပ်မှားယွင်းခဲ့သော မကောင်းမှုကံမည်သည် ရှိ၏၊ ၎င်းကို ဤသည့် စပ်ရှားစွာသော ကိုယ်ဆင်းရဲခံခြင်းဖြင့် ခြေဖျက်ကြကုန်။ ငါတို့ကား ယခုမျက်မှောက် ဘဝ၌ ကိုယ် နှုတ် နှစ်လုံးကိုစောင့်စည်းကြကုန်၏၊ ၎င်းမှာ နောက် အနာဂတ် အတွက် မကောင်းမှု မပြုလုပ်ခြင်း ဖြစ်၏၊ ယင်းသို့လျှင် ရှေးကံတို့၏ အကျင့်ဖြင့် ပျက်စီးစေခြင်း, ကံအသစ် မပြုခြင်းကြောင့် နောက်ဘဝ မတိုးပွါးခြင်းဖြစ်၏၊ နောင်မတိုးပွါး၍ ကံကုန်၏၊ ကံကုန်သော် ဆင်းရဲကုန်၏၊ ဆင်းရဲကုန်သော် ဝေဒနာကုန်၏၊ ဝေဒနာကုန်သော် ဆင်းရဲကုန်၏၊ ဝေဒနာကုန်သော် ဆင်းရဲအားလုံး ပျက်ပြုန်းလတ္တံ့" ဟု ဆို၏၊ ၎င်းစကားသည် ငါတို့မှာ နှစ်သက်၏ , သဘောတူ၏ , ၎င်းဖြင့်လည်း ရောင့်ရဲ ကြေနပ်ကုန်၏ ဟု ပြန်ကြားကြကုန်ပြီ။

---

† ဤသုတ္တန်ကား ဘုရားဟောပင်ဆိုရန်ရှိ၏၊ သို့ရာတွင် ဒုက္ခက္ခန္ဓသုတ်တို့ အခြားမဲ့၌ ထည့်သွင်းထားသဖြင့် အစပ်မတဲ့ရှိနေ၏၊ ကိုယ်ပင်ပန်းခံရရေးအဖြစ် ညွှန်ပြပုံကောင်းမွန်လှသောကြောင့်သီးခြားထုတ်ထား၏၊

အို မဟာနာမ်, ၎င်းတို့ကို ငါက ထပ်မံမေးမြန်းသည်ကား- အို ငါ့ရှင် နိဂဏ္ဌတို့, သင်တို့သည် ရှေးရှေးက ငါတို့ဖြစ်ဖူးကုန်သည်သာ, မဖြစ်ဖူးမဟုတ်ကုန်ဟု သိကြကုန်၏လော? မေးသော် "မသိကုန်" ဟု ဖြေဆိုကုန်ပြီ၊ အို ငါ့ရှင်နိဂဏ္ဌတို့, ရှေးရှေးဘဝက မကောင်းမှုကို ပြုခဲ့ကုန်သည်သာ, မပြုခဲ့ မဟုတ်ကုန်ဟု သိကြကုန်သလော? မေးမြန်းပြန်ရာ "မသိကုန်" ဟု ဖြေဆိုကုန်ပြီ၊ အို ငါ့ရှင်နိဂဏ္ဌတို့, သင်တို့သည် ဤသို့ ဤသို့သော မကောင်းမှုတို့ကို ပြုခဲ့ကုန်ပြီ ဟု သိကုန်သလော? မေးမြန်းပြန်လျှင် "မသိကုန်" ဟု ပြန်ကြားကုန်ပြီ၊ အို ငါ့ရှင်နိဂဏ္ဌတို့, သင်တို့သည် ဤမျှလောက်သော ဆင်းရဲကို ပျက်ဆီးအပ်ပြီ, ဤမျှကား ပျက်ဆီးဖွယ်ရှိသေး၏, ဤမျှဆင်းရဲ ပျက်ပြုန်းပြီးသော်, ဆင်းရဲအားလုံး ပျက်ပြုန်းပြီးဖြစ်လတ်မည်ဟု သိကြကုန်၏လော? မေးက "မသိကုန်" ဟု ဖြေဆိုကုန်ပြီ၊ အသို့နည်း ငါ့ရှင်နိဂဏ္ဌတို့, ဤမျက်မှောက်ဘဝ၌ပင် မကောင်းမှုတရားတို့၏ ပယ်စွန့်ခြင်း, ကုသိုလ် ကောင်းမှု တရားတို့၏ ပွါးများ ပြည့်စုံခြင်းကို သိကြရပါကုန်သလော? မေးလျှင် "မသိကုန်" ဟု ပြန်ကြားကုန်ပြီ။

အို မဟာနာမ်, ထိုအခါ ငါဆိုသည်ကား- အို ငါ့ရှင်နိဂဏ္ဌတို့, သင်တို့သည် ယင်းသို့အားဖြင့် ငါတို့ ရှေးဘဝက ဖြစ်ဖူးကုန်သည်သာ, မဖြစ်ဖူးမဟုတ်ကုန် ဟုလည်း မသိကြကုန်သတတ်၊ ရှေးဘဝက မကောင်းမှုကို ပြုခဲ့ကုန်သည်သာ, မပြုခဲ့ မဟုတ်ကုန် ဟုလည်း မသိကြကုန်သတတ်၊ ဤသို့ ဤသို့သော မကောင်းမှုကို ပြုခဲ့ကုန်ပြီ ဟုလည်း မသိကြကုန်သတတ်၊ ဤမျှ ဆင်းရဲပြုန်းတီးပြီ, ဤမျှ ဆင်းရဲပြုန်းတီးရန် ကြွင်းကျန်တော့သည်, ဤမျှ ဆင်းရဲပြုန်းတီးသော် ဆင်းရဲအားလုံး ပျက်ပြုန်းတော့ရာသည် ဟုလည်း မသိကြကုန်သတတ်၊ မျက်မှောက်ဘဝ၌ မကောင်းမှုတို့၏ ပယ်စွန့်ခြင်း, ကောင်းမှုတို့၏ ပွါးစည်း ပြည့်စုံခြင်းကိုလည်း မသိကြကုန်သတတ်၊ ဤသို့ ဖြစ်ခဲ့သော် အို ငါ့ရှင်နိဂဏ္ဌတို့, ဤလောက၌ ကြမ်းကြုတ်လှ ဆိုးဝါးလှ၍ လက်၌ သွေးလူးလဲးကြကုန်သော မကောင်းမှုပြုလုပ်ခဲ့ကုန်သူတို့သည် လူ့ပြည်၌ ဖြစ်လာကြကုန်ရာ, ထိုသို့သောသူတို့သည် နိဂဏ္ဌရဟန်းတို့အတွင်း၌ ရဟန်းပြုကြကုန်၏ ဟု ငါဆိုလေပြီ။

ထိုအခါ ၎င်းတို့က "အို ငါ့ရှင်ဂေါတမ, ချမ်းသာဖြင့် ချမ်းသာကို မရအပ်, ဆင်းရဲဖြင့်သာချမ်းသာကိုရအပ်၏၊ အို ငါ့ရှင်ဂေါတမ, ချမ်းသာဖြင့်သာ ချမ်းသာကို ရအပ်ခဲ့မူ, မဂဓတိုင်းကိုအစိုးရသောဗိမ္ဗိသာရမင်းသည် ချမ်းသာကိုရပေရာ၏၊ ဗိမ္ဗိသာရမင်းကား ငါ့ရှင် ဂေါတမထက် ပိုလွန်၍ ချမ်းသာစွာနေသည်" ဟု ဆိုကြကုန်ပြီ။

ထိုအခါ ငါပြန်ကြားသည်မှာ "အို ငါ့ရှင် နိဂဏ္ဌတို့, ဤစကားကို မဖူးမစမ်း မဆင်မခြင်ပဲ ဆိုခြင်း မလျှတ်ဖြစ်၏၊ စင်စစ်မူကား ဗိမ္ဗိသာရမင်းနှင့် ငါ့ရှင် ဂေါတမတို့ နှစ်ဦးတွင် မည်သူက ပိုမို၍ ချမ်းသာစွာ နေထိုင်သနည်း? ဟု ငါ့ကိုသာ မေးမြန်း စုံစမ်းရပေမည်" ဟု ဆိုက ၎င်းတို့ ဆိုပြန်သည်ကား "ဟုတ်ပေ၏ ငါ့ရှင် ဂေါတမ, ငါ့ရှင်ကိုသာ မေးမြန်း၍ ဤသို့ ဆိုရပေကုန်မည်, ကျွန်ုပ်တို့ မဖူး မစမ်းပင် ဆိုမိ ကုန်ပြီ၊

သို့ပင်ဖြစ်စေကာ, ထိုစကားမှာ ရှိပါစေ၊ ယခု အရှင်ဂေါတမကို မေးပါကုန်၏၊ ဗိမ္ဗိသာရမင်းနှင့် ငါ့ရှင်ဂေါတမ နှစ်ဦးတို့တွင် မည်သူက ပို၍ ချမ်းသာစွာ နေနိုင်ပါသနည်း ? ဟု ဆိုကြကုန်လျှင်, ငါက ငါ့ရှင်နိဂဏ်းတို့, သင်တို့ကိုပင် ငါမေးအံ့၊ သင်တို့ နှစ်ခြိုက်သလို ဖြေဆိုကြကုန်၊ သင်တို့ မည်သို့ ထင်မှတ်ကြကုန်သနည်း ?၊ ဗိမ္ဗိသာရမင်းသည် ကိုယ်က မလှုပ်မရှားပဲ, နှုတ်ကလည်း မပြောမဆိုပဲ ခုနစ်ရက်ပတ်လုံးချမ်းသာကိုချည်း ခံစား နေနိုင်မည်လော ?၊ "မနေနိုင်" ခြောက်ရက် နေနိုင်မည်လော ?၊ "မနေနိုင်" ငါးရက်-လေးရက်-သုံးရက်-နှစ်ရက်-တရက် နေနိုင်မည်လော ?၊ "မနေနိုင်" အို ငါ့ရှင်နိဂဏ်းတို့, ငါကား ကိုယ်က မလှုပ်မရှားပဲ, နှုတ်က မမြွက်မဆိုပဲ, တရက် ပတ်လုံး ချမ်းသာကိုချည်း ခံစားနေထိုင်နိုင်၏၊ နှစ်ရက်-သုံးရက်-လေးရက်-ငါးရက်-ခြောက်ရက် ခုနစ်ရက်ပတ်လုံး ချမ်းသာကိုချည်း ခံစားနေနိုင်၏၊ ယင်းသို့ ဖြစ်ခဲ့သော်- မည်သူက ပို၍ ချမ်းသာကို ခံစားနေနိုင်သနည်း ?၊ ယင်းသို့ ဖြစ်ခဲ့သော်- ငါ့ရှင်ဂေါတမကပင် ဗိမ္ဗိသာရမင်းထက် ပို၍ ချမ်းသာ ခံစား နေနိုင်ပါပေသည် ဟု ဆိုကြကုန်ပြီ၊ ဤသို့ ဘုရားရှင် ဟောတော်မူသည်ကို မဟာနာမ် နှစ်ခြိုက်လေပြီ၊ ဤသို့ ကြားနာမှတ်သားရပါသည်။

အစ္စကိလမထာ နုယောဂ သုတ္တန်ပြီး၏။

# ၁၉။ အနုမာန သုတ္တန်

မဟာ မောဂ္ဂလ္လာန် မထေရ် ဘဂ္ဂတိုင်း သုံသုမာရ ဂိရမြို့ ပဲးဖင်းဂုတောသို့ သီတင်းသုံး နေစဉ်အခါ ဟောညွှန်သော အနုမာန သုတ္တန်ကို ဤသို့ အကျဉ်းနှုပ် ကြားနာမှတ်သား ရပါသည်၊ အရှင် မဟာမောဂ္ဂလ္လာန် လက်ဝဲရံ အဂ္ဂသာဝက မထေရ်က စည်းဝေး နေထိုင်သော ရဟန်းတို့ကို "ငါ့ရှင်တို့" ဟု ခေါ်တော်မူ၍ ရဟန်းတို့က " ငါ့ရှင် " ဟု ပြန်ကြားကြကုန်သော်- အရှင်မဟာမောဂ္ဂလ္လာန်က ဤသို့ ဟောညွှန်တော်မူလေပြီ။

ငါ့ရှင်တို့, ရဟန်းတစုံတဦးသည် "အရှင်မြတ်တို့သည် အကျွန်ုပ်ကိုဆိုကြပြောကြပါကုန်, အရှင်မြတ်တို့သည် အကျွန်ုပ်ကို ပြောဆိုနိုင်ခွင့် ရှိပါကုန်သည်" ဟု ပင် ဖိတ်မန် စေကာ, ထို ရဟန်းသည် ဆိုနိုင်ခက်၍ ဆိုနိုင် ခက်ကြောင်း တရား တို့နှင့် ပြည့်စုံ အံ့, သည်းမခံမူ၍ အဆုံးအမကို ရိုသေစွာ မနာယူနေအံ့, ထိုသို့ဖြစ်ခဲ့မူ, ၎င်းကို သီတင်းသုံး ပေါ်တို့က "ဆုံပြော ဆုံးမကောင်းသည်" ဟု မထင်မှတ်ကြကုန်'ကန့်မြစ်ကောင်းသည်'ဟု မထင်မှတ်ကြကုန်၊၎င်းအပေါ်၌'အကျွမ်းဝင်ကောင်းသည်'ဟု လည်း မမှတ်ထင်ကြကုန်။

ငါ့ရှင်တို့, ဆုံနိုင်ခက်ကြောင်းတရားတို့ကား, အလိုဆိုးရှိခြင်း, အလိုဆိုး အလိုသို့ လိုက်ခြင်း, မိမိကိုယ်ကို မြှောက်မြှင့်ခြင်း, သူ့ကိုရှုတ်ချခြင်း, အမျက်ကြီးခြင်း, အမျက် ဖြင့် နှိပ်စက်ခြင်း, ရန်ညိုးဖွဲ့ခြင်း, အမျက်စွန်းငြိခြင်း, အမျက်နှုးစကားဆိုခြင်း, အပြစ် ဖြင့် စောကြောသော်- စောကြောသူကိုပြန်၍ အပြစ်ဖျန်းခြင်း, မောင်းမဲခြင်း, ပြန်၍ စောကြောခြင်း, အဖျင်းဖျင်းဆိုခြင်း- သို့မဟုတ် အပြစ်ဖုံးဖိခြင်း, စကားအပြင်သို့ ဖယ် ထွက်ခြင်း, မနစ်မသက် အမျက်ထွက်ခြင်း, စောကြောသော်- အကြောင်းမပြည့်စုံ စေ နိုင်ခြင်း, ဂုဏ်ကျေးဇူး ခြေဖျက်ခြင်း, ဂုဏ်တုဂုဏ်ပြိုင်ပြုခြင်း, ငြူစူခြင်း, ဝန်တိုခြင်း, စဉ်းလဲခြင်း, လှည့်စားခြင်း,တောင့်တင်းခြင်း,မာန်တက်ခြင်း,မိမိအယူကို စွဲလမ်းခြင်း, မြဲးစွာယူခြင်း,စွန့်နိုင်ခက်ခြင်း ဤတရားအားလုံးတို့ကားဆိုနိုင်ခက်ကြောင်းတို့ဖြစ်ကုန်၏။

ငါ့ရှင်တို့, တစုံတဦးသော ရဟန်းသည် "အရှင်မြတ်တို့သည် အကျွန်ုပ်ကို ပြော ဆိုကြပါကုန်၊ အကျွန်ုပ်သည် အရှင်မြတ်တို့ ပြောဆိုထိုက်သူဖြစ်ပါသည်"ဟုပင် ဖိတ်မန် ခြင်း မပြု စေကာ , ၎င်းမှာ ဆိုလွယ်၍ ဆိုလွယ်ကြောင်း တရား တို့နှင့် ပြည့်စုံ ခဲ့အံ့, သည်းခံ၍ အဆုံးအမကို ရိုသေစွာ နာယူအံ့၊ထိုသို့သော ရဟန်းကို သီတင်းသုံးဖေါ်တို့ က ဆိုရကောင်းသည် ဟု ထင်မှတ်ကုန်၏ , ကန့်မြစ်ကောင်းသည် ဟု ထင်မှတ်ကုန်၏ , ထိုရဟန်းအပေါ်၌ အကျွမ်းဝင်ကောင်းသည်ဟု ထင်မှတ်ကုန်၏၊ ငါ့ရှင်တို့, ဆိုလွယ် ကြောင်းတရားတို့ကား, အလိုဆိုးမရှိ, အလိုဆိုးအလိုသို့မလိုက်, မိမိကိုမမြှင့်မမြှောက်, သူ့ကို မရှုတ်မချ,အမျက်မကြီး,အမျက်ဖြင့် မဖိစီး, ရန်ညိုးမဖွဲ့, အမျက်ဖြင့် မကပ်ငြိ,

အမျက်နှိုးစကား မဆို,စောကြောသူကိုပြန်၍ အပြစ်မဖျန်း, မမောင်းမဲ,ပြန်၍ မစော ကြော, အဖျင်းဖျင်းမဆို, သို့မဟုတ် အပြစ်ကိုမဖုံးဖိ , အပြင်သို့ စကား မဖယ်ထွက် မနှစ်သက်ခြင်း, အမျက်ထွက်ခြင်းမရှိ, အကြောင်းပြည့်စုံစေနိုင်၏, ဂုဏ်ကျေးဇူးကို မ ချေဖျက်, ဂုဏ်တုဂုဏ်ပြိုင် မပြုလုပ်,မငြူစူ,ဝန်မတို,မစဉ်းလဲ,မလှည့်စား,မခက်ထန်, မာန်မထောင်, မိမိအယူကို မစွဲလမ်း, မြဲစွာမယူ, စွန့်လွှတ်လွယ်၏၊ဤသည့် တရား တို့ ကား ဆိုလွယ်ကြောင်း တရားတို့တည်း။

ငါ့ရှင်တို့, ဤအချက်၌ မိမိတို့ကိုယ်တိုင်ပင် မိမိတို့ကိုယ်ကို နှိုင်းယှဉ်ရမည်၊ အလို ဆိုး၍ အလိုဆိုးအလိုသို့ လိုက်သော သူကို ငါမနှစ်သက်နိုင်, မချစ်ခင်နိုင်၊ အကယ်၍ ငါသည်တမူ အလိုဆိုး၍ အလိုဆိုး အလိုသို့ လိုက်ခဲ့အံ့ , ငါသည်လည်း သူတပါးတို့ မနှစ်သက်အပ်, မချစ်ခင်အပ်သူ ဖြစ်ပေရာ၏-ဟု နှိုင်းယှဉ်အပ်၏။

ငါ့ရှင်တို့, ဤသို့သိသောရဟန်းသည်,ငါကား အလိုဆိုးသူမဖြစ်အံ့,အလိုဆိုး အလို သို့ လိုက်သူမဖြစ်အံ့ ဟု စိတ်ထား ပြုလုပ်အပ်၏၊ ငါသည် မိမိကို မြှောက်မြှင့်၍ သူ့ကို ရှုတ်ချသူကို မနှစ်သက်, မချစ်ခင်, အမျက်ကြီးသူ, အမျက်ဖြင့် ဖိစီးသူ, ရန်ငြိုးဖွဲ့သူ, အမျက်ဖြင့် ကပ်ငြိသူ, အမျက်နှိုးစကားဆိုသူ, စောကြောသူကို ပြန်၍ အပြစ်ဖျန်းသူ , မောင်းမဲသူ,ပြန်၍ စောကြောသူ,အဖျင်းဖျင်းဆိုသူ,သို့မဟုတ် အပြစ်ကိုဖုံးဖိသူ,အပြင်သို့ စကား ဖယ်ထွက်သူတို့ကို မနှစ်သက်,မချစ်ခင်, ဂုဏ်ကျေးဇူးကို ချေဖျက်သူ,ဂုဏ်တု ဂုဏ်ပြိုင်လုပ်သူ, ငြူစူသူ,ဝန်တိုသူ,စဉ်းလဲသူ,လှည့်စားသူ,ခက်ထန်သူ,မာန်ထောင်သူ, မိမိအယူကို အစွဲသန်သူ, မြဲစွာယူသူ,စွန့်နိုင်ခဲသူကို မနှစ်သက်,မချစ်ခင်၊ အကယ်၍ ငါသည်တမူလည်း မိမိကို မြှင့်မြှောက်သူ, သူ့ကိုရှုတ်ချသူဖြစ်အံ့ ငါသည် သူတပါးတို့ မနှစ်သက်အပ်, မချစ်ခင်အပ်သူ ဖြစ်ပေရာ၏-ဟု နှိုင်းယှဉ်အပ်၏။

ငါ့ရှင်တို့,ဤအချက်၌မိမိတို့ကိုယ်တိုင်ပင် မိမိတို့ကိုယ်ကိုနှိုင်းယှဉ်ရမည်၊အလိုဆိုး၍ အလိုဆိုးအလိုသို့လိုက်သောသူကို ငါမနှစ်သက်နိုင်, မချစ်ခင်နိုင်၊အကယ်၍ ငါသည် တမူ အလိုဆိုး၍ အလိုဆိုး အလိုသို့ လိုက်ခဲ့အံ့ , ငါသည်လည်း သူတပါးတို့ မနှစ်သက် အပ်,မချစ်ခင်အပ်သူ ဖြစ်ပေရာ၏-ဟု နှိုင်းယှဉ်အပ်၏။

ငါ့ရှင်တို့, ဤသို့သိသောရဟန်းသည်, ငါကား မိမိအယူကိုအစွဲမသန်အံ့,မြဲစွာ မယူအံ့, စွန့်လွှတ်လွယ်သူဖြစ်အံ့-ဟု စိတ်ထားပြုအပ်၏၊ ငါ့ရှင်တို့, ရဟန်းသည် မိမိ ကိုယ်ကိုင်ပင်, ငါသည် အသို့လေနည်း?၊ အလိုဆိုးရှိ၍ အလိုဆိုးအလိုသို့ လိုက်လေ သလော? ဟု ဆင်ခြင်အပ်၏၊ ဤသို့ဆင်ခြင်ရာ၌ အလိုဆိုးသူဖြစ်၍ အလိုဆိုးအလိုသို့ လိုက်သူ ဖြစ်ခဲ့အံ့ , ငါ့ရှင်တို့, ထိုရဟန်းသည် ထိုသည့် တရားယုတ် တို့ကို ပယ်စွန့်ရန် အားထုတ် အပ်၏၊ ထိုသို့ ဆင်ခြင်ရာ၌ အကယ်၍ အလိုဆိုးသူ မဟုတ်မူ၍ အလိုဆိုး အလိုသို့ မလိုက်သူ ဖြစ်ခဲ့အံ့, ငါ့ရှင်တို့, ထိုရဟန်းသည် ထိုသည့် ကုသိုလ် တရားတို့၌ နှစ်သက်ဝမ်းမြောက်စွာ နေ့ညဉ့်ပတ်လုံး လေ့လာနေထိုင်အပ်၏။

ငါ့ရှင်တို့, ရဟန်းသည် မိမိ ကိုယ်တိုင်ပင် အသို့လေနည်း ?၊ ငါသည် မိမိကို မြှောက်မြင့်၍ သူ့ကို ရှုတ်ချသူ, အမျက်ကြီးသူ, အမျက်ဖြင့် ဖိစီးသူ, ရန်ငြိုးဖွဲ့သူ, အမျက်ဖြင့် ကပ်ငြိသူ, အမျက်နှီးစကား ဆိုသူ, စောကြောသူကို ပြန်၍ အပြစ်ဖျန်းသူ, မောင်းမဲသူ, ပြန်၍ စောကြောသူ, အဖျင်းဖျင်းဆိုသူ, သို့မဟုတ် အပြစ်ဖုံးဖိသူ အပြင်သို့ စကားဖယ်ထွက်သူတို့ကို မနှစ်သက်, မချစ်ခင်, ဂုဏ်ကျေးဇူးကို ခြေဖျက်သူ, ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်သူ, ငြူစူသူ, ဝန်တိုသူ, စဉ်းလဲသူ, လှည့်စားသူ, ခက်ထန်သူ, မာန်ထောင်သူ, မိမိ အယူကို အစွဲသန်သူ, စွန့်လွှတ် နိုင်ခဲသူ ဖြစ်သလော ? ဟု ဆင်ခြင်အပ်၏၊ ယင်းသို့ဆင်ခြင်ရာ၌ မိမိကိုမြှောက်မြင့်၍ သူ့ကို ရှုတ်ချသူ, အမျက်ကြီးသူ, အမျက်ဖြင့် ဖိစီးသူ, ရန်ငြိုးဖွဲ့သူ, အမျက်ဖြင့် ကပ်ငြိသူ, အမျက်နှီးစကား ဆိုသူ, စောကြောသူကို ပြန်၍ အပြစ်ဖျန်းသူ, မောင်းမဲသူ, ပြန်၍ စောကြောသူ, အဖျင်းဖျင်း ဆိုသူ, သို့မဟုတ် အပြစ်ဖုံးဖိသူ, အပြင်သို့စကား ဖယ်ထွက်သူ တို့ကို မနှစ်သက်, မချစ်ခင်, ဂုဏ်ကျေးဇူးကို ခြေဖျက်သူ, ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်သူ, ငြူစူသူ, ဝန်တိုသူ, စဉ်းလဲသူ, ခက်ထန်သူ, မာန်ထောင်သူ, စွန့်လွှတ်နိုင်ခဲသူဖြစ်ခဲ့အံ့၊ ငါ့ရှင်တို့, ထိုရဟန်းသည် ထိုသည့် တရားယုတ်တို့ကိုပယ်စွန့်ရန် အားထုတ်အပ်၏။

ထိုသို့ဆင်ခြင်ရာ၌ အကယ်၍ မိမိကို မိမိမြှောက် မြင့်သူ, သူ့ကိုမရှုတ်ချသူ, အမျက်မကြီးသူ, အမျက်ဖြင့် မဖိစီးသူ, ရန်ငြိုးမဖွဲ့သူ, အမျက်ဖြင့် မကပ်ငြိသူ, အမျက်နှီးစကား မဆိုသူ, စောကြောသူကို ပြန်၍ အပြစ်မဖျန်းသူ, မမောင်းမဲသူ, ပြန်၍ မစောကြောသူ, အဖျင်းဖျင်းမဆိုသူ, သို့မဟုတ် အပြစ်ကို မဖုံးဖိသူ, အပြင်သို့ စကား မဖယ်ထွက်သူ, မနှစ်သက်ခြင်း အမျက်ထွက်ခြင်း မရှိသူ, ဂုဏ်ကျေးဇူးကို မခြေဖျက်သူ, ဂုဏ်တုဂုဏ်ပြိုင် မပြုလုပ်သူ, မငြူစူသူ, ဝန်မတိုသူ, မစဉ်းလဲသူ, မလှည့်စားသူ, မခက်ထန်သူ, မာန်မထောင်သူ, မိမိအယူကိုမစွဲလမ်းသူ, စွန့်လွှတ်လွယ်သူ ဖြစ်ခဲ့အံ့၊ ငါ့ရှင်တို့, ထိုရဟန်းသည် ထိုသို့သော ကုသိုလ်တရားတို့၌ နှစ်သက်ဝမ်းမြောက်စွာ နေ့ညဉ့်ပတ်လုံး လေ့လာနေထိုင်အပ်၏၊ ငါ့ရှင်တို့, ဥပမာအားဖြင့် မိန်းမဖြစ်စေ, ယောကျ်ား ဖြစ်စေ, ပျိုယွယ်ငယ်နု၍ တန်ဆာဆင်ယင်လေ့ရှိသူသည် မှန်၌ဖြစ်စေ, ကြည်လင်သောရေခွက်၌ ဖြစ်စေ, မိမိမျက်နှာကို ကြည့်ရှုဆင်ခြင်လေရာ, အကယ်၍ မြူကိုသော်၎င်း, အညစ်အကြေးကိုသော်၎င်း တွေ့မြင်ခဲ့အံ့, ထိုမြူနှင့်အညစ်အကြေးကို ပယ်စွန့်ရန်လုံ့လထုတ်၏၊ အကယ်၍ မြူ အညစ် အကြေးကို မတွေ့မြင်ရခဲ့အံ့, ငါ့မှာ စင်ကြယ်စွာတကား ဟု ဝမ်းသာရွှင်ပျ ဖြစ်လေသည်၊ ဤအတူပင် ငါ့ရှင်တို့, အကုသိုလ် အညစ် အကြေးကို ဆင်ခြင် ပယ်စွန့်ရန်, ကုသိုလ် တရားကို ရွှင်ကြည် ဝမ်းမြောက်ရန် လေ့လာ အပ်၏၊ အရှင်မဟာမောဂ္ဂလ္လာန် ဟောညွှန်ချက် ဤတရားကို ရဟန်းတို့ဝမ်းမြောက်ကုန်ပြီ၊ ဤသို့ ကြားနာ မှတ်သားရပါသည်။

**အနုမာနသုတ္တန် ပြီး၏။**

# ၂၀။ စေတောခိလ သုတ္တန်

ဤသို့ ဘုရားရှင် အထံတော်မှ အကျွန်ုပ် ကြားနာ မှတ်သားရပါသည်၊ ဘုရားရှင် သာဝတ္ထိပြည်တော် အနာထပိဏ် သူဌေးကြီး ဆောက်လုပ် လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူသောအခါ , ညနေချမ်း အစည်းအဝေးသဘင်ရှိ , ရဟန်းတို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်ကြွက်တော်မူလေပြီ။

ရဟန်းတို့ , ဟပုံတည်းသော ရဟန်းမှာ ငါးမျိုးသော စိတ်၏ ငြောင့်တန်သင်းတို့ကို မနုတ်ပယ်အပ်ကုန် , ငါးမျိုးသော စိတ်အနှောင်အဖွဲ့တို့ကိုလည်း မဖြည်ချွတ် မဖြတ်တောက်အပ်သေးကုန် , ထိုသို့သော ရဟန်းသည် ဤသာသနာတော်၌ ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့ ရောက်နိုင်ရန် အကြောင်း မရှိချေ၊ ရဟန်းတို့ , ထိုရဟန်းမျိုးတို့တွင် အဘယ် ငြောင့်တန်သင်း ငါးမျိုး တို့ကို မပယ်နုတ်အပ်ကုန်သနည်း ?၊ ရဟန်းတို့ , ဤသာသနာဝင်ရဟန်းသည် ဘုရားအပေါ်၌ ယုံမှား၏ , သို့လော ? သို့လော ? ဖြစ်၏၊ မဆုံးဖြတ်နိုင် , မကြည်ညိုနိုင်၊ ထိုသို့သော အကြောင်းကြောင့် ၎င်း၏စိတ်ထားသည် လုံ့လစိုက်ရန် , အားထုတ်ရန် , အမှန်လိုက်နာရန် , ကြိုးစားရန် မညွတ်ကိုင်းတော့ချေ၊ ဤသို့ဖြစ်ခြင်းကား ပထမဆုံး ငြောင့်တန်သင်းတည်း။

ရဟန်းတို့, ထို့မှ တပါးလည်း ဤသာသနာဝင် ရဟန်းသည် တရားတော်၌ ယုံမှား၏ , သံဃာ၌ ယုံမှား၏ , ကျင့်ဝတ်သိက္ခာ၌ ယုံမှား၏၊ ထို့မှတပါး သီတင်းသုံး ဖော်တို့အပေါ်၌ ယုံမှား၏ , အမျက်ထွက်၏ , နှစ်သက်ဝမ်းမြောက်ခြင်းမရှိ, စိတ်ထား ထိခိုက်၍ ငြောင့်တန်သင်းကဲ့သို့ ဖြစ်၏၊ ဤသို့ ဖြစ်သောကြောင့် ၎င်း၏စိတ်ထားသည်၊ လုံ့လထုတ်ရန်, အားစိုက်ရန် , အမှန်လိုက်နာရန်, ကြိုးစားရန် မညွတ်ကိုင်းတော့ချေ၊ ဤသို့ဖြစ်ခြင်းကား ငါးခုမြောက် ငြောင့်တန်သင်းတည်း။

ရဟန်းတို့ , အဘယ် စိတ်အနှောင်အဖွဲ့ ငါးမျိုးတို့ကို မဖြတ်တောက်အပ်ကုန်သနည်း ? အလိုကာမ၌ တပ်မက်ခြင်းကို မပယ်အပ် , အလိုရမ္မက်မကင်း , ချစ်နှစ်သက်၏ , မွတ်သိပ်၏ , ပူလောင်၏ , တပ်စွန်းမက်မော၏၊ ထိုသို့ဖြစ်သောကြောင့် ၎င်း၏ စိတ်ထားသည် လုံ့လထုတ်ရန် , အားစိုက်ရန်, အမှန်လိုက်နာရန် , ကြိုးစားရန် မညွတ်ကိုင်းတော့ချေ၊ ဤသို့ဖြစ်ခြင်း သည် ပထမဆုံး စိတ်၏ အနှောင်အဖွဲ့တည်း၊ ရဟန်းတို့ , တဖန်လည်း မိမိကိုယ်၌ တပ်စွန်းခြင်းကို မပယ်အပ် , ရုပ်အဆင်း၌ တပ်စွန်း ခြင်းကိုမပယ်အပ် , တဖန်လည်း ရဟန်းသည် အလိုရှိတိုင်း ဝမ်းအပြည့် စားသုံး၍ အအိပ်ချမ်းသာ , နံဘေးချမ်းသာ , အငိုက်ချမ်းသာကို အမြဲအားစိုက်နေ၏၊ ရဟန်းတို့,

တဖန်လည်း ရဟန်းသည် ဤသီလ, ဤဝတ်နိဗဒ် ဤမြိုးမြိသောအကျင့်ဖြင့်, ဤမြတ်သောအကျင့်ဖြင့် နတ်ဖြစ်အံ့, နတ်ထူးနတ်မြတ် တစုံတဦးဖြစ်အံ့ဟု တစုံတဦးသော လူနတ် အဖြစ်ကို ရည်ညွှန်း၍ ကျင့်၏၊ ထိုသို့ ဖြစ်သောကြောင့် ထိုရဟန်း၏ စိတ်သည် လုံ့လထုတ်ရန်, အားစိုက်ရန်, အမြဲနှလိုက်နာရန်, ကြိုးစားရန် မညွှတ်ကိုင်းတော့ချေ၊ ဤသို့ဖြစ်ခြင်းသည် ငါးခုမြောက် စိတ်၏ အနှောင်အဖွဲ့တည်း။

ရဟန်းတို့, ဤငါးမျိုးသောပြောင့် တန်သင်းတို့ကို မနှုတ်ပယ်အပ်, ဤငါးမျိုးသော စိတ်အနှောင်အဖွဲ့တို့ကို မဖြတ်ပယ်အပ်သော ရဟန်းသည် ဤသာသနာတော်၌ ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့ရောက်ရန် အကြောင်းမရှိချေ၊ ရဟန်းတို့, ဤငါးမျိုးသော ပြောင့် တန်သင်းတို့ကို နှုတ်ပယ်အပ်၍ ဤငါးမျိုးသော စိတ်အနှောင်အဖွဲ့တို့ကို ဖြတ်တောက်အပ်သော ရဟန်းသည်သာ ဤသာသနာတော်၌ ကြီးပွါး စည်ပင်ပြန့်ပြောခြင်းသို့ရောက်ရန်အကြောင်းရှိလေသည်၊ အဘယ်တို့နည်း ?၊ ဘုရားအပေါ်၌ယုံမှားကင်း၏, တရားအပေါ်၌ ယုံမှားကင်း၏, သံဃာ့အပေါ်၌ ယုံမှားကင်း၏, သိက္ခာကျင့်ဝတ်၌ ယုံမှားကင်း၏, သီတင်းသုံးဖော် တို့အပေါ်၌ အမျက်မထွက် နှစ်သက် ဝမ်းမြောက်၏, ထိပါးသော စိတ်မရှိ–ဤသည့် ပြောင့်တန်သင်း ငါးမျိုးတို့ကို နှုတ်ပယ်အပ်ကုန်၏။

ရဟန်းတို့, အဘယ် စိတ်အနှောင်အဖွဲ့ ငါးမျိုးတို့ကို ဖြတ်တောက်အပ်ကုန်သနည်း? ရဟန်းတို့, ဤသာသနာတော်ဝယ် ရဟန်းသည်, အလိုကာမ၌ တပ်မက်ခြင်းကို ပယ်စွန့်၏၊ မမိက်ယိုင်ခြင်းတပ်စွန်းခြင်းမရှိ၊ အဆင်းရုပ်ဝါ၌ တပ်စွန်းခြင်းကင်း၏၊ အလိုရှိတိုင်း မစား, ဝမ်းအပြည့် မစား, အအိပ်ချမ်းသာ, နှံဘေးချမ်းသာ, အငိုက်ချမ်းသာကို အမြဲ အားမထုတ်၊ ရဟန်းတို့, တဖန်လည်း ဤသာသနာတော်ဝယ် ရဟန်းသည်, ဤသီလ, ဤဝတ်နိဗဒ်, ဤမြိုးမြိသောအကျင့်, ဤမြတ်သောအကျင့်ဖြင့် နတ်ဖြစ်အံ့, တစုံတဦး ထူးသော နတ်ထူး နတ်မြတ်, ဖြစ်အံ့ဟု လူနတ်အဖြစ်ကို ရည်ရွယ်၍ မကျင့်၊ ဤသည့် စိတ်အနှောင်အဖွဲ့ ငါးမျိုးတို့ကို ဖြတ်တောက်အပ်ကုန်၏၊ ရဟန်းတို့, ဤသည့် ပြောင့်တန်သင်း ငါးမျိုးတို့ကို နှုတ်ပယ်အပ်၍ ဤသည့် စိတ်အနှောင်အဖွဲ့ ငါးမျိုးတို့ကို ဖြတ်တောက်အပ်သော ရဟန်းသည်သာ ဤသာသနာတော်၌ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် အကြောင်းရှိလေသည်၊ ဤသို့ ဟောမြွက်တော်မူလေပြီ။ ဤဘုရား ဟောညွှန်ချက်ကို ရဟန်းတို့ နှစ်သက်ကုန်ပြီ၊ - ဤသို့ ကြားနာ မှတ်သား ပေါသည်

ဝိတက္ကသဏ္ဌာနသုတ္တန် ပြီး၏။

# ၂၀။ ဝနပတ္ထသုတ္တန်

**သာ**ဝတ္ထိပြည်တော် အနာထပိဏ်သူဌေးကြီး ဆောက်လုပ် လှူဒါန်းသော ဇေတဝန် ကျောင်းတော်ကြီး၌ ဘုရားရှင် သီတင်းသုံး နေတော်မူစဉ်အခါ ဟောညွှန်တော်မူအပ်သော ဝနပတ္ထသုတ္တန်ကို အကျဉ်းချုပ် ဤသို့ ကြားနာမှတ်သားရပါသည်။-

ဘုရားရှင်သည် အစည်းအဝေး တရားနာရှင်ရှိ ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့, ဝနပတ္ထဒေသနာကို ဟောတော်မူအံ့၊ ၎င်းကို နာယူကြ, ကောင်းစွာ နှလုံးသွင်းကြ၊ ဟောကြားအံ့ ဟု မိန့်တော်မူလေရာ, ရဟန်းတို့က "ကောင်းလှပါပြီ ဘုရား" ဟု လျှောက်ထား လေသော်- ဤသို့ ဟောညွှန်တော်မူလေပြီ။-

ရဟန်းတို့, ဤသာသနာတော်ဝင် ရဟန်းသည် တစုံတခုသော တောအုပ်ကို အမှီပြုလုပ် နေထိုင်၏၊ ထိုသို့ နေထိုင်ရာတွင် ၎င်းမှာ မထင်သော သတိလည်း မထင်, မတည်တန့်သော စိတ်လည်း မတည်တန့်, မပယ်အပ်သေးသော လောကပွါးစီးရေးတို့လည်း မကုန်ခန်းကုန်, မရရောက်သေးသော အတုမဲ့ လုံ့လ ကုန်ခန်းရာသို့လည်း မရရောက်၊ ရဟန်းတို့ ဖြစ်စေအပ်သည့် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး အသက်အရံအတားတို့ကိုလည်း ညှိုညှဉ်ပင်ပန်းစွာ ဖြစ်စေအပ်ကုန်၏၊ ရဟန်းတို့, ထိုရဟန်းသည် ထိုအကြောင်းများကို ဆင်ခြင်၍ ညဉ့်၌ဖြစ်စေ, နေ့၌ ဖြစ်စေ ထိုတောအုပ်မှ ဖဲထွက်သွားသင့်၏, မနေထိုင်အပ်။

ရဟန်းတို့, ထိုတောအုပ်၌ နေထိုင်သော ရဟန်းမှာ မထင်သော သတိလည်း မထင်, မတည်တန့်သော စိတ်လည်း မတည်တန့်, မပယ်အပ်သေးသော လောကပွါးစီးရေးတို့လည်း မကုန်ခန်းကုန်, မရရောက်သေးသော အတုမဲ့လုံ့လ ကုန်ခန်းရာသို့လည်း မရရောက်၊ ရဟန်းတို့ ဖြစ်စေအပ်သည့် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး အသက်အရံအတားတို့ကိုကား မညှိုမညှဉ် ရရှိကုန်၏၊ ရဟန်းတို့, ထိုရဟန်းသည် ငါကား ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးအတွက် ရဟန်းပြုသည်မဟုတ် ဟု ဆင်ခြင်၍ ထိုပစ္စည်းလေးပါးအတွက် နေသင့်သော အရေအတွက်ကို သိရစေကာ, ညဉ့်၌ဖြစ်စေ, နေ့၌ဖြစ်စေ ထိုတောအုပ်မှ ဖဲထွက် အပ်၏၊ မနေထိုင်အပ်။

ရဟန်းတို့, အကယ်၍ ထိုတောအုပ်တွင်နေသော ရဟန်းမှာ မထင်သောသတိ ထင်အံ့, မတည်တန့်သောစိတ် တည်တန့်အံ့, မပယ်အပ်သေးသော လောကပွါးစီး

ရေးတို့ ပယ်စွန့်ကုန်ခန်း ကုန်အံ့, မရရောက်သေးသော အတုမဲ့လုံ့လ ကုန်ရာသို့ ရရောက်အံ့၊ ရဟန်းတို့ ဖြစ်စေအပ်သည့် သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်း လေးပါး အသက်အရံအတားတို့ကိုကား ခဲယဉ်းစွာ ဖြစ်စေအပ်ကုန်၏၊ ရဟန်းတို့, ထိုရဟန်းသည် "ငါကား သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်း လေးပါး အသက် အရံအတားများအတွက် ရဟန်းပြုသည်မဟုတ်, စင်စစ်ကား ဤတောအုပ်၌ နေ ထိုင်၍ သတိထင်ခြင်း စသည်ဖြစ်၏" ဟု ဆင်ခြင်၍ ပစ္စည်းလေးပါးအတွက် သွား သင့်သော အရေအတွက်ကို သိရစေကာ, ထိုတောအုပ်၌ နေထိုင်အပ်၏၊ မဖဲ့ မ ယွက်အပ်။

ရဟန်းတို့, ထိုတောအုပ်တွင် နေထိုင်သော ရဟန်းမှာ မထင်သောသတိလည်း ထင်အံ့, မတည်တန့်သောစိတ်လည်း တည်တန့်အံ့, မပယ်အပ်သေးသော လောက ပွါးစီးရေးတို့လည်း ကုန်ခန်းကုန်အံ့, မရရောက်သေးသော အတုမဲ့ လုံ့လကုန်ခန်း ရာသို့လည်းရရောက်အံ့၊ သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်း လေးပါး အသက်၏ အရံအတားကိုလည်း မခဲမယဉ်း မညို မညည်းရရှိအံ့၊ ရဟန်းတို့, ထိုသို့ဖြစ်ခဲ့သော်, ထိုရဟန်းသည် ထိုတောအုပ်၌ အသက်ထက်ဆုံးပင်လည်း နေထိုင်အပ်၏, မဖဲ့ မသွားအပ်။

ရဟန်းတို့, တစုံတခုသောရွာကို, နိဂုံးကို, မြို့ကို, ဇနပုဒ်ကို, သို့မဟုတ် တစုံ တဦးသော ပုဂ္ဂိုလ်ကို အမှီပြု၍ နေထိုင်သောရဟန်းမှာ မထင်သောသတိ မထင် ခြင်းစသည် ရရောက်ရေး တရား အကျိုးစီးပွါး မရှိမူ၍, သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါး အသက်၏အရံအတား ခဲယဉ်းသော် မနေထိုင် အပ်, ဖဲ့သွား အပ်၏။

ပစ္စည်းလေးပါး အသက်၏ အရံအတားတို့ကိုပင် မညိုမညည်းရစေကာ, မထင် သောသတိ မထင်ခြင်းစသည့် ရရောက်ရေးတရား အကျိုးစီးပွါး မရှိသော် မနေထိုင် အပ်, ဖဲ့သွားအပ်၏၊ မထင်သော သတိ ထင်ခြင်း စသည် ရရောက်ရေးတရား အကျိုးစီးပွါးရှိ၍, ပစ္စည်းလေးပါး အသက် အရံအတားတို့ကို မခဲယဉ်း မညိုညည်းပဲ ရရှိသော်ကား, အသက်ထက်ဆုံး နေထိုင်အပ်၏, မဖဲ့သွားအပ်။ ဤသို့ ဟောတော် မူအပ်သော တရားတော်ကို ရဟန်းတို့ နှစ်မြို့က်ကုန်ပြီ၊ ဤသို့ ကြားနာ မှတ်သား ရပါသည်။

ဝနပတ္ထသုတ္တန် ပြီး၏။

# ၂၂။ မဓုပိဏ္ဍိက သုတ္တန်

ကပိလဝတ် မြို့တော် နိဂြောဓာရုံ ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဘုရားရှင် ဟောညွှန်ချက် အကျဉ်း စကားကို အရှင် မဟာကစ္စာနထေရ် အကျယ်ဝေဖန် ညွှန်ကြားအပ်သည့်အတိုင်း အကျွန်ုပ် ဤသို့ ကြားနာမှတ်သားရပါသည်။

ဘုရားရှင်သည် တရံအခါ ကပိလဝတ် မြို့တော်၌ ဆွမ်းခံတော်မူ၍ ဆွမ်းခံအပြန်တွင် မဟာဝုန်တောအတွင်း ဥသျှစ်ပင်ပျိုအောက်၌ နေ့သန့်စင် နေထိုင်တော်မူလေပြီ၊ ထိုစဉ်အခါ ဒဏ္ဍပါဏိခေါ် သာကီဝင်မင်းမျိုး တဦးသည် လမ်းလှည့်လည် လျှောက်သွားစဉ် ဘုရားနေတော်မူရာ ဥသျှစ်ပင်အောက်သို့ လာရောက်၍ တောင်ဝှေးထောက်ကာ သင့်တင့်ရာ၌ နေထိုင်ပြီးလျှင် “ ဒို ရဟန်း , သင်သည် အဘယ် အယူရှိပါသနည်း ? , အဘယ်အယူဝါဒကို ဟောပြောပါသနည်း ? ” ဟု မေးလေသော်–ဘုရားရှင်က, “ ငါသည် နတ် မာရ် ဗြဟ္မာနှင့်တကွသော လောက, သူတော် သူမြတ် လူ နတ် အပေါင်းတို့အတွင်း၌ တစုံတဦး အဖြစ်ဖြင့်မျှ သက်ဝင်၍ မတည့်, အလိုကာမနှင့် မယှဉ်စပ်မူ၍ ယုံမှားမဲ့ အလို့လို့မထား၊ ဘုံဘဝ အစားစား၌ တသ် မက်မရှိ နေသော ငါ့မှာ တစုံတရာသော အမှတ်သညာတို့ မကိန်းဝပ်ကုန်၊ ဤသို့ အယူရှိ၍ ဤသည့် အယူဝါဒကိုပင် ပြောဟော၏” ဟု ပြန်ကြားလေပြီ။

ထိုအခါ ဒဏ္ဍပါဏိ သာကီဝင်မင်းမျိုးသည် ဦးခေါင်းငြိမ့်ကာ လျှာကိုထုတ်၍ သုံးကြောင်းသော နဖူးရေးကို ဖြစ်စေလျက် တောင်ဝှေး ထောက်၍ သွားလေပြီ၊ ထိုနေ့ညနေချမ်း တရားသဘင်၌ ထိုင်တော်မူမိလျှင် ဘုရားရှင်က ဤအကြောင်းကို ပြန်လည် မိန့်ကြားတော်မူလေရာ , ရဟန်းတော်တဦးက ဤသို့လျှောက်ကြားလေပြီ၊ မြတ်စွာဘုရား, ဘုရားရှင်သည် အဘယ်အယူရှိ၍ လောကနေသူ နတ်လူတို့အတွင်း၌ တစုံတဦးအဖြစ်ဖြင့်မျှ သက်ဝင်၍ မတည်ပါသနည်း ? ၊မည်သို့အားဖြင့် အလိုကာမနှင့် မယှဉ်မစပ်မူ၍ သို့လော ? သို့လော ? တွေးတော ယုံမှား ကင်းလွတ်ကာ အလို့လို့ ၊ မထားပဲ ဘုံဘဝအစားစား၌ တသ်မက်မရှိ နေထိုင်တော်မူသော ဘုရားရှင်မှာ အမှတ်သညာများ မကိန်းပဲ ရှိရပါသနည်း? ၊သို့ မေးလျှောက်သည်ကို ဘုရားရှင်က, ဒို ရဟန်း , တစုံတဦးသောပုဂ္ဂိုလ်မှာ သံသရာနယ် ချဲ့ထွင်လိုသော အမှတ်သညာဟူ၍ ဖြစ်ပေါ်ကုန်၏၊ ဤ၌ တသ်မက်ဖွယ်, စွဲလမ်းဖွယ်, သက်ဝင်ဖွယ် မရှိခဲ့အံ့၊ ဤသည်လျှင် တပ်စွန်း ကိန်းနေရေး အဆုံးတည်း၊ ဤသည်လျှင် ရန်စိတ်ထား ကိန်း

နေရေး, အယူများစွဲ ကိန်းနေရေး, ယုံမှားသံသယ ကိန်းနေရေး, မြင့်မောက် မှတ်ထင် ကိန်းနေရေး အဆုံးတည်း၊ ဤသည်လျှင် ဘဝတပ်စွန်း ကိန်းနေရေး အဆုံးတည်း၊ ဤသည်လျှင် မသိတွေဝေကိန်းနေရေး အဆုံးတည်း၊ ဤသည်လျှင် ဒုတ် ဓား ကိုင်စွဲရခြင်း, ငြင်းခုံ ခိုက်ရန် ဖြစ်ရခြင်း, နင်နင် ဆိုရ,ကုန်းတိုက်ရခြင်း, မုသားဆိုရခြင်းတို့၏ အဆုံးတည်း။ ဤ၌သာ အကုသိုလ်တရား အားသုံးတို့သည် အကြွင်းမဲ့ ချုပ်ငြိမ်းကုန်၏- ဟု ဟောတော်မူ၍ ကျောင်းတွင်း ဝင်တော်မူလေပြီ။

တရားနာ ရဟန်းတို့သည် အရှင် မဟာကစ္စာန မထေရ်အား “ ဤတရားကို အကျယ်ဝေဖန် ဟောကြားပါ” ဟု တောင်းပန်ကုန်ပြီ၊ † အရှင်မဟာကစ္စာန က ဤသို့ အကျယ်ဝေဖန် ဟောညွှန်လေပြီ၊ ငါ့ရှင်တို့, ဘုရားရှင် အကျဉ်းချုပ် ဟောကြားချက်, ဤတရားတော်၏ အကျယ် အနက်အဓိပ္ပါယ်ကို ဤနည်း ဤသို့သိရ၏။ ငါ့ရှင်တို့, မျက်စိနှင့် အဆင်းကိုစွဲ၍ မျက်စိအသိစိတ် ဖြစ်၏၊ ဤသုံးမျိုးစုံပေါင်းစပ်၍ အတွေ့ဖြစ်၏၊ အတွေ့ကြောင့် ခံစားခြင်းဖြစ်၏၊ ခံစားသည်ကို မှတ်သား၏, ကြံစည်၏, ကြံစည်ခြင်းသည် အကျယ် ချဲ့ခြင်းဖြစ်၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်မှာ အတိတ် အနာဂတ် ပစ္စုပ္ပန်တွင် မျက်စိဖြင့် မြင်ရသော အဆင်းတို့၌ အကျယ်ချဲ့ရေး အမှတ်သညာတို့ ဖြစ်ပွါးကုန်၏၊ ငါ့ရှင်တို့, နားနှင့် အသံကိုစွဲ၍ နားအသိစိတ် ဖြစ်၏။ နှာခေါင်းနှင့် အနံ့ကိုစွဲ၍ နှာခေါင်း အသိစိတ် ဖြစ်၏၊ လျှာနှင့် အရသာကို စွဲ၍ လျှာ အသိစိတ် ဖြစ်၏၊ ကိုယ်နှင့် အတွေ့ အထိကိုစွဲ၍ ကိုယ် အသိစိတ် ဖြစ်၏။ စိတ်နှင့် စိတ်ကူးကိုစွဲ၍ စိတ် အသိစိတ် ဖြစ်၏၊ ဤသုံးမျိုးစုံ ပေါင်းစပ်၍ အတွေ့ ဖြစ်၏၊ အတွေ့ကြောင့် ခံစားခြင်းဖြစ်၏၊ ခံစားသည်ကို မှတ်သား၏, ကြံစည်၏, ကြံစည်ခြင်းသည် အကျယ်ချဲ့ခြင်းဖြစ်၏၊ ထိုကြောင့် ထိုပုဂ္ဂိုလ်မှာ အတိတ် အနာဂတ် ပစ္စုပ္ပန်တွင် စိတ်ကူး စိတ်သန်း ပြုအပ်သော ထိုထိုအာရုံ တရားတို့၌ အကျယ်ချဲ့ရေး အမှတ်သညာတို့ ဖြစ်ပွါးကုန်၏။

ငါ့ရှင်တို့, မျက်စိ-အဆင်း-မျက်စိအသိစိတ် ဤသုံးမျိုးရှိခဲ့သော် အတွေ့ထင်ရှား၏၊ အတွေ့တရား ထင်ရှားလျှင် ခံစားခြင်း ပေါ်လွင်၏၊ ခံစားခြင်း ထင်ရှားသော် အမှတ်သညာ ထင်ရှား၏၊ , အမှတ်သညာ ထင်ရှားခဲ့သော် ကြံစည် စိတ်ကူးခြင်း ထင်ရှားလတ္တံ့၊ ကြံစည်မှု ထင်ရှားသော် အကျယ်ချဲ့ရေး အမှတ်သညာအရ ဖြစ်ပွါးခြင်းကား ထင်ရှားစွာ ဖြစ်လတ္တံ့၊ ငါ့ ရှင်တို့, နား- အသံ- နားအသိစိတ် သုံးမျိုး, နှာခေါင်း- အနံ့- နှာခေါင်း အသိစိတ် သုံးမျိုး , လျှာ- အရသာ- လျှာ အသိစိတ် သုံးမျိုး , ကိုယ်-အတွေ့အထိ-ကိုယ်အသိစိတ် သုံးမျိုး , စိတ်-စိတ်ကူးစိတ်သန်း-စိတ်

† သီမ်ကိုနွ ပိဋကဆောင်တို့ အတည်ပြုချက်မှုတွင်ကား အရှင်ကစ္စာနက တရားဒွင်၌ မရှိမှု, အခြားနေဟန်, ၎င်းက ငြင်းပယ်နေဟန် စသည်ဖြင့် စကားကြာရှည်စွာဆို၏၊ ကျွန်ုပ်ကား ဤမျှကိုသာ နှပ်သက်၏။

အသိစိတ် သုံးမျိုး ရှိခဲ့သော် အတွေ့ထင်ရှား၏ ၊ ၎င်းထင်ရှားလျှင် ခံစားခြင်း ၊ အမှတ်သညာ အကြံအစည်များ ထင်ရှား၍ အကျယ်ချဲ့ခြင်း၊ အမှတ်သညာအစု ဖြစ်ပွါးခြင်း ထင်ရှားတော့လတ္တံ့၊ ငါ့ရှင်တို့၊ မျက်စိ အဆင်း မျက်စိအသိစိတ် မရှိခဲ့သော်၊ နား အသံ နားအသိစိတ် မရှိခဲ့သော် ၊ နှာခေါင်း အနံ့ နှာခေါင်းအသိစိတ် မရှိခဲ့သော် ၊ လျှာ လျှာအရသာ လျှာအသိစိတ် မရှိခဲ့သော်၊ ကိုယ် အတွေ့ အထိ ကိုယ်အသိစိတ် မရှိခဲ့သော်၊ စိတ် စိတ်ကူး စိတ်သန်း စိတ်အသိစိတ်များ မရှိခဲ့သော်-အတွေ့မထင်ရှား၊ ခံစားခြင်း မထင်ရှား ၊ အမှတ်သညာ မထင်ရှား ၊ ကြံစည်ခြင်း မထင်ရှား ၊ ၎င်းမထင်ရှားခဲ့သော် အကျယ်ချဲ့ခြင်း အမှတ်သညာအစု ဖြစ်ပွါးဖွယ် မရှိတော့ရာ၊ ငါ့ရှင်တို့၊ ဤသည့် ဘုရားရှင် အကျဉ်းဟောညွှန်ချက် တရားတော်၌ အကျယ်အားဖြင့် ကျွန်ုပ် ဤသို့ အနက်ထင်၏၊ ငါ့ရှင်တို့၊ မကြေနပ်က ဘုရားရှင့်ထံသွား လျှောက်ထား၊ ဘုရားရှင် ဟောတိုင်းသာ မှတ်ကြကုန် ဟု မိန့်ဆိုလေပြီ၊ ဘုရားရှင်က ဤအနက် အဓိပ္ပါယ်ပင် အမှန်ဟု မိန့်ပြန်တော်မူရာ၊ အရှင်အာနန္ဒမထေရ်က ဤတရားမှာပျားမုန့် ဆုပ်အလား သာယာဖွယ် ထင်ရပါသည်ဟု လျှောက်ထား သဖြင့် ပျားမုန့်တုံး တရားတော် တွင်စေ ဟု ဘုရားရှင် မိန့်တော်မူလေပြီ၊ ဤသို့ ကြားနာ မှတ်သား ရပါသည်။

မဓုပိဏ္ဍိက သုတ္တန် ပြီး၏။

# ၂၃။ ဒွေဓာဝိတက္က သုတ္တန်

ဤဆိုလတ္တံ့အတိုင်း ဘုရားရှင့် အဋ္ဌာန်တော်မှ အကျွန်ုပ် ကြားနာ မှတ်သားခဲ့ရပါသည်၊ ဘုရားရှင် သာဝတ္ထိမြို့တော်ကို ဂေါစရဂါမ်ပြု၍ အနာထပိဏ် သေဋ္ဌေးကြီးက ဇေတမင်းသား၏ ဥယျာဉ်ကြီးကို ငွေပြားချင်းအစည့် အပြည့်ထပ်ကာ ဝယ်ယူပြီးနောက် အမိုး လေးဆယ့်ငါးကုဋေ အကုန်အကျခံ၍ ဆောက်လုပ်သဖြင့် ကျောင်းမ ကျောင်းရံ စင်္ကြံ စရုတ် တံခါးမုခ် ပရိဝုဏ် ရေတွင်း ရေကန် သံဃာစည်းဝေးရာဌာန ဥပုသ်အိမ် သိမ် ရေချိုးရုံ ကုဋိ ဥယျာဉ်၏အသရေ, သစ်ပင် ပန်းမာလ်၏အသရေ စသည်ဖြင့် တာဝတိံသနတ် နန္ဒဝန် ဥယျာဉ်ကြီးသဖွယ် မွေ့လျော်ဖွယ်ရှိသော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံး နေစဉ် ညနေအခါ စည်းဝေးနေထိုင်ကြသော တရားသဘင်ရှိ ရဟန်းတို့အား ဤစကားကို ဘုရားဟောညွှန်တော်မူလေပြီ။

ရဟန်းတို့, ငါဘုရားသည် တရားတော်အလုံးစုံကို အကုန်အစင် မသိမြင် မရရောက်သေးပဲ သစ္စာလေးပါး အမှန်တရားတို့ကို ခြားနား၍ မသိရသေးမီ မဂ်ဖိုလ် နိဗ္ဗာန်ကို အာသာနစ်သက် တပ်မက်ရှိနေစဉ် ငါသည် နှစ်မျိုး နှစ်ပုံ ပြုလုပ်၍ ကြံစည်နေထိုင်အံ့ ဟု စိတ်ကူးမိလတ်ပြီ၊ ရဟန်းတို့, ငါသည် ၁- အလိုကာမ၌ ကြံစည်ခြင်း၊ ၂- ဖျက်ဆီးရေး၌ ကြံစည်ခြင်း၊ ၃-ညှဉ်းဆဲနှိပ်စက်ရေး၌ ကြံစည်ခြင်း- ဤအကြံ ၃ ကို တမျိုးတစုပြုလုပ်ခဲ့ပြီ၊ ၎င်းပြင် ၁- အလိုကာမမှ ထွက်မြောက်ရေးအကြံအစည်၊ ၂– မဖျက်ဆီးရေး အကြံအစည်၊ ၃– မညှဉ်းဆဲရေး အကြံအစည်– ဤအကြံအစည် ၃ ကို ဒုတိယအမျိုး ပြုလုပ်ခဲ့ပြီ။

ရဟန်းတို့, ငါဘုရားသည် ဤသို့ မမေ့မလျော့ လုံ့လထုတ်ကာ စွန့်စားနေထိုင်စဉ် အလိုကာမ အကြံအစည် ဖြစ်ပေါ်ခဲ့၏၊ သူတပါးကို ဖျက်ဆီးရေး အကြံအစည် ဖြစ်ပေါ်ခဲ့၏၊ ညှဉ်းဆဲရေး အကြံအစည် ဖြစ်ပေါ်ခဲ့၏၊ ငါ့မှာ ဖြစ်ပေါ်သော ဤအကြံအစည်ကား မိမိကိုယ်တိုင်ကို ဖျက်ဆီးရန်, သူတပါးကို ဖျက်ဆီးရန်, နှစ်ဦးစုံကို ဖျက်ဆီးရန် ဖြစ်၏၊ ဉာဏ်ပညာကို ချုပ်ကွယ်စေတတ်၏၊ ဆင်းရဲ ပင်ပန်းခြင်းအဖို့ ရှိ၏၊ မငြိမ်းအေးခြင်းကို ဖြစ်စေတတ်၏ ဟု ငါသိမြင်၏။

ရဟန်းတို့, မိမိကိုယ်တိုင်ကို ဖျက်ဆီးရန်ဖြစ်၏ ဟု ဆင်ခြင်စဉ်လည်း ယင်းသည့် အကြံဆိုးများ ချုပ်ကွယ်၏၊ သူတပါးကို ဖျက်ဆီးရန် ဖြစ်သည် ဟု ဆင်ခြင်စဉ်လည်း

ယင်းအကြံဆိုးများ ချုပ်ကွယ်၏၊ နှစ်ဦးစုံကို ဖျက်ဆီးရန် ဖြစ်၏ဟု ဆင်ခြင်စဉ်လည်း ယင်းအကြံဆိုးများ ချုပ်ကွယ်၏၊ ပညာဉာဏ် ချုပ်ကွယ်ရန်ဖြစ်၏ ဟု ဆင်ခြင်စဉ် လည်း ယင်းအကြံဆိုးများ ချုပ်ကွယ်၏၊ ဆင်းရဲပင်ပန်းခြင်း အဖို့ရှိ၏, မအေးငြိမ်း ခြင်းကို ဖြစ်စေတတ်၏ ဟုဆင်ခြင်စဉ်လည်း ယင်းသည့်အကြံဆိုးများ ချုပ်ကွယ်၏။

ရဟန်းတို့, ငါသည် ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်းသော အလိုကာမ အကြံ အစည်, ဖျက်ဆီးရေး အကြံအစည်, ညှဉ်းဆဲရေး အကြံအစည် ဤသည့် အကြံဆိုး အစည်ဆိုးများကို ပယ်စွန့်ခဲ့ပြီ, ပျောက်ဖျက်ခဲ့ပြီ, ပျက်စီးစေခဲ့ပြီ၊ ရဟန်းတို့, ကြံစည် ကြံစည် လေသမျှ,စဉ်းစား စဉ်းစား လေသမျှမှာ ထို့အတိုင်းချည်း ဖြစ်သည် မဟုတ်, အကယ်၍ ကာမ အကြံအစည်ကို များစွာကြံစည်အံ့, စဉ်းစားအံ့၊ အလို ကာမမှ ထွက်မြောက်ရေး အကြံအစည်သည် ကွယ်ပျောက်လေ၏၊ အလိုကာမ အကြံ အစည်သာ များစွာဖြစ်လေသည်၊ သို့ကြံစည်သူမှာလည်း အလိုကာမ အတွက်သာ စိတ်ထား ညွတ်ကိုင်းလေသည်။

သူတပါးကို ဖျက်ဆီးရေး အကြံအစည်, ညှဉ်းဆဲရေး အကြံအစည်တို့သည်လည်း ဤနည်းတူပင် မဖျက်ဆီးရေး, မညှဉ်းဆဲရေး အကြံအစည်တို့ကို ကွယ်ပျောက်စေ ကုန်၏၊ ၎င်း အကြံအစည်တို့သာ များစွာဖြစ်ကုန်၏၊ ထိုသူ့မှာလည်း ထိုသည့် အကြံ အစည်ဆိုး အတွက်သာ စိတ်ထား ညွတ်ကိုင်းလေသည်၊ ရဟန်းတို့, ဥပမာအားဖြင့် မိုးလေးလအဆုံး တန်ဆောင်မုန်းလတွင် စပါးတို့ကြောင့် နွားစားကျက် ကျဉ်း မြောင်းစဉ်အခါ နွားကျောင်းသားသည် နွားတို့ကို စပါးခင်းမှ ဝေးလံအောင် တုတ်ဖြင့် ခေါက်နှက်ရာ၏၊ အဖန်ဖန် ရိုက်နှက်ရာ၏၊ ပိတ်ပင်ရာ၏၊ တားဆီးရာ၏၊ အကြောင်းကား ကောက်ခင်းကို ထိုနွားတို့ စားခြင်းကြောင့် ရိုက်ပုတ်ခြင်း, နှောင်ဖွဲ့ ခြင်း, ဆုံးရှုံးစေခြင်း, ကဲ့ရဲ့ခံရခြင်း အပြစ်များကို နွားကျောင်းသား သိလေသည်၊ ဤအတူပင် ရဟန်းတို့, ငါဘုရားသည်လည်း အကုသိုလ်တရားတို့၏ အပြစ်ဒေါသ ယုတ်ညံ့ခြင်း, ညစ်နွမ်းခြင်းများနှင့် ကုသိုလ်တရားတို့၏ ထွက်မြောက်ရေး အကျိုး, စင်ကြယ်ရေး အကျိုးများကို မြင်ခဲ့လေပြီ၊

ရဟန်းတို့, ထိုသို့အားဖြင့် ငါဘုရားသည် မမေ့မလျော့ လုံ့လစိုက်ထုတ် စွန့် စားနေထိုင်စဉ်, အလိုကာမမှ လွတ်လပ်ရေး အကြံအစည်, မဖျက်ဆီးရေး အကြံ အစည်,မညှဉ်းဆဲရေးအကြံအစည်များဖြစ်ပေါ်ခဲ့ပြီ၊ ၎င်းသည် မိမိကိုမဖျက်ဆီးရန်, သူတပါးကို မဖျက်ဆီးရန်, နှစ်ဦးစုံကို မဖျက်ဆီးရန်ဖြစ်၏၊ ပညာဉာဏ်ကို တိုးပွါး စေ၏၊ဆင်းရဲပင်ပန်းခြင်းအဖို့ မရှိ၊ ငြိမ်းအေးခြင်းကို ဖြစ်စေ၏၊ ရဟန်းတို့, ငါသည် ထိုအကြံအစည်များကို ထည်လုံး တနေ့လုံးပင် ကြံစည်နေထိုင်အံ့၊ သို့ကြံစည်ခြင်း အတွက် ဘေးဥပဒ်မဖြစ်ချေ၊ စင်စစ်ကား ရဟန်းတို့, ရှည်ကြာလေ့မြင့်စွာ ကြံစည် သောငါ့အား ကိုယ်ပင်ပန်း၏၊ ကိုယ်ပင်ပန်းသော် စိတ်ကျင်နာ၏၊ စိတ်ကျင်နာသော်

စိတ်တည်တန့်ရေးမှ ကင်းဝေး၏၊ ထို့ကြောင့် ရဟန်းတို့, ငါဘုရားသည် စိတ်ကို အတွင်း၌သာ ထား၏, ငြိမ်းဝပ်စေ၏, တမျိုးတစုတည်း ပြုလုပ်၏၊ အကြောင်းကား မပေါက်ပြားရန် ဖြစ်လေသည်။

ရဟန်းတို့, ကြံစည် ကြံစည်လေသမျှ, စဉ်းစား စဉ်းစားလေသမျှ, ကြံစည်တိုင်း, စဉ်းစားတိုင်း မဖြစ်၊ အလိုကာမမှ ထွက်မြောက်ရေးကို များစွာ ကြံစည်အံ့၊ အလိုကာမ အကြံအစည်သည် ပျောက်ကွယ်၏၊ အလိုကာမမှ ထွက်မြောက်ရေး အကြံ အစည် ကိုသာ ထိုသူ များစွာ ကြံစည်၏၊ ၎င်းမှာ အလိုကာမမှ ထွက်မြောက်ရေး အကြံအစည်၌သာ စိတ်ထား ညွတ်ကိုင်း၏၊ မဖျက်ဆီးရေး အကြံအစည်နှင့် မညှဉ်းဆဲရေး အကြံအစည်တို့သည်လည်း ထို့အတူပင် ဖျက်ဆီးရေးနှင့် ညှဉ်းဆဲရေး အကြံအစည်တို့ကို ပျောက်ကွယ်စေကုန်၏၊ ၎င်းတို့ကိုသာ များစွာ ကြံစည်စေ၍ ၎င်းတို့၌သာ စိတ်ထား ညွတ်ကိုင်းလေသည်၊ ရဟန်းတို့, ဥပမာအားဖြင့် နွေလတို့၏ နောက်ဆုံးလ အခါ ကောက်စပါး အားလုံးတို့ကို ရွာအနီး၌ စုဆောင်းကုန်သော်-နွားကျောင်းသားသည် လွင်ပြင်၌နေ၍ ဖြစ်စေ, သစ်ပင်အောက်၌နေ၍ ဖြစ်စေ, ဤသည်ကား နွားတို့တည်း ဟု သတိပြုကာမျှသာဖြစ်တော့၏၊ ရဟန်းတို့, ဤ့အတူပင် ဤသည်ကား တရားတို့တည်း ဟု သတိပြုရကာမျှ ဖြစ်လေသည်။

ရဟန်းတို့, ငါဘုရားသည် မတွန့်မယုတ်အောင် လုံ့လ ထုတ်ဖိုက်အပ်ပြီ၊ မမေ့နိုင်, မပျောက်နိုင်အောင် သတိကို ထင်လင်းစေအပ်ပြီ၊ အပူအပင် အလျှင်းမရှိအောင် ကိုယ်စိတ်ကို အေးမြစေအပ်ပြီ၊ တမျိုးတည်း, တစုတည်း ဖြစ်အောင် စိတ်ကို တည်တန့်စေခဲ့ပြီ၊ အိုရဟန်းတို့, ငါဘုရားသည် အလိုကာမနှင့် အကုသိုလ်မှ ဆိတ်သုဉ်းသော ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ကို ရရောက် နေထိုင်ခဲ့ပြီ၊ ဤသို့အားဖြင့် စိတ်ထား တည်တန့်၍ ပု-ဒိ- အာနှင့် ပြည့်စုံခဲ့ပြီ၊ (ဘယဘေရဝ သုတ္တန်အတိုင်း အကျယ်ဆိုလေ) ဤသို့ ဘုရားရှင် ဟောညွှန်သည်ကို ရဟန်းတို့ နှစ်သိမ့်ကုန်ပြီ၊- ဤအတိုင်း အကျဉ်းပိုင် ကြားနာ မှတ်သားရပါသည်။

**ဒွေဓာဝိတက္က သုတ္တန် ပြီး၏။**

# ၂၄။ ဝိတက္က သဏ္ဌာန သုတ္တန်

ဤသို့ ဆိုလတ္တံ့အတိုင်း ဘုရားရှင့် အဋ္ဌာန်တော်မှ အကျွန်ုပ် ကြားနာ မှတ်သားရပါသည်၊ ပုဉ်းတော်ကြီးသော ဘုရားရှင်သည် တရံအခါ သာဝတ္ထိမြို့တော်ကို အမှီပြု၍ အနာထပိဏ် သေဋ္ဌေးကြီး ဆောက်လုပ် လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူလေပြီ၊ ထိုစဉ်အခါ ဘုရားရှင်သည် တရားသဘင်တွင် ရှိနေကြသော ရဟန်းတို့ကို ခေါ်တော်မူ၍ ဤသို့ ဟောညွှန်တော်မူလေပြီ။

ရဟန်းတို့, တည်တန့်ရေး သမာဓိ လုပ်ငန်း၌ အားစိုက်သော ရဟန်းသည် ရံဖန်ရံခါ ငါးမျိုးသော အကြောင်းနိမိတ်တို့ကို နှလုံးသွင်းအပ်ကုန်၏၊ အဘယ် ငါးမျိုးတို့နည်း ?၊ ရဟန်းတို့, ဤသာသနာတော်ဝင် ရဟန်းသည် တစုံတခုသော အာရုံ နိမိတ်ကို အစွဲပြု၍ နှလုံးသွင်းသော ရဟန်းအား လိုလား တပ်စွန်းခြင်း, ပြစ်မှားခြင်း, တွေဝေခြင်းနှင့် စပ်သော အကုသိုလ် အကြံအစည်တို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုရဟန်းသည် ထိုအာရုံ နိမိတ်မှတပါး အခြား ကုသိုလ်နှင့်စပ်သော နိမိတ်ကို နှလုံးသွင်းအပ်၏၊ သို့နှလုံးသွင်းခြင်းအားဖြင့် အကုသိုလ်ဆိုင်ရာ အာရုံတို့သည် ပျောက်ကွယ်ကုန်၏၊ ချုပ်ငြိမ်းကုန်၏၊ ၎င်းတို့ ကွယ်ပျောက် ချုပ်ငြိမ်းခြင်းကြောင့် အတွင်း၌သာ စိတ်တည်နေ၏, ငြိမ်သက်နေ၏, တစုတလုံးတည်းဖြစ်၏, တည်တန့်၏၊ ရဟန်းတို့, ဥပမာအားဖြင့် လိမ္မာသော လက်သမားသည်၎င်း, လက်သမား တပည့်သည်၎င်း သေးသိမ်သော မယ်နဖြင့် ကြီးမားသော မယ်နကို ဖိနှိပ်လေသည်, နိုက်ထုတ်လေသည်, ကျွတ်စေလေသည်၊ ဤအတူပင် ရဟန်းတို့, အကုသိုလ်နှင့် စပ်သော အာရုံကို ဖယ်ရှား ချုပ်ငြိမ်းစေ၍ ကုသိုလ်နှင့်စပ်သော အာရုံကို နှလုံးသွင်းလေသည်။

ရဟန်းတို့, အကုသိုလ် အာရုံမှတပါး အခြား ကုသိုလ်အာရုံကို နှလုံးသွင်းစေကာမူလည်း အကုသိုလ်အာရုံပင် ထပ်မံ ဖြစ်ပေါ်ခဲ့အံ့, ထိုရဟန်းသည် "ဤသို့အားဖြင့် ဤအကြံအစည်တို့သည် အကုသိုလ်ဖြစ်ကုန်၏, အပြစ်ရှိကုန်၏, မကောင်းကျိုးကို ပေးတတ်ကုန်၏" ဟု ထိုသည့်, အကုသိုလ်ဆိုင်ရာ အကြံအစည်တို့၏ အပြစ်ကို ရှုဆင်ခြင်အပ်၏၊ ဤသို့ ဆင်ခြင်ခြင်းအားဖြင့် လိုလားတပ်မက်ခြင်း, ပြစ်မှားခြင်း, တွေဝေခြင်းနှင့်စပ်သော အကုသိုလ် အကြံအစည်တို့သည် ပျောက်ကွယ်ကုန်၏, ချုပ်ငြိမ်းကုန်၏၊ ၎င်းတို့ ပျောက်ကွယ် ချုပ်ငြိမ်းသဖြင့် စိတ်သည် အတွင်း၌သာ တည်နေ၏, ငြိမ်သက်၏, စုလုံး၏, တည်တန့်၏၊ ရဟန်းတို့, ဥပမာအားဖြင့် မိန်းမဖြစ်စေ ,

ယောကျ်ားဖြစ်စေ အလှဆယ်နှုန်း၍ တန်းဆာ ဆင်ယင်လေ့ရှိသူသည် ငွေကောင်ပုပ်, ခွေးကောင်ပုပ်, လူကောင်ပုပ်ဖြင့် လည်ပင်း၌ တပ်ဆင် ဆွဲစွပ်ပေးခဲ့သော် ငြီးငွေ့လေရာ၏, ရှက်လေရာ၏, စက်ဆုပ်လေရာ၏၊ ဤအတူပင် ရဟန်းတို့, တပါးသော အာရုံကို နှလုံးသွင်းသော ရဟန်းအား လိုလားတပ်မက်ခြင်း, ပြစ်မှားခြင်း, တွေဝေခြင်းဆိုင်ရာ အကုသိုလ် အကြံအစည်များ ဖြစ်ပေါ်ခဲ့သော် ၎င်းတို့အပြစ်ကို ဆင်ခြင်ခြင်းအားဖြင့် ၎င်းတို့ကို ချုပ်ငြိမ်း ပျောက်ကွယ်စေရာ၏, ၎င်းတို့ ကွယ်ပျောက် ချုပ်ငြိမ်းသော် စိတ်သည် အတွင်း၌သာ တည်နေလေသည်, ငြိမ်သက်လေသည်, စုရုံးလေသည်, တည်တန့်လေသည်။

ရဟန်းတို့, ထိုသို့အားဖြင့် အကုသိုလ်တို့၏ အပြစ်ကို ဆင်ခြင်စေကာမူလည်း ၎င်းတို့ တဖန် ဖြစ်ပေါ် ပြန်ကုန်အံ့၊ ထိုရဟန်းသည် ထိုသည့် အကုသိုလ် အကြံအစည်တို့၏ မရှိခြင်းကို နှလုံးသွင်းအပ်၏၊ ယင်းသို့ နှလုံးသွင်းခြင်း အားဖြင့် အကုသိုလ် အကြံအစည် တို့သည် ပျောက်ကွယ်ကုန်၏, ချုပ်ငြိမ်းကုန်၏, ၎င်းတို့ ချုပ်ငြိမ်းသော် စိတ် တည်တန့်လေ၏၊

ရဟန်းတို့, ဥပမာအားဖြင့်, မျက်စိမြင်သူသည် ထင်လာ မြင်လာသောအဆင်းတို့ကို မမြင်လိုခဲ့သော် မျက်စိကိုမှိတ်၍ ထားရာ၏, အခြားတဖက်သို့သော်ကြည့်ရာ၏၊ ရဟန်းတို့, ဤအတူပင် အကုသိုလ် အကြံအစည်တို့၏ အပြစ်ကိုကြည့်ရှုဆင်ခြင်သော်လည်း ၎င်းတို့ဖြစ်ပေါ်ခဲ့သော် ၎င်းတို့၏ မရှိခြင်းကို နှလုံး သွင်းရာ၏၊ ယင်းသို့အားဖြင့် ၎င်းတို့ ကွယ်ပ ချုပ်ငြိမ်း၍ စိတ်ထား တည်တန့်လေ၏။

ရဟန်းတို့, ယင်းသို့အားဖြင့် ၎င်းတို့မရှိခြင်းကို နှလုံးသွင်းလျက် လည်း ယင်းသည့်, အကုသိုလ်ဆိုင်ရာ အကြံအစည်တို့ ဖြစ်ပေါ် ကုန်ပြန်အံ့၊ ရဟန်းတို့, ထိုရဟန်းသည် ထိုသည့် အကြံအစည်တို့၏ ပြုပြင်ရေးကို နှလုံးသွင်းအပ်၏၊ ထိုသို့ ဖြစ်ခဲ့သော် ၎င်းတို့ ကွယ်ပျောက် ချုပ်ငြိမ်းကုန်၍ စိတ်ထားတည်တန့်လေ၏။

ရဟန်းတို့, ဥပမာအားဖြင့် ယောကျ်ားတယောက်သည် လျင်စွာသွားနေရာ ၎င်းက ငါအဘယ့်ကြောင့် လျင်လျင် သွားအံ့နည်း ?, နှေးနှေးသွားအံ့ ဟု ကြံစည်၏, ၎င်းသည်နှေးနှေးသွား၏၊ တဖန် ၎င်းက ငါသည်အဘယ့်ကြောင့် နှေးနှေးသွားအံ့နည်း ? ရပ်နေမည်ဟု ကြံစည်၏, ရပ်နေ၏၊ တဖန် ငါသည် အဘယ့်ကြောင့်ရပ်နေအံ့နည်း ?, ထိုင်နေမည်ဟု ကြံစည်၏, ထိုင်နေ၏၊ တဖန် ငါ အဘယ့်ကြောင့် ထိုင်နေအံ့နည်း ?, အိပ်နေမည်ဟု ကြံစည်၏, အိပ်နေ၏၊ ဤသို့အားဖြင့် ထိုယောကျ်ားသည် ရုန့်ကြမ်းရုန့်ကြမ်းသော ဣရိယာပုထ်တို့ကို ကြဉ်ရှောင်၍ နူးညံ့ နူးညံ့သော ဣရိယာပုထ်တို့ကို ပြုပြင်လေ၏၊ ဤအတူပင် ရဟန်းတို့, အကုသိုလ် အကြံအစည်တို့သည် ၎င်းတို့၏ ပြုပြင်ရေးကို နှလုံးသွင်းခြင်းအားဖြင့် ပျောက်ကွယ် ချုပ်ငြိမ်းကုန်၏၊ ထို့ကြောင့် စိတ်ထားတည်တန့်လေ၏။

ရဟန်းတို့, ထိုသို့အားဖြင့် အကြံအစည် ပြုပြင်ရေးကို နှလုံးသွင်းသော်လည်း အကုသိုလ်ဆိုင်ရာ အကြံအစည်တို့ပင် ဖြစ်ပေါ်ခဲ့ပြန်ကုန်အံ့, ထိုရဟန်းသည် သွားဖြင့် သွားကိုကိုက်၍, လျှာဖြင့် အာစောက်ကိုထောက်၍, စိတ်ဖြင့် စိတ်ကို ဖိနှိပ်အပ်၏, ညှစ်အပ်၏, ဖျက်အပ်၏, ပူပင်စေအပ်၏, ထိုသို့ပြုလုပ်သော် ထိုသည့် အကုသိုလ် အကြံအစည်တို့ ကွယ်ပျောက် ချုပ်ငြိမ်း ကုန်ရာ၏၊ ထိုကြောင့် စိတ် ထားတည်တန့်လေ၏၊

ရဟန်းတို့, ဥပမာအားဖြင့် အားဗလကြီးမားသော ယောကျ်ားတယောက်သည် အားအင်နည်းပါးသော ယောကျ်ားကို ဦးခေါင်း လက်ပခုံးတို့တွင် တခုခုကို ကိုင်၍, ဖိနှိပ်ရာ၏, ဖျစ်ညှစ်ရာ၏, ပူပန်စေရာ၏၊ ဤအတူပင် ရဟန်းတို့, သို့ဆိုခဲ့တိုင်း စိတ်ကို ဖိနှိပ် ဖျစ်ညှစ် ပူပန်စေခဲ့သော် အကုသိုလ်ဆိုင်ရာ အကြံအစည်တို့ ကွယ်ပျောက်ချုပ်ငြိမ်း၍ စိတ်ထား တည်တန့်လေသည်။

ရဟန်းတို့, ယင်းသို့အားဖြင့် အခြား အာရုံတပါးကို နှလုံးသွင်းခြင်းဖြင့်လည်း, အကုသိုလ် အကြံအစည်များ ကွယ်ပျောက်၍ စိတ်ထားတည်တန့်နိုင်၏၊ အကုသိုလ် အကြံအစည်တို့၏ အပြစ်ကို ဆင်ခြင်ခြင်းဖြင့်လည်း ၎င်းတို့ကွယ်ပျောက်၍ စိတ်ထား တည်တန့်နိုင်၏၊ အကုသိုလ် အကြံအစည်တို့၏ မရှိခြင်းကို နှလုံးသွင်းသဖြင့်လည်း ၎င်းတို့ကွယ်ပျောက် ချုပ်ငြိမ်း၍ စိတ်ထား တည်တန့်နိုင်၏၊ အကြံအစည်ကို ပြုပြင်ခြင်းဖြင့် လည်း ၎င်းတို့ ကွယ်ပျောက်ချုပ်ငြိမ်း၍ စိတ်ထားတည်တန့်နိုင်၏၊ စိတ် ဖြင့် စိတ်ကို ဖိနှိပ်ဖျစ်ညှစ်ခြင်းဖြင့်လည်း ၎င်းတို့ ကွယ်ပျောက်ချုပ်ငြိမ်း၍ စိတ်ထား တည်တန့်နိုင်၏၊ ရဟန်းတို့, ဤသို့သော, ရဟန်းကို အကြံအစည် ခရီးလမ်း၌, ကျွမ်းကျင် လိမ္မာသော့လသူဟု ဆိုအပ်၏၊ ၎င်းသည် အလိုရှိရာ ကြံစည်နိုင်၏၊ အလို မရှိသည်ကိုပယ်နိုင်၏၊ တဏှာကိုဖြတ်ပြီ၊ ဖွဲ့ကြိုးပြည်လေပြီ၊ မှန်ကန်စွာ မာန ငြိမ်း၍, ဆင်းရဲ ဆုံးလေပြီ။ ၎င်းကို ရဟန်းတို့ နှစ်သိမ့်ကုန်ပြီ- ဤသို့ ကြားနာ မှတ်သားရပါသည်။

**ဝိတက္က သဏ္ဌာန သုတ္တန် ပြီး၏**

# ၂၅။ မောဠိယ ဖဂ္ဂုနော ဝါဒ သုတ္တန်

အကျွန်ုပ်သည် ဘုရားရှင့် အထံတော်မှ ဤ ဆိုလတ္တံ့ အတိုင်း ကြားနာ မှတ်သားရပါသည်၊ တရံတခါ ပုဥ်းတော် , ကမ်တော် , ဥာဏ်တော် , တန်ခိုးတော် , အသရေတော်အသျှင် နိဗ္ဗာန် မြို့တည် , နန်းတည် သခင် သုံးဘုံထွတ်ထား ဘုရားရှင်သည် သာဝတ္ထိမြို့တော်ကို ဆွမ်းခံရွာ ပြုတော်မူ၍ သုဒတ္တ ငယ်မည်ရှိ အနာထပိဏ် သဌေးကြီး၏ လေးဆဲ့ငါးကုဋေကုန် ဆောက်လုပ်လှူဒါန်းသော ဇေတမင်းသား အထံမှ အာရာမ်ရာ မြေကို ငွေပြားချင်း အစည့် အပြည့်ထပ်၍ ဝယ်ယူအပ်သောကြောင့် ဇေတဝန်ခေါ်တွင်သော ကျောင်းတော်ကြီး၌ နတ်နှင့်လူတို့၏ လောကဓမ္မ ကောင်းကျိုးအတွက် မြော်ကိုး ရည်သန်တော်မူ၍ ချမ်းသာရောက်လမ်း ဆိပ်ကမ်းကြီးအဖြစ်ဖြင့် တည်နေသီတင်းသုံး တော်မူလေပြီ။

ထိုစဉ်အခါ အရှင်မောဠိယဖဂ္ဂုန မည်သော ရဟန်းသည် , ရဟန်းမတို့နှင့်အတူ အခါလေးမြင့် ယောနှောကျွမ်းဝင် နေထိုင်လေပြီး၊ အလွန်အမင်း ယောနှော ရင်းနှီးလှသောကြောင့် တပုံတဦးသော ရဟန်းက အရှင် မောဠိယဖဂ္ဂုနနှင့် ရှေ့မှောက်၌ ထိုသည့် ရဟန်းမတို့၏ အပြစ်ကို ပြောဆိုခဲ့အံ့၊ အရှင်မောဠိယဖဂ္ဂုနသည် ထိုရဟန်းနှင့် မနစ်မသက်,အမျက်ထွက်၍ ခိုက်ရန်ပြုလုပ် ဖြစ်ပွါးလေပြီ၊ အကယ်၍ ထိုသည့် ရဟန်းမတို့ မျက်မှောက်၌ တစုံတယောက်က အရှင်မောဠိယဖဂ္ဂုန၏ အပြစ်ကိုပြောဆိုခဲ့အံ့၊ ထိုရဟန်းမတို့ကလည်း ထိုသူနှင့်မနစ်သက်, အမျက်ထွက်၍ ခိုက်ရန်ပြုလုပ် ဖြစ်ပွါးကြကုန်လေပြီ၊ ထိုမျှတိုင် လွန်လွန် မင်းမင်း ရင်းနှီး ယောနှော နေထိုင်လေသတည်း။

ထိုအကြောင်းကို ရဟန်းများက ဘုရားရှင့်ထံ လျှောက်ထားကြသဖြင့် ဘုရားရှင်သည် အရှင်မောဠိယဖဂ္ဂုနကို ခေါ်စေရန် ရဟန်းတပါးကို စေလွှတ်တော်မူလေရာ , အရှင်မောဠိယဖဂ္ဂုန ဘုရားထံမှောက် ရောက်ရှိ , ရိုသေစွာ ရှိခိုး ထိုင်နေလေပြီ၊ ထိုအခါ အရှင်မောဠိယဖဂ္ဂုနအား ဘုရားရှင် ဤသို့မေးတော်မူလေပြီ၊ "အိုဖဂ္ဂုန , သင်သည် ရဟန်းမများနှင့် အလွန် ယောနှော ကျွမ်းဝင် ချစ်ခင် ရင်းနှီးလှ၍ သင်၏ ရှေ့မှောက်၌ , တစုံတယောက်က ၎င်းတို့အပြစ်ကို ပြောဆိုခဲ့လျှင် , ထိုသူနှင့် သင် ခိုက်ရန်ဖြစ်သော ဟူသည် , ထို့ပြင် ထိုရဟန်းမတို့ ရှေ့မှောက်၌ တပုံတယောက်က သင်၏အပြစ်ကို ပြောဆိုခဲ့သော် ၎င်းတို့ကလည်း 'ထိုသူနှင့် ခိုက်ရန်ပြုကြကုန်သော ဟူသည် မှန်ကန်သလော ?၊ ဤမျှတိုင် လွန်လွန်မင်းမင်း ရင်းနှီးယောနှောသော

ဟူသည် မှန်ကန်သလော ? "၊ "မှန်ပါသည်ဘုရား"၊ အို ဖဂ္ဂုန , သင်သည် အမျိုးကောင်းသားဖြစ်၍ သဒ္ဓါယုံကြည်သဖြင့် လူ့ဘောင်မှ ခွါရှောင်, ရဟန်းဘောင်၌ ရဟန်းပြုလုပ်ခဲ့သူ မဟုတ်ပါလော ? ၊ "မှန်ပါသည်ဘုရား"။

အို ဖဂ္ဂုန , သင်သည် သာသနာတော်၌ အမျိုးကောင်းသားဖြစ်၍ သဒ္ဓါယုံကြည်သဖြင့် လူ့ဘောင်မှ ခွါရှောင်, ရဟန်းဘောင်၌ ရဟန်းပြုလုပ်ခဲ့သူ ဖြစ်လျက် , ရဟန်းမတို့နှင့် ဤမျှ ယောနှော ရင်းနှီး ပွန်းတီး ကျွမ်းဝင် နေခြင်းကား မျှားစွာ မသင့်ချေ၊ ထို့ကြောင့် အို ဖဂ္ဂုန , တစုံတယောက်က သင်၏မျက်မှောက်၌ပင် ထိုသည့် ရဟန်းမဘို့၏ အပြစ်ကို ပြောဆိုခဲ့ငြားအံ့၊ ထိုသို့ ပြောဆိုရာ၌လည်း သင်သည် တဏှမက်ခြင်း၌ အမှီအစွဲးထားသော အလိုဆန္ဒနှင့် အကြံအစည်တို့ကို စွန့်ပစ်ရာ၏၊ ထိုသို့ဆိုရာ၌လည်း သင်သည် "ငါ့စိတ် မဖောက်ပြန်အံ့ , ယုတ်ညံ့သော စကားကို မမြွက်ဆိုအံ့ , ထိုသူ၏ အစီးအပွါးကိုသာ လိုလားနေထိုင်အံ့ , မေတ္တာစိတ် ထားအံ့, စိတ်ဆိုးစိတ်ဝါးမထားအံ့"၊ ဤသို့ လေ့လာ ကျင့်ဆောင်အပ်၏၊ အို ဖဂ္ဂုန , ထို့ကြောင့် သင်သည် သင်၏မျက်မှောက်တွင်ပင် တစုံတယောက်က ထို ရဟန်းမတို့အား လက်နှင့်ရိုက်ခတ်အံ့ , ခဲနှင့် ပစ်ပေါက်အံ့ , ထုတ်ဖြင့် ရိုက်နှက်အံ့ , ဓါးနှင့်ပင် ခုတ်အံ့၊ အို ဖဂ္ဂုန , ထိုအခါ၌ပင်လည်း သင်သည် တဏှမက်ခြင်း၌ အမှီအစွဲးထားသော အလိုဆန္ဒနှင့် အကြံအစည်တို့ကို စွန့်ပယ်ရာ၏၊ ထိုအရာ၌ပင်လည်း သင်သည် ငါ့စိတ် မဖောက်ပြန်အံ့ , ယုတ်ညံ့သောစကားကိုမမြွက်ဆိုအံ့ , ထိုသူ့အစီး အပွါးကိုသာ လိုလားနေထိုင်အံ့ , မေတ္တာစိတ်ထားအံ့ , စိတ်ဆိုးစိတ်ဝါး မထားအံ့ , ဟု လေ့လာ ကျင့်ဆောင်အပ်၏။

အို ဖဂ္ဂုန , ထို့ကြောင့် သင့်ကိုယ်ဘိုင်ကိုပင် တစုံတယောက်က လက်နှင့် ရိုက်အံ့ , ခဲနှင့် ပစ်ပေါက်အံ့ , တုတ်နှင့်ရိုက်နှက်အံ့ , ဓါးနှင့် ခုတ်ဖြတ်အံ့ , အို ဖဂ္ဂုန , ထိုအရာ၌ပင်လည်း တဏှမက်ခြင်းကို အမှီအစွဲးထားသော အလိုဆန္ဒနှင့် အကြံအစည်တို့ကို စွန့်ပယ်အပ်၏၊ ငါ့စိတ်မဖောက်ပြန်အံ့ , ယုတ်ညံ့သောစကားကို မမြွက်ဆိုအံ့ , ထိုသူ့အပေါ်၌ အစီးအပွါးကိုသာ လိုလားနေထိုင်အံ့ , မေတ္တာစိတ်ထားအံ့ , စိတ်ဆိုးစိတ်ဝါး မထားအံ့ ဟု လေ့လာ ကျင့်ဆောင်အပ်၏၊ ဤသို့ ကြားနာ မှတ်သားရပါသည်။

**မောဠိယဖဂ္ဂုနောဝါဒ သုတ္တန် ပြီး၏။**

( အရှင်မောဠိယဖဂ္ဂုနနှင့် ပတ်သက်၍ ကကစူပမ သုတ္တန်ကို ဟောသောဟူ၏။ )

# ၂၆။ ကကစူပမ သုတ္တန်

**သာ**ဝတ္ထိမြို့တော် အနာထပိဏ် သေဋ္ဌေးကြီး ဆောက်လုပ်လှူဒါန်းသည့် ဇေတဝန် ကျောင်းတော်ကြီး၌ ဘုရားရှင် သီတင်းသုံး နေတော်မူစဉ် အရှင်မောဠိယဖဂ္ဂုနကို အကြောင်းပြု၍ ဟောကြားတော်မူသော ဤကကစူပမ သုတ္တန်ကို အကျဉ်းချုပ်သည် ဤသို့ ကြားနာ မှတ်သားရပါသည်၊ † ရဟန်းတို့ ,ရှေးအခါက ဤသာဝတ္ထိ မြို့တော်၌ပင် ဝေဒေဟိကာ မည်သော သူကြွယ်မတဦး ဖြစ်ခဲ့ဖူးပြီ၊ ရဟန်းတို့, ဝေဒေဟိကာ သူကြွယ်မကား နူးညံ့သည် , နှိမ့်ချသည့်, အေးမြသည်ဟု ကောင်းမြတ်သော ကျော်စော သတင်း ပြန့်သင်း မွှေးကြိုင်ခဲ့ လေပြီ၊ ရဟန်းတို့ , ဝေဒေဟိကာ သူကြွယ်မမှာ မိမဲးမည်သော အိမ်ကျွန်မတဦး ရှိလေပြီ၊ ၎င်းသည် လိမ္မာ၏, အပျင်းအရိမရှိ , အလုပ်အကိုင်တိုင်း အရံသင့် ပြင်ဆင်ပြီးချည်း ဖြစ်ခဲ့လေပြီ၊ ထိုကျွန်မ မိမဲးက ငါ့ရှင်မသည် အတွင်း၌ အမျက်ဒေါသ ထင်ရှားရှိလျက်ပင် မပေါ်မလွင် ဖြစ်လေသလော ?၊ သို့မဟုတ် မရှိ၍ပင်လော ?၊ သို့မဟုတ် ငါ့အလုပ်ခွင်က ပြင်ဆင်ပြီးချည်း အသင့်ဖြစ်၍ပင် ထင်ရှားရှိသော အမျက် အပြင် မထွက်ပေါ်ခြင်းလော ? စုံစမ်းအံ့ဟု ကြံစည်လေပြီ။

ရဟန်းတို့ , ထို့ကြောင့် ကျွန်မမိမဲးသည် တနေ့သောအခါ နံနက် နေအမြင့်ကြီးမှ အိပ်ယာထလေပြီ၊ ထိုအခါ ဝေဒေဟိကာ သခင်မက ''ဟယ်ကျွန်မမိမဲး'' ဟု ခေါ်ရာ ''အို အသျှင်မ'' ဟု ပြန်ကြားသော် ''ဘာ့ကြောင့် နေမြင့်ကြီးမှအိပ်ရာမှ ထရသနည်း ?'' ဟု မေးသကာလ ''အို အသျှင်မ ဘာမှမဖြစ်ပါ'' ဟု ဆိုလျှင် ဟဲ့ ကျွန်မယုတ်, ဘာမှမဖြစ်ပဲ နေမြင့်ကြီးမှ ထရသလား, ဟု အမျက်ထား၍ ကြိမ်ဝါးမာန်မဲလေပြီ၊ ရဟန်းတို့ , ထိုအခါ ကျွန်မမိမဲးက '' ဩော် အသျှင်မမှာ အမျက်ဒေါသ ထင်ရှားရှိလျက်ပင် အပြင်မထွက် ရှိချေသည်တကား ? , အမျက် မရှိ၍မဟုတ် တကား ?၊ ငါ့အလုပ်က ပြင်ဆင်ပြီးချည်း အသင့်ရှိ၍သာ အသျှင်မ အမျက် အပြင်မထွက်ခဲ့သည် တကား ?၊ ကောင်းပြီ, ငါသည် ထပ်မံစုံစမ်းဦးအံ့ '' ဟု ကြံစည်ကာ , နောက်တနေ့ သာလွန် နေမြင့်မှ အိပ်ယာထလေပြီ၊ ထိုအခါလည်း

---

† ဤနေရာ၌ လိုရင်းမဟုတ် သုတ်ရင်းနှင့် မဆိုင်သော စကားများ သီဟိုဠ် ပိဋကဆောင်တို့မှာထားချက် နှင့်မျက်နှာခန့် ပါနေ၏၊ ၎င်းမှာ မဆိုင်စပ်လှ, ဥပမာ ဥပမေယျ မကိုက်သော ကြောင့်ချန်ထားခဲ့သည်။

"အို အသျှင်မ ဘာမှမဖြစ်ပါ" ဟု ပြန်ကြားသဖြင့် ရိုင်းပြ ရုန့်ကြမ်းစွာ ဆဲဆို ယောင်းမဲ့ခဲ့သော မိမဲ့က အချက်ထ ရှားရှိသည်ကို ကိုယ်သိထက် ပိုမိုပေါ်လွင်ရန်, နောက်တကြိမ် သာလွန်နေမြင့်မှ အိပ်ရာထလေပြီ၊ ရဟန်းတို့, ထိုအခါ "အို အသျှင်မ ဘာမှမဖြစ်ပါ" ဟူသော အဖြေကို ကြားသဖြင့် အသျှင်မ ဝေဒေဟိကာသည် သည်းမခံနိုင်တော့ပဲ "နင့်ခေါင်းကို ခွဲ မည်ဟဲ့" ဆို၍ တံခါးကျဉ်ဖြင့် ဦးခေါင်းကို ရိုက်နှက်လေပြီ၊ ရဟန်းတို့, ထိုအခါမှ ကျွန်မမိမဲ့က, အိမ်နီးချင်းတို့ရှိရာသို့ သွားရောက်၍ အို အသျှင်မတို့, နူးညံ့ ပျော့ပြောင်းလှသော မိန်းမကောင်းကြီး ၏ အမှုကို ရှုကြည့်ကြပါကုန်, နှိမ်ချသော မိန်းမ, အေးမြသော မိန်းမ ၏ ပြုမူချက်ကို ကွက်ကွက် ကွင်းကွင်းကြီး ရှုကြည့်ကြပါကုန်" ဟု သွေးယိုစီးကျသော ဦးခေါင်း ကွဲကို ညွှန်ပြကာ ယုတ်မာကြောင်း ပြောကြားလေသတည်း။

ရဟန်းတို့, ထိုစဉ်အခါမှ ဝေဒေဟိကာ သူကြွယ်မမှာ ရုန့်ကြမ်းသည်, သောင်းကျန်းသည်, ဆူပူသည် ဟု မကောင်းသတင်း ပျံ့နှံ့ ကျော်ကြားလေသတည်း၊ ရဟန်းတို့, ဤနည်းအတူပင် ဤသာသနာတော်ဝင် ရဟန်းသည်လည်း မနှစ်မြို့ဖွယ် ရုန့်ကြမ်းသော စကားကို မကြားသိရသေးမီသာ နူးနူး ညံ့ညံ့ကဲ့သို့င်း, နှိမ့်နှိမ့်ချချ ကဲ့သို့င်း, အေးအေး မြမြ ကဲ့သို့င်း ဖြစ်ရှိ နေကြကုန် စေကာ, မနှစ်မြို့ဖွယ် ရုန့်ကြမ်းသော စကားကို ကြားရသောအခါမှသာ နူးညံ့သည်, နှိမ့်ချသည်, အေးမြ သည်ဟု သိရပေမည်၊ ရဟန်းတို့, ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း လေးပါး အတွက် ဆိုလွယ် ပြောလွယ် နာယူလွယ်သောသူကို ဆိုလွယ် ပြောလွယ် နာယူလွယ်သူဟု ငါဘုရား မဆိုပချေ၊ အကြောင်းကား, ရဟန်းတို့, ပစ္စည်းအာမိ သကို မရခဲ့သော် နားသော နာယူမည် မဟုတ်ချေ၊ ရဟန်းတို့, တရားကိုသာ ရိုသေလေးစား၍, တရားကိုသာ မြတ်နိုးပူဇော်၍, တရားကိုသာ, ရိုးကိုးကြီးနှံ၍ နားထောင် နာယူလွယ်သူကိုသာ ဆိုလွယ်သူ, ပြောလွယ်သူ, နာယူလွယ်သူဟု ငါဘုရား ဆိုတော်မူ၏၊ ထို့ကြောင့် ရဟန်းတို့, "တရားကိုသာ ရိုသေလေးစားကာ မြတ်နိုးပူဇော်ကာ, ရိုးကြီးနှိမ်ချကာ နားထောင် လိုက်နာကြကုန်အံ့၊ နာယူကြ ကုန်အံ့" ဟု သင်တို့လေ့လာ ကျင့်ဆောင်အပ်၏၊ ရဟန်းတို့, သင်တို့ အပေါ်၌ ကျရောက်လာမည့် စကားလမ်းကြောင်းတို့ကား ငါးမျိုးရှိကုန်၏၊ ၎င်းတို့ကား -

၁- အခါဟုတ်သော်၎င်း, မဟုတ်သော်၎င်း ပြောဆိုမည့်စကား။

၂- ဟုတ်မှန်သော်၎င်း, မဟုတ်မှန်သော်၎င်း ပြောဆိုမည့်စကား။

၃- နူးညံ့သော်၎င်း, ရုန့်ကြမ်းသော်၎င်း ပြောဆိုမည့်စကား။

၄- အကျိုးစီးပွါးရှိသော်၎င်း, အကျိုးစီးပွါးမဲ့သော်၎င်း ပြောဆိုမည့်စကား။

၅- မေတ္တာစိတ်ထား၍သော်၎င်း, ဒေါသစိတ်ထား၍သော်၎င်း ပြောဆိုမည့်စကား ဤငါးမျိုးတို့တည်း။

ရဟန်းတို့, သူတပါးတို့သည် သင်တို့အပေါ်၌ အခါဟုတ်၍သော်၎င်း, မဟုတ်ပဲးသော်၎င်း ပြောဆိုကြစေကုန်၊ ဟုတ်မှန်၍သော်၎င်း, မဟုတ်မှန်ပဲးသော်၎င်း ပြောဆိုကြစေကုန်၊ နူးညံ့စွာသော်၎င်း, ရှန့်ကြမ်းစွာသော်၎င်း ပြောဆိုကြစေကုန်၊ အကျိုးစီးပွါးနှင့်စပ်၍သော်၎င်း, မစပ်ပဲးသော်၎င်း ပြောဆိုကြစေကုန်၊ မေတ္တာစိတ်ထား၍သော်၎င်း, ဒေါသစိတ်ထား၍သော်၎င်း ပြောဆိုကြစေကုန်၊ မည်သို့ပင် ပြောဆိုကြစေကုန်ကာ, ငါတို့၏ စိတ်သည် မဖေါက်ပြန်လတ္တံ့, စကားရှန့်ကြမ်း မမြွက်ဆိုအံ့, ထိုသူ၏ အကျိုးစီးပွါးကို လိုလား၍နေအံ့, မေတ္တာစိတ်ထားအံ့, စိတ်ဆိုးစိတ်ဝါး မထားအံ့, ထိုသူ့အပေါ်၌ မေတ္တာစိတ်ပျံ့နှံ့နေအံ့ † ဟု သင်တို့, လေ့လာ ကျင့်ဆောင်အပ်၏၊ ရဟန်းတို့, ဥပမာအားဖြင့် သူတယောက်သည် ပေါက်တူးနှင့် ခြင်းတောင်းကို ယူဆောင်ခဲ့၍ လာရာ၏၊ ၎င်းက ဤမြေကြီးကို မြေကြီးမဟုတ်အောင် ပြုလုပ်မည်ဆို၍ ထိုထိုနေရာ၌ မြေမဖြစ်လင့် မြေမဖြစ်လင့် ဟု ဆိုကာ တူးဗြားအံ့, ဆွဗြားအံ့, တံတွေးထွေးအံ့, သေးပန်းအံ့၊ ရဟန်းတို့, သင်တို့ မည်သို့ထင်ကုန်သနည်း ?၊ ထိုသူသည် ဤမြေကို မြေမဖြစ်အောင် ပြုလုပ်နိုင်ရာအံ့လော ?၊ "မလုပ်နိုင်ပါဘုရား"၊ အို ရဟန်းတို့, အဘဲ့ကြောင့်နည်း ?၊ အို မြတ်စွာဘုရား, ဤမြေကြီးသည် အလွန်ကျယ်ဝန်း၍ မနိုင်းသှဉ်နိုင်ကြီးမာရကား ၎င်းကို မြေမဟုတ်အောင် ပြုလုပ်ရန် မလွယ်ကူလှပေ၊ စင်စစ်မှာ ထိုသူ့ပင်ပန်းကာမျှ, ဆင်းရဲးကာမျှ အကျိုးရှိလေရာ၏၊ ဤအတူပင် ရဟန်းတို့, စကားလမ်းကြောင်း ငါးမျိုးတို့တွင် မည်သည့်စကားမျိုးဖြင့်ပင် သင်တို့ကို သူတပါးတို့က ဆိုပြောလာစေကုန်၊ သင်တို့သည် ထိုနေရာ၌ ငါ့စိတ်ထား မဖေါက်ပြန်လတ္တံ့, ထိုသူ့အကျိုးစီးပွါးကို လိုလား၍နေအံ့, မေတ္တာစိတ်ထားအံ့, စိတ်ဆိုးစိတ်ဝါး မထားအံ့, မြေကြီးနှင့်တူစွာ ဖြစ်အံ့ ဟု ကျင့်ဆောင်အပ်၏။

ရဟန်းတို့, ဥပမာအားဖြင့် သူတယောက်သည် ချိပ်ရည်ကိုဖြစ်စေ, နနွင်းရည်ကိုဖြစ်စေ, ဆေးညိုကိုဖြစ်စေ, ဆေးမောင်းကိုဖြစ်စေ ယူဆောင်ခဲ့ကာ ငါသည် ဤကောင်းကင်ပြင်ကို အရုပ်ရေးမည်, အရုပ်ထင်စေမည် ဟု ဆိုရာ၏၊ ရဟန်းတို့, မည်သို့ ထင်မှတ်ကုန်သနည်း ?၊ ထိုသူသည် ကောင်းကင်ပြင်ကို အရုပ်ရေးနိုင်မည်လော ? အရုပ်ထင်စေနိုင်မည်လော ?၊ "မရေးနိုင်, မထင်စေနိုင်ပါဘုရား" အဘဲ့ကြောင့်နည်း ? ရဟန်းတို့, အို မြတ်စွာဘုရား, ဤကောင်းကင်ကား အဆင်း အသွင်မရှိ, မထင်မမြင်ရသောအရာသာ ဖြစ်ပါသည်၊ ထိုသို့သော ကောင်းကင်ပြင်၌ အရုပ်ရေးရန်, အရုပ်ထင်စေရန် မလွယ်ကူပေ၊ စင်စစ်မှာ ထိုသူ ပင်ပန်းကာမျှ, ဆင်းရဲးကာမျှ အကျိုးရှိရပေါ်မည်၊ ဤအတူပင် ရဟန်းတို့, စကားလမ်းကြောင်း ငါးမျိုးအနက် မည်သည့် စကားမျိုးဖြင့်ပင် သူတပါးတို့က သင်တို့အပေါ်၌ ဆိုလာစေကုန်

---

† ဤနေရာ၌ ပိုလွန်သောစကား နှစ်ကြောင်းခန့်ကို ချန်ထားခဲ့သည်။

သင်တို့သည်ထို့သူ့အပေါ်၌ ငါတို့စိတ်ထား မဖေါက်ပြန်လတ္တံ့ ထိုသူ၏ အကျိုးစီးပွါးကိုလိုလား၍ နေအံ့ ,မေတ္တာစိတ်ထားအံ့ , စိတ်ဆိုးစိတ်ဝါးမထားအံ့, ကောင်းကင်နှင့်တူစွာ စိတ်ထားအံ့ ဟု လေ့လာ ကျင့်ဆောင်အပ်၏၊ အို ရဟန်းတို့, ဥပမာအားဖြင့် သူတယောက်သည် ရဲရဲပြောင်ပြောင် တောက်လောင်သော မြက်မီးရှူးကို ယူဆောင်လာ၍ ငါသည် ဤသည့် ရဲရဲပြောင်ပြောင် တောက်လောင်သော မြက်မီးရှူးဖြင့် ဤဂင်္ဂါမြစ်ရေတွေကို ပူစေအံ့ , လောင်ကျွမ်း စေအံ့ ဟု ဆိုရာ၏၊ သင်တို့ မည်သို့ ထင်မှတ်ကုန်သနည်း ?၊ ရဟန်းတို့ ထိုသူသည် ရဲရဲပြောင်ပြောင် တောက်လောင်သော မြက်မီးရှူးဖြင့် ဤဂင်္ဂါမြစ်ရေတွေကို ပူစေနိုင်အံ့လော ?၊ လောင်ကျွမ်းစေနိုင်အံ့လော ?၊ " မပူစေနိုင် , မလောင် ကျွမ်းစေ နိုင်ပါဘုရား၊ " အဘယ့်ကြောင့်နည်း ? ရဟန်းတို့၊ အို မြတ်စွာဘုရား- ဤဂင်္ဂါမြစ်သည် နက်ရှိုင်းရှည်လျားလှ၍ အတိုင်းမရှိဖြစ်ပါသည်၊ ထိုကြောင့်၎င်းကို ပူပန်စေရန် ,လောင်ကျွမ်းစေရန် မလွယ်ကူပါ၊ စင်စစ်မှာ ထိုသူ ပင်ပန်းကာမျှ , ဆင်းရဲကာမျှ အကျိုးရှိရာပါမည်။

အို ရဟန်းတို့ , ဤ အဘူပင် စကားဆိုရိုး လမ်းကြောင်း ငါးမျိုး တို့တွင် မည်သည့် စကားမျိုးဖြင့်ဖင် သူတပါးတို့က သင်တို့အပေါ်၌ ဆိုလာစေကုန် သင်တို့သည် ထိုသူ့အပေါ်၌ စိတ်ထား မဖေါက်ပြန်ကြရကုန်၊ ထိုသူ့ အကျိုးစီးပွါးကို လိုလား နေထိုင်ကြရကုန်မည် , မေတ္တာစိတ်ထားကြရကုန်မည် , စိတ်ဆိုးစိတ်ဝါး မထားကြရကုန်၊ ဂင်္ဂါမြစ်နှင့် တူစွာသော မေတ္တာစိတ်ကို ထားကြရကုန်မည်၊ အို ရဟန်းတို့ , ဥပမာအားဖြင့် ကောင်းကောင်း ဖိနှိပ်ကြိတ်ခြေ၍ ထားအပ်သော ကြောင်ရေ မည်သည် ရှိ၏၊ ၎င်းသည် နူးညံ့ ပြော့ပြောင်း၍ လဲ့နှင့်တူသော အသွင်ရှိ၏၊ အသံမထွက်နိုင် , ဘြမ်းဘြမ်း မမြည်နိုင်၊ ထိုအခြေအနေရှိ ကြောင်ရေ၌ သူတယောက်က တုတ်ချောင်းကိုဖြစ်စေ, အိုးကင်းကိုဖြစ်စေ ယူဆောင်လာ၍ ဤသည့် နူးညံ့ပြော့ပြောင်းစွာလျက် ကောင်းကောင်း ဖိနှိပ်ပွတ်ခြေထားပြီး ကြောင်ရေကို အသံဖြစ်စေမည် , အသံထွက်စေမည် , ဘြမ်းဘြမ်း မြည်စေမည် ဟု ဆိုအံ့၊ ရဟန်းတို့ , သင်တို့မည်သို့ ထင်မှတ် ကုန်သနည်း ?၊ ထိုသူသည် ထိုကြောင်ရေကို အသံဖြစ်အောင် ပြုလုပ်နိုင်မည်လော ?၊ ဘြမ်းဘြမ်း မြည်စေနိုင်မည်လော ? "အသံမြည်အောင် မလုပ်နိုင်ပါဘုရား" အဘယ့်ကြောင့်နည်း ? ရဟန်းတို့၊ အို မြတ်စွာဘုရား, ဤမည်သော ကြောင်ရေမှာ ကောင်းကောင်း ဖိနှိပ် ပွတ်ခြေထားသဖြင့် လဲ့နှင့်တူစွာ နူးညံ့ပြော့ပြောင်းလျက် ရှိပါသည်, ၎င်းကို အသံဖြစ်အောင်လုပ်ရန် , ဘြမ်းဘြမ်းမြည်စေရန် မလွယ်ကူပါ၊ စင်စစ်မှာ ထိုသူ ပင်ပန်းကာမျှ , ဆင်းရဲကာမျှ အကျိုးရှိရာပါမည်၊ ရဟန်းတို့ , ဤ အထူပင် စကားပြောဆိုရိုး လမ်းကြောင်း ငါးမျိုးတို့တွင် မည်သည့် အစားရှိ စကားမျိုးဖြင့်ပင်

သူတပါးတို့က သင်တို့ကိုဆို လာစေကုန်, သင်တို့သည် ထိုသူ့အပေါ်၌ စိတ်ထား မဖောက်ပြားကြ ရကုန်, ထိုသူ့ အကျိုးစီးပွါးကို လိုလား၍ နေကြရကုန်မည်, မေတ္တာစိတ် ထားကြရကုန်မည်, စိတ်နိုးစိတ်ငါး မထားကြရကုန်, ဖိနှိပ်ပွတ်ခြေပြီး ကြောင်ရေနှင့်တူစွာ စိတ်ထား ပြုကြရကုန်မည်။

အို ရဟန်းတို့, အပြစ်ကိုသာ ရှာဖွေတတ်ကုန်သော ခိုးသား ဒါးမြတို့က အံရိုးနှစ်ဖက် တပ်ထား၍ ထက်လှစွာသော လွှဖြင့် သင်တို့၏ ကိုယ်အင်္ဂါကြီးငယ်ကို တိုက်ဖြတ်ကုန်ရာ၏၊ ထိုသူတို့အပေါ်၌ပင် သင်တို့စိတ်ထား ပြစ်မှားခဲ့သော် ငါဘုရား၏ အဆုံးအမကို လိုက်နာသူမဟုတ်ချေ၊ ရဟန်းတို့, သင်တို့သည် ထိုသို့သော အရာ၌ ပင်လည်း ငါ၏စိတ်သည်မဖောက်ပြန်လတ္တံ့ ယုတ်ညံ့သောစကားကို မမြွက်ကြားအံ့, ထိုသူတို့ အကျိုးစီးပွါးကို လိုလား၍နေအံ့, မေတ္တာစိတ်ထားအံ့, စိတ်နိုးစိတ်ငါး မထားအံ့,ထိုသူတို့အပေါ်၌ မေတ္တာ စိတ်ကိုပျံ့နှံ့နေအံ့ ဤသို့ သင်တို့ လေ့လာ ဖြည့်ကျင့်အပ်၏၊ ရဟန်းတို့, သင်တို့သည် ဤလွှသွားဥပမာ ဩဝါဒကို အစဉ် မပြတ် နှလုံးထားကြကုန်၊ ရဟန်းတို့, သင်တို့သည် စကားသေးသေးငယ်ငယ် ဖြစ်စေ, ကြီးကြီးကျယ်ကျယ်ဖြစ်စေ သင်တို့ သည်းမခံရမည့် စကားကြောင်းကို မြင်ကြသေးကုန်သလော?၊ "မမြင်ပါကုန်ဘုရား"၊ ထို့ကြောင့် ရဟန်းတို့, သင်တို့သည် ဤသည့် လွှသွားဩဝါဒကို မပြတ် နှလုံးသွင်းကြကုန်၊ သင်တို့အတွက် ရှည်မြင့်စွာ အကျိုးများရန်, ချမ်းသာရန် ဖြစ်လိမ့်မည်ဟု ဆုံးမ ညွှန်ကြားတော်မူရာ-ထိုရဟန်းတို့ နှစ်သိမ့်ကုန်ပြီ၊ ဤသို့ ကြားနာ မှတ်သားရပါသည်။

ကကစူပမ သုတ္တန် ပြီး၏။

# ၂၇ အလဂဒ္ဒူပမ သုတ္တန်

အကျွန်ုပ်သည် ဘုရားရှင်အထံတော်မှ ဤသို့ ကြားနာ မှတ်သားခဲ့ပါသည်၊ ဘုရားရှင် သာဝတ္ထိမြို့တော် အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံး နေထိုင်တော်မူသောအခါ အရှင်အရိဋ္ဌမည်သော ရဟန်းမှာ မဂ်ဖိုလ်အန္တရာယ်ဟု ဘုရားဟောညွှန်ချက် တရားတို့သည် လွန်ကြူးပြုကျင့်သူအား အန္တရာယ်မပြုနိုင်ကုန် ဟု ယုတ်ညံ့ ဆိုးဝါးသော အယူရှိလေပြီ၊ † ၎င်းကို အကြောင်းပြု၍ ဤ အလဂဒ္ဒူပမသုတ္တန်ကို ဟောတော်မူလေပြီ။

ရဟန်းတို့ , ဤသာသနာတော်ဝင် အချည်းနှီး ရဟန်း အချို့တို့သည် တရားတော်ကိုသင်ယူကြကုန်သည်၊ ၎င်းတို့သည် ထိုတရားတော်ကို သင်ယူကုန်၍ ထိုတရား၏အနက်အဓိပ္ပါယ်ကို ဉာဏ်ပညာဖြင့် မစူးစား မချိန်ဆကြကုန်၊ ထိုသို့ဖြစ်၍ ထိုတရားတို့သည် ဉာဏ်ဖြင့် စိမ့်စိမ့် ကြည့်ရှုရန် မခန့်ကြကုန်၊ ၎င်းတို့သည် ထိုတရားကို သင်ယူသဖြင့် စွပ်စွဲးကာမျှ အကျိုးရှိကုန်၏၊ ဤသို့အားဖြင့် တရားမသိ ဟူသော စွပ်စွဲခံရခြင်းမှ လွတ်ရုံ အကျိုးရှိကုန်၏၊ စင်စစ်မူကား မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရေး ဘဝဆင်းရဲ ကုန်ဆုံးရေး အလို့ငှါ သင်ယူသော တရားတော်၏ လိုရင်းအကျိုးကိုကား မခံစားကြရကုန်၊ အမှန်မှာ ထိုတရားအတွက် ရှည်လျား ကြာမြင့်စွာ စီးပွါးမဲ့ဖို့ , ဆင်းရဲချဖို့သာ ဖြစ်ကုန်၏၊ ထိုသို့ ဖြစ်ရသည်မှာ အဘယ့်ကြောင့်နည်း ? ရဟန်းတို့ , တရားတော်ကို ကောင်းစွာ မသင်ကြား မနာယူသောကြောင့်တည်း။

ရဟန်းတို့ , ဥပမာအားဖြင့် မြွေကို အလိုရှိ၍ မြွေကို ရှာဖွေသော ယောကျ်ားသည် ကြီးစွာသော မြွေကြီးကို တွေ့မြင်၍ ၎င်းကို မြွေကိုယ်၌သော်၎င်း အမြီး၌သော်၎င်း ကိုင်ဖမ်းလေရာ၏၊ ထိုမြွေသည် ထိုယောကျ်ားအား ပြန်လည်၍ လက်ကိုဖြစ်စေ , လက်ရုံးကိုဖြစ်စေ, ကိုယ်အင်္ဂါ တခုခုကိုဖြစ်စေ ကိုက်လေရာ၏၊ ၎င်းအတွက် ထိုယောကျ်ားမှာ သေသည်အထိ၎င်း သေလောက်သော ဆင်းရဲအထိ၎င်း ဖြစ်ပွါးလေရာ၏၊ ထိုသို့ဖြစ်ရခြင်းမှာ အဘယ့်ကြောင့်နည်း ? ရဟန်းတို့ , မြွေကို မကောင်း

---

† ဤနေရာ ပါဠိတော်အရပ်ရပ်တွင် ရှေ့နောက် စကား အစပ်အဆက် နေရာမကျသော အရိဋ္ဌ ဩဝါဒများပါရှိနေ၏၊ စကားနှစ်မျက်နှာခန့်ကို ချန်လှပ်ထားခဲ့သည်၊

ဆိုးဝါးစွာကိုင်ဖမ်းမှုကြောင့် ဖြစ်လေသည်၊ ဤအတူပင် ရဟန်းတို့, ဤသာသာနာတော်ဝင်အချည်းနှီး ရဟန်းအချို့တို့သည် တရားတော်ကို သင်ယူကုန်ကာ, ၎င်း၏ အနက်အဓိပ္ပါယ်ကို ဉာဏ်ပညာဖြင့် စုံစမ်းစစ်ဆေးကြည့်ရှု မပြုကြကုန်သဖြင့် ၎င်းတို့၏ အနက် အဓိပ္ပါယ်ကို မသိနိုင်ကြ ကုန်ပဲ တရားတော်ကို စွပ်စွဲကာမျှ ဖြစ်ကြကုန်၏၊ တရားတော် ညွှန်ပြသော မဂ်လမ်း ဖိုလ်လမ်း ဆင်းရဲချုပ်ငြိမ်းခြင်းသို့ မရောက်ဆိုက်ကြကုန်၊ အိုရဟန်းတို့ , ဤသာသနာတော်ဝင် အချို့ရဟန်းတို့ကား တရားတော်ကို သင်ယူကုန်၍ ၎င်း၏ အနက်အဓိပ္ပါယ်ကို ဉာဏ်ပညာဖြင့် ရှုစား ဆင်ခြင်ကုန်၏၊ ထိုသို့ ဖြစ်ရကား ထိုရဟန်းတို့သည် ထိုတရားတော်၏ အနက် အဓိပ္ပါယ်ကို ဆင်ခြင်ဉာဏ်ဖြင့် အမှန်သိကုန်၏၊ ၎င်းတို့ကား တရားတော်ကို မစွပ်စွဲကြကုန်၊ တရားတော်ကို မသင်ယူပလေဟု စွပ်စွဲလွတ်ကာမျှ အကျိုးရသည်လည်း မဟုတ်ကုန်၊ စင်စစ်မူကား သင်ယူသောတရားဖြင့် မဂ်ဖိုလ် နိဗ္ဗာန် အကျိုးကို ခံစားကြရကုန်၏၊ တရားတော်၏ အနက်အဓိပ္ပါယ်ကို ဉာဏ်ဖြင့် ကောင်းစွာ ယူဆသောကြောင့် ရှည်ကြာစွာလှသော ကာလပတ်လုံး စီးပွါးဖြစ်ဖို့ , ချမ်းသာများဖို့ အကျိုးရှိလေသည်၊

ရဟန်းတို့, ထိုသို့ ဖြစ်ရသည်မှာ အဘယ့်ကြောင့်နည်း ?၊ တရားတော်ကို ကောင်းစွာ သင်ကြားနာယူသောကြောင့် ဖြစ်လေသည်၊ ရဟန်းတို့, ဥပမာအားဖြင့် မြွေဖမ်းယောကျ်ားသည် မြွေကို တွေ့မြင်ရသော် ဆိတ်ခွါတုတ်ခွဖြင့် ကောင်းစွာဖိနှိပ်၍ လည်ပင်း၌ ကိုင်ဖမ်းလေရာ ထိုမြွေသည် ထိုယောကျ်ားကို မြွေကိုယ်ဖြင့် ထိုထို ကိုယ်အင်္ဂါသို့ ပတ်ရစ်စေကာ , ၎င်းအတွက် ဘေးဥပဒ် တစုံတရာ မဖြစ်ပွါးရချေ၊ ထိုသို့ဖြစ်ရသည်မှာ မြွေကို ကောင်းစွာ ဖမ်းယူသောကြောင့် ဖြစ်လေသည်၊ ရဟန်းတို့ , ထို့အတူပင် ဤသာသနာတော်ဝင် တရားတော်ကိုသင်ယူသော ရဟန်းအချို့တို့သည် ကောင်းစွာ သင်ယူသဖြင့် တရားတော်၏ အနက်အဓိပ္ပါယ်ကို ဉာဏ်ဖြင့် ထိုးထွင်း သိမြင်နိုင်ကုန်၏၊ ၎င်းတို့သည်တရားတော် ညွှန်ကြားချက် မဂ်လမ်း ဖိုလ်လမ်းအထိ သိမြင်ကုန်၍ ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးရေးဖြစ်ဖို့ ချမ်းသာဖို့ ဖြစ်ကုန်၏၊ အကြောင်းကား ထိုရဟန်းဘို့သည် တရားတော်ကို ဉာဏ်ပညာဖြင့် ကောင်းစွာ ဆင်ခြင် သင်ယူကြကုန်သတည်း၊ ထို့ကြောင့် ရဟန်းတို့, ငါ့တရားတော်၏ အနက်အဓိပ္ပါယ်ကိုသိလျှင် သိတိုင်း မှတ်သားကြကုန်၊ မသိလျှင် ငါဘုရားကိုသော်၎င်း, ဉာဏ်ပညာရှိ လိမ္မာသူဘိုကိုသော်၎င်း မေးမြန်းကြကုန် ဟု ဟောတော်မူရာ- ရဟန်းတို့ နှစ်သိမ့်ကုန်ပြီ၊ ဤသို့ ကြားနာမှတ်သားရပါသည်၊

**အလဂဒ္ဒူပမ သုတ္တန် ပြီး၏။**

# ၂၇။ ကုလ္လူပမ သုတ္တန်

တရံအခါ ဘုရားရှင် သာဝတ္ထိပြည်တော်ကို ဆွမ်းခံ၍ပြုလုပ်၍ အနာထပိဏ် သေဋ္ဌေးကြီး ဆောက်လုပ် လှူဒါန်းသော ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူစဉ်အခါ၊ ကုလ္လူပမ သုတ္တန်ကို ဘုရားရှင် အဋ္ဌာန်တော်မှ အကျွန်ုပ် ဤသို့ ကြားနာ မှတ်သားရပါသည်။— ထိုစဉ်အခါ ဘုရားရှင်သည် တရား သဘင်ရှိ ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့, သင်တို့အား † ဖေါင် ဥပမာ တရားကို ဟောကြားအံ့၊ ထွက်မြောက်ဖို့သာ စွဲယူဖို့ မဟုတ်ချေ၊ ၎င်းကို နားထောင် နာယူကြ, ကောင်းစွာ နှလုံးသွင်းကြကုန်, ဟောညွှန်အံ့၊ "ကောင်းလှပါပြီ မြတ်စွာ ဘုရား"၊ ရဟန်းတို့, ဥပမာအားဖြင့် ယောကျ်ားတယောက်သည် ရှည်လျား သော ခရီးသို့ ထွက်သွားလေရာ ၎င်းသည် တခုသောနေရာတွင် ကျယ်ပြန့် ပြန့်ပြော လှသော ပင်လယ်ကြီးကို တွေ့မြင်ရလေ၏၊ ၎င်း၏ ဤမှာဖက်ကမ်းမှာ ရွံ့ရှား ကြောက်လန့်ဖွယ် ဘေးဥပဒ်ရှိ၏၊ ထိုမှာဖက်ကမ်း၌မူကား ဘေးဥပဒ် ကင်း၏၊ အေးချမ်းသာယာ၏၊ ထိုမှာဖက်သို့ ကူးခပ်သွားရောက်ရန် ဆောင်ယူမည့် လှေလည်း မရှိ, တံတားလည်းမရှိ ဖြစ်လေသတတ်၊ ထိုသူက ငါသည် မြက် ထင်း၊ သစ်ခက် သစ်ရွက်တို့ကို စုံးစု ဖေါင်ဖွဲ့ပြီးလျှင်၊ ထိုဖေါင်ထက် တက်စီးကာ မိမိ လက်ခြေများ ဖြင့် အားစိုက်ကူးခပ် သွားရောက် လေရာ ဘေးရန် ကင်းစွာပင် ထိုမှာဖက်ကမ်း သို့ ကပ်ရောက်လေ၏။ ထိုမှာဖက်ကမ်းသို့ တက်ရောက်မိသော် ထိုသူက "ဤဖေါင်သည် ငါ့အား ကျေးဇူးများလှ၏၊ ထို့ကြောင့် ထိုဖေါင်ကို ဦးခေါင်းဖြင့်, သို့မဟုတ် ပခုံးဖြင့် ထမ်းဆောင်၍ အလိုရှိရာသို့ သွားအံ့" ဟု ကြံစည်လေရာ၏။

ရဟန်းတို့, သင်တို့ မည်သို့ မှတ်ထင်ကုန်သနည်း? ထိုယောကျ်ား၏ ထိုသို့ ပြုလုပ်ခြင်းမှာ ဖေါင်၌ ပြုလုပ်ဖွယ်ကိစ္စကို ပြုလုပ်သည်မည် ပါသလော? "မမည်ပါ ဘုရား"၊ ရဟန်းတို့, မည်သို့ပြုလုပ်သော် ဖေါင်၌ ပြုလုပ်ဖွယ်ကို ပြုလုပ်သည် မည် သနည်း? ရဟန်းတို့, ထိုယောကျ်ားသည် ထိုမှာဖက်ကမ်းသို့ တက်ရောက် မိသော် ဤဖေါင်သည် ငါ့အား ကျေးဇူးများလှ၏၊ ဤဖေါင်ကိုမှီ၍ ငါ၏ လက်ခြေ

---

† ဤစကားများကို ထောက်ထား၍ ဤသုတ္တန်မှာ အလဂဒ္ဒူပမသုတ္တန်နှင့် မဆက်စပ်ကြောင်း, သီးသန့်ပင်ဖြစ်ကြောင်း သိသာ၏။ ထို့ကြောင့် သီးသန့် တသုတ် ပြုလုပ်ထား၏၊ ပိဋကဆောင်တို့ သုတ်စဉ် နေရာမကျကြောင်း သိရန်။

များဖြင့် အားဒိုက်ကူးခပ်ကာ, ဤမှာဖက်ကမ်းသို့ ရောက်ခဲ့၏၊ ဘေးဥပဒ္ဒ လွတ်ကင်းခဲ့၏၊ ငါသည် ဤဖေါင်ကို ကုန်း၌ဆွဲယူတင်၍ သော်၎င်း, ရေ၌မျှောခဲ့၍ သော်၎င်း, လိုရာသို့သွားအံ့ ဟု ကြံစည် ပြုလုပ်သော်သာ ဖေါင်၌ ပြုလုပ်ဘွယ်ကိစ္စကို ပြုလုပ်သည်မည်ရာ၏၊ ဤ့အတူပင် ရဟန်းတို့ ,ငါဘုရားသည် ဖေါင်ဥပမာတရားတော်ကို ဟောတော်မူ၏၊ ထွက်မြောက်မှုသာ ဖြစ်သည် စွဲးယူမှု မဟုတ်ချေ၊ ရဟန်းတို့, ဖေါင်ဥပမာတရားကို သိရသော သင်တို့သည် တရားတို့ကိုပင် စွန့်ပယ်ကြရကုန်မည်, မတရားကိုကား ဆိုဖွယ်ခရှိကုန်၊၊

† ရဟန်းတို့, အယူအစွဲး ဖြစ်ကြောင်းတို့ကား ဤခြောက်မျိုးတို့တည်း၊ ရဟန်းတို့, ဤလောက၌ သူစင်သူမြတ်တို့ကို မဖူးမြင်ရ၍ အကြား အမြင် ဉာဏ်ပညာကင်းမဲ့လျက် သူစင် သူမြတ်တို့၏ တရား၌ မလိမ်မာသဖြင့် သူစင် သူမြတ်တို့၏ တရား၌ ဆုံးမ ယဉ်ကျေးပြီး မဟုတ်သော ပုထုဇ္ဇန်သည် ရုပ်ကို "ဤရုပ်သည် ငါ့ဟာ, ဤသည်ပင် ငါတည်း, ဤသည်ကား ငါ၏ကိုယ်" ဟု ကြည့်ရှု၏၊ ခံစားခြင်း ဝေဒနာကို, အမှတ်သညာကို, ...... ပြုပြင်စီမံခြင်းတို့ကို "ဤသည်ကား ငါ့ဟာ, ငါပင်တည်း, ငါ၏ကိုယ်" ဟု ကြည့်ရှု၏၊ မြင်အပ်, ကြားအပ်, နံအပ်, သာယာအပ်, တွေ့ထိအပ်, ရအပ်, ရှာမှီးအပ်, စိတ်ဖြင့်ကြံစည်အပ်သည်ကို 'ဤသည်ကား ငါ့ဟာ, ငါ, ငါ့ကိုယ်,, ဟု ရှုကြည့်၏၊ ဤသည်ကား လောကတည်း, ဤသည်ကား ကိုယ်တည်း, ပုဂ္ဂိုလ်, သူ, ငါ, မိန်းမ, ယောကျ်ားတည်း၊ ၎င်းကား ခံစားအပ်ရာတည်း, ၎င်းသည် မြဲးစွဲး၏, မရွေ့မရှား, ခိုင်ခံ့၏, မပျက်ပြား, မြဲမြံသကဲ့သို့ တည်နေ၏၊ "ဤအရာသည်ပင်လျှင် ငါ့ဟာ ငါ၏ကိုယ် ဟု ရှုကြည့်၏, ဆင်ခြင်၏ထင်မှတ်၏, စွဲးယူ၏"။

ရဟန်းတို့, သူစင် သူမြတ် တို့ကို ဖူးမြင်ရ၍ အကြားအမြင် ဉာဏ်ပညာရှိ, သူစင်သူမြတ်တို့၏ တရား၌ လိမ်မာ၍ သူစင်သူမြတ်တို့၏ တရား၌ ဆုံးမယဉ်ကျေးပြီး ဘုရား၏ တပည့်တော်သည်ကား ထိုအားလုံးကိုပင် "ငါ့ဟာ, ငါ, ငါ့ကိုယ် ဟု မရှုကြည့်၊ ငါ့ဟာမဟုတ်, ငါမဟုတ်, ငါ၏ကိုယ်မဟုတ်" ဟု ရှုကြည့်၏၊ ဤသို့ ရှုကြည့်ဆင်ခြင်လျက်, တစုံတရာကိုမျှ မတသ်မက်ချေ၊ ဤသို့ ဟောတော်မူရာ, ရဟန်းတဦးက ဤသို့လျှောက်ထားလေပြီ၊ အို မြတ်စွာဘုရား, အပြင်ပ၌ တစုံတရာ မရှိခဲ့သော်- တသ်မက်ခြင်းဖြစ်ရာပါသလော? "ဖြစ်ရာ၏ ရဟန်း" အို ရဟန်း, ဤလောက၌ အချို့သူက "ငါ့မှာ ဖြစ်ပြီးသော ဤအရာသည် မရှိခဲ့, ငါ့မှာ ဖြစ်ပေါ်မည့်အရာကို မရရှိခဲ့" ဟု တသ်မက်ခြင်းဖြစ်၏၊ ၎င်းအတွက် ထိုသူသည်

---

† ဤမှ နောက် တရားတမျိုးတည်း၊ ဤစကားကို မြင်သဖြင့် သီဟိုဠ်ပိဋကဆောင်တို့ စပ်ဆက်ထားပုံကိုသိသင့်၏၊

စိုးရိမ်၏, ပူပန်၏, ငိုကြွေး၏, ရင်ခတ်လက်တီး မြည်တမ်း၏, တွေဝေ မိန်းမော၏၊ ဤသို့အားဖြင့် အပြင်ပ၌ တစုံတရာမရှိပဲ တသ်မက်ခြင်းဖြစ်၏၊ "အရှင်ဘုရား, အပြင်ပ၌ တစုံတရာ မရှိခဲ့သော် မတသ် မမက် ဖြစ်ရာပါသလော? "ဖြစ်ရာ၏ ရဟန်း" ဒို့ ရဟန်း, အချို့က ငါ့မှာ ဖြစ်ပြီးအရာသည်မရှိခဲ့' ဖြစ်ရမည့်အရာကို မရခဲ့ဟု တသ်မက်ခြင်း မဖြစ်ခဲ့ပချေ၊ ၎င်းသည် မစိုးရိမ် မပူပန်, မငိုကြွေး, ရင်ခတ်လက်တီး မမြည်တမ်း, မတွေဝေ မမိန်းမောချေ၊ ဤသို့ မတသ်မမက်ခြင်း ဖြစ်ရာ၏။

ဒို့ မြတ်စွာဘုရား, အတွင်း၌ တစုံတရာမရှိခဲ့သော် တသ်မက်ခြင်း ဖြစ်ရာပါသလော?၊ "ဖြစ်ရာ၏ ရဟန်း" ဒို့ ရဟန်း, အချို့က ဤသည်ပင် လောက, ဤသည်ပင်ကိုယ်, ပုဂ္ဂိုလ်, သူ, ငါ, မိန်းမ, ယောကျ်ား, ၎င်းသည် ခံစားအပ်ရာတည်း၊ မြဲစွဲ၏, ပြောင်းလွဲမရှိ, တည်တန့်၏ မပျက်စီး, မြဲသကဲ့သို့တည်နေ၏၊ ဤသို့ အယူအစွဲရှိ၏၊ ၎င်းသည် အားလုံး အယူအစွဲ၏ ဖြစ်ပွါးရာ, တည်ရာ, ထကြွခြင်း, စွဲယူခြင်း, ကိန်းနေခြင်းတို့ကို ပယ်ဖျောက်ရန် အလို့ငှါ၎င်း, အားလုံးသော ပြုပြင်မှုတို့ ငြိမ်းအေးခြင်း အလို့ငှါ၎င်း, အားလုံးသော ကိုယ်အစုကို စွန့်လွှတ်ရန်အလို့ငှါ၎င်း, တသ်မက်ခြင်းကုန်ခန်းရေး အလို့ငှါ၎င်း, တပ်စွန်းကင်းရန် အလို့ငှါ၎င်း, လက်စသက် ချုပ်ငြိမ်းရန် အလို့ငှါ၎င်း, လောကမီး အေးငြိမ်းရန် အလို့ငှါ၎င်း, ဘုရားကဖြစ်စေ, ဘုရား၏တပည့်တော်ကဖြစ်စေ, ဟောညွှန်သည်ကို ကြားသိရသော် "ဒို့ ပြတ်ရအံ့မည်တကား, ပျက်ရအံ့မည်တကား, မဖြစ်ပွါးရတော့အံ့တကား" ဟု စိတ်၌ဖြစ်ပေါ်လေသည်၊ ၎င်းသည် စိုးရိမ် ပူဆွေး ငိုကြွေး မြည်တမ်း၏, တွေဝေ မိန်းမော၏၊ ဤသို့ အတွင်း၌ တစုံတရာမရှိသော် မရှိပဲလျက်ပင် တသ်မက်ခြင်းဖြစ်၏၊ အရှင်ဘုရား, အတွင်း၌ တစုံတရာ မရှိခဲ့သော် မတသ်မမက် ဖြစ်ရပါသလော?၊ "ဖြစ်ရာ၏ ရဟန်း" ဒို့ရဟန်း, အချို့က ဤသည်ကား လောက, ဤသည်ကား ကိုယ်, ပုဂ္ဂိုလ်, သူ, ငါ, မိန်းမ ယောကျ်ား" ဟု မစွဲး၊ ခံစားအပ်ရာဖြစ်၏, မြဲစွဲ၏, စသည်မစွဲး၊ ဘုရားဖြစ်စေ, ဘုရားတပည့်တော် ဖြစ်စေ, ဤ လောကဆင်းရဲ ကုန်ဆုံးရေး, လောကမီး ငြိမ်းရေး တရားဟောကြားသည်ကို, ကြားသိရသော် ပြတ်ရတော့မည်, ပျက်ရတော့မည်စသည် အယူအစွဲမရှိ၊ ၎င်းသည် စိုးရိမ်-ပူဆွေး-ငိုကြွေး-မြည်တမ်း-တွေဝေ မိန်းမောခြင်းမဖြစ်၊ ဤသို့ အတွင်း၌တစုံတရာ မရှိသော် မတသ်မက်ခြင်းဖြစ်ရာ၏ † ဟု ဟောတော်မူသည်ကို ထိုရဟန်း နှစ်သိမ့်လေပြီ၊ ဤသို့ ကြားနာ မှတ်သားရပါသည်။

## ကုလ္လူပမ သုတ္တန် ပြီး၏

† ဤမှ နောက် ဆက်လက်၍ ၎င်းနှင့် အလွန် မစပ်မဆက်လှ အနုသန္ဓေမဲ့ စကားများ ရှိသေး၏၊ ပိဋကဆောင် ရှေး သီဟိုဠ်ထေရ်တို့၏ တရားအမျိုးမျိုး ဖန်တီး စုဆောင်း ထားဟန် ရှိ၏၊ သို့သော်၎င်းများကား အခြား ထိုထိုသုတ္တန်တို့၌ ပါသောစကားတို့သာ ဖြစ်ကြ၏။

# ၂၉။ ဝမ္မိက သုတ္တန်

ဘုရားရှင် သာဝတ္ထိပြည်တော် အနာထပိဏ် သူဌေးကြီး ဆောက်လုပ်လှူဒါန်းသည့် ဇေတဝန် ဥယျာဉ်ကျောင်းတော်ကြီး၌ သီတင်းသုံးနေထိုင်တော်မူသောအခါ၊ ဤဆိုလတ္တံ့အတိုင်း အကျွန်ုပ် ကြားနာမှတ်သား ရပါသည်၊ ထိုစဉ်အခါ အရှင်ကုမာရကဿပထေရ်သည် အန္ဓဝန် တောအတွင်း သီတင်းသုံးနေထိုင်လေရာ၊ ၎င်းထံသို့ ညအခါတွင် နတ်သားတယောက် လာရောက်၍ ဤသို့ဆိုလေပြီ၊ အို ရဟန်း-ရဟန်း၊ ဤတောင်ပို့သည်ကား ညဉ့်၌အခိုးထ၏၊ နေ့၌ တောက်လောင်၏၊ "အိုပညာရှိ၊ တူးရွင်းကိုင်၍ တူးပါ" ဟု သူစင် ဆို၏၊ ပညာရှိက တူးရွင်းယူ၍ တူးသော် တံခါးကျည်ကို တွေ့လေပြီ၊ "အို အရှင် တံခါးကျည်" ဟု ဆိုလျှင်၊ သူစင်က "တံခါးကျည်ကို ထားပါ၊ တူးရွင်းယူ၍ တူးပါ" ဟု ဆိုပြီ၊ ပညာရှိ တူးလေသော် ပေါင်းပွသော ဖားကိုတွေ့၍ "အို အရှင် ဖားကြီး" ဟု ဆိုရာ၊ သူစင်က "ဖားကို ထားပါ၊ ဆက်၍ တူးပါ" ဟု ဆိုတိုင်း တူးပြန်ရာ၊ ခရီးနှစ်ခွကို တွေ့သဖြင့် "အို အရှင်၊ ခရီးနှစ်ခွကို တွေ့ရ၏" ဟု ဆိုသော် သူစင်က "အိုပညာရှိ ခရီးနှစ်ခွကို ထားပါ၊ ဆက်လက်၍ တူးပါ" ဟု ဆိုသကာလ၊ ပညာရှိ တူးပြန်ရာ၊ သားဆေးခွက်ကို တွေ့လျှင် "အို အရှင်၊ သားဆေးခွက်ကိုတွေ့ရ၏" ဟုဆိုက "အို ပညာရှိ၊ သားဆေးခွက်ကို ထားပါ၊ တူးမြဲ တူး၍သာ သွားပါ" ဟု သူစင် ဆိုလေပြီ၊ ပညာရှိ ဆက်လက် တူးပြန်သော် လိပ်ကိုတွေ့ရသဖြင့် "အို အရှင် လိပ်ကို တွေ့ရပါသည်" ဟု ပြော၍ သူစင်က "လိပ်ကိုထားပါ တူးသာ တူးသွား" ဟု ဆိုချက်အရ တူးပြန်လျှင်၊ စဉ်းတီတုံးကို တွေ့ပြန်လေသောကြောင့် "အို အရှင်၊ စဉ်းတီတုံးကို တွေ့၏" ဆိုသဖြင့် "အိုပညာရှိ၊ စဉ်းတီးတုံးကိုထားပါ ဆက်လက်၍သာ တူးသွား" ဟု သူစင်ဆိုသော် ပညာရှိ ဆက်လက်တူးရာ၊ အသားတုံးကို တွေ့ရပြန်၍ အိုအရှင်၊ အသားတုံးတွေ့၏" ဟု ဆိုလေပြီ။

သူစင်က "အို ပညာရှိ၊ အသားတုံးကို ဖယ်ထားပါ၊ တူးရွင်းယူ၍ တူးသာသွား" ဟု ဆိုတိုင်း ဆက်လက် တူးပြန်သော် နဂါးကြီးကို တွေ့ရကား "အိုအရှင် နဂါးကြီး တွေ့သည်" ဟု ပြန်ကြားသကာလ သူစင်က "အို ပညာရှိ၊ နဂါးနေစေ နဂါးကိုမ တို့လင့် နဂါးကိုရှိခိုး" ဟု ဆိုလျက် ဆက်လက်ပြောသည်ကား အို ရဟန်း ဤပြဿနာတို့ကို ဘုရားထံသွား၍ လျှောက်ထားလေ၊ ဘုရား အမိန့်အတိုင်း မှတ်သားကျင့်ဆောင်လေ" ဟု ဆိုလေ၍ ကွယ်ပျောက်လေပြီ။ အရှင်ကုမာရကဿပသည် ထိုညဉ့်လွန်မြောက်သော် ဘုရားရှင့်ထံသို့ လာရောက်၍ ဤစကားများကို ပြန်ကြားလေရာ ဘုရားရှင် ဖြေဆိုသည်ကား- အို ရဟန်း၊ တောင်ပို့ဟူသည် မဟာဘုတ်လေးပါး အခြေခံရှိ၍ အမိ အဖ နှစ်ဦးစပ် ဖြစ်ပွါးကာ ထမင်း မယော်ဖြင့် တိုးပွါးစေအပ်သည့် မမြဲခြင်း၊ ပုံးသွမ်းရခြင်း၊ နှိပ်နယ်ရခြင်း၊ ကွဲခြင်း၊ ပျက်စီးခြင်း သဘော

ရှိသော ဤကိုယ်၏ အမည်တည်း၊ ၎င်းသည်ကား နေ့အခါ အလုပ်ကိစ္စ အရပ်ရပ်ကို အားထုတ်လုပ်ကိုင်၍ ညဉ့်အခါ ကြံစည် စဉ်းစား၏၊ ဤကားညဉ့်၌အခိုးလွှတ်ခြင်းဖြစ်၏၊ ညဉ့်အခါ ကြံစည်စဉ်းစား၍ နေ့အခါ ကိုယ် နှုတ် နှလုံးဖြင့် အလုပ်လုပ်ကိုင်၏၊ ဤကား နေ့၌ တောက်လောင်ခြင်းဖြစ်၏၊ ဿုဏ်း ဟူသည်ကား အမှန်တရားကို အမှန်အားဖြင့် သိသော ပူဇော်ခံသခင် ဘုရားရှင်၏ အမည်တည်း၊ ပညာရှိဟူသည် ကျင့်ဆောင်ဆဲ သေက္ခ ပုဂ္ဂိုလ်၏ အမည်တည်း၊ တူးရွင်း ဟူသည် အရိယမဂ် ပညာဉာဏ်၏ အမည်တည်း၊ တူးဆွ ဟူသော အမည်သည် လုံ့လ အားထုတ်ခြင်း၏ အမည်တည်း၊ တံခါးကျည် ဟူသည် မသိတွေဝေ ခြင်း၏ အမည်တည်း၊ မသိတွေဝေခြင်းကို ပယ်ရှား၍ မဂ်ပညာ တူးရွင်းဖြင့် ကိုယ်တောင်ပို့ကို ပညာရှိ သေက္ခပုဂ္ဂိုလ် လုံ့လ ဝိုက်ထုတ် တူးဆွပါဟု အဓိပ္ပါယ်ဆိုလို၏။

ဖါး ဟူသည် အမျက် ထွက်ခြင်း, ကြောင့်ကြ ပူပန်ခြင်း၏ အမည်တည်း၊ "၎င်းများကို ဖယ်ရှား၍ အားထုတ်ပါ" ဟု ဆိုလို၏၊ ခရီးနှစ်ခွ ဟူသည် တရားတော်၌ ယုံမှား သံသယ ရှိခြင်း၏ အမည်တည်း၊ ယုံမှားကို ပယ်ရှား၍ အားထုတ်ပါ" ဟု ဆိုလို၏၊ သားဆေးရည်ခွက် ဟူသည် အလိုကာမ ဟူသော ပိတ်ဖုံးရေး, ဖျက်ဆီးလိုခြင်း ဟူသော ပိတ်ဖုံးရေး, ငိုက်မြည်း ပျင်းရိခြင်း ဟူသော ပိတ်ဖုံးရေး, ပျံ့လွင့်ခြင်း, အလို့လို့ရှိခြင်း ဟူသော ပိတ်ဖုံးရေး, ယုံမှားခြင်း ဟူသော ပိတ်ဖုံးရေး, ဤငါးမျိုးသော အပိတ်အဖုံး တရားတို့၏ အမည်တည်း၊ "အပိတ်အဖုံးတို့ကို ပယ်ရှားစွန့်ခွါ၍ တရားကို အားထုတ်ပါဟု ဆိုလို၏၊ "လိပ်ဟူသည် တဏှာစွဲလမ်းထားသော ရုပ်အစု, ခံစားခြင်းအစု, အမှတ်သညာအစု, ပြုပြင်ခြေးအစု, အသိစိတ်အစု ဟူသော ကိုယ်အစု ငါးမျိုး၏ အမည်တည်း၊ တဏှာစွဲလမ်းခြင်းရှိ ကိုယ်အစုငါးမျိုးကို စွန့်ပယ်၍ တရားကို အားထုတ်ပါ" ဟု ဆိုလို၏၊ စဉ်းတီတုံး ဟူသည် အလိုရှိအပ်, နှစ်သက် တဏှာအဝင်သော အဆင်း- အသံ- အနံ့- အရသာ- အတွေ့ ဟူသော ကာမဂုဏ် ငါးမျိုးတို့၏ အမည်တည်း၊ ကာမဂုဏ် ငါးမျိုးတို့ကို စွန့်ပယ် ခွါရှောင်၍ တရား၌ အားထုတ်ပါ" ဟု ဆိုလို၏၊ အိုရဟန်း, "အသားတုံး "ဟူသော အမည်သည်ကား နှစ်သက် တပ်စွန်းခြင်း၏ အမည်တည်း၊ "၎င်း နှစ်သက် တပ်စွန်းခြင်းကို ပယ်စွန့်၍ တရားကို အားထုတ်ပါ" ဟုအနက် အဓိပ္ပါယ် ဆိုလို၏၊ အိုရဟန်း, နဂါး ဟူသော အမည်သည်ကား လောက ပွါးစီးရေး ကုန်ခန်းပြီး ရဟန္တာ၏ အမည်တည်း၊ ရဟန္တာရှိစေ, ရဟန္တာကို မထိခိုက်လင့်, ရဟန္တာကို ရှိခိုးလော၊- ဤကား ၎င်းအနက် အဓိပ္ပါယ်တည်း။- ဤသို့ ဘုရားရှင် ဖြေရှင်း ဟောညွှန်တော်မူလေရာ အရှင်ကုမာရ ကဿပ နှစ်သိမ့်လေပြီ။ ဤသို့ ကြားနာ မှတ်သားရပါသည်။

ဝမ္မိက သုတ္တန် ပြီး၏။

## ၃၀။ ရထဝိနီတ သုတ္တန်

ဤနေရာ၌ ရထဝိနီတသုတ္တန် ဟူသော အမည်ဖြင့် ရှင်သာရိပုတ္တရာနှင့် ရှင်ပုဏ္ဏမထေရ်တို့ အချင်းချင်း တွေ့ဆုံ လေးမြတ်ကြကြောင်း ဟောပြသည့် သုတ္တန်တခုလာ၏၊ ၎င်း၌ ဟောအပ်သော တရားများသည်ကား ဝိသုဒ္ဓိခုနစ်ပါးဖြစ်၍ ဝိသုဒ္ဓိခုနစ်ပါးကို ဘုရားဟောဆိုချက်လုံးလုံးမရှိသောကြောင့် ကျွန်ုပ်တို့မယုံကြည်နိုင်သဖြင့် နှုတ်ပယ်ထား၏။

အကြောင်းကား ဤရထဝိနီတသုတ္တန်၌ သီလဝိသုဒ္ဓိဖြင့် ကိုယ်နှုတ်စင်ကြယ်သည်ကို ဆို၏၊ စိတ္တဝိသုဒ္ဓိဖြင့်သမာဓိ စင်ကြယ်သည်ကိုဆို၏၊ ဒိဋ္ဌိဝိသုဒ္ဓိဖြင့် အယူစင်ကြယ်၍ မဂ်ဖိုလ်ပညာကိုဆိုလို၏၊ သို့ဖြစ်၍ ကင်္ခါဝိတရဏ ၊ မဂ္ဂါမဂ္ဂ ၊ ပဋိပဒါ ဉာဏဒဿန သုံးမျိုးမလိုအပ်၊ ဤသို့သိရသောကြောင့် ဤသုတ်သည် လုပ်သုတ်ဖြစ်၏။

## ၂၅-နိဝါပ သုတ္တန်

ဤနေရာ၌ နိဝါပသုတ္တန်ဟု သီဟိုဠ်ပိဋကဆောင်တို့မှတ်တမ်းမှုအရ သုတ္တန်တခုရှိ၏၊ ၎င်းမှာ၊ အဆင်မပြေ၊ အကြောင်းယုတ္တိမရှိ ပိဋကတော်ဆောင်တို့ အမှတ် လွဲမှားထားခဲ့ကြသောသုတ်တည်းဟု အသိအမှတ်ပြု၍ ချန်ထားခဲ့၏၊ ထို့အတူ ထိုထိုသုတ္တန်တို့၏ ရှေ့ပိုင်း၊ နောက်ပိုင်းအလယ်ပိုင်းစသည်တို့၌ ထိုထိုချန်သင့်သည် ထင်ချက်များကိုချန်ထားသည်၏၊ အကြောင်းကား ယခုခေတ်မှာ စာဆိုတိုင်းယုံနိုင်သော ခေတ်မဟုတ်၊ လောကယုတ္တိသဘာဝယုတ္တိ ရမှသာ ယုံကြည် နိုင်သတည်း၊ ထိုသို့အားဖြင့် ကျွန်ုပ်တို့ မြန်မာပိဋကတော်သည်လည်း တခဲနက် အနှစ်အတိ ဖြစ်လိမ့် သတည်း။

# ၄—စတုတ္ထဝဂ်

## ၃၁။ အရိယပရိယေသနသုတ်။

ဤ ဆိုလတ်အံ့သည့်အတိုင်း အကျွန်ုပ်သည် ဘုရားရှင့် အထံတော်မှ ကြားနာမှတ်သားရပါသည်၊ တရံအခါ ဘုရားရှင်သည် သာဝတ္ထိပြည်တော် အနာထပိဏ် သေဌေးကြီး ဆောက်လုပ် လှူဒါန်းသော ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူလေပြီ၊ တနေ့သောအခါ ဘုရားရှင်သည် သာဝတ္ထိပြည်တော် အရှေ့ဖက် မိဂါရသေဌေးကြီး၏ မယ်တော် ဝိသာခါ ဥပါသိကာမ ဆောက်လုပ်လှူဒါန်းသော ပုဗ္ဗာရာမခေါ် ကိုးထပ် တိုက်ကျောင်းတော်ကြီး၌ နေသန့်စင် တော်မူ၍ ညနေချမ်းအချိန် ရဟန်းများတို့ စုဆောင်းစည်းဝေးကြရာ ဒမ္မကပုဏ္ဏား၏ သင်္ခမ်းကျောင်းသို့ ကြွရောက်တော်မူလေပြီ၊

ရဟန်းတို့လည်း တရားစကားဖြင့် ဆွေးနွေး နေထိုင်ကြရကား ဘုရားရှင်သည် ၎င်းတို့စကား ဆုံးသည်အထိ တံခါးဝတွင် ငံ့လင့်နေတော်မူကာ, စကားအဆုံး၌ ချောင်းဟန့်တော်မူလေ၍ တံခါးကို ခေါက်လေပြီ၊ ရဟန်းတို့လည်း တံခါးဖွင့်ကြကုန်ကာ, ခရီးဦးကြို ပြုလုပ်ကုန်၍ ဘုရားရှင်ကို ပင့်ဆောင်ကြကုန်ပြီ၊ ဘုရားရှင်လည်း နေရာတွင် ထိုင်တော်မူမိလျှင်, ရဟန်းတို့, အဘယ်စကားများကို ပြောဆိုနေထိုင်ကြကုန်သနည်း?၊ သင်တို့၏ ပြောဘွယ် ဆိုဆဲ စကားကား အဘယ်စကားဖြစ်သနည်း? ဟု မေးတော်မူရာ, ရဟန်းတို့က "မြတ်စွာဘုရား၏ အကြောင်းကိုပင် ပြောဆိုနေထိုင်ကြကြောင်း" လျှောက်ထားသဖြင့် ဘုရားရှင် ဤသို့ ဟောတော်မူလေပြီ။

ရဟန်းတို့, ကောင်းလှပေ၏, ယုံကြည်ရေးရှိ၍ လူ့ဘောင်မှ ပဲ့ထွက်ကာ ရဟန်းဖြစ်ကြကုန်သော အမျိုးကောင်းသား ရဟန်းတို့မှာ တရားစကား ပြောဆို နေထိုင်ကြခြင်းသည်သာ ကောင်းမွန်၏၊ ရဟန်းတို့, စည်းဝေး နေထိုင်ကြသော သင်ရဟန်းတို့မှာ ၁-တရားစကား ပြောဆိုခြင်း၊ ၂-မြင့်မြတ်ပြူစင်သော ဆိတ်ဆိတ်နေခြင်း၊ ဤနှစ်မျိုးသာ ပြုလုပ်ခွင့် ဖြစ်လေသည်၊

ရဟန်းတို့, ၁-မြင့်မြတ်သော ရှာမှီးခြင်း။ ၂-မမြင့်မြတ်သော ရှာမှီးခြင်းဟု ရှာမှီးခြင်းနှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် မမြင့်မြတ်သော ရှာမှီးခြင်းကား အဘယ်နည်း ?၊ ရဟန်းတို့, ဤလောက၌ အချို့သူသည် မိမိကိုယ်တိုင် ဘဝ၌ ဖြစ်နေရခြင်း သဘောရှိလျက်, ဘဝ၌ ဖြစ်နေရရေးကိုသာ ရှာမှီးသည်, မိမိကိုယ်တိုင် အိုမင်းရခြင်း သဘောရှိလျက်, အိုမင်းရရေးကိုသာ ရှာမှီးသည်, မိမိကိုယ်တိုင် နာဖျားရခြင်း သဘောရှိ

မဇ္ဈိမနိကာယ်-၃၇

လျက်, နာဖျားရရေးကိုသာရှာမှီးသည်, မိမိကိုယ်တိုင် သေရခြင်း သဘောရှိလျက်, သေရရေးကိုသာ ရှာမှီးသည်, မိမိကိုယ်တိုင် စိုးရိမ်ပူဆွေးရခြင်း သဘောရှိလျက်, စိုးရိမ် ပူဆွေးရရေးကိုသာရှာမှီးသည်, မိမိကိုယ်တိုင်ညစ်နွမ်းရခြင်း သဘောရှိလျက်, ညစ်နွမ်းရရေးကိုသာရှာမှီး၏။

ရဟန်းတို့, ဘဝ၌ ဖြစ်ပွါးရရေး, အိုမင်းရရေး, နာဖျားရရေး, သေရရေး, စိုးရိမ်ပူဆွေးရရေး, ညစ်နွမ်းရရေး တရားများကား အဘယ်နည်း ? ၊ သား မယား ကျွန်မိန်းမ-ကျွန်ယောကျ်ား-သိုး-ဆိတ်-ကြက်-ဝက်-ဆင်-နွား-မြင်း-မြည်း-ငွေ- ရွှေ။ ရဟန်းတို့, ဤ ဥစ္စာပစ္စည်းတို့ကား ဘဝ၌ ဖြစ်ပွါးရရေး, အိုရရေး, နာဖျားရရေး သေရရေး, စိုးရိမ်ပူဆွေးရရေး, ညစ်နွမ်းရရေး, တရားတို့တည်း၊ ဤသည့် ပစ္စည်း ဝတ္ထုတို့၌ ဤလူအပေါင်းသည် တသ်စွဲး မူးမေ့ သက်ဝင်ကြ၍, ဘဝ၌ ဖြစ်ပွါးရရေး, အိုရရေး, နာဖျားရရေး, သေရရေး, စိုးရိမ် ပူဆွေးရရေး ညစ်နွမ်းရရေး တရားတို့ကို ရှာမှီးကြလေသည်၊ ရဟန်းတို့, ဤကား မမြင့်မြတ်သော ရှာမှီးခြင်းတည်း။

ရဟန်းတို့, မြင့်မြတ်သော ရှာမှီးခြင်းကား အဘယ်နည်း ?၊ ရဟန်းတို့, မိမိကိုယ်တိုင် ဘဝ၌ဖြစ်ရခြင်း, အိုရခြင်း, နာဖျားရခြင်း, သေရခြင်း, စိုးရိမ်ပူဆွေးရခြင်း, ညစ်နွမ်းရခြင်း သဘောရှိ၍, ၎င်းတို့၌ အပြစ်ကိုရှုမြင်ကာ, ၎င်းတို့မှ လွတ်ကင်းသည့် အတုမဲ့ လုံ့လကုန်ရာ နိဗ္ဗာန်ကို ရှာမှီး၏၊ ရဟန်းတို့, ဤကား မြင့်မြတ်သော ရှာမှီးခြင်းတည်း။

ရဟန်းတို့, ငါဘုရားသည်လည်း တရားမှန် မသိရသေးမီ, ရှေးအခါ အမှန်တရားကို ကိုယ်တိုင် မသိရသေးမူ၍, မဂ်ဖိုလ်ဉာဏ်၌ တသ်မက်လိုလားနေစဉ် မိမိ ကိုယ်တိုင် ဘဝ၌ ဖြစ်ပွါးနေရခြင်း, အိုမင်းရခြင်း, နာဖျားရခြင်း, သေရခြင်း, စိုးရိမ်ပူဆွေးရခြင်း, ညစ်နွမ်းရခြင်း သဘောရှိလျက်, ၎င်းတို့ကိုပင် ရှာမှီးနဲ့ပြီ၊ ရဟန်းတို့, ထိုစဉ်အခါ ငါဘုရားသည် ဤသို့ကြံစည်ခဲ့ပြီ၊ ငါကား ဘဝ၌ဖြစ်ရခြင်း, အိုမင်းရခြင်း, နာဖျားရခြင်း, သေရခြင်း, စိုးရိမ်ပူဆွေးရခြင်း, ညစ်နွမ်းရခြင်း, သဘောရှိလျက်, အဘယ့်ကြောင့် ၎င်းတို့ကိုပင် ရှာမှီးနေရသနည်း ?၊ ငါသည်ကန် စင်စစ်အားဖြင့် မိမိကိုယ်တိုင် ဘဝ၌ဖြစ်ရခြင်း, အိုမင်းရခြင်း, နာဖျားရခြင်း, သေရခြင်း, စိုးရိမ်ပူဆွေးရခြင်း, ညစ်နွမ်းရခြင်းသဘောရှိသူဖြစ်၍, ၎င်းတို့ကို အပြစ် ရှုမြင်ကာ ဘဝ၌မဖြစ်ရ, မအိုမင်းရ, မနာဖျားရ, မသေကြေရ, မစိုးရိမ် မပူဆွေးရ, မညစ်နွမ်းရရေး အတုမဲ့ လုံ့လကုန်ရာ နိဗ္ဗာန်ကိုသာ ရှာမှီးအံ့၊ ဤသို့ ကြံစည် ခဲ့လျက် တပေါ့သောအခါ ငယ်ရွယ်ပျိုနု၍, ပြည်းနက်သော ဆံ, ကောင်းသော အရွယ်နှင့် ပြည့်စုံသည့် ပထမအရွယ်တွင်ပင် အလိုမရှိကြသည့် အမိအဖတို့ မျက်ရည်သိုကျ ငိုကြွေကုန်စဉ်, ဆံ မုတ်ဆိတ်ကို ရိတ်ပယ်လျက်, ဖန်ရည်ဆိုး အဝတ် သင်္ကန်းကာ ရဟန်းပြုခဲ့လေပြီ။

ဤသို့ ရဟန်းဖြစ်၍, ကုသိုလ်တရားကို ရှာမှီးစဉ်, အတုမဲ့ မြင့်မြတ်သော ငြိမ်းချမ်းရေးကို ရှာမှီးစဉ်, ကာလာမအနွယ် အာဠာရ ရသေ့ကြီးထံသို့ သွားရောက်၍, "ကျွန်ုပ်သည် ဤသင့်အရှင်၏ ဩဝါဒသာသနာ၌ အကျင့်မြတ်ကို ကျင့်သုံးနေလိုပါသည်" ဟု ပြောဆို တောင်းပန်ခဲ့လေပြီ၊ ရဟန်းတို့, အာဠာရ ရသေ့ကြီးက "အရှင်, နေထိုင်ပါ, ဤတရားကား ဤသို့ဖြစ်ပါသည်၊ သိတတ်သော ပညာရှင်မှန်က မကြာမီပင် ဆရာ့ဉာဏ်ကို ကိုယ်တိုင် ပိုင်းခြားသိလျက် မျက်မြင် ကိုယ်တွေ့ ဖြစ်၍ နေနိုင်ပါသည်" ဟု ဆိုလေပြီ။

ရဟန်းတို့, ငါဘုရားသည် မကြာမြင့်မီပင် ၎င်းတရားကို လျင်စွာသင်ယူ၍ ပြောသင့်ရာကို ဖွင့်ဟ ပြောဆိုကာမျှဖြင့်ပင် ဉာဏ်ဝါဒ, ထေရ်ဝါဒ ကို သိပြီ, မြင်ပြီ ဝန်ခံပြီ, ငါသာမဟုတ် အခြားသူတို့လည်း ဤသို့ပင် ဖြစ်ကုန်ပြီ၊ ရဟန်းတို့, ငါသည် ဤ အာဠာရ- ရသေ့ကြီးကား "ဤတရားကို ယုံကြည်ကာမျှဖြင့် ကိုယ်တိုင် ပိုင်ခြားသိလျက်, မျက်မြင် ဖြစ်၍နေထိုင်သည်" ဟု ပြောဆိုချက်မဟုတ်၊ မချွပင် အာဠာရ- ရသေ့ကြီးသည် ဤတရားကို သိ၍ မြင်၍ နေ၏ဟု ကြံစည် မိ လေပြီ၊ ရဟန်းတို့, ငါသည် အာဠာရ-ရသေ့ကြီးထံသို့ ဝင်ရောက်၍ "အို အရှင်, မည်မျှ အတိုင်းအရှည်ဖြင့် ဤတရားကို ကိုယ်တိုင် ပိုင်းခြားသိလျက်, မျက်မှောက်ပြုနေ သည်ဟု ဝန်ခံနိုင်ပါသနည်း ? ဟု မေးလေရာ, အာဠာရ- ရသေ့ကြီး က အာကိဉ္စညာ ယတနဈာန် လုပ်ငန်းကို ညွှန်ကြားလေပြီ၊ ရဟန်းတို့, ငါသည် အာဠာရ- ရသေ့ကြီးမှာသာ ယုံကြည်ရေးရှိသည်မဟုတ်, ငါ့မှာလည်း ယုံကြည် ရေးရှိ၏၊ ၎င်းမှာသာ လုံ့လ, သတိ, တည်တန့်ရေး, ဉာဏ်ပညာ ရှိသည်မဟုတ် ငါ့မှာလည်း ၎င်းတရား အာလုံးရှိ၏၊ "ငါသည် အာဠာရ- ရသေ့ကြီး၏ ကိုယ်သိ တရားဘို့ကို ငါ့ကိုယ်သိဖြစ်စေအောင် အားပေးစိုက်ဆုတ်မည်" ဟု ကြံစည် ကြိုးစားခဲ့ရာ, မကြာမြင့်မီပင် မျက်မြင် ရမိခဲ့လေပြီ၊ ငါသည် အာဠာရ- ရသေ့ ကြီးထံသို့ သွားရောက်၍ "အို အရှင်, ဤတရားကား ဤမျှသာဖြစ်ပါသလော ? ဟု မေးရာ, အိုငါ့ရှင်, ငါသိ ငါရ တရားကား ဤမျှပင်ဖြစ်၏ ဟုဆိုလျှင် "ကျွန်ုပ် လည်း ဤတရားကို ကိုယ်တိုင် ကိုယ်သိ ဖြစ်ပါသည်" ဟု ပြန်ကြားရာ, ၎င်းက "အို ငါ့ရှင်, ထိုသို့သော သီတင်းသုံးဖေါ်ကို တွေ့မြင်ရသော ငါတို့မှာ အရဟော် လှ၏၊ ကောင်းစွာရအပ်၏၊ ဤသို့အားဖြင့် ငါရသောတရားကိုပင် သင်ရ၏, သင်ရသော တရားကိုပင် ငါရ၏၊ ငါသိသည်ကိုပင် သင်သိ၏, သင်သိသည်ကိုပင် ငါသိ၏၊ သင်သည် ငါသို့ပင်ဖြစ်၏, ငါသည်သင်ကဲ့သို့ဖြစ်၏၊ အို ငါ့ရှင်, ယခုအခါငါတို့နှစ်ဦး ညီညွတ် လုံးစည်းကုန်ကာ ဤဂိုဏ်းကို ဆောင်ရွက်ကြကုန်စို့ ဟု ဆိုလေပြီ။

ယင်းသို့အားဖြင့် ရဟန်းတို့, ဆရာသာဖြစ်သော † အာဠာရ-ရသေ့ကြီးသည် တပည့်သာဖြစ်သော ငါ့ကို မိမိနှင့် အညီအမျှထားလေပြီ၊ မြင့်မြတ်သော ပူဇော်ခြင်း

ဖြင့်လည်း ပူဇော်လေပြီ၊ သို့ရာတွင် ရဟန်းတို့ , ငါမူကား “ ဤတရားသည် သံသရာငြီးငွေ့ရေး မဟုတ်, တပ်စွန်း ကင်းပျောက်ရေး မဟုတ်, ချုပ်ငြိမ်းရေး မဟုတ်, အေးမြရေး မဟုတ်, ထူးကဲသိရေး ဉာဏ်မြင် ပွင့်လင်းရေး လောကမီး ငြိမ်းစဲရေး မဟုတ် , အာကိဉ္စညာ ယတနဘုံသို့ ရောက်ဆိုက်ရေးမျှ ဖြစ်လေသည်” ဟု ကြံစည်၍ ထိုတရားကို မခင် မကြင် မဆင်ယင်ပဲ ကြဉ်ရှောင် ဖယ်လွှဲခဲ့ပြီ။

ရဟန်းတို့ , ငါသည် ကုသိုလ်တရားကိုရှာမှီးသူ , အတုမဲ့ မြင့်မြတ်သော ငြိမ်းချမ်းရာကို ရှာမှီးသူဖြစ်လျက် , ရာမ၏သား , † ဥဒကရသေ့ကြီးထံ ဝင်ရောက်ပြန်၍ ‘ အို အရှင် , အရှင် ဆုံးမ ညွှန်ကြားသည့် ဩဝါဒ သာသနာ၌ , အကျင့်မြတ်ကို ကျင့်သုံး နေထိုင်လိုပါသည် ” ဟု အခွင့်တောင်းခဲ့ရာ , ၎င်းက “ အို အရှင် , နေလှည့်ပါ , ဤတရားကား ဤသို့ဖြစ်၏ , ပညာဉာဏ် ရှိသူသည် မကြာမြင့်မီပင် ဆရာ့ဉာဏ်ပညာကို ထူးခြားစွာ သိမြင်လျက် မျက်မှောက် ဖြစ်ရှိ , နေထိုင်ရပါသည်” ဟု ဆိုလေပြီ၊ ရဟန်းတို့ , ငါသည် မကြာမြင့်မီပင် ထိုတရားကို သင်ယူလေသော် ပြောဆိုဖွယ်ကို ဖွင့်ဟ မြွက်ကြားကာမျှဖြင့်ပင် ဉာဏ်ဝါဒ , ထေရ်ဝါဒကို သိမြင်ပြီ , ဝန်ခံပြီ , ငါသာမဟုတ် , အခြားသူတို့လည်း သိမြင် ပန်ခံကုန်ပြီ၊ ရဟန်းတို့ , ငါသည် ဥဒကရသေ့ကြီးကား ဤတရားကို “ ယုံကြည်ကာမျှ သက်သက်ဖြင့် ကိုယ်တိုင် ထူးခြားသိ၍ မျက်မှောက် ဖြစ်ရှိ နေထိုင်သည် ” ဟု ဆိုချက်မဟုတ်၊ စင်စစ်ပင် ဤတရားကိုသိ၍ မြင်၍ နေသူဖြစ်၏ ဟု သိရလေပြီ။

ရဟန်းတို့ , ငါသည် ဥဒကရသေ့ကြီးထံ ဝင်ရောက်၍ မည်မျှသော အတိုင်းအရှည်အားဖြင့် ဤတရားကို ထူးခြားသိလျက် မျက်မှောက်ဖြစ်ရှိ နေနိုင်ပါသနည်း ? ဟုမေးလေရာ ၎င်းက နေဝသညာ နာသညာ ယတနစျာန် လုပ်ငန်းကို သင်ပြခဲ့လေပြီ၊ ရဟန်းတို့ , ငါသည် ဥဒကရသေ့မှာသာ တရား၌ယုံကြည်ရေး- သဒ္ဓါ , အားစိုက်ရေး ဝီရိယ , အောက်မေ့နိုင်သည့် သတိ , တည်တန့်ရေး- သမာဓိ , သိမြင်ရေး ပညာ ရှိသည်မဟုတ် , ငါ့မှာလည်း ဤတရားအားလုံးကုန် , အပြည့်အစုံရှိသည်၊ ငါသည် ဥဒက [illegible]ကိုယ်တိုင်သိကို ငါသိဖြစ်ရန် အားစိုက်မည်ဟု ခဲ့မဲ့ကြိုးစားခဲ့ရာ , မကြာမြင့်မီပင် ငါသိ လက်တွေ့ ဖြစ်လေပြီ၊ ဥဒကရသေ့ကြီးထံ ဝင်ရောက်၍ “ ဤမျှပင် အရှင်သည် ထိုးထွင်း သိမြင် ရရောက် နေပါသလော ” ဟု မေးရာ , ဤမျှပင် ဟု ပြန်ကြားသဖြင့် “ ဤမျှကိုကား ကျွန်ုပ်လည်း ထိုးထွင်း သိမြင် ရရောက်ပါသည် ” ဟု ဆိုသျှင်၊ ဥဒက ရသေ့ကြီးက “ ကျွန်ုပ်တို့သည် ဤသို့သော သီးတင်းသုံးဖော်ကို တွေ့မြင်ရသည် ,အရတော်ဘိတောင်း , ကောင်းကောင်းကြီး ရတော်ဘိတောင်း , ရာမ

---

† အာဠာရ ရသေ့နှင့်ဘုရားအလောင်း ဘယ်မှာတွေ့သည်၊ ဥဒကရသေ့နှင့် ဘယ်မှာတွေ့သည်ဟု ပိဋကတော်၌ သေချာစွာမဆို၊ မြောက်ပိုင်း ဗုဒ္ဓဘာသာ ဗုဒ္ဓဝင်တို့၌ကား ဝေသာလီ၌ အာဠာရနှင့်တွေ့၍ , ရာဇဂြိုဟ်တွင် ဥဒကနှင့် တွေ့သည်ဟု ဆိုလျက်ရှိ၏။

ကိုယ်တိုင် ထူးခြားသိလျက် မျက်မှောက်ပြုနေသော တရားကိုပင်, အရှင်လည်း ကိုယ်တိုင် ထူးခြားသိလျက် မျက်မှောက်ပြုနေ၏၊ ဤသို့အားဖြင့် အရှင်သည် ရာမကဲ့သို့ ဖြစ်၏, ရာမလည်း ငါ့အရှင်ကဲ့သို့ပင် ဖြစ်၏၊ ယခုအခါ ငါ့အရှင်သည် ဤဂိုဏ်းကို ဆောင်ကြဉ်းအုပ်ချုပ်ပါ" ဟု ဆိုလေပြီ၊ ရဟန်းတို့, ယင်းသို့အားဖြင့် ဥဒကရာမသား ဥဒကရသေ့ကြီးသည် သီတင်းသုံးဖော်သာဖြစ်သော ငါ့ကို ဆရာ့အရာ၌ ထားခဲ့လေပြီ၊ မြင့်မြတ်စွာသော ပူဇော်ခြင်းဖြင့်လည်း ပူဇော်ခဲ့ပြီ၊ ရဟန်းတို့, ထိုအရာတွင် ငါမှုကား, ဤတရားသည် လောကကိုငြီးငွေ့ရန်, တပ်စွန်းကင်းရန်, ချုပ်ငြိမ်းရန်, အေးမြရန်မဟုတ်၊ ထူးခြားသိရန်, ဉာဏ်အမြင် ပွင့်ရန်, လောကမီး ငြီးငွေ့ရန်လည်း မဟုတ်၊ စင်စစ်ကား နေဝသညာ နာသညာ ယတန ဖြဟ္မာဘုံ ရရောက်ကာမျှ ဖြစ်သည်ဟု သိ၍ ထိုတရားကို မခင်မကြင် မဆင်ယင်ပဲ ရှောင်ကြဉ် ပယ်စွန့်ခဲ့ပြီ။

ထို ရဟန်းတို့, ငါသည် ကုသိုလ်တရားကို ရှာမှီးသူ, အတုမဲ့ မြင့်မြတ်သော ငြိမ်းချမ်းရေး တရားကို ရှာမှီးသူ ဖြစ်၍ မဂဓတိုင်း အတွင်း၌ အစဉ် လှည့်လည်သွား လှည့်လည်ခဲ့ရာ, ဥရုဝေလတော သေနနိဂုံးသို့ ဆိုက်ရောက်ခဲ့ပြီ၊ ထိုအရပ်တွင် မွေ့လျော်ဖွယ်ရှိသော မြေအပြင်ကိုင်း, စိတ်ကြည်လင်ဖွယ်ရှိသော တောအုပ်ကိုင်း, ဖြူဖွေးသော ရေ, ကောင်းမွန်သော ဆိပ်ကမ်းရှိ၍ မွေ့လျော်ဖွယ် စီးဆင်းနေသော မြစ်ကိုင်း, ပတ်ဝန်းကျင်၌ ဆွမ်းခံရွာများကိုင်း တွေ့မြင်ရလေပြီ၊ ရဟန်းတို့, ငါသည် ဤနေရာဌာနကား တရားကြိုးကုတ် အားထုတ်လိုသူ အမျိုးကောင်းသားတို့ အတွက် အကွက် သင့်တော်လေစွာတကား ဟု ကြံစည်စိတ်ကူး၍ ထိုအရပ်၌ပင် နေထိုင်ခဲ့ပြီ၊ † ရဟန်းတို့, ငါသည် ဘဝ၌ ဖြစ်ပွားရခြင်း, အိုရခြင်း နာရခြင်း, သေရခြင်း, စိုးရိမ် ပူဆွေးရခြင်း, ညစ်နွမ်းရခြင်း သဘောရှိသူဖြစ်လျက် ၎င်းတို့ကို အပြစ်မြင်၍ ၎င်းတို့မှ လွတ်ကင်းရာ အတုမဲ့ လုံ့လကုန်ဆုံးရာ နိဗ္ဗာန်ကို ရှာမှီးခဲ့ရာ, ၎င်းတရားကို ရရောက်ခဲ့လေပြီ၊ ငါ၏ လွတ်လပ်ရေးသည် မပျက်စီးတော့၊ ဤသည်ကား နောက်ဆုံးဘဝတည်း၊ နောင်တဖန် ဘုံဘဝ မရှိဟုလည်း ဉာဏ်အမြင်ဖြစ်ပွါးပြီ၊ ရဟန်းတို့, ထိုအခါ ငါစိတ်ကူးမိသည်ကား- ငါရသော ဤတရားသည် နက်နဲ၏, မြင်နိုင်ခဲ၏, ထိုးထွင်းနိုင်ခဲ၏, ငြိမ်သက်ခဲ၏, မွန်မြတ်၏, ကြံစည်၍ မဖြစ်ကောင်း, သိမ်မွေ့၏, ပညာရှိသာ သိအပ်၏၊ ဤသတ္တဝါများကား ကပ်ငြိတွယ်တာရေး၌ မွေ့လျော် ပျော်မိုက်ကြ၏၊ ကပ်ငြိတွယ်တာရေးကို ဖြစ်ပွားစေ၏၊ ထိုသို့သောသတ္တဝါများသည်အကြောင်းကိုစွဲ၍ အကျိုးတရာ ဖြစ်ပွားသော ဤတရားကို မြင်နိုင်ခဲ၏။

ထို့ပြင် ဤသည့် အားလုံး ကုန်အောင်ရုံသော ပြုပြင်ရေး၏ အေးငြိမ်းရာ, အားလုံး ကုန်အောင်ရုံသော ဥပဓိ ဘုံသတ္တဝါတို့မှ ထင်ရှားစွန့်လွှတ်ရာ, တပ်စွန်းခြင်း အားလုံး

† ဤနေရာဌာန အရိယပရိယေသကိုနအကျယ် ညွှန်ပြရာတွင် မာရ်နတ် လာရောက် ပြောဆိုကြောင်းနှင့် မဟာဓိပင်တွင် ၎င်းစင်တင်လာကြောင်း အရိပ်မျှ မပါသည်ကို ပညာရှိတို့သတိပြုရာ၏။

ကုန်ဆုံးရာ, စွဲလမ်း မက်မောရေး အရှင်းကင်းပြတ်ရာ, လက်စသတ် ငြိမ်းအေးရာ နိဗ္ဗာန်တရားဟူသော ဤအချက်ကိုလည်း ဤသတ္တဝါတို့မြင်နိုင် ထင်နိုင်ခဲ၏၊ ငါမူကား တရားဟောညွှန်အံ့, တပါးသူတို့ကား ငါ့တရားကိုမသိကြကုန်ရာ၊ သို့ဖြစ်ခဲ့ပါမူ ငါ့ပင်ပန်းကာမျှ, ဆင်းရဲကာမျှ ဖြစ်ရာသည်ဟု စိတ်ကူးမိလေပြီ၊ ရဟန်းတို့, စင်စစ် တမူကား ရှေးက မကြားဖူး၍ ထူးဆန်း အံ့ဩဖွယ်ဖြစ်သော ဤအဖွဲ့ဂါထာတို့သည် ငါ၏ နှလုံးမှာ ထင်လာကုန်ပြီ။-

ဆင်းရဲးစွာလှ ငါသော် ရသည်,
ဖော်ပြခွင့် မသင့် တရားခည်၊
တသ်စွန်းပြစ်မှား စိတ်ထားသူ သည်,
ဤတရား သိအား ခဲခက်မည်။
မြစ်ညာဆန် သိရန် သိမ်မွေ့သည်,
နက်နဲ့အင် မမြင် နူးသွယ်ချည်၊
မမြင်နိုင် ကြံ့နိုင် တပ်စွန်းသည်,
မိုက်မှောင်လုံး ဖုံးဖိ ပြန့်ခဲ့ချည်။

† အိုရဟန်းတို့, ဤသို့ ချိန်စက် ဆင်ခြင်စဉ် ကြောင့်ကြမဲ့ နေရန်သာ ငါ့ဘုရား စိတ်ထား ညွတ်ကိုင်းလေပြီ, တရားဟောညွှန်ရန် စိတ်မညွတ်ချေ။

ရဟန်းတို့, ဃင်းသို့သော ငါ၏ အကြံအစည်ကို သဟမ္ပတိ ဗြဟ္မာကြီးသိ၍ "အိုအချင်းတို့, လောကသည် ပျက်စီးခဲ့ပြီတကား, ဤလောကသည် အထူးပျက်စီးခဲ့ပြီတကား၊ အကြောင်းကား အမှန်တရားကို အမှန်အားဖြင့် သိတော်မူသည့် ပူဇော်ခံသခင်, ကိုယ်တော်တိုင် သိမြင်သော တရားသျှင်ဘုရား၏ တရားဟောညွှန်ရေး၌ စိတ်တော်မညွတ်ပဲ, ကရားမဟော မပြော ကြောင့်ကြမဲ့ နေရန်သာ စိတ်တော်ညွတ်လေသည် ဟု ကြံစည်၍ ဥပမာအားဖြင့် ကွေးသောလက်ကို ဆန့်တန်းသည့်အလား, ဆန့်တန်းသောလက်ကို ကွေးလိုက်သည့်အလား, ငါဘုရား၏ရှေ့မှောက်သို့ တခဏခြင်း လားရောက်ပြီးလျှင်၊ ကိုယ်ဝတ်စမွာယ်တင်ကာ လက်အုပ်ချီမြှောက်လျက်, အို ပုဉ်းတော်ကြီးဘုရား, တရားဟောတော်မူပါ, အမှန်တရားကို အမှန်အားဖြင့် သိတော်မူသော မြတ်စွာဘုရား, တရားဟောတော်မူပါ, ဥာဏ်မျက်စိ၌ ကိလေသာမြူ နည်းပါးသူ

† ဤစာလုံးမဲဖြင့် ပြအပ်သောစကားများကား သီဟိုဠ်ပိဋကဆောင်တို့ ဘုရားတန်ခိုးတော်ထင်ရှားရန်ထပ်ဖြည့် လည်သွင်းထားချက်ဟု ကျွန်ုပ်ထင်မြင်၏၊ ရှေ့နောက် ထောက်ထား ဆင်ခြင်၍ ယုံသင့်မှ ယုံရာ၏၊ ငါတို့ဘုရားဂုဏ်ဆိုလျှင် ငါတို့ကြေနပ်သမားကိုချည်းမဖြစ်သင့်ကုန်, စင်စစ်ကား ဗြဟ္မာတောင်းပန်ခြင်းကို ပြကုန်ခြင်းသည်, ဘုရား၏ သနားကရုဏာကွယ်ပျောက်၍ ဗြဟ္မာ၏ ကရုဏာသာသာ ထင်ရှားလေရာသည်၊ ထို့ပြင် ဗြဟ္မာ့ခြည်၌ ယခုဘုရားလည်း ရောက်လေရာသည်။- သတိများများ ပြုကြ။

သတ္တဝါတို့ ရှိကြပါကုန်သည်၊ မကြားမနာကြရသဖြင့်သာ တရားတော်မှ ဆုတ်ယုတ်ကြရပါကုန်သည်၊ တရားတော်ကို သိတတ်သူတို့ ရှိပါကုန်လိမ့်မည်,ဟု လျှောက်ထားလာပြီ၊ ဤစကားကို † သဟမ္ပတိ'ဆိုလေပြီ၊ထို့နောက် တပါးသောအခါ၌ × ဤဂါထာများကို သဟမ္ပတိ ဗြဟ္မာ ဆိုလေပြီ၊

* မဂဓ၌ရှေးကထင်ရှား ဖြစ်ပွါးခဲ့ပြီ ,
တရားမစင် မစင်သူက ကြံဆလေပြီ၊
အမြိုက်တံခါး ဖွင့်ထားချိန်ခွင့် သင့်လှခဲ့ပြီ ,
နာယူစေခွင့် ဉာဏ်ရှင့်တရား ကြားသင့်ပါပြီ။
ကျောက်တောင်ထိပ်ထက် တက်၍နေလျှင် ဝန်းကျင်ရပ်ကို ,
ပဟ်လည်ရှိဟူ မိုလ်လူထင်ထင် မြင်နိုင်စွာကို၊
ထို့နည်းတူပင် ဉာဏ်ရှင်ဘုရား တက်ပြာသာကို ,
လုံးစုံဉာဏ်ဖြင့် ဘုံမြင့်ထွတ်ဖျား သိပြားခွင့်ကို၊
စိုးရိမ်မီးပူကင်းသူရှင်က ပြုကြသူကို ,
ဖြစ်ပျက်ကုန်ရ မိုလ်တကာ့အား သနားခွင့်ကို၊
ကိလိသ်ဘေးရန် ပယ်လှန်ပြီးထ လုံ့လကြီးဖျား ,
လှည်းမှူးထွတ်ရှင် ကင်းစင်ကြွေးဝတ် မြတ်ထွတ်ဘုရား၊
ကိုယ်တော်လုံ့လ ထကြွညက်ချင့် ဟောခွင့်မြတ်ဖျား ,
တရားဉာဏ်ရှိ သိသူများစွာ ဖြစ်ပါလိမ့်ဘုရား။

ရဟန်းတို့ , ငါဘုရားသည် ဗြဟ္မာ၏ တိုက်တွန်းခြင်းကို သိတော်မူ၍၎င်း, သတ္တဝါတို့ အပေါ်၌ †† သနားတော်မူခြင်းကိုစွဲ၍၎င်း ဘုရားဉာဏ်တော်ဖြင့် လောကသူ သတ္တဝါတို့ကိုကြည့်ရှုခဲ့ရာ ဉာဏ်မျက်စိ၌ (ကိလိသ်မြူ နည်းပါးသူ , များပြားသူ, ဣန္ဒြေရင့်သူ- နုသူ ,အကြောင်းကောင်းသူ မကောင်းသူ- သိစေလွယ်သူ , မလွယ်သူ,

† ဤဒုတိယ ဂါထာစကားချီးကား ယေဘုယျ စဉ်စားခွင့်ကိုညွှန်ကြားလျက်ရှိ၏၊ ထိုဂါထာတွင်းစကားတို့ကို စဉ်းစားကလည်း သိနိုင်၏။

× တပါးသောအခါ ဟူသည် ဘယ်အခါနည်း ?၊ မဟာပဒါနသုတ်၌ကား တပါးသောအခါ၌ဟု မဆို၊ ဤဂါထာများကိုပင် လျှောက်ဆို၏- ဟူ။

* ဤဂါထာကား- ဤဘုရားဘွင်မှ ထူးသောစကား။

†† ဤစကား၌ သတ္တဝါတို့ကို ဘုရားဉာဏ်ဖြင့် ကြည့်ရှုပုံကိုဆိုခြင်းဖြင့် ဗြဟ္မာတောင်းပန် ဟူသောရှေ့စကားမှာ ပျက်ပြားသွားလေသည့်ရင်းပြင် ဗြဟ္မာ မတောင်းပန်မီက သတ္တဝါတို့အား ဘုရားဉာဏ်ဖြင့် ချိန်စက်ပြီးရှိသည်မှာလည်း ရာဂရတ္တာ န ဒက္ခန္တိ တမောခန္ဓေန အာဝုဋာ ဂါထာဖြင့် ထင်ရှား၏။

တပါးသောသေလာကကို အပြစ်ရှုမြင်သူ, မရှုမြင်သူ, ဤသို့သော သတ္တဝါ နှစ်မျိုးနှစ်စားတို့ကို တွေ့မြင်တော်မူခဲ့ပြီ၊ ဥပမာအားဖြင့် ကြာညို, ကြာနီ, ကြာဖြူတော၌ အချို့ ရေတွင်းဖြစ်ပွါးကာ ရေတွင်းမှာပင် ကြီးပွါးနေသောကြာ, အချို့ ရေနှင့် အညီအမျှ ကြီးပွါးနေသောကြာ, အချို့ရေမှအထက် ဖွင့်ဖွင့်တက်ကာ ကြီးပွါးနေသောကြာတို့ကဲ့သို့, ထိုအတူပင် သတ္တဝါအစားစားကို ထင်ထင်ရှားရှား မြင်ခဲ့ပြီ၊ ထိုအခါ ငါဘုရားသည် သဟမ္ပတိဗြဟ္မာအား ဤသို့ပြန်ကြားခဲ့၏။

အမြိုက်တံခါး ဖွင့်ထား လိုက်တုံ,
နားဥာဏ်ရှိ နာဝိ ယုံကြည်တုံ၊
× ပင်ပန်းခွင့် ဥာဏ်ချင့် မဟောတုံ,
လေ့ပြီးတရား လူများ၌တုံ။

ရဟန်းတို့, ထိုအခါ အခွင့်ရခဲ့ပြီတကားဟု ဝမ်းမြောက်သဖြင့် ရှိခိုး၍ သဟမ္ပတိဗြဟ္မာသည် ထိုင်နေရာမှ ကွယ်ပျောက်လေပြီ။

ရဟန်းတို့, ငါဘုရားသည် မည်သူ့အား ရှေးဦးစွာ တရားဟောသင့်ရအံ့နည်း?၊ မည်သူသည် ဤတရားကို လျင်စွာသိလတ္တံ့နည်း၊? ဟု ကြံစည်မိ၍ အာဠာရ ရသေ့ကြီးသည် ပညာဥာဏ်ရှိ၏, လိမ္မာရေးခြား၏, ထိုလွင်း သိမြင်တတ်၏။ ရှည်မြင့်စွာသော ကာလပတ်လုံး ဥာဏ်မျက်စိ၌ ကိလေသာမြူ ကင်းစင်ခဲ့၏၊ ၎င်းကား တရားကို လျင်စွာသိလတ္တံ့ဟု ကြံစည်ခဲ့ပြီ၊ † ဝမ်းနည်းဖွယ်, ရဟန်းတို့, အာဠာရ ရသေ့ကြီးသည် လွန်ခဲ့သော ခုနစ်ရက်ကပင် ကွယ်လွန်ခဲ့လေပြီ၊ ငါဘုရားသည် "ဩော်- အာဠာရ- ရသေ့ကြီးမှာ ကြီးစွာ ဆုံးရှုံးခဲ့လေစွ၊ ၎င်းသည် တရားကို နာယူရမူ လျင်စွာသိနိုင်လေရာ၏" ဟု ကြံစည်ခဲ့ပြီ။

ထို့နောက် နှစ်ကြိမ်မြောက် ဥဒကရသေ့ကြီးအား ဟောကြားမည် ကြံပြန်ရာ, ဝမ်းနည်းစရာပင်, ရဟန်းတို့, ဥဒက ရသေ့ကြီးမှာ လွန်ခဲ့သော ညဉ့်ဦးယာမ်ကပင် ကွယ်လွန်ခဲ့လေပြီ၊ သို့ဖြစ်၍ "ဩော်- ဥဒက ရသေ့ကြီးသည် ကြီးစွာ ဆုံးရှုံးခဲ့လေစွ၊ ၎င်းသာ ဤတရားကို နာယူခဲ့ရမူ လျင်စွာ သိခဲ့ရာ၏" ဟု ကြံစည်ခဲ့ပြီ၊

သုံးကြိမ်မြောက် မည်သူများအား တရားဟောရအံ့နည်း?၊ မည်သူသည် ဤတရားကို လျင်စွာ သိလတ္တံ့နည်း? ဟု စဉ်းစားခဲ့ရာ, ငါဘုရားအား တရား

---

× ဤသည် "ပင်ပန်းခွင့် ဥာဏ်ချင့် မဟောတုံ" ဆိုချက်ဖြင့် ဘုရားက အကြံရှိကြောင်း ဝန်ခံရာရောက်၏၊ ထိုကိုမြင်၍ သဟမ္ပတိပြဟ္မာက ဆောင်တို့ ထည့်သွင်းထားပုံကို သိရမည်။

† ဤနေရာတွင် အထခေါ် မဇ္ဈိမ ဒေဝတာ ဥပသင်္ကမိတွာ ဧတဒဝေါစ သတ္တာဟကာလင်္ကတော အာဠာရောကာလာမောတိ၊ ဟူသော စကားပါရှိနေသည်မှာလုံးလုံးမသင့်၊ ၂၀၅။

အားဖိုက် ကြီးပမ်းခဲ့စဉ်က လုပ်ကျွေးခဲ့ကြဖူးသော * ကောဏ္ဍည- ဝပ္ပ- ဘဒ္ဒိယ မဟာနာမ -အဿဇိ- ဤငါးဦးစု ရဟန်းတို့ကို အမှတ်ရခဲ့လေပြီ၊ ၎င်းတို့ကား ယခုအခါ မည်သည့်နေရာ, မြို့ရွာဒေသ၌ နေထိုင်ကြကုန်သနည်း ? ဟု ဆင်ခြင်ရာ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကာသိတိုင်း † ဗာရာဏသီမြို့တော် (မြောက်ခရီးနှစ်တိုင်ကွာသော) ဣသိပတန မိဂဒါဝုန်တောတွင် နေထိုင်လျက် ရှိကုန်သည်ကို သိမြင်ခဲ့ပြီ၊

× ရဟန်းတို့, ထို့နောက် ငါဘုရားသည် ( ၎င်းသို့သွားရန် ) ဥရုဝေလအရပ်မှ ဂယာသီသသို့ ခရီးထွက်ခဲ့လေရာ ,လမ်းတွင် ဥပကမည်သော အာဇီဝက ရဟန်းနှင့် တွေ့ရ၍ ၎င်းက အိုငါ့ရှင် , သင်၏ ဣန္ဒြေတို့သည် သန့်ရှင်းကြည်လင်ကုန်၏၊ အရေအဆင်း လည်း ဖြူစင်တင့်တယ်လှ၏၊ မည်သူ့ကိုရည်ညွှန်း၍ ရဟန်းပြုပါသနည်း?၊ သင့်ဆရာကား မည်သူနည်း ?၊ မည်သူ၏ အဆုံးအမကို သင်နှစ်သက် ပါသနည်း ? ဟု မေးပြီ။ ရဟန်းတို့, ဤသို့မေးမြန်းလတ်သော်၎င်းအား အောက်ပါအဖွဲ့တို့ဖြင့် ပြန်ကြားခဲ့ပြီ။

အားလုံးနှိပ်ဖိ အားလုံးသိသူ ငါ ,
အားလုံးတရား မထားကပ် ငြိငါ။
အားလုံးစွန့်လျက် တဏှာကုန်သူ ငါ ,
ဆရာဘယ်သို့ ညွှန်ဖို့ရှိလိမ့် ငါ၊
ဆရာမဲ့ ဖြစ်ခဲ့ကေန်မှာ ,
တူမရှိ သိဖို့စင်စစ် ငါ၊
နတ်နှင့်တကွ လောကလုံးမှာ,
ပြိုင်ယှဉ်မဲ့ ဖြစ်ခဲ့ဤသည့်ငါ။
လောကကြီး ပွါးစီးကုန်သူ ငါ ,
ဆရာမဲ့ တုမဲ့ဆရာ ငါ၊

---

* ငါးဦးစု ပဉ္စဝဂ္ဂီတို့ကား ဘယ်ကပုဂ္ဂိုလ်များ ဘယ် ရင်သားများ ဟု ပါဠိတော်၌မရှိ, အငကထာတို့၌ကား ကပိလဝတ်သား ဟုဆို၏၊ မြောက်ပိုင်းဗုဒ္ဓဝင်တို့ကမူ ဥဒကရသေ့ ကြီးဘပည့်များအတွင်းမှ ဘုရားဝါဒကိုကြိုက်၍ လိုက်လာသူများ ဟုဆို၏၊

† မြောက်မှ "ဗနာရ" မည်သော မြစ်ငယ်တခုနှင့် တောင်ဖက်မှ အသိဿာ၌ခေါ် ဂင်္ဂါမြစ်ဆင်ကမ်းအနှစ်ခု၏ အကြား၌ တည်နေ၍ ဗနာရသီ ဟု မူလအမည်ရှိ၏။ ယခုလည်းဟိန္ဒူတို့မှာ "ဗနာရဆ်" ဟု ခေါ်ကုန်၏, အင်္ဂလိပ်၌ 'BENARES ဟု စာလုံးပေါင်းနှင့် ရေး၏၊ သီဟိုဠ်ပိဋကဆောင်တို့ နုတ်ချော်ခဲ့ဟန်။

× ဤ မျက်နှာမဲ့ စကားများမှာ သီဟိုဠ်ပိဋကဆောင်တို့ ဘုရားဂုဏ် ပြထားချက်ဟု ယူသရန်ရှိ၏၊ ဥပကအကြောင်း ပိဋကပါဠိတွင် မိုင်လုံသော ဘုရားစကားမရှိချေ။

တရားကိုရှိ သိသူတဦး ငါ ,
အေးကုန်သိမ်း အေးငြိမ်းလေခဲ့ ငါ။
တရားစက် ဟောမြွက်ညွှန်ပိမ့်တုံ ,
ကာသိတိုင်းပြည် သွားမည် ငါတုံ၊
အကာဏ်းဖျင်ပြီး လောကကြီးတုံ ,
မြိုဘ်စည်ကြီး တီးပိမ့် ဖြိမ့်ဖြိမ့်တုံ။

ဒိုငါ့ရှင် , သင်သည် ဝန်ခံပတိညာဉ်ပြုတိုင်း အဆုံးမရှိအောင် မြင်နိုင်သူ ဖြစ်ထိုက်ပါသလော? ဟု ဥပက မေးပြန်၍ အောက်ပါစကားကို ပြန်ကြားခဲ့ပြီ။

ငါသို့သူ အောင်သူ မည်ကုန်သူ ,
လောကပွါးစီး ကုန်ပြီးသူတို့ မည်၊
ယုတ်ညံ့တရား အလုံးငါအောင်သည် ,
ဒို ဥပက မုချ အောင်သူမည်။

ရဟန်းတို့ , ဤသို့ ပြန်ကြားခဲ့ရာ, ''ဒိုငါ့ရှင် ဟုတ်ပေရာ၏ '' ဟု ဆို၍ ခေါင်းငြိမ့်ငြိမ့်ခါ၍ ခရီးဖယ်ရှား သွားလေပြီ။

ရဟန်းတို့ , ကာသိတိုင်း ဗာရာဏသီမြို့တော် ဣသိပတန မိဂဒါဝုန်တောအနီးသို့ ရောက်သောအခါ ငါးဦးစု ရဟန်းတို့သည် အဝေးမှပင် ငါဘုရားကို မြင်ကုန်သော် – '' အရှင်ဂေါတမရဟန်း လာသည် , တရားအလုပ်မှလွှက်ပြီး လာဘ်ပေါ်သက္ကာရ အတွက် လှည့်လည်သည် , ၎င်းကို ရှိမခိုးငတမ်း , ခရီးဦး မကြိုငတမ်း , သပိတ် သင်္ကန်း လှမ်းယူရေးအရပ်ရပ် မလုပ်ငတမ်း , ငင်စစ်မှုကား နေရာခင်းထားရမည် , အလိုရှိက ထိုင်စေ '' ဟု ကတိကဝတ် ပြုလုပ်ထားကုန်ပြီ။

ရဟန်းတို့ , ထိုသို့ပင် ဖြစ်ကုန်စေကာ , ငါဘုရား ရောက်လာကုန်သော်- ငါမိတ္တိ ကတိကဝတ်အတိုင်း မတည်နိုင်ကြပေကုန်, အချို့က လာရောက်၍ သပိတ် သင်္ကန်း လှမ်းယူကုန်ပြီ၊ အချို့က နေရာခင်း လင့်ကုန်ပြီ၊ အချို့က ခြေဆေးရေ ခြေဆေး အင်းပျဉ် ထားကုန်ပြီ၊ ငါ့ဖွယ်ကား ငါဘုရားကို အမည်ဖြင့်၎င်း , ငါ့ရှင် ဟူသော စကားဖြင့်၎င်း ခေါ် ဆိုကုန်ပြီ၊ ငါဘုရားက ရဟန်းတို့ , ငါသည် ပေါ်ခံသခင် , တရားမှန် သိမြင်သော ဘုရားဖြစ်ပြီ၊ ငါဘုရားကို အမည်ဖြင့်၎င်း , ငါ့ရှင်ဟု၎င်း မခေါ် ကြကုန်လင့်၊ ရဟန်းတို့ , နားထောင်ကြကုန်၊ မသေရရေးတရားကို ငါရပြီ၊ ငါဆုံးမအံ့ , ငါဟောညွှန်အံ့၊ ဆုံးမတိုင်း လိုက်နာ ကျင့်ကြံကုန်မူ မကြာ မြင့်ပင် အကျင့်အဆုံး၌ တရားထူးကို မျက်မှောက်ဗိုဓ္ဓ ရရောက်ကုန်လတ္တံ့။

ဤသို့ဆိုသော် ငင်းတို့က " အို ငါ့ရှင် ဂေါတမ , ထိုသို့သော ကျင့်ဝတ်, ထိုသို့သော ဆင်းရဲစွာ ကျင့်ကြံခြင်းဖြင့်ပင်လည်း အရိယ သူစင်တို့ ဉာဏ်အမြင်ကို မရရှိခဲ့၊ ယခု လာဘ်များရေး လိုက်စား တရားအားထုတ်မှုမှ ဘုန့်လည်ကာ, လာဘ်သက္ကာရအတွက် လှည့်လည်နေသော သင်သည် အရိယသူစင် သူမြတ်တို့ မြင်အပ် , သိအပ်သော တရားထူးကို အဘယ်မှာ ရနိုင်မည်နည်း ? -ဟု ဆိုကုန်ပြီ၊ ငါဘုရားက ထိုအခါ , အို ရဟန်းတို့, ဘုရားရှင်သည် လာဘ်များရေး မလိုက်စား၊, တရားတော် လုပ်ငန်းမှ မထွက် , လာဘ်ပူဇော်အတွက် မလှည့်လည်၊ ရဟန်းတို့ , ငါကား ပူဇော်ခံသခင် တရားအားလုံးကို သိမြင်သော ဘုရားဖြစ်ပြီ၊ နားထောင် နာယူကြ , မသေရေး တရားကို ရပြီ၊ ငါဆုံးမမည်၊ ငါ တရားဟောညွှန်မည်၊ ငါ့အဆုံးအမအတိုင်း လိုတ်နာကျင့်ကြံခဲ့သော်- ကျင့်ဝတ်အဆုံးဖြစ်သော တရားထူးကို သင်တို့ ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ ရရောက်ကုန်လိမ့်မည် " ဟု ပြန်ကြားပြီ။

သို့ပင် ငါဘုရားက ဆိုပါသော်လည်း ငင်းတို့က ရှေးအတိုင်းပင် ညင်းပယ်နေကြသဖြင့် ငင်းတို့အား " အို ရဟန်းတို့ , ရှေးယခင်က သင်တို့အား ဤသို့ ပေါ်ပေါ် လွင်လွင် ဖော်ပြ ပြောဆိုဖူးသည်ကို သင်တို့ သိဖူးကြကုန်သလော ? ဟု မေးခဲ့ရာ "မဟုတ်ပါ , အရှင်ဘုရား" ဟု စကားတုန့် ရခဲ့သကာလ " ရဟန်းတို့ , ငါကား ပူဇော်ခံသခင် တရားအားလုံး သိမြင်သော ဘုရားဖြစ်ပြီ၊ နားထောင်ကြ, နာယူကြကုန်၊ မသေရေးတရားကိုငါရပြီ၊ ငါ ဟောညွှန် ဆုံးမမည်၊သင်တို့ လိုက်နာ ကျင့်ဆောင်ကြကုန်က , ကိုယ်တွေ့ မျက်မှောက် ရရောက်ကြကုန်မည် ဟု ပြောဆိုလျှင် , ငင်းတို့ ယုံကြည်ကြကုန်ပြီ။

ရဟန်းတို့ , ထိုအခါ ငါဘုရားသည် နှစ်ဦးသော ရဟန်းတို့အား ဆုံးမဟောညွှန်ပြီ၊ သုံးဦးတို့က ဆွမ်းခံ၍ ခြောက်ဦးစုံ မျှတကြကုန်ပြီ၊ သုံးဦးသောရဟန်းတို့ကို ငါဘုရား ဆုံးမ ဟောညွှန်ပြီ, နှစ်ဦးသော ရဟန်းတို့က ဆွမ်းခံကုန်၍ ခြောက်ဦးစုံ မျှတကြကုန်ပြီ၊ရဟန်းတို့ , ဤသို့ ဆုံးမဟောညွှန်အပ်သော ငါးဦးစု ရဟန်းတို့သည် မိမိတို့ကိုယ်တိုင် ဘဝဖြစ်ပွါးရခြင်း , အိုမင်းရခြင်း , နာကျင်းရခြင်း , သေလွန်ရခြင်း, စိုးရိမ်ပူးဆွေးရခြင်း, ညစ်နွမ်းရခြင်း သဘောရှိကုန်၍ ငင်းတို့ကို အပြစ် ရှုမြင်ကုန်ကာ ငင်းတို့မှ ကင်းလွတ်လျက် အတုပဲ့ လုံ့လကုန်ခန်းရာ နိဗ္ဗာန်ကို ရရောက်ကြ ကုန်ပြီ၊ ငင်းတို့၏ လွတ်လပ်ခြင်းမှာ မပျက်စီးနိုင် , ဤဘဝကား အဆုံးဘဝတည်း , တဖန် ဘဝသစ်၌ ဖြစ်ဖွယ်မရှိပြီ ဟု အသိဉာဏ်လည်း ဖြစ်ပေါ်ကြကုန်ပြီ။ ဤတရားကို ဘုရား ဟောညွှန်တော်မူလေရာ , ငင်းကို ထိုရဟန်းတို့ နှစ်သိမ့်ကြကုန်ပြီ။- ဤသို့ အကျဉ်းနှိပ် ကြားနာ မှတ်သားရပါသည်။

**အရိယ ပရိယေသန သုတ္တန် ပြီး၏။**

# ၃၂။ စူဠဟတ္ထိပဒေါပမသုတ္တန်။

ဘုရားရှင် သာဝတ္ထိပြည်တော် အနာထပိဏ်သူဌေးကြီးဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူရိက်အခါ † ဇာဏုသောဏိ ပုဏ္ဏားအား ဘုရားဟောတော်မူသည်ကို ဤသို့ အကျွန်ုပ် ကြားနာမှတ်သားရပါသည်။ ထိုစဉ်အခါ ဇာဏုသောဏိ ပုဏ္ဏားသည် နေ့၏ နေ့လည်အခါ အလုံးစုံ ဖြူဖွေးသော မြည်းကသော ရထားဖြင့် သာဝတ္ထိပြည်တော်မှ ထွက်ခဲ့လေရာ ၊ ပိလောတိက ပရိဗိုဇ် အဝေးမှ လာသည်ကို တွေ့မြင်ရ၍ "အိုအရှင်ဝစ္ဆာယန ၊ နေ့လယ်နေ့ပူကြီးမှာ အဘယ်က လာပါသနည်း? ဟု ဇာဏုသောဏိ ပုဏ္ဏားက မေးလေလျှင် ၊ ပိလောတိက ပရိဗိုဇ်က "အိုအရှင် ၊ အကျွန်ုပ်သည် အရှင်ဂေါတမ အထံမှ လာခဲ့ပါသည်" ဟု ဆိုသကာလ "အရှင်ဝစ္ဆာယန ၊ မည်သို့ ထင်မှတ်ပါသနည်း?၊ အရှင်ဂေါတမ၏ ပညာအစွမ်းမှာ ပညာရှိဟန်ပင် ဖြစ်ပါ၏လော? ဟု မေးက "အိုပုဏ္ဏားကြီး" *ကျွန်ုပ်က ဘယ်သို့သူဖြစ်၍ အရှင်ဂေါတမ၏ပညာဉာဏ် အစွမ်းကို သိနိုင်မည်နည်း?၊ ရဟန်းဂေါတမ၏ ပညာဉာဏ် အစွမ်းကို ရဟန်းဂေါတမကဲ့သို့သော သူမှသာ သိနိုင်ပေရာသည်" ဟု ပြန်ကြားသော်၊ ဇာဏုသောဏိ ပုဏ္ဏားက "အရှင်ဝစ္ဆာယနသည် အရှင်ဂေါတမကို မွန်မွန်မြတ်မြတ် ချီးကျူးဘိ၏" ဟု ဆိုပြန်ရာ "အိုအရှင်ပုဏ္ဏား ၊ *ကျွန်ုပ်က ဘယ်သို့သူဖြစ်၍ ရဟန်းဂေါတမ၏ ဂုဏ်ကို ချီးကျူးရမည်နည်း?၊ အရှင်ဂေါတမကား ချီးမွမ်းအပ်သူ့ထက် ချီးမွမ်းအပ်၍ နတ်နှင့်လူတို့၏အတွင်းမှာ အချီးကျူးအပ်ဆုံးသာ ဖြစ်တော့သည်" ဟု ပိလောတိက ပရိဗိုဇ်က ပြန်ကြားလေပြီ။

အရှင်ဝစ္ဆာယနသည် အဘယ်သို့သော အကြောင်းထူးကို မြင်ရ၍ အရှင်ဂေါတမ အပေါ်၌ ထိုမျှ ကြည်ညိုပါသနည်း?၊ အိုကျွန်ုပ်က မည်သို့သူဖြစ်၍ အရှင်ဂေါတမ အပေါ်၌ ဤသို့ကြည်ညိုရမည်နည်း?၊ အို ပုဏ္ဏား ၊ ဥပမာအားဖြင့် ဆင်မုဆိုးသည်

---

× ရှေးဘယဘေရဝသုတ်ကလည်း ဇာဏုသောဏိအမည်နှင့် ပုဏ္ဏားတဦးပါခဲ့ပြီ၊ ယခုသည်း ဇာဏုသောဏိပင် ၊ ထိုထိုသုတ္တန်များ၌လည်း ဇာဏုသောဏိတွေ့ရဦးမည်၊ အမည်တူလော ? လူတူလော ? စဉ်းစားကြရန်။

* ဤချီးမွမ်းနည်းကား အတုခိုးရန်ဖြစ်၏၊ အချို့ ချီးမွမ်းချက်များမှာ ချီးမွမ်းသူကို ညံ့စေယုတ်စေ၏ အချို့က မြင့်မြတ်စေ၏၊ ချီးမွမ်းခံရသူမှာလည်း အယုတ် အမြတ် နှစ်မျိုးပင် ရစေ၏၊ ယခု ချီးကျူးနည်းကား ချီးမွမ်းခံရသူကို မြင့်မြတ်စေ၍ ချီးကျူးသူကို တော်မှန်စေ၏၊

ဆင်တော့သို့ဝင်လေရာ, အရှည်အပြန့် အားဖြင့် ရှည်လျား ပြန့်ပြူးသော ခြေရာကို မြင်၍ ကြီးစွာသော ဆင်ကြီးတည်းဟု ဆုံးဖြတ်လေရာ၏၊ ဤ့အတူပင် ဣန္နိပ်သည် အရှင်ဂေါတမအပေါ်၌ ခြေရာကြီးလေးခုကို တွေ့မြင်ရ၍ ကိုယ်တိုင် တရားမှန်သိသော ပုဥ္ဇးတော်ရှင် ဖြစ်ပေ၏, ပုဥ္ဇးတော်ရှင်သည် တရားတော်ကို ကောင်းစွာ ဟောညွှန်ပေ၏, တပည့် သံဃာတော် အပေါင်းသည် ကောင်းစွာ လိုက်နာကျင့်သောင်ပေ၏၊ ဟု ဆုံးဖြတ်နိုင်ပေသည်၊ မည်သည့် ခြေရာများနည်း? အိုအရှင်ပုဏ္ဏား, ဣန္နိပ်သည် ဇလွန်သိမ်မွေ့၍ † ဝါဒတပါး၌ လိုက်စားလေ့လာပြီးဖြစ်ကုန်လျက်, သားမြီးကို ဖေါက်ထွင်းပစ်ခတ်နိုင်သည့် လေးသမားအလား ဖြစ်ကုန်သော အချို့မင်းမျိုး ပညာရှိကြီးများ, ပုဏ္ဏားမျိုး ပညာရှိကြီးများ, သူကြွယ် ပညာရှိကြီးများ, ရဟန်း ပညာရှိကြီးများကို တွေ့မြင်ရသည်၊ ၎င်းတို့သည် ဤမည်သော မြို့ရွာ နိဂုံး သို့ ရဟန်းဂေါတမ ဆိုက်ရောက်လိမ့်မည်ဟု ကြားသိကြသဖြင့် ငါတို့သည် ရဟန်းဂေါတမကို မေးကြကုန်မည်၊ ဤသို့မေးလျှင် ဤသို့ဖြေလိမ့်မည်၊ ဤသို့ဖြေက ဤသို့ ဝါဒတင်စီး ဖိနှိပ်မည်၊ အကယ်၍ ဤသို့မေး၍ ဤသို့ ဖြေခဲ့ပြန်သော် ဤသို့အားဖြင့်လည်း ၎င်းကို ဝါဒတင်စီး ဖိနှိပ်မည်ဟု ပြဿနာများ ပြင်ဆင်ထားကြကုန်ပြီ။

ထိုသည့် ပညာရှိကြီးတို့သည် ထိုသည့် မြို့ ရွာ နိဂုံး သို့ ရဟန်းဂေါတမရောက်ဆိုက်သော်၎င်း၌ သွားရောက်ကြကုန်ရာ, ရဟန်းဂေါတမက ၎င်းတို့ကို တရားဟောညွှန်ပြဆို၏, သောက်တည့် ကျင့်သုံးစေ၏, ထက်သန်စေ၏, ရွှင်ပျစေ၏၊ ထိုသည့် ပညာရှိကြီးတို့သည် အရှင်ဂေါတမ ညွှန်ပြချက်တရားကို ကြေနပ်နစ်သိမ့်ကုန်ရကား, ၎င်းအားပြဿနာပင် မေးမြန်းကြကုန်, အဘယ်မှာ ဝါဒတင်စီးကုန်တော့မည်နည်း?၊ စင်စစ်မူကား အို အရှင်ပုဏ္ဏား, ရဟန်းဂေါတမ၏ တပည့်တကာတို့သာ ဖြစ်ကြကုန်၏၊ အိုအရှင်ပုဏ္ဏား, အချို့ ရဟန်းပညာရှိကြီးတို့ကား ပြဿနာ မမေးမြန်းရုံ, ဝါဒ မတင်စီးရုံမျှ မဟုတ်, စင်စစ်မူကား ရဟန်းဂေါတမထံ၌ ရဟန်းဖြစ်ရန် အခွင့်တောင်းကြကုန်၏၊ ၎င်းတို့သည် ရဟန်းဂေါတမထံ၌ ရဟန်းပြုကြကုန်၍ မမေ့မလျော့ လုံ့လထုတ်ကာ စွန့်စွန့်စားစား အားထုတ်ကြသဖြင့် ရဟန်းအကျင့် ပြီးဆုံးလျက်, တရားထူးရရောက်ကြကုန်သော် အိုအချင်းတို့ * ဣန္နိပ်တို့သည်ပျက်စီးလုနီး ဖြစ်ခဲ့ကုန်ပြီ၊ အပျက်

† ဤသို့ ဝါဒတပါး, ဘာသာတပါး အခြားအယူတို့ကိုလိုက်စားလေ့လာရသည်မှာ ပိဋကတော်၏ အလေ့အလာကောင်းကြီး တခု ဖြင့်လျက်ရှိစေကာ, ကချို့ဗုဒ္ဓဘာသာဝင်တို့မှာအယူဝါဒခြားကို မကြည့်ရှု မလေ့လာသင့်ဟု ဆိုယူကြကုန်၏၊

* ဤသည့် ရဟန်းတု ရဟန်းယောင်များကို ထောက်ထားသဖြင့် ယခုမြန်မာပြည်က နတ်ဗေဒ် သိုက်တဘောင် စနည်း ဘဝေါ အင်း အိုင် မန္တန် မန္တရား ဆေးဝါး အီစိမက် ရက်ရာဇာ ပြဿဒါး ၄ွက်ပြည် ၄ွက်နား ပျားနှံ့ တောင်ပို့ပေါက် မင်္ဂလာ အမင်္ဂလာ အတိတ် နိမိတ် စသည် ယုံကြည်လိုက်စားနေသော ရဟန်းတော်များ ဥပါသကာ တကာ တကာမများတို့လည်း စဥ်းစားကြမည်၏၊ ဗုဒ္ဓဘာသာဝင် ဖြစ်မဖြစ် မှတ်၍ စဥ်းစားပြီးလျှင် အကျိုးမှန်ရရန် အကြောင်းမှန်တိုင်း လိုက်နာ ပြုလုပ်နိုင်ကြပါစေကုန်း၊

ကြီးဖြင့် ပျက်စီးလုနီး ဖြစ်ခဲ့ကုန်ပြီ၊ ရှေးက ငါတို့သည် * ရဟန်းမဟုတ်ကုန်ပဲ ရဟန်းဟု ဝန်ခံနေခဲ့ကြကုန်ပြီ, မြင့်မြတ်သူမဟုတ်ပဲ မြင့်မြတ်သူဟု ဝန်ခံခဲ့ကုန်ပြီ, ရဟန္တာမဟုတ်ကုန်ပဲ ရဟန္တာဟု ဝန်ခံခဲ့ကြကုန်ပြီ၊ စင်စစ်မူကား ယခုမှသာ ရဟန်းဖြစ်ကုန်၏, မြင့်မြတ်သူ ဖြစ်ကုန်၏, ရဟန္တာဖြစ်ကုန်၏ဟု ဆိုကြကုန်ပြီ၊

ဒိုအရှင်ပုဏ္ဏား, ကျွန်ုပ်သည် ဤသည့် ခြေရာကြီးလေးချက်ကို တွေ့မြင်ရ၍သာ တရားမှန်ကို ကိုယ်တိုင် သိမြင်သော ပုဉ်းတော်သခင်တည်း, ပုဉ်းတော်သခင်သည် တရားတော်ကို ကောင်းစွာ ဟောညွှန်းပေသည်၊ ဟောညွှန်ချက်အတိုင်း ၎င်း၏ တပည့်သံဃာတော်သည် ကောင်းကောင်းကျင့်ကြံပေသည်ဟု ဆုံးဖြတ်ခဲ့ပြီ ဟု ပြောကြားလေပြီ၊ ထိုစကားကို ကြားရသော ဇာဏုဿောဏိ ပုဏ္ဏားသည် မိမိ၏ ရထားမြူကြီးပေါ်မှ ဆင်းသက်၍ ကိုယ်ဝတ် စမ္ဘာသ်တင်ကာ ဘုရားရှင်ရှိရာဖက်သို့ လက်အုပ်မြှောက်ချီ၍ အပူဇော်ခံသခင် တရားအားလုံးကို ကိုယ်တိုင်သိမြင်သော ထိုပုဉ်းတော်ရှင်ဘုရားအား ရှိခိုးပါ၏, ကျွန်ုပ်တို့လည်း တခံ့တခါ တွေ့ဆုံ ဖူးမြော်ခွင့် ရပေရာ၏, တစုံတရာ စကားဆွေးနွေးခွင့် ရပေရာ၏ ဟု ဆိုလေပြီ၊ တရံရောအခါ ဇာဏုဿောဏိ ပုဏ္ဏားသည် ဘုရားရှင့်ဌာန် သွားရောက်၍ ဝမ်းမြောက်ဖွယ် နှုတ်ဆက်စကား ပြောကြားပြီးသော် ပိလောတိကပရိဗိုဇ်နှင့် တွေ့ဆုံပြောဆို ကြားသိရပုံ အလုံးစုံကို ပြန်ကြားလေရာ, ဘုရားရှင်က ဒိုပုဏ္ဏား, ဆင်ခြေရာကား ဤမျှဖြင့် မပြည့်စုံသေးချေ၊ စင်စစ် အပြည့်အစုံဖြစ်သော ဆင်ခြေရာကို ဟောပြညွှန်ကြားမည်၊ နားထောင်လော့, ကောင်းစွာ နှလုံးသွင်းလော့ ? ဟောပြအံ့ဟု မိန့်တော်မူသျှင် ကောင်းသပါပြီဟု ဝန်ခံသဖြင့် ဘုရားရှင် ဤသို့ ဟောညွှန်တော်မူလေပြီ။

ဒို ပုဏ္ဏား, ဆင်မုဆိုးသည် ဆင်တောသို့ သွားရောက်၍ အလျား အနံ အားဖြင့် ကျယ်ပြန့် ရှည်လျားသော ဆင်ခြေရာကို တွေ့ရလေရာ, ကောင်းကောင်း လိမ္မာသော မုဆိုးသည် ကြီးစွာသော ဆင်ကြီးပေတကား ဟု မဆုံးဖြတ်သေးချေ၊ အကြောင်းသော်ကား ဒိုပုဏ္ဏား, ဆင်တောအတွင်း၌ ခြေရာ ကြီးပြန့် ရှည်လျားသော ဝါမနိကာခေါ်ဆင်မမျိုးလည်း ရှိကုန်သေး၏၊ ထို့ကြောင့် ထိုဆင်မတို့၏ခြေရာသော် ဖြစ်ရာသည်ဟု ယုံမှား၍ ၎င်းခြေရာသို့ အစဉ်လိုက်လေသည်၊ သို့ လိုက်လတ်သော် ဆင်တော၌ အရှည်အလျား အားဖြင့်၎င်း, အနံအပြန့် အားဖြင့်၎င်း, ကြီးမားလှစွာသော ဆင်ခြေရာကြီးတခုကို တွေ့ပြန်လေ၏၊ မြင့်မားရာ၌ စားသုံးသော သစ်ခက် သစ်ရွက် ကျိုးများကိုလည်း မြင်ရလေ၏၊ ထိုမျှဖြင့်လည်း ဆင်တော၌ ကျွမ်းကျင်လိမ္မာသော မုဆိုးသည် ကြီးမားသော ဆင်ကြီးတည်းဟု ဧကန် မဆုံးဖြတ်သေးချေ၊ ဒို ပုဏ္ဏား, အကြောင်းမူကား ဆင်တောအတွင်း၌ ဥစ္စကဠာရိကာမည်သော ခြေရာကြီး ဆင်မမျိုးတို့လည်း ရှိကုန်ရကား ၎င်းတို့ ခြေရာလည်း ဖြစ်နိုင်သေး၏၊ ထို့ကြောင့် ၎င်းသည် ထိုခြေရာသို့ အစဉ်တစိုက် လိုက်ပြန်၏၊ အစဉ်တစိုက် လိုက်ပြန်လေသော် အလျားအနံ

ရှည်လျား ပြန့်ကျယ်သော ခြေရာ , အမြင့်၌ ချိုးပဲ့ စားသောက်ရာများနှင့် အစွယ်ဖြင့် ထိုးဆွထားရာ များကိုလည်း တွေ့မြင်ရလေ၏၊ သို့ဖြစ်စေကာ, ကောင်းကောင်း လိမ္မာသော မုဆိုးသည် ကြီးစွာသော ဆင်ဖြစ်ပြီဟု မဆုံးဖြတ်သေး၊အကြောင်းကား ဥစ္စကာဠာရိကာ ခည်သော ဆင်မျိုး၏ ခြေရာသော် ဖြစ်နိုင်သေးလေသည်။

အိုပုဏ္ဏား, မုဆိုးသည် ထိုခြေရာသို့ အစဉ်ဆက်လက် လိုက်လေသော် ကျယ်ပျံ့ ရှည်လျားစွာသော ခြေရာကိုင်း , အမြင့်တွင်ချိုးပဲ့ စားသောက်ထားသော သစ်ရွက် သစ်ခက်ကျိုးများကိုင်း , မြင့်မားစွာသော အစွယ် ထိုးကျိပ်ထားရာ , ပွန်းပဲ့ရာများ ကိုင်း မြင်ရ၍ သစ်ပင်အောက်တွင် ဖြစ်စေ , လွင်ပြင်တွင် ဖြစ်စေ , သွားလျက်င်း, ရပ်လျက်င်း , ဝပ်လျက်င်း , အိပ်စက်လျက်င်း နေသော ထိုဆင်ကြီးကိုလည်း မြင်ရ လေ၏၊ ထိုအခါမှသာ ဆင်မုဆိုးသည် ကြီးမားစွာသော ဆင်ပေတည်းဟု ကေန် ဆုံးဖြတ်လေ၏။

အို ပုဏ္ဏား , ဤ အတူပင်- ဤလောက၌ အမှန်တရားကို အမှန်အားဖြင့် သိမြင် ဟောကြားသည့် ဘုရားဖြစ်ပွင့်တော်မူလေ၏၊ ၎င်းသည် အပူဇော်ခံထိုက်သည် , ကိလေသာပယ်စွန့်သည် , သံသရာစက်ပြတ်သည် , မကောင်းမှု ဒုစရိုက်မှ အပြစ် ဆိတ်သုဉ်းသည်,ထို့ကြောင့် တရားအားလုံးကို ကိုယ်တိုင် သိစွမ်းနိုင်သည်, ထို့နှင့် လျော်စွာဉာဏ်အမြင်နှင့်အကျင့်သီလရှိသည်, ထို့ကြောင့် ကောင်းသော အသိဉာဏ် အကျင့်သီလရှိ၍ ကောင်းသောတရားကို ကောင်းစွာသိလျက် ကောင်းသော လမ်းမှန် နည်းကျကို ညွှန်ပြ ဟောကြားသည် , ထို့ အတိုင်းလည်း လောက အထူးထူး လောကနေသူအထူးထူး , ထိုထိုလောကကို ရရောက်ရေး ကံအထူးထူး , ထိုထို လောက ဘုံဘဝမှ လွတ်မြောက်ကြောင်း ကံအထူးထူး , လောကသူတို့ အလို အထူးထူးကို သိတော်မူသည်၊ ထို့ကြောင့် , သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိ ဉာဏဒဿန ဂုဏ်အားဖြင့် အတုမဲ့ အပြိုင်မဲ့ အသှဉ်မဲ့ ဖြစ်လေသည်၊ ထို့အ တိုင်းလည်း ဆုံးမခြေချွတ်ထိုက်သူ ကျွတ်ထိုက် လွတ်ထိုက်သူကို မချွတ်မလွဲ ဆုံးမ ခြေချွတ် ကျွတ်စေ လွတ်စေတော်မူသည်၊ ထို့ကြောင့်နတ်နှင့်လူတို့၏ဩဝါဒပေးဆရာ တည်းဟူ ဖြစ်တော်မူသည်၊ ထို့အတိုင်းလည်း လောကနေသူ ဗိုလ်လူအပေါင်းအား အမှန် တရားကို အမှန်အားဖြင့် သိစေတော်မူသည်၊ ထိုသို့အားဖြင့် ပဉ္စငေ်း ကမ်တော် သခင် , ဉာဏ်တော်တန်ခိုးတော် အသျှင် , အသရေတော်ရှင် ဖြစ်တော်မူ၏။

ထိုသည့်ဘုရားသည် လူ နတ် ဗြဟ္မာ ဘုံနေထိုင်ဖြစ်ပွားရာကမ္ဘာလောက အထူးထူး ကိုင်း , လူ နတ် ဗြဟ္မာ ရဟန်း သူစင် သူကောင်း အပေါင်းကိုင်း , ကိုယ်တော်တိုင် ထိုးသွင်းသိလျက် မျက်မြင်ဖြစ်၍ ဟောညွှန်သည်၊ အစ အလယ် အဆုံး ကောင်းမွန်၍ အနက် အဓိပ္ပါယ် သဒ္ဒါ ပုဒ် ဝါကျနှင့် ပြည့်စုံသော တရားတော်ကို ဟောညွှန်သည် , အားလုံးပြည့်စုံ၍ လောက ညစ်ကြေးမှ မြင်စင်သော အကျင့်မြတ်ကို ဖော်ပြ

ညွှန်ကြားသည်၊ ထိုဘုရား ထိုသို့သော တရားတော်ကို သူကြွယ်သော်၎င်း သူကြွယ့်သားသော်၎င်း၊, တမျိုးမျိုး၌ ဖြစ်ပွါးသူသော်၎င်း , နာကြားရလေရာ , ဘုရားအပေါ်၌ ယုံကြည် ကိုးစားလေသည်၊ ယုံကြည်ကိုးစား၍ ဒိမ်ယာထောင်သည့် လူ့ဘောင်၌ နေထိုင်ရခြင်းသည် ကျဉ်းမြောင်း ကျပ်တည်း၏၊ မြူကိလိသ်ကုရာ လမ်းကြီးဖြစ်၏၊ ရဟန်းအဖြစ်မှုကား လွင်ပြင်နှင့်တူ၏, ဤအကျင့်မြတ်မည်သည်ကို လူ့ဘောင်နေသူသည် စင်စစ် ပြည့်စုံအောင် ခရုသင်း ပွတ်သစ်အလား ဖြူစင်အောင်ကျင့်ဆောင်ရန် မလွယ်ကူချေ၊ ငါသည် ဆံ မုတ်ဆိတ် ပယ်စွန့်ကာ , ဖန်ရည်ဆိုး အဝတ်ကို ဝတ်ရုံ၍ ရဟန်းပြုအံ့ဟု ကြံစည်လေသည်၊ သို့ကြံစည်တိုင်း တခုံအခါ ၎င်းသည် နည်းပါးသော ဥစ္စာစုကို ဖြစ်စေ , များစွာသော ဥစ္စာစုကိုဖြစ်စေ ပယ်စွန့်၍ နည်းပါးသော ဆွေမျိုးအပေါင်းကို ဖြစ်စေ., များပြားသော ဆွေမျိုးအပေါင်းကို ဖြစ်စေ ခွဲခွါစွန့်ထွက်၍ ဆံမုတ်ဆိတ် စွန့်ပယ်ကာ ဖန်ရည်ဆိုးဝတ်၍ ရဟန်းပြုလုပ်လေ၏၊

သူသည် ဤသို့ ရဟန်းဖြစ်၍ ရဟန်းတို့၏အသက်ဟူသော ကျင့်ဝတ်နှင့် ပြည့်စုံလျက် သူ့အသက်သတ်ဖြတ်မှုကိုပယ်စွန့်၍ သူ့အသက်သတ်ဖြတ်ခြင်းမှကြဉ်ရှောင်လေ၏၊ တုတ်ဒါဏ် နှုတ်ဇဏ် တုတ်လက်နက် ဓါးလက်နက် နှုတ်လက်နက်ပယ်ချထားရှိလေ၏၊ အပြစ်မှ ရှက်ကြောက်ကာ သနားကြင်နာ၍ သတ္တဝါ အားလုံးအပေါ်၌ အစီးအပွါးကို စောင့်စည်းနေထိုင်လေ၏၊ သူ့ဥစ္စာခိုးယူမှုကို စွန့်ပယ်၍ သူ့ဥစ္စာခိုးယူခြင်းမှကြဉ်ရှောင်၏, ပေးသည်ကိုသာယူ၏ , ဖေးသည်ကိုသာ လို၏ , မခိုးမဝှက် စင်ကြယ်သော ကိုယ် နှုတ် စိတ်ဖြင့် နေထိုင်လေသည် , မမြတ်သော အကျင့်ကိုပယ်စွန့်၍ မြတ်သောအကျင့်ကို ကျင့်ကြံ၏၊ မမြင့်မြတ်သော ရွာသူတို့၏ မေထုန်အကျင့်မှ ကြဉ်ရှောင်၏၊ မုသားဆိုမှုကို စွန့်ပယ်၍ မုသားဆိုခြင်းမှကြဉ်ရှောင်၏၊ မှန်ကန်စွာဆို၏၊ အမှန်နှင့် အမှန်ကို စပ်ဆက်၏၊ တည်ကြည်၏ , ယုံကြည်အပ်သူဖြစ်၏၊ လူအများကို မချွတ်ယွင်းစေ၊ ချောပစ်စကားကိုပယ်စွန့်၍ ချောပစ်ခြင်းမှ ကြဉ်ရှောင်၏၊ ဤသူ့ဌာန်မှကြား၍ ဤမည်သော သူ့ဌာန်၌ ဤသူတို့ ကွဲပြားရန် မပြောဆိုချေ၊ ဤမည်သူ့ဌာန်မှကြား၍ လည်း ဤသူ့ဌာန်၌ ဤမည်သူတို့ ကွဲပြားစေရန် မပြောကြားချေ၊ ဤသို့အားဖြင့် ကွဲပြားသူတို့ကို စေ့စပ်၏၊ ညီညွတ်သူတို့အား အားပေး၏၊ ညီညွတ်မှု၌မွေ့လျော် နှစ်သြိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၍ ညီညွတ်ကြောင်း စကားကို ဆို၏။

ကြမ်းကြုတ်သော စကားကို ပယ်စွန့်၍ , ကြမ်းကြုတ်စွာဆိုခြင်းမှ ကြဉ်ရှောင်၏၊ အပြစ်ကင်းစင်၍ နားချမ်းသာသောစကား , ချစ်ခင်ဖွယ်စကား , နှစ်လုံးသို့ဝင်သော စကား , မြို့ကြီးသုံးစကား , များစွာသောသူတို့ ကြိုက်နှစ်သက်သော စကားမျိုးကို ပြောဆို၏၊ အပြိန်အပျင်းစကားကို ပယ်စွန့်၍ အပြိန်အပျင်းပြောဆိုခြင်းမှ ကြဉ်ရှောင်၏ , အခါအားလျော်စွာ ပြော၏၊ ဟုတ်မှန်ရာပြော၏၊ အကျိုးရှိရာကိုပြော၏၊ တရား

မှန်စွာပြော၏၊ အဆုံးအမစကားကို ပြောဇ်၊နှစ်လုံး၌ ထားဖွယ်ဖြစ်၍ အခါသင့် ညွှန်ချက်ပါ အပိုင်းအခြားရှိ အကျိုးစွက် စကားကိုဆို၏၊ သူသည် မြက် သစ်ပင် အပေါင်းကို ဖျက်ဆီး ခုတ်ဖြတ်ခြင်းမှ ကြဉ်ရှောင်၏၊ ဆွမ်းတထပ်သာ စားခြင်း, ညဉ့်စာစားခြင်းမှ ကြဉ်ရှောင်၏, အခါမဲ့စားခြင်းမှ ကြဉ်ရှောင်၏၊ ကခုန်မြူးတူးခြင်း, သီချင်းသီဆိုခြင်း, တီးမှုတ်ခြင်း, အဆန်းတကြယ် ပြုလုပ်ခြင်း, ၎င်းတို့ကို ကြည့်ရှုနားထောင်ခြင်းတို့မှ ကြဉ်ရှောင်၏၊ အတင့်အတယ် အပြေအပျစ် ပြုလုပ်ဆင်ယင်ကြောင်းဖြစ်သော ပန်းပန်ခြင်း, အမွှေးအသုံ လိမ်းသုတ်ခြင်း, နံ့သာမှုန့် နံ့သာရည် လိမ်းကျံခြင်း, အဝတ်တန်ဆာ ဆင်ယင်ခြင်းတို့မှ ကြဉ်ရှောင်၏၊ မြင့်မြတ်သည်ဟု သမုတ်အပ်သော နေရာထိုင်ခင်းတို့မှ ကြဉ်ရှောင်၏၊ ရွှေငွေ ကိုင်ခံခြင်း, သာသာ ခြင်းမှ ကြဉ်ရှောင်၏၊ စပါးစိမ်း ဆန်စိမ်း ခံယူခြင်းမှ ကြဉ်ရှောင်၏၊ အသားစိမ်း ခံယူခြင်းမှ ကြဉ်ရှောင်၏၊ မိန်းမ- မိန်းမပျို ခံယူခြင်းမှ ကြဉ်ရှောင်၏၊ ကျွန် မိန်းမ-ကျွန်ယောကျ်ား ခံယူခြင်းမှ ကြဉ်ရှောင်၏၊ သိုး- ဆိတ်- ကြက် ဝက်- ဆင်- နွားမြင်း- လယ်ယာ အိမ်ယာ မြေ ခံယူခြင်းမှ ကြဉ်ရှောင်၏။

သူသည် တမန်စေစား သွားလာမှုမှ ကြဉ်ရှောင်၏၊ ရောင်းဝယ် ဖေါက်ကားခြင်းမှ ကြဉ်ရှောင်၏၊ ချိန်-သပြာ- တင်း တောင်း စဉ်းလဲ ပြုလုပ်ခြင်းမှ ကြဉ်ရှောင်၏၊ တံစိုးစားခြင်း, စဉ်းလဲခြင်း, ကောက်ကျစ်ခြင်းမှ ကြဉ်ရှောင်၏၊ ဖြတ်ခြင်း, သတ်ခြင်း, နှောင်ဖွဲ့ခြင်း, မှောင်တွင်း၌ တိုက်ခိုက်ခြင်း, လုယက်ခြင်း, အနုကြမ်းစီးခြင်းတို့မှ ကြဉ်ရှောင်၏၊ သူသည် တကိုယ်ဝတ်လောက်ရုံမျှသော အဝတ်သင်္ကန်း, တဝမ်းမျှတလောက်ရုံသော ဆွမ်းဖြင့် တင်းတိမ်ရောင့်ရဲ၏၊ သူသည် မည်သည့်အရပ်သို့ သွားစေ, အတောင်လျှင် ဝန်ရှိသော ငှက်ကဲ့သို့ သင်္ကန်း, သပိတ် ဆောင်ယူ၍သာ သွားလာ၏၊ သူသည် ဤသို့ ပြည့်စုံသော အရိယာသီလနှင့် ပြည့်စုံ၍ အတွင်းစိတ်သန္တာန်၌ အပြစ်ကင်းသော ချမ်းသာကို ခံစားရ၏။ သူသည် မစောင့် စည်းပဲ နေခဲ့သော် - ဖြူရှုခြင်း, စိတ်မသက်သာခြင်း အကုသိုလ် တရားတို့ ဖြစ်ပွားရာသည့် အဆင်းကို မြင်သော်- တည်မက်ဖွယ် အာရုံကိုမယူ, သာယာနစ်မြုပ်ဖွယ် မစွဲးယူ, မျက်စိကို စောင့်စည်းရန် ကျင့်၏၊ မျက်စိဣန္ဒြေစောင့်စည်း၏၊ မျက်စိ၌ စောင့်စည်း၏၊ ထို့အတူ နား- နှာခေါင်း- လျှာ- ကိုယ်- စိတ် တို့ကို စောင့်စည်း၏၊ သူသည် ဤသို့ ပြည့်သော ဣန္ဒြေ စောင့်စည်းရေးနှင့်ပြည့်စုံ၍ အတွင်းစိတ်သန္တာန်၌ ကိလေသာ မစွတ်ငြိသော ချမ်းသာကို ခံစားရ၏၊ သူသည် သွားလာရာ၌ ဆင်ခြင်၍ သွားလာ၏၊ တူရူကြည့်ရာ, စောင်းငဲ့ကြည့်ရာတို့၌ ဆင်ခြင်၍ ကြည့်ရှု၏၊ ကွေးညွှတ်ရာ, ဆန့်တန်းရာ သင်္ကန်း သပိတ်- ဝတ်ရုံ ဆောင်ယူရာ, စားရာ, သောက်ရာ, ခဲရာ, လျက်ရာ, တို့၌ ဆင်ခြင်၍သာ ပြုလုပ်၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ ဆင်ခြင်၍ ပြုကျင့်၏၊

သွားရာ, ရပ်ရာ, ထိုင်ရာ, အိပ်ရာ, နိုးရာ, စကားပြောရာ, ဆိတ်ဆိတ်နေရာ တို့၌ ဆင်ခြင်၍သာ ပြုကျင့်၏၊ သူသည် ဤသည့် မြတ်သော သတိထင်ထင် ဆင်ခြင် ဉာဏ်နှင့် ပြည့်စုံ၏။

ယင်းသည့် မြတ်သော အကျင့်သီလဂုဏ် ဣန္ဒြေ စောင့်စည်းရေးဂုဏ် သတိ ထင်သည့် ဆင်ခြင်ဉာဏ် ဂုဏ်များနှင့် ပြည့်စုံသော ထိုသည့် ရဟန်းသည် ကျောင်း ကန် တော သစ်ပင်အောက် တောင်ချောက် ကျောက်ဂူ သုသာန် တောအုပ် လွင်ပြင် ကောက်ရိုးပုံ စသည် ဆိတ်ငြိမ်ရာသို့ သွား ရောက် နေထိုင်၏၊ သူသည် ဆွမ်းစား ပြီးနောက် ဆွမ်းခံပြန်ခဲ့သော်- ထက်ဝက် ဖွဲ့ခွေ နေထိုင်လျက် ကိုယ်ကို မတ်မတ် ထား၍ တရား၌ ရှေးရှု အာရုံရှုးမိုက်နေထိုင်၏၊ သူသည်–

၁- လောကပေါ်၌ ငြူစူ တပ်စွဲခြင်းကို ပယ်စွန့်၍ ငြူစူတပ်စွဲ ကင်းသော စိတ်ဖြင့် နေထိုင်၏၊ စိတ်ကို ငြူစူတပ်စွဲခြင်းမှ သုတ်သင်၏။

၂– ဖျက်ဆီး လိုခြင်း ပြစ်မှားခြင်းကို ပယ်စွန့်၍ ဖျက်ဆီး လိုခြင်း, ပြစ်မှား ခြင်း ကင်းသော စိတ်ဖြင့် နေထိုင်၏၊ သတ္တဝါအားလုံးအပေါ်၌ စီးပွါး စောင့်လိုစိတ်ရှိ၏၊ ဖျက်ဆီးလိုခြင်း, ပြစ်မှားခြင်းမှ စိတ်ကိုသုတ်သင်၏။

၃– ပျင်းရိ ငိုက်မြည်းခြင်းကို ပယ်စွန့်၍ ပျင်းရိ ငိုက်မြည်းခြင်း ကင်းသော စိတ်ဖြင့် နေထိုင်၏၊ အရောင်အလင်း အမှတ်ရှိ သတိထင်ထင် ဆင်ခြင် ဉာဏ်ထား၍ ပျင်းရိငိုက်မြည်းခြင်းမှ စိတ်ကို သုတ်သင်၏။

၄– ပျံ့လွင့်ခြင်း, အလို့လို့ ရှိခြင်းကို ပယ်စွန့်၍ မပျံ့ မလွင့် နေထိုင်၏။ အတွင်း၌ စိတ်အေးငြိမ်၏၊ ပျံ့လွင့်ခြင်း, အလို့လို့ရှိခြင်းမှ စိတ်ကို သုတ်သင်၏။

၅– ယုံမှားခြင်းကို ပယ်၍ ယုံမှားခြင်း လွန်မြောက် နေထိုင်၏၊ ကုသိုလ် တရားတို့၌ သို့လော ? သို့လော ? တွေးတောခြင်း ကင်း၏၊ ယုံမှား ခြင်းမှ စိတ်ကိုသုတ်သင်၏။

သူသည် ဤသည့် စိတ်ညစ်ကျုရေး ပညာအားလျော့စေကြောင်း အပိတ်အပင်တရား ငါးမျိုးတို့ကို ပယ်စွန့်၍ လိုလားတပ်မက်ခြင်းမှ ဆိတ်သုဉ်း၍ အကုသိုလ်တို့မှ ဆိတ် ကင်း၍ ကြံစည်ခြင်း စဉ်းစားခြင်း ဆိတ်သုဉ်းခြင်း နှစ်သိမ့်ခြင်း ချမ်းသာခြင်းရှိ ပထမ ဈာန်ကို ရရောက် ပြည့်စုံ နေထိုင်လေ၏။

ဤအတူ † ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ရရောက် ပြည့်စုံ နေထိုင်လေ၏။ အိုပုဏ္ဏား ဤသည့် တရားများကို ဘုရားရှင့် ခြေရာဟူ၍, ဘုရား ရှင်၏ မှီဝဲသုံးဆောင်ရာဟူ၍, ဘုရားရှင်၏ နှစ်သိမ့်ကြေနပ်ရာဟူ၍, ဆိုအပ်၏၊

† ဤမှနောက်စကားစုမှာ စာမျက်နှာ-၂၉-ဘယဘေရဝသုတ္တန် အတိုင်း အကျယ်သိရန် ဖြစ်၏၊ ၎င်း၌ အကျယ်ကြည့်ရှုနိုင်၏။

ဤသည့် တရားစုကို အားလုံး ရောက် နေထိုင်စေကာမူလည်း အရိယာတပည့်တော်သည် တရားအားလုံးကို ကိုယ်တိုင် အမှန် သိတော်မူသည့် ပုဉ်းတော်သျှင် , ဘုရားတည်း၊ ပုဉ်းတော်သျှင်ဘုရားသည် တရားတော်ကို ကောင်းစွာညွှန်ပြ ဟောကြားသည် , ပုဉ်းတော်သျှင်ဘုရား ဟောညွှန်တိုင်း တပည့် သံဃာတော်က လိုက်နာ၍ ကောင်းစွာ ကျင့်ဆောင်ပေသည်ဟု ကား မဆုံးဖြတ်သေးချေ၊ အိုပုဏ္ဏား , သူသည် ဤသည့်စိတ်ထားတည်တန့်ခဲ့သော်-ရှေးနေပူးသော ဘဝများစွာကို အောက်မေ့နိုင်၏၊ နတ်မျက်စိဉာဏ်ဖြင့် သတ္တဝါတို့ အဖြစ်အပျက်ကို သိမြင်နိုင်၏၊ ဉာဏ်မှန် ပေါ်ပေါက်၍ လောကပွါးစီးရေး အားလုံး ကုန်ခန်းသော ဉာဏ်ကို ရရှိလေ၏၊ အိုပုဏ္ဏား, ဤသည့် တရားစုနှင့် ပြည့်စုံသော အရိယာတပည့်တော်သည်လည်း တရားမှန်သိသော ဘုရားဟုဋ်း , တရားဟုဋ်း, အမှန်ကျင့်သော သံဃာဟုဋ်း မဆုံးဖြတ်သေး၊ စင်စစ်ကား ဆုံးဖြတ်ဆဲဖြစ်၏၊ အိုပုဏ္ဏား , သူသည် , ဤသို့သိမြင်၍ လောကပွါးစီးရေး ကုန်ခန်းလျက် ၎င်းအတွက် အခြားလုပ်ငန်း မရှိတော့ဟု သိလေ၏၊ ထိုသည့် အရိယာ တပည့်တော်သည်သာ တရားမှန်သိသော ဘုရားဟုဋ်း , မှန်တိုင်း ဟောထားချက် တရားတော်ဟုဋ်း , အမှန်အတိုင်း ကျင့်သော သံဃာတော်ဟုဋ်း ဆုံးဖြတ်ခြင်းသို့ ရောက်တော့လေသည်၊ အိုပုဏ္ဏား , ဤမျှဖြင့် ဆင်ခြေရာသည် ပြည့်စုံလေပြီ။ ဤစကားကို ကြားနာ၍ ဇာဏုသောဏိပုဏ္ဏားသည် ဥပါသကာ အဖြစ် ဝန်ခံလေပြီ၊- ဤသို့ ကြားနာမှတ်သားရပါသည်၊

စူဠဟတ္ထိပဒေါပမ သုတ္တန် ပြီး၏။

# ၃၃။ မဟာ ဟတ္ထိပဒေါပမသုတ္တန်၊

ဓမ္မသေနာပတိ ဂုဏ်ထူးဖြင့် ဘုရားချီးကျူးခြင်းကို ခံယူတော်မူရသော လက်ျာတော်ရံ အဂ္ဂသာဝက တပည့်ကြီး အရှင်သာရိပုတ် အဌာနတော်မှ ဤဆိုလတ္တံ့ အတိုင်း ကြားနာ မှတ်သားရပါသည်၊ ဘုရားရှင် သာဝတ္ထိပြည်တော် အနာထပိဏ် သဌေးကြီး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူစဉ်အခါ၊ အရှင်သာရိပုတ် ထေရ်မြတ်သည် " အို ငါ့ရှင်ရဟန်းတို့ " ဟု ခေါ်တော်မူ၍ ရဟန်းတို့က " အို ငါ့ရှင် " ဟု ပြန်ကြားသော် ဤသို့ဟောညွှန်တော်မူလေပြီ။

ငါ့ရှင်တို့, ဥပမာအားဖြင့် ကုန်း၌ဖြစ်ပွါးသော သတ္တဝါတို့၏ ခြေရာမှန်သမျှတွင် ဆင်ခြေရာကို ကြီးမားခြင်းအားဖြင့် အမြတ်ဆုံးဟု ဆိုရ၏၊ ငါ့ရှင်တို့, ဤအတူပင် အားလုံးသော သဘာဝတရား အားလုံးတို့သည် † သစ္စာလေးပါး၌ ပေါင်းဆုံကုန်၏၊ အဘယ်လေးပါးတို့၌ ပေါင်းဆုံကုန်သနည်း ?၊ ၁-အရိယာတို့၏ဆင်းရဲ အမှန်တရား , ၂-ဆင်းရဲကြောင်း အမှန်တရား , ၃-ဆင်းရဲ လက်စသတ် ချုပ်ငြိမ်းရာ အမှန်တရား , ၄-ဆင်းရဲချုပ်ငြိမ်းရေး ကျင့်ဝတ် အမှန်တရား၊ ဤအမှန်တရား လေးမျိုးတို့၌ ပေါင်းဆုံကုန်၏။

ငါ့ရှင်တို့ ,၁-အရိယာတို့၏ ဆင်းရဲအမှန်တရားကား၊ ဘဝ၌ဖြစ်ပွါးရခြင်း, အိုမင်းရခြင်း , နာဖျားရခြင်း သေကြေရခြင်း စိုးရိမ်ငိုကြွေး ကိုယ် စိတ် မချမ်းသာ ပြင်းစွာ ပင်ပန်းရခြင်း , အလို အတိုင်း မဖြစ်ရခြင်း , အကျဉ်းချုပ်အားဖြင့် တပ်မက်စွဲလမ်းသော ကိုယ်အစုငါးမျိုး , ၎င်းတို့ကား (၁)ရုပ်အစု , (၂) ခံစားခြင်းအစု , (၃)အမှတ်သညာအစု , (၄)ပြုပြင်ရေးအစု ,(၅) အသိစိတ်အစု- ဤအားလုံးသည် ဆင်းရဲ အမှန်တရားတည်း။

အို့ ငါ့ရှင်တို့ , ရုပ်အစုအဘယ်နည်း ?၊ ထင်ရှားသော အခံရုပ် ဓါတ်ကြီးလေး မျိုးနှင့် ၎င်းကိုမှီသော အမှီရုပ်များတည်း၊ ထင်ရှားသော အခံရုပ် ဓါတ်ကြီးလေးမျိုး တို့ကား၊ မြေဓါတ်- ခက်မာခြင်းသဘော , ရေဓါတ်-ပေါင်းစုစပ်ဖက်ခြင်း သဘော, မီးဓါတ်-ရင့်မယော် လောင်မြိုက်ခြင်းသဘော , လေဓါတ်-တောင့်တင်း ရုန်းကန်ခြင်း သဘော , ဤလေးမျိုးတို့တည်း။

† ကုသိုလ်တရား အားလုံးမှာ သစ္စာလေးပါး၌ စုသွင်း ပေါင်းဆုံသနည်း ? မဖြစ်နိုင်၊ သဘာဝ တရား အားလုံးသာ ဖြစ်သင့်၏။

ငါ့ရှင်တို့ , မြေဓါတ်ကား အတွင်းမြေ ,အပြင်မြေ နှစ်မျိုးရှိ၏။ အတွင်းမြေဓါတ်ကား ကိုယ်အတွင်း ၌, ကိုယ်အသီးသီးအတွင်း၌ ကြမ်းထမ်းသော ခက်ထမ်သော စွဲယူအပ်သော ဓါတ်သဘောမျိုးတည်း၊ ၎င်းတို့ကား- ဆံ , အမွေး , ခြေသဲ - လက်သဲ, သွား , အရေထူ - အရေပါး , အသား, အကြော , အရိုး , ချဉ်ဆီ ,အညှို့, နှစ်လုံး, အသဲ, အဖြဉ်း , အမြှေး , အဆုပ် , အူမ , အူသိမ် , အစာသစ် , ကျင်ကြီး , ဦးနှောက်– ထိုမှတပါး ကိုယ်အတွင်း၌ ဖြစ်၍ ကြမ်းထမ်းခက်မာသော စွဲယူအပ်ရာ အားလုံးတည်း၊ ၎င်းရကို မြေဓါတ်ဟု ဆိုရ၏၊ ဤသည့် အတွင်းမြေဓါတ်နှင့် အပြင်မြေဓါတ်မှာ မြေဓါတ်သာဖြစ်၏၊ ၎င်းကို ငါ့ဟာမဟုတ် , ငါမဟုတ် , ငါ့ကိုယ်မဟုတ်ဟု ဟုတ်မှန်တိုင်း ဟုတ်မှန်သော ဉာဏ်အမြင်ဖြင့် ကြည့်ရှုအပ်၏၊ ယင်းသို့ ဆင်ခြင်ကြည့်ရှုသော် မြေဓါတ်၌ ငြီးငွေ့၏၊ စိတ်အတည်မကျကင်း၏၊ ငါ့ရှင်တို့, ဤမျှဖြင့် ထိုရဟန်းမှာ ကျေးဇူးများလှပြီ။

ငါ့ရှင်တို့ ,ရေဓါတ် အဘယ်နည်း ?၊ ရေဓါတ်မှာ အတွင်းအပြင်အားဖြင့် နှစ်မျိုးရှိ၏၊ အတွင်းရေဓါတ်ကား ကိုယ်အတွင်း ပုဂ္ဂိုလ်အသီးသီး အတွင်း၌ ဖြစ်သော ရေဓါတ် အရည်ဓါတ်စွဲယူအပ်သော ဓါတ်သဘောမျိုးတည်း၊ ၎င်းတို့ကား- သည်းခြေ, သလိပ် , ပြည် , သွေး , ချွေး, အဆီခဲ, မျက်ရည် , အဆီကြည် , နှပ် , တံတွေး , အစေး ,ကျင်ငယ်– ဤမှတပါး ကိုယ်အတွင်း သတ္တဝါအသီးသီးအတွင်း၌ ဖြစ်သော ရေဓါတ် အရည်ဓါတ် စွဲယူအပ်သော အရာအားလုံးတည်း၊ ၎င်းရကို ရေဓါတ်ဟု ဆိုအပ်၏၊ ငါ့ရှင်တို့ , အတွင်းရေဓါတ် အပြင်ရေဓါတ် နှစ်မျိုးသည်ပင် ရေဓါတ်သာဖြစ်၏၊ "၎င်းကို ငါ့ဟာမဟုတ် , ငါမဟုတ် , ငါ့ကိုယ်မဟုတ်ဟု ဟုတ်မှန်တိုင်း ဟုတ်မှန်သော ဉာဏ်အမြင်ဖြင့် ရှုကြည့်အပ်၏၊ ယင်းသို့ ရှုမြင်သော်- ရေဓါတ်၌ ငြီးငွေ့၏၊ စိတ် အတည်မကျ ကင်း၏၊ ငါ့ရှင်တို့, ဤမျှဖြင့် ထိုရဟန်းမှာ ကျေးဇူးများလှပြီ။

ငါ့ရှင်တို့ , မီးဓါတ် အဘယ်နည်း ?၊ မီးဓါတ်မှာ အတွင်းအပြင် နှစ်မျိုးရှိ၏၊ အတွင်းမီးကား ကိုယ်အတွင်း ပုဂ္ဂိုလ်အသီးသီး အတွင်း၌ ဖြစ်သော အပူဓါတ် , အလောင်ဓါတ် စွဲယူအပ်သော ဓါတ်သဘောတည်း၊ ၎င်းမှာ ပူလောင်၏၊ ဆွေးမြေ့ ကြေညက် ကျွမ်းမြိုက်၏ စားသောက်သမျှ အစာကြေညက်၏၊ ဤမှတပါး ကိုယ်အတွင်း သတ္တဝါ အသီးသီးအတွင်း၌ ဖြစ်သော အပူဓါတ် အလောင်ဓါတ် စွဲယူအပ်သော သဘောတည်း၊ ဤအားလုံးကိုပင် မီးဓါတ်ဟု ဆိုရ၏၊ ငါ့ရှင်တို့ , အတွင်းမီးဓါတ် အပြင်မီးဓါတ်သည် မီးဓါတ်သာဖြစ်၏၊ ၎င်းကို ငါမဟုတ် , ငါ့ဟာမဟုတ် , ငါ့ကိုယ်မဟုတ်ဟု ဟုတ်မှန်တိုင်း ဟုတ်မှန်သော ဉာဏ်အမြင်ဖြင့် ရှုကြည့်အပ်၏၊ ယင်းသို့ ဆင်ခြင် ရှုကြည့်သော် မီးဓါတ်၌ ငြီးငွေ့၏၊ စိတ် အတည်မကျ ကင်း၏၊ ငါ့ရှင်တို့ ဤမျှဖြင့် ထိုရဟန်းမှာ ကျေးဇူးများလှပြီ။

ငါ့ရှင်တို့ , လေဓါတ် အဘယ်နည်း ?၊ လေဓါတ်မှာ အတွင်း အပြင်ဟု နှစ်မျိုး ရှိ၏၊ အတွင်း လေဓါတ်ကား ကိုယ်အတွင်း ပုဂ္ဂိုလ် အသီးသီး အတွင်း၌ ဖြစ်သော လေဓါတ် , အလွှင့်ဓါတ် စွဲးယူအပ်သော သဘောတည်း၊ ၎င်းတို့ကား-

(၁) အထက်သို့ ဆန်တက်သောလေ၊
(၂) အောက်သို့ ရုန်ဆင်းသောလေ၊
(၃) ဝမ်းတွင်း၌ တည်သောလေ။
(၄) အူအတွင်း၌ တည်သောလေ၊
(၅) ကိုယ်အင်္ဂါကြီးငယ်သို့ လျှောက်သွားသောလေ။
(၆) ထွက်သက် ဝင်သက်လေ။

ဤမှတပါး ကိုယ်အတွင်း သတ္တဝါအသီးသီးအတွင်း၌ ဖြစ်သော လေဓါတ် , အလွှင့်ဓါတ် စွဲးယူအပ်သော သဘောတည်း၊ ဤအရာရကို လေဓါတ်ဟု ဆိုရ၏၊ ငါ့ရှင်တို့, အတွင်းလေဓါတ်နှင့် အပြင် လေဓါတ်သည် လေဓါတ်သာဖြစ်၏၊ ၎င်းကို ငါမဟုတ် , ငါ့ဟာမဟုတ် , ငါ့ကိုယ်မဟုတ်ဟု ဟုတ်မှန်တိုင်း ဟုတ်မှန်သော ဉာဏ်အမြင်ဖြင့် ရှုကြည့်အပ်၏၊ ဤသို့ ဆင်ခြင်ရှုကြည့်သော်- လေဓါတ်၌ ငြီးငွေ့၏ , စိတ်အတပ်မက် ကင်း၏၊ ငါ့ရှင်တို့ , ဤမျှဖြင့် ထိုရဟန်းမှာ ကျေးဇူးများလှပြီ။

ငါ့ရှင်တို့, ဥပမာအားဖြင့် သစ်သားကိုင်း , နွယ်ကိုင်း ,မြေကိုင်း,မြက်ကိုင်း စွဲး၍ ကောင်းကင် ဝန်းရံအပ်သည်ကို အိမ်ဟုခေါ်၏၊ ဤ့အတူပင် ငါ့ရှင်တို့ , အရိုးကိုင်း , အကြောကိုင်း , အသားကိုင်း , အရေကိုင်း စွဲး၍ ကောင်းကင် ဝန်းရံအပ်သော အထည်ဝတ္ထုကို ရုပ်ဟုဆိုအပ်၏၊ ငါ့ရှင်တို့ အတွင်းဖြစ်သော မျက်စိ မပျက်စီးပဲ အပြင်က အဆင်း ထင်လာစေကာ,ထိုအားလျော်စွာ နှစ်လုံးသွင်းခြင်းထင်ရှားမဖြစ် ခဲ့သော် ထို့နှင့်လျော်သော မျက်စိအသိစိတ် မဖြစ်ပေါ်ချေ၊ အတွင်းမျက်စိ မပျက် စီးခြင်း , အပြင်ကအဆင်း ထင်လာခြင်း , ထို့အားလျော်စွာ နှစ်လုံးသွင်းခြင်း ရှိသော် သာ ထို့နှင့်လျော်သော မျက်စိ အသိစိတ်ဖြစ်ပေါ်၏၊ ထိုသို့အားဖြင့် ဖြစ်သော ရုပ်သည် ရုပ်အစုမည်၏၊ ထိုသို့အားဖြင့် ဖြစ်သော ခံစားခြင်းသည် ခံစားခြင်းအစု မည်၏၊ ထိုသို့အားဖြင့် ဖြစ်သော အမှတ်သညာသည် အမှတ်သညာအစုမည်၏၊ထိုသို့ အားဖြင့် ဖြစ်သော ပြုပြင်ခြင်း သဘောသည် ပြုပြင်ရေးအစုမည်၏၊ ထိုသို့အားဖြင့် ဖြစ်သော စိတ်သည် အသိစိတ်အစုမည်၏၊ - ထိုရဟန်းသည် ဤသို့သိ၏၊ ဤသို့လျှင် ဤသည့် တပ်မက် စွဲးလမ်း အပ်သော ကိုယ်အစု ငါးမျိုးတို့၏ ပေါင်းစပ်ခြင်း , ဆုံစည်းခြင်း , ညီညွတ်ခြင်းသာ ဖြစ်လေ သတတ်၊ ဤသို့ ဖြစ်သော အကြောင်းနှင့် အကျိုးကို သိမြင်သူသည် တရားကိုမြင်၏၊ တရားကို မြင်သောသူသည် အကြောင်း အကျိုး စပ်ဆက်ဖြစ်ပွားသည်ကို မြင်၏ဟု ဘုရားဟောအပ်သည့် အတိုင်း ဤကိုယ်

အစု ငါးမျိုးသည် အကြောင်းနှင့် အကျိုး စပ်ဆက် ဖြစ်ပွါးသည်တကား၊ ဤကိုယ်အစု၌ လိုလားခြင်း, တွယ်တာခြင်း, ချစ်ခင်ခြင်း, သက်ဝင်ခြင်းသည် ဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကိုယ်အစု ငါးမျိုး၌ မလိုလားခြင်း,မတွယ်တာခြင်း, မချစ်ခင်ခြင်း, မသက်ဝင်ခြင်းသည် ဆင်းရဲ ချုပ်ငြိမ်းခြင်းတည်း၊ ဤသို့ ရှုမြင်ခြင်းသည် ကျေးဇူးများလှ၏၊

ငါ့ရှင်တို့, အတွင်းဖြစ်သော နား- နှာခေါင်း- လျှာ- ကိုယ် မပျက်စီးမူ၍ အပြင်ဖြစ်သော အသံ- အနံ့- အရသာ- အထိအတွေ့ တို့လည်း ထင်လာကုန်စေကာ, ထိုအားလျော်စွာ နှလုံးသွင်းခြင်း မဖြစ်ခဲ့သော်-ထိုနှင့်ဆိုင်စပ်သော နား-နှာခေါင်း-လျှာ-ကိုယ် အသိစိတ် မဖြစ်ချေ။ သင့်လျော်သောနှလုံးသွင်းခြင်းရှိသော်သာ ဆိုင်ရာ အသိစိတ် ဖြစ်ပေ၏၊ ဤသို့အားဖြင့် ဖြစ်သော ရုပ်သည် ရုပ်အစု, ခံစားခြင်းသည် ခံစားခြင်းအစု, မှတ်သားခြင်းသည် အမှတ်သညာအစု, ပြုပြင်ခြင်းသည် ပြုပြင်အစု, အသိစိတ်သည် စိတ်အစု၊ ထိုဥပမာန်းသည် ဤသို့သိ၏၊ ဤသို့လျှင် ဤသည့် တသမက်စွဲလမ်းအပ်သော ကိုယ်အစု ငါးမျိုးတို့၏ အကြောင်းနှင့်အကျိုး စပ်ဆက် ဖြစ်ပွါးသည်ကို ရှုမြင်သူသည် တရားကိုမြင်၏၊ တရားကိုမြင်သောသူသည် အကြောင်းနှင့် အကျိုး စပ်ဆက် ဖြစ်ပွါးသည်ကို မြင်၏ဟု ဘုရားဟောတော်မူတိုင်း ဤကိုယ်အစု ငါးမျိုးတို့သည် ဤသို့ အကြောင်းနှင့် အကျိုး စပ်ဆက်၍ ဖြစ်ပွါးကုန်သည်တကား၊ ဤသို့သော ကိုယ်အစု ငါးမျိုးတို့၌ လိုလားခြင်း, တွယ်တာခြင်း, ချစ်ခင်ခြင်း, သက်ဝင်ခြင်းသည် ဆင်းရဲဖြစ်ကြောင်းတည်း၊ ၎င်းတို့၌ မလိုလားခြင်း, မတွယ်တာခြင်း,မချစ်ခင်ခြင်း, မသက်ဝင်ခြင်းသည် ဆင်းရဲချုပ်ငြိမ်းခြင်းတည်း၊ ငါ့ရှင်တို့, ဤသို့ ရှုဖြစ်သော်ပင်လည်း ရဟန်းမှာ ကျေးဇူးများလှပေ၏- ဤသို့ အရှင်သာရိပုတ္တ ဟောညွှန်ချက်ကို ရဟန်းတို့ နှစ်သိမ့်ကုန်ပြီ- ဤသို့ ကြားနာ မှတ်သားရ ပါသည်။

**မဟာဟတ္ထိပဒေါပမ သုတ္တန် ပြီး၏။**

## ၂၄။ သာရောပမ သုတ္တန်။

အကျွန်ုပ်သည် ဘုရားရှင့်အဌာန်တော်မှ ဤသို့ ကြားနာ မှတ်သားခဲ့ပါသည်။ တစ်ရံအခါ ဘုရားရှင်သည် အရှင်ဒေဝဒတ် သံဃာသင်းခွဲ ထွက်သွား၍ မမြင့်မီ, ရာဇဂြိုဟ်မြို့တော် (အရှေ့) ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံး နေတော်မူလေပြီ။ ထိုအခါ ဘုရားရှင်သည် အရှင်ဒေဝဒတ်ကို အကြောင်းပြု၍ အစည်းအဝေး သဘင်ရှိ ရဟန်းတို့ကို ဤသို့ မိန့်တော်မူလေပြီ။

ရဟန်းတို့, ဤသာသနာတော်၌အချို့ အမျိုးကောင်းသားသည် ဘဝ၌ဖြစ်ရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း, စိုးရိမ်ငိုကြွေး ကိုယ်စိတ် မသာ ပြင်းစွာ ပင်ပန်းရခြင်းတို့ဖြင့် လွှမ်းမိုးအပ်၍ ဆင်းရဲ ဖိစီးအပ်, နှိပ်စက်အပ်ရကား ဤသည့် ဆင်းရဲ အစုအခဲမှ လွတ်မြောက်ပေရာသည်ဟု စိတ်ထားရည်ညွှန်ကာ, သဒ္ဓါယုံကြည်၍ လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုခဲ့လေသည်။ သူသည် ဤသို့ရဟန်းပြုခဲ့လျက် လပ်သပ္ပကာ အကျော်အစောကို ဖြစ်ပွါးစေလေသည်။ ၎င်းဖြင့် နှစ်သိမ့် ဝမ်းမြောက်၍ အကြံအစည် ပြီးမြောက်လေသည်။ ၎င်းဖြင့် ငါကား လပ်သပ္ပကာရှိသူ, ကျော်စောသူဖြစ်၏။ ဤရဟန်းတို့ကား မထင်မရှား ပုဉ်းကမ်နည်းပါးကုန်၏ ဟု မိမိကို မြှောက်မြှင့်၏။ သူတပါးကို ရှုတ်ချ၏။ သူသည် သူ၏ လပ်သပ္ပကာ အကျော် အစောဖြင့် ယစ်၏, မူး၏, မေ့လျော့၏။ ရဟန်းတို့, မေ့လျော့သူသည် ဆင်းရဲစွာနေရ၏။

ရဟန်းတို့, ဥပမာအားဖြင့် အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာဖွေသူ တယောက်သည်အနှစ်ကိုရှာဖွေလေရာ, ကြီးစွာသော အနှစ်ရှိ သစ်ပင်ကြီး၏ အနှစ် အကာ အခွံ အပွေးကို လွန်၍ အခက် အရွက်ကိုသာ အနှစ်ထင်မှတ် ဖြတ်၍ ယူဆောင်လေသည်။ ၎င်းကို တွေ့မြင်ရ၍ သိတတ်သူတဦးက "ဤသူကား အနှစ်ကိုလည်းမသိ, အကာကိုလည်းမသိ, အခွံကိုလည်းမသိ, အပွေးကိုလည်းမသိ, အခက်အရွက်ကိုလည်းမသိ, ထို့ကြောင့် သူသည် အခက်အရွက်ကို အနှစ်ထင်မှတ် ဆောင်ယူလေသည်။ ၎င်းမှာ အနှစ်ဖြင့် ပြုလုပ်မည့်ကိစ္စလည်း မပြီးစီးလတ္တံ့" ဟု ဆိုလေရာ၏။ ရဟန်းတို့ ဤအတူပင် ဤသာသနာတော်၌ ရဟန်းပြုလုပ်၍ လပ်သပ္ပကာ အကျော် အစောဖြင့်

ယစ်မူး မေ့လျော့နေသော ရဟန်းသည်လည်း ဆင်းရဲစွာနေရ၏၊ ရဟန်းတို့, ဤရဟန်းကို မြင့်မြတ်သောအကျင့်၏ အခက်အရွက်ကို ယူ၍ တင်းတိမ်ရောင့်ရဲသူ ဟု ဆိုအပ်၏။

ရဟန်းတို့, ဤသာသနာတော်၌ အချို့အမျိုးကောင်းသားသည် ဆင်းရဲနှိပ်စက်ဖိစီးသဖြင့် ၎င်းမှ လွတ်မြောက်ရန် သဒ္ဓါယုံကြည်၍ ရဟန်းပြုပြီးလျှင် လပ်သပ္ပကာ အကျော်အစောကို ဖြစ်စေ၏၊ သူသည် ၎င်းဖြင့်မနှစ်သက်, အလိုမပြည့်၊ မိမိကို လည်း မမြှောက်မြှင့်, သူတပါးကိုလည်းမရှုတ်ချ, မယစ်မမူး, မမေ့လျော့မူ၍ သီလကို ပြည့်စုံစေ လေသည်၊ သူသည် သီလ ပြည့်စုံခြင်းဖြင့် နှစ်သက်၏, အလိုပြည့်၏, ငါကား သီလရှိသူ, ဤရဟန်းတို့ကား သီလမရှိကုန် ဟု မိမိကိုမြှောက်မြှင့်၏, သူတပါးကို ရှုတ်ချ၏၊ သူသည် ၎င်းဖြင့် ယစ်၏, မူး၏, မေ့လျော့၏၊ ရဟန်းတို့, မေ့လျော့သူသည် ဆင်းရဲစွာနေရ၏၊ ရဟန်းတို့, ဥပမာအားဖြင့် အနှစ်ကိုလို၍ ရှာဖွေသူသည် အနှစ်ရှိသင်ပင်ကြီး၏ အနှစ် အကာ အခွံတို့ကို လွန်၍ အပွေးကိုသာ အနှစ်ဟု ထင်မှတ် ယူဆောင်သွားလေသည်၊ ၎င်းကိုမြင်၍ သိတတ်သူတဦးက "ဤသူကား **အနှစ်** အကာ အခွံ အပွေး အခက်အရွက်တို့ကို မသိ၊ ထို့ကြောင့် **အပွေးကိုအနှစ်** ထင်မှတ် ယူဆောင်လေသည်၊ သူမှာ **အနှစ်ဖြင့်ပြုလုပ်ဖွယ်ကိစ္စလည်း မပြီးလတ္တံ့**" ဟု ဆိုလေရာ၏၊ ရဟန်းတို့, ဤအတူပင် ဤသာသနာတော်၌ ရဟန်းပြု၍ သီလကိုဖြစ်စေလျက်, ၎င်းဖြင့် တင်းတိမ်ရောင့်ရဲ ယစ်မူးမေ့လျော့ နေသူသည်လည်း ဆင်းရဲစွာ နေရ၏၊ ရဟန်းတို့, ဤရဟန်းကို မြတ်သောအကျင့်၏ အပွေးကိုယူ၍ တင်းတိမ် ရောင့်ရဲသူဟု ဆိုအပ်၏။

ရဟန်းတို့, ဤသာသနာတော်၌ အချို့အမျိုးကောင်းသားသည် ဆင်းရဲနှိပ်စက် ဖိစီးသဖြင့် ၎င်းမှ လွတ်မြောက်ရန် သဒ္ဓါယုံကြည်၍ ရဟန်းပြုပြီးလျှင် လပ်သပ္ပကာ အကျော်အစောမှုဖြင့် တင်းတိမ်ရောင့်ရဲမရှိ, သီလကို ပြည့်စုံစေ၏၊ ၎င်းဖြင့်လည်း ရောင့်ရဲ တင်းတိမ်မရှိပဲ သမာဓိကိုဖြစ်စေ၏၊ သူသည် သမာဓိ ပြည့်စုံခြင်းဖြင့် နှစ်သက်၏, အလိုပြည့်၏, ၎င်းဖြင့် ငါကား သမာဓိနှင့် ပြည့်စုံသူ, ဤရဟန်းတို့ကား သမာဓိမရှိကုန်ဟု မိမိကိုမြှောက်မြှင့်၏, သူတပါးကိုရှုတ်ချ၏။ သူသည်၎င်းဖြင့်ယစ်၏ မူး၏, မေ့လျော့၏, ရဟန်းတို့, မေ့လျော့သူသည် ဆင်းရဲစွာနေရ၏၊ ရဟန်းတို့, ဥပမာအားဖြင့် အနှစ်ကို အလိုရှိ၍ ရှာဖွေသူသည် အနှစ်ရှိ သစ်ပင်ကြီး၏ အနှစ်နှင့် အကာကို လွန်၍ အခွံကိုသာ အနှစ် ထင်မှတ် ဆောင်ယူလေသည်၊ ၎င်းကိုမြင်၍ သိတတ်သူတဦးက "ဤသူကား သစ်ပင်၏ အနှစ် အကာ အခွံ အပွေး အခက် အရွက် တို့ကိုမသိ၊ ထို့ကြောင့် အခွံကိုသာ အနှစ် ထင်မှတ် ယူဆောင်သွားသည်၊ **အနှစ်ဖြင့်**

ပြုဖွယ်ကိစ္စလည်း မပြီးလတ္တံ့” ဟု ဆိုလေရာ၏၊ ရဟန်းတို့ ၊ ဤအတူပင် ဤသာသနာတော်၌ ရဟန်းပြု၍ သမာဓိမှုကို ပြည့်စုံစေကာ ၊ ၎င်းဖြင့် တင်းတိမ်ရောင့်ရဲ၍ ယစ်မူး မေ့လျော့နေသော ရဟန်းသည်လည်း ဆင်းရဲစွာနေရ၏၊ ရဟန်းတို့ ၊ ဤရဟန်းကို မြတ်သောအကျင့်၏ အခွံကိုသာယူ၍ တင်းတိမ်ရောင့်ရဲသူဟု ဆိုအပ်၏။

ရဟန်းတို့ ၊ ဤသာသနာတော်၌ အချို့ အမျိုးကောင်း သားသည် ဆင်းရဲဖြင့် နှိပ်စက်ဖိစီးအပ်ရကား ၎င်းမှ လွတ်မြောက်ရရန် သဒ္ဓါယုံကြည်၍ ရဟန်းပြုလုပ်ပြီးသော်- လာဘ်သပ္ပကာ အကျော်အစောမှုဖြင့် တင်းမတိမ်ပဲ့, သီလပြည့်စုံခြင်း ၊ သမာဓိ ပြည့်စုံခြင်းမှု ဖြင့်လည်း တင်းတိမ် ရောင့်ရဲမရှိသေးမူ၍ ဉာဏ်အမြင်ကို ရအောင်ဖြစ်ပွါးစေ၏၊ ၎င်းဖြင့်ကား သူသည် နှစ်သက်၏ ၊ အလိုပြည့်စုံ၏၊ ငါကား ဉာဏ်အမြင်နှင့် ပြည့်စုံသူ ၊ ဤရဟန်းတို့ကား ဉာဏ်အမြင်မရှိ ၊ သိမြင်၍ နေသူမဟုတ်ကုန် ဟု မိမိကို မြှောက်မြှင့်၏ ၊ သူတပါးကိုရှုတ်ချ၏။ သူသည် ထိုဉာဏ်အမြင်ဖြင့် ယစ်၏ ၊ မူး၏ ၊ မေ့လျော့၏၊ ရဟန်းတို့ ၊ မေ့လျော့သူသည် ဆင်းရဲစွာနေရ၏၊ ရဟန်းတို့ ဥပမာအားဖြင့် အနှစ်ကိုလို၍ ရှာဖွေသူသည် အနှစ်ရှိ သစ်ပင်ကြီး၏ အနှစ်ကိုလွန်၍ အကာကိုသာ အနှစ်ထင်မှတ် ယူဆောင်လေ၏၊ ၎င်းကိုမြင်၍ သိတတ်သူတဦးက “ ဤသူသည် သစ်ပင်၏ အနှစ် အကာ အခွံ အပွေး အခက် အရွက်တို့ကို မသိ၊ ထို့ကြောင့် သူသည် အကာကိုသာ အနှစ်ထင်မှတ်ယူဆောင်လေသည်၊ သူ့မှာ အနှစ်ဖြင့် ပြုဖွယ် ကိစ္စလည်း မပြီးလတ္တံ့ ” ဟု ဆိုလေရာ၏၊ ဤအတူပင် ၊ ရဟန်းတို့ ၊ ဤသာသနာ တော်၌ ရဟန်းပြု၍ ဉာဏ်အမြင်ကို ဖြစ်ပွါးစေကာ ၊ တင်းတိမ်ရောင့်ရဲ ယစ်မူး မေ့လျော့နေသူသည် ဆင်းရဲစွာနေထိုင်ရ၏။ ရဟန်းတို့ ၊ ဤရဟန်းကို မြတ်သောအကျင့်၏ အကာကိုယူ၍ တင်းတိမ်ရောင့်ရဲသူဟု ဆိုအပ်၏၊

ရဟန်းတို့ ၊ ဤသာသနာတော်၌ အချို့ အမျိုးကောင်းသားသည် ဆင်းရဲနှိပ်စက် ဖိစီးသဖြင့် ၎င်းမှ လွတ်မြောက်ရရန် သဒ္ဓါယုံကြည်၍ ရဟန်းပြုလုပ်ပြီးလျှင် လာဘ်သပ္ပကာ အကျော်အစော သီလ သမာဓိ ဉာဏ်အမြင်တို့ဖြင့် တင်းတိမ်ရောင့်ရဲ မရှိမူ၍ မယစ်မူး မမေ့မလျော့ ဖြစ်လတ်သော်- အခါမဲ့ လွတ်လပ်ရေးကို ရရှိလေ၏၊ ရဟန်းတို့ ၊ အခါမဲ့ လွတ်လပ်ရေးမှကား ယုတ်လျော့ဖွယ် အကြောင်းမရှိချေ၊ ရဟန်းတို့ ၊ ဥပမာအားဖြင့် အနှစ်ကိုလို၍ အနှစ်ကို ရှာဖွေသသည် အနှစ်နှင့် သစ်ပင်ကြီး၏ အနှစ်ကိုသာ အနှစ်ဟု သိရှိယူဆောင်သွားသေ၏၊ ၎င်းကိုမြင်၍ သိတတ်သူတဦးက “ အမောင်တို့ ၊ ဤသူသည် အနှစ်ကိုသာ အနှစ်ဟု သိ၍ ယူဆောင်လေသည်၊ သူ့မှာ အနှစ်ဖြင့် ပြုဖွယ်ကိစ္စလည်း ပြီးလတ္တံ့ ” ဟု ဆိုလေရာ၏၊ ဤအတူပင် ရဟန်းတို့ ၊ ဤသာသနာတော်၌ ရဟန်းပြု၍ အခါမဲ့ လွတ်လပ်ရေးကို ဖြစ်ပွါးစေ၏။

ရဟန်းတို့ , ဤသို့အားဖြင့် ဤသာသနာတော်သည် လပ်သပ်ကာ အကျော်အစော ရရန် အကျိုးမှုမဟုတ် , သီလပြည့်စုံရုံ အကျိုးမှု မဟုတ် , သမာဓိ ပြည့်စုံရုံ ကျိုးမှုမဟုတ် , ဉာဏ်အမြင်ပြည့်စုံရုံ အကျိုးမှုမဟုတ် , ရဟန်းတို့ ,စင်စစ်ကား၊ မပျက် မစီးနိုင်သော လွတ်လပ်ရေးအတွက်သာ ဤ သာသနာတော် ဖြစ်လေသည်၊ ဤသည်လျှင် အနှစ်, ဤသည်လျှင်အဆုံးဖြစ်၏။- ဟု ဟောတော်မူရာ ရဟန်းတို့နှစ်သိမ့်ကုန်ပြီ။ ဤသို့ ကြားနာ မှတ်သားရပါသည်။

## သာရောပမသုတ္တန်ပြီး၏။

၃၀-စူဠသာရောပမသုတ်၊

၃၁-စူဠဂေါသိင်္ဂသုတ်။

၃၂-မဟာဂေါသိင်္ဂသုတ်-ဟု သုတ်ပေါင်း-၃-ခုကို ချန်ထားခဲ့၏၊ ပဌမသုတ်မှာ ပုဂ္ဂိုလ် မှုကိုးရှိ တရားတူ၏၊ကျန် ၂ သုတ်တို့မှာလည်း ဗိဋကဆောင် သီဟိုဠ်ဆရာတို့၏ ဝင်ဖြည့် ပဏ္ဏာသကိုက် လုပ်ဆန်းကာမျှ, ဖြည့်စွက်ထားကာမျှ ဖြစ်ကုန်၏။ တရားနှစ် မရှိသောကြောင့် ၎င်းတို့ကို ချန်ထားခဲ့၏။

# ၃၅။ မဟာဂေါပါလက သုတ္တန်၊

ဤသို့ ဆိုလတ်အံ့သည့်အတိုင်း ဘုရားရှင့် အဌာနိတော်မှ အကြွနိုပ် ကြားနာ မှတ်သားရပါသည်၊ ဘုရားရှင်သာဝတ္ထိမြို့တော်ကို ဂေါစရဂါမ်ပြု၍ အနာထပိဏ် သေဋ္ဌေးကြီး ဆောက်လုပ်လှူဒါန်းသော ဇေတဝန် အာရာမ်တော်၌ သီးတင်းသုံး နေတော်မူစဉ် တရားသဘင်၌ ရဟန်းတို့ကို "ဒိုို ရဟန်းတို့" ဟု ခေါ်တော်မူ၍ ၎င်းတို့ဌာန်မှ "ဒိုို မြတ်စွာဘုရား" ဟု စကားတုန့် ရရှိသော်- ဤသို့ မိန့်ကြားတော်မူလေပြီ။ ရဟန်းတို့ ,အင်္ဂါတဆဲ့တပါးနှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအုပ်ကို ထိန်းကျောင်းရန် , တိုးတက်ကြီးပွါးရန် မထိုက်ပချေ၊ အဘယ် အင်္ဂါတဆဲ့တပါး တို့နှင့် ပြည့်စုံသနည်း ?၊ ရဟန်းတို့ , ဤလောက၌ နွားထိန်းကျောင်းသူသည်-

၁-နွားတို့ ရုပ်ဆင်းအသွင်ကို မသိ ,
၂-နွား၏ လက္ခဏာ၌ မလိမ်မာ ,
၃-ယင်ကြီးဥကို မထုတ်ပယ်တတ် ,
၄-အနာကို ဆေးပါး မအုံတတ် ,
၅-မီးခိုး မယှက်တတ် ,
၆-ရေဆိပ်ကို မသိ ,
၇-နစ်သက်အပ် , မနစ်သက်အပ်ကို မသိ ,
၈-သွားလာလမ်းကို မသိ ,
၉-နွားစားကျက်ကို မသိ ,
၁၀-နို့ရည်ကို အကြွင်းမထား ညှစ်ယူ၏ ,
၁၁-နွားအုပ်ထိန်း ရှေ့ဆောင်နွားလားကို ပိုမို၍ ချီးမြှောက်ပူဇော်မပြု၊

ရဟန်းတို့ , ဤသည့် အင်္ဂါတဆဲ့တပါးနှင့် ပြည့်စုံသော နွားထိန်းသည် နွားတို့ ထိန်းကျောင်း၍ စည်ပင် တိုးတက်ရန် မစွမ်းဆောင်နိုင်ချေ။

ဒိုိရဟန်းတို့ , ဤ့အတူပင် အင်္ဂါတဆဲ့တပါးနှင့် , ပြည့်စုံသော ရဟန်းသည် ဤဓမ္မဝိနယ သာသနာတော်၌ ပွါးစီး စည်ပင် ပြန့်ပြောရန် မထိုက်ပချေ၊ အဘယ်အင်္ဂါ တဆဲ့တပါးနှင့် ပြည့်စုံသနည်း ?၊ ရဟန်းတို့ , ဤသာသနာတော်ဝင် ရဟန်းသည် ၁-ရုပ်ကိုမသိ , ၂-သဘောလက္ခဏာ၌ မလိမ်မာ , ၃-ယင်ကြီးဥ မထုတ်ပယ်တတ်, ၄-အနာကို ဆေးမအုံတတ် , ၅-မီးခိုးမယှက်တတ် , ၆-ဆိပ်ကမ်းကို , မသိ, ၇-နစ်သက်အပ် မနစ်သက်အပ်ကို မသိ , ၈-လမ်းခရီးကို မသိ၊ ၉-စားကျက်၌

မလိမ်မာ, ၁၀-နို့ရည်ကိုအကြွင်းမထား ညှစ်ယူ၏၊ ၁၁-ထေရ် ဝါသ် ကြီးရင့်သည့် သံဃာ့ရှေ့ဆောင် မထေရ်များကို ပိုမို ပူဇော် ခြီးမြှောက်မပြု၊ ဤအင်္ဂါတို့တည်း။

ရဟန်းတို့ , '' ၁-ရုပ်ကိုမသိသော'' ဟူသည်ကား ရုပ်မှန်သမျှ အားလုံးမှာ အခံရုပ်ဓါတ်ကြီး လေမျိုးနှင့် ၎င်းတို့ကို မှီတတ်သော အမှီရုပ်များကိုဟုတ်တိုင်းမှန်စွာမသိ။

၂-'' သဘောလက္ခဏာ၌ မလိမ်မာသော'' ဟူသည်ကား သူမိုက်သည် မကောင်းသော အကြံ , မကောင်းသောစကား , မကောင်းသောအလုပ်ကို လုပ်ခြင်း လက္ခဏာရှိ၏၊ လူလိမ်မာသည် ကောင်းသောအကြံအစည် , ကောင်းကောင်းပြောဆိုခြင်း , ကောင်းသောအမှုကို လုပ်ခြင်းသဘောရှိ၏ ဟု ဟုတ်တိုင်း မှန်စွာမသိ၊

၃-'' ယင်းကြီး၌ မထုတ်ပယ်တတ်သော'' ဟူသည်ကား အလိုကာမ အကြံအစည် , ဖျက်ဆီးရေး အကြံအစည် , ညှဉ်းဆဲရေး အကြံအစည်များ ဖြစ်ပေါ်ခဲ့သော်- လက်ခံ၏၊ မဖယ်ရှား , မဖျောက်ပယ် , မဖျက်ဆီး , မဖြစ်ပွါးအောင် မပြုလုပ် , ဖြစ်ပွါးတိုင်း , ဖြစ်ပွါးတိုင်းသော ယုတ်ညံ့သော အကုသိုလ် အကြံအစည်တို့ကို လက်ခံ၏၊ မဖယ်ရှား , မဖျောက်ပယ် , မဖျက်ဆီး , မဖြစ်ပွါးအောင် မပြုလုပ်၊

၄-'' အနာကို ဆေးမအုံတတ်သော '' ဟူသည်ကား မစောင့်မစည်း နေခဲ့သော် ငြူစူခြင်း , စိတ်မသာကြည်ခြင်း အကုသိုလ်များ တိုးပွါးနိုင်သည့် မျက်စိ— နား— နှာခေါင်း— လျှာ- ကိုယ်- စိတ်- ဤဣန္ဒြေတို့ကို မစောင့်စည်း၊ မြင်သော်- ကြားသော်- နံသော်-စားသောက်သော်-တွေ့ထိသော်- စိတ်ကူးစိတ်သန်းပြုသော် , အာရုံကိုစွဲယူ၏, သာယာစွဲမက်၏ , ဣန္ဒြေကိုမစောင့်စည်း , ဣန္ဒြေတို့၌ စောင့်စည်းခြင်းကို မပြုလုပ်။

၅-'' မီးခိုးမလွှင့်တတ်သော'' ဟူသည်ကား ကြားနာမှု , သင်ယူလေ့လာမှုတိုင်း တရားကို သူတပါးအား အကျယ်မဟောပြော , မချဲ့ချေ၊

၆-''ဆိပ်ကမ်း မသိသော'' ဟူသည်ကား အကြားအမြင် ပညာဗဟုသုတများသူ တရားတတ်ကျွမ်းသူ , ဝိနည်းတတ်ကျွမ်းသူ ရဟန်းတို့ကို မပြတ်ဆီးကပ်၍ ဤအရာ မည်သို့ပါနည်း ?၊ ဤစကား၏ အနက်အဓိပ္ပါယ် မည်သို့နည်း ? ဟု မမေးမြန်းတတ် မညှိနှိုင်းတတ်၊ ထို့ကြောင့် ၎င်းမှာ မပွင့်လင်းရာဂုလည်း မပွင့်လင်း, မပေါ်လွင်သော အရာလည်း မပေါ်လွင် , ယုံမှားရာဌာန များစွာ ဖြစ်ပွါးလျက်သာ ရှိလေ၏။

၇-'' နစ်သက်အပ်သည်ကို မသိသော'' ဟူသည်ကား † ဘုရားအဆုံး အမ စကားကို ဟော [illegible]ားအပ်သော်- အနက်အဓိပ္ပါယ်ကို မသာယာ မနှစ်[illegible]က် , တရား လမ်းကြောင်း [illegible]မသာယာ မနှစ်ခြိုက် ,တရားနှင့်စပ်သော ဝမ်းမြောက်ခြင်း မဖြစ်ပွါး,

† မြန်မာ ပုဒ်းတော်ကြီးများသန္တာန်၌ ဤသည့် အရေး သုံးမျိုး ကွယ်ပျော[illegible]ခဲ့သည်မှာ နှစ်ရှေကြာ ခဲ့ပြီ၊ အနည်းဆုံး အမရပူရတည် ခေတ်မှ ယနေ့ထိ အခါကား ဤအရေးသာများ မှချကွယ် ပျောက်ခဲ့၏၊မှန်၏ အင္ဂကထာ- ဋီကာကိုသာ စာလုပ်၍ ချုပ်နေသော မြန်မာရဟန်းတော် များကား ဤသို့သော အစေသာများကို အဘယ်မှာ ဆားပြီးရှုနိုင်နည်း၊

၈-“ ခရီးလမ်း၌မလိမ္မာသော ” ဟူသည်ကား အင်္ဂါရှစ်ပါးရှိ အရိယမဂ်- ဖြစ်သော နိဗ္ဗာန်လမ်းကိုမသိ။

၉-“ စားကျက်၌ မလိမ်မာသော” ဟူသည်ကား သတိပဋ္ဌာန်း- သတိ၏တည်ထားရာ တရားဘ်ု၌ ဟုတ်တိုင်းမှန်စွာ မသိ။

၁၀-“ အကြွင်းမထား ညှစ်ယူသော” ဟူသည်ကား သဒ္ဓါကြည်ညိုသော တကာ တကာမတို့က သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်း လေးပါးဖြင့် ဆောင်ယူရန် ဖိတ်မန္တနှဲသော်- အတိုင်းအရှည်မသိ ခံယူတတ်၏။

၁၁-“သံဃာ့ရှေ့ဆောင် မထေရ်ကြီးတို့ကိုပိုရိ၍ မပူဇော် , မချီးမြှောက်သော” ဟူသည်ကား ထိုသို့သော မထေရ်ကြီးတို့ကို ကာယကမ် , ဝစီကမ် , မနောကမ် , မေတ္တာဖြင့် မျက်မှောက် မျက်ကွယ် မသားရှိချေ၊ ရဟန်းတို့ , ဤအင်္ဂါတဆဲ့တပါးနှင့် ပြည့်စုံသော ရဟန်းသည် ဤသြဝါဒသာသနာတော်၌ ပွါးစီး စည်ပင်ပြန့်ပြောခြင်းသို့ မရောက်နိုင်ချေ။

ရဟန်းတို့ , အင်္ဂါတဆဲ့တပါးနှင့် ပြည့်စုံသော နွားထိန်းကျောင်းသူသည်နွားအုပ်ကို ထိန်းသိမ်း၍ ကြီးပွါးခြင်းငှါ ထိုက်၏၊ အဘယ်အင်္ဂါ တဆဲ့တပါးတို့နှင့် ပြည့်စုံသနည်း? ၁- နွားတို့၏- ရုပ်အဆင်းကိုသိ၏ , ၂-နွားတို့၏ သဘောလက္ခဏာ၌ လိမ္မာ၏၊ ၃-ယင်ကြီးဥ ထုတ်ပယ်တတ်၏၊ ၄ အနာကိုဆေးကုတတ်၏၊ ၅-မီးခိုးလွှင့်တတ်၏၊ ၆- ရေဆိပ်ကိုသိ၏၊ ၇-နစ်သက်အပ်သည်ကိုသိ၏၊ ၈-ခရီးလမ်းကိုသိ၏၊ ၉-စားကျက်၌လိမ်မာ၏၊ ၁၀-အကြွင်းအကျန်ထား၍ နို့ညှစ်၏၊ ၁၁-နွားအုပ်၏ ရှေ့ဆောင် နွားလားဘ်ုကို ပိုမိုချီးမြှောက် ပူဇော်၏၊ ရဟန်းတို့ , ဤအင်္ဂါ တဆဲ့တပါးနှင့်ပြည့်စုံသော နွားထိန်းသည် နွားအုပ်ထိန်းကျောင်း၍ တိုးတက်ကြီးပွါးနိုင်၏။

ရဟန်းတို့ , ဤအတူပင် ဤသည့် သြဝါဒသာသနာတော်၌ အင်္ဂါတဆဲ့တပါးနှင့် ပြည့်စုံသော ရဟန်းသည် ပွါးစီး စည်ပင်ပြန့်ပြောခြင်းသို့ ရောက်ထိုက်၏၊ အဘယ် အင်္ဂါတဆဲ့တပါးနှင့်ပြည့်စုံသနည်း ?၊

၁-ရုပ်ကို သိနားလည်၏၊
၂- သဘောလက္ခဏာကိုသိနားလည်၏၊
၃-ယင်ကြီးဥကို ထုတ်ပယ်တတ်၏၊
၄-အနာကိုဆေးအုံတတ်၏၊
၅-မီးခိုး လွှင့်တတ်၏၊
၆-ဆိပ်ကမ်းကို သိနားလည်၏၊
၇-နှစ်သက်အပ်သည်ကို သိ၏၊
၈-ခရီးလမ်းကို သိနားလည်၏
၉-စားကျက်၌ လိမ်မာကျွမ်းကျင်၏၊

၁၀–အကြွင်းအကျန်ထား၍ ညှစ်တတ်၏၊

၁၁–သံဃာ့ရှေ့ဆောင် မထေရ်ကြီးတို့ကို ပိုမို ပူဇော် ခြီးမြှောက်၏၊ ဤသည့် အင်္ဂါတဆဲ့တပါးတို့တည်း၊ ထိုအင်္ဂါတို့တွင် "၁–ရုပ်ကိုသိသော "ဟူသည်ကား ရုပ်ဟူသမျှ အားလုံးပင်ထင်ရှားသော အခံရုပ်ဓါတ်ကြီး လေးမျိုးနှင့် ၎င်းတို့ကို မှီတတ်သော အမှီရုပ်စုကို ဟုတ်တိုင်းမှန်စွာ သိနားလည်၏။

၂"သဘာဝလက္ခဏာ သိသော" ဟူသည်ကား လူမိုက်သည် မကောင်းသော စိတ် နှုတ် ကိုယ် အလုပ်ကို ပြုလုပ်ခြင်း လက္ခဏာရှိ၏၊ လူလိမ္မာသည် ကောင်းသော ကိုယ် နှုတ် စိတ် အလုပ်ကို ပြုလုပ်ခြင်း လက္ခဏာရှိ၏။

၃-"ယင်ကြီးဥ ထုတ်ပယ်တတ်သော " ဟူသည်ကား ဖြစ်ပေါ် လာသော အလိုကာမ အကြံအစည် ဖျက်ဆီးရေး, အကြံအစည်, ညှဉ်းဆဲရေး အကြံအစည်များ လက်မခံ ,ဖယ်ရှား၏၊ ဖျောက်ပယ်၏၊ ဖျက်ဆီး၏၊ မဖြစ်အောင် ပြုလုပ်၏ , ဖြစ်တိုင်းဖြစ်တိုင်းသော ယုတ်မာဆိုးသွမ်းသည့် အကုသိုလ် အကြံအစည်တို့ကို လက်မခံ , ဖယ်ရှား၏ , ဖျောက်ပယ်၏ , ဖျက်ဆီး၏ , မဖြစ်ပွါးအောင်ပြုလုပ်၏၊

၄-"အနာဆေးကုတတ်သော" ဟူသည်ကား မျက်စိ- နား- နှာခေါင်း- လျှာ-ကိုယ်- စိတ် ဣန္ဒြေ ခြောက်မျိုးတို့ကို စောင့်စည်း၏ , အဆင်း- အသံ- အနံ့- အရသာ အထိအတွေ့- စိတ်ကူးစိတ်သန်း အာရုံများ ဖြစ်လာ ထင်လာသော်- ငြိစွဲခြင်း , စိတ်မသက်သာခြင်း အကုသိုလ်တရားများ မတိုးပွါးအောင် စောင့်စည်း၏၊ အာရုံကို မစွဲယူ , သာယာနှစ်သက်ဖွယ် မငွဲ့ယူ , ဣန္ဒြေတို့ကို စောင့်စည်း၏၊ ဣန္ဒြေတို့၌ စောင့်စည်း၏။

၅-" အခိုးထွင့်တတ်သော " ဟူသည်ကား သင်ကြား လေ့လာတိုင်းသော တရားကို သူတပါးအား အကျယ်ဟောပြော၏၊ ချပို့၏။

၆-" ဆိပ်ကမ်းသိသော " ဟူသည့်ကား အကြားအမြင် ပညာ ဗဟုသုတရှိ၍ တရားဆောင် ဝိနည်းဆောင် အရှင်တို့ဌာန် ကပ်ရောက်လျက် , ဤအရာကား အသို့ပါနည်း ?၊ ဤစကား၏ အနက်အဓိပ္ပါယ်ကား အဘယ်သို့ပါနည်း ? ဟု မေးမြန်းတတ်၏၊ ချိန်စက် ညှိနှိုင်းတတ်၏၊ ထို့ကြောင့် သူမှာ မပွင့်လင်းရာ ပွင့်လင်း၏၊ မပေါ်လွင်ရာ ပေါ်လွင်၏၊ များစွာသော ယုံမှားဖွယ်တို့သည် ပျောက်ကင်းကုန်၏၊

၇–"နှစ်သက်အပ်သည်ကိုသိသော " ဟူသည်ကား ဘုရားဟောညွှန်ချက် တရားဒြဝါဒတော်ကို ဟောညွှန်အပ်သော် , ကြားနာရသော် အနက်အဓိပ္ပါယ်ကို နှစ်သက်၏၊ တရားကို နှစ်ခြိုက်၏၊တရားနှင့်စပ်သော နှစ်သက် ဝမ်းမြောက်ခြင်းကိုရ၏၊

၈-" ခရီးလမ်းကို သိသော " ဟူသည်ကား အင်္ဂါရှစ်ပါးရှိ မြတ်သော နိဗ္ဗာန် ပေါက်လမ်း အရိယမဂ်ကို သိနားလည်၏၊

၉–“ စားကျက်၌ လိမ်မာသော ” ဟူသည်ကား သတိ၏ ထားသိုရာ– သတိပြဋ္ဌာန်း တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိနားလည်၏။

၁၀–“ အကြွင်းထား၍ ညှစ်တတ်သော ” ဟူသည်ကား သဒ္ဓါယုံကြည်သော တကာတကာမတို့က သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးဖြင့် ဆောင်ယူရန် ဖိတ်မန်သော် အတိုင်းအရှည်သိ၍ ခံယူ၏။

၁၁–“သံဃာ့ရှေ့ဆောင် မထေရ်ကြီးတို့ကို ပိုမိုမြင့်မြတ်စွာ ပူဇော်တတ်သော ” ဟူသည်ကား ထိုသို့သော မထေရ်ကြီးတို့ အပေါ်၌ မျက်မှောက် မျက်ကွယ် နှစ်မျိုးစုံ၌ ပင် ကာယကံ- ဝစီကံ- မနောကံ- မေတ္တာကို ထင်စွာထား၏။

ဒို ရဟန်းတို့ , ဤအင်္ဂါ တဆဲ့တပါးနှင့် ပြည့်စုံသော ရဟန်းသည် ဤဓမ္မဝိနယ သာသနာတော်၌ ပွါးစီးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ထိုက်၏၊ ဤတရားကို ဘုရားရှင် ဟောညွှန်တော်မူရာ , တရားနာ ရဟန်းတို့ ကြေနပ် နှစ်သိမ့်ကြကုန်ပြီ၊ ဤသို့ ကြားနာ မှတ်သားရပါသည်။

**မဟာဂေါပါလက သုတ္တန် ပြီး၏။**

# ၃၄။ စူဠဂေါပါလက သုတ္တန်၊

ဝဇ္ဇီတိုင်း ဥက္ကာစေလာအရပ် ဂင်္ဂါမြစ်ကမ်းနား၌ ဘုရားရှင် သီတင်းသုံး နေတော်မူသောအခါ ဤဆိုလတ္တံ့သည့်အတိုင်း ဘုရားရှင့်အဋ္ဌာန်တော်မှ အကျွန်ုပ် ကြားနာမှတ်သားရပါသည်။ တခုံအခါ ဘုရားရှင်သည် တရားသဘင်၌ ရဟန်း တို့ကို ခေါ်တော်မူ၍ ဤသို့ ဟောညွှန်တော်မူလေပြီ။

ရဟန်းတို့၊ ရှေးသရေအခါ မဂဓတိုင်းသား နွားထိန်းတဦးသည် ပညာဉာဏ် ကင်းမဲ့လျက် မိုးလအဆုံး တန်ဆောင်မုန်းလ၌ ဤမှာဖက်ကမ်း၊ ထိုမှာဖက်ကမ်းကို မရှုစမ်း မဆင်ခြင်မူ၍ ဆိပ်ကမ်းမဟုတ်ရာမှပင် မြောက်အရပ် ဝိဒေဟတိုင်းဖက်သို့ နွားတို့ကို ကူးစေလေပြီ၊ ရဟန်းတို့၊ ထိုအခါ နွားတို့သည် ဂင်္ဂါမြစ်လယ် ရေအယဉ်၌ တွင်ပိုင်းဝန်းလှည့်လည်ကုန်ကာ၊ အကျိုးမဲ့ နစ်မွန်း ပျောပေါ် ပျက်စီးကြကုန်ပြီ၊ ရဟန်းတို့ ထိုသို့ဖြစ်ရသည်မှာ အဘယ့်ကြောင့်နည်း?၊ ရဟန်းတို့၊ ဤဖက် ဟိုဖက် ကမ်းနှစ်ဖက်ကို ဥာဏ်ဖက်၍ မရှုစမ်း မဆင်ခြင်၊ ဂင်္ဂါမြစ် တဖက်ကမ်းသို့ နွားတို့ကို ကူးစေသော ကြောင့်ပင် ဖြစ်ချေ၏၊ ဤ့အတူပင် ရဟန်းတို့၊ ဤလောကအတွက် မလိမ္မာ၊ တပါး သော လောကအတွက် မလိမ္မာ၊ ကိလိသ်အရာ၌ မလိမ္မာ၊ ကိလိသ်အရာမဟုတ် သည်၌ မလိမ္မာ၊ သေမင်းပိုင်ဆိုင်ရာ၌ မလိမ္မာ၊ သေမင်းမပိုင်ဆိုင်ရာ၌ မလိမ္မာ ကြသော သူတော် သူမြတ်တို့ကို နားထောင်ကောင်းသည်၊ လိုက်နာကောင်းသည်၊ ယုံကြည်ကောင်းသည်ဟု ထင်မှတ်ခြင်းမှာ ထိုသို့ ထင်မှတ် လိုက်နာသူတို့အတွက် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးမဲ့ရန်၊ ဆင်းရဲနှယ်ချရန် ဖြစ်ပေလတ္တံ့။

ရဟန်းတို့၊ ရှေးသရေအခါ မဂဓတိုင်းသား နွားထိန်းတဦးသည် အဆင်အခြင် ဉာဏ်ပညာရှိလျက်၊ မိုးလအဆုံး တန်ဆောင်မုန်းလ၌ ဂင်္ဂါမြစ်၏ ထိုမှာဖက် ဤမှာဖက်ကမ်းနှစ်ဖက်ကို ဥာဏ်ဖက်ရှုစမ်း၍ ဆိပ်ကမ်းမှသာလျှင် ဂင်္ဂါမြစ်တဖက် ဝိဒေဟတိုင်းဖက်သို့ နွားအုပ်ကို ကူးတက်စေလေပြီ၊ သူသည် ရှေ့ဦးမဆွ ရှေ့ဆောင် နွားသားတို့ကို ကူးစေပြီ၊ ၎င်းတို့သည် ဂင်္ဂါမြစ်ရေအယဉ်ကို ဖြတ်ကူး၍ ချမ်းသာစွာ ထိုမှာဖက်ကမ်းသို့ ရောက်ကြကုန်ထို့ပြီ၊ နောက်အား ရှိသောနွား၊ ဆုံးမလောက်သော နွားတို့ကို . ၎င်းနောက် နွားလားပျို နွားမတန်းတို့ကို၊ ထိုမှနောက် အားမဲ့သောနွား နှင့် နွားငယ်တို့ကို ကူးစေလေပြီ၊ ၎င်းတို့လည်း အသီးအသီး ဂင်္ဂါမြစ် ရေအယဉ်ကို ဖြတ်၍ ထိုမှာဖက်ကမ်းသို့ ရောက်ကြကုန်ပြီ၊ ရဟန်းတို့၊ ဖြစ်ပူးသည်ကား မွေးဖွါးစ နွားငယ်မှုပင် အမိ၏ မြည်တွန်သံဖြင့် ဂင်္ဂါမြစ်ရေအယဉ်ကို ကူးဖြတ်ကာ၊ ထိုမှာဖက် ကမ်းသို့ ဆိုက်ရောက်လေပြီ၊

ရဟန်းတို့, ထိုသို့ဖြစ်ရသည်မှာ အဘဲ့ကြောင့်နည်း ?၊ ရဟန်းတို့ ဤမှာဖက် ထိုမှာဖက် ကမ်းနှစ်ဖက်ကို ဉာဏ်ဖက် ရှုစမ်းဆင်ခြင်၍ ဆိပ်ကမ်းဖြင့် ကူးစေသော ကြောင့်ပင် ဖြစ်လေသည်။

•ဤ့အတူပင် ရဟန်းတို့, ဤလောက၌ ကျွမ်းကျင် လိမ္မာ, တမလွန်လောက၌ ကျွမ်းကျင်လိမ္မာ, ကိလေသာ အရာဟုတ်သည်၌ ကျွမ်းကျင်လိမ္မာ, ကိလေသာ အရာ မဟုတ်သည်၌ ကျွမ်းကျင် လိမ္မာ, သေမင်း ဆိုင်ရာ၌ ကျွမ်းကျင် လိမ္မာ, သေမင်း ဆိုင်ရာ မဟုတ်သည်၌ ကျွမ်းကျင်လိမ္မာသော သူတော်သူမြတ်တို့ကို နာသူကောင်းသည်, လိုက်နာကောင်းသည်, ယုံကြည်ကောင်းသည်ဟု ထင်မှတ်ခြင်းသည် ထိုသို့ ထင်မှတ် လိုက်နာသူတို့အတွက် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားတိုးတက်ရန်, ချမ်းသာကျိုးထွက်ရန် ဖြစ်ပေလတ္တံ့။

ရဟန်းတို့, ဥပမာအားဖြင့် နွားလားကြီးတို့သည် ဂင်္ဂါမြစ်ရေအယဉ်ကို ဖြတ်ကူးကြကာ,ချမ်းသာစွာ ထိုမှာဖက်ကမ်းသို့ ရောက်ကြကုန်သကဲ့သို့ ထို့အတူပင် လောကစီးပွါးရေး ကုန်ခန်းပြီး,အကျင့်ဆုံးပြီး,ကိစ္စပြီးပြီး, ဝန်ချပြီး, အကျိုးစီးပွါး ရရောက်ပြီး, ဘဝဖွဲ့ကြိုးပြတ်ပြီး, ကောင်းစွာသိ၍ လွတ်လပ်ပြီး ဖြစ်ကုန်သော ရဟန္တာတို့သည် ကိလေသာ ရေအယဉ်ကို ကန့်လန့်ကူးဖြတ်ကုန်၍ ထိုမှာဖက်ကမ်းသို့ ချမ်းသာစွာဆိုက်ရောက်ကုန်လတ္တံ့၊ ရဟန်းတို့, ဥပမာအားဖြင့် အားရှိသောနွား ဆုံးမလောက်သော နွားတို့သည် ဂင်္ဂါမြစ် ရေအယဉ်ကို ကန့်လန့်ဖြတ် ကူးကုန်၍ ထိုမှာဖက် ကမ်းသို့ ချမ်းသာစွာ ရောက်ကုန်သကဲ့သို့ ထို့အတူပင် ငါးမျိုးသော အောက်အဖို့ ဖွဲ့ကြိုးတို့ ကုန်ခန်းကုန်၍ ဥပပတ် ပတိသန္ဓေ နေထိုင်ကုန်ကာ, ထိုဘုံ၌ပင် ဘဝဆင်းရဲ ငြိမ်းအေးသဖြင့် ဤဘုံသို့ မပြန်လည်ရကုန်သော အနာဂါမ်တို့သည်လည်း ကိလေသာ ရေအယဉ်ကို ကန့်လန့် ကူးဖြတ်ကုန်လျက် ထိုမှာဖက်ကမ်းသို့ ဆိုက်ရောက်ကုန်လတ္တံ့။

ရဟန်းတို့, ဥပမာအားဖြင့် နွားလားပျို နွားမတန်းတို့သည် ဂင်္ဂါမြစ်ရေအယဉ်ကို ကန့်လန့် ဖြတ်ကူးကုန်၍ ထိုမှာဖက်ကမ်းသို့ ချမ်းသာစွာ ဆိုက်ရောက်ကုန်သကဲ့သို့ ထို့အတူပင် အောက်အဖို့ရှိ ဖွဲ့ကြိုးသုံးချောင်းကို ဖြတ်တောက်ပြီးလျှင် တဏှာ ခြင်း, ပြစ်မှားခြင်း, တွေဝေခြင်းတရားတို့ ခေါင်းပါးကုန်ကာ, တကြိမ်သာလျှင် ဤလောကသို့ လာရောက်ကုန်၍ ဆင်းရဲဆုံးကြမည့် သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်လည်း ကိလေသာ ရေအယဉ်ကို ကန့်လန့်ဖြတ်ကူးကုန်လျက် ထိုမှာဖက်ကမ်းသို့ ဆိုက်ရောက်ကုန်လတ္တံ့။

ရဟန်းတို့, ဥပမာအားဖြင့် အားမဲ့ ကြံ့သော နွားနှင့် နွားငယ်တို့သည် ဂင်္ဂါမြစ်ရေအယဉ်ကို ကန့်လန့်ဖြတ်ကူးကုန်၍ ထိုမှာဖက်ကမ်းသို့ ချမ်းသာစွာ ရောက် ဆိုက်ကုန်သကဲ့သို့ ထို့အတူပင် အောက်အဖို့ဖြစ်သော ဘဝဖွဲ့ကြိုး သုံးချောင်း ကုန်ခန်း၍ အပါယ်မလားရခြင်း သဘောရှိကုန်၍ သမ္ဗောဓိသာ လားရောက်ရာ ရှိကုန်

ချက် အထက်ငေါ်ဗိုလ်သျှင် သွားရောက်ရာ လမ်းရှိသော သောတာပန် ပုဂ္ဂိုလ်ဘို့သည် ကိလိသ် ရေအယဉ်ကို ကန့်လန့် ဖြတ်ကူးကုန်ကာ ၊ ထိုမှာဖက်ကမ်းသို့ ချမ်းသာစွာ ဆိုက်ရောက်ကုန်လတ္တံ့၊ ရဟန်းတို့ ၊ ဥပမာအားဖြင့် ယနေ့မွေးဖွားစ နွားငယ်သည် ပင် အမိ၏ မြည်သံဖြင့် ဂင်္ဂါမြစ်ရေအယဉ်ကို ကန့်လန့် ဖြတ်ကူးကာထိုမှာဖက်ကမ်းသို့ ချမ်းသာစွာ ရောက်ဆိုက်သကဲ့သို့ ထို့အတူပင် တရားသို့ အစဉ်လိုက်နာသူ ၊ သဒ္ဓါ ယုံကြည်ရေးဖြင့် အစဉ်ရောက်သူတို့သည်လည်း ကိလိသ် ရေအယဉ်ကို ကန့်လန့် ဖြတ်ကူးကုန်ကာ ၊ ထိုမှာဖက်ကမ်းသို့ ချမ်းသာစွာ ဆိုက်ရောက်ကုန်လတ္တံ့၊

ရဟန်းတို့ ၊ ငါဘုရားကား ဤလောက၌ လိမ္မာသည် ၊ တမလွန် လောက၌လိမ္မာသည့်ကိလိသ် အရာ ဟုတ်-မဟုတ်သည်၌ လိမ္မာသည်၊ သေမင်းဆိုင်ရာ ၊ မဆိုင်ရာ၌ လိမ္မာသည်၊ ရဟန်းတို့ ၊ ထို့ကြောင့် ငါ၏စကားကို နာယူကောင်းသည် ၊ လိုက်နာကောင်းသည်၊ ယုံကြည်ကောင်းသည်ဟု ထင်မှတ်ခြင်းသည်- ထိုသို့ထင်မှတ်သူတို့ အတွက်ရှည်မြင့်စွာသောကာလပတ်လုံးစီးပွါးတိုးတက်ရန်၊ ချမ်းသာကျိုးထွက်ရန် ဖြစ်ပေလတ္တံ့၊ ဤသို့ ဟောညွှန်ချက် ဘုရားတရားတော်ကို ရဟန်းတို့ နှစ်သိမ့်ကုန်ပြီ၊ ဤသို့ ကြားနာ မှတ်သားရပါသည်။-

ဤသည် လောက ထိုလောက တုံ ,
ဘုရားရှင် သိမြင် ပေါ်ပြ တုံ ၊
ကိလိသ် ရောက်ခွင့် မရောက်ခွင့် ဟုံ ,
သေမင်းဆိုင် မိုင်ရာ လွတ်ရာ တုံ။
လောက ကုန်ရှိ သိမြင်၍ ဘုံ ,
တရားမှန် ဝေပန်သိရှင် တုံ၊
အမြွက် တံခါး ဖွင့်ထားလေ တုံ ,
ရန်ဘေးသိမ်း အေးငြိမ်း ရောက်ဖို့ တုံ ။
ကိလိသ် အယဉ် ရှောင်ကြဉ်ဖြတ် တုံ ,
ယုံသုတ်သင် မရှင် ညှိုးစေ တုံ၊
ဝမ်းမြောက်ခြင်းအား များကြကာ တုံ ,
ဘေးလွတ်ရန် ချည်သန် ပြုခွင့် တုံ။
(အထာပရံဂါထာ)

**စူဠဂေါပါလက သုတ္တန် ပြီး၏။**

---

† အထာပရံ ဂါထာဆိုသည်ကား ဘုရားဟောမဟုတ်ပဲ ဘုရားဟောဟုသီဟိုဠ်မိဋ္ဌကဆောင်တို့ လုပ်ထားသော အစွဲတည်း၊ ၎င်း အကြောင်းကို ''သမ္ဗုဒ္ဓေန ပဇာနတာ '' ဖြင့် သိနိုင်၏၊ သို့သော် ဘုရားဟော တိုက်ရိုက်ပင် မဟုတ်စေကာ ၊ ၎င်းနှင့် ကိုက်ညီသော အစွဲ အကျ*းများကိုမူ ဘုရား ဟောပင် ယူရမည် ၊ အကြောင်းကား အဓိပ္ပါယ်တူသောကြောင့်တည်း။

# ၃၇။ စူဠသစ္စက သုတ္တန်

ဝေသာလီမြို့တော်ကိုဆွမ်းခံရွာပဓါနပြုလုပ်၍ မဟာဝုန်တောအတွင်းကူဋာဂါရကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ်အခါ, ဤဆိုလတ္တံ့စကားကို ဤအတိုင်းပင် အကျွန်ုပ် ကြားနာမှတ်သားရပါသည်။ ထိုစဉ်အခါ နိဂဏ္ဍ၏သား သစ္စကသည် ဝေသာလီမြို့တော်ကြီး၌ ဘာသာဝါဒ ဂိုဏ်းဆရာကြီးတဦးအဖြစ်ဖြင့် လိစ္ဆဝီမင်းတို့ ချီးကျူးအပ်လျက် သင်ရှားစွာ နေထိုင်ရှိခဲ့လေပြီ၊ ၎င်းကား စကားပြောသန်၍ ပညာဉာဏ် ဝါဒရှိလျက် လူအများက သူတော်သူမြတ်တဦးဟု သမုတ်ထားသူ ဖြစ်လေသည်၊ ၎င်းက ဝေသာလီမြို့တော် ပရိသတ်များအတွင်း၌ ဤသို့သော စကားကို ဆိုလေပြီ၊ တစုံတဦးသော အသင်းအပင်းရှိ ဂိုဏ်းဂဏမှ ဂိုဏ်းဆရာကြီး စင်စစ်မှာ ပူဇော်ခံသခင် တရားမှန် သိမြင်သည်ဟု ဝန်ခံနေသူပင်ဖြစ်စေ, ကျွန်ုပ်က ဝါဒဖြင့် ဝါဒချင်း ပြိုင်သွင်းပြောဆိုခဲ့သော် မတုန်လှုပ်မည့်, ဆတ်ဆတ်မဘုန်လှုပ်မည့်, မယိမ်းမယိုင်မည့်, ၎င်းလက္ခတီးမှ ချွေးဒီးဒီး မယိုကျမည့် သူတော် သူမြတ် တဦးကိုမျှ ကျွန်ုပ်မမြင်ပချေ၊ စိတ်စေတနာမရှိသော တိုင်သည်ပင် ကျွန်ုပ်က ၎င်းကို ဝါဒဖြင့် ဝါဒချင်း စိစစ်ပြိုင်သွင်းခဲ့သော် ယိမ်းယိုင် တုန်လှုပ်ပေရာသည်၊ လူဖြစ်သူမှာ အဘယ်ဆိုဖွယ်ရာရှိပါတော့မည်နည်း၊ ဤသို့ ကြွေးဝါးခဲ့လေပြီ၊

တနေ့သောအခါ အရှင်အဿဇိမထေရ် ဝေသာလီမြို့တော်တွင်း၌ ဆွမ်းခံဝင်တော်မူစဉ် နိဂဏ္ဍပုတ် သစ္စကလည်း ခြေလျင်လမ်းလျှောက်လာလေရာ, ၎င်းနှစ်ဦးတို့ တွေ့ဆုံကြကုန်ပြီ၊ သစ္စကနိဂဏ္ဍပုတ်သည် အရှင်အဿဇိအား ဝမ်းမြောက်ရွှင်ပျစွာ နှုတ်ခွန်းဆက်၍ သင့်တင့်ရာတွင် ရပ်နေပြီးလျှင်, "အိုအဿဇိ, ရဟန်းဂေါတမသည် တပည့်များကို အဘယ်ကဲ့သို့ ဆုံးမပါသနည်း?၊ မည်သည့်အမျိုးအစားရှိ အရှင်ဂေါတမ၏ အဆုံးအမများသည် များစွာဖြစ်တတ်ပါသနည်း? ဟု မေးလေသော် အရှင်အဿဇိက "အိုအဂ္ဂိဝေဿန, ငါတို့ ပုဉ်းတော်ဘုရားကား " ရဟန်းတို့,ရုပ်အစုသည်မမြဲ၊ ဝေဒနာအစု သညာအစု သင်္ခါရအစု ဝိညာဉ်အစုသည် မမြဲ, မိမိအထည်ကိုယ်မဟုတ်, အားလုံး ပြုပြင်အပ်ရာ မှန်သမျှတို့သည် မမြဲကုန်, အားလုံး သဘောတရား မှန်သမျှတို့သည် အထည်ကိုယ်မဟုတ်ကုန် " ဤသို့ ဆုံးမတော်မူ၍ ၎င်းအဆုံးအမပင်များစွာဖြစ်၏ "ဟု ပြန်ကြားခဲ့လေပြီ၊ သစ္စကက "အိုအရှင်အဿဇိ, ဤသို့သော အယူဝါဒရှိသည့် အရှင်ဂေါတမကို ကြားသိရခြင်းကား မကောင်းဆိုးဝါး ကြားခြင်း

ဖြစ်ပေ၏၊ ကျွန်ုပ်တို့သည် တရံတခါ အရှင်ဂေါတမနှင့် တွေ့ဆုံ ကြုံကြိုက်ကုန်ရာ၏ တစုံတရာ စကားပြောဆိုခွင့် ရရှိကုန်ကာ, ထိုသည့် ယုတ်ညံ့သော အယူအစွဲကြီးမှ † ဖြေချွတ်နိုင်ကုန်ရာမည် မသိ"ဟု ပြန်ကြားခဲ့လေပြီ။

ထိုနေ့အခါကား လိစ္ဆဝီမင်း ငါးရာခန့်တို့သည် မင်းကွန်းဆွတ်တော်ရုံး၌ တစုံတခု သော လုပ်ငန်းအတွက် စည်းဝေး ဆွေးနွေးလျက် ရှိကြကုန်ရာ, သစ္စကသည် ၎င်းတို့ ထံသို့ သွားရောက်၍ "လိစ္ဆဝီမင်းများတို့, လာကြကုန် လိုက်ခဲ့ကြကုန်၊ ယနေ့ ရဟန်း ဂေါတမနှင့် ကျွန်ုပ် စကားပြောဆိုပွဲ ဖြစ်လိမ့်မည်, အရှင်ဂေါတမသည် သူ၏ ထင် ရှားသော တပည့် အဿဇိရဟန်း ပြောဆိုခဲ့သော တည်မည်ဆိုလျှင်, ဥပမာ အား ဗလ ကောင်းသော ယောကျ်ားသည် အမွေးရှည်သော သိုးသဏ္ဍာဝါကို အမွေးက ကိုင်၍ ဆွဲရာ ယမ်းရာ, မွှေ့ရာသကဲ့သို့ ထို့နည်းတူပင် ကျွန်ုပ်သည် ရဟန်းဂေါတမကို ဝါဒဖြင့် ဆွဲငင်လိုက်မည်, မွှေ့လိုက်မည်, ယမ်းလိုက်မည်၊ ဥပမာ, တနည်းအားဖြင့် အားအင်ကောင်းသော အရက်ဆိုင်က အလုပ်သမားသည် ကြီးမား ကျယ်ပြန့်စွါသော သေသောက်ခင်းနှီးကြီးကို နက်စွာသော ရေအိုင်၌ချ၍ အစွန်းကို ကိုင်ကာ ဆွဲရာ, ယမ်းရာ, မွှေ့ရာသကဲ့သို့, ထိုနည်းတူပင် ကျွန်ုပ်သည် ရဟန်းဂေါတမကို ဝါဒဖြင့် ဆွဲလိုက်မည်, ယမ်းလိုက်မည်, မွှေ့လိုက်မည်၊ ဥပမာတနည်းကား အားကြီးသော သေသောက်ကြူးသည် သေသောက်ခွက် နားခမ်းကိုကိုင်၍ ခါရာ, တွက်ရာ, ပစ် လွှင့်ရာသကဲ့သို့, ထို့နည်းတူစွာပင် ကျွန်ုပ်သည် ရဟန်းဂေါတမကို ဝါဒဖြင့် ခါလိုက် မည်, တွက်လိုက်မည်, ပစ်လွှင့်လိုက်မည်၊ ဥပမာ တနည်းကား, အနှစ်ခြောက်ဆယ်မှ အားအင် ယုတ်လျော့သော ဆင်ပြောင်ကြီးသည် နက်စွာသော လေးထောင့်ကန် အတွင်း၌ အဝတ်ဖွပ်လျှော်နည်း ကစားသကဲ့သို့, ထို့နည်းတူစွာပင် ကျွန်ုပ်သည် ရဟန်းဂေါတမကို ဝါဒဖြင့် အဝတ် ဖွတ်နည်း အတိုင်း ကိုင်၍ ဆောင့်လိုက်မည်၊ အို လိစ္ဆဝီမင်းများတို့, လာကြကုန်, ငါနှင့် လိုက်ခဲ့ကြကုန်, ယနေ့ အရှင်ဂေါတမနှင့် ငါ စကားပြောဆိုလိမ့်မည်"ဟု ဆိုလေပြီ။

ထိုအခါ အချို့ လိစ္ဆဝီမင်းတို့က "ရဟန်းဂေါတမသည် နိဂဏ္ဍပုတ် သစ္စက အ ပေါ်၌ အဘယ်မှာ ဝါဒတင်စီးနိုင်မည်နည်း?၊ စင်စစ်မှာ နိဂဏ္ဍပုတ် သစ္စက-ကသာ ရဟန်းဂေါတမအပေါ်၌ ဝါဒတင်စီးနိုင်လိမ့်မည်" ဟု ဆိုကုန်သတတ်၊ အချို့ တို့က လည်း "အို ဘုရားရှင့်အပေါ်မှာ သစ္စက·က ဝါဒတင်စီး၍ အဘယ်မှာ ဖြစ်နိုင်မည်

† ဤစကားမျိုးကို ကြားရသော်– ကျွန်ုပ်တို့ကား သည်းခံကောင်းမှ ခံပေကုန်မည်၊ တားတရာ ပြန်လှန် ကြိမ်းဝါး စကားရန်ကြမ်း ဆိုမိပေကုန်မည်။ အရေးအခွင့် မဟုတ်သေး၍ ထောင်လွှား တုံ့ပြန် မပြုက်, ငြိမ်သက်စွာ နေခဲ့သော အရှင်အဿဇိ၏ ဆုံးမ ယဉ်ကျေးပြီး ဂုဏ်သဘာဝကို ကျွန်ုပ်တို့ အားကုနည်းယူသင့်ကုန်၏။

နည်း?၊ စင်စစ်မှုကား ဘုရားရှင်ကသာ သစ္စကအပေါ်၌ ဝါဒတင်စီးနိုင်လတ္တံ့" ဟု ဆိုကုန်သတတ်၊ ထိုအခါ သစ္စကသည် ငါးရာမျှသော လိစ္ဆဝီမင်း ပရိသတ်ကြီးဖြင့် ခြံရံ၍ မဟာဝုန်တော၊ ကူဋာဂါရကျောင်းတော်သို့ သွားရောက်လေပြီ၊ သစ္စကာ ပရိသတ်ကြီးနှင့် ရောက်ဆိုက်လာသောအခါ ရဟန်းတို့သည် လွင်ပြင်၌ စင်္ကြံကြွသွားခါ ရှိနေကုန်သတည်း၊ သစ္စကသည် ၎င်းတို့ထံသို့ သွားရောက်၍ 'အရှင်ဂေါတမသည် ယခုအချိန် အဘယ်မှာ နေထိုင်ပါသနည်း?၊ ကျွန်ုပ်တို့သည် အရှင်ဂေါတမနှင့် တွေ့လိုပါကုန်သည်'ဟု မေးလေသော်၊ ရဟန်းတို့က "အိုအဂ္ဂိဝေဿန, ဘုရားရှင်ကား မဟာဝုန်တောအတွင်း သစ်ပင်တခုအောက်၌ သီတင်းသုံးနေတော်မူသည်"ဟု ပြန်ကြားကုန်ပြီ၊ ထိုသကာလ နိဂဏ္ဌပုတ်သစ္စကသည် လိစ္ဆဝီမင်း ပရိသတ်ကြီးနှင့် အတူ မဟာဝုန်တောအတွင်းသို့ ဝင်ရောက်ကာ, ဘုရားရှင် နေတော်မူရာသို့ သွားရောက်, ဝမ်းမြောက်ဖွယ် နှုတ်ဆက်စကား, ပြောဆိုပြီးလျှင် သင့်တင့်ရာတွင် ထိုင်နေလေပြီ၊ လိစ္ဆဝီမင်း အချို့တို့ကား ဘုရားကိုရှိခိုး၍ သင့်တင့်ရာက နေကုန်ပြီ၊ အချို့တို့လည်း ဘုရားရှင်နှင့် နှုတ်ဆက်စကား ပြောဆိုကုန်ကာ သင့်တော်ရာတွင် နေကုန်ပြီ။

အချို့တို့လည်း ဘုရားရှင့်ဖက်သို့ လက်အုပ်ချီကာ သင့်တော်ရာ၌ နေကုန်ပြီ၊ အချို့တို့လည်း ဘုရားရှင့်အား မိမိတို့ အမျိုးအနွယ်ကို ပြောကြားကုန်ကာ, သင့်တင့်ရာ၌ နေကုန်ပြီ၊ အချို့တို့လည်း ဆိတ်ဆိတ်ပင် သင့်တော်ရာတွင် နေထိုင်ကုန်ပြီ†။ ထိုစဉ်အခါ နိဂဏ္ဌပုတ် သစ္စက-က စတင်၍ "အိုအရှင် ဂေါတမ, အရှင်က ပြဿနာ ဖြေဆိုရန် အခွင့်ပြုပါလျှင်, ကျွန်ုပ်က အရှင်ဂေါတမကို တစုံတခုသောအကြောင်းကို မေးမြန်းလိုပါသည်" ဟု အခွင့်တောင်းလေရာ, ဘုရားရှင်က " အိုအဂ္ဂိဝေဿန, အလိုရှိလျှင် အလိုရှိရာမေးမြန်းနိုင်ပါသည် ဟု တုန့်ပြန်သကာလ, သစ္စက-က " အရှင်ဂေါတမသည် တပည့်တို့ကို မည်သို့ ဆုံးမပါသနည်း?၊ အရှင်ဂေါတမ၏ မည်သို့သော အဆုံးအမမျိုးသည် တပည့်များအပေါ်၌ များစွာဖြစ်တတ်ပါသနည်း? ဟု မေးလေရာ ဘုရားရှင်က " အို အဂ္ဂိဝေဿန, ရုပ်အစုသည် မမြဲ, ဝေဒနာ အစုသည် မမြဲ, သညာ အစုသည်မမြဲ, သင်္ခါရ အစုတို့သည် မမြဲကုန်, ဝိညာဉ်အစုသည် မမြဲ, ဤသည့် ရုပ်- ဝေဒနာ- သညာ- သင်္ခါရ ဝိညာဉ် ဟူသော ကိုယ်အစု ငါးမျိုးတို့ကား မိမိ၏ အထည်ကိုယ် မဟုတ်ကုန်၊ အားလုံး ပြုပြင်အပ်ရာ မှန်သမျှ မမြဲကုန်, အားလုံး တရားသဘောမှန်သမျှ မိမိတို့ အထည်ကိုယ် မဟုတ်ကုန်၊ ဤသို့ တပည့်တော်များအား ဆုံးမ၏၊ ငါ၏ ဤသည့် အဆုံးအမမျိုးသည်ပင် တပည့်တော်များအပေါ်၌ များစွာဖြစ်၏ ဟု ဖြေဆိုတော်မူလေပြီ။

---

† ပရိသတ်စုပေါင်းလာရာဟူသမျှ ဤနည်းချည်း, ပရိသတ်များ နေထိုင်မှု ပြုလုပ်ရေး မှတ်လေ, ချည်းဖြစ်၏။

"အို အရှင်ဂေါတမ , ကျွန်ုပ်မှာ ဥပမာတခု ထင်မြင်ပါသည်၊ အို အဂ္ဂိဝေဿန , သင့်မှာ ဥပမာထင်ပါစေ, "အို အရှင်ဂေါတမ ,အားလုံး မျိုးစေ့အပေါင်းနှင့် သစ်ပင်အပေါင်းတို့ , ပွါးစီး စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကြကုန်ရာ , ၎င်းတို့သည် မြေကို မှီကုန်၍သာ ,မြေကိုတွယ်ကုန်၍သာ , ပွါးစီး စည်ပင် ပြန့်ပြောကုန်၏။ တနည်းအားဖြင့် အရှင်ဂေါတမ, အားအင် ဗိုက်ထုတ် လုပ်ကိုင်ရသော အမှုကိစ္စမှန်သမျှ မြေကို မှီရာ တည်ရာထား၍ ချည်း ပြုလုပ် ဖြစ်ပွါးကြကုန်၏။ ဤ နည်းတူပင် အရှင်ဂေါတမ , ရုပ်ရှိသောကြောင့် ဤပုဂ္ဂိုလ်သည် ရုပ်၌ ထောက်တည်၍ ကုသိုလ်ကိုဖြစ်စေ , အကုသိုလ်ကိုဖြစ်စေ ပွါးစီးစေ၏၊ ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဉ်ရှိသောကြောင့် ဤပုဂ္ဂိုလ်သည် ဝေဒနာ- သညာ- သင်္ခါရ- ဝိညာဉ်တို့၌ ထောက်တည်၍သာ ကုသိုလ်ကိုဖြစ်စေ , အကုသိုလ်ကိုဖြစ်စေ ပွါးစီးစေရ၏၊ အို အဂ္ဂိဝေဿန , ရုပ်သည် ငါ၏အထည်ကိုယ် , ဝေဒနာ- သညာ- သင်္ခါရ- ဝိညာဉ်သည် ငါ၏အထည်ကိုယ် ဟု သင်ဆိုပါသလော? ဟုတ်မှန်၏, အရှင်ဂေါတမ , ကျွန်ုပ်သည် ရုပ်ကား ငါ့ကိုယ် , ဝေဒနာ- သညာ-သင်္ခါရ ဝိညာဉ်ကား ငါ့ကိုယ်ဟု စွဲဆို၏၊ ဤသည့် လူအများလည်း ထိုသို့ပင် စွဲယူကြသည်၊ အို အဂ္ဂိဝေဿန, သင်၏ အခြားမြောက်များစွာသော သူများသည် အဘယ်ပြုလတ္တံ့နည်း ?၊ ငါတိုက်တွန်း၏ , အဂ္ဂိဝေဿန , သင်သည် မိမိဝါဒကိုသာ ပြောဆိုပါလော ?၊ မှန်၏, ရှင်ဂေါတမ , ကျွန်ုပ်သည် ရုပ်ကား ငါ့ကိုယ် , ဝေဒနာ– သညာ– သင်္ခါရ- ဝိညာဉ်ကား ငါ့ကိုယ်ဟု စွဲယူပါ၏၊ အိုအဂ္ဂိဝေဿန , သို့ဖြစ်ခဲ့လျှင် သင့်ကို ငါမေးမည်၊ သင်ကြိုက်နှစ်သက်ရာ ဖြေလော့၊ မည်သို့ ထင်မှတ်အနည်း ? အဂ္ဂိဝေဿန၊ ဥပမာ ပသေနဒီ ကောသလမင်း , အဇာတသတ်မင်းများကဲ့သို့ ဦးထိပ်၌ အဘိသိက်သွန်းခြင်းကို ခံယူသော မင်းသည် မိမိစိုးပိုင်သော တိုင်းနိုင်ငံ၌ သတ်ထိုက်သူကို သတ်ရန် , ဆုံးရှုံးစေထိုက်သူကို ဆုံးရှုံးစေရန် , နှင်ထုတ်ထိုက်သူကို နှင်ထုတ်ရန် အာဏာစွမ်းပကား ပြန့်နှံ့နိုင်အံ့လော ?"

အိုအရှင်ဂေါတမ, ပသေနဒီ ကောသလမင်း, အဇာတသတ်မင်းများကဲ့သို့ဦးထိပ်၌ အဘိသိက်ခံယူသော မင်းသည် မိမိနိုင်ငံ၌သတ်ထိုက်သူကို သတ်ရန်၊ ဆုံးရှုံးစေထိုက်သူတို့ ဆုံးရှုံးစေရန် , နှင်ထုတ်ထိုက်သူကို နှင်ထုတ်ရန် အာဏာစွမ်းပကား ပြန့်နှံ့နိုင်ပါသည်၊ အိုအရှင်ဂေါတမ , အပေါင်းအစုဖြစ်ကြကုန်သော ဝဇ္ဇီမင်း မလ္လာမင်းတို့သည်လည်း မိမိတို့ နိုင်ငံအတွင်း၌ သတ်ထိုက်သူကို သတ်ရန် , ဆုံးရှုံးစေထိုက်သူကို ဆုံးရှုံးစေရန်, နှင်ထုတ်ထိုက်သူကိုနှင်ထုတ်ရန်အာဏာအစွမ်း ပြန့်နှံ့ပါကုန်သည်၊ အိုအရှင်ဂေါတမ , အစွမ်းအာဏာ ပြန့်နှံ့ရန်လည်း ထိုက်ပါကုန်သည်၊ အိုအဂ္ဂိဝေဿန , သို့ဖြစ်လျှင် သင် မည်သို့ ထင်မှတ် သနည်း ?၊ သင်သည်ငါ၏ရုပ် , ငါ၏ ဝေဒနာ , ငါ၏သညာ , ငါ၏သင်္ခါရ , ငါ၏ဝိညာဉ်ဟု ဆို၏၊ ထိုသည့် ရုပ် ဝေဒနာ- သညာ- သင်္ခါရ ဝိညာဉ်တို့အပေါ်၌ " ငါ့ရုပ် ဤသို့ဖြစ်စေ , ဤသို့မဖြစ်စေလင့် , ငါ့ဝေဒနာ-

သညာ- သင်္ခါရ-ဝိညာဉ်-ဤသို့ဖြစ်စေ , ဤသို့ မဖြစ်စေလင့် '' ဟု သင်၏ ဩဇာ အာဏာ တန်ခိုးစွမ်းပကားပြန့်နှံ့၏လော ?၊ နိဂဏ္ဌပုတ် သစ္စက လှုပ်ဖေါ်မရ, အဖြေ မပေး,တွေးတော တွေဝေကာသာရှိနေလေပြီ၊ ထပ်၍မေးသော်လည်း ဖြေဆိုဖေါ်မရ၊ အို အဂ္ဂိဝေဿန, ယခုဖြေဆိုလော့ ?၊ ယခုအခါကား သင့်အတွက် တိတ်တိတ်နေရမည့်အခါမဟုတ် ,အို အဂ္ဂိဝေဿန , တရားသဖြင့် ဘုရားရှင်မေးသည်ကို မဖြေမဆိုခဲ့သော်- ထိုနေရာ၌ပင် ဦးခေါင်း ခုနစ်စိပ်ကွဲ၍ ကျရာ၏၊ ထိုစဉ်အခါ ဝရဇိန်လက်နှင့်သော † ဘီလူးတယောက်သည် ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံ၌ သံစောင်းကို ကိုင်စွဲကာ,နိဂဏ္ဌပုတ် သစ္စက၏ ဦးထိပ်အထက် ကောင်းကင်ပြင်၌ ချိန်ရွယ်ရပ်တည် လာလေပြီ၊

ထိုဘီလူးကို မြင်ရမှ နိဂဏ္ဌပုတ် သစ္စကသည် ငါး၏ ပြာကျ ထိတ်လန့် တုန်လှုပ်လျက် ကြက်သီးထကာ ဘုရားလျှင် ကိုးစား အားထား မှီခိုရာ ဖြစ်၍ အို အရှင်ဂေါတမ, မေးပါ-ဖြေဆိုပါမည် '' ဟု ဆိုလေပြီ။ အို အဂ္ဂိဝေဿန, သင်မည်သို့ထင်မှတ်သနည်း ?၊ ရုပ်- ဝေဒနာ- သညာ- သင်္ခါရ- ဝိညာဉ်- ဤကိုယ်အရကို ငါ၏ ကိုယ်ဟု သင်ဆို၏၊ ၎င်းတို့သည် ဤသို့ဖြစ်စေ , ဤသို့ မဖြစ်စေလင့် ဟု ဆိုလျှင် သင့်အလိုအတိုင်း ဖြစ်နိုင်ကုန်သလော ?၊ မဖြစ်နိုင်ပေ , အရှင်ဂေါတမ၊ အို အဂ္ဂိဝေဿန . သင်နှစ်လုံးထား , နှစ်လုံးထား၍ ဖြေဆိုလော့ , သင်၏ စကားသည် ရှေ့နှင့်နောက် , နောက်နှင့်ရှေ့ မညီညွတ်ချေ၊ အို အဂ္ဂိဝေဿန, သင် မည်သို့ ထင်မှတ်သနည်း ?၊ ရုပ်- ဝေဒနာ- သညာ-သင်္ခါရ - ဝိညာဉ်တို့သည် မြဲကုန်သလော မမြဲကုန်သလော?၊ မမြဲပေ အရှင်ဂေါတမ၊ မမြဲနိုင်သော ရုပ်-ဝေဒနာ-သညာ-သင်္ခါရ–ဝိညာဉ်တို့သည် ဆင်းရဲလော?၊ ချမ်းသာလော?၊ ဆင်းရဲဖြစ်ကုန်၏, အရှင်ဂေါတမ မမြဲနိုင်မှု၍ ဆင်းရဲလျက် ဖေါက်ပြန်သော သဘောရှိ ရုပ်-ဝေဒနာ-သညာ–သင်္ခါရ–ဝိညာဉ်တရားတို့ကို , ၎င်းသည် ငါ့ဟာ , ငါဖြစ်၏ , ငါ၏ကိုယ်ဟု ရှုကြည့်ရန် (ထင်မှတ်ရန် ပြောဆိုသုံးစွဲရန်) ခံ့ပါမည်လော ?၊ မခံ့ပေ , အရှင်ဂေါတမ၊ အို အဂ္ဂိဝေဿန, ဆင်းရဲကို ကပ်ငြိတွယ်တာလျက် , ထိုဆင်းရဲသည် ငါ့ဟာ , ငါဖြစ်သည် , ငါ၏ အထည်ကိုယ်ဟု ရှုကြည့်နေသူသည် ကိုယ်တိုင်သော်- ဆင်းရဲကို ပိုင်းခြားသိနိုင်အံ့လော ?၊ ဆင်းရဲကုန်ခန်း၍ မှုနေနိုင်ပါအံ့လော ?၊ အို အရှင်ဂေါတမ , အဘယ်သို့ ဖြစ်ရာမည်နည်း ?၊ မဖြစ်နိုင်ပူး အရှင်ဂေါတမ၊ ယင်းသို့ ဖြစ်ခဲ့တပြီးကား သင်သည် ဆင်းရဲကို တွယ်တာကပ်ငြိ၍

† ဤဘီလူးသည် ဝဇိရပါဏိဟု သဒ္ဒါ ဆိုတိုင်း သိကြားပင်လော ?၊ နတ် တပုံတဦးလော ?၊ ဘီလူးပင်လော ?၊ ဘာမှမဟုတ်၊ သစ္စကကို ခြိမ်းခြောက်ရန် ဘုရားဖန်ဆင်းသည့် တန်ခိုးတော် ဘီလူးတည်း၊ ၎င်းမှာ မဖြေဆိုပဲ နေခြင်းအတွက် ဦးခေါင်းခုနစ်စိပ် မကွဲရန် ကယ်တင်ခြင်းပင် ဖြစ်လေသည်၊ ဥပမာ ဥရုဝေလကို ချွတ်ရန် နတ်မင်း သိကြား ပြဿနာများကို ပြခြင်းကဲ့သို့တည်း၊

ဆင်းရဲးသို့သက်ဝင်လျက် , ဤဆင်းရဲသည် ငါ့ဟာ , ငါ, ငါ့ကိုယ်ဟု ရှုကြည့်နေသူ မဟုတ်ပေလော ?၊ အဘယ်မှာ ထိုသို့မဟုတ်ပဲ ရှိရာအံ့နည်း ?၊ ထိုသို့ပင်ဟုတ်ပေ၏ , အရှင်ဂေါတမ။

အို အဂ္ဂိဝေဿန, ဥပမာအားဖြင့် အနှစ်ကို အလိုရှိ၍ အနှစ်ကို ရှာဖွေသွားရောက်သူသည် တောအတွင်း၌ ဖြောင့်ဖြောင့် မတ်မတ် လတ်ဆတ်လှစွာသော ငှက်ပျောပင်ကြီးကို တွေ့လေရာ၏၊ သူသည် ၎င်းကို အရင်းမှဖြတ်လှဲး၍ အဖျားကဖြတ်ပြီးလျှင် အ[illegible]က်ပတ်တို့ကို ခွါလေရာ၏၊ သို့ခွါလေသော်–အကာကိုပင်မရခဲ့၊ အနှစ်ကို အဘယ်မှာ ရအံ့နည်း ?၊ ဤအတူပင် အဂ္ဂိဝေဿန , ငါသည် သင့်အယူကို မေးစစ်ခဲ့ရာ , အချည်းနှီး အနှစ်မဲ့ဖြစ်၍ ချက်ယွင်းလေသည်။ အို အဂ္ဂိဝေဿန , ဝေသာလီမြို့တော်ပရိသတ်များအတွင်း၌ တရံတဦးသော အပင်းအသင်းရှိ ဂိုဏ်းဂဏရှိ ဂိုဏ်းဆရာကြီး , စင်စစ်အားဖြင့် ပူဇော်ခံသခင် တရားမှန်သိမြင်သူဟု ဝန်ခံသည်ပင် ဖြစ်စေ , ၎င်းကို ဝါဒဖြင့် ကွန့်မေးစစ်ခဲ့သော်-မတုန်လှုပ်, မယိမ်းယိုင် မည့်သူ , လက္ခဏာကြီးမှ ချွေးဒီးဒီး မယိုကျမည့် သူကို ကွန့်ပ်မမြင်ချေ၊ စိတ် မရှိသော တိုင်သည်ပင် ဝါဒဖြင့် ဝါဒကို ကွန့်ပ် စစ်မေးသော်- ယိမ်းယိုင် တုန် လှုပ် သေး ရာ၏ , လူဖြစ်သူမှာ အဘယ် ဆိုဖွယ်ရာ ရှိပါမည်နည်း ဟူ သော စ ကား ကို သင် ဆို ပူး ပြီ၊ အို အဂ္ဂိဝေဿန, သင်၏ အချို့သော ချွေးပေါက်တို့ကား နဖူးမှ ပေါ်ထွက်ကျဆင်းကာ, ကိုယ်ဝတ်ကို ပေါက်ထွက် , မြေ၌သက်ကျခဲ့ကုန်၏၊ အို အဂ္ဂိဝေဿန, ငါ့မှာကား ယခု ငါ့ကိုယ်၌ ချွေးမရှိနဲ့ပချေ။ (ထိုသို့ဆို၍ ထိုပရိသတ်အတွင်း၌ ရွှေအဆင်းရှိ ကိုယ်တော်ကို ဖွင့်လှစ်ပြတော်မူလေသတတ်၊) ဤသို့ ဘုရားရှင် မိန့်ဆိုလတ်သော်- နိဂဏ္ဌပုတ် သစ္စကသည် ဆိတ်ဆိတ်နေကာ မသာယာသော နစ်လုံးဖြင့် ဦးခေါင်းငိုက်ဆိုက် ချလျက် ကြံမှိုင်တွေဝေ နေထိုင်လေပြီ၊ ထိုအခါ ဒုမ္မုခ- အာကြမ်းမည်သော လိစ္ဆဝီမင်းတဦးက “ အို မြတ်စွာဘုရား , တပည့်တော်မှာ ဥပမာတခု ထင်လာပါသည် ” ဟု လျှောက်လေပြီ၊

ဘုရားရှင်က “အို ဒုမ္မုခ- အာကြမ်း , သင့်ဥပမာ ထင်ပါစေ” ဟု မိန့်ပြန်တော်မူသော်- ဥပမာအားဖြင့် မြတ်စွာဘုရား , ရွာ၏ သို့မဟုတ် မြို့၏ အနီးအပါး၌ ရေကန်ကြီးတခု ရှိလေရာ, ၎င်းအတွင်း၌ ဇုဇွန်ကြီးတကောင်ရှိလေသည်၊ ထိုသည့် ရွာနိဂုံးမှ သူငယ် , သူငယ်မ တို့သည် ထို ကန်ကြီးသို့ လာရောက် ကုန်ကာ , ရေကန်ကြီးအတွင်း သက်ဆင်းကုန်၍ ထိုသည့် ဇုဇွန်ကြီးကို ထုတ်ဆယ်ပြီးကာ ကုန်း၌ ထားကြကုန်၏၊ ထိုဇုဇွန်ကြီးက ထိုထို တတ်မ ခြေလက်များကို ကားယားမြောက်၍ အသင်သင်ပြုလုပ်လေရာ , သူငယ်များက ဆောင်ဘာဆိုင်း ထောင်လတိုင်း တက်မနှင့် ခြေလက်တို့ကို ခုး ခုတ် တုတ်ချောင်းဖြင့် ချိုးကြ ဖြတ်ကြကုန်၏၊ ထိုသို့အားဖြင့် နောက်ဆုံးတွင် ထိုဇုဇွန်ကြီးသည် ခြေလက် တက်မ ကျိုးပြတ်ကျသဖြင့် ထိုကန်ကြီး

အတွင်းသို့ ရေးကကွဲသို့ တဖန် မဆင်းနိုင်တော့ပါဘုရား။ ဤပုံ အတူပင် မြတ်စွာဘုရား, နိဂဏ္ဌပုတ် သစ္စက၏ ထောင်ထတိုင်း လှုပ်ရှားတိုင်းသော အယူဝါဒ တက်မခြေလက်များကို ဘုရားရှင် ချိုးဖြတ် ခြေဖျက် လိုက်သဖြင့် ယခုမှ စ၍ , သစ္စက နိဂဏ္ဌပုတ်သည် ဘုရားရှင့်ဌာန် ဝါဒပြိုင်ယှဉ်ရန် တဖန် လာရောက်နိုင်ဖွယ် မရှိတော့ပါဘုရား၊ ဤသို့ဆိုလျှင် သစ္စကနိဂဏ္ဌပုတ် ဆိုသည်ကား " ဒိုဒ္ဓမြေ-အားကြမ်း , ဆိုင်းစမ်းပါအုံး, ဆိုင်းစမ်းပါအုံး, သင်ကား နှုတ်ကြမ်းလှသူ ဖြစ်ချေ၏၊ ကျွန်ုပ်တို့သည် သင်နှင့် အတူ ဆွေးနွေးကြသည် မဟုတ်ကုန်၊ အရှင်ဂေါတမနှင့်သာ ဆွေးနွေးကြကုန်သည်၊ အို အရှင်ဂေါတမ , ကျွန်ုပ်တို့, စကားဖြစ်စေ , အခြား သူတော်သူမြတ်တို့ စကားဖြစ်စေ, အားလုံးပင် မြည်တမ်းကာမျှ ဖြစ်ကြကုန်စေ၊ အရှင်ဂေါတမ၏ ပြည့်တော်များသည် မည်မျှလောက်သော အခြေအနေအားဖြင့် ဆုံးမလိုက်နာသော-အဆုံးအမ ခံယူသော- ယုံမှားလွန်မြောက် ရဲရင့်ခြင်း တိုင်ရောက်၍ ဆရာ့ဝါဒ၌ ကိုယ်ရ ကိုယ်ယုံဖြစ်ပါသနည်း ?။

အို အဂ္ဂိဝေဿန, အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး၌ အတွင်း အပြင် ဖြစ်စေ, အကြမ်း အနု ဖြစ်စေ, အယုတ် အမြတ် ဖြစ်စေ , အဝေး အနီး ဖြစ်စေ ကြွင်းမဲ့ ဥဿုံ အလုံးစုံသော ရုပ်မှန်သမျှ , ဝေဒနာမှန်သမျှ , သညာမှန်သမျှ , သင်္ခါရမှန်သမျှ , ဝိညာဉ်မှန်သမျှကို,၎င်းသည် ငါ့ဥစ္စာမဟုတ် , ငါမဟုတ်, ငါ့ကိုယ်မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ , မှန်ကန်စွာသော ဉာဏ်အမြင်ဖြင့် ဆင်ခြင်ရှုကြည့်ခဲ့သော်-ငါဘုရား အဆုံးအမ၌ ယုံမှားလွန်မြောက် , သို့လော ? သို့လော ? တွေးတောကင်းပျောက် ရဲရင့်ခြင်း တိုင်ရောက်၍ ကိုယ်ကြို ကိုယ်ယုံ ဖြစ်သည်၊ လောကပွါးစီးရေး ကုန်ခန်းသည့် ရဟန္တာအထိ ဖြစ်သည်၊ ကောင်းစွာသိမြင်၍ လွတ်လပ်တော့လေသည်၊ အို အဂ္ဂိဝေဿန , ထိုသူသည် ဉာဏ်အမြင်၏ လွန်ကဲခြင်း , အကျင့်၏ လွန်ကဲခြင်း, လွတ်လပ်ရေး၏ လွန်ကဲခြင်း- ဤသုံးမျိုးသော လွန်ကဲခြင်းတို့နှင့် ပြည့်စုံတော့လေသည်၊ သို့ဖြစ်ရကား ထိုဘုရားရှင်သည် ကိုယ်တိုင် သိမြင်တော်မူ၍ သူတပါးအား သိမြင်ရန် ဟောညွှန်တော်မူ၏၊ ကိုယ်တိုင် ယဉ်ကျေးတော်မူ၍ သူတပါးအား ယဉ်ကျေးရန် ဟောညွှန်တော်မူသည်၊ ကိုယ်တိုင် အေးမြတော်မူ၍ သူတပါးအား အေးမြရန် ဟောညွှန်တော်မူသည်၊ ကိုယ်တိုင် ကူးမြောက်တော်မူ၍ သူတပါးအား ကူးမြောက်စေရန် ဟောညွှန်တော်မူသည်၊ ကိုယ်တိုင် ငြိမ်းချမ်းပြီး၍ သူတပါးအား ငြိမ်းချမ်းရန် ဟောညွှန်တော်မူသည်- ဟု သိမြင်နိုင်တော့လေ၏။

ဤစကားကို ကြားနာရသော်- သစ္စကက ဤသို့ လျှောက်လေပြီ၊ အို အရှင် ဂေါတမ , အရှင်ဂေါတမကို ဝါဒဖြင့် ဝါဒတင်စီးရန် ထင်မှတ်ကြသော ကျွန်ုပ်တို့သာ ပြစ်မှားကြကုန်၏ , မာန်ထောင်မြင့်မောက်ကြကုန်၏။ အို အရှင်ဂေါတမ , အမုန်ယစ်သော ဆင်ပြောင်ကို ထိပါးသောသူမှာ ချမ်းသာဖွယ်ရှိသော် ရှိနိုင်သေးရာ၏၊ အရှင်

ဂေါတမကို ထိပါးမူကား ချမ်းသာဖွယ် မရှိတော့ပေရာ။ အို အရှင်ဂေါတမ ၊ အဆွိပ်ပြောင်ပြောင် တောက်လောင်လျက်ရှိသော မီးပုံကြီးကို ထိပါးသောသူသည် ချမ်းသာသော် ချမ်းသာသေးရာ၏၊ အဆိပ်လျှင်၍ ကြမ်းထမ်းသော မြွေကို ထိပါးသူသည် ချမ်းသာသော် ချမ်းသာသေးရာ၏၊ အရှင်ဂေါတမကို ထိပါးမူကား ချမ်းသာနိုင်ဖွယ်ရာ မရှိတော့ချေ၊ အို အရှင်ဂေါတမ ၊ ဝါဒဖြင့် ဝါဒ တင်စီး ဖိနှိပ်လိုသော ကျွန်ုပ်တို့ပင် ပြစ်မှား လွန်ကျူးပါကုန်သည် ၊ မာန်ထောင် မြင့်မောက် ကြပါကုန်သည်၊- အို အရှင်ဂေါတမ ၊ အရှင်ဂေါတမသည် ရဟန်းအပေါင်းနှင့်တကွ နက်ဖြန်အတွက် ကျွန်ုပ်၏ဆွမ်းကို လက်ခံတော်မူပါ ဟု လျှောက်လျှင် ဘုရားရှင် ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံကြောင်း သစ္စကသိ၍ "အို လိစ္ဆဝီမင်းအပေါင်းတို့ ၊ ကျွန်ုပ်သည် အရှင်ဂေါတမကို ရဟန်းအပေါင်းနှင့်တကွ ဆွမ်းဖိတ်မန်ထားပြီ၊ သင့်လျော်စွာ ဆွမ်း ပို့ဆောင်ခွင့်ကို သိကြပါကုန်" ဟု ဆိုလေပြီ။

ထိုမှပြန်၍ နံနက်ချိန်ရောက်လျှင် လိစ္ဆဝီမင်းတို့က ဆွမ်းအသီးသီးပို့စေကြကုန်ပြီ၊ သစ္စက နိဂဏ္ဌပုတ်သည် မိမိအာရာမ်၌ ခဲဖွယ် ဘောဇဉ် ပြင်ဆင်ပြီးနောက် လူထောက်၍ ဆွမ်းစားချိန် ကြားလျှောက်စေပြီ၊ ဘုရားရှင်သည် သံဃာတော် အပေါင်းဖြင့် ကြွရောက်ကာ, ပြင်ဆင်ထားသော နေရာ၌ ထိုင်နေလေပြီ၊ သစ္စကသည် ဘုရားအမှူးရှိ သံဃာတော်ကို ခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေးလေပြီ။ ဘုရားရှင် ဆွမ်းဘုဉ်းပေး ပြီးသောအခါ, သစ္စကသည် ဘုရားရှေ့မှောက် ၊ သင့်တင့်ရာတွင် ထိုင်၍ "အို အရှင်ဂေါတမ ၊ ဆွမ်းဒါန ကောင်းမှုနှင့် ပူဇော်ခြင်းများမှာ ဒါယကာများ အား အကျိုးသွား သက်ရောက်ပါစေ" ဟု ဆိုလေရာ, ဘုရားရှင်က "အေး ဟုတ်လှပြီ, အဂ္ဂိဝေဿန, ငါကဲ့သို့သော အလှူခံကိုအစွဲပြု၍ ရာဂ- ဒေါသ- မောဟ မကင်းသည့် ကောင်းမှုချမ်းသာများမှာ ဒါယကာတို့အတွက် ဖြစ်လတ်ပေမည်၊ ငါကဲ့သို့သော အလှူခံကိုအစွဲပြု၍ ရာဂ-ဒေါသ-မောဟကင်းသောကောင်းကျိုးချမ်းသာ မူကား သင့် အားသာ ဖြစ်လတ်မည်" ဟု မိန့်ဆိုတော်မူလေပြီ၊- ဤသို့ ကြားနာ မှတ်သားရပါသည်။

စူဠသစ္စက သုတ္တန် ပြီး၏။

# ၃၈။ မဟာ သစ္စက သုတ္တန်

ဘုရားရှင် ဝေသာလီမြို့တော် မဟာဝုန်တောအတွင်း ကူဋာဂါရ ကျောင်းတော်၌ သီတင်းသုံး နေစဉ်အခါ, ဤဆိုလတ္တံ့ အတိုင်း ဘုရားရှင့်အဓဌာန်တော်မှ အကျွန်ုပ် ဤသို့ ကြားနာ မှတ်သားရ ပါသည်၊- ဘုရားရှင်သည် ဝေသာလီမြို့တော်သို့ အာရှင်အာနန္ဒထေရ် နောက်ရံပါ၍ ဆွမ်းခံကြွတော်မူရာ, နိဂဏ္ဌပုတ် သစ္စကလည်း လမ်းလျှောက် လှည့်လည်လာရောက်သည်ကို သိတော်မူ၍ သင်ပင်ရင်းတခု၌† ထိုင်နေတော်မူလေသော်- သစ္စကလည်း ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြား ပြီးနောက် သင့်တင့်ရာတွင် ထိုင်နေ၍ ဤသို့ ပြောဆိုလေပြီ၊ အို အရှင်ဂေါတမ, ကိုယ် လေ့လာ ပွါးထုံရေးကိုသာ အားထုတ်၍ စိတ် လေ့လာ ပွါးထုံရေးကို အားမထုတ်ကြသော ရဟန်း သူတော်သူမြတ် အချို့တို့သည် ကိုယ်နှင့်ဆိုင်ရာ ရောဂါဝေဒနာ အဖြစ် များကုန်၏၊ အို အရှင်ဂေါတမ, ကိုယ်နှင့်ဆိုင်ရာ ရောဂါဝေဒနာ ဖြစ်ပွါးသူမှာ ပေါင်တောင့်ခိုင်၍ နေခဲ့ပူးပြီ၊ နှစ်လုံးသော် ကွဲးပူးပြီ၊ သွေးပူသော် အန်ပူးပြီ၊ စိတ်ပျံ့လွင့် ရူးသွပ်ခြင်းသို့သော် ရောက်ပူးကြပြီ၊ အို အရှင်ဂေါတမ, ထိုသူ၏စိတ်သည် ကိုယ်သို့သာ အစဉ်လိုက်၏၊ ကိုယ်၏အလိုအတိုင်းဖြစ်၏၊ အဘယ့်ကြောင့် ထိုသို့ ဖြစ်ရသနည်း?၊ စိတ်ကို မပွါးများသောကြောင့် ဖြစ်လေသည်၊ အို အရှင်ဂေါတမ, စိတ် လေ့လာ ပွါးထုံရေး ကိုသာ အားထုတ်၍ ကိုယ်လေ့လာ ပွါးထုံရေးကို အားမထုတ်ကြသော ရဟန်း သူတော်သူမြတ်တို့သည် စိတ်နှင့်ဆိုင်ရာ ရောဂါဝေဒနာ ဖြစ်ကြကုန်၏၊ အို အရှင်ဂေါတမ, စိတ်နှင့်ဆိုင်ရာ ရောဂါဖြစ်သူမှာ ပေါင်တောင့်ခိုင်၍သော် နေခဲ့ပြီ၊ နှစ်လုံးသော် ကွဲးပြီ၊ သွေးသော် အန်ပြီ၊ စိတ်ပျံ့လွင့် ရူးသွပ်ခြင်းသို့သော် ရောက်ပြီ၊ အို အရှင်ဂေါတမ, အကြောင်းကား ၎င်း၏ ကိုယ်သည် စိတ်သို့ အစဉ်လိုက်လေသည်၊ စိတ်၏ အလို စွမ်းပကားဖြင့်သာ ဖြစ်လေသည်၊ သို့ဖြစ်ရသည့်မှာ ကိုယ်လေ့လာပွါးထုံ မရှိသောကြောင့်ပင် ဖြစ်၏။

ကျွန်ုပ် ကြံဆဆင်ခြင်မိသည်ကား * အရှင်ဂေါတမ၏ တပည့်တော်တို့သည် စိတ် လေ့လာ ပွါးထုံခြင်းကိုသာ မချွတ် အားထုတ်ကုန်သည်၊ ကိုယ်လေ့လာပွါးထုံရေးကိုမူ အားမထုတ်ကုန်၊ ဤသို့ သစ္စက လျှောက်ဆိုသော်- ဘုရားရှင်က အို အဂ္ဂိဝေဿန, သင်

† ဗိဋကဆောင်တို့ အတည်ပြုချက် မူရင်း၌ကား အရှင်အာနန္ဒထေရ် သစ္စက အလို့ငှါ ထိုင်တော်မူရန် တောင်းပန်၍ ထိုင်နေသော ဟူ၏။

ဤစကားသည် သက်သက် ဆရာလုပ်လို, လူတတ်လုပ်လို၍ ပြောခြင်းဖြစ်၏၊ တခေါင်ပို လုပ်တတ်သူကား စာရေးမှန် ဘယ်တော့မှ မသိ။

မဇ္ဈိမနိကာယ်-၄၈

သည် မည်သို့သောကိုယ်လေ့လာ ပွါးများရေးကို ကြားသိရသနည်း? ဟု မေးတော်မူ၍, အို အရှင်ဂေါတမ, အဘယ်သူတို့နည်း ဆိုသော်- နန္ဒဝစ္ဆ ကိသသံကိစ္စ မက္ခလိဂေါသာလတို့ဖြစ်ကုန်၏၊ငင်းတို့ကား-အဝတ်မဝတ်ကြကုန်၊ ကျင်ကြီးကျင်ငယ်ကို စားသောက်ကုန်၏၊- ပေ * ခုနစ်ရက်ခြား စားကြကုန်၏၊ ဤသို့အားဖြင့် အလှည့်ကျ အစာစားရေး၌ အမြဲ အားစိုက်နေကြကုန်၏ဟု သစ္စကဆိုလျှင်,အို အဂ္ဂိဝေဿန, ငင်းတို့သည် အသို့နည်း?၊ ထိုမျှဖြင့်ပင် တင်းတိမ်၍ နေကြကုန်သလော? ဟု မေးတော်မူရာ, မဟုတ်ပူး, အရှင်ဂေါတမ, ငင်းတို့သည် တရံတခါ မွန်မြတ် မွန်မြတ်ကုန်သော ခဲဖွယ် စားဖွယ် လျက်ဖွယ် သောက်ဖွယ် တို့ကိုလည်း စားသောက် သုံးဆောင်ကုန်၏၊ ငင်းမှာ ဤကိုယ်ကို အားယူကြသည့်, အားတိုးစေသည့်, အဆီထည့်သည် မည်၏ဟု ပြန်ကြားသော်- ဘုရားရှင်က, အို အဂ္ဂိဝေဿန, ရှေ့ဟာကို ပယ်၍ နောက်ဟာကို ပွါးစီးခြင်းဖြစ်ရကား ငင်းမှာ ပွါးစီးခြင်း ပျက်ဆီးခြင်းသာ ဖြစ်လေသည်၊ အို အဂ္ဂိဝေဿန, မည်သို့သော စိတ် ပွါးထု လေ့လာရေးကို ကြားသိဖူးသနည်း? ဟု မေးရာ, ငင်းကို သစ္စက လုံးလောက်အောင် မပြောနိုင်ရကား ဘုရားရှင်က, အို အဂ္ဂိဝေဿန, ရှေးက သင်ပြောပြခဲ့သော ကိုယ် လေ့လာပွါးစီးရေးသည်လည်း အရိယ သူစင်တို့အဆုံးအမ၌ မတရားသော ကိုယ်လေ့လာ ပွါးစီးရေးသာဖြစ်၏၊ သင်ကား ကိုယ် လေ့လာ ပွါးများရေးကိုပင် မသိချေ၊ စိတ် လေ့လာ ပွါးများရေးကိုကား အဘယ်မှာ သင်သိနိုင်မည်နည်း?၊ အို အဂ္ဂိဝေဿန, ကိုယ် ပွါးများ လေ့လာရေးနှင့် စိတ် ပွါးများ လေ့လာရေးကို နားဆောင်, ကောင်းစွာနှလုံးသွင်း, ဟောညွှန်အံ့ ဟု မိန့်ဆိုသော်- "ကောင်းလှပါပြီ, အရှင်ဂေါတမ" ဟု ဝန်ခံသဖြင့် ဤသို့ ဘုရားဟောညွှန်တော်မူလေပြီ။

အို အဂ္ဂိဝေဿန, ကိုယ် လေ့လာ ပွါးများရေး မည်သို့ မဖြစ်သနည်း?၊ စိတ် လေ့လာပွါးများရေး မည်သို့ မဖြစ်သနည်း?၊ အို အဂ္ဂိဝေဿန, ဤလောက၌ အကြားအမြင်နည်းပါးသော ပုထုဇ္ဇန်မှာ ချမ်းသာခံစားမှုဖြစ်၏၊ သူသည် ချမ်းသာနှင့် တွေ့သော် ငင်းကို တပ်စွန်း၏, မက်မောခြင်းသို့ရောက်၏၊ ထိုချမ်းသာ ကွယ်ပျောက်သော်- ငင်းမှာ ဆင်းရဲဖြစ်၏၊ ဆင်းရဲသော် ပူဆွေး၏, ပင်ပန်း၏, ငိုကြွေး၏, ရင်ခတ် လက်တီး မြည်တမ်း၏, တွေဝေ မိန်းမော၏၊ အို အဂ္ဂိဝေဿန, ငင်းမှာ ကိုယ်မလေ့လာ မပွါးများသောကြောင့် ဖြစ်ပွါးလာသော ချမ်းသာ ခံစားမှုသည်လည်း စိတ်ကို ဆွဲးဆောင်တည်နေ၏၊ စိတ် မလေ့လာ မပွါးများသောကြောင့် ဖြစ်ပွါးသော ချမ်းသာ ခံစားမှုသည်လည်း စိတ်ကို ဆွဲးဆောင် တည်နေလေသည်၊ အို အဂ္ဂိဝေဿန, ဤသို့လျှင် ကိုယ်မလေ့လာ မပွါးများခြင်းနှင့်စိတ်မလေ့လာ မပွါးများခြင်းကိုသိမှတ်ရမည်။

အို အဂ္ဂိဝေဿန, ကိုယ် လေ့လာ ပွါးများခြင်းနှင့် စိတ် လေ့လာ ပွါးများခြင်း မည်သို့ဖြစ်သနည်း?၊ အို အဂ္ဂိဝေဿန, အကြားအမြင်ရှိသော အရိယ သူစင်၏တပည့်

* စာမျက်နှာ ၉၁, ၁၅-လောမဟံသနသုတ်၌ အကျယ်ရှိပြီ။

တော်သည်ကား ချမ်းသာခံစားမှု တွေ့လတ်သော်- ချမ်းသာကို မတပ်စွန်း ၊ မမက်မော၊ ထို့ကြောင့် ၎င်းမှာ ချမ်းသာ ကွယ်ပျောက်သော်- ဆင်းရဲ ဖြစ်ပေါ်လာ၏၊ သို့ရာတွင် သူသည် ဆင်းရဲဖြစ်ပေါ်မှုအတွက် မပူဆွေး ၊ မပင်ပန်း ၊ မငိုကြွေး ၊ ရင်ခတ် လက်တီး မမြည်တမ်း ၊ မတွေဝေ ၊ မမိန်းမော၊ အို အဂ္ဂိဝေဿန ၊ သူ့မှာ ကိုယ် လေ့လာပွါးများ ထားသောကြောင့် ဖြစ်ပွါးသော ချမ်းသာခံစားမှုသည်လည်း ၎င်း၏စိတ်ကို ဆွဲဆောင် ၍ မတည်ချေ၊ စိတ်လေ့လာ ပွါးများထားသောကြောင့် ဖြစ်ပွါးသော ဆင်းရဲခံစားမှု သည်လည်း ၎င်း၏စိတ်ကို ဆွဲဆောင်၍ မတည်ချေ၊ဤသို့လျှင် ကိုယ်လေ့လာပွါးများ ခြင်းနှင့် စိတ်လေ့လာပွါးများခြင်းကို သိမှတ်ရမည်။

အို အရှင်ဂေါတမ ၊ ဤသို့အားဖြင့် ကျွန်ုပ်ကြည်ညိုပါသည်၊ အကြောင်းကား † အရှင် ဂေါတမသည် ကိုယ်လေ့လာပွါးများပြီး ၊ စိတ်လေ့လာ ပွါးများပြီး ဖြစ်ပေသည်၊ အို အဂ္ဂိဝေဿန ၊ သင်၏ ဤစကားသည် အမှန်အားဖြင့် ငါ့အပေါ်၌ ထိပါး စောင်း ချိပ် ပြောခြင်းဖြစ်လေသည်၊ သို့ပင်ဖြစ်သော်လည်း သင့်ကို ငါပြောရမည်၊ အို အဂ္ဂိ ဝေဿန ၊ ငါသည် ဖန်ရည်ဆိုးအဝတ် ဆင်မြန်း၍ ရဟန်းပြုခဲ့သည်မှ စ၍ ယနေ့အထိ ငါ၏စိတ်ကို ဆွဲဆောင် ထိခိုက်နိုင်သော ချမ်းသာခံစားမှု ၊ ဆင်းရဲခံစားမှု မည်သည် မရှိခဲ့ပချေ၊ အရှင်ဂေါတမမှာ † ဆွဲဆောင် ထိခိုက်နိုင်လောက်အောင် ချမ်းသာ ဆင်း ရဲများ မဖြစ်ပူးပဲ ရှိပေလိမ့်မည်၊ အဘယ်မှာ မဖြစ်ပူး ရှိမည်နည်း ၊ အဂ္ဂိဝေဿန၊ သည် မှာ အဂ္ဂိဝေဿန ၊ ငါသည် တရားသိ မဖြစ်သေးမီ ၊ ရှေးအခါက လူတို့ဘောင်မှာ ကျဉ်းမြောင်းသည် ၊ မြူလမ်းကျသည်၊ ရဟန်းအဖြစ်သာ လွင်ပြင်ဖြစ်သည်၊ လူဖြစ်သူ မှာ အကျင့်မြတ်ကို ဖြူဖြူစင်စင် ကျင့်ဆောင်ရန် မလွယ်ကူဟု စိတ်ကူး၍ ငယ်ယွယ် နုနယ်စဉ်ပင် အမိအဖတို့အလိုမတူပဲ ငိုယိုကြစဉ် ရဟန်းပြုလုပ်ခဲ့ပြီ၊ငါသည် ကုသိုလ်ကို ရှာမှီး ၊ အတုမဲ့ အေးမြရာကို ရှာမှီးလျက် * အာဠာရနှင့် ဥဒက ရသေ့ကြီးနှစ်ဦးတို့ဌာန် ဝင်ရောက်၍ နည်းနာခံယူသဖြင့် အရူပသမာပတ်များကိုရခဲ့ပြီ။

အို အဂ္ဂိဝေဿန ၊ ၎င်းတို့ကား ပြဟ္မာ့ဘုံ ရောက်ရေး တရားမျှ ဖြစ်ကုန်၏၊လောက ငြိမ်းငွေ့ရေး ၊ အကျွတ်အလွတ် အေးငြိမ်းရေး တရားမဟုတ်ဟု သိမြင်လျက် ၎င်းတို့ ကို မခင် မမင် မဆင်ယင်ပဲ ၎င်းတို့ဌာန်မှ ဖဲထွက် လှည့်လည်ခဲ့ရာ ၊ ဥရုဝေလတော ဝသေနာနိဂုံးသို့ ရောက်ဆိုက်ခဲ့ပြီ၊ ငါသည် ၎င်း၌ပင် ဤနေရာကား တရားအားထုတ်ရေး လုပ်ငန်းအတွက် သင့်တော်သည်ဟု ထင်မှတ်နေထိုင်ခဲ့ပြီ၊ အို အဂ္ဂိဝေဿန ၊ ထိုစဉ် အခါ ငါ့မှာ အဖန်ဖန် အံ့ဖွယ်ဘနန်း ထူးဆန်းသောဥပမာသုံးမျိုးထင်လာပြီ.....

---

† ဤစကားမှာ သစ္စက ပြောင်လှောင်လိုက်ခြင်း ဖြစ်၏၊ ထို့ကြောင့်ပင် သစ္စကမှာ ကြားရကာမျှဖြစ်၍ တရားမဝင်ဖြစ်လေသည်၊ ဤသို့သော သူ မဖြစ်ရန် ဂရုအထူး ပြုသင့်ပေသည်၊

၎င်းတို့ အကျယ်ကို စာမျက်နှာ ၁၄၅ ၊ ၃၁–အရိယ ပရိယေသန သုတ္တန်၌ ရှိတိုင်း ကြည့်ရှုကြပါကုန်။

## ၁- ပထမ ဥပမာ

ဧရိ အဂ္ဂိဝေဿန , ဥပမာအားဖြင့် အဆီအစေးရှိ ထင်းမိုတုံးကြီးတခုကို ရေထည်း၌ ထားလေရာ၏၊ သူတယောက်က ၎င်းကို မီးတောက်စေမည်,မီးဖြစ်စေမည်ဟု ရည်ညွှန်၍ ပွတ်ခုံ ပွတ်ကျည် ဆောင်ယူလာလေသည်၊ မည်သို့ ထင်မှတ်သနည်း, အဂ္ဂိဝေဿန?၊ သူသည် ထိုသည့် ရေမှာချထား၍ အဆီအစေးရှိ ထင်းမိုတုံးကြီး ကို မီးပွတ်၍ မီးကို ဖြစ်စေနိုင်မည်လော ?၊ "မဖြစ်စေနိုင်ရာ, အရှင်ဂေါတမ"၊ အဘဲ့ကြောင့်နည်း ?၊ အကြောင်းမှုကား , အရှင်ဂေါတမ၊ ဤမည်သော ထင်းတုံးမှာ စွတ်စို၍ အဆီအစေး ရှိသည့်အပြင် ရေတွင်လည်း ထားပြန်လေသည်၊ ထို့ကြောင့် စင်စစ်မှာ ထိုသူ ပင်ပန်း ရရုံမျှ , ဆင်းရဲရရုံမျှ အကျိုးဖြစ်ရာ၏၊ ဗ်ဲး–ဤ့အတူပင် အဂ္ဂိဝေဿန , ကိုယ်နှင့် စိတ် နှစ်မျိုးစုံအားဖြင့် အလိုကာမ မငြိမ်းအေးကုန်,ကာမလိုအင်ဆန္ဒနှင့် ကာမ၌ကပ်ငြိခြင်း, ကာမ၌ မူးယစ်ခြင်း , ကာမ၌ မွတ်သိပ်ခြင်း , ပူလောင်ခြင်းများကိုလည်း စိတ်အတွင်း ၌ မပယ်စွန့် မအေးငြိမ်းကြကုန်သော ရဟန်း သူစင်သူမြတ်တို့သည် လုံ့လစိုက်ထုတ် ကုန်ကာပင် , ထမ်ပြင်း ထက်မျက် ခံခက် စပ်ရှားလှသော ဆင်းရဲကြီးကို ခံစေကုန်ကာ မှုလည်း အတုမဲ့ မြင့်မြတ်သော ဉာဏ်အမြင်ကို သိမြင်ပွင့်လင်းရန် မထိုက်တန်ကြကုန်၊ ယင်းသို့ အားအင်စိုက်ထုတ်ကာ , ပြင်းစွာသော ဆင်းရဲကို မခံစေကုန်ကာမှုလည်း ထိုထိုသော ဉာဏ်အမြင်ကို သိမြင်ရန် မထိုက်တန်ကြကုန်၊= ဤကား ပထမဆုံး အံ့ဖွယ်ဘနန်း ဆန်းကြယ်သော ဥပမာတည်း။

## ၂- ဒုတိယ ဥပမာ

ဒ့ဲ အဂ္ဂိဝေဿန, ထိုမှတပါး မကြားစဖူး အထူးအံ့ဩဘနန်း ဆန်းပြားသော ဒုတိယ ဥပမာ ထင်လာသည်ကား - ဥပမာအားဖြင့် အစေးနှင့် အဆီ တင်ပြည့် ရှိနေသော ထင်းမိုတုံးကြီးကို ရေမှ ဝေးလံစွာ ကုန်းမြေပြင်တွင် ထားလေရာ၏၊ သူတယောက်က ၎င်းကို မီးတောက်လောင်ကျွန်းစေမည် , မီးဖြစ်အောင် လုပ်မည်ဟု ရည်ညွှန်၍ ပွတ်ခုံ ပွတ်ကျည် ယူဆောင်လာလေသည်၊ မည်သို့ သင် ထင်မှတ်သနည်း , အဂ္ဂိဝေဿန? ၊ သူသည် ထိုသည့် အစေး အဆီ တဲနက် ရှိနေသော ထင်းမိုတုံးကြီးကို မီးပွတ်၍ မီး ဖြစ်စေနိုင်, တောက်လောင်စေနိုင်မည်လော ?၊ "မဖြစ်စေနိုင်ရာ, အရှင် ဂေါတမ"၊ အဘဲ့ကြောင့်နည်း ?၊ ဒ့ဲ အရှင် ဂေါတမ , ထို ထင်းတုံးမှာ ရေမှ ဝေးလံစွာ ကုန်း ထက်၌ပင် ထားသော်လည်း လတ်လတ်ဆတ်ဆတ် စိမ်းလန်း စိုစွတ်၍ တဲနက်သော အဆီအစေးလည်း ရှိနေလေသည်၊ ထို့ကြောင့် စင်စစ်ကား ထိုသူ ပင်ပန်းကာမျှ , ဆင်းရဲကာမျှ အကျိုးဖြစ်ရာ၏၊ ဗ်ဲး- ဤ့အတူပင် အဂ္ဂိဝေဿန,အချို့ ရဟန်း သူတော် သူမြတ်တို့သည် ကိုယ်နှင့်စိတ် နှစ်မျိုးစုံအားဖြင့် အလိုကာမမှ ငြိမ်းအေး ကြကုန်၏၊ သို့ ဖြစ်စေကုန်ကာ , ၎င်းတို့ အတွင်းစိတ် သန္တာန်၌မူကား ကာမအလိုဆန္ဒနှင့် ကာမ၌

ကပ်ငြိခြင်း , ကာမ၌ မူးယစ်ခြင်း , ကာမ၌ မွတ်သိပ်ခြင်း , ပူလောင်ခြင်းတို့ကို ကောင်းစွာ မပယ်စွန့်သေးကုန်၊ မငြိမ်းအေးသေးကုန်၊ ထို့ကြောင့် ထိုသို့သော ရဟန်း သူတော်သူမြတ်တို့သည် အကယ် လုံ့လရိုက်ထုတ်ကုန်၍ ကြမ်းကြုတ် ထက်မျက် အခံခက်၍ စပ်ရှားလှအောဆင်းရဲကြီးကိုပင် ခံယူစေကုန်ကာ , အတုမဲ့ ထိုးထွင်း သိမြင်သည့် ဉာဏ်အမြင်နှင့် မထိုက်တန်ကြကုန်၊ ထိုသို့ အားပါးရိုက်ထုတ် ဆင်းရဲကိုမခံကြစေကုန်မူလည်း ထိုသို့သော ဉာဏ်အမြင်နှင့် ထိုအရှင်တို့ မထိုက်တန်ကြကုန်၊ ဤကား ဒုတိယ အံ့ဖွယ်ဘနန်း ဆန်းပြားသော ဥပမာတည်း။

## ၃- တတိယ ဥပမာ။

အို အဂ္ဂိဝေဿန , ရှေးက မကြားစဖူး အထူးအံ့ဘနန်း ဆန်းဆန်းပြားပြား အခြားထင်မြင်လာသော တတိယဥပမာကား - အို အဂ္ဂိဝေဿန , ဥပမာအားဖြင့် ယောင်းယောင်း ခြောက်သွေ့၍ အဆီအစေးမဲ့ ထင်းတုံးကို ရေမှ ဝေးလံစွာသော ကုန်း၌ ထားလေရာ, သူတယောက်က ၎င်းကို မီးရှို့ ဖြိုက်မည်, မီးခွဲးလောင်ကျွမ်း စေမည်ဟု ရည်ညွှန်၍ ပွတ်ခုံ ပွတ်ကျည် ဆောင်ယူလာလေသည်၊ သင် မည်သို့ ထင်မှတ် သနည်း အဂ္ဂိဝေဿန ,?၊ သူသည် ရေနှင့် ဝေးစွာထား၍ အဆီအစေး ကင်းမဲ့လျက် တခဲနက်ခြောက်သွေ့နေသော ထိုထင်းတုံးကို မီးပွတ်၍ တောက်လောင် စေနိုင်မည်လော?၊ "စွမ်းနိုင်ရာ၏၊ အရှင်ဂေါတမ"၊ အဘယ့်ကြောင့်နည်း ?၊ အို အရှင်ဂေါတမ , ဤမည်သော ထင်းတုံးမှာ အဆီအစေး မရှိ၊ ယောင်းယောင်းခြောက်သွေ့နေ၏၊ ထို့ပြင် ရေနှင့်ဝေးသော ကုန်းမှာလည်း ထား၏၊ အံး=ဤ့အတူပင် အဂ္ဂိဝေဿန , အချို့ ရဟန်း သူတော် သူမြတ်တို့သည် ကိုယ်နှင့်စိတ် နှစ်မျိုးစုံအားဖြင့် အလိုကာမတို့မှ အေးငြိမ်းစဲကုန်၍ ၎င်းတို့ စိတ်တွင်းသန္တာန်၌လည်း ကာမအလိုဆန္ဒနှင့် ကာမ၌ ကပ်ငြိခြင်း , မူးယစ်ခြင်း , မွတ်သိပ်ခြင်း , ပူလောင်ခြင်းများကို ကောင်းကောင်း ပယ်စွန့်ထားကုန်သည် , အေးငြိမ်းကြကုန်သည်၊ ထိုသို့သော ရဟန်း သူတော် သူမြတ်တို့ကား လုံ့လပြင်းစွာရိုက်ထုတ်၍ ထင်ပြင်း ထက်မျက်သော ဆင်းရဲကို ခံကုန်သော်၎င်း , မခံကုန်သော်၎င်း , အတုမဲ့ ဉာဏ်အမြင်နှင့် စင်စစ် ထိုက်တန်ကုန်၏၊ ဤကား တတိယ အံ့ဘနန်း ဆန်းပြားသော ဥပမာတည်း၊ အို အဂ္ဂိဝေဿန,ဤသို့လျှင် ရှေးကမကြားစဖူး ထူးဆန်းသော အံ့ဖွယ် ဥပမာတို့သည် ငါ့မှာ ထင်မြင်လာကုန်သတည်း။

အို အဂ္ဂိဝေဿန , ငါသည် စိတ်ကို နှိပ်နင်းရန် ရည်သန်၍ သွားဖြင့် သွားကို ကိုက်လျက် , လျှာဖြင့် အာစောက်ကို ထောက်ကာ , စိတ်ကို စိတ်ဖြင့် ဖိနှိပ်ပြီ , ဖျစ်ညှစ်ပြီ , ပူလောင်စေပြီ၊ ထိုသို့အားဖြင့် စိတ်ကိုဖိနှိပ် ဖျစ်ညှစ် ပူလောင်စေသော ငါ၏ လက်ကတီးမှ ချွေးတို့သည် တဒီးဒီး ယိုကျကုန်ပြီ၊ အို အဂ္ဂိဝေဿန , ထိုသို့သော ဆင်းရဲစွာ အားပါးရိုက်ထုတ်ခြင်းဖြင့် ထိုးဆွအပ်သော ငါသည် လုံ့လကို ပြင်းစွာပြုအပ်ပြီ၊ တွန့်ရွံ့ လျော့

ပေ၏၊ မရှိတော့၊ သတိလည်းထင်ပြီ, အမေ့ အလျော့မရှိ, ကိုယ်ကား ပူပန်ခြင်းရှိ၍ မငြိမ်းအေး မြဲသေးချေ၊ အဂ္ဂိဝေဿန, ဤသို့ ဖြစ်ပေါ်သော ဆင်းရဲဝေဒနာပင်လည်း ငါ၏ စိတ်ကို မဆွဲးဆောင်နိုင်ချေ၊ အဂ္ဂိဝေဿန, ငါသည် အသက်မရှူသော စိတ်ဝင်စားခြင်းကို ဝင်စားအံ့ဟု ကြံစည်၍ ခံတွင်းနှင့် နှာခေါင်းတို့မှ လေကိုပိတ်လိုက်သော်- နားပေါက်မှာ ထွက်ကုန်သော ထွက်သက် ဝင်သက်လေတို့၏ မြည်သံမှာ လွန်စွာဖြင်း ပြကုန်ပြီ၊ ဥပမာ ပန်းပဲဖို နှုတ်သီးမှ ထွက်သည့် ပြင်းပြသော လေသံကဲ့သို့တည်း၊ အဂ္ဂိဝေဿန, ထိုသို့ ဆင်းရဲစွာသော အားပါး စိုက်ထုတ်ခြင်းဖြင့် ထိုးဆွအပ်သော ငါသည် လုံ့လကို ပြင်းစွာပြုအပ်ပြီ, မတွန့်ဆုတ်တော့၊ သတိထင်ပြီ, မမေ့ ပျောက်တော့၊ ငါ၏ကိုယ်ကား မငြိမ်းအေး ပူမြဲ ပူလျက်ပင် ရှိခဲ့လေပြီ၊ အဂ္ဂိဝေဿန, ဤသို့ ဖြစ်ပေါ်သည့် ဆင်းရဲဝေဒနာသည်ပင်လည်း ငါ၏စိတ်ကို မဆွဲးဆောင်နိုင်ချေ၊ အဂ္ဂိဝေဿန, ငါသည် အသက်မရှူသော စိတ်ကိုပင် ဝင်စားအံ့ဟု ကြံစည်၍ ခံတွင်း နှာခေါင်းနှင့် နားတို့မှ ထွက်သက် ဝင်သက်တို့ကို လုံးလုံး ပိတ်ထားခဲ့ပြီ၊ ယင်းသို့ သုံးဖက်မှ ထွက်သက် ဝင်သက်တို့ကို ပိတ်လိုက်သော်- လွန်ကဲ ပြင်းပြစွာသောလေ တို့သည် ဦးထိပ်၌ တက်၍ ထိုးဆွကြကုန်ပြီ၊ အဂ္ဂိဝေဿန, ဥပမာ, အားဗလ ကောင်းသော လူတယောက်သည် ထက်သောစွာသော သံချောင်းဖြင့် ဦးထိပ်၌ ထိုးနှက် သကဲ့သို့ ဖြစ်လေသည်၊ အဂ္ဂိဝေဿန, ဆင်းရဲစွာသော ထိုသည့် အားစိုက်ခြင်း ဖြင့် ထိုးဆွအပ်သော ငါသည် လုံ့လကို ကောင်းစွာပြုအပ်၏၊ အတွန့်အဆုတ်မရှိ, သတိကောင်းစွာထားပြီ, မေ့လျော့ခြင်းမရှိ၊ ငါ၏ကိုယ်ကား ပူလောင်သေး၍ မငြိမ်းအေးမြဲ သည်ပင် ဖြစ်ပြီ၊ အဂ္ဂိဝေဿန, ဤသို့ ဖြစ်ပေါ်သော ဆင်းရဲဝေဒနာသည်ပင် ငါ၏ စိတ်ကို မဆွဲးဆောင်နိုင်ချေ။

အဂ္ဂိဝေဿန, ငါသည် အသက်မရှူရှိုက်သောစိတ်ကိုသာ ဝင်စားအံ့ဟု ကြံစည်၍ ခံတွင်း နှာခေါင်းနှင့် နားတို့မှ ထွက်သက် ဝင်သက်လေတို့ကို လုံးလုံးပိတ်ပင်လိုက်ပြီ၊ ယင်းသို့ ပြုသောအခါ ငါ့မှာ ဦးခေါင်းကြီး ပြင်းစွာ ကိုက်ခဲခဲ့လေပြီ၊ အဂ္ဂိဝေဿန, ဥပမာအားဖြင့် အားဗလကောင်းသူ တယောက်သည် ခိုင်မြဲ သန်မာလှသော သားရေကြိုးဖြင့် ဦးခေါင်း၌ တင်းကြပ်စွာ ပတ်ရစ် ရုတ်နှောင်ထားသကဲ့သို့ ဖြစ်လေပြီ၊ အဂ္ဂိဝေဿန, ထိုသို့ ဆင်းရဲလှသော အားစိုက်ခြင်းဖြင့် ထိုးဆွအပ်သော ငါသည် လုံ့လကို ပြင်းစွာပြုလုပ်အပ်ပြီ, တွန့်ဆုတ် နောက်ဆုတ် မရှိခဲ့ပေချေ။ သတိလည်း ထင်ပြီ, မမေ့ မလျော့ချေ၊ ငါ၏ကိုယ်ကား ပူလောင်စွာပင်ဖြစ်၍ မငြိမ်းအေးမြဲသေးချေ၊ အဂ္ဂိဝေဿန, ဤသို့ ဖြစ်ပေါ်သော ဆင်းရဲဝေဒနာသည်ပင်လည်း ငါ၏စိတ်ကို မဆွဲးဆောင်နိုင်ချေ၊ အဂ္ဂိဝေဿန, ငါသည် အသက်မရှူသော စိတ်ဝင်စားခြင်း ကိုပင် ဝင်စားအံ့ဟု ကြံစည်၍ ခံတွင်း နှာခေါင်းနှင့် နားတို့မှ ထွက်သက် ဝင်သက်တို့ ကို လုံးလုံး ပိတ်ဆို့ထားခဲ့ပြီ၊ ထိုသို့ ပြုလုပ်ခြင်းဖြင့် လွန်ကဲစွာသော လေတို့သည် ငါ၏

ဝမ်းကို ကြမ်းထမ်းစွာ ထိုးဆွဲကြကုန်၏၊ အဂ္ဂိဝေဿန , ဥပမာအားဖြင့် လိမ္မာသော နွားသတ်သမား , နွားသတ်သမား၏ တပည့်သည် ထက်မြက်စွာသော နွားထိုးဓါးရှူးဖြင့် ဝမ်းပိုက်ကို ထိုးဆွသကဲ့သို့ပင် ဖြစ်လေသည်၊ အဂ္ဂိဝေဿန , ဤသို့ ဆင်းရဲစွာသော အားပါးစိုက်ထုတ်ခြင်းဖြင့် ထိုးဆွအပ်သောငါသည် လုံ့လကိုကောင်းကောင်း ထုတ်စိုက်အပ်ပြီ , မလျော့ မတွန့် ဖြစ်လေပြီ၊ သတိကောင်းကောင်း ထင်ပြီ, မမေ့ပျောက်နိုင်တော့ချေ၊ ငါ၏ကိုယ်မူကား မအေးမငြိမ်းပူလောင်သည်ပင်တည်း၊ အဂ္ဂိဝေဿန , ဤသို့သော ဆင်းရဲဝေဒနာသည်ပင်လည်း ငါ၏စိတ်ကိုမဆွဲဆောင်နိုင်ခဲ့ချေ။

အဂ္ဂိဝေဿန , ငါသည် အသက်မရှူသော ဈာန်ဝင်စားခြင်းကိုပင် ဝင်စားအံ့ဟု ကြံစည်၍ ခံတွင်း နှာခေါင်းနှင့် နားတို့မှ ထွက်သက်ဝင်သက်တို့ကို လုံးလုံး ပိတ်ပင်ထားခဲ့ပြီ၊ ထိုသို့ပြုလုပ်လိုက်ခြင်းဖြင့် လွန်ကဲ ပြင်းပြသောစွာသော ကိုယ်ပူရောဂါကြီးဖြစ်ခဲ့လေပြီ၊ ဥပမာအားဖြင့် အဂ္ဂိဝေဿန , အားဗလကောင်းသူ နှစ်ယောက်တို့သည် အားနည်းသူ တဦးကို လက်မောင်း တဖက်စီ ဆွဲကိုင်၍ မီးကျည်းတွင်း၌ ကင်ကုန် , မြိုက်ကုန် သကဲ့သို့ ဖြစ်တော့လေသည်၊ အဂ္ဂိဝေဿန , ဤသို့ ဆင်းရဲသောစွာသော အားစိုက်ခြင်းဖြင့် ထိုးဆွအပ်သော ငါသည် လုံ့လကို မတွန့်မဆုတ်အောင် ပြုလုပ်အပ်ပြီ၊ သတိကို မမေ့နိုင်အောင် ထင်စေပြီ၊ ငါ၏ကိုယ်ကား မအေးမငြိမ်း ပူမြဲပင်ပူလောင်ပြီ၊ အဂ္ဂိဝေဿန , ဤသို့ ဖြစ်ပေါ်သော ဆင်းရဲဝေဒနာသည်ပင်လည်း ငါ၏စိတ်ကို မဆွဲဆောင်နိုင်ပချေ၊ အဂ္ဂိဝေဿန , စင်စစ်တမူကား ထိုသို့သော အခြေရှိ ငါ့ကို နတ်များမြင်၍ အချို့က "ရဟန်းဂေါတမ , သေပြီ" ဟု ဆိုကုန်ပြီ၊ အချို့က "ရဟန်းဂေါတမ , မသေသေး , သေဆဲသာ" ဟု ဆိုကုန်ပြီ၊ အချို့က "ရဟန်းဂေါတမသည် သေပြီးလည်းမဟုတ် , သေဆဲလည်းမဟုတ် , ရဟန်းဂေါတမသည် ရဟန္တာဖြစ်၍ နေခြင်းသာဖြစ်သည် , ရဟန္တာကား ဤသို့ပင် နေသည်" ဟု ဆိုကုန်ပြီ၊ အဂ္ဂိဝေဿန , ထိုစဉ်အခါ ငါသည် အစာကို လုံးလုံးဖြတ်၍ ကျင့်အံ့ဟု စိတ်ကူးခဲ့ရာ, နတ်တို့က "အစာကို လုံးလုံး မဖြတ်ပါလင့်,အကယ်၍ အရှင်မြတ် အစာကို လုံးလုံး ဖြတ်ခဲ့အံ့ , နတ်ဩဇာကို မွေးညှင်းတွင်းမှ သွင်းပေးမည် , ၎င်းဖြင့် အရှင် မျှတလတ္တံ့" ဟု ဆိုကုန်ပြီ၊ အဂ္ဂိဝေဿန , ငါကား အစာကို လုံးလုံးဖြတ်သည်ဟု ဝန်ခံအံ့ , ဤနတ်တို့က "မွေးညှင်းတွင်းမှ နတ်ဩဇာကို သွင်းကုန်အံ့ , ၎င်းဖြင့် မျှတနေခဲ့အံ့ , ထိုသို့ဖြစ်မူ ချို့ယွင်းသော မုသားပင်ဖြစ်ပေရာ၏ ဟု စိတ်ကူး၍ ထိုနတ်တို့အား ငါ အစာကို လုံးလုံး မဖြတ်" ဟု မြစ်ကြားခဲ့ပြီ။

အဂ္ဂိဝေဿန, ငါသည် အနည်းငယ်သာ စားမည်ဟု ကြံစည်၍ ပဲနောက်ရည် တလက်ခုပ်ခန့်မျှကို ဖြစ်စေ, ကလားပဲရည် တလက်ခုတ်ခန့်မျှကို ဖြစ်စေ, ပဲကြီးရည် တလက်ခုတ်ခန့်မျှကို ဖြစ်စေ, ဟရေဏုကပဲရည် တလက်ခုပ်ခန့်မျှကို ဖြစ်စေ ထိုမျှ နည်းပါးစွာသာ စားသုံးခဲ့ပြီ၊ အဂ္ဂိဝေဿန , ထိုမျှ အစာနည်းပါးစွာ စားသုံးသော

ငါ၏ကိုယ်သည် အလွန်ကြုံလှီလေပြီ၊ ဥပမာ ရှစ်ဆယ်မျှ မည်းနက်သော အဆစ်အဖုတို့ကဲ့သို့ ထို့အတူ ငါ့ကိုယ်အင်္ဂါမှာ ဖြစ်ခဲ့ပြီ၊ အို အဂ္ဂိဝေဿန , ထိုမျှ အစာနည်းပါးရကား ငါ၏တင်ပါးသည် ကုလားအုတ်ခြေကဲ့သို့ဖြစ်ခဲ့ပြီ၊ ကျောရိုးသည် ကြိုးလွန်းကဲ့သို့, နံရိုးတို့မှာ အိမ်အိုအိမ်ဆွေး၏ အချင်ဝါးတို့ကဲ့သို့ နိမ့်နင်း ကြိုးကြဲ ဖြစ်ကုန်ပြီ၊ နက်လှစွာသော မျက်တွင်းတို့၌ မျက်စိတို့မှာ နက်ရှိုင်း လှစွာသော ရေတွင်းမှ ရေတို့ကဲ့သို့ , အရောင်ပြောင်ပြောင်မျှ ထင်ကြကုန်ပြီ၊ ငါ၏ ဦးခေါင်းရေမှာ ဖူးခါးသီးနုကို ဆွတ်ခူး၍ လေနေပူထည်း၌ ပစ်လှွှင့်ထားသကဲ့သို့ ညှိုးနွမ်း ချောက်ကပ်လျက်သာ ဖြစ်လေပြီ၊ အို အဂ္ဂိဝေဿန , ငါသည် ဝမ်းမြင်း ရေကို သုပ်ကိုင်လျှင် ကျောရိုး ကိုသာ သုပ်ကိုင်မိပြီ၊ ကျောရိုးကို သုပ်ကိုင်လျှင် ဝမ်းပြင်းရေကိုသာ သုပ်ကိုင်မိပြီ၊ အကြောင်းကား ထိုမျှ အစာနည်းပါးသဖြင့် ငါ၏ ဝမ်းရေသည် ကျောရိုး၌ ကပ်ငြိနေခဲ့လေသတည်း၊ ငါသည် ကျင်ကြီးဖြစ်စေ , ကျင်ငယ်ဖြစ်စေ စွန့်ခဲ့အံ့ , အစာ နည်းပါး လွန်းရကား ထိုနေရာ၌ပင် မှောက်ခုံလည်းလေပြီ၊ အို အဂ္ဂိဝေဿန, ငါသည် ဤကိုယ်ကို သက်သာရာရစေလျက် လက်ဖြင့် သုံးသပ် ခဲ့သော် အရင်းပုပ်ဆွေးသော အမွေး တို့သည် တလူလူကျွတ်ထွက်ကြကုန်ပြီ။

စင်စစ်တမူကား အဂ္ဂိဝေဿန, ငါ့ကိုမြင်သော်-အချို့တို့က "ရဟန်းဂေါတမကား မဲမဲဖြစ်သည်" ဟူ၍, အချို့တို့က "ရဟန်းဂေါတမသည် မမဲပါ , ညိုညိုဖြစ်သည်" ဟူ၍ , အချို့တို့က " ရဟန်း ဂေါတမသည် မဲလည်းမမဲ , ညိုလည်းမညို , ကြမ်းပိုး ကျောကုန်းသွေး ဖြစ်သည်" ဟူ၍ ဆိုကြကုန်ပြီ၊ အို အဂ္ဂိဝေဿန , အကြောင်းမူကား ထိုမျှ စင်ကြယ် ဖြူဖွေးသောအရေအဆင်းသည် ထိုသို့သော အစာနည်းပါးခြင်းအတွက် ပျက်စီး ပျောက်ကွယ်ခဲ့လေသတည်း၊ အို အဂ္ဂိဝေဿန, ငါကြံမိသည်ကား ရှေးလွန်ခဲ့ပြီးအခါက လုံ့လ အုက်ထုတ်၍ ထက်မျက်ကြမ်းကြုတ်သော ဆင်းရဲကို ခံယူကြသည့် ရဟန်း သူတော် သူမြတ်တို့၏ ဆင်းရဲလည်း ဤမျှပင် , ဤ့ထက် မလွန်ပြီ၊ နောင်အခါ လုံ့လအုက်၍ ဆင်းရဲခံယူကြမည့် ရဟန်း သူတော်သူမြတ်တို့၏ ဆင်းရဲလည်း ဤမျှပင်, ဤ့ထက်မလွန်ပေရာ, ယခုမျက်မှောက်အခါ ကြီးစွာသောလုံ့လဖြင့် ထက်မျက်လှသော ဆင်းရဲကို ခံယူကြသော ရဟန်း သူတော် သူမြတ်တို့၏ ဆင်းရဲ မှာလည်း ဤမျှသာ ဖြစ်၏, ဤ့ ထက် မလွန်ပေရာ၊ † ငါသည် ဤမျှ ထက်မျက်ပူးရှလှစွာသောဆင်းရဲခံခြင်းဖြင့် လူတို့ တရားထက် လွန်၍ အရိယ သူစင်တို့ ဉာဏ်အမြင် ထူးကို မရခဲ့ပေ၊ အရိယ သူစင်တို့ ဉာဏ်အမြင်ထူးကို ထိုးထွင်း၍ သိမြင်ရန် အခြားသော ကျင့်ဝတ် ကျင့်ခန်း နည်းလမ်းများ ဖြစ်ရာအံ့လော? ဟု စိတ်ကူးမိလေပြီ၊ အို အဂ္ဂိဝေဿန , ငါကြံစည်ပြန်သည်ကား ခမည်းတော် သာကီဝင်မင်း၏ အလုပ်လုပ်ရာ အေးမြစွာသော သပြေပင်ရိပ်တွင် နေထိုင်စဉ်, အလိုကာမတို့ကိုင်း , အကုသိုလ်တို့ကိုင်း , ပယ်စွန့်၍

† ၁၅ လောမဟံသန သုတ်၌ကား ဆီးသီးတလုံး ဆန်တဇွန်းများ စားသည် ဆို၏၊ (စာမျက်နှာ–၉၃)

ကြံစည်ခြင်း, စဉ်းစားခြင်း, ဆိတ်ငြိမ်ခြင်း, နှစ်သက်ခြင်း, ချမ်းသာခြင်းရှိ ပဌမဈာန်ကို ရရောက်နေထိုင်ခဲ့ဖူးသည်ကို သိမှတ်ရဖူးလေပြီ၊ ဤအရာသည်ပင် အရိယာသစ္စာတို့ကို ဉာဏ်အမြင်ကို သိမြင်ရန် နည်းလမ်းကျင့်ဝတ်များ ဖြစ်လေသလော? ဟု စိတ်ကူးမိပြီ။

အဂ္ဂိဝေဿန, * "ဤသည်လျှင် အရိယာသစ္စာတို့ ဉာဏ်အမြင်ထူးကို ရရောက်ရေး ကျင့်စဉ်လမ်း ဖြစ်သည်" ဟု သူတော် တရားသို့ အစဉ်လိုက်သော အသိဉာဏ်ထူး ဖြစ်ခဲ့လေပြီ၊ ထိုအခါ အဂ္ဂိဝေဿန, ငါသည် ကာမဂုဏ်တို့ကို ကြဉ်ရှောင်၍ အကုသိုလ်တို့ကို ကြဉ်ရှောင်၍ ရမည့် ချမ်းသာကို အဘယ့်ကြောင့် ကြောက်ရမည်နည်း ? ဟု ကြံစည်လျက်, ဤမျှ ရှိုးနွံ့ ပိန်ကြုံလှသောကိုယ်ဖြင့် ထိုသည့် ချမ်းသာကို ရယူရန် မလွယ်ကူပေ၊ ထို့ကြောင့် ငါသည် ပကတိ အစားကြမ်း, အသောက်ကြမ်းတို့ကို စားသုံးတော့မည်ဟု ကြံစည်၍ ဤမှစ၍ ထမင်းခဲယောတို့ကို စားသုံးခဲ့ပြီ၊ အဂ္ဂိဝေဿန, ထိုစဉ် အခါက ရဟန်းငါးဦးတို့သည် "ရဟန်းဂေါတမ တရားထူး ရခဲ့သော်-ငါတို့အား ဟောကြား ပေလတ္တံ့" ဟု မျှော်လင့်ကုန်ကာ ငါ့ကို လုပ်ကျွေးလျက် ရှိကုန်ပြီ၊ သူတို့သည် ငါထမင်းခဲယော စားသုံးသည်ကို မြင်ကုန်သော်-ဤ အချင်းတို့, 'ရဟန်း ဂေါတမကား ယခုအခါ လာဘ်များရေးလိုက်စားပြီ၊ တရားကျင့်ရေးအလုပ်မှ နောက်ဆုတ်တုန့်လည်ပြီ၊ လာဘ်များရေးအလို့ငှါ လှည့်လည်ပြီ' ဟု စိတ်ကူးထားကြကုန်ကာ, ငါ့ကို ဖဲ့ခွါ ထွက်သွားကြကုန်ပြီ၊ အဂ္ဂိဝေဿန, ငါသည် ရုန့်ကြမ်းသော အစာကို စားသုံး၍ အားအင် ပြည့်ဝပြီးသော်- အလိုကာမတို့ကိုင်း, အကုသိုလ်တို့ကိုင်း, ကြဉ်ရှောင်၍ ကြံစည်ခြင်း, စဉ်းစားခြင်း, ဆိတ်သုဉ်းခြင်း, နှစ်သက်ခြင်း, ချမ်းသာခြင်းရှိ ပဌမဈာန်ကို ရရောက်ခဲ့ပြီ၊ အဂ္ဂိဝေဿန, ဤသို့သော ချမ်းသာသည်ပင်လည်း ငါ၏စိတ်ကို မဆွဲဆောင်နိုင်ချေ၊ ထို့နောက် နှစ်သက်ခြင်း, တည်တန့်ခြင်း, ချမ်းသာခြင်းရှိ ဒုတိယဈာန်, တည်တန့်ခြင်း, ချမ်းသာခြင်းရှိ တတိယဈာန်, လျစ်လျူရှု၍ သတိစင်သော စတုတ္ထဈာန်ကို ရရောက် နေထိုင်ခဲ့ပြီ၊ ဤသို့သော ချမ်းသာပင်လည်း ငါ၏စိတ်ကိုမဆွဲဆောင်နိုင်ချေ။

အဂ္ဂိဝေဿန, ဤသို့အားဖြင့် စိတ်ထားတည်တန့်သော ငါသည် ရှေးနေဖူးသည့် ဘဝများကို အောက်မေ့ရန်စိတ်ထားညွတ်ခဲ့ပြီ၊ ရှေးနေဖူးသော ဘဝများစွာကို အောက်မေ့နိုင်ခဲ့ပြီ၊ ထို့နောက် သတ္တဝါတို့၏ အဖြစ်အပျက်ကို သိရန် စိတ်ထား ညွတ်ဘိုင်း ဒိဗ္ဗစက္ခုဉာဏ် ဖြစ်ပေါ်၍ ထိုထိုသတ္တဝါတို့၏ အဖြစ်အပျက်ကို သိမြင်ခဲ့ပြီ၊ ထို့မှတပါး ဤကားဆင်းရဲ, ဤကားဆင်းရဲကြောင်း, ဤကား ဆင်းရဲလက်စသတ် ချုပ်ငြိမ်းခြင်း, ဤကား ဆင်းရဲ ချုပ်ငြိမ်းရေးလုပ်ငန်းဟု ဟုတ်တိုင်းမှန်စွာ သိမြင်ပြီ၊ ဤသည်တို့ကား

---

* ၁၅ လောမဟံသနသုတ်၌ ဤအကြောင်း မပေါ်လွင်ချေ၊ ဤစကားကို သေချာစွာ နှစ်လုံး မပြုမိသော အရှင် နာဂသေနလုပ် သီဟိုဠ်ဆရာက ထိုသည့် အစာငတ် ခံရေး အကျင့်ဖြင့်ပင် တရားထူး ရဟန်ဆိုထားလေသည်။

လောက ပွါးစီးရေးတို့တည်း၊ ဤသည့်တို့ကား လောကပွါးစီးကြောင်းတို့တည်း၊ ဤသည်ကား လောက ပွါးစီးရေး လက်စသတ် ချုပ်ငြိမ်းခြင်းတည်း၊ ဤသည်ကား လောက ပွါးစီးရေးချုပ်ငြိမ်းရန် ကျင့်ဝတ်တည်းဟု ဟုတ်တိုင်းမှန်စွာသိမြင်ပြီ၊

ဒိုရ် အဂ္ဂိဝေဿန, ငါသည် ဤသည့် ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယ ဉာဏ်တို့ကို ရသဖြင့် ငါ၏စိတ်မှာ ကာမဘုံ၌ တသ်မက်ခြင်းမှ ကင်းလွတ်ပြီ, ရူပ အရူပဘုံ၌ တသ်မက်ခြင်းမှ ကင်းလွတ်ပြီ၊ ထိုထို ဉာဏ်အမြင် အစွဲမျိုးမှလည်း ကင်းလွတ်ပြီ, မသိ တွေဝေခြင်းမှလည်း ကင်းလွတ်ပြီ၊ ဘုံဘဝ၌ တဖန်ဖြစ်ရခြင်းကင်း၍ လုပ်ဆောင်ဖွယ်ကိစ္စ ပြီးစီးခဲ့ကား အခြားပြုဖွယ် လုပ်ငန်းမရှိဟုလည်း သိပြီ, အသိဉာဏ်ရပြီ၊ မသိခြင်းကင်းပြီ, သိခြင်းဖြစ်ပြီ၊ အမိုက်ကင်းပြီ, အလင်းဖြစ်ပေါ်ပြီ၊ အကြောင်းကား မမေ့ မလျော့ခြင်း, လုံ့လထုတ်ခြင်း, စွန့်စားခြင်းရှိ၍ နေထိုင်သူမှာ ဖြစ်ပေါ်ရရှိမြဲ ဓမ္မတာအတိုင်းပင်တည်း၊ ဒိုရ် အဂ္ဂိဝေဿန, ဤသို့သောချမ်းသာသည်ပင်လည်း ငါ၏စိတ်ကိုမဆွဲဆောင်နိုင်ချေ။

† "ဒိုရ် အဂ္ဂိဝေဿန, ငါသည်ရာပေါင်းများစွာသောပရိသတ်၌ တရားဟောခဲ့ရာ, တရားနာယူသူတိုင်းကပင် ငါ့ကို ရည်ဆောင်၍သာ ရဟန်းဂေါတမ တရားဟောသည်ဟု ထင်မှတ်ကြကုန်၏၊ ဤသို့ကား မမှတ်ရချေ၊ အားလုံးသိသင့်ရာ သိရန်သာ ငါဟောညွှန်၏ဟုသာ မှတ်ရမည်၊ ဒိုရ်အဂ္ဂိဝေဿန, ငါသည် ထိုတရား၏အဆုံး၌ နေထိုင်မြဲဖြစ်သည့် ဈာန်လှလာပြီး သမာဓိအာရုံအတွင်း၌ပင် စိတ်ကိုထား၏, ငြိမ်သက်စေ၏, တခုတည်းပြု၏, တည်တန့်စေ၏၊

ဒိုရ်အရှင် ဂေါတမ, အရှင် ဂေါတမ၏ ဤစကားကို ယုံကြည့်ရပေမည်, အဘဲ့ကြောင့်ဆိုသော်- ပုဇော်ခံသခင် တရားမှန်သိမြင်သူ၏ စကားဖြစ်ပေသည်၊ ဒိုရ် အရှင် ဂေါတမ, နေ့အခါ အိပ်စက်ပူးသည်ကို သိမှတ်ပူးပါသလော ?၊ ဒိုရ် အဂ္ဂိဝေဿန, နွေလတို့အဆုံး နယုန်လအခါများ၌ ဆွမ်းစားပြီးနောက် ဆွမ်းခံပြန်ခဲ့သော်-သင်္ကန်းကြီးကိုလေးခေါက်-ခေါက်၍ လကျာဘေးစောင်းဖြင့် သတိထင်ထင် ဆင်ခြင်ဉာဏ်ရှိလျက် အိပ်စက်ပူးသည်ကို သိမှတ်ပူး၏၊ ‡ ဤသို့သော အိပ်စက်ခြင်းမျိုးကို ရဟန်းသူတော်သူမြတ်တို့က "တွေဝေခြင်း" ဟု ဆိုကြကုန်၏။

ဒိုရ် အဂ္ဂိဝေဿန, ဤမျှဖြင့် တွေဝေသူလည်းမဖြစ်, မတွေဝေသူလည်းမဖြစ်၊ စင်စစ်မှုကား- အဂ္ဂိဝေဿန, တွေဝေသူ, မတွေဝေသူ မည်သို့ဖြစ်သည်ဟု ငါဟောညွှန်မည်၊ ကောင်းကောင်းနာယူပါ၊ တစုံတယောက်သောသူ့မှာ ဘုံဘဝ၌ တဖန် ဖြစ်ရကြောင်း ပူပန်ခြင်းနှင့်တကွ ဆင်းရဲကျိုးကို ဖြစ်စေ၍ နောင်ဘဝသစ်၌ ဖြစ်ရခြင်း, အိုရခြင်း,

---

† ဤစကား၏ အနုသန္ဓေ အဘယ်နည်း ? အဆက်အစပ် ရှာပါ၊

‡ ဤ စကား တို့လည်း ကရော် ကမယ်- ပြုချက်တို့ပင် ဖြစ်၏၊ ထို့ကြောင့်ပင် ဤ သစ္စကမှာ တရားမသိဖြစ်လေပြီ၊

သေရခြင်း ဖြစ်သော ဘုံဘဝ၌ ဖြစ်စေတတ်သည့် လောကပွါးစီးရေး ကိလေသာ အညစ်အကြေးတို့ကို မပယ်အပ်သေးသော်-တွေ့ဝေသူမည်၏၊ အိုအဂ္ဂိဝေဿန, လောကပွါးစီးရေး တရားဘို့ကို မပယ်စွန့်ခြင်းကြောင့်သာ တွေ့ဝေသူဖြစ်၏၊ ၎င်းတို့ကို ပယ်အပ်သော်-မတွေ့ဝေသူဖြစ်၏၊ မှန်လှ၏၊ အဂ္ဂိဝေဿန, လောကပွါးစီးရေး တရားတို့ကို ပယ်စွန့်ခြင်းကြောင့် မတွေ့ဝေသူဖြစ်၏။

အိုအဂ္ဂိဝေဿန, ငါမှုကား ဘုံဘဝ၌ ဖြစ်စေတတ်, ပူပန်စေတတ်, ဆင်းရဲအကျိုး ရစေတတ်, ဘဝ၌ တဖန်ဖြစ်ရခြင်း, အိုရခြင်း, သေရခြင်းကို ဖြစ်စေတတ်သော လောကပွါးစီးရေး အညစ်အကြေး ကိလေသာတရားတို့ကို ပယ်အပ်ကုန်ပြီ, အမြစ်ဖြတ်အပ်ကုန်ပြီ, ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ကုန်ပြီ, မဖြစ်အောင် ပြုအပ်ကုန်ပြီ, နောင်မဖြစ်ခြင်း သဘောရှိကုန်ပြီ၊ ဥပမာအားဖြင့် အဂ္ဂိဝေဿန, လည်ဆစ်ပြတ်ပြီး ထန်းပင်သည် တဖန်ရှင်၍ စည်ပင်ရန် မထိုက်သကဲ့သို့တည်း။

ဤသို့ ဘုရားဟောတော်မူသော်- နိဂဏ္ဌပုတ် သစ္စက,က ဤသို့ ပြောဆို ချီးကျူးလေပြီ၊ အိုအရှင်ဂေါတမ, အံ့ဩဖွယ်ရှိသည်, အိုအရှင်ဂေါတမ, ထူးခြားလှပေ၏၊ အရှင်ဂေါတမအား ထိပါး ထိပါး၍ စောင်းချိပ် စောင်းချိပ်၍ တင်စီး တင်စီး၍ ကျွန်ုပ် ပြောဆိုအပ်လျက်လည်း ပူဇော်ခံသခင် တရားမှန် သိမြင်သူ ဖြစ်သည့်အတိုင်း အရေအဆင်းလည်း ဖြူစင်၏, မျက်နှာအဆင်းလည်း ကြည်လင်၏၊ အိုအရှင်ဂေါတမ, ကျွန်ုပ်သည် အခြားတပါးသော ဂိုဏ်းဆရာကြီး များစွာတို့၌သာန် ဝင်ရောက် ဆွေးနွေးပူးပြီ၊ ၎င်းတို့ကား ဝါဒဖြင့်ဝါဒကို မေးမြန်းစိစပ်အပ်ကုန်သော်-အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးဖိကုန်ပြီ၊ အပြင်သို့ စကားထွက်ကုန်ပြီ၊ မနှစ်မသက် အမျက်ထွက်ကုန်ပြီ၊ အရှင်ဂေါတမကား ပူဇော်ခံသခင် တရားမှန် သိမြင်သူနှင့် ညီညွတ်စွာ အရေအဆင်း မပျက်,မျက်နှာ ရှင်ပျ, ဟောညွှန်ပြသည်မှာ အံ့ဩစရာ ကောင်းလှပေသည်, မဖြစ်စပူး ထူးကဲးပါပေသည်၊ အိုအရှင်ဂေါတမ, ယခုအခါ ကျွန်ုပ်အား သွားခွင့်ပြုပါ,ပြုဖွယ်ကိစ္စ ရှိပါသည်ဟု ဆို၍ "သွားခွင့်ကို သိတော့" ဟု မိန့်တော်မူလျှင်၊ ဝမ်းမြောက်စွာ ထသွားလေပြီ၊- ဤသို့ ကြားနာမှတ်သားရ ပါသည်၊

မဟာ သစ္စက သုတ္တန် ပြီး၏။

## ၃၉။ ရူပ တဏှာ သင်္ခယ သုတ္တန်

တစ်ရံအခါ ဘုရားရှင် သာဝတ္ထိမြို့တော် မိဂါရ သေဌေးကြီး၏ မယ်တော် ဝိသာခါ ဥပဋ္ဌာကီမ ဆောက်လုပ် လှူဒါန်းသော ပုဗ္ဗါရုံ ကျောင်းတော် ကြီး၌ သီတင်းသုံး နေတော်မူစဉ်, ဘုရားရှင် အဋ္ဌာန်တော်မှ အကျွန်ုပ် ဤသို့ ကြားနာ မှတ်သားရပါသည်၊ ထိုစဉ်အခါ တနေ့သ၌ * နတ်တို့အသျှင်သိကြားမင်းသည် ဘုရားရှင်ဌာန်လာရောက်၍ ဘုရားရှင်ကို ရိုသေစွာ ရှိခိုးရပ်တည်ပြီးလျှင် ဤသို့လျှောက်ထားလေပြီ၊ မြတ်စွာဘုရား, ရဟန်းသည် မည်မျှ အတိုင်း အရှည် အားဖြင့် အကျဉ်းဆုံး အားဖြင့် တဏှာကုန်ခန်း လွတ်လပ်သူ , စင်စစ် ဆုံးဖြတ်နိုင်သူ , စင်စစ် လုံ့လကုန်သူ , စင်စစ် အကျင့်ပြုစင်သူ, စင်စစ် ပြီးဆုံး၍ နတ်နှင့် လူတို့တွင် သာလွန် ချီးကျူးအပ်သူ ဖြစ်ပါသနည်း? ဟု မေးလျှောက်လေပြီ။

သည်မှာ , နတ်တို့အသျှင် သိကြားမင်း , ရဟန်းသည် တရား အားလုံး တို့ကား သက်ဝင်စွဲယူရန် မထိုက်ကုန်ဟု ကြားပူး၏၊ သူသည် တရားအားလုံးကို သိ၏၊ တရား အားလုံးကို သိ၍ ပိုင်းခြား၏၊ ပိုင်းခြား ပြီးလျှင် တစုံ တခုသော ခံစားဖွယ် ချမ်းသာကို ဖြစ်စေ, ဆင်းရဲကိုဖြစ်စေ, မချမ်းသာ မဆင်းရဲကိုဖြစ်စေ ခံစားသော်- ထိုထို ခံစားဖွယ် တို့၌ မမြဲသည်ကို အဖန်ဖန်ရှုကြည့်နေ၏၊ တပ်မက်ဖွယ် မရှိသည်ကို အဖန်ဖန်ရှုကြည့်နေ၏ , လက်စသတ် ချုပ်ငြိမ်းသည်ကို အဖန်ဖန် ရှုကြည့်နေ၏ , လွတ်လွတ် စွန့်အပ်သည်ကို အဖန်ဖန် ရှုကြည့်နေ၏၊ ယင်းသို့သာ ရှုကြည့် နေသော ထို ရဟန်းသည် လောက၌ တစုံတရာကိုမျှ မစွဲယူချေ၊ မစွဲယူသော်- မတပ်မက်ချေ၊ မတပ်မက်သော် မျက်မှောက်ပင် လောကမီး ငြိမ်းလေ၏၊ ဘုံဘဝ၌ ဖြစ်ရခြင်းကုန်ပြီ, အကျင့်မြတ်ကို ကျင့်အပ်ပြီ, လုပ်ငန်း ပြီးပြီ, ဤသည့် ဘုံဘဝ ကုန်ခန်းရေးအတွက် အခြားလုပ်ငန်း မရှိပြီဟု သိလေ၏, အသိဉာဏ်ဖြစ်လေ၏၊ အို နတ်တို့အသျှင် သိကြားမင်း , ရဟန်း သည် အကျဉ်းချုပ်အားဖြင့် တပ်မက်ခြင်းကုန်ခန်းလွတ်လပ်သူ,စင်စစ် ဆုံးဖြတ်နိုင်သူ, စင်စစ်လုံ့လကုန်သူ , စင်စစ် အကျင့်မြတ်ရှိသူ , စင်စစ် ပြီးဆုံးတိုင် ရောက်၍ နတ်နှင့် လူတို့ အတွင်း၌ ချီးမွမ်းအပ်သူ ဖြစ်လေတော့၏၊ ဤသို့ ဟောတော် မူသည်ကို နတ်တို့ အသျှင် သိကြားမင်း နှစ်မြို့က်၍ ရိုသေစွာ ရှိခိုးပြီးလျှင် ထိုနေရာမှ ကွယ်ပျောက်လေပြီ၊ ဤသို့ ကြားနာ မှတ်သားရပါသည်။

ရူပ တဏှာ သင်္ခယ သုတ္တန် ပြီး၏။

---

* ကျွန်ုပ်တို့မှာ သီဟိုဠ်ပိဋကဆောင်တို့ မူကိုသာ အားထားကြရသဖြင့် သူတို့က ''နတ်တို့အသျှင် သိကြား မင်း'' ဆိုတိုင်း ပြန်ထားရ၏၊ သိကြားဟုတ်-မဟုတ်ကိုကား ပိဋကဆောင်သူ, သို့မဟုတ် ပေထက် အက္ခရာ တင်သူတို့ အမှန်သိပေရာသည်၊ ထူးခြားသောအချက်ကား ည၌မလာခြင်း ''ကေဝလကပ္ပ ဩဘာသေတွာ'' မပါခြင်းနှင့် ဘိက္ခု ကဏ္ဍာ ထည့်မေးခြင်းဖြစ်၏၊

# ၄၀။ မဟာတဏှာသင်္ခယ သုတ္တန်

အကျွန်ုပ်သည်-ဘုရားရှင့် အထံတော်မှ ဤသို့ ကြားနာ မှတ်သားရ ပါသည်၊ သာဝတ္ထိမြို့တော် အနာထပိဏ် သူဌေးကြီး ဆောက်လုပ် လှူဒါန်း၍ ရှင်လန်း နေပျော် မွေ့လျော်ဖွယ်ရှိသော ဇေတမင်းဥယျာဉ် ဇေတဝန်ကျောင်းတော်ကြီး၌ နတ်လူတို့ အစိုးအပွါး အလုံ့ဌာ လောကဆရာ ဖြစ်တော်မူသော ပုဉ်းတော် , ကမ်တော် , ဉာဏ်တော် , တန်ခိုးတော် , အသရေတော်အသျှင် ဘုရားရှင် သီတင်းသုံး နေတော်မူစဉ် အခါ , တံငါ့သား အရှင်သာတိမည်သော ရဟန်းမှာ † ဤဝိညာဉ် (စိတ်) သည်ပင် ဘုံသုံးပါး၌ ပြေးသွား ကျင်လည်သည်, အခြားမရှိ ဤသို့ ဘုရားဟောချက်ကို ငါသိရ၏၊ ဟု အယူဝါဒဆိုး ဖြစ်ပွါးခဲ့လေပြီ၊ ထိုထို ရဟန်းတို့သည် ၎င်းထံ သွားကုန်၍ တရား ဩဝါဒ နည်းညွှန်ပြကုန်စေကာ , အယူဝါဒ ခိုင်မြဲ အစွဲ မကျွတ်သောကြောင့် ထို အကြောင်းကို ဘုရားရှင့်ထံ လျှောက်ကြကုန်ပြီ။

ဘုရားရှင်လည်း အရှင်သာတိကို ခေါ်စေ၍ ရောက်လျှင် မိန့်တော်မူသည်ကား၊ "ဆိုသာတိ , ဤစိတ်ဝိညာဉ်သည်သာ ဘုံဘဝ၌ ပြေးသွား ကျင်လည်၏ , အခြားမရှိ၊ ဤသို့ ငါဟောသည်ကို သင်သိရသော ဟူသည် မှန်သလော" ? ဟု မေးတော်မူရာ , အရှင်သာတိက "ဤစိတ် ဝိညာဉ်သည်ပင် ထိုထို ဘုံဘဝသို့ ပြေးသွား ကျင်လည်၏၊ အခြားတပါး မဟုတ် ဤကဲ့သို့ပင်* ဘုရားဟောသည်ကို တပည့်တော်သိမှတ်ရပါသည်" ဟု လျှောက်ထားသကာလ "ဒိုသာတိ , ဘယ်အရာကို စိတ် ဝိညာဉ်" ဟု သင်ဆိုလိုသနည်း ? "အရှင်ဘုရား , စွဲးယူတတ် စွဲးယူအပ်၍ (သို့မဟုတ်) ခံစားတတ် ခံစားအပ်၍ ထိုထိုဘုံဘဝ၌ ကောင်းမှု ဆိုးမှု အကျိုးရကို ခံစားသော စိတ်ဝိညာဉ် ဖြစ်ပါသည်" ဟု ပြန်ကြားလေပြီ။

ဘုရားရှင်က "ဒိုအချည်းနှီးရဟန်း , မည်သူ့အား ငါ ဤသို့ ဟောညွှန်သည်ကို သင်ကြားသိရသနည်း၊ ဒို အချည်းနှီး ရဟန်း , အကြောင်းပေါင်း မြောက်မြားစွာ

---

† ဤအယူဝါဒမျိုးကဲ့သို့ ယခု ကပ္ပါသူ အများမှာ စွဲးထားလျက်ရှိ၏၊ ဗုဒ္ဓဘာသာ မြန်မာတို့မှာကော ဤအယူ ရှိ-မရှိ သိ၍ စင်အောင် လုပ်ကြဖို့ ဖြစ်သတည်း၊

* ဘုရားဟောသည် ဟူသော စကား၏ ဆိုလိုရင်းမှာ ဟောသကဲ့သို့ ဖြစ်သည်ကိုသာ ဆိုလို၏၊ ကမ်လမ်း အရ ကမ်အထူးထူးအတွက် ဒုဂ္ဂတိ , သုဂတိ လားရသော သတ္တဝါများကို ဟောချက်မှာ ထိုသို့ စွဲးယူရန် အကြောင်း ဖြစ်လေသည်၊ ကမ်လမ်းနှင့် ဉာဏ်လမ်း၊ အမှန်မသိ၍ ဖြစ်လေသည်။ ဗုဒ္ဓ ပိဋကပညာရှိကြီးများပင် စင်စစ် သိခဲရာဌာနဖြစ်၏။

မဇ္ဈိမနိကာယ်—၅၁

ဖြင့် စိတ်ဝိညာဉ်သည် စွဲ၍ဖြစ်သည်၊ အကြောင်းမဲ့ ဝိညာဉ်ဖြစ်ခြင်း မဟုတ်ဟုသာ ငါ ဟောညွှန်သည် မဟုတ်ပါလော ?၊ ထိုသို့ဖြစ်လျက် ၊ အို အချည်းနှီး ရဟန်း ၊ သင်သည် မိမိ ကိုယ်တိုင် ဆိုးဆိုး ဝါးဝါး စွဲမှား ယူမှား အထင်မှား အမြင်မှားဖြစ်၍ ငါတို့ကို စွပ်စွဲဘိ၏၊ မိမိ ကိုယ်ကိုလည်း သံသရာ ချောက်ဘွင်း၌ ကျဆင်းရန်တူး ဘိ၏၊ အများသူ ပေါင်း လူအသောင်းတို့ ၏ ခကောင်းဆိုးဝါးမှုများ စွာကိုလည်း ဆည်းပူး ပွါးများစေဘိ၏၊ အို အချည်းနှီးရဟန်း ၊ သင်၏ ထိုအယူအစွဲသည် သင့်ကိုယ် တိုင် ရှည်မြင့်စွာ အကျိုးနဲရန် ၊ ဆင်းရဲရန် ဖြစ်လိမ့်မည်ဟု " မိန့်တော်မူ၍ ရဟန်းတို့ အား မေးတော်မူသည်မှာ "အို ရဟန်းတို့ ၊ ဤသာတိသည် ဤအဆုံးအမတရား၌ ပူနွေးအောင် အားထုတ် လုပ်ကိုင်သူ ဖြစ်ပါ၏လော ?" ဟု မေးရာ ၊ ရဟန်းတို့က "ဘယ်မှာ အားထုတ်ပါမည်နည်း ဘုရား ၊ သူသည် ပူနွေးအောင်မျှပင် ဤဩဝါဒ၌ အားထုတ်သူ မဟုတ်ပါ" ဟု လျှောက်ထားကုန်ပြီ၊ ထိုအခါ အရှင်သာတိသည် ဦးခေါင်း အောက်ချ မှိုင်တွေကာသာ နေထိုင်သည်ဖြစ်ရာ ၊ ဘုရားရှင်က "အို အချည်းနှီးရဟန်း၊ သင်သည် မိမိ၏ ဆိုးဝါးသော အယူအစွဲဖြင့် ထင်ရှားလိမ့်မည်" ဟု မိန့်တော်မူကာ ၊ ရဟန်းတို့အားလည်း ဤသာတိကဲ့သို့ အယူအစွဲများ ရှိ-မရှိ မေးတော်မူလျှင်၊ ရဟန်း တို့က မရှိကြောင်း လျှောက်ကြသဖြင့် ဤသို့ ဟောညွှန်တော်မူလေပြီ။

ရဟန်းတို့ ၊ ဝိညာဉ်သည် အကြောင်းများစွာကို စွဲ၍ ဖြစ်၏၊ အကြောင်းမရှိမူ၍ ဝိညာဉ်မဖြစ်၊ ရဟန်းတို့ ၊ ဝိညာဉ်သည် မည်သည့် အရာကိုစွဲ၍ ဖြစ်စေ ၊ ဝိညာဉ် ဟု ပင်ခေါ်၏၊ ရဟန်းတို့ ၊ မျက်စိနှင့် အဆင်းကိုစွဲ၍ ဝိညာဉ် (စိတ်) ဖြစ်ခဲ့သော်- မျက်စိ (အသိစိတ်) ဝိညာဉ် ဟု ခေါ်၏၊ နားနှင့် အသံကိုစွဲ၍ ဝိညာဉ် (စိတ်) ဖြစ်ခဲ့သော်- နား (အသိစိတ်) ဝိညာဉ် ဟု ခေါ်၏၊ နှာခေါင်းနှင့် အနံ့ကိုစွဲ၍ ဝိညာဉ်(စိတ်) ဖြစ် ခဲ့သော်- နှာခေါင်း (အသိစိတ်) ဝိညာဉ် ဟု ခေါ်၏၊ လျှာနှင့် အရသာကို စွဲ၍ ဝိညာဉ် (စိတ်) ဖြစ်ခဲ့သော်- လျှာ (အသိစိတ်) ဝိညာဉ် ဟု ခေါ်၏၊ ကိုယ်နှင့် အထိ အတွေ့ကိုစွဲ၍ ဝိညာဉ် (စိတ်) ဖြစ်ခဲ့သော်- ကိုယ် (အသိစိတ်) ဝိညာဉ် ဟု ခေါ်၏၊ စိတ်နှင့် စိတ်ကူး အာရုံကိုစွဲ၍ ဝိညာဉ် (စိတ်) ဖြစ်ခဲ့သော်- စိတ် (အသိစိတ်)ဝိညာဉ် ဟု ခေါ်၏၊ ရဟန်းတို့ ၊ ဥပမာအားဖြင့် ထိုထို အကြောင်းကိုစွဲ၍ ဖြစ်သော မီးကို မီးဟုပင် ခေါ်၏၊ ထင်းကိုစွဲ၍ဖြစ်သော်- ထင်းမီး ၊ ဝါးခြမ်းကိုစွဲ၍ဖြစ်သော်- ဝါးခြမ်း မီး ၊ မြက်ကိုစွဲ၍ဖြစ်သော်- မြက်မီး ၊ နွားချေးကိုစွဲ၍ဖြစ်သော်- နွားချေးမီး ၊ ဖွဲကို စွဲ၍ဖြစ်သော်- ဖွဲမီး ၊ အမှိုက်ကိုစွဲ၍ဖြစ်သော်- အမှိုက်မီး စသည် ခေါ်ဝေါ် ရ သကဲ့သို့တည်း။

ရဟန်းတို့ ၊ ဝိညာဉ်၏ ထင်ရှားစွာဖြစ်ပေါ်ခြင်းကို မြင်ကြကုန်၏လော?၊ "မြင် ကြပါကုန်၏ဘုရား၊" ၎င်း၏ဖြစ်ကြောင်းကို မြင်ကြကုန်၏လော ?၊ "မြင်ကြပါကုန်၏

ဘုရား၊” ဝိညာဉ်၏ အကြောင်းချုပ်နှင့်သော် * အကျိုး ဝိညာဉ်ချုပ်ခြင်း သဘောကို မြင်ကြကုန်၏လော?၊ “မြင်ကြပါကုန်၏ဘုရား၊” ရဟန်းတို့ , ဝိညာဉ်ထင်ရှားဖြစ်လေသလော? ဟု အလိုလို့ ရှိသူမှာ ယုံမှားဖြစ်သည် မဟုတ်လော?၊ “ဖြစ်ပါသည်ဘုရား” ဝိညာဉ်သည် အကြောင်းကြောင့် ဖြစ်လေသလော ?ဟု အလိုလို့ရှိသူမှာ ယုံမှားဖြစ်သည်မဟုတ်လော? ‘ဖြစ်ပါသည်ဘုရား’ အကြောင်းချုပ်သော်-အကျိုးဝိညာဉ် ချုပ်သလော?ဟု အလိုလို့ရှိသူမှာယုံမှားဖြစ်သည်မဟုတ်လော?၊“ဖြစ်ပါသည်ဘုရား”။

ရဟန်းတို့ , ဝိညာဉ် ထင်ရှားဖြစ်ပေါ်သည်ဟု ဟုတ်တိုင်းမှန်စွာ-မှန်စွာသော ဉာဏ်အမြင်ဖြင့် ဆင်ခြင်ကြည့်ရှုသူမှာ ယုံမှားကင်းသည် မဟုတ်လော?၊ “ကင်းပါသည်ဘုရား၊” ဝိညာဉ်သည် အကြောင်းကြောင့်ဖြစ်သည်ဟု ဟုတ်တိုင်းမှန်စွာ-မှန်စွာသော ဉာဏ်အမြင်ဖြင့် ဆင်ခြင်ကြည့်ရှုသူမှာ ယုံမှားကင်းသည် မဟုတ်လော ? “ကင်းပါသည်ဘုရား၊” ဝိညာဉ်၏ အကြောင်းချုပ်သော်-အကျိုးဝိညာဉ်ချုပ်၏ ဟု ဟုတ်တိုင်းမှန်စွာ- မှန်စွာသောဉာဏ်အမြင်ဖြင့် ဆင်ခြင်ကြည့်ရှုသူမှာ ယုံမှားကင်းသည် မဟုတ်လော ?၊ “ကင်းပါသည်ဘုရား၊” ရဟန်းတို့ , ဤဝိညာဉ် ထင်ရှားဖြစ်သည်ကိုင်း , ၎င်း၏ ဖြစ်ကြောင်းကိုင်း , ၎င်း၏ ချုပ်ငြိမ်းခြင်းကိုင်း , ယုံမှား ကင်းကြကုန်၏လော ?၊ “ကင်းကြပါကုန်၏ဘုရား၊” ဟုတ်တိုင်းမှန်စွာ- မှန်စွာသော ဉာဏ်အမြင်ဖြင့် ဆင်ခြင်ကြ , ထင်မြင်ကြကုန်၏လော ?၊ “ထင်မြင်ကြပါကုန်၏ဘုရား”။

ရဟန်းတို့ , ဤသို့အားဖြင့် သန့်ရှင်း စင်ဖြူလှသော ဤအယူအစွဲးကို ကပ်ငြိတွယ်တာကြကုန် , ခင်မင်ကြကုန်အံ့၊ ရဟန်းတို့ , သို့ဖြစ်တပြီးကား , “ဤတရားသည် ထွက်မြောက်ရန်သာဖွဲ့ယူရန်မဟုတ်”ဟု ဟောညွှန်ချက် ဖေါင်ဥပမာတရားတော်ကိုနားလည်ကြပါကုန်အံ့လော ?၊ “နားလည်သူ မဖြစ်နိုင်ပါဘုရား၊” ထိုကဲ့သို့ ကပ်ငြိ တွယ်တာခြင်း , ခင်မင် မြတ်နိုးခြင်း မရှိခဲ့အံ၊ သို့ဖြစ်သော်သာ ဥပမာတရားတော်ကို နားလည်သူ ဖြစ်ကုန်အံ့လော ?၊ “မှန်ပါသည်ဘုရား၊” ရဟန်းတို့ , ထင်ရှားဖြစ်ပြီး သတ္တဝါတို့ တည်တန့်နေနိုင်ရန် , ဝမ်းတွင်း၌ ကိန်းနေသောသတ္တဝါတို့အား ထောက်ပံ့တိုးပွါးရန် , အစာတို့ကား လေးမျိုးတို့တည်း, အဘယ်တို့နည်း ?၊ ကြမ်းသည်ဖြစ်စေ , နုသည်ဖြစ်စေ , အစိုင်အခဲဖြစ်သော ထမင်း မုန့် ပဲ အစာ , ဒုတိယ မြောက် တည့်မှီရာ အာရုံ ဝိညာဉ် သုံးမျိုးရုံ တွေ့ဆုံခြင်း , တတိယ စိတ်၏ စေ့ဆော် လုံ့ပမ်းခြင်း , စတုတ္ထ စိတ် ဝိညာဉ် ဤလေးပါးတို့တည်း။

---

* ဤစကားဖြင့် အကြောင်းကိုစွဲ၍ဖြစ်သော ဝိညာဉ်၏. လက်စသတ် ချုပ်ကြောင်း သိရ၏၊ နောက်တဖန် ချုပ်ပြီး ဝိညာဉ် မဖြစ်တော့ဟု ဆိုလို၏၊ ဘဝအဆုံး သေသည်ဆိုသော ဝိညာဉ်စိတ်မှာ ဆိုရာပင်မရှိ, မှချ လက်စသတ်လေသည်၊ သို့ဖြစ်သော်- ပတိသန္ဓေ ဝိညာဉ် ဘယ်က ဖြစ်ပေါ်လာသနည်း ?၊ ရှေးကပြုခဲ့သော ဘဝလားရေး ကမ် စေဘနာက စုတိစိတ် အခြားမဲ့ ပတိသန္ဓေ ဝိညာဉ်စိတ်ကို ဖြစ်စေ၏-ဟု မှတ်၊ ဤနေရာ၌ အဘိဓမ္မာ အဋ္ဌကထာ ဋီကာတို့မျက်စိလယ်ကုန်၏၊

ရဟန်းတို့ , ဤအစာအာဟာရတို့သည် အဘယ်လျှင် ဖြစ်ကြောင်း ရှိကုန်သနည်း ?၊ အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်း ?၊ တပ်မက်ခြင်းတဏှာလျှင် ဖြစ်ကြောင်း ရှိကုန်၏၊ တပ်မက်ခြင်းအကြောင်းကြောင့်ဖြစ်ကုန်၏၊ တပ်မက်ခြင်းသည် အဘယ့်ကြောင့် ဖြစ်သနည်း ?၊ ခံစားခြင်းကြောင့်ဖြစ်၏၊ ခံစားခြင်းသည် အဘယ့်ကြောင့် ဖြစ်သနည်း ?၊ အာတွေ့-တွေ့ဆုံခြင်းကြောင့် ဖြစ်၏၊ တွေ့ဆုံခြင်းသည် အဘယ့်ကြောင့် ဖြစ်သနည်း ?၊ တည်မှီရာ ခြောက်မျိုးကြောင့် ဖြစ်၏၊ တည်မှီရာ ခြောက်မျိုးသည် အဘယ့်ကြောင့် ဖြစ်သနည်း ?၊ နာမ်နှင့် ရုပ်ကြောင့် ဖြစ်၏၊ နာမ်နှင့်ရုပ် အဘယ့်ကြောင့် ဖြစ်သနည်း ?၊ ဝိညာဉ်ကြောင့် ဖြစ်၏၊ ဝိညာဉ် အဘယ်ကြောင့် ဖြစ်သနည်း ?၊ ကုသိုလ် အကုသိုလ် ပြုစီမံရေးကြောင့် ဖြစ်၏၊ ကုသိုလ် အကုသိုလ် ပြုစီမံရေး အဘယ့်ကြောင့် ဖြစ်သနည်း ?၊ မသိတွေဝေခြင်းကြောင့် ဖြစ်၏။

ရဟန်းတို့, ဤသို့အားဖြင့် မသိတွေဝေခြင်းကြောင့် ကုသိုလ် အကုသိုလ်ကမ် ပြုစီမံခြင်းဖြစ်၏၊ ကမ်ကြောင့် ဝိညာဉ်ဖြစ်၏၊ ဝိညာဉ်ကြောင့် နာမ်ရုပ် ဖြစ်၏၊ နာမ်ရုပ်ကြောင့် တည်မှီရာ ခြောက်မျိုးဖြစ်၏၊ တည်မှီရာ ခြောက်မျိုးကြောင့် တွေ့ဆုံခြင်းဖြစ်၏၊ တွေ့ဆုံရေးကြောင့် ခံစားခြင်းဖြစ်၏၊ ခံစားမှုကြောင့် တပ်မက်ခြင်း ဖြစ်၏၊ တပ်မက်ခြင်းကြောင့် စွဲလမ်းခြင်းဖြစ်၏၊ စွဲလမ်းခြင်းကြောင့် ကမ်ပြုလုပ်ရေးဖြစ်၏၊ ကမ်ပြုလုပ်ရေးကြောင့် ဘဝသစ်ဖြစ်၏၊ ဘဝသစ် ဖြစ်ရသောကြောင့် အိုရ , သေရခြင်း ဖြစ်၏၊ ငိုရှိက် ပူဆွေး ငိုကြွေးခြင်း , ကိုယ်စိတ် မချမ်းသာခြင်း , ပြင်းစွာပင်ပန်းရခြင်းတို့ ဖြစ်ကုန်၏၊ ယင်းသို့ ကုန်အောင်စုံသော ဤသည့် ဆင်းရဲမှုများဖြစ်ပွါး၏။

ရဟန်းတို့ , "ဘဝသစ် ဖြစ်ရရေးကြောင့် အိုရ , သေရခြင်း ဖြစ်သည်" ဟု ဆိုရာ၌၊ ဘဝသစ်ဖြစ်ခြင်းကြောင့် အိုရ , သေရခြင်း ဖြစ်သလော ?၊ သို့မဟုတ် , ဤအရာ၌ အဘယ်သို့ ဖြစ်သနည်း ?၊ အိုမြတ်စွာဘုရား , "ဘဝဖြစ်ပွါးခြင်းကြောင့် အိုရ , သေခြင်း ဖြစ်သည့်" ဟုပင် အယူရှိကြပါသည်၊ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ကြောင့် တည်မှီရာ ခြောက်မျိုးဖြစ်၏၊ တည်မှီရာ ခြောက်မျိုးကြောင့် တွေ့ဆုံခြင်းဖြစ်၏၊ တွေ့ဆုံရေးကြောင့် ခံစားခြင်းဖြစ်၏၊ ခံစားမှုကြောင့် တပ်မက်ခြင်း ဖြစ်၏၊ တပ်မက်ခြင်းကြောင့် စွဲလမ်းခြင်းဖြစ်၏၊ စွဲလမ်းခြင်းကြောင့် ကမ်ပြုရေး ဖြစ်၏၊ ကမ်ပြုရေးကြောင့် ဘဝသစ်ဖြစ်၏၊ ဘဝသစ် ဖြစ်ရသောကြောင့် အိုရ, သေရခြင်းဖြစ်၏၊ ငိုရှိက် ပူဆွေး ငိုကြွေးခြင်း , ကိုယ်စိတ် မချမ်းသာခြင်း , ပြင်းစွာ ပင်ပန်းခြင်းတို့ဖြစ်ကုန်၏၊ ယင်းသို့ကုန်အောင်စုံသော ဤသည့်ဆင်းရဲရမှုများဖြစ်ပွါး၏။

"မသိတွေဝေခြင်းကြောင့် ကုသိုလ် အကုသိုလ်ကမ် ပြုစီမံခြင်း ဖြစ်သည်" ဟု ဆိုရာ၌၊ မသိတွေဝေခြင်းကြောင့် ကုသိုလ် အကုသိုလ်ကမ် ပြုစီမံခြင်းဖြစ်သလော ?၊ မဖြစ်သလော ?၊ သို့မဟုတ်, ဤအရာ၌ အဘယ်သို့ဖြစ်သနည်း ?၊ အိုမြတ်စွာဘုရား,

မသိတွေဝေခြင်းကြောင့် ကမ် ပြုစီမံရေး ဖြစ်သည်ဟု သာ အယူရှိကြ ပါသည်ဘုရား၊ ကောင်းလှပြီ ၊ ရဟန်းတို့ ၊ ဤသို့အားဖြင့် ဤအကြောင်းရှိသော်- ဤအကျိုးဖြစ်၏၊ ဤအကြောင်းဖြစ်ခြင်းကြောင့် ဤအကျိုးဖြစ်၏၊ မသိတွေဝေခြင်းကြောင့် ကမ်ပြုစီမံခြင်း ဖြစ်၏၊ ကမ်ပြုစီမံခြင်းကြောင့် ဝိညာဉ်ဖြစ်၏၊ ဝိညာဉ်ကြောင့် နာမ် ရုပ်ဖြစ်၏၊ နာမ် ရုပ် ကြောင့် တည်မှီရာ ခြောက်မျိုးဖြစ်၏၊ တည်မှီရာ ခြောက်မျိုးကြောင့် တွေ့ဆုံခြင်းဖြစ်၏၊ တွေ့ဆုံခြင်းကြောင့် ခံစားခြင်းဖြစ်၏၊ ခံစား မှုကြောင့် တပ်မက်ခြင်းဖြစ်၏၊ တပ်မက် ခြင်းကြောင့် စွဲလမ်းခြင်းဖြစ်၏၊ စွဲလမ်းခြင်းကြောင့် ကမ်ပြုလုပ်ရေးဖြစ်၏၊ ကမ်ပြုလုပ်ရေး ကြောင့် ဘဝသစ်ဖြစ်၏၊ ဘဝသစ် ဖြစ်ရသောကြောင့် အိုရ ၊ သေရခြင်းဖြစ်၏၊ စိုးရိမ် ပူဆွေးငိုကြွေးရခြင်း ၊ ကိုယ်စိတ်မချမ်းသာရခြင်း ၊ ပြင်းစွာပင်ပန်းရခြင်းတို့ဖြစ်ကုန်၏၊ ဤသို့ လျှင် ကုန်အောင်စုံသော ဆင်းရဲစုများဖြစ်ပွါး၏ဟု သင်တို့လည်းဆိုကုန်၏ ၊ ငါလည်း ဆို၏၊ ရဟန်းတို့ ၊ မသိတွေဝေခြင်းတရား၏ သာ ဓား ကြွင်းမရှိချုပ်ငြိမ်းခြင်းကြောင့် ကမ်ပြု စီမံရေး ချုပ်ငြိမ်း၏၊ ကမ်ပြုစီမံရေး ချုပ်ငြိမ်းခြင်းကြောင့် ဝိညာဉ်ချုပ်ငြိမ်း၏၊ ဝိညာဉ် ချုပ်ငြိမ်း ခြင်းကြောင့် နာမ် ရုပ် ချုပ်ငြိမ်း၏၊ နာမ် ရုပ် ချုပ်ငြိမ်း ခြင်းကြောင့် တည်မှီရာ ခြောက်မျိုး ချုပ်ငြိမ်း၏၊ တည်မှီရာခြောက်မျိုး ချုပ်ငြိမ်း ခြင်းကြောင့် တွေ့ဆုံခြင်း ချုပ် ငြိမ်း၏၊ တွေ့ဆုံခြင်း ချုပ်ငြိမ်းသောကြောင့် ခံစားခြင်း ချုပ်ငြိမ်း၏၊ ခံစားမှု ချုပ်ငြိမ်း သောကြောင့် တပ်မက်မှု ချုပ်ငြိမ်း၏၊ တပ်မက်မှု ချုပ်ငြိမ်းသောကြောင့် စွဲလမ်းမှု ချုပ်ငြိမ်း၏၊ စွဲလမ်းမှု ချုပ်ငြိမ်းခြင်းကြောင့် ကမ်ပြုလုပ်ရေး ချုပ်ငြိမ်း၏၊ ကမ်ပြုလုပ်ရေး ချုပ်ငြိမ်းသောကြောင့် ဘဝသစ်မဖြစ်ရ၊ ဘဝသစ်မဖြစ်ရသောကြောင့် အိုရ ၊ သေရခြင်း မဖြစ်၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း ၊ ကိုယ်စိတ်မချမ်းသာရခြင်း ၊ ပြင်းစွာ ပင်ပန်းရခြင်း စသည်တို့မဖြစ်၊ ဤ ကုန်အောင်စုံသော ဆင်းရဲအစု၏ ချုပ်ငြိမ်းခြင်းဖြစ်၏။

ရဟန်းတို့ ၊ ဘဝသစ် ဖြစ်ပွါးရခြင်း၏ ချုပ်ငြိမ်းခြင်းကြောင့် အိုရ ၊ သေရခြင်း ချုပ် ငြိမ်း၏ဟု ဆိုရာ၌ ဘဝသစ် ဖြစ်ပွါးရခြင်း၏ ချုပ်ငြိမ်းခြင်းကြောင့် အိုရ ၊ သေရခြင်း ချုပ်ငြိမ်းသလော ? မချုပ်ငြိမ်းလော ?၊ သို့မဟုတ် ၊ ဤနေရာ၌ သင်တို့ မည်သို့ ဖြစ် ကြကုန်သနည်း ?၊ ဘဝသစ် ဖြစ်ရခြင်း၏ ချုပ်ငြိမ်း ခြင်းကြောင့် အိုရ ၊ သေရခြင်း ချုပ်ငြိမ်း၏၊ ဤသို့ပင် အယူရှိကြပါသည်ဘုရား၊ ကမ်ပြုပြင် စီမံရေး ချုပ်ငြိမ်းခြင်း ကြောင့် ဝိညာဉ်ချုပ်ငြိမ်း၏၊ ဝိညာဉ်ချုပ်ငြိမ်းခြင်းကြောင့် နာမ်ရုပ်ချုပ်ငြိမ်း၏၊ နာမ်ရုပ် ချုပ်ငြိမ်းခြင်းကြောင့် တည်မှီရာခြောက်မျိုး ချုပ်ငြိမ်း၏၊ တည်မှီရာခြောက်မျိုးချုပ်ငြိမ်း ခြင်းကြောင့် တွေ့ဆုံခြင်းချုပ်ငြိမ်း၏၊ တွေ့ဆုံခြင်း ချုပ်ငြိမ်းသောကြောင့် ခံစားခြင်း ချုပ် ငြိမ်း၏၊ ခံစားမှု ချုပ်ငြိမ်းသောကြောင့် တပ်မက်မှု ချုပ်ငြိမ်း၏၊ တပ်မက်မှု ချုပ် ငြိမ်းသောကြောင့် စွဲလမ်းမှု ချုပ်ငြိမ်း၏၊ စွဲလမ်းမှု ချုပ်ငြိမ်းသောကြောင့် ကမ်ပြုလုပ် ရေး ချုပ်ငြိမ်း၏၊ ကမ်ပြုလုပ်ရေး ချုပ်ငြိမ်းသောကြောင့် ဘဝသစ် မဖြစ်ရ၊ ဘဝသစ်

မဖြစ်ရသောကြောင့် အိုရ, သေရခြင်း မဖြစ်၊ စိုးရိမ်ငိုကြွေး ငိုကြွေးရခြင်း, ကိုယ်စိတ် မချမ်းသာရခြင်း, ပြင်းစွာ ပင်ပန်းရခြင်း စသည်တို့ မဖြစ်၊ ဤသို့ ကုန်အောင် စုံသော ဆင်းရဲအစု၏ ချုပ်ငြိမ်းခြင်းဖြစ်၏။

မသိ တွေဝေခြင်း၏ ချုပ်ငြိမ်းခြင်းကြောင့် ကမ်ပြု စီမံရေး ချုပ်ငြိမ်း၏ဟု ဆိုရာ၌ မသိ တွေဝေခြင်း၏ချုပ်ငြိမ်းခြင်းကြောင့် ကမ်ပြုစီမံရေး ချုပ်ငြိမ်းသလော?၊မချုပ်ငြိမ်းလော?၊ သို့မဟုတ်, သင်တို့ ဤနေရာ၌ မည်သို့ဖြစ်ကြကုန်သနည်း?၊ မသိတွေဝေခြင်း၏ ချုပ်ငြိမ်းခြင်းကြောင့် ကမ်ပြုစီမံရေး ချုပ်ငြိမ်း၏ဟု ယူကြပါသည်ဘုရား၊ ကောင်းလှပြီ, ရဟန်းတို့, ဤသို့လျှင် ဤအကြောင်းမရှိသော် - ဤအကျိုး တရား မဖြစ်၊ ဤအကြောင်း ချုပ်ငြိမ်းသော်- ဤအကျိုးတရား ချုပ်ငြိမ်း၏၊ မသိတွေဝေခြင်း၏ ချုပ်ငြိမ်းခြင်း ဖြစ်ခဲ့သော်- ကမ်ပြုစီမံရေး ချုပ်ငြိမ်း၏၊ ကမ်ပြုပြင်စီမံရေး ချုပ်ငြိမ်း ခြင်းကြောင့် ဝိညာဉ် ချုပ်ငြိမ်း၏၊ ဝိညာဉ်ချုပ်ငြိမ်းခြင်းကြောင့် နာမ်ရုပ် ချုပ်ငြိမ်း၏။ နာမ်ရုပ် ချုပ်ငြိမ်းခြင်းကြောင့် တည်ရာခြောက်မျိုး ချုပ်ငြိမ်း၏၊ တည်ရာခြောက်မျိုး ချုပ်ငြိမ်းခြင်းကြောင့် တွေ့ဆုံခြင်း ချုပ်ငြိမ်း၏၊ တွေ့ဆုံခြင်း ချုပ်ငြိမ်းသောကြောင့် ခံစားခြင်း ချုပ်ငြိမ်း၏၊ ခံစားခြင်း ချုပ်ငြိမ်းသောကြောင့် တသ်မက်မှုချုပ်ငြိမ်း၏၊ တသ်မက်မှု ချုပ်ငြိမ်းသောကြောင့် စွဲလမ်းမှု ချုပ်ငြိမ်း၏၊ စွဲလမ်းမှု ချုပ်ငြိမ်းသောကြောင့် ကမ်ပြုလုပ်ရေး ချုပ်ငြိမ်း၏၊ ကမ် ပြုလုပ်ရေး ချုပ်ငြိမ်း သောကြောင့် ဘဝသစ်မဖြစ်ရ၊ ဘဝသစ် မဖြစ်ရသောကြောင့် အိုရ, သေရ ခြင်းမဖြစ်၊စိုးရိမ်ငိုကြွေး ငိုကြွေးရခြင်း,ကိုယ်စိတ် မချမ်းသာရခြင်း, ပြင်းစွာပင်ပန်းရခြင်း စသည်တို့ မဖြစ်၊ ဤသို့ ကုန်အောင် စုံသော ဆင်းရဲအစု၏ ချုပ်ငြိမ်း၏။

ဤသို့သင်တို့လည်း ဆိုကုန်၏,ငါလည်း ဆို၏၊ ရဟန်းတို့,သင်တို့ ထိုသို့ သိကုန်သော်- ရှေးအခါက ငါတို့ဖြစ်ပူးကုန်ပြီလော?,မဖြစ်ဖူးကုန်ပြီလော? မည်သို့ဖြစ်ပူးကုန်ပြီနည်း?, အသို့ဖြစ်ကုန်ပြီနည်း?, ဘယ်သို့ဖြစ်၍ ဘယ်သို့ဖြစ်ကုန်လေပြီနည်း ဟု ရှေးအစွန်းကို အစွဲပြု၍ ဖြစ်စေ, နောင်အခါ ငါတို့ ဖြစ်ကုန်ဦးမည်လော?,မဖြစ်ကုန်အံ့လော?, မည်သို့ ဖြစ်ကုန်မည်နည်း?, အဘယ်သို့ဖြစ်၍ အသို့ဖြစ်ကုန်မည်နည်းဟု နောက်အစွန်းကို စွဲ၍ ဖြစ်စေ, ယခုအခါ ငါတို့ ဖြစ်ကုန်သလော?, မဖြစ်ကုန်လော?, မည်သို့ ဖြစ်ကုန်သနည်း?, အသို့ ဖြစ်လေကုန်သနည်း?၊ ဤသည့် သတ္တဝါ တို့သည် ဘယ်မှ လာ၍ ဘယ်သို့သွားကုန်လိမ့်မည်နည်း-ဟု မျက်မှောက်ကိုစွဲ၍ ဖြစ်စေ, ယင်းသို့သော ရှေး-နောက်-မျက်မှောက် အစွန်းတို့သို့ ပြေးသွားကုန်ဦးအံ့လော?၊ "မသွားကုန်ပါဘုရား"၊ သို့ သိခဲ့မြင်ခဲ့ကုန်သော်-ဘုရားကို ရိုသေခန့်ငြား၍ သာ ငါတို့ ပြောဆိုကုန်၏ ဟုဖြစ်ကုန်ဦးအံ့လော?၊ "မဖြစ်ကုန်ပါဘုရား"၊ ယင်းသို့ သိခဲ့မြင်ခဲ့ကုန်မူ၊ ရဟန်းသည် ဤသို့ ဟောညွှန်ပြီ၊ ငါတို့ ရဟန်း မည်သည် ဤသို့ပင် ပြောဆိုရ၏ ဟု ဖြစ်ကုန်ဦးအံ့လော?၊ "မဖြစ်ကုန်ပါ ဘုရား"၊ ဤသို့ သိခဲ့ မြင်ခဲ့ ကုန်သော်- အခြား တပါးသူကို ဆရာ ဟူ

ညွှန်ကြကုန်ဦးမည်လော?၊ "မညွှန်ပါကုန်ဘုရား"၊ ဤသို့ သိခဲ့ မြင်ခဲ့ကုန်သော်-အခြားတပါးသော ရဟန်း သူတော် သူမြတ်တို့၏ အလေ့ အကျင့်နှင့် အုတ်အုတ် ကျက်ကျက် မင်္ဂလာ အမင်္ဂလာအတိတ် နိမိတ်ကို အနှစ်သာရအားဖြင့် စွဲယူကုန်ဦးအံ့လော?၊ "မစွဲယူကုန်ပါဘုရား"။

ရဟန်းတို့, ယခု သင်တို့သည် ကိုယ်သိ ကိုယ်မြင်ကိုသာ ဆိုကြပြောကြသည်မဟုတ်ကုန်လော?၊ "မှန်ပါကုန်သည်ဘုရား"၊ ကောင်းလှပြီ ရဟန်းတို့, ငါဘုရားသည် သင်တို့ကို ဤသည့် ထင်ရှားသော မျက်မှောက် ကိုယ်သိတရား, အခါမဲ့ ကာလ မခြား ကောင်းကျိုးရတရား, လာလှည့်, ကြည့်ရှုလှည့် ညွှန်ပြ နိုင်သည့်တရား, အနီးကပ်၍ ရှုအပ် မြင်အပ်သောတရား, အစဉ်စောင့်ကြပ် အနီးကပ်၍ ကောင်းကျိုးကို ဆောင်နိုင်သော တရား, ဝေဖန်သိမြင် ကျင့်ဆောင်လိုက်နာသူတို့ အသီးသီး မျက်မှောက်ကောင်းကျိုးရ တရား,ဤသည့်တရားဖြင့် ဆောင်အပ်ကုန်ပြီ၊ ထို့ကြောင့် ရဟန်းတို့, ဤသည့် ငါဘုရား ကောင်းစွာ ညွှန်ပြအပ်သော တရားတော်သည်, ကျင့်ဆောင် လိုက်နာသူတို့ ချက်မှောက် ကောင်းကျိုးရ ဖြစ်သည့် ထင်ရှားသော ကောင်းကျိုးကို ရစေနိုင်သည်, ကိုယ်သိ လက်တွေ့ ကောင်းကျိုးကို ရစေနိုင်သည်,အခါမဲ့ကောင်းကျိုးကို ဖြစ်စေသည်, ကာလမခြား ကောင်းကျိုးကို ပေးနိုင်သည်,ခေတ်အခါကာလမရှိသော ကောင်းကျိုးကို ရရောက်နိုင်သည်, လာလှည့် ကြည့်ရှုလှည့်ဟု ညွှန်ပြနိုင်အောင် ကောင်းကျိုးကို ထင်ရှားစေသည်, အနီးကပ်၍ ရှုမြင်နိုင်လျက် မကွယ်မဝှက် ပေါ်လွင်သော ကောင်းကျိုးကို ဖြစ်စေနိုင်သည်, အနီးကပ်တွင် အစဉ်အမြဲ စောင့်၍ ကောင်းကျိုးကို ပေးနိုင်သည်, ဝေဖန်သိမြင်နိုင်သူ, လိုက်နာကျင့်ဆောင်နိုင်သူတို့ အသီးသီးသော ကောင်းကျိုးကို ဖြစ်စေနိုင်သည်၊ ဤသို့ ငါဘုရား ဝန်ခံဟောညွှန်ထားချက် စကားသည်ကား၊ ဤသို့သော အကျိုးကို စွဲ၍ ပင် ဝန်ခံ ညွှန်ကြားထားချက်ဖြစ်သတည်း၊ ဤစကားကို ဘုရား ဟောတော်မူရာ, ရဟန်းတို့နှစ်သိမ့်ကုန်ပြီ၊ ဤသို့ ကြားနာ မှတ်သားရ ပါသည်။

မဟာ တဏှာ သင်္ခယ သုတ္တန် ပြီး၏။

# ၄၁။ မဟာ အဿပုရ သုတ္တန်

ဘုရားရှင် အင်္ဂတိုင်း အဿပုရနိဂုံးတွင် သီတင်းသုံး နေတော်မူစဉ်အခါ ၊ ဤဆို လတ်အံ့သည့်အတိုင်း ဘုရားရှင့် အဋ္ဌာန်တော်မှ အကျွန်ုပ် ကြားနာ မှတ်သား ရ ပါသည်။ ဘုရားရှင်က တရားသဘင်ရှိ ရဟန်းတို့ကို "အို ရဟန်းတို့" ဟု ခေါ်တော်မူ၍ ၎င်းတို့က "မြတ်စွာဘုရား" ဟု တုန့်ပြန်ကြသော်-ဤသို့ဟောညွှန်တော် မူလေပြီ။ ရဟန်းတို့ ၊ သင်တို့ကို လူအပေါင်းက "ရဟန်းများ † ရဟန်းများ" ဟု သိကြ၏။ သင်တို့ကလည်း "သင်တို့ မည်သူဖြစ်ကုန်သနည်း" ဟု မေးလျှင် "ရဟန်းတို့ ဖြစ်ကုန်၏" ဟု ဝန်ခံကုန်၏။ ရဟန်းတို့ ၊ ယင်းသို့ အမည်ရှိ၍ ဝန်ခံကြသည့် ရဟန်းတို့သည် ရဟန်းဖြစ်ကြောင်းတရား ၊ အမြင့်အမြတ်ဖြစ်ကြောင်းတရားတို့ကို ကျင့် ဆောင်ကြကုန်အံ့၊ ဤသို့ ဖြစ်ခဲ့သော်- ငါတို့၏ အမည်သည် မမြုံပဲ ဖြစ်လတ္တံ့ ၊ ဝန်ခံ ချက်လည်း ဟုတ်မှန်လတ္တံ့ ၊ ငါတို့အား သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါး ကို လှူဒါန်းကြသော တကာ တကာမတို့၏ ပူဇော်ခြင်းတို့လည်း အကျိုးရင်း အကျိုးများ တိုးပွါးကုန်လတ္တံ့ ၊ ငါတို့၏ ရဟန်းအဖြစ်သည်လည်း မမြုံပဲ အကျိုးများ၍ တိုးပွါး လတ္တံ့ ဟု ဤသို့ လေ့လာ ကျင့်ကြံအပ်၏။

ရဟန်းတို့ ၊ ရဟန်းဖြစ်ကြောင်းတရား ၊ အမြင့်အမြတ်ဖြစ်ကြောင်းတရားတို့ကား အဘယ်နည်း ?။ ရဟန်းတို့ ၊ အရှက် အကြောက်တရားနှင့် ပြည့်စုံကုန်အံ့ ဟု သင်တို့ လေ့ကျင့်အပ်၏။ ရဟန်းတို့ ၊ ငါတို့ကား အရှက်အကြောက် နှင့် ပြည့်စုံကုန်ပြီ ၊ ဤမျှဖြင့် တော်သင့်ပြီ ၊ ဤမျှဖြင့် ပြုလုပ်ဖွယ်လုပ်ငန်းကို ပြုလုပ်အပ်ပြီ၊ ငါတို့မှာ ရဟန်းဖြစ်ကျိုး ကို အစဉ် ရရောက်ပြီ၊ ငါတို့မှာ ထို့ထက် အလွန်အကြူး ပြုဖွယ်မရှိပြီ ဟု ထိုမျှဖြင့် သာလျှင် နှစ်သက် ကြေနပ်ခြင်း ၊ တင်းတိမ် ရောင့်ရဲနေခြင်း ဖြစ်ကုန်ရာ၏။ ရဟန်း တို့ ၊ သင်တို့ကို ငါပြောကြားရမည် ၊ သင်တို့ကို ငါသိစေရမည်၊ ရဟန်းပြုရသည့် အကျိုးကို လိုလားကြကုန်သော သင်တို့မှာ နောက်ထပ် ပြုလုပ်ဖွယ် လုပ်ငန်း၌ ရဟန်း ဖြစ်ရကျိုး မဆုတ်ယုတ်စေကုန်လင့်။

ရဟန်းတို့ ၊ နောက်ထပ် ပြုလုပ်ဖွယ် လုပ်ငန်း အဘယ်နည်း ?။ ငါတို့၏ ကိုယ်ကျင့်တရား စင်ကြယ်လတ္တံ့ ၊ ပေါ်လွင်လတ္တံ့ ၊ ပွင့်လင်းလတ္တံ့ အပေါက်မရှိ စောင့်စည်းခြင်း ဖြစ်လတ္တံ့၊ ထိုသည့် ကိုယ်ကျင့် စင်ကြယ်ခြင်းဖြင့် မိမိကို မမြှောက်ပြ

---

† ဤနေရာ၌ ရဟန်းမှာ "သမဏ" ၏ အစား ဖြစ်၏၊ နီဝရဏ အေးငြိမ်းသူ ၊ လောဘ စသော ကိလေသ ငြိမ်းသူဟုဆိုလို၏။

ကုန်အံ့ , သူတပါးကို မရှုတ်ချကုန်အံ့ ဟု ဤသို့ သင်တို့ လေ့ကျင့်အပ်၏၊ ရဟန်းတို့ , သင်တို့သည် အကျက်အကြောက်နှင့် ပြည့်စုံကုန်ပြီ , ငါတို့ ကိုယ်ကျင့် တရားလည်း စင်ကြယ်ကုန်ပြီ , ဤမျှဖြင့် သင့်တန်ပြီ၊ ဤမျှဖြင့် ပြုလုပ်ဖွယ် လုပ်ငန်းကို ပြုလုပ်အပ်ပြီ၊ ငါတို့မှာ ရဟန်းအကျိုးကို အစဉ်ရရောက်ပြီ၊ ငါတို့မှာ နောက်ထပ် ပြုလုပ်ဖွယ် မရှိပြီ ဟု ထိုမျှဖြင့်သာ နှစ်သက် ကြေနပ်ခြင်း , တင်းတိမ် ရောင့်ရဲခြင်း ဖြစ်ကုန်ရာ၏၊ ရဟန်းတို့ , သင်တို့ကို ငါပြောကြားရမည် , သင်တို့ကို ငါသိစေရမည်၊ ရဟန်းပြုရသည့် အကျိုးကို လိုလားကြကုန်သော သင်တို့မှာ နောက်ထပ် ပြုလုပ်ဖွယ် လုပ်ငန်း၌ ရဟန်း ဖြစ်ရအကျိုး မဆုတ်ယုတ်စေကုန်လင့်၊ ရဟန်းတို့ , နောက်ထပ် ပြုလုပ်ဖွယ် လုပ်ငန်း အဘယ်နည်း ?၊ ငါတို့၏ နှုတ်ကျင့် တရား စင်ကြယ်လတ္တံ့ , ပေါ်လွင်လတ္တံ့ , ပွင့်လင်း လတ္တံ့ , အပေါက်မရှိ စောင့်စည်းခြင်း ဖြစ်လတ္တံ့၊ ထိုသည့် နှုတ်ကျင့် စင်ကြယ်ခြင်း ဖြင့် မိမိကိုလည်း မမြှောက်မြှင့်ကုန်အံ့ , သူတပါးကိုလည်း မရှုတ်ချကုန်အံ့ ဟု ဤသို့ သင်တို့ လေ့ကျင့်အပ်၏၊ ရဟန်းတို့ , သင်တို့သည် ဤမျှဖြင့် တော်သင့်ပြီ , လုပ်ငန်းပြီး ပြီ , ရဟန်းပြုရအကျိုးကို ရရောက်ပြီ , နောက်ထပ် ပြုလုပ်ဖွယ် လုပ်ငန်းမရှိဟု ထိုမျှဖြင့် ကြေနပ် နှစ်သိမ့်ခြင်း , တင်းတိမ် ရောင့်ရဲခြင်းသို့ ရောက်ကုန်ရာ၏၊ ရဟန်းတို့ , သင်တို့ကို ငါပြောကြားရမည် သင်တို့ကို ငါသိစေရမည်၊ ရဟန်းပြုရကျိုးကို လိုလား သော သင်တို့သည် နောက်ထပ် ပြုလုပ်ဖွယ် လုပ်ငန်း၌ ရဟန်းပြုရအကျိုး မလစ်ဟင်းစေ ကုန်သင့်။

ရဟန်းတို့ , နောက်ထပ်ပြုလုပ်ဖွယ်လုပ်ငန်း အဘယ်နည်း ?၊ ငါတို့၏ စိတ်အကျင့် စင်ကြယ်လတ္တံ့ , လုံခြုံလတ္တံ့ , ၎င်းဖြင့် ငါ့ကို မမြှောက်မြှင့် , သူ့ကို မရှုတ်ချကုန်အံ့ ဟု သင်တို့လေ့ကျင့်အပ်၏၊ ဤမျှဖြင့်လည်း ပြည့်စုံပြီ , အကျိုးရပြီဟု နှစ်သိမ့် တင်းတိမ် မရှိ ရသေး , နောက်ထပ် ပြုဖွယ် လုပ်ငန်း၌ အကျိုးမဆုတ်ယုတ်စေရ၊ နောက်ထပ် ပြုဖွယ်လုပ် ငန်းကား ငါတို့၏ အသက်မွေးမှု စင်ကြယ်လတ္တံ့ ဟု သင်တို့ လေ့ကျင့်အပ်၏၊ ဤမျှဖြင့် လည်း တင်းတိမ်ရောင့်ရဲ မဖြစ်ရသေး , ဣန္ဒြေ စောင့်စည်းကုန်အံ့ , ငြူစူခြင်း စိတ်မ ကြည်သာခြင်း မတိုးပွါးရန် အဆင်းကိုမြင်သော်- အာရုံမယူအံ့ , သဏ္ဌာန်ဖွယ် မစွဲယူအံ့ မျက်စိကို စောင့်စည်းအံ့ , မျက်စိ၌ စောင့်စည်းအံ့ , ထို့အတူ နားဖြင့် အသံကြားရာ , နှာခေါင်းဖြင့်အနံ့ကို နံရာ , လျှာဖြင့် အရသာကို သာယာရာ , ကိုယ်ဖြင့် အတွေ့ကို ထိတွေ့ရာ , စိတ်ဖြင့် စိတ်ကူးရာဓမ္မ၌ ငြူစူခြင်း စိတ်မကြည်သာခြင်း-အကုသိုလ် မတိုးပွါးရန် စောင့်စည်းကုန်အံ့ ဟု လေ့ကျင့်အပ်၏၊ ဤမျှဖြင့်လည်း တင်းတိမ် ရောင့်ရဲ မဖြစ်ရသေးကုန်၊ ရဟန်းတို့ , သင်တို့သည် အစားအသောက်၌ အတိုင်း အရှည် သိကုန်အံ့ , ပညာဉာဏ်ဖြင့် ဆင်ခြင်၍ အစာ စားကုန်အံ့ , ရယ်မြူးရန် , ယစ် မူးရန် , တန်ဆာ ဆင်ယင်ရန် , တင့်တယ်ရန် မစား သောက်ကုန်အံ့၊ ဤကိုယ်အရ

တည့်တန့်ရရန်၊ မျှဘရန်၊ ညှဉ်းဆဲပင်ပန်းခြင်း အေးငြိမ်းရန်၊ အကျင့်မြတ်ကိုချီးမြှောက်ရန်၊ ဤအစာဖြင့် ရောဂါဟောင်း ကင်းပျောက်ရန်၊ ရောဂါသစ် မဖြစ်ရန် မှတ်ခြင်း၊ အပြစ်ကင်းခြင်း၊ ချမ်းသာစွာ နေထိုင်ရခြင်း ဖြစ်ပေလတ္တံ့ ဟု လေ့ကျင့်အပ်၏။

ရဟန်းတို့၊ ဤမျှဖြင့်လည်း တင်းတိမ်ရောင့်ရဲ မဖြစ်ရသေးကုန်၊ ရဟန်းပြုရကျိုးအတွက် နောက်ထပ် ပြုဖွယ် လုပ်ငန်း၌ မလစ်ဟင်းစေရကုန်၊ နောက်ထပ် ပြုဖွယ်လုပ်ငန်းကား နိုးကြားခြင်း၌ အမြဲကြောင့်ကြကုန်အံ့၊ တနေ့ပတ်လုံး စင်္ကြံသွားခြင်း၊ ထိုင်နေခြင်းဖြင့် ပိတ်ပင်တားဆီးအပ်သော တရားတို့မှ စိတ်ကို သုတ်သင်ကုန်အံ့၊ ညဉ့်၌ ပထမယာမ် ပတ်လုံး စင်္ကြံသွားခြင်း၊ ထိုင်နေခြင်းဖြင့် အပိတ်အပင် အတားအဆီး တရားတို့မှ စိတ်ကို သုတ်သင်ကုန်အံ့၊ အလယ်ယာမ် ပတ်လုံး လက်ျာနံဘေးဖြင့် ခြေဖြင့်ခြေကို လွန်ထား၍ သတိထင်ထင် ဉာဏ်မြော်မြင်ထားကာ ထမည်ဟုအမှတ်ကိုပြု၍ ခြင်္သေ့အိပ်နည်း အိပ်စက်ကုန်အံ့၊ မိုးသောက်ယာမ် ပတ်လုံး ထ၍ စင်္ကြံသွားခြင်း၊ ထိုင်နေခြင်းဖြင့် အတားအဆီး အပိတ်အပင်တရားတို့မှ စိတ်ကို သုတ်သင်ကုန်အံ့ဟု လေ့ကျင့်အပ်၏။ ရဟန်းတို့ သင်တို့သည် ငါတို့ကား -

၁-အရှက်အကြောက်နှင့် ပြည့်စုံကြကုန်ပြီ၊
၂-ကိုယ်ကျင့် စင်ကြယ်ကုန်ပြီ၊
၃-နှုတ်ကျင့် စင်ကြယ်ကုန်ပြီ၊
၄-စိတ်ထား စင်ကြယ်ကုန်ပြီ၊
၅-အသက်မွေးမှု စင်ကြယ်ကုန်ပြီ၊
၆-ဣန္ဒြေ စောင့်စည်းကုန်ပြီ၊
၇-အစားအသောက်၌ အတိုင်းအရှည်သိကုန်ပြီ၊
၈-နိုးကြားရေး၌ အမြဲကြောင့်ကြစိုက်ကုန်ပြီ၊

ဤမျှဖြင့် တော်သင့်ကုန်ပြီ၊ ရဟန်းပြုကျိုး ရကုန်ပြီ၊ နောက်ထပ် ပြုဖွယ် လုပ်ငန်း မရှိပြီဟု ထိုမျှဖြင့် တင်းတိမ်ရောင့်ရဲကုန်ရာ၏။ ရဟန်းတို့ သင်တို့ကို ငါပြောကြား၏၊ သင်တို့ကို ငါ သိစေ၏၊ ရဟန်း ပြုကျိုးကို လိုလားကုန်သော သင်တို့မှာ နောက်ထပ် ပြုဖွယ် လုပ်ငန်း၌ ရဟန်းပြုရကျိုး မဆုတ်ယုတ်စေကုန်လင့်။

နောက်ထပ် ပြုဖွယ်လုပ်ငန်းကား ၉-သတိထင်ထင်၊ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံကုန်အံ့၊ အသွားအလာတို့၌ သတိထင်ထင်၊ ဆင်ခြင်၍ ပြုလုပ်ကုန်အံ့၊ ကြည့်ရှုရာ၊ ခြေလက်ကွေးရာ၊ ဆန့်တန်းရာ၊ သင်္ကန်းဝတ်ရုံရာ၊ သပိတ်စွဲကိုင်ရာ၊ စားရာ၊ သောက်ရာ၊ ခဲရာ၊ လျက်ရာ၊ ကျင်ကြီးစွန့်ရာ ကျင်ငယ်စွန့်ရာ တို့၌ သတိထင်ထင်

ဆင်ခြင်၍ ပြုလုပ်ကုန်အံ့, သွားရာ,ရပ်ရာ , ထိုင်နေရာ,အိပ်စက်ရာ, နိုးကြားရာ,စကားပြောရာ, တိတ်တိတ် နေရာတို့၌ သတိ ထင်ထင် ဆင်ခြင်၍ ပြုလုပ်ကုန်အံ့ ဟု လေ့ကျင့်အပ်၏၊ ရဟန်းတို့, ဤမျှဖြင့်လည်း တင်းမတိမ်ရသေးကုန်။

ရဟန်းတို့, ၁၀-တောသစ်ပင်ရင်း စသည့် ဆိတ်ငြိမ်ရာသို့ကပ်ရောက်၍ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို မတ်မတ်ထား၍ တရားအာရုံသို့ စိတ်ကို ရှေးရှုထားကာ လောကနေသူ နတ်လူတို့အပေါ်၌ အလိုဆန္ဒကို ပယ်စွန့်၍ အလိုဆန္ဒ ကင်းသော စိတ်ဖြင့် နေထိုင်၏၊ အလိုဆန္ဒမှ စိတ်ကို သုတ်သင်၏၊ ပြစ်မှားခြင်း, ဖျက်ဆီး လိုခြင်းကို ပယ်စွန့်၍ ပြစ်မှားခြင်း,ဖျက်ဆီးလိုခြင်းကင်းသောစိတ်ဖြင့်နေထိုင်၏၊အားလုံးသောသာမန်သတ္တဝါထင်ရှားသော သတ္တဝါတို့ အစီးပွားကို စောင့်ရှောက်နေထိုင်၏၊ ပြစ်မှားခြင်း, ဖျက်ဆီး လိုခြင်းမှ စိတ်ကို သုတ်သင်၏၊ပျင်းရိငိုက်မြည်းခြင်းကို ပယ်စွန့်၍ မပျင်းရိ မငိုက်မြည်းပဲ အလင်းအမှတ်ရှိ သတိထင်ထင် ဆင်ခြင်ဉာဏ်ရှိ၍ နေ၏၊ ပျင်းရိ ငိုက်မြည်းခြင်းမှ စိတ်ကို သုတ်သင်၏၊ ပျံ့လွင့်ခြင်း, အလိုလို့ရှိခြင်းကိုပယ်စွန့်၍ မပျံ့လွင့်ပဲ စိတ်တွင်း အေးမြ၍ နေထိုင်၏၊ ပျံ့လွင့်ခြင်း, အလိုလို့ရှိခြင်းမှ စိတ်ကို သုတ်သင်၏၊ ယုံမှားခြင်းကို ပယ်စွန့်၍ ယုံမှားလွန်မြောက်လျက် ကုသိုလ်တရားတို့၌ သို့လော ? သို့လော ? တွေးတောဂေင်း၍ နေထိုင်၏၊ ယုံမှားခြင်းမှ စိတ်ကို သုတ်သင်၏၊

ရဟန်းတို့, ဥပမာအားဖြင့် ကြွေးချေးယူ၍ အလုပ် လုပ်ကိုင်သူမှာ အလုပ်ပြည့်စုံ၍ ကြွေးကို ခြေဆပ်ပြီးနောက် မြောက်မြားစွာ သား မယား မွေးမြူရန် ကြွင်းကျန် လေရာ၏၊ ထိုသူ့မှာ ထို့အတွက် ဝမ်းမြောက် ရွှင်ပျ လေရာ၏၊ ဤ့အခါ ဆင်းရဲ ဖွစွာ ရောဂါကြီး ဖြစ်ပွါးသဖြင့် မစားနိုင်, မသောက်နိုင် ဖြစ်ကာ, ကိုယ်မှာလည်း အားအင်မရှိ ဖြစ်သူသည် ထိုရောဂါမှ လွတ်ငြိမ်းလျက် ပကတိ အားအင်ရှိ၍ စားသောက်နိုင်သူမှာ ထို့အတွက် ဝမ်းမြောက် ရွှင်ပျလေရာ၏၊ ဤ့အခါ ထောင်အတွင်း၌ အကျဉ်းကျခံရ၍ ထောင်ကျရာမှ ချမ်းသာစွာဥစ္စာနေမပျက်မစီး လွတ်မြောက်ခဲ့သူမှာ ထို့အတွက် ဝမ်းမြောက် ရွှင်ပျ လေရာ၏၊ ဤ့အခါ မိမိကိုယ်ကို မိမိ မစိုးပိုင်မူ၍ သူတပါး၏ ကျွန်ဖြစ်လျက် အလိုအတိုင်း မလုပ်ကိုင်နိုင်, မသွားလာနိုင်သူသည် ထိုကျွန်အဖြစ်မှ လွတ်ရသဖြင့် ဝမ်းသာ ရွှင်ပျ ဖြစ်လေရာ၏၊ ထိုမှတပါး ဥစ္စာခနေ များစွာရှိလျက် ဘေးခနဲဥပဒ်များသော ခရီးခဲ၌ သွားလာသူသည် ဘေးဥပဒ် ကင်းလွတ်စွာ ချမ်းသာ အေးမြလျက် မပျက်မစီး ပြန်လည် ရောက်ရှိသဖြင့် ဝမ်းမြောက် ရွှင်ပျ လေရာ၏၊ ရဟန်းတို့, ဤ့အတူပင် ကြွေးမြီကဲ့သို့၎င်း, ရောဂါကဲ့သို့၎င်း, အကျဉ်းထောင်ကဲ့သို့၎င်း,ကျွန်အဖြစ်ကဲ့သို့၎င်း, ဘေးဥပဒ်ရှိ ခရီးခဲကဲ့သို့၎င်း မိမိသန္တာန်၌ မပယ်စွန့်ရ သေးကုန်သော ဤ အပိတ်အပင်တရား ငါးမျိုးတို့ကို ရှုဆင်ခြင်၏၊ ကြွေးမြီကင်းခြင်း, ရောဂါကင်းခြင်း , အကျဉ်းထောင်မှ လွတ်ခြင်း , တော်လှန်ခြင်းနှင့် ဘေးဥပဒ် လွတ်ကင်းရာ အရပ်ဒေသ ကဲ့သို့ မိမိသန္တာန်မှ ပယ်စွန့်အပ်သော ဤ အပိတ်အပင်တရား ငါးမျိုးတို့ကို ရှုဆင်ခြင်၏၊

သူသည် စိတ်ညစ်ကျုကြောင်း, ပညာဉာဏ် အားနည်းကြောင်း ဖြစ်ကုန်သော ဤ သည့် အပိတ်အပင်တရား ငါးမျိုးတို့ကို စွန့်ပယ်၍ အလိုကာမနှင့် အကုသိုလ်ကို ပယ်စွန့်ကာ, ကြံစည်ခြင်း, စဉ်းစားခြင်း, ဆိတ်သုဉ်းခြင်း, နှစ်သက်ခြင်း, ချမ်းသာခြင်း ရှိသော ပထမဈာန်ကို ပြည့်စုံ ရရောက်နေ၏၊ သူသည် ဤကိုယ်ကိုကိလေသာမှ ဆိတ်သုဉ်း ခြင်းကြောင့် ဖြစ်သော နှစ်သက် ချမ်းသာ ခြင်းဖြင့် ဆွတ်ဖျန်း၏၊ ထက်ဝန်းကျင် ဆွတ်ဖျန်း၏၊ ပြည့်စုံစေ၏၊ ပျံ့နှံ့စေ၏၊ ၎င်း၏ ကိုယ် အားလုံးမှာ နှစ်သက် ချမ်းသာခြင်းဖြင့်မတွေ့ထိသောအရာ မရှိဖြစ်လေ၏၊ ဥပမာအားဖြင့် လိမ်မာသောခဝါသည်သည်၎င်း, ခဝါသည့် တပည့် သည်၎င်း , ကြေးခွက်၌ ရေချိုး ဆပ်ပြာကို ထည့်၍ ရေဖြင့် ပက်ဖျန်းကာ, ပက်ဖျန်းကာ နယ်ရာ၏၊ ထိုသည့် ဆပ်ပြာ တုံးသည် စေးထိုင်း၍ အတွင်း အပြင် အဆီ အစေးဖြင့် ပျံ့နှံ့လျက် နေလေ၏၊ ယိုစီး၍လည်း မကျလေ၊ ဤ အတူပင် သူသည် ကိလေသာ ဆိတ်သုဉ်းခြင်းကြောင့် ဖြစ်သော နှစ်သက်ခြင်း, ချမ်းသာခြင်းဖြင့် ဤကိုယ် ကို ဆွတ်ဖျန်း ပျံ့နှံ့ စေလေသည်၊ ရဟန်းတို့, ထိုမှတပါးတုံလည်း ရဟန်းသည် ကြံစည် စဉ်းစားရခြင်းတို့မှ ငြိမ်းခြင်းကြောင့် အတွင်း စိတ်၌ ကြည်လင်လျက် စိတ် တခုတည်း ဖြစ်ကာ, ကြံစည် စဉ်းစားမရှိ တည်တန့်၍ ဖြစ်သော နှစ်သက်ခြင်း , ချမ်းသာ ခြင်းရှိ ဒုတိယဈာန်ကို ပြည့်စုံ ရရောက်နေ၏၊ သူသည် ဤကိုယ်ကိုပင် တည်တန့်၍ ဖြစ်သော နှစ်သက်ချမ်းသာခြင်းဖြင့် ဆွတ်ဖျန်း၏၊ ထက်ဝန်းကျင် ဆွတ်ဖျန်း၏၊ ပြည့်စေ၏၊ ပျံ့နှံ့ စေ၏၊ ၎င်း၏ ကိုယ်အားလုံးမှာ တည်တန့်၍ဖြစ်သော နှစ်သက်ချမ်းသာခြင်းဖြင့် မတွေ့ ထိသော နေရာမရှိချေ။

ရဟန်းတို့, ဥပမာအားဖြင့် စိမ့်ထွက်၍ နေသော ရေအိုင်မှာ အရှေ့ - အနောက် - မြောက်-တောင် အရပ်လေးဖက်မှ ရေထွက်ပေါက်မရှိ,မိုးလည်းအခါအားလျော်စွာ အထပ်ထပ် သည်းထန်စွာ မရွာသွန်းလေရာ, စင်စစ်ကား ထိုရေအိုင်မှသာ အေးမြသော ရေအယဉ် သည် ပေါ်ထွက်၍ ထိုရေအိုင်ကိုသာ အေးမြသောရေဖြင့် ဆွတ်ဖျန်းရာ၏၊ထက်ဝန်းကျင် ဆွတ်ဖျန်းရာ၏၊ ပြည့်စေရာ၏၊ ပျံ့နှံ့စေရာ၏၊ ထိုရေကန်အားလုံးမှာ အေးမြသောရေဖြင့် မထိမတွေ့သော နေရာဟူ မဖြစ်လေရာ, ဤ အတူပင် သူသည် တည်တန့်၍ဖြစ်သော နှစ်သက် ချမ်းသာ ခြင်းဖြင့် ဖျန်းပက် ပျံ့နှံ့ ပြည့်နှက် စေလေသည်၊ ရဟန်းတို့ , ထိုမှ တပါးတုံလည်း ရဟန်းသည် နှစ်သက်ခြင်း၌ တပ်စွန်း ကင်းခြင်းကြောင့်၎င်း, လျစ်လျူ ရှု၍၎င်း, သတိထင်ထင် ဆင်ခြင်ဉာဏ် ရှိ၍၎င်း ချမ်းသာ ကိုသာ ခံစား နေထိုင်သော တတိယ ဈာန်ကို ပြည့်စုံ ရရောက် နေထိုင်၏၊ သူသည် ဤကိုယ် ကိုပင် နှစ်သက် ခြင်း ကင်းသော ချမ်းသာဖြင့် ဆွတ်ဖျန်း၏၊ ထက်ဝန်းကျင် ဆွတ်ဖျန်း၏၊ ပြည့်စေ၏၊ ပျံ့နှံ့ စေ၏၊ ရဟန်းတို့, ဥပမာအားဖြင့် ကြာညိုတော၌ဖြစ်စေ, ကြာနီတော၌ဖြစ်စေ, ကြာဖြူ တော၌ဖြစ်စေ အချို့သော ကြာညို ကြာနီ ကြာဖြူတို့သည် ရေ၌ဖြစ်၍ ရေ၌ကြီးပွါးကာ ရေမှ မပေါ်ထွက် မူ၍ ရေ အတွင်း ၌သာ နှစ်မြုပ် ကြီးပွါး နေကုန်၏၊ ၎င်းတို့သည်

အရင်းမှ အဖျားတိုင် အေးမြသော ရေဖြင့်သာ ဆွတ်ဖျန်းကုန်၏၊ ထက်ဝန်းကျင် ဆွတ်ဖျန်းကုန်၏၊ ပြည့်စေကုန်၏၊ ပျံ့နှံ့စေကုန်၏၊ ကြာအားလုံးပင် ရေဖြင့် မတွေ့ မထိသော အရာဟူ၍ မရှိလေရာ၊ ရဟန်းတို့ , ဤအတူပင် ရဟန်းသည် နှစ်သက်ခြင်း ကင်းသော ချမ်းသာဖြင့်သာ ဤကိုယ်ကို ဆွတ်ဖျန်း ပျံ့နှံ့ ပြည့်နှက်စေကုန်၏။

ရဟန်းတို့, ထိုမှ တပါးတုံလည်း ရဟန်းသည် ချမ်းသာကို ပယ်ခြင်း ကြောင့်၎င်း, ဆင်းရဲကိုပယ်ခြင်းကြောင့်၎င်း ရှေးကပင် ဝမ်းသာခြင်း,နှစ်လုံးမသာခြင်းတို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲ ချမ်းသာ နှစ်မျိုးကင်း၍ လျစ်လျူ ရှုခြင်း , သတိ စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်ကို ပြည့်စုံ ရရောက် နေထိုင်၏၊ သူသည် ဤကိုယ်ကိုပင် စင်ကြယ် ဖြူစင်လှသောစိတ်ဖြင့်ပျံ့နှံ့နေ၏၊ ၎င်း၏ ကိုယ်အားလုံးမှာ စင်ကြယ်ဖြူဖွေးသော စိတ်ဖြင့် မတွေ့ ထိရာဟူ မရှိ ဖြစ်လေ၏၊ ရဟန်းတို့, ဥပမာအားဖြင့် ယောကျ်ား တယောက်သည် ဖြူစင်သောအဝတ်ကို ဦးခေါင်းနှင့်တကွ တကိုယ်လုံးခြုံ၍ နေရာ၏၊ ၎င်း၏ ကိုယ်အားလုံးမှာ ဖြူစင်သော အဝတ်ဖြင့် မတွေ့ ထိသော နေရာဟူ မရှိလေရာ, ဤ အတူပင် ရဟန်းသည် စင်ကြယ်သော စိတ်ဖြင့် ကိုယ်ကို ပျံ့နှံ့ နေသိုင်၏၊ သူသည် ဤသို့စိတ်ထား တည်တန့်သော်- ရှေးနေဖူးသော ဘဝ များစွာကို အောက်မေ့ရန် စိတ်ထား ညွတ်၏၊
+ ဘဝ များစွာကို အောက်မေ့ သိမြင် နိုင်လေ၏၊ သတ္တဝါ အထူးထူး တို့၏ အဖြစ် အပျက်ကို သိလိုစိတ် ညွတ်သော် - + သတ္တဝါ အထူးထူးတို့ အဖြစ် အပျက်ကို သိမြင်နိုင်၏၊ လောကပွါးစီးရေး ကုန်ခန်းရန် စိတ်ညွတ်၏၊ + ၎င်းသန္တာန်၌ လောကပွါးစီးရေး တရား အားလုံး ကုန်ခန်း လေ၏၊ ၎င်းမှာ လောက ပွါးစီးရေး အားလုံး ကုန်ခန်းပြီ , လောကမှ လွတ်ပြီ ဟု အသိဉာဏ် ဖြစ်ပေါ်လေသည်၊ ရဟန်းတို့ , ဤသို့သော သူကိုသာ ကိလေသာ အားလုံးငြိမ်းသောကြောင့် ရဟန်းဟု ဆိုအပ်၏၊ ဤသို့ ဘုရားဟောတော်မူရာ, ရဟန်းတို့ နှစ်မြို့ကုန်ပြီ၊ ဤသို့ ကြားနာ မှတ်သားရပါသည်။ *

+ ဤအမှတ်ရှိ နေရာများကား ချုန်းချဉ်းထားခဲ့ကြောင်း ပြအံ။
* ဤအမှတ်ကား နိကာယ်ဆောင်တို့ ထည့်ထားချက် စကားများ ချန်ချွင်းထားခဲ့ကြောင်း ပြအံ၊

မဟာ အဿပုရ သုတ္တန် ငြိး၏။

# ၄၂။ ရဋ္ဌပါလ အဿပုရ သုတ္တန်

ဘုရားရှင် အင်္ဂတိုင်း အဿပုရ နိဂုံးတွင် သီတင်းသုံး နေတော်မူစဉ်ပင် ဟောညွှန်တော်မူအပ်သော ဤသုတ္တန်ကို ဤသို့လျှင် အကျဉ်းနှုပ် ကြားနာ မှတ်သားရပါသည်၊ ဘုရားရှင်သည် ရဟန်းတို့ကို ခေါ်တော်မူ၍ ဤသို့ ဟောညွှန်တော်မူလေပြီ၊ † ရဟန်းတို့ , ရဟန်းများ , ရဟန်းများဟု သင်တို့ကို လူအပေါင်းက သိမှတ်ကြ၏၊ သင်တို့ကလည်း "သင်တို့ မည်သူနည်း ?" ဟု မေးသော်- "ရဟန်းဖြစ်ကုန်၏ , ရဟန်းဖြစ်ကုန်၏" ဟု ဝန်ခံကုန်၏၊ ရဟန်းတို့ , ဤသို့ အမည်တွင်၍ ဤသို့ ဝန်ခံကြသော သင်တို့သည် ရဟန်းတို့၏ ရှိသေစွာ ကျင့်ကြံအပ်သည့် ကျင့်ဝတ်ကို ကျင့်ဆောင်ကုန်အံ့ , ဤသို့ ဖြစ်ခဲ့သော်- ငါတို့၏ အမည်သည်လည်း မပြုံပဲ ဖြစ်လတ္တံ့၊ ဝန်ခံချက်လည်း ဟုတ်မှန်လတ္တံ့၊ ငါတို့ သုံးဆောင် စားသောက်သည့် သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးကို လှူဒါန်းကြသည့် တကာ တကာမတို့၏ ပူဇော်ခြင်းသည်လည်း အကျိုးရင်း အကျိုးပွား ကြီးမား သန်စွမ်းပေလတ္တံ့၊ ငါတို့ ရဟန်းပြုရခြင်း လုပ်ငန်းသည်လည်း မပြုံမူ၍ အကျိုး မြောက်မြား တိုးပွါးပေလတ္တံ့၊ ရဟန်းတို့ , သင်တို့ ဤသို့ လိုက်နာ ကျင့်ဆောင်အပ်၏။

ရဟန်းတို့ , ရဟန်းသည် ရဟန်းတို့၏ ရှိသေစွာ လိုက်နာ ဖြည့်ကျင့်ရမည့် အကျင့်ကို မည်သို့မလိုက်နာသနည်း ?၊ ရဟန်းတို့ , တစုံတဦးသော ရဟန်းမှာ သူ့စည်းစိမ်၌ တပ်မက်သူဖြစ်လျက် သူ့စည်းစိမ်၌ တပ်မက်ခြင်း မပျောက်ကင်းလတ္တံ့ , ဖြစ်မှားတတ်သူမှာ ဖြစ်မှားခြင်း မပျောက်ကင်းလတ္တံ့ , အမျက်ကြီးသူမှာ အမျက်ကြီးခြင်း မပျောက်ကင်းလတ္တံ့ , ရန်ဖွဲ့တတ်သူမှာ ရန်ဖွဲ့ခြင်း မပျောက်ကင်းလတ္တံ့ , ဂုဏ်ကျေးဇူး ချေဖျက်တတ်သူမှာ ဂုဏ်ကျေးဇူး ချေဖျက်ခြင်း မပျောက်ကင်းလတ္တံ့ , ဂုဏ်တု ဂုဏ်ပြိုင် ပြုတတ်သူမှာ ဂုဏ်တု ဂုဏ်ပြိုင်ခြင်း မပျောက်ကင်းလတ္တံ့ , ငြူစူသူမှာ ငြူစူခြင်း မပျောက်ကင်းလတ္တံ့ , ဝန်တိုသူမှာ ဝန်တိုခြင်း မပျောက်ကင်းလတ္တံ့ , စဉ်းလဲသူမှာ စဉ်းလဲခြင်း မပျောက်ကင်းလတ္တံ့ , လှည့်ပတ်တတ်သူမှာ လှည့်ပတ်ခြင်း

---

† စဉ်းစားဖွယ်—ဤသုတ္တန်ကို ထောက်၍ , ယခင် မဟာအဿပုရ သုတ္တန်မှာ ပိဋကဆောင်တို့ သုတ်ချ , လုပ်သုတ် , ဝင်ပြည့် , ပဏ္ဏာသပြည့်မျှ ဖြစ်ကြောင်း သိသင့်၏၊ အကြောင်းကား ထိုသုတ်သည် စကားဖနလည်းများ၏၊ ရှေ့နောက် အစပ်အဆက်လည်း မညီညွတ်လှ၊ ၎င်းအကြောင်းမှာ ကျွန်ုပ်တို့ ချန်ချွင်းခဲ့သော ၎င်းသုတ် နောက်ပိုင်းဖြင့် ထင်ရှားသတည်း။

မပျောက်ကင်းလတ္တံ့ , အလိုဆိုးဝါးသူမှာ အလိုဆိုး မပျောက်ကင်းလတ္တံ့ , အယူအစွဲး များသူမှာ အယူများ အစွဲးများ မပျောက်ကင်းလတ္တံ့ , ရဟန်းတို့, ငါသည် ဤသို့သော ရဟန်းတို့၏ အညစ် အကြေးများ, အပြစ်ဒေါသများ, အမှိုက်သရိုက်များ အပေါ်ယံလားကြောင်းများ , အဆိုး အဝါး ခံရကြောင်းများကို မပယ် ပျောက်ခြင်း ကြောင့် ရဟန်းတို့၏ အရိုအသေ ကျင့်ဆောင်ရမည့် ကျင့်ဝတ်ကို ကျင့်ဆောင်သူ ဟု မဆိုချေ။

ရဟန်းတို့ ဥပမာအားဖြင့် ကျောက်ပြင်ထက်၌ ထက်စွာ သွေးအပ်သည့် အသွားနှစ်ဖက်ရှိ မတဇမည်သော လက်နက်တမျိုး ရှိလေသည်၊ ထိုသည့် ရဟန်းမှာ ထိုလက်နက်ကို သင်္ကန်းကြီးအတွင်း၌ ပတ်ရစ်လျက် ရှိသော သူကဲ့သို့ , ထို့အတူ ထိုရဟန်း၏ ရဟန်းအဖြစ်ကို ငါဘုရားဆို၏၊ ရဟန်းတို့ , သင်္ကန်းဝတ်သူကို သင်္ကန်းဝတ်ကာမျှဖြင့် ရဟန်းဟု ငါမဆို * အဝတ်မဝတ်သူကို အဝတ်မဝတ်ကာမျှဖြင့် ,...... မြူ အညစ်အကြေး ဆောင်သူကို မြူအညစ်အကြေး ဆောင်ကာမျှဖြင့် ,...... ရေဆင်းသူကို ရေ၌ဆင်းကာမျှဖြင့် ,...... သစ်ပင်ရင်း နေသူကို သစ်ပင်ရင်း နေကာမျှဖြင့် ,...... လွင်ပြင် နေသူကို လွင်ပြင် နေကာမျှဖြင့် ,......လေးဖက်တွားသူကို လေးဖက်တွားကာမျှဖြင့် ,......အလှည့်ကျ ဆွမ်းစားသူကို အလှည့်ကျ ဆွမ်းစားကာမျှဖြင့် ,......ဝေဒ တတ်ကျွမ်းသူကို ဝေဒ တတ်ကျွမ်းကာမျှဖြင့် ,......ဆံကျစ်ဆောင်သူကို ဆံကျစ်ဆောင်ကာမျှဖြင့် ,...... ရဟန်းဖြစ်သည်ဟု ငါဘုရားမဆို။

ရဟန်းတို့ , သင်္ကန်းဝတ်သူမှာ သင်္ကန်းဝတ်ကာမျှဖြင့် သူ့စည်းစိမ်၌ တပ်မက်ခြင်း ပျောက်ကင်းအံ့၊ အဝတ်မဝတ်သူမှာ အဝတ်မဝတ်ကာမျှဖြင့် ,......မြူ အညစ်အကြေး ဆောင်သူမှာ မြူအညစ်အကြေး ဆောင်ကာမျှဖြင့် , ......ရေဆင်းသူမှာ ရေ၌ဆင်းကာမျှဖြင့် ,......သစ်ပင်ရင်းနေသူမှာ သစ်ပင်ရင်း နေကာမျှဖြင့် ,......လွင်ပြင်နေသူမှာ လွင်ပြင် နေကာမျှဖြင့် ,......လေးဖက်တွားသူမှာ လေးဖက်တွားကာမျှဖြင့် ,...... အလှည့်ကျ ဆွမ်းစားသူမှာ အလှည့်ကျ ဆွမ်းစားကာမျှဖြင့် , ......ဝေဒ တတ်ကျွမ်းသူမှာ ဝေဒ တတ်ကျွမ်းကာမျှဖြင့် ,......ဆံကျစ်ဆောင်သူမှာ ဆံကျစ်ဆောင်ကာမျှဖြင့် ,...... အယူများ ပျောက်ကင်းအံ့၊ ၎င်းသူကို မိတ်ဆွေ ခင်ပွန်းနှင့် ဆွေမျိုးသားချင်းတို့က "အို-အမောင် , လာလှည့် , သင်္ကန်းဝတ်လော့ - သင်္ကန်းဝတ်ကာမျှဖြင့် သူ့စည်းစိမ်၌ တပ်မက်ခြင်း ပျောက်ကင်း လိမ့်မည်၊ အဝတ် မဝတ်ကာမျှဖြင့် ,...... မြူ အညစ် အကြေး ဆောင်ကာမျှဖြင့် , ...... ရေ၌ဆင်းကာမျှဖြင့် ,......သစ်ပင်ရင်း နေကာမျှဖြင့်,...... လွင်ပြင် နေကာမျှဖြင့်,...... လေးဖက်တွားကာမျှဖြင့်, ...... အလှည့်ကျ ဆွမ်းစားကာမျှဖြင့် ,......

---

* အဝတ် မဝတ်သူ စသည်တို့ကား မူလကပင် ရဟန်း မဟုတ်ကုန်၊ သို့ရာတွင် လောကတွင် အယူဝါဒ အစားစားနှင့်ပင် ရဟန်းဟု သမုတ်ထားသောကြောင့် အကျင့်ဖြင့် ခိုင်းခြားပြဆိုရကြောင်း သိမှတ်ရမည်။

ဝေဒ တတ်ကျွမ်းကာမျှဖြင့် ,……ဆံကျစ်ဆောင်ကာမျှဖြင့် ,…… အယူများ ပျောက်ကင်းသိမ့်မည်ဟု မွေးဖွားကာစတွင်ပင် သင်္ကန်းဝတ်၍ ပေးကုန်ရာ၏, သင်္ကန်းဝတ်အဖြစ်ကို ပြုကုန်ရာ၏။

အိုရဟန်းတို့, စင်စစ် တမူကား ဤလောက၌ အချို့ သင်္ကန်း ဝတ်လျက်လည်း သူ့စည်းစိမ်၌ တသ်မက်သူ, အဝတ် မဝတ် လျက်လည်း,…… မြူ အညစ် အကြေး ဆောင်လျက်လည်း,……ရေ၌ ဆင်းလျက်လည်း,……သစ်ပင်ရင်း နေလျက်လည်း,……လွင်ပြင်နေလျက်လည်း,……လေးဖက်တွား၊လျက်လည်း,…… အဖျည့်ကျ ဆွမ်းစားလျက်လည်း,……ဝေဒတတ်ကျွမ်းလျက်လည်း,……ဆံကျစ်ဆောင်လျက်လည်း, အယူအစွဲများယွင်းသူကို မြင်ရ၏၊ ထို့ကြောင့် သင်္ကန်းဝတ်သူကို သင်္ကန်းဝတ်ကာမျှဖြင့် ရဟန်းဟု ငါမဆို၊

* အဝတ် မဝတ်သူကို အဝတ် မဝတ်ကာမျှဖြင့် , …… မြူ အညစ်အကြေး ဆောင်သူကို မြူ အညစ်အကြေးဆောင်ကာမျှဖြင့်,……ရေဆင်းသူကိုရေ၌ဆင်းကာမျှဖြင့်, သစ်ပင်ရင်း နေသူကို သစ်ပင်ရင်း နေကာမျှဖြင့် , …… လွင်ပြင်နေသူ ကို လွင်ပြင်နေကာမျှဖြင့် , …… လေးဖက် တွားသူကို လေးဖက် တွားကာမျှဖြင့် ,…… အလှည့်ကျ ဆွမ်းစား သူကို အဖျည့်ကျ ဆွမ်းစားကာမျှဖြင့်,……ဝေဒ တတ်ကျွမ်းသူကို ဝေဒ တတ်ကျွမ်းကာမျှဖြင့်,— ဆံကျစ်ဆောင်သူကို ဆံကျစ်ဆောင်ကာမျှဖြင့် ရဟန်းဟု ငါမဆို။

ရဟန်းတို့, တစုံတဦးသော ရဟန်းမှာ သူ့စည်းစိမ်၌ တသ်မက်ခြင်းကို ပယ်စွန့်အပ်၊ အဝတ် ဝတ် - မဝတ် ,…… မြူ အညစ် အကြေး ဆောင်-မဆောင် , …… ရေ၌ ဆင်း-မဆင်း,…… သစ်ပင်ရင်း နေ-မနေ,…… လွင်ပြင် နေ-မနေ, …… လေးဖက် တွား-မတွား,…… အဖျည့်ကျ ဆွမ်းစား-မစား, …… ဝေဒ တတ်ကျွမ်း-မကျွမ်း,…… ဆံကျစ် ဆောင်-မဆောင်, အယူများ အစွဲများကို ပယ်စွန့်အပ်၊ ရဟန်းတို့, ဤသည့် ရဟန်းတို့၏ အညစ်အကြေးများ, အပြစ်ဒေါသများ, အမှိုက်သရိုက်များ, အပါယ် လားရေးများ,ဆိုးဝါးစွာခံစားရရေးများကို ပယ်စွန့်သောကြောင့် ရဟန်းတို့၏ ရှိသေစွာ လိုက်နာ ကျင့်ဆောင်အပ်သော အကျင့်ကို ကျင့်ဆောင်သူဟု ငါဆို၏။

သူသည်ကား ဤသည့် ယုတ်ညံ့ သိမ်ဖျင်းသော အကုသိုလ် တရားတို့မှ စင်ကြယ်သော မိမိ ကိုယ် စိတ်ကို ရှုမြင်၍ ဝမ်းမြောက်၏၊ဝမ်းမြောက်သူမှာ နှစ်သက်၏၊နှစ်သက်သူမှာ ကိုယ်စိတ် အေးငြိမ်း၏၊ ကိုယ်စိတ် အေးငြိမ်းသူမှာ ချမ်းသာ၏၊ ချမ်းသာသူမှာ စိတ်တည်တန့်၏၊ သူသည် အရှေ့- အနောက်- တောင်- မြောက်- အထောင့်- အထက်- အောက် အရပ်အားလုံးရှိ သတ္တဝါ အားလုံးကို ပြန့်ပြောခြင်း, မြင့်မြတ်ခြင်း , အတိုင်းအရှည် မဲ့ခြင်း, ရန်ကင်းခြင်း, ပြစ်မှားကင်းခြင်း အင်္ဂါရှိ မေတ္တာ , ကရုဏာ , မုဒိတာ, ဥပေက္ခာစိတ်ဖြင့် ပျံ့နှံ့နေထိုင်၏။

ရဟန်းတို့, ဥပမာအားဖြင့် ကြည်လင်အေးမြ၍ ချိုမြိန်လှသောရေနှင့် မွှေ့လျော်ဖွယ် ဆိပ်ကမ်းရှိ လေးထောင့်ကန်ကြီးတခု ရှိလေရာ, နွေနေပူဖြင့် နှိပ်စက်ပူလောင်၍

ရေ မွတ်သိပ်သူ မှန်သမျှ မည်သည့် အရပ်မှ မဆို, မည်သူမဆို, ထိုကန်ကြီးသို့ လာရောက်၍ ရေမွတ်သိပ်ခြင်း, ပူလောင်ခြင်းကို ပယ်ဖျောက်လေရာ၏၊ ရဟန်းတို့, ဤအတူပင် မည်သည့် အမျိုးအတွင်းမှမဆို, မင်းမျိုးမှဖြစ်စေ, ပုဏ္ဏားမျိုးမှဖြစ်စေ, သူကြွယ်မျိုးမှဖြစ်စေ, သူဆင်းရဲမျိုးမှဖြစ်စေ, ဘုရား၏ ဟောညွှန်အပ်သော ဤဝါဒ သာသနာတော်ကို ဆိုက်ရောက်၍ ကိုယ်ချင်းစာခြင်းမေတ္တာ, သနားခြင်း ကရုဏာ, ဝမ်းမြောက်ခြင်း မုဒိတာ, လျစ်လျူရှုခြင်း ဥပေက္ခာကို ပွါးများလျက် စိတ်တွင်း၌ အေးမြရအံ့, ၎င်းကို ရဟန်းတို့၏ ရှိသေစွာ ကျင့်ဆောင် လိုက်နာအပ်သော အကျင့်ကို ကျင့်ဆောင်သူ ဟူ ငါဆို၏၊ လောကပွါးစီးရေးကုန်ခန်း၍ စိတ်၏ လွတ်လပ်ခြင်း, ဉာဏ်ပညာ၏ လွတ်လပ်ခြင်းကို မျက်မှောက်ကိုယ်တွေ့ဖြစ်၏၊ လောကပွါးစီးရေးကုန်ခန်းသောကြောင့် ရဟန်းဟူ ငါဆို၏၊ ဤသို့ ဘုရားဟောသည်ကို ရဟန်းတို့ နှစ်မြို့ကြကုန်ပြီ၊...... ဤသို့ ကြားနာမှတ်သားရပါသည်။

စူဠ အဿပုရ သုတ္တန် ပြီး၏။

# ၄၃။ သာလေယျက သုတ္တန်

ပဦးတော်အစရှိ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားရှင် ဟောညွှန်တော်မူချက် တရားတော်ကို အကျဉ်းချုပ် ဤသို့ ကြားနာ မှတ်သား ရပါသည်၊ တရံအခါ- ဘုရားရှင်သည် မြောက်မြားစွာသော ရဟန်းအပေါင်းနှင့်တကွ ကောသလ တိုင်း အတွင်းတွင် ခပင်းများစွာ ဝေနေယျသတ္တဝါတို့ ကောင်းကျိုး စီးပွါး အလို့ငှါ လှည့်လည် လျှောက်သွားကာ တရားမှန် ညွှန်ပြတော် မူလေရာ , သာလာ မည်သော ပုဏ္ဏား ရွာ တခုသို့ ဆိုက်ရောက်လေပြီ၊ သာလာ ရွာသား ပုဏ္ဏား သူကြွယ် တို့ကား ဘုရားရှင်နှင့် စပ်၍ ဤသို့သော သတင်းများကို ကြားပူးကုန်လေပြီ၊ "အချင်းတို့, သာကီဝင်မင်းမျိုး မှ ရဟန်းပြုခဲ့သည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ရဟန်းအစရှိ မြောက်မြား စွာနှင့် လှည့်လည် လာရာ, ဤ သာလာရွာသို့ ရောက်ဆိုက် လေသတတ်၊ ထို ရဟန်း ဂေါတမမှာ ဤသို့အားဖြင့် ထိုသည့် ပုဦးတော်ကြီးဘုရားသည် ပူဇော်ခံသခင်ဖြစ်သည်, ကိလိသ် ညစ်ကြေး စင်သည်, သံသရာ ဝဋ်ဆင်းရဲ ငြိမ်းသည်, အပြစ် ဒုစ္စရိုက် ကင်း သည်၊ ထို့ကြောင့် တရားမှန်ကို ကိုယ်တိုင် အမှန်သိသည်၊ ထိုအား လျော်စွာ ဉာဏ် ပညာနှင့် အကျင့်သီလ ရှိသည်၊ ထိုသို့ဖြစ်၍ ကောင်းသောတရားကို သိတော်မူသည့် အတိုင်း ကောင်းရာရောက်ရန် ကောင်းသောတရားလမ်းကြောင်းကို ကောင်းစွာ ညွှန်ပြ ဟောကြားသည်။

ထိုသို့ ဟောညွှန် ရလောက် အောင်လည်း လောက အစား စားကို သိမြင် သည် , လောကသူ အစားစားကို သိမြင်သည် , လောက အစားစား၌ ဖြစ်ပွါး ရကြောင်းကို သိမြင်သည် , လောက အစားစားမှ လွတ်လပ်ရကြောင်းကို သိမြင်သည် , လောကသူ အစားစားတို့၏ အလို စရိုက်ကိုလည်း သိမြင် ကျွမ်းကျင်သည်၊ ထို့ကြောင့် လောက၌ အတုမဲ့ မြင့်မြတ်သည်, ထိုနှင့် လျော်စွာ ဆုံးမ သင့်သူ မှန်သမျှကို မချွတ် ဆုံးမ ကယ် တင်သည်, ထို့ကြောင့် လူနတ်တို့၏ ဆုံးမဩဝါဒပေး ဆရာတသူ ဖြစ်သည်, ထို့အတိုင်း ကိုယ်တော့် အလား သတ္တဝါအများကို တရားမှန်သိစေသည်, ထိုသို့အားဖြင့် ပုဦးတော်, ကမ်တော်, အသရေတော်, ဉာဏ်တော်, တန်ခိုးတော် အသျှင်ဖြစ်သည်၊ သူသည် နတ် မာရ် ဗြဟ္မာတို့ တည်နေရာ ဤ လောကကို, ရဟန်း သူတော် သူမြတ် လူနတ် ဟူသော လောကနေသူကို ကိုယ်တိုင်သိ, ကိုယ်တိုင်မြင်ဖြစ်၍ ပြောဟောသည်၊ သူသည် စ - လယ် - ဆုံး သုံးပါးလုံး ကောင်းမွန်၍ အနက်အဓိပ္ပါယ်ရှိ သဒ္ဒါ ပုဒ် ဝါကျ ပြည့်စုံသော ဘရားတော်ကို ဟောညွှန်သည် , အားလုံး ပြည့်စုံ၍ အညစ် အကြေး စင်ကြယ်သော

လွတ်လပ်ရေး အကျင့်မြတ်ကို ညွှန်ပြ ဟောကြားသည်၊ ထိုသို့ သဘောရှိ ပုဇော်ခံသခင် အရှင်မွန် အရှင်မြတ် တို့အား တွေ့ဆုံ ဖူးမျှော်ရန် သင့်တော် ကောင်းမြတ်သည် '' ဟု ကျော်ကြား သိရှိ လေကုန် သတတ်၊ ထို့ကြောင့် ၎င်း တို့သည် တစု တဝေး တည်း ဘုရားရှင့် ဌာန် သွားရောက်ကြကုန်၍,, နှုတ်ဆက်စကားပြောကြားထိုင်နေကုန်ကာ, ဤသို့ လျှောက်ထားကြကုန်ပြီ။

" အို အရှင် ဂေါတမ , ဤလောက၌ အချို့ သူတို့ သေလွန်သည့် နောက် ချမ်းသာကင်း၍ ဆိုးဝါးစွာ ခံစားရသည့် ငရဲသို့ ရောက်ကြကုန်ရသည်မှာ အဘယ် အကြောင်းကြောင့် ဖြစ်ကုန်သနည်း ?၊ တို့ပြင် အချို့ သူတို့ကား သေလွန်သောအခါ ကောင်းသောသူတို့ ဆိုက်ရောက်ရာ, ကောင်းစု ကောင်းနှစ် တည်ရာ နတ်ပြည်သို့ ဆိုက်ရောက်ကြကုန်သည်မှာ အဘယ် အကြောင်းကြောင့် ဖြစ်ကုန်သနည်း ?" ဤသို့ မေးလျှောက်သည်ကို ဘုရားရှင်က " အို သူကြွယ် အပေါင်းတို့ , မတရားကျင့်ကြံခြင်း , မညီမမျှ ကျင့်ကြံခြင်းဟူသော အကြောင်းကြောင့် အချို့တို့ သေလွန်ကုန်သော်-ချမ်းသာ ကင်းသည့် မကောင်းသူတို့ ဆိုက်ရောက်ရာ,မကောင်းခံစားရရာ ငရဲ၌ ဖြစ်ကုန်၏၊ ၎င်းပြင် အချို့တို့ကား တရားကျင့်ကြံခြင်း, အညီအမျှ ကျင့်ကြံခြင်းဟူသောအကြောင်းကြောင့် ကောင်းမွန်သူတို့ ဆိုက်ရောက်ရာ , ကောင်းကျိုးရရာ နတ်ပြည်၌ ဖြစ်ကြကုန်၏ '' ဟု မိန့်ဆိုတော်မူလေပြီ။

''အကျွန်ုပ်တို့သည် အရှင်ဂေါတမ၏ ဤသည့် အကျယ်မလင်း, အကျဉ်းညွှန်ပြချက် စကား၏ အနက် အဓိပ္ပါယ်ကို အကျယ်အားဖြင့် မသိကုန်ပါ၊ တောင်းပန်ပါကုန်သည်, အကျွန်ုပ်တို့ နားလည်နိုင်ရန် ဤစကား၏ အကျယ်ကို ညွှန်ပြဟောကြားပါ" ဟု ၎င်းတို့ လျှောက်ထားလျှင်, ဘုရားရှင်က '' သူကြွယ်တို့, ထိုသို့တပြီးကား နားထောင် နာယူကြကုန်, ကောင်းစွာ နှလုံးထားကြကုန်, ဟောညွှန်ပေအံ့ '' ဟု စကားစတော်မူ၍ ဤသို့ အကျယ် ဟောညွှန်တော်မူလေပြီ၊

သူကြွယ်များတို့, ကိုယ်အားဖြင့် သုံးမျိုးသော မတရား ကျင့်ခြင်း , မညီ မညွတ် ကျင့်ခြင်းဖြစ်၏၊ နှုတ်အားဖြင့် လေးမျိုးသော မတရားကျင့်ခြင်း, မညီမညွတ် ကျင့်ခြင်း ဖြစ်၏၊ စိတ်အားဖြင့် သုံးမျိုးသော မတရားကျင့်ခြင်း, မညီမညွတ်ကျင့်ခြင်း ဖြစ်၏၊

အို သူကြွယ်တို့, အဘယ်သို့လျှင် ကိုယ်အားဖြင့် သုံးမျိုးသော မတရားကျင့်ခြင်း , မညီမညွတ်ကျင့်ခြင်း ဖြစ်သနည်း ?၊ သူကြွယ်တို့, ဤလောက၌ အချို့ကား သူတပါး အသက်ကို သတ်ဖြတ်လေ့ရှိ၏, ကြမ်းကြုတ်၏,ခက်ထန်၏,လက်၌ သွေးအမြဲလူးလဲး၏, ပုတ်ခြင်း-ခတ်ခြင်း၌ သက်ဝင်၏၊ကုန်အောင်စုံသော သေးငယ်သော သတ္တဝါ,ကြီးကျယ် ထင်ရှားသော သတ္တဝါတို့အပေါ်၌ သနားကြင်နာ မရှိချေ၊ သူမပေးပဲ ခိုးဝှက်ယူငင်၏၊ သူတပါးဥစ္စာ-သူတပါး နှစ်သက်အပ်သည့်ပစ္စည်းကို မြို့ရွာတွင်ဖြစ်စေ,တောတွင်ဖြစ်စေ သူမပေးပဲ ခိုးယူလိုစိတ်ရှိ၍ ခိုးယူ၏၊ ကာမဂုဏ်တို့၌ မှောက်မှား ကျင့်ကြံသည်၊

* အသပ် စောင့်ထိန်းသောမိန်းမ, အဖ စောင့်ထိန်းသောမိန်းမ, မိဖ နှစ်ဦးစုံ စောင့်ထိန်း သောမိန်းမ , မောင်ဘွား စောင့်ထိန်းသော မိန်းမ, အမ-ညီမ စောင့်ထိန်းသောမိန်းမ , ဆွေမျိုးစောင့်ထိန်းသော မိန်းမ , လင်ရှိမိန်းမ, ဒဏ်အပြစ်ထားသော မိန်းမ , အယုတ်သဖြင့် ပန်းကုံးဖြင့် ဝန်းရံစောင့်ထိန်းထားသော မိန်းမ- ဤသို့သော * မိန်းမတို့အပေါ်၌ မှောက်မှားကျင့်ကြ၏၊ သူကြွယ်တို့,ဤသို့လျှင် ကိုယ်အားဖြင့် သုံးမျိုးသော မတရားကျင့်ခြင်း, မညီမညွတ်ကျင့်ခြင်းဖြစ်၏။

အိုသူကြွယ်တို့, နှုတ်အားဖြင့် လေးမျိုးသော မတရား ကျင့်ခြင်း, မညီမညွတ် ကျင့်ခြင်းဟူသည် အဘယ်နည်း ?၊ သူကြွယ်တို့, ဤလောက၌ အချို့သူသည် စကား မမှန်မကန်ဆို၏, သဘင်ပရိသတ် ဆွေမျိုးတို့အတွင်းသို့ရောက်သော်-မင်းအိမ်,လွှတ်ရုံးသို့ရောက်သော်-အချင်း,သိသူကိုသိ၏ဟုပြော , မသိသူကိုမသိဟုပြောလော ? ဟုသက်သေအဖြစ်ထား၍ မေးလျှင်, သိသည်ကို မသိ, မသိသည်ကို အသိ, မြင်သည်ကို မမြင်, မမြင်သည်ကို အမြင်ပြော၏၊ ဤသို့အားဖြင့် မိမိအတွက်ဖြစ်စေ,သူတပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အတွက်ဖြစ်စေ, သိလျက် အမှားဆို၏၊ ချောပစ် ကုန်းတိုက်စကား ဆို၏၊ ဤသူ့ထံမှကြား၍ ဤမည်သူ့ထံ ဤသူတို့ ကွဲပြားစေရန် ပြော၏၊ ဤမည်သူ့ထံမှကြား၍ ဤသူ့ထံ ဤမည်သူတို့ ကွဲပြားစေရန် ပြော၏၊ ဤသို့အားဖြင့် ညီညွတ်သူတို့ကို ကွဲပြားစေ၏၊ ကွဲပြားသူတို့ကို ကွဲပြားရန် အားပေး၏၊ အစုအကွဲ ဖြစ်ခြင်း၌ မွေ့လျော် ပျော်ပိုက်၏၊ အစုအကွဲ ဖြစ်ကြောင်းစကားကို ဆို၏၊ စကား ရုန့်ကြမ်းဆို၏၊ သူးငြောင့် ဖြစ်သောစကား, ကြမ်းကြုတ်သောစကား , စပ်ရှားသောစကား , သူတပါး အမျက်ကို ဖြစ်စေသောစကား, အမျက်နှီးစကား , မတည်မတန့် ဖြစ်စေသောစကား- ဤသို့သောစကားမျိုးကိုပြောဆို၏၊စကားပြိန်စကားဖျင်းဆို၏၊ အခါမဲ့ဆို၏၊မဟုတ်မမှန် ဆို၏, အကျိုးမဲ့ဆို၏ ,တရားမဲ့ဆို၏, စည်းကမ်းလွတ်ဆို၏, မှတ်သားထားဖွယ်မရှိသော စကားကိုဆို၏၊အခါမဲ့ညွှန်ချက်မရှိ,အပိုင်းအခြားမဲ့,အကျိုးမဲ့စကားကိုဆို၏၊သူကြွယ်တို့ ဤသို့ နှုတ်အားဖြင့်လေးမျိုးသောမတရားကျင့်ခြင်း , မညီမညွတ်ကျင့်ခြင်းဖြစ်၏။

အိုသူကြွယ်တို့, စိတ်အားဖြင့် သုံးမျိုးသော မတရားကျင့်ခြင်း, မညီမညွတ် ကျင့်ခြင်းအဘယ်နည်း ?၊ သူကြွယ်တို့, ဤလောက၌ အချို့ သူသည် သူ့ဥစ္စာကို တသ်မက်၏, သူတပါးဥစ္စာ-သူတပါး နစ်သက်ရာကို ထိုဥစ္စာ ငါ့ဟာဖြစ်မူ ကောင်းလေစွဟု စိတ်ကူး၏၊ သူတပါးကို ပြစ်မှား၏၊ ဤသူတို့ သေစေကုန်,သတ်စေကုန်,ပြတ်စေကုန်, ပျက်စေကုန်, မဖြစ်ပွါးစေကုန်လင့်၊ ဤသို့ပျက်စီးစေလိုစိတ်ထား၏၊ အယူအစွဲ မှား ယွင်း၏, ပေးလှူ၍ အကျိုးမရှိ, ပူဇော်ကြီးပြု၍ အကျိုးမရှိ, ပူဇော်ငယ်ပြု၍ အကျိုးမရှိ,

---

* ကာမေသု မိစ္ဆာစာရအရာ၌ မိန်းမများကို ဖေါ်ပြထားစေကာ ,အမှတ်၂ , နည်းညွှန် နည်းမျိုးသာ၊ မိန်းမများမှာ မိစ္ဆာစာရမရှိဟု အလွဲမမှတ်ရ၊ မိန်းမများလည်း ယောကျာ်းများ အပေါ်၌ မိစ္ဆာစာရ ဖြစ်သည်၊ သို့သော်-အတင်း ဗလက္ကာရ အပြုခံရရာ၌ကား အပြစ်ဆိုဖွယ်မရှိ၊
မဇ္ဈိမနိကာယ်-၁၆

ကောင်းစွာပြုအပ်,မကောင်းပြုအပ်သော ကံတို့၏ ကောင်းကျိုးဆိုးပြစ်မရှိ,ဤလောက မရှိ, တပါးသောလောက မရှိ, အမိ မရှိ, အဖ မရှိ,ကိုယ်ထင်ရှားဖြစ်ပွါးရသူမည်သည် မရှိ , ဤလောက၌ ကောင်းစွာကျင့်ဆောင်၍ ဤလောကနှင့်တပါးသောလောကကို ပိုင်းခြားသိနိုင်, မျက်မှောက်ပြုနိုင်သောရဟန်း သမဏ ဗြာဟ္မဏ ဟူ၍ ပေါက်ပြန်သော ဉာဏ်အမြင် ရှိ၏၊ သူကြွယ်တို့, ဤသို့ စိတ်အားဖြင့် သုံးမျိုးသော မတရား ကျင့်ခြင်း , မညီမညွတ် ကျင့်ခြင်းဖြစ်၏၊ အိမ်ရှင်- သူကြွယ်တို့, ယင်းသို့လျှင် မတရား ကျင့်ခြင်း , မညီမညွတ်ကျင့်ခြင်းကြောင့် အချို့ သူတို့ သေလွန် ကုန်သော် - ချမ်းသာ ကင်းသည့် မကောင်းသူတို့ သွားရောက်ရာ, မကောင်းဆိုးဝါး ခံစားရရာ ငရဲ၌ ဖြစ်ရကုန်၏။

အို သူကြွယ်တို့, ကိုယ် အားဖြင့် သုံးမျိုးသော တရား ကျင့်ခြင်း , အညီအညွတ် ကျင့်ခြင်း ဖြစ်၏၊ နှုတ်အားဖြင့် လေးမျိုးသော တရားကျင့်ခြင်း , အညီအညွတ် ကျင့်ခြင်းဖြစ်၏၊ စိတ်အားဖြင့် သုံးမျိုးသော တရားကျင့်ခြင်း , အညီအညွတ် ကျင့်ခြင်းဖြစ်၏၊ အို သူကြွယ်တို့, ကိုယ်အားဖြင့် သုံးမျိုးသော တရားကျင့်ခြင်း, အညီအညွတ်ကျင့်ခြင်း အဘယ်သို့ ဖြစ်သနည်း?၊ သူကြွယ်တို့, ဤလောက၌ အချို့ သူသည် သူ့ အသက် သတ်ဖြတ်ခြင်းကို ပယ်စွန့်၍ သူ့ အသက် သတ်ဖြတ်မှုမှ ကြဉ်ရှောင်၏၊ တုတ် - နှုတ် - လက်နက်ဒဏ်ကို ပယ်ချထား၏၊ ရှက်၏, သနားတတ်၏,ကုန်အောင်စုံသော, သေးငယ်ကြီးမားသော သတ္တဝါတို့၏ အကျိုး စီးပွါးကို အစဉ်စောင့်ရှောက်၏၊ သူ မပေးသော ဥစ္စာကို ခိုးယူခြင်းကို ပယ်စွန့်၍ သူတပါး ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်၏၊ သူတပါး ဥစ္စာ, သူတပါး နှစ်သက်သော ပစ္စည်းကို မြို့ရွာ၌ဖြစ်စေ, တော၌ဖြစ်စေ, သူ မပေးအပ်ပဲ ခိုးလိုစိတ် ရှိ၍ မခိုးယူတတ်၊ ကာမဂုဏ်၌ မှားယွင်းသော အကျင့်ကို ပယ်စွန့်၍ ကာမဂုဏ်၌ မှားယွင်း ကျင့်ကြံခြင်းမှ ကြဉ်ရှောင်၏၊အမိစောင့်ထိန်းသောမိန်းမ စသည် တို့၌ မှောက်မှား ကျင့်ကြံခြင်းကို မပြုလုပ်၊ သူကြွယ်တို့, ဤသို့ ကိုယ်အားဖြင့် သုံးမျိုးသော တရားကျင့်ခြင်း, အညီအညွတ် ကျင့်ခြင်းဖြစ်၏။

သူကြွယ်တို့, နှုတ်အားဖြင့် လေးမျိုးသော တရားကျင့်ခြင်း , အညီအညွတ် ကျင့်ခြင်း အဘယ်သို့ဖြစ်သနည်း?၊ သူကြွယ်တို့, ဤလောက၌ အချို့သူသည် မုသားစကားကို ပယ်စွန့်၍ မုသားစကားဆိုခြင်းမှ ကြဉ်ရှောင်၏၊ သဘင် အစည်းအရုံး , မင်းကွန်း , ရုံးကနားသို့ ရောက်သော် - သိလျှင် သိတိုင်းပြော , မသိလျှင် မသိဟု ပြောဟု သက်သေ ပြုလုပ် မေးမြန်းက သိလျှင် သိ၏, မသိလျှင် မသိ , မြင်လျှင် မြင်၏, မမြင်လျှင် မမြင်ဟု ပြောဆို၏၊ ဤသို့အားဖြင့် မိမိအတွက် ဖြစ်စေ , သူတပါးအတွက် ဖြစ်စေ , တံမိုး လက်ဆောင် လပ်ပူဇော် သက္ကာရအတွက် ဖြစ်စေ သိလျက် ကေးချွတ်ယွင်း ပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ ချောပစ် စကားကို ပယ်စွန့်၍ ချောပစ် စကား ပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ ဤသူ့ ဌာနမှ ကြား၍ ဤမည်သူ့ ဌာန၌ ဤသူတို့ ကွဲပြားစေရန် မပြောဆို, ဤမည်သူ့ ဌာနမှ ကြား၍ ဤသူ့ ဌာန၌ ဤမည်သောသူတို့ ကွဲပြား စေရန် မပြောဆို၊

ဤသို့အားဖြင့် ကွဲပြားသူတို့ကို စေ့စပ်၏၊ ညီညွတ်သူတို့ကို အားအဆင့်ပေး၏၊ ညီညွတ်ခြင်း၌ မွေ့လျော် ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ကြောင်း စကားကို ပြောဆို၏၊ စကားရုန့်ကြမ်းကို ပယ်စွန့်၍ စကားရုန့်ကြမ်းပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ အပြစ်ကင်းသောစကား , နားချမ်းသာသောစကား , ချစ်ခင်ဖွယ်စကား , နှစ်လုံးအေးမြဖွယ်စကား, မြို့ကြီးသုံးစကား, သူအများ နှစ်သက်သောစကား, သူတပါး စိတ်ကို ရွှင်ကြည်စေသောစကား – ဤသို့သော စကားများကို ပြောဆို၏၊ အပြိန်အဖျင်းစကားကို ပယ်စွန့်၍ အပြိန်အဖျင်း စကား ပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ အခါအခွင့် သင့်လျော်စွာ ပြောဆို၏၊ဟုတ်မှန်ရာပြောဆို၏,အကျိုးရှိရာပြောဆို၏, တရားရာပြောဆို၏,အဆုံးအမစကား ,စည်းကမ်းကျစကားကို ပြောဆို၏ ,သိမ်းဆည်းမှတ်သားဖွယ်ကို ပြောဆို၏ , အခါသင့် ညွှန်ချက်ရှိ, အပိုင်းအခြားရှိ, အကျိုးရစကားကို ပြောဆို၏၊ သူကြွယ်တို့, ဤသို့လျှင် နှုတ်အားဖြင့် လေးမျိုးသော တရားကျင့်ခြင်း, အညီအညွတ်ကျင့်ခြင်းဖြစ်၏။

အိုသူကြွယ်တို့, စိတ်အားဖြင့် သုံးမျိုးသော တရား ကျင့်ခြင်း, အညီအညွတ် ကျင့်ခြင်း အဘယ်သို့ဖြစ်သနည်း ?၊ သူကြွယ်တို့, ဤလောက၌ အချို့သူသည် သူ့ဥစ္စာကို မတပ်မက်, သူ့ဥစ္စာ, သူနှစ်သက်သောပစ္စည်းကို ငါ့ဟာဖြစ်မူ ကောင်းလေစွဟု စိတ်မကူး, သူ့ကိုပြစ်မှားစိတ် မထား, ဤသတ္တဝါတို့ ရန်ကင်းစေ, ကြောင့်ကြကင်းစေ, ဘေးဥပဒ်ကင်းစေကုန်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေကုန်ဟု ပြစ်မှားကင်း မေတ္တာစိတ်ကိုထား၏၊ အယူမှန်၏, အလှူအကျိုးရှိ၏, ပူဇော်ကြီး အကျိုးရှိ၏,ပူဇော်ငယ်အကျိုးရှိ၏, ကောင်းစွာပြုအပ်, မကောင်းပြုအပ်သော ကံတို့၏ တူမျှ ထူးခြားသော ကောင်းကျိုး ဆိုးပြစ်ရှိ၏, ဤလောကရှိ၏, လောကတပါးရှိ၏,ကိုယ်ထင်ရှားဖြစ်သော သတ္တဝါတို့ ရှိကုန်၏၊ အညီအညွတ် ကောင်းစွာ ကျင့်ကြ၍, ဤလောကနှင့် လောက တပါးကို ပိုင်းခြားသိနိုင်,ကိုယ်သိဒိဋ္ဌမြင်နိုင်သူ ရဟန်း သူတော်သူမြတ်တို့ရှိကုန်၏၊ဤသို့ မဖေါက်မပြန် မှန်ကန်သော အမြင်ဉာဏ်ရှိ၏၊ သူကြွယ်တို့ , ဤသို့ စိတ်အားဖြင့် သုံးမျိုးသော တရားကျင့်ခြင်း, အညီအညွတ်ကျင့်ခြင်းဖြစ်၏၊ အိုသူကြွယ်တို့, ဤသို့ တရား ကျင့်ခြင်း, အညီအညွတ်ကျင့်ခြင်းကြောင့် ဤလောက၌အချို့သတ္တဝါတို့ သေလွန်ကုန်သော်-ကောင်းသောသုဂတိ ဆိုက်ရောက်ရာ , ကောင်းကျိုး ရပေါင်းရာ ဖြစ်သော နတ်ပြည်သို့ ဆိုက်ရောက်ကြကုန်၏။

အိုသူကြွယ်တို့, တရားကျင့်ဆောင်သူသည် ငါသေလွန်သော်-မင်းမျိုး,သေဋ္ဌေးကြီးမျိုး ဖြစ်ရလို၏ဟု ရည်ဆောင်လိုလားအံ့, သေလွန်သော်-မင်းမျိုး, သေဋ္ဌေးကြီးမျိုး ဖြစ်ရန်အကြောင်း ရှိ၏၊ အဘဲ့ကြောင့်နည်း ?၊ တရားကျင့်သူ , အညီအညွတ် ကျင့်သူ ဖြစ်သောကြောင့်တည်း။ အိုသူကြွယ်တို့, တရားကျင့်သူ, အညီအညွတ် ကျင့်သူသည် ငါ သေလွန်သော် – ပုဏ္ဏား သေဋ္ဌေးကြီးမျိုး , သူကြွယ် သေဋ္ဌေးကြီးမျိုး ဖြစ်လိုသည်ဟု လိုလားရည်ညွှန်ခဲ့အံ့, သေလွန်သော် ထို့အတိုင်း ဖြစ်နိုင်၏၊ အကြောင်းကား တရား

ကျင့်သူ , အညီအညွတ် ကျင့်သူ ဖြစ်သောကြောင့်တည်း၊ အို သူကြွယ်တို့ , တရားကျင့်သူ,အညီအညွတ်ကျင့်သူသည်,ငါသေလွန်သော်-စာတုမဟာရာဇ်နတ်ဖြစ်လိုသည်, တာဝတိံသာနတ်, ယာမာ- တုသိတာ- နိမ္မာနရတိ- ပရနိမ္မိတ ဝသဝတ္တိ နတ် ဖြစ်လိုသည်ဟု လိုလားရည်ဆောင်နဲ့အံ့ , သေလွန်သော်- ဤအတိုင်း ဖြစ်နိုင်၏၊ အကြောင်းကား တရားကျင့်သူ, အညီအညွတ်ကျင့်သူ ဖြစ်သောကြောင့်တည်း၊ အို သူကြွယ်တို့, တရားကျင့်သူ,အညီအညွတ်ကျင့်သူသည်,ငါသေလွန်သော်-မဟာဗြဟ္မာ ဖြစ်လိုသည်, အာဘာဗြဟ္မာ-ပရိတ္တာဘာ- အပ္ပမာဏာဘာ- အာဘဿရာ-ပရိတ္တသုဘာ- အပ္ပမာဏ သုဘာ- သုဘကိဏှာ- ဝေဟပ္ဖလာ- အဝိဟာ- အတပ္ပါ- သုဒဿာ - သုဒဿီ - အကနိဋ္ဌာဗြဟ္မာ- အာကာသာနဉ္စ-ဝိညာဏဉ္စ- အာကိဉ္စည - နေဝသညာ နာသညာယတန ဗြဟ္မာ ဖြစ်လိုသည်ဟု လိုလားရည်ဆောင်နဲ့အံ့, သေလွန်သော်- ထို့အတိုင်း ဖြစ်နိုင်၏၊ အကြောင်းကား သူကြွယ်တို့, တရားကျင့်သူ, အညီအညွတ် ကျင့်သူ ဖြစ်သောကြောင့် တည်း၊ အို သူကြွယ်တို့, တရားကျင့်သူ, အညီအညွတ်ကျင့်သူသည် လောကပွါးစီးရေး ကုန်ခန်းရာအာသဝက္ခယဂ်ဖိုလ်ကို ဒိဋ္ဌမျက်မှောက်ရရောက်နေထိုင်လိုအံ့,ရရောက်နေထိုင်နိုင်၏၊ အကြောင်းကား-တရားကျင့်သူ,အညီအညွတ်ကျင့်သူ ဖြစ်သောကြောင့်တည်း။

ယင်းသို့ ဟောညွှန်တော်မူရာ, သာလာရွာသား ပုဏ္ဏား သူကြွယ်တို့သည် ထိုတရားတော်ကို များစွာ ကြေနပ်ကုန်၍ , အို အရှင်ဂေါတမ , ကောင်းလှလေစွ , အို အရှင်ဂေါတမ, ချမ်းသာအထွေထွေ ရနိုင်ကြောင်း ဟောင်းလှပေစွ၊ ဥပမာအားဖြင့် မှောက်ထားသော အရာဝတ္ထုကို လှန်လှောသကဲ့သို့၎င်း, ဖုံးဖိထားသော အရာဝတ္ထုကို ဖွင့်လှပ်သကဲ့သို့၎င်း ခရီးမှားသူကို ခရီးမှန် ညွှန်ပြသကဲ့သို့၎င်း, အမိုက်မှောင် အတွင်း၌ ဆီမီးရောင် လင်းလိုက်သော်- မျက်စိရှိသူများ မြင်နိုင်, ထင်နိုင်သကဲ့သို့၎င်း, ဤအတူပင် အရှင်ဂေါတမသည် အကြောင်း အထောက် အမျိုးမျိုးဖြင့် တရားတော်ဟောညွှန်ပါပေသည်၊ အကျွန်ုပ်တို့သည် အရှင်ဂေါတမကို ကိုးစားရာ အဖြစ်ဖြင့် ဆီးကပ် ပါကုန်သည်၊ ၎င်းအတွက် အကျွန်ုပ်တို့ ကိုးကွယ်ရိုး ဗြဟ္မာ ဗိဿနိုး မဟေဿရ စသည်နတ်အမျိုးမျိုး၌ ရိုးကိုးခြင်းကို စွန့်ပယ်ပါကုန်၏၊ ထို့ပြင် အရှင်ဂေါတမ ညွှန်ပြချက် မဂ်ဖိုလ်နိဗ္ဗာန်တရားကိုသာ ကိုးစားပါကုန်၏၊ ၎င်းနှင့် သင့်တော်စွာသာ ကျင့်ဆောင်ပါကုန်၏၊ ၎င်းအတွက် ဝေဒကျမ်း,ပုရာဏ်ကျမ်း, အာကာသသျှတ်, ဇောတိသတ်, ဗြိဟဇ္ဇပတိ စသော ကျမ်းလာ တရား အားလုံးကို မကိုးစား မကျင့်ဆောင်ကြပါကုန်၊ အရှင်ဂေါတမ ညွှန်ပြချက် နည်းနာအတိုင်း ညွှန်ပြ နည်းပေးကြသော သံဃာတော် များကိုသာ ကိုးစားပါကုန်၏၊ ဝေဒကျမ်း နည်းနာအရ, ယဇ်နတ်ပူဇော်ရေးစသည်ကို ညွှန်ပြသော ပုဏ္ဏား - ပဏ္ဍိတ်-ပဏ္ဍာ, နတ်ထိန်း, နတ်ဝင်, ဗေဒင်ဆရာ, မှော်ဆရာ စသည်တို့ကို မကိုးစားပါကုန်၊ ဤ ယနေ့စမှ၍ အသက်ထက်ဆုံး ခုတနာသုံးပါးကို ကိုးစား ဆီးကပ်သူ ဥပါသကာဟု သိမှတ်တော်မူပါဟု လျှောက်ထားကုန်ပြီ၊ ဤသို့ ကြားနာ မှတ်သားရပါသည်၊

သာလေယျက သုတ္တန် ပြီး၏။

# ၄၄ ။ မဟာဝေဒလ္လသုတ္တန်

ဤသို့ သေနာပတိ ဂုဏ်ထူးဖြင့် ဘုရားရှင် ချီးကျူး ခံတော်မူရသော အရှင်သာရိပုတ္တ မထေရ်မြတ် အထံမှ ဤသို့ အကျွန်ုပ် ကြားနာ မှတ်သားရပါသည်။- ဘုရားရှင် သာဝတ္ထိမြို့တော် အနာထပိဏ် သူဌေးကြီး ဆောက်လုပ် လှူဒါန်းသော ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူစဉ် အခါ, အရှင် မဟာ ကောဋ္ဌိက မထေရ်သည် တပါးတည်း နေ၍သန့်စင်ရာမှ ညနေချမ်းအခါ အရှင်သာရိပုတ္တ မထေရ်ထံသို့ ကြွရောက်လာ၍ ဝမ်းမြောက်စွာ နှုတ်ခွန်း ဆက်သပြီးနောက် အရှင်မဟာကောဋ္ဌိက မထေရ်က ဤသို့မေး၍, အရှင်သာရိပုတ္တ မထေရ်က ဤသို့ ဖြေကြားလေပြီ၊ ဒိုငါ့ရှင် သာရိပုတ္တ, ပညာမဲ့, ပညာမဲ့ ဟု ဆိုအပ်၏၊ အဘယ်မျှ အတိုင်းအရှည် အားဖြင့် ပညာမဲ့ ဟု ဆိုရပါသနည်း ?၊ ဒိုငါ့ရှင် ကောဋ္ဌိက, မသိတတ်သောကြောင့် ပညာမဲ့ ဟု ဆိုရ၏၊ အဘယ်ကို မသိတတ် သနည်း ?၊ ဤသည်ကား ဆင်းရဲတည်း ဟု မသိတတ်, ဤသည်ကား ဆင်းရဲ ရကြောင်း ဟု မသိတတ်, ဤသည်ကား ဆင်းရဲ ချုပ်ငြိမ်းရာ ဟု မသိတတ်, ဤသည်ကား ဆင်းရဲ ချုပ်ငြိမ်းရေး ကျင့်ဝတ် ဟု မသိတတ်၊ ငါ့ရှင်, ဤသို့ မသိတတ်သောကြောင့် ပညာမဲ့ဟု ဆိုရ၏၊

ကောင်းပြီ ငါ့ရှင်, ပညာရှိ, ပညာရှိ ဟု ဆို၏, အဘယ်မျှ အတိုင်းအရှည် ဖြင့် ပညာရှိ ဟု ဆိုရပါသနည်း ?၊ ဒိုငါ့ရှင်, ခွဲခြမ်းသိတတ်သောကြောင့် ပညာရှိ ဟု ဆိုရ၏၊ အဘယ်ကို ခွဲခြမ်း သိတတ်သနည်း ?၊ ဤသည်ကား ဆင်းရဲတည်း ဟု ခွဲခြမ်းသိ၏၊ ဤသည်ကား ဆင်းရဲ ရကြောင်းတည်းဟု ခွဲခြမ်းသိ၏၊ ဤသည်ကား ဆင်းရဲချုပ်ငြိမ်းရာ ဟု ခွဲခြမ်းသိ၏၊ ဤသည်ကား ဆင်းရဲ ချုပ်ငြိမ်းရေး ကျင့်ဝတ်တည်း ဟု ခွဲခြမ်းသိ၏၊ ငါ့ရှင်, ဤသို့ ခွဲခြမ်း သိတတ်သောကြောင့် ပညာရှိဟု ဆိုရ၏၊ ကောင်းပြီ ငါ့ရှင်, ဝိညာဉ်, ဝိညာဉ် ဟု ဆို၏၊ အဘယ်မျှ အတိုင်းအရှည်အားဖြင့် ဝိညာဉ်ဟု ဆိုရသနည်း ?၊ ငါ့ရှင်, အထူးသိတတ်၍ ဝိညာဉ်ဟု ဆိုရ၏၊ အဘယ်သို့ အထူးသိသနည်း?၊ ချမ်းသာဟုလည်း အထူးသိ၏, ဆင်းရဲဟုလည်း အထူးသိ၏, မချမ်းသာ မဆင်းရဲ ဟု လည်း အထူးသိ၏၊ ငါ့ရှင်, ဤသို့ အထူးသိတတ်သောကြောင့် ဝိညာဉ် ဟု ဆိုရ၏၊ ကောင်းပြီ ငါ့ရှင်, ပညာနှင့် ဝိညာဉ်နှစ်မျိုးတို့ ယှဉ်နှောကြသလော ?၊ မယှဉ်နှောကြပါလော ?၊ ဤတရားနှစ်မျိုး၏ အထူးကို ခွဲခြားပညတ်နိုင်မည်လော ?၊ဒိုငါ့ရှင်,ပညာနှင့်ဝိညာဉ်နှစ်မျိုးတို့ကား ယှဉ်နှောကုန်၏, သီးခြားမဟုတ်ကုန်, ထို့ကြောင့် ၎င်းတို့အထူးကို ခွဲခြားမပညတ်နိုင်ချေ။

အကြောင်းကား ခွဲခြမ်းသိသည်ကိုပင် အထူးသိ၏၊ အထူးသိသည်ကိုပင် ခွဲခြမ်းသိ၏၊ ထို့ကြောင့် ထိုနှစ်မျိုးတို့သည် ယောနှောကုန်၏၊ သီးခြား မဟုတ်ကုန်၊ ထို့ပြင် ၎င်းတို့ အထူးကိုလည်း ခွဲခြား၍ မပညတ်နိုင်ချေ၊ ထိုသို့ဖြစ်ခဲ့လျှင်, ငါ့ရှင်, ပညာနှင့် ဝိညာဉ်တို့သည် မည်သို့ ခြားနားကြကုန်သနည်း ?၊ ဒါယ ငါ့ရှင်, ပညာနှင့် ဝိညာဉ်တို့တွင် ပညာကား ပွါးများအပ်သော တရားတည်း၊ ဝိညာဉ်ကား ပိုင်းခြားအပ်သော တရားတည်း၊ ဤကား ၎င်းတို့အထူးတည်း၊ ကောင်းပြီ ငါ့ရှင်, ဝေဒနာ ဝေဒနာဟုဆို၏, အဘယ်မျှသော အတိုင်းအရှည်အားဖြင့် ဝေဒနာ မည်သနည်း ?၊ ငါ့ရှင်, ခံစားတတ်သောကြောင့် ဝေဒနာ ဟု ခေါ်ရ၏၊ အဘယ်ကို ခံစား သနည်း ?၊ ချမ်းသာကိုခံစား၏, ဆင်းရဲကို ခံစား၏, မချမ်းသာ မဆင်းရဲကို ခံစား၏၊ ယင်းသို့ ခံစားတတ်သောကြောင့် ဝေဒနာဟု ဆိုရ၏၊ ကောင်းပြီ ငါ့ရှင်, သညာ သညာဟု ဆို၏, အဘယ်မျှ အတိုင်းအရှည်အားဖြင့် သညာ ဟု ဆိုရ သနည်း ?၊ ငါ့ရှင်, သိမှတ်တတ်သောကြောင့် သညာ ဟု ဆိုရ၏၊ အဘယ်ကို သိမှတ်တတ်သနည်း ?၊ အညိုကိုလည်း သိမှတ်၏, အဝါကိုလည်း သိမှတ်၏, အနီကိုလည်း သိမှတ်၏, အဖြူကိုလည်း သိမှတ်၏, ဤသို့ သိမှတ်တတ်သောကြောင့် သညာဟု ခေါ်ရ၏။

ကောင်းပြီ ငါ့ရှင်, ဝေဒနာ, သညာ, ဝိညာဉ်–ဤတရားသုံးမျိုးတို့သည် ယောနှောကြ ကုန်သလော ?၊ သို့မဟုတ် မယောနှောကြ ကုန်သလော ?၊ ၎င်းတို့ အထူးကို ခွဲခြား ပညတ်နိုင်ပါအံ့လော ?၊ ဒါယ ငါ့ရှင်, ဝေဒနာ,သညာ,ဝိညာဉ် တို့ကား ယောနှောကုန်၏, သီးခြား မဟုတ်ကုန်၊ ထို့ကြောင့် ၎င်းတို့ အထူးကို ခွဲခြား မပညတ်နိုင်ချေ၊ အကြောင်းကား ခံစားသည်ကိုပင် သိမှတ်၏, သိမှတ်သည်ကိုပင် ကိုအထူးသိ၏၊ ထိုသို့ ယောနှောကုန်ရကား ၎င်းတို့အထူးကို ခွဲခြား မပညတ်နိုင်ချေ၊ ကောင်းပြီ ငါ့ရှင်, ဣန္ဒြေ ငါးမျိုးတို့ကို လွတ်၍ သက်သက်ဖြစ်သော ဝိညာဉ်ဖြင့် အဘယ်ကို သိနိုင်သနည်း ?၊ ဒါယ ငါ့ရှင်, ဣန္ဒြေ ငါးမျိုးတို့ကို လွတ်၍ ဝိညာဉ် သက်သက်ဖြင့် ကောင်းကင်သည် အဆုံး အပိုင်းအခြားမရှိဟူသော အာကာသာနဉ္စာယတန? — အဆုံးမဲ့ကောင်းကင်အာရုံကိုသိ၏၊ ဝိညာဉ်သည် အဆုံး အပိုင်းအခြားမရှိ ဟူသော ဝိညာဉ်အာရုံကို သိနိုင်၏၊ တစုံတရာ မရှိ ဟူသော မရှိအာရုံကို သိနိုင်၏၊ ကောင်းပြီ ငါ့ရှင်, သိအပ်သည်ကိုကား အဘယ်တရားဖြင့် သိနိုင်သနည်း ?၊ ဒါယ ငါ့ရှင်, သိအပ်သည်ကို ပညာမျက်စိဖြင့် ခွဲခြားသိနိုင်၏၊ ဒါယ ငါ့ရှင်, ပညာကား အဘယ် အကျိုး ရှိသနည်း ?၊ ဒါယ ငါ့ရှင်, ပညာကား ခွဲခြားသိခြင်း, ပိုင်းခြားသိခြင်း, ပယ်စွန့်ခြင်းအကျိုးရှိ၏၊

ကောင်းပြီ ငါ့ရှင်, အယူမှန်, အမြင်မှန် သမ္မာဒိဋ္ဌိ ဖြစ်ရန် အကြောင်း မည်မျှရှိပါသနည်း ?၊ အကြောင်း နှစ်မျိုးရှိ၏ ငါ့ရှင်၊ သူတပါးထံမှ တဆင့်ကြားရခြင်း, အသင့်အတင့် နှလုံးသွင်းခြင်း–ဤကား အယူမှန်, အမြင်မှန် သမ္မာဒိဋ္ဌိ ဖြစ်ရန် အကြောင်းနှစ်မျိုး တည်း၊ ကောင်းပြီ ငါ့ရှင်, အဘယ်မျှသော အကြောင်း

အထောက်အပံ့ များဖြင့် ထောက်ပံ့ ခြီးပင့်အပ်သော အယူမှန် , အမြင်မှန် သမ္မာဒိဋ္ဌိသည် စိတ်၏လွတ်လပ်ခြင်း, ပညာ၏ လွတ်လပ်ရခြင်း အကျိုး ရှိပါသနည်း?၊ ဒါယိ ငါ့ရှင်, အကြောင်း ငါးမျိုး တို့ဖြင့် ထောက်ပံ့ ခြီးပင့်အပ်သော သမ္မာဒိဋ္ဌိ- မှန်ကန်သောအယူ အမြင်ဉာဏ်သည် စိတ်၏ လွတ်လပ်ခြင်း , ပညာ၏ လွတ်လပ်ခြင်း အကျိုး ရှိ၏၊ ဒါယိ ငါ့ရှင်, သမ္မာဒိဋ္ဌိကို သီလဖြင့် ခြီးပင့်အပ်၏, အကြားအမြင် ဖြင့်လည်း ခြီးပင့်အပ်၏, ဆွေးနွေးခြင်းဖြင့်လည်း ခြီးပင့်အပ်၏ , ကိလေသာ ငြိမ်းအေးရေး သမာဓိဖြင့်လည်း ခြီးပင့်အပ်၏, အထူးထူး ရှုမြင်ဆင်ခြင်ရေး ဝိပဿနာဖြင့်လည်း ခြီးပင့်အပ်၏၊ ဤသည့်အကြောင်းငါးမျိုးတို့ဖြင့် ထောက်ပံ့ ခြီးပင့်အပ်သောသမ္မာဒိဋ္ဌိ-အယူမှန် အမြင်မှန် ဉာဏ်ပညာသည် စိတ်၏ လွတ်လပ်ခြင်း,ပညာ၏လွတ်လပ်ခြင်းအကျိုးရှိ၏၊

ကောင်းပြီ ငါ့ရှင်, ဘဝ—လူ နတ် အဖြစ် ဘယ် နှစ် မျိုး ရှိပါသနည်း ?၊ ဒါယိ ငါ့ရှင် , ကာမဘဝ ကာမဘုံ၌ ဖြစ်ခြင်း , ရူပဘဝ ရူပဘုံ၌ ဖြစ်ခြင်း , အရူပဘဝ အရူပဘုံ၌ ဖြစ်ခြင်း, ဟု သုံးမျိုးရှိ၏၊ ကောင်းပြီ ငါ့ရှင် , မည်သို့အားဖြင့် ဘုံဘဝ တပါး၌ နောက်တဖန် ဖြစ်ပွါးရပါသနည်း ?၊ ဒါယိ ငါ့ရှင် , အဝိဇ္ဇာ- မသိတွေဝေခြင်း အပိတ် အဖုံး တရားဖြင့် ပိတ်ဖုံး ကာကွယ် အပ်ကုန်၍ , တဏှာ- တသ်မက်တွယ်တာခြင်း နှောင်ကြိုးဖြင့် နှောင်အပ်ကုန်သော သတ္တဝါတို့၏ ထိုထိုဘုံ, ထိုထိုအာရုံ၌ ခင်မင် တပ်စွန်းခြင်းကြောင့် တဖန် ဘဝတပါး၌ ဖြစ်ပွါးရ၏၊ ကောင်းပြီ ငါ့ရှင် , မည်သို့အားဖြင့် ဘဝတပါး၌ တဖန် မဖြစ်ရသနည်း ?၊ ဒါယိ ငါ့ရှင် , အဝိဇ္ဇာ - မသိတွေဝေခြင်း အပိတ်အဖုံး တရား ကင်းစင် ပြတ်စဲ၍ အသိဉာဏ်အမြင် ဖြစ်ပေါ်ကာ၊ တဏှာ- ထိုထိုဘုံ , ထိုထိုအာရုံ၌တသ်မက်ခြင်း၏ လက်စသတ် ချုပ်ငြိမ်းသော်-ဘဝတပါး၌နောင်တဖန် မဖြစ်ရတော့ချေ။

ကောင်းပြီ ငါ့ရှင် , ပထမဈာန် အဘယ်နည်း ?၊ ဒါယိ ငါ့ရှင် , အလိုကာမနှင့် အကုသိုလ် တို့ကို ပယ်စွန့်၍ ကြံစည်ခြင်း , စဉ်းစားခြင်း , ဆိတ်သုဉ်းခြင်း, နှစ်သက်ခြင်း , ချမ်းသာခြင်း အင်္ဂါငါးမျိုးရှိ တရားအစုသည် ပထမဈာန် မည်၏၊ ကောင်းပြီ ငါ့ရှင် , ပထမဈာန်မှာ အင်္ဂါအဘယ်မျှ ရှိပါသနည်း ?၊ ငါးမျိုးရှိ၏၊ ငါ့ရှင်၊ သည်မှာ ငါ့ရှင် , ပဌမဈာန် ဝင်စားသော ရဟန်းမှာ ကြံစည်ခြင်းလည်းဖြစ်၏ , စဉ်းစားခြင်း , နှစ်သက်ခြင်း , ချမ်းသာခြင်း , စိတ်တည်တန့်ခြင်းလည်း ဖြစ်၏၊ ဤသို့ ပထမဈာန် အင်္ဂါငါးမျိုးရှိ၏၊ ကောင်းပြီ ငါ့ရှင် , ပထမဈာန်မှာ ပယ်အပ်သော အင်္ဂါ မည်မျှ , ပြည့်စုံအပ်သော အင်္ဂါ မည်မျှရှိပါသနည်း ?၊ဒါယိ ငါ့ရှင် , ပထမဈာန်မှာ အင်္ဂါငါးမျိုး ပယ်အပ်၍ အင်္ဂါငါးမျိုး ပြည့်စုံအပ်၏၊ သည်မှာ ငါ့ရှင်, ပထမဈာန်ဝင်စားသော ရဟန်းသည် အလိုကာမကို ပယ်စွန့်အပ်၏ , ဖျက်ဆီးလိုခြင်း ဖြစ်များခြင်းကို ပယ်စွန့်အပ်၏,ပျင်းရိငိုက်မြည်းခြင်းကို ပယ်စွန့်အပ်၏, ပျံ့လွင့်ခြင်း အလိုထို

ရှိခြင်းကို ပယ်စွန့်အပ်၏, ယုံမှားခြင်းကို ပယ်စွန့်အပ်၏, ဤအင်္ဂါငါးမျိုးကို ပယ်အပ်၍,, ကြံစည်ခြင်း , စဉ်းစားခြင်း , နှစ်သက်ခြင်း , ချမ်းသာခြင်း , တည်တန့်ခြင်း ,ဤအင်္ဂါငါးမျိုးကို ပြည့်စုံစေအပ်၏။

ကောင်းပြီ ငါ့ရှင်, စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ- ဤ ဣန္ဒြေ ငါးမျိုးတို့သည် အာရုံ အထူးထူးရှိကုန်၏၊ ကြက်စားရာ အထူးထူး ရှိကုန်၏၊ ၎င်းတို့သည် အချင်းချင်း တမျိုး၏ စားကြက်အာရုံကို တမျိုးက လွှန်၍ မဖြစ်ကုန်၊ ယင်းသို့ အာရုံ စားကြက် အသီး သီးဖြစ်ကြသော ၎င်းဣန္ဒြေတို့၏ ကိုးစားရာ အဘယ်နည်း?၊ အဘယ် အရာသည် ၎င်းတို့၏ အာရုံစားကြက်ကို ခံစားသနည်း?၊ ဒို့ ငါ့ရှင်, မျက်စိ-နား-နှာခေါင်း-လျှာ-ကိုယ်- ဤထိန်းသိမ်းရေး ဣန္ဒြေငါးမျိုးတို့မှာ စားကြက်အာရုံ အသီးသီး၌ ဖြစ်ကြကုန်၍,,တမျိုး၏ အာရုံကို တမျိုးက လွှန်၍ မဖြစ်ကုန်ပဲ, ၎င်းတို့၏ ကိုးစားရာကား စိတ်ဖြစ်၍ ၎င်းတို့ အာရုံစားကြက်ကို စိတ်က ခံစား၏။

ကောင်းပြီ ငါ့ရှင်, ဤ ဣန္ဒြေ ငါးမျိုး တို့သည် အဘယ်ကို စွဲမှီ၍ တည်နေကုန်သနည်း?၊ ဒို့ ငါ့ရှင်, မျက်စိ-နား-နှာခေါင်း-လျှာ-ကိုယ်-ဤ ဣန္ဒြေငါးမျိုးတို့သည် * အာယု- ထွက်သက် ဝင်သက် ဓါတ်ကို စွဲမှီ၍ တည်နေကုန်၏၊ ကောင်းပြီ ငါ့ရှင်, ထွက်သက် ဝင်သက်ကား အဘယ်ကို စွဲမှီ၍ တည်နေပါသနည်း?၊ ဒို့ ငါ့ရှင်, အာယု- ထွက်သက် ဝင်သက်ဓါတ်သည် ဥသ္မာ- အပူဓါတ် ဝမ်းမီး ပါစက တေဇောကို စွဲမှီ၍ တည်နေ၏၊ ကောင်းပြီ ငါ့ရှင်, ဥသ္မာ-အပူဓါတ်သည် အဘယ်ကို စွဲမှီ၍ တည်နေပါသနည်း? ငါ့ရှင်, ဥသ္မာ-အပူဓါတ်ကား အာယု- ထွက်သက် ဝင်သက် ဓါတ်ကို စွဲမှီ၍ တည်နေ၏။

ဒို့ ငါ့ရှင် , ယခုပင် ထွက်သက် ဝင်သက်သည် အပူဓါတ်ကို စွဲမှီ၍ တည်နေသည်ဟု ငါ့ရှင်သာရိပုတ် ပြောသည်ကို သိမှတ်ရ၏၊ ယခုပင်လျှင် အပူဓါတ်သည် ထွက်သက် ဝင်သက်ဓါတ်ကို စွဲမှီ၍ တည်နေသည်ဟု အရှင်သာရိပုတ်ပင် ပြောသည် ကို သိမှတ်ရ၏၊ ဒို့ ငါ့ရှင် သာရိပုတ်, ဤစကား၏ အနက်အဓိပ္ပါယ်ကို မည်သို့သိမှတ် ရမည်နည်း?၊ ငါ့ရှင် , သို့ဖြစ်တပြီးကား ဥပမာပြဆိုပါမည်၊ အချို့ ပညာရှိတို့သည် ဥပမာဖြင့် စကား၏ အနက်အဓိပ္ပါယ်ကို သိနားလည်ကြကုန်၏၊ ဒို့ ငါ့ရှင် , ဥပမာ အားဖြင့် တောက်ပ ထိန်လက်လျက်ရှိနေသော ဆီမီးတိုင်မှာ မီးတောက်ကို စွဲ၍ အရောင် ဖြစ်ပေါ်၏ , အလင်း ဖြစ်ပေါ်၏, အရောင် အလင်းကို စွဲ၍ မီးတောက် ထင်ရှား၏, ဤ အတူပင် ငါ့ရှင် , အပူကိုစွဲ၍ ထွက်သက် ဝင်သက်ဓါတ် ဖြစ်၏၊ ထွက်သက် ဝင်သက် ဓါတ်ကို စွဲ၍ အပူဓါတ်ဖြစ်၏၊ ကောင်းပြီ ငါ့ရှင် , အသက်၏

---

* အာယုဓါတ်သည် ဥသ္မာကို စွဲမှီ၍ တည်နေသည်၊ ဥသ္မာကို စွဲမှီ၍ ပင် အာယုဓါတ် တည်နေသည် ဟူသော စကားဖြင့် ထွက်သက် ဝင်သက် ဓါတ်ပင် အာယုမည်ကြောင်း, ဝမ်းမီးသည်ပင် ဥသ္မာမည်ကြောင်း သိအပ်၏၊ ၎င်းနှစ်မျိုးကား ဝိညာဉ်လောင်းတည်း။

ပြုပြင်ခြင်း သင်္ခါရတို့ပင် ခံစားအပ်သော တရားတို့လော?၊ သို့မဟုတ် အသက်၏ ပြုပြင်ရေးတို့ကား တခြား, ခံစားအပ်သော တရားတို့ကား တခြားလော?၊ ဒိုင် ငါ့ရှင်, အသက်၏ ပြုပြင်ရေးတို့ကား ခံစားအပ်သော တရားမဟုတ်ကုန်၊ ဒို ငါ့ရှင်, အကယ်၍ အသက်၏ ပြုပြင်ရေး တရားတို့ပင် ခံစားအပ်သော တရားတို့ ဖြစ်ကုန်တပြီးကား သညာ-ဝေဒနာ ချုပ်ငြိမ်းခြင်း ဝင်စားသော ရဟန်းမှာ ၎င်းမှ ထခြင်း မထင်ရှားတော့ပေရာ၊ ဤသို့အားဖြင့် အသက်၏ ပြုပြင်ရေး တရားတို့ကား တခြား, ခံစားအပ်သော တရားတို့ကား တခြား ဖြစ်သောကြောင့် သညာ-ဝေဒနာ ချုပ်ငြိမ်းခြင်း ဝင်စားသော ရဟန်းမှာ ၎င်းမှတဖန် ထပြန်ခြင်းဖြစ်နိုင်လေသည်။

ကောင်းပြီ ငါ့ရှင်, အဘယ်မျှသောတရားတို့ကို စွန့်ခွါကြသောအခါ ဤကိုယ် (ရုပ်အစု) ကောင်သည် စိတ် စေတနာ ကင်းသော ထင်းတုံးကဲ့သို့ ပစ်စွန့် အပ်လျက် လည်းလျောင်းနေပါသနည်း?၊ ဒို ငါ့ရှင်, ဤကိုယ်ကောင်ကို ထွက်သက် ဝင်သက်, အပူဓါတ်, ဝိညာဉ်-ဤတရားသုံးမျိုး စွန့်ခွါကြသော်-ဤကိုယ်ကောင်သည် စိတ် စေတနာ ကင်းသော ထင်းတုံးကဲ့သို့ ပစ်စွန့်အပ်၍ လည်းလျောင်းတည်နေ၏၊ ကောင်းပြီ ငါ့ရှင်, အခါကုန်ဆုံး သေလွန်သော အလောင်းကောင်နှင့် သညာ - ဝေဒနာ ချုပ်ငြိမ်း ခြင်းကို ဝင်စားသော ရဟန်းတို့ မည်သို့ ခြားနားကုန်သနည်း?၊ ဒို ငါ့ရှင်, သူသေကောင်မှာ ကိုယ်ပြုပြင်ရေး (ထွက်သက် ဝင်သက်) တို့ ချုပ်ကုန်၏, ငြိမ်းကုန်၏၊ နှုတ် ပြုပြင်ရေး (ကြံစည် စဉ်းစားခြင်း) တို့ ချုပ်ကုန်၏, ငြိမ်းကုန်၏၊ စိတ်ပြုပြင်ရေး (ဝေဒနာ- သညာ) တို့ ချုပ်ကုန်၏, ငြိမ်းကုန်၏၊ † အသက် ကုန်ဆုံး၏၊ အပူဓါတ် ငြိမ်းအေး၏၊ မျက်စိ စသော ဣန္ဒြေတို့ ပျက်စီးကုန်၏၊ ထို့ပြင် သညာ - ဝေဒနာ ချုပ်ငြိမ်းခြင်း ဝင်စားသော ရဟန်းမှာလည်း ကိုယ် ပြုပြင်ရေး တို့လည်း ချုပ်ကုန် , ငြိမ်းကုန်၏၊ နှုတ် ပြုပြင်ရေး တို့လည်း ချုပ်ကုန် , ငြိမ်းကုန်၏၊ စိတ် ပြုပြင်ရေး တို့လည်း ချုပ်ကုန် , ငြိမ်းကုန်၏၊ † အသက်ကား မကုန်ချေ၊ အပူဓါတ်လည်း မငြိမ်းစဲချေ၊ ဣန္ဒြေ တို့လည်း ကြည်လင်ကုန်၏၊ ဤကား- သေသူနှင့် နိရောဓ သမာပတ် ဝင်စားသော ရဟန်းတို့ ထူး ခြားချက်တည်း။

ဒို ငါ့ရှင်, မချမ်းသာ မဆင်းရဲ (လျစ်လျူ) အာရုံရှိ စိတ်၏ လွတ်လပ်ရေးသို့ ဆိုက်ရောက်ဝင်စားခြင်း၏ အကြောင်းတို့ကား မည်မျှ ဖြစ်ကုန်သနည်း?၊ ဒို ငါ့ရှင်, ချမ်းသာ ဆင်းရဲပယ်၍ ရှေးကပင် ဝမ်းမြောက်ခြင်း, နှစ်လုံး မသာယာခြင်းတို့ ချုပ်ငြိမ်းလျက်, မဆင်းရဲ မချမ်းသာပဲ လျစ်လျူရှုရေး သတိစင်ကြယ်စွာသော စတုတ္ထဈာန် တရားကို ဝင်စားနေထိုင်၏၊ ဤသည့် ဈာန်အရ, ချမ်းသာ ဆင်းရဲပယ်ခြင်း, ဝမ်းမြောက် ဝမ်းနည်း ချုပ်ငြိမ်းခြင်း, မချမ်းသာ မဆင်းရဲခြင်း, လျစ်လျူရှုရေး သတိစင်ကြယ်ခြင်း-

---

† "အသက်" ဟူသည် ထွက်သက် ဝင်သက် ပင်တည်း၊ ဇီဝိတိန္ဒြေ ဟူသော် ဆို၊
ဓမ္မမိနိကာယ်— ၅၈

ဤလေးမျိုးတို့သည် မချမ်းသာ မဆင်းရဲ အာရုံရှိ စိတ်၏လွတ်လပ်ရေးသို့ ဆိုက်ရောက် ဝင်စားခြင်း၏ အကြောင်းတို့တည်း၊ ကောင်းပြီ ငါ့ရှင် , အာရုံ နိမိတ် ကင်းစိတ် လွတ်လပ်ရေးကို ဝင်စားခြင်း၏ အကြောင်းတို့ကား အဘယ်မျှ ဖြစ်ကုန် သနည်း ?၊ အို ငါ့ရှင် , ကုန်အောင်စုံသော အာရုံတို့ကို နှစ်လုံးမသွင်းခြင်း, အာရုံ ကင်းဓာတ်ကို နှစ်လုံးသွင်းခြင်း - ဤနှစ်မျိုး တို့ကား အာရုံ ကင်းစိတ် လွတ်လပ်ရေးကို ဝင်စားခြင်း၏ အကြောင်းတို့တည်း၊ ကောင်းပြီ ငါ့ရှင်, အာရုံကင်းစိတ် လွတ်လပ်ရေး၏ တည်နေရန်အကြောင်း မည်မျှဖြစ်ကုန်သနည်း ?၊ ငါ့ရှင် , ကုန်အောင်စုံသော အာရုံတို့ကို နှစ်လုံးမသွင်းခြင်း , အာရုံကင်းဓာတ်ကို နှစ်လုံးသွင်းခြင်း , ရှေးမဆွက ပြုပြင်စီမံခြင်း — သုံးမျိုးတို့ကား ရင်းတည်နေကြောင်းတို့တည်း။

ကောင်းပြီ ငါ့ရှင် , အာရုံကင်းစိတ် လွတ်လပ်ရေးမှ ထခြင်း အကြောင်းတို့ကား မည်မျှဖြစ်ကုန်သနည်း ?၊ အို ငါ့ရှင်, ကုန်အောင်စုံသော အာရုံတို့ကို နှစ်လုံးသွင်းခြင်း, အာရုံကင်းဓာတ်ကို နှစ်လုံးမသွင်းခြင်း- ဤနှစ်မျိုးတို့သည် အာရုံကင်းစိတ် လွတ်လပ်ရေးမှ ထကြောင်းတို့တည်း၊ အို ငါ့ရှင် , အတိုင်းအရှည်မဲ့ စိတ်၏ လွတ်လပ်ရေး , စိုးစဉ်း အာရုံမဲ့ စိတ်၏ လွတ်လပ်ရေး , ဆိတ်သုဉ်းသော စိတ်၏ လွတ်လပ်ရေး , အာရုံကင်းသော စိတ်၏ လွတ်လပ်ရေး- ဤတရားတို့သည် အနက်ထူး - သဒ္ဒါထူး ဖြစ်ကုန်သလော ?၊ သို့မဟုတ် အနက် တူ၍ သဒ္ဒါသာ ထူးခြား ပါကုန်သလော ?၊ အို ငါ့ရှင် , ဤတရားလေးမျိုးတို့ကား အကြောင်းအလိုက် အနက်ထူး - သဒ္ဒါထူးလည်း ဖြစ်ကုန်၏၊ အကြောင်းအလိုက် အနက်တူ၍ သဒ္ဒါသာ အထူးလည်း ဖြစ်ကုန်၏ အို ငါ့ရှင်, ဤလောက၌ ရဟန်းသည် အရပ်ဆယ်မျက်နှာလုံး၌ ပြန့်ပြောခြင်း , မြင့်မြတ်ခြင်း, အတိုင်းအရှည်မဲ့ခြင်း,ရန်ကင်းလွတ်ခြင်း,ပြစ်မှားကင်းလွတ်ခြင်း အင်္ဂါရှိ မေတ္တာစိတ်ဖြင့် ပြန့်နှံ့နေထိုင်၏၊ထို့အတူ ကရုဏာ-မုဒိတာ-ဥပေက္ခာ စိတ်ဖြင့် ပြန့်နှံ့နေထိုင်၏၊ ဤကား အတိုင်းအရှည်မဲ့ စိတ်၏ လွတ်လပ်ရေးတည်း။

အို ငါ့ရှင် , ဤလောက၌ ရဟန်းသည် ကုန်အောင်စုံအားဖြင့် အဆုံးမဲ့ ဝိညာဉ် အာရုံကို လွန်မြောက်၍ စိုးစဉ်း အာရုံမဲ့ စိတ်ကို ဝင်စားနေထိုင်၏၊ ဤကား စိုးစဉ်း အာရုံမဲ့ စိတ်၏ လွတ်လပ်ရေးတည်း၊ အို ငါ့ရှင်, ဤလောက၌ ရဟန်းသည် ဆိတ်ငြိမ်ရာ၌နေထိုင်၍ ဤလောက (ကိုယ်နှင့်လူ) သည် ငါမှင်း, ငါ့ဟာမှင်း, ဆိတ်သုဉ်း၏ဟု ရှုဆင်ခြင်၏၊ ဤကားဆိတ်သုဉ်းသော စိတ်၏ လွတ်လပ်ရေးတည်း၊ အို ငါ့ရှင် , ဤလောက၌ ရဟန်းသည် ကုန်အောင်စုံသော အာရုံတို့ကို နှစ်လုံးမသွင်းပဲ အာရုံကင်းစိတ် တည်တန့်ခြင်းကို ဝင်စားနေထိုင်၏၊ ဤကား အာရုံကင်းသော စိတ်၏ လွတ်လပ်ရေးတည်း၊ အို ငါ့ရှင်, ဤသို့သော အကြောင်းအသီးသီးအားဖြင့် ဤတရားတို့သည် အနက်ထူး - သဒ္ဒါထူးဖြစ်ကုန်၏၊ အို ငါ့ရှင်, အနက်တူ၍ သဒ္ဒါသာ အထူး ဖြစ်ခြင်းကား ဤသို့တည်း၊ တပ်စွန်းခြင်းသည် အတိုင်းအရှည်ကို ပြုလုပ်၏ , ပြစ်မှားခြင်းသည်

အတိုင်း အရှည်ကို ပြုလုပ်၏ , တွေဝေ မိန်းမောခြင်းသည် အတိုင်း အရှည်ကို ပြုလုပ်၏၊ ထိုသည့် တပ်စွန်းခြင်း, ပြစ်မှားခြင်း,တွေဝေ မိန်းမောခြင်းတို့ကို ရဟန္တာမှာ ပယ်အပ်ကုန်၏၊ အရင်းဖြတ်အပ်ကုန်၏၊ ထန်းပင်ရာကဲ့သို့ ပြုအပ်ကုန်၏, မဖြစ်အောင် ပြုလုပ်အပ်ကုန်၏, နောင်မဖြစ်ခြင်း သဘောရှိကုန်၏။

ဒါယကာ ငါ့ရှင်, အတိုင်းအရှည်ကင်းသော စိတ်၏ လွတ်လပ်ရေး မှန်သမျှတွင် မပျက်မစီးသော စိတ်၏ လွတ်လပ်ရေးကိုသာ အမြတ်ထွတ်ဆုံး ဆိုရ၏၊ ထိုသည့် မပျက်မစီးသော စိတ်၏ လွတ်လပ်ရေးကား တပ်စွန်းခြင်းမှ ဆိတ်သည်း၏ , ပြစ်မှားခြင်းမှ ဆိတ်သည်း၏,တွေဝေ မိန်းမော ခြင်းမှ ဆိတ်သည်း၏၊ ဒါယကာ ငါ့ရှင်, တပ်စွန်း ခြင်းသည် ကြောင့်ကြ (ဆင်းရဲ) တည်း၊ ပြစ်မှားခြင်းသည် ကြောင့်ကြတည်း၊ တွေဝေ မိန်းမောခြင်းသည် ကြောင့်ကြတည်း၊ ၎င်းတို့ကို ရဟန္တာမှာ ပယ်အပ်ကုန်၏၊ နောင် မဖြစ်ခြင်း သဘော ရှိကုန်၏၊ အားလုံးစုံသော ကြောင့်ကြမဲ့ စိတ်၏ လွတ်လပ်ခြင်းမျိုးတွင် မပျက် မစီးသော စိတ်၏ လွတ်လပ်ရေး ကိုသာ အမြတ်ထွတ်ဆုံး ဆိုရ၏၊ ၎င်းမှာ တပ်စွန်းခြင်းမှ ဆိတ်သည်း၏, ပြစ်မှားခြင်းမှ ဆိတ်သည်း၏, တွေဝေခြင်းမှ ဆိတ်သည်း၏၊ ဒါယကာ ငါ့ရှင်, တပ်စွန်းခြင်းသည် အာရုံကို ပြုလုပ်၏ , ပြစ်မှားခြင်း တွေဝေခြင်းသည် အာရုံကို ပြုလုပ်၏၊ ၎င်းတို့ကို ရဟန္တာမှာ ပယ်အပ်ကုန်၏၊ ဒါယကာ ငါ့ရှင် , အားလုံး အာရုံ ကင်းစိတ်၏ လွတ်လပ်ရေး မျိုးတွင် မပျက်မစီးသော စိတ်၏ လွတ်လပ်ရေး ကိုသာ အမြတ်ထွတ်ဆုံး ဆိုရ၏၊ ၎င်းမှာ တပ်စွန်းခြင်း, ပြစ်မှားခြင်း, တွေဝေခြင်းမှ ဆိတ်သည်း၏၊ ဒါယကာ ငါ့ရှင် , ဤသို့သော အကြောင်း အားဖြင့် အနက် တူ၍ သဒ္ဒါသာ ထူးကုန်၏၊ ဤသို့ အရှင် သာရိပုတ် ဖြေဆိုသည်ကို အရှင် မဟာ ကောဋ္ဌိက နှစ်သိမ့် လေပြီ၊ ဤသို့ ကြားနာမှတ်သားရပါသည်။

မဟာ ဝေဒလ္လ သုတ္တန် ပြီး၏။

# ၄၅။ စူဠ ဝေဒလ္လ သုတ္တန်

ဓမ္မဒိန္နာ ရဟန်းမ ဖြေဆို ဟောညွှန်ချက် ဝေဒလ္လသုတ္တန် ကို ဤသို့ အကျဉ်းချုပ် ကြားနာမှတ်သားရ ပါသည်၊- ဘုရားရှင် ရာဇဂြိုဟ်မြို့တော် ရှဉ့်နက် မွေးမြူရာ ဝေဠုဝန် အာရာမ်တော်တွင် သီတင်းသုံး နေတော်မူစဉ် ,ဝိသာခဥပါသကာသည် ဓမ္မဒိန္နာရဟန်းမ ဌာန် ဝင်ရောက်၍ ရှိခိုး ဝတ်ချကာ သင့်တင့်ရာ၌ နေထိုင်ပြီးလျှင် , ဤသို့ လျှောက်ထားလေပြီ၊ အို အရှင်မ “သက္ကာယ, သက္ကာယ” ဟု ဆို၏၊ အို အရှင်မ , အဘယ်အရာကို သက္ကာယ ဟု ဘုရား ဟောတော်မူပါသနည်း ?၊ အို တကာ ဝိသာခ ,တပ်မက် စွဲလမ်းအပ်သည့် ကိုယ်အစု ငါးမျိုးတို့ကို ထင်ရှားသော ကိုယ် ဟု ဘုရားဟောတော်မူအပ်၏၊ အဘယ် ငါးမျိုးတို့နည်း ?၊ တပ်မက်စွဲလမ်းထားသော ရုပ်အစု, ဝေဒနာအစု , သညာအစု , သင်္ခါရအစု , ဝိညာဉ်အစု တို့တည်း၊ ဤ ကိုယ်အစု ငါးမျိုးတို့ကို ထင်ရှားသော ကိုယ်ဟု ဘုရားဟောတော်မူအပ်၏။

အို အရှင်မ, ကောင်းလှပါပြီ၊ “သက္ကာယ ဖြစ်ကြောင်း , သက္ကာယ ဖြစ်ကြောင်း” ဟု ဆို၏၊ အဘယ်အရာကို သက္ကာယ ဖြစ်ကြောင်းဟု ဘုရား ဟောတော်မူပါသနည်း ?၊ အို တကာ ဝိသာခ, ဘုံဘဝ၌ တဖန် ဖြစ်ပွါးစေတတ်၍ နှစ်သက်ခြင်းနှင့်တကွ ဖြစ်လျက် ထိုထို ဘုံ ပုဂ္ဂိုလ် ပစ္စည်း ဝတ္ထုတို့၌လည်း လိုလား ခင်တွယ်တတ်သော တပ်မက်ခြင်း တဏှာမည်သည် ရှိ၏၊ ၎င်းကား ကာမဘုံ၌ တပ်မက်သည့် , ရူပဘုံ၌ တပ်မက်သည့်, အရူပဘုံ၌ တပ်မက်သည့်၊ သို့မဟုတ် ထိုထို လိုအပ်ရာမျိုး၌ တပ်မက်သည့် , ဘုံနှင့် ပုဂ္ဂိုလ် မြဲစွဲခြင်း၌ တပ်မက်သည့် , ဘုံပုဂ္ဂိုလ် ပြတ်စဲခြင်း၌ တပ်မက်သည့်၊ ဤသည့် တပ်မက်ခြင်းတရားကို ထင်ရှားသော ကိုယ်ဖြစ်ကြောင်းဟု ဘုရားဟောတော်မူအပ်၏။

အို အရှင်မ, ကောင်းလှပါပြီ “သက္ကာယချုပ်ခြင်း , သက္ကာယ ချုပ်ခြင်း” ဟု ဆို၏၊ အဘယ်အရာကို သက္ကာယချုပ်ခြင်းဟု ဘုရားဟောတော်မူပါသနည်း ?၊ အို တကာ ဝိသာခ , ထိုသည့် တပ်မက်ခြင်း၏ပင် အကြွင်းအကျန်မရှိ , တပ်မက်ကင်း၍ ချုပ်ငြိမ်းခြင်း , စွန့်လွှတ်ခြင်း, လွှတ်လွှတ်စွန့်ပစ်ခြင်း , လွတ်လပ်ခြင်း , အစွဲ အငြိ အတွယ်မရှိခြင်းကို ထင်ရှားသော ကိုယ်၏ ချုပ်ငြိမ်းခြင်းဟု ဘုရား ဟောတော်မူ၏၊ အို အရှင်မ , ကောင်းလှပါပြီ၊ “သက္ကာယ ချုပ်ရေး အကျင့် , သက္ကာယ ချုပ်ရေး အကျင့်” ဟု ဆို၏၊ အဘယ်အရာကို သက္ကာယ ချုပ်ရေး အကျင့်ဟု ဘုရားဟောတော်မူပါသနည်း ?၊

ဒို တကာ ဝိသာခ, ဖြစ်သည့် အင်္ဂါရှစ်မျိုးရှိ ဤသည့် (နိဗ္ဗာန်ပေါက်ရောက်ရေးလမ်း) မဂ်ပင်တည်း၊ အဘယ်တို့နည်း ?–

၁–မှန်ကန်စွာ ရှုမြင်ခြင်း၊
၂–မှန်ကန်စွာ ကြံစည်ခြင်း၊
၃–မှန်ကန်စွာ ပြောဆိုခြင်း၊
၄–မှန်ကန်စွာ ပြုလုပ်ခြင်း၊
၅–မှန်ကန်စွာ အသက်မွေးမှုခြင်း၊
၆–မှန်ကန်စွာ အားထုတ်ခြင်း၊
၇–မှန်ကန်စွာ အောက်မေ့ခြင်း၊
၈–မှန်ကန်စွာ တည်တံ့ခြင်းများတည်း။

ဤကျင့်ဝတ်ရှစ်မျိုးကို ထင်ရှားသော ကိုယ်ချုပ်ငြိမ်းရေး ကျင့်ဝတ်တရား နိဗ္ဗာန်သွားလမ်းဟု ဘုရားဟောတော်မူ၏၊ ဒို အရှင်မ, ကောင်းလှပါပြီ၊ ထိုသည့် တသ်မက်စွဲလမ်းခြင်းသည်ပင် တသ်မက်စွဲလမ်းသော ကိုယ်အစုတို့ ဖြစ်ပါကုန်သလော ?၊ သို့မဟုတ်, တသ်မက်စွဲလမ်းသော ကိုယ်အစုကို ကြဉ်ဖယ်၍ပင် တသ်မက်စွဲလမ်းခြင်း ဖြစ်ပါသလေ ?၊ ဒို တကာ ဝိသာခ, ထိုသည့် တသ်မက်စွဲလမ်းခြင်းသည်ပင် တသ်မက်စွဲလမ်းသော ကိုယ် အစုတို့ မဟုတ်ကုန်၊ ၎င်းတို့ကို ကြဉ်ဖယ်၍လည်း တသ်မက်စွဲလမ်းခြင်း မဟုတ်ပေ၊ စင်စစ်မူကား, တကာ ဝိသာခ, တသ်မက်စွဲလမ်းသော ကိုယ်အစု ငါးမျိုးတို့အပေါ်၌ လိုလား တသ်မက်ခြင်းသည်သာ တသ်မက်စွဲလမ်းခြင်း မည်၏။

ဒို အရှင်မ, သက္ကာယဒိဋ္ဌိ မည်သို့ ဖြစ်ပါသနည်း ?၊ ဒို တကာ ဝိသာခ, ဤလောက၌ သူစင်သူမြတ်တို့ကို မဖူးမြင်ရ၍ အကြားအမြင်မရှိသဖြင့် သူစင်သူမြတ်တို့တရား၌ မလိမ်မာ, သူစင်သူမြတ်တို့တရား၌ မဆုံးမ, မယဉ်ကျေးသော ပုထုဇ္ဇန်သည်–

၁–ရုပ်အစုကို ကိုယ်ဟု ရှုကြည့်၏၊
၂–ရုပ်ရှိသောအရာကိုသော်လည်း ကိုယ်ဟု ရှုကြည့်၏၊
၃–ကိုယ်အပေါ်၌မူလည်း ရုပ်ဟု ရှုကြည့်၏၊
၄–ရုပ်အပေါ်၌မူလည်း ကိုယ်ဟု ရှုကြည့်၏။
၁–ဝေဒနာကို, သညာကို, သင်္ခါရတို့ကို, ဝိညာဉ်ကို ကိုယ်ဟု ရှုကြည့်၏၊
၂–ဝိညာဉ်ရှိသောအရာကိုမူလည်း ကိုယ်ဟု ရှုကြည့်၏၊
၃–ကိုယ်အပေါ်၌မူလည်း ဝိညာဉ်ဟု ရှုကြည့်၏၊
၄–ဝိညာဉ်အပေါ်၌မူလည်း ကိုယ်ဟု ရှုကြည့်၏။

ဤသို့အားဖြင့် တကာ ဝိသာခ, ထင်ရှားသောကိုယ်ဟုစွဲယူထင်မြင်ခြင်းအယူဖြစ်၏။

သက္ကာယဒိဋ္ဌိ မည်သို့ မဖြစ်ပါသနည်း ?၊ ဒါယကာ ဝိသာခ , သူစင်သူမြတ်တို့ဆုံးမယဉ်ကျေးပြီး ဘုရားတပည့်တော်သည်-

၁-ရုပ်အစုကို ကိုယ်ဟု မရှုကြည့်၊

၂-ရုပ်ရှိသောအရာကိုလည်း ကိုယ်ဟု မရှုကြည့်၊

၃-ကိုယ်အပေါ်၌ရှိမှုလည်း ရုပ်ဟု မရှုကြည့်၊

၄-ရုပ်အပေါ်၌ရှိမှုလည်း ကိုယ်ဟု မရှုကြည့်။

၁-ဝေဒနာကို , သညာကို , သင်္ခါရတို့ကို , ဝိညာဉ်ကို ငါဟု မရှုကြည့်၊

၂-ဝိညာဉ်ရှိသောအရာကိုလည်း ငါဟု မရှုကြည့်၊

၃-ကိုယ်အပေါ်၌ရှိမှုလည်း ဝိညာဉ်ဟု မရှုကြည့်၊

၄-ဝိညာဉ်အပေါ်၌ရှိမှုလည်း ကိုယ်ဟု မရှုကြည့်။

ဤသို့အားဖြင့် ထင်ရှားသော ကိုယ်ဟု အစွဲကင်း၏, ကိုယ်ထင်ရှားရှိသည်ဟု အစွဲအယူ ကင်းလေသည်။

အို အရှင်မ , ကောင်းလှပါပြီ၊ မြတ်စင်သော အင်္ဂါရှစ်မျိုးရှိ , (နိဗ္ဗာန်သွားလမ်း) မဂ်ဟူသည် အဘယ်နည်း ?၊ အို ဒါယကာ ဝိသာခ , မှန်ကန်စွာ ရှုမြင်ခြင်း , မှန်ကန်စွာ ကြံစည်ခြင်း, မှန်ကန်စွာ ပြောဆိုခြင်း , မှန်ကန်စွာ ပြုလုပ်ခြင်း , မှန်ကန်စွာ အသက်မွေးမြူခြင်း , မှန်ကန်စွာ အားထုတ်ခြင်း , မှန်ကန်စွာ အောက်မေ့ခြင်း , မှန်ကန်စွာ တည်တန့်ခြင်း တို့ကား , နိဗ္ဗာန် သွားလမ်း ဖြူစင်သော မဂ်တည်း၊ ကောင်းလှပါပြီ အရှင်မ, အင်္ဂါရှစ်မျိုးရှိ ဖြူစင်သော နိဗ္ဗာန် သွားလမ်းသည် ပြုပြင်အပ်သော တရားလော ?၊ မပြုပြင်အပ်သော တရားလော ?၊ အို ဒါယကာ ဝိသာခ, ပြုပြင်အပ်သော တရားတည်း၊ အို အရှင်မ , အင်္ဂါရှစ်မျိုးရှိ ဖြူစင်သော မဂ်က အစုသုံးမျိုးတို့ကို သိမ်းသွင်းအပ် ကုန်သလော ?၊ သို့မဟုတ် , အစုသုံးမျိုးတို့က အင်္ဂါရှစ်မျိုးရှိ ဖြူစင်သောမဂ်ကို သိမ်းသွင်းအပ်ပါသလော ?၊ အို ဒါယကာ ဝိသာခ, အင်္ဂါရှစ်မျိုးရှိ ဖြူစင်သော မဂ်က အစု သုံးမျိုးတို့ကို မသိမ်းသွင်းအပ်ကုန်, စင်စစ်ကား အစုသုံးမျိုးတို့ကသာ အင်္ဂါ ရှစ်မျိုးရှိ ဖြူစင်သောမဂ်ကို သိမ်းသွင်းအပ်ကုန်၏။

အို ဒါယကာ ဝိသာခ, မှန်ကန်စွာ ပြောဆိုခြင်း , မှန်ကန်စွာ ပြုလုပ်ခြင်း , မှန်ကန်စွာ အသက်မွေးမြူခြင်း , ဤသုံးမျိုးတို့ကို သီလ အစု၌ သိမ်းသွင်းအပ်ကုန်၏၊ မှန်ကန်စွာ အားထုတ်ခြင်း , မှန်ကန်စွာ အောက်မေ့ခြင်း , မှန်ကန်စွာ တည်တန့်ခြင်း, ဤသုံးမျိုးတို့ကို သမာဓိ အစု၌ သိမ်းသွင်းအပ်ကုန်၏၊ မှန်ကန်စွာ ရှုမြင်ခြင်း, မှန်ကန်စွာ ကြံစည်ခြင်း, ဤ နှစ်မျိုးတို့ကို ပညာအစု၌ သိမ်းသွင်း အပ်ကုန်၏၊ ကောင်းလှပါပြီ အရှင်မ, သမာဓိ (တည်တန့်ခြင်း)ကား အဘယ် တရားနည်း ?၊ သမာဓိ၏ အာရုံတို့ကား အဘယ်တရားတို့နည်း ?၊ သမာဓိ၏ အခြံအရံ တို့ကား

အဘယ်တရားတို့နည်း ?၊ အဘယ် အရာကား သမာဓိပွါးများခြင်း ဖြစ်ပါသနည်း?၊ အို တကာ ဝိသာခ, စိတ်၏ အာရုံ တခု၌ တစုတလုံးတည်း ဖြစ်ခြင်းကား တည်တန့်ခြင်းတည်း၊ သတိ၏ တည်နေရာ သတိပဋ္ဌာန်း တရားလေးပါးတို့သည် တည်တန့်ခြင်း၏ အာရုံတို့တည်း၊ အားထုတ်ခြင်း လေးမျိုးတို့ကား တည်တန့်ခြင်း၏ အခြံအရံတို့တည်း၊ ထိုတရားတို့ကိုပင် မှီဝဲခြင်း, ပွါးစီးခြင်း, အကြိမ်ကြိမ် ပြုလုပ်ခြင်းသည် တည်တန့်ရေး ပွါးများခြင်း မည်၏။

အို အရှင်မ ဓမ္မဒိန္နာ, သင်္ခါရ-ပြုပြင်ရေး အဘယ်မျှ ရှိကုန်သနည်း ?၊ အို တကာ ဝိသာခ, ကိုယ်ပြုပြင်ရေး, နှုတ်ပြုပြင်ရေး, စိတ်ပြုပြင်ရေးဟု ပြုပြင်ရေးတို့ကား သုံးမျိုး ရှိကုန်၏၊ အို အရှင်မ, ကိုယ်ပြုပြင်ရေး ကာယ သင်္ခါရကား အဘယ်အရာပါနည်း?၊ နှုတ်ပြုပြင်ရေး ဝစီသင်္ခါရကား အဘယ်အရာပါနည်း ?၊ စိတ် ပြုပြင်ရေး စိတ္တသင်္ခါရကား အဘယ်အရာပါနည်း ?၊ အိုတကာ ဝိသာခ, ထွက်သက်ဝင်သက်တို့သည် ကိုယ်ပြုပြင်ရေးတို့တည်း၊ ကြံစည်ခြင်း, စိတ်ကူး စဉ်းစားခြင်းတို့ကား နှုတ်ပြုပြင်ရေးတို့တည်း၊ သညာနှင့်ဝေဒနာတို့ကား စိတ်ပြုပြင်ရေးတို့တည်း၊ အို အရှင်မ, ထွက်သက်ဝင်သက်တို့သည် အဘယ့်ကြောင့် ကိုယ်ပြုပြင်ရေး မည်ပါကုန်သနည်း ?၊ ကြံစည်ခြင်း, စိတ်ကူး စဉ်းစားခြင်း တို့သည် အဘယ့်ကြောင့် နှုတ် ပြုပြင်ရေး မည်ပါ ကုန်သနည်း ?၊ သညာနှင့် ဝေဒနာ တို့သည် အဘယ့်ကြောင့် စိတ်ပြုပြင်ရေး မည်ပါ ကုန်သနည်း ?၊ အိုတကာ ဝိသာခ, + ထွက်သက်ဝင်သက် တို့သည် ကိုယ်မှဖြစ်ကုန်၏, ကိုယ်နှင့်စပ်ဆိုင်ကုန်၏၊ ထို့ကြောင့် ကိုယ်ပြုပြင်ရေး မည်ကုန်၏၊ ရှေးကပင် ကြံစည် စိတ်ကူး၍ နောက်မှ စကားဆိုခြင်းဖြစ်၏၊ ထို့ကြောင့် ကြံစည် စိတ်ကူးခြင်းတို့သည် နှုတ် ပြုပြင်ရေး မည်ကုန်၏၊ သညာနှင့် ဝေဒနာတို့ကား စိတ်နှင့် ယှဉ်ကုန်၏, စိတ်နှင့် စပ်ဆက်ကုန်၏၊ ထို့ကြောင့် ၎င်းတို့သည် စိတ်ပြုပြင်ရေး မည်ကုန်၏။

အို အရှင်မ, သညာ ဝေဒယိတ နိရောဓ သမာပတ် အဘယ်သို့ ဖြစ်ပါသနည်း၊ အို တကာ ဝိသာခ, သညာနှင့် ဝေဒနာချုပ်ငြိမ်းခြင်းတို့ ဝင်စားသော ပုဂ္ဂိုလ်မှာ ငါသည် သညာ ဝေဒနာ ချုပ်ငြိမ်းခြင်းကို ဝင်စားအံ့ ဟုလည်း စိတ်မထား, ဝင်စား၏ ဟုလည်း စိတ်မရှိ, ဝင်စားနေသည် ဟုလည်း စိတ်မထား, စင်စစ်ကား ရှေးက စိတ်ကို ပွါးထုံလေ့လာခဲ့တိုင်းပင် ဖြစ်လေသည်၊ အို အရှင်မ, သညာ ဝေဒနာ ချုပ်ငြိမ်းခြင်းကို ဝင်စားသော ရဟန်းမှာ အဘယ် တရားများ ရှေးဦးစွာ ချုပ်ကြပါသနည်း ၊ ကိုယ်ပြုပြင်

---

+ ကိုယ်ကို ပြုပြင်တတ်၍ ကိုယ်ပြုပြင်ရေး, နှုတ်ကို ပြုပြင်တတ်၍ နှုတ်ပြုပြင်ရေး, စိတ်ကို ပြုပြင်တတ်၍ စိတ်ပြုပြင်ရေး ခေါ်သည်ဟု အဓိပ္ပါယ် အဖြောင့် သိရမည်၊ အကြောင်းကား အဿာသပဿာသ မရှိလျှင် ကိုယ်မဖြစ်နိုင်၊ ဝိတက် ဝိစာရ မရှိလျှင် နှုတ်မဖြစ်နိုင်၊ သညာ ဝေဒနာ မရှိလျှင် စိတ်မဖြစ်နိုင်၊ ဤကို ထောက်၍ အဘိဓမ္မာ အဋ္ဌကထာ ဋီကာနှင့် ညဝါရ်ကောက်တို့က ဧတေသိက် ၅၂ - ပါးကို စိတ္တသင်္ခါရ ဟု ကောက်ယူချက်မှာ စဉ်းစားဖွယ်ရှိ၏။

ရေးပင် ချုပ်ပါသလော ?၊ နှုတ်ပြုပြင်ရေးပင် ချုပ်ပါသလော ?၊ စိတ် ပြုပြင်ရေးပင် ချုပ်ပါသလော ?၊ ဒို တကာ ဝိသာခ, သညာ ဝေဒနာ ချုပ်ငြိမ်းခြင်းကို ဝင်စားသော ရဟန်းမှာ နှုတ်ပြုပြင်ရေး အလျှင် ချုပ်ငြိမ်း၏ , ထို့နောက် ကိုယ် ပြုပြင်ရေး ချုပ်ငြိမ်း၏, နောက်ဆုံးမှ စိတ်ပြုပြင်ရေး ချုပ်ငြိမ်း၏။

ဒို အရှင်မ, သညာ ဝေဒယိတ နိရောဓ သမာပတ်မှ ထသော ရဟန်းမှာ အဘယ်သို့ အားဖြင့် ထခြင်း ဖြစ်ပါသနည်း ?၊ ဒို တကာ ဝိသာခ , သညာ ဝေဒနာ ချုပ်ငြိမ်းခြင်း ဝင်စားရာမှ ထသော ရဟန်းမှာ၊ငါကား သညာ ဝေဒနာ ချုပ်ငြိမ်း ခြင်းကို ဝင်စားရာမှ ထအံ့ ဟုလည်း မအောက်မေ့, ဝင်စားရာမှ ထ၏ ဟုလည်း မအောက်မေ့, ဝင်စား နေရာမှ ထပြီ ဟုလည်း မအောက်မေ့ , စင်စစ်မှာ ရှေးကပင် စိတ်ကို ပွါးထုံ ထားသည့်အတိုင်း ဝင်စားရာမှ ထခြင်းဖြစ်၏၊ ဒို အရှင်မ,သညာ ဝေဒယိတ နိရောဓ သမာပတ်မှ ထသော ရဟန်းမှာ အဘယ်တရားများ ရှေးဦးစွာ ဖြစ်ပါသနည်း ?၊ ကာယ သင်္ခါရ ရှေးဦးစွာ ဖြစ်ပါသလော ?၊ ဝစီသင်္ခါရပင် ဖြစ်ပါသလော ?၊ စိတ္တသင်္ခါရပင် ဖြစ်ပါသလော ?၊ ဒို တကာ ဝိသာခ, သညာ ဝေဒနာ ချုပ်ငြိမ်းရေး ဝင်စားရာမှ ထသောရဟန်းမှာ စိတ်ပြုပြင်ရေးအလျှင်ဖြစ်၏၊ထို့နောက် ကိုယ်ပြုပြင်ရေး,နောက်ဆုံးမှ နှုတ်ပြုပြင်ရေး ဖြစ်၏၊ ဒို အရှင်မ , နိရောဓသမာပတ်မှ ထသော ရဟန်းမှာ မည်မျှသော အတွေ့တို့ကို တွေ့ပါသနည်း ?၊ ဒို တကာ ဝိသာခ, သညာ ဝေဒနာ ချုပ်ငြိမ်းခြင်း ဝင်စားရာမှ ထသော ရဟန်းမှာ ဆိတ်သုဉ်းခြင်း အတွေ့, အာရုံကင်းခြင်း အတွေ့, တောင့်တကင်းခြင်း အတွေ့-ဤသုံးမျိုးတို့ကို တွေ့၏၊ ဒို အရှင်မ, နိရောဓသမာပတ်မှ ထသော ရဟန်း၏ စိတ်သည် အဘယ်၌ ညွတ်ကိုင်းပါသနည်း ?၊ ဆိတ်သုဉ်းခြင်း၌ ညွတ်၏, ကိုင်း၏, ရှိုင်း၏။

ဒို အရှင်မ, ကောင်းလှပါပြီ၊ ဝေဒနာ မည်မျှ ကွဲပြားပါသနည်း ?၊ ဒို တကာ ဝိသာခ, ဝေဒနာတို့သည် ချမ်းသာ, ဆင်းရဲ, မချမ်းသာ-မဆင်းရဲ ဟု သုံးမျိုး ကွဲပြားကုန်၏၊ ဒို အရှင်မ, ချမ်းသာဝေဒနာ အဘယ်နည်း ?၊ ဆင်းရဲဝေဒနာ အဘယ်နည်း ?၊ မချမ်းသာ - မဆင်းရဲ ဝေဒနာ အဘယ်နည်း ?၊ ဒို တကာ ဝိသာခ ကိုယ်နှင့်ငြိ , စိတ်နှင့်ငြိ ဆိုင်စပ်၍ သာယာအပ် , ခံစားအပ်သော ဝေဒနာသည် ချမ်းသာ ဝေဒနာမည်၏၊ကိုယ်နှင့်ငြိ, စိတ်နှင့်ငြိ ဆိုင်စပ်၍ မသာယာအပ်, ခံစားအပ်သော ဝေဒနာသည် ဆင်းရဲ ဝေဒနာ မည်၏၊ ကိုယ်နှင့် ငြိ , စိတ်နှင့်ငြိ ဆိုင်စပ်၍ သာလည်း မသာယာအပ်, မသာယာအပ်သည်လည်း မဟုတ် ခံစားအပ်သော ဝေဒနာသည် မချမ်းသာ-မဆင်းရဲ ဝေဒနာမည်၏၊ ဒို အရှင်မ, ချမ်းသာ ဝေဒနာမှာ ချမ်းသာ အဘယ်နည်း ?၊ ဆင်းရဲ အဘယ်နည်း ?၊ ဆင်းရဲ ဝေဒနာမှာ ချမ်းသာ အဘယ်နည်း ?၊ ဆင်းရဲ အဘယ်နည်း ?၊ မချမ်းသာ-မဆင်းရဲ ဝေဒနာမှာ ချမ်းသာအဘယ်နည်း ?၊ ဆင်းရဲ အဘယ်နည်း ?၊ ဒို တကာ ဝိသာခ, ချမ်းသာ ဝေဒနာမှာ ပကတိ

တည်နေခြင်းသည်ချမ်းသာတည်း၊ မတည်ပျက်ကွက်ခြင်းသည် ဆင်းရဲတည်း၊ဆင်းရဲဝေဒနာမှာ ပကတိ တည်နေခြင်းသည် ဆင်းရဲ, ပျက်ပြားခြင်းသည် ချမ်းသာတည်း၊ မချမ်းသာ-မဆင်းရဲဝေဒနာမှာ သိခြင်းသည်ချမ်းသာ, မသိခြင်းသည်ဆင်းရဲတည်း။

ဒို့ အရှင်မ, ချမ်းသာဝေဒနာ၌ အဘယ် အကိန်းတရား ကိန်းနေပါသနည်း ?၊ ဆင်းရဲဝေဒနာ၌ အဘယ် အကိန်းတရား ကိန်းနေပါသနည်း ?၊ မချမ်းသာ-မဆင်းရဲဝေဒနာ၌ အဘယ်အကိန်းတရား ကိန်းနေပါသနည်း ?၊ ဒို့ တကာ ဝိသာခ, ချမ်းသာဝေဒနာ၌ တပ်မက်ခြင်း အကိန်းတရား ကိန်းနေ၏၊ ဆင်းရဲ ဝေဒနာ၌ စိတ်မကြည်သာခြင်း အကိန်းတရား ကိန်းနေ၏၊ မချမ်းသာ-မဆင်းရဲ ဝေဒနာ၌ မသိတွေဝေခြင်း အကိန်းတရား ကိန်းနေ၏၊ ဒို့ အရှင်မ, ကုန်အောင်စုံသော ချမ်းသာဝေဒနာ၌ တပ်မက်ခြင်း အကိန်းတရား ကိန်းနေ ပါသလော ?၊ ကုန်အောင် စုံသော ဆင်းရဲ ဝေဒနာ၌ စိတ်မကြည်သာခြင်း အကိန်းတရား ကိန်းနေပါသလော ?၊ ကုန်အောင်စုံသော မချမ်းသာ- မဆင်းရဲ ဝေဒနာ၌ မသိတွေဝေခြင်း အကိန်းတရား ကိန်းနေပါသလော ?၊ ဒို့ တကာ ဝိသာခ, ကုန်အောင်စုံသော ချမ်းသာ ဝေဒနာ၌ တပ်မက်ခြင်း အကိန်းတရား မကိန်းနေ၊ ကုန်အောင်စုံသော ဆင်းရဲဝေဒနာ၌ စိတ်မကြည်သာခြင်း အကိန်းတရား မကိန်းနေ၊ ကုန်အောင်စုံသော မချမ်းသာ - မဆင်းရဲ ဝေဒနာ၌ မသိ တွေဝေခြင်း အကိန်းတရား မကိန်းနေ၊ (အချို့မှာသာ ကိန်း၍ အချို့မှာ မကိန်း၊)

ဒို့ အရှင်မ , ချမ်းသာ ဝေဒနာ၌ အဘယ်ကို ပယ်စွန့်အပ် သနည်း ?၊ ဆင်းရဲဝေဒနာ၌ အဘယ်ကို ပယ်စွန့်အပ်သနည်း ?၊ မချမ်းသာ-မဆင်းရဲ ဝေဒနာ၌ အဘယ်ကို ပယ်စွန့်အပ်သနည်း ?၊ ဒို့ တကာ ဝိသာခ , ချမ်းသာ ဝေဒနာ၌ တပ်မက်ခြင်း အကိန်း တရားကို ပယ်စွန့်အပ်၏၊ ဆင်းရဲ ဝေဒနာ၌ စိတ်မကြည်သာခြင်း အကိန်းတရားကို ပယ်စွန့်အပ်၏၊ မချမ်းသာ-မဆင်းရဲ ဝေဒနာ၌ မသိ တွေဝေခြင်း အကိန်းတရားကို ပယ်စွန့်အပ်၏၊ ဒို့ အရှင်မ , ကုန်အောင်စုံသော ချမ်းသာ ဝေဒနာ၌ တပ်မက်ခြင်း အကိန်း တရားကို ပယ်စွန့် အပ်သလော ?၊ ကုန်အောင် စုံသော ဆင်းရဲ ဝေဒနာ၌ စိတ်မကြည်သာခြင်း အကိန်းတရားကို ပယ်စွန့်အပ်သလော ?၊ ကုန်အောင်စုံသော မချမ်းသာ-မဆင်းရဲ ဝေဒနာ၌ မသိတွေဝေခြင်း အကိန်းတရားကို ပယ်စွန့်အပ်သလော ?၊ ဒို့ တကာ ဝိသာခ, ကုန်အောင်စုံသော ချမ်းသာဝေဒနာ၌ တပ်မက်ခြင်း အကိန်းတရားကို မပယ်စွန့်အပ်၊ ကုန်အောင်စုံသော ဆင်းရဲဝေဒနာ၌ စိတ်မကြည်သာခြင်း အကိန်းတရားကို မပယ်စွန့်အပ်၊ ကုန်အောင်စုံသော မချမ်းသာ-မဆင်းရဲဝေဒနာ၌ မသိတွေဝေခြင်းအကိန်းတရားကို မပယ်စွန့်အပ်၊သည်မှာ-တကာ ဝိသာခ,ရဟန်းသည် ကာမတရား,အကုသိုလ်တရားကို ပယ်စွန့်၍ ကြံစည်ခြင်း,စဉ်းစားခြင်း,ဆိတ်သုဉ်းခြင်း, နှစ်သက်ခြင်း, ချမ်းသာခြင်း အင်္ဂါငါးမျိုးရှိ ပထမဈာန်ကို ဝင်စားနေ၏၊ထိုရဟန်းသည် ထိုဈာန်၌တပ်မက်ခြင်းကိုစွန့်ပယ်၏၊ထိုဈာန်၌ တပ်မက်ခြင်းအကိန်းတရား မကိန်းနေ။

အိုတကာ ဝိသာခ ,ရဟန်းသည် ငါကား အရိယာ သူစင်သူမြတ်တို့ရရောက်တည်နေသော တရားကို အဘယ်အခါ ရရောက် တည်နေရအံ့နည်း ? ဟု စိတ်ကူးသောအခါ , ဆင်ခြင်သောအခါ အတုမဲ့ လွှတ်လပ်ရေးတရားတို့၌ ချစ်ခင်ခြင်း, လိုလားခြင်း ဖြစ်သော ရဟန်းမှာ ချစ်ခင်လိုလားခြင်းကြောင့် စိတ်မကြည်သာခြင်းဖြစ်၏၊ ထိုရဟန်း သည်ကား စိတ်မကြည်သာရေးကို စွန့်ပယ်၏၊ ထိုရဟန်းမှာ စိတ်မကြည်သာခြင်း အကိန်းတရား မကိန်းနေ၊ အိုတကာ ဝိသာခ , ရဟန်းသည် ချမ်းသာ ဆင်းရဲ နှစ်မျိုးကို ပယ်စွန့်ခြင်းကြောင့် ရှေးကပင် ဝမ်းမြောက်ခြင်း, စိတ်မသက်သာခြင်းများ ချုပ်ငြိမ်းကာ , ဆင်းရဲ ချမ်းသာကင်း၍ လျစ်လျူရှုခြင်း သတိစင်ကြယ်သော စတုတ္ထဈာန်ကို ဝင်စားနေထိုင်၏၊ ထိုရဟန်းသည် ထိုဈာန်၌ မသိတွေဝေခြင်းကို စွန့်ပယ်၏၊ ထိုရဟန်း၌ မသိတွေဝေခြင်း အကိန်းတရား မကိန်းနေချေ။

အိုအချင်မ ဓမ္မဒိန္နာ , ချမ်းသာ ဝေဒနာ၏ အတုအပြိုင်တရားကား အဘယ်ပါနည်း ?၊ အိုတကာ ဝိသာခ , ချမ်းသာဝေဒနာ၏ အတုအပြိုင်တရားကား ဆင်းရဲဝေဒနာဖြစ်၏၊ အိုအချင်မ , ဆင်းရဲဝေဒနာ၏ အတုအပြိုင်တရားကား အဘယ်ပါနည်း ?၊ အိုတကာဝိသာခ , ဆင်းရဲ ဝေဒနာ၏ အတုအပြိုင်တရားကား ချမ်းသာပင်တည်း၊ အိုအချင်မ , မချမ်းသာ-မဆင်းရဲ ဝေဒနာ၏ အတုအပြိုင် တရားကား အဘယ်ပါနည်း ?၊ အို တကာ ဝိသာခ ,မချမ်းသာ မဆင်းရဲဝေဒနာ၏ အတုအပြိုင် တရားကား မသိတွေဝေခြင်းတည်း၊ အိုအချင်မ ,မသိတွေဝေခြင်း၏ အတုအပြိုင် တရားကား အဘယ်ပါနည်း ?၊ အိုတကာ ဝိသာခ , မသိ တွေဝေခြင်း၏ အတုအပြိုင် တရားကား အသိဉာဏ်ပင်တည်း၊ အိုအချင်မ , အသိဉာဏ်၏ အတုအပြိုင်တရားကားအဘယ်ပါနည်း ?၊အိုတကာ ဝိသာခ,အသိဉာဏ်၏အတုအပြိုင်တရားကား လွှတ်လပ်ခြင်းတည်း၊ အိုအချင်မ , လွှတ်လပ်ခြင်း၏ အတုအပြိုင်တရားကား အဘယ်ပါနည်း ?၊ အိုတကာဝိသာခ , လွှတ်လပ်ခြင်း၏ အတုအပြိုင် တရားကား နိဗ္ဗာန်-ဘုံသုံးပါး၌ အသွားကင်းခြင်းပင်တည်း၊ အိုအချင်မ, နိဗ္ဗာန်၏ အတုအပြိုင်တရားကား အဘယ်ပါနည်း ?၊ အို တကာ ဝိသာခ, ပြဿနာ လွန်ကြူးလေပြီ၊ ပြဿနာ အဆုံးအပိုင်းအခြား မရှိ၊ အိုတကာ ဝိသာခ, အကျင့်မြတ် ကျင့်သုံး ရခြင်းသည် နိဗ္ဗာန်အတွင်းဝင်ဖြစ်၏၊ နိဗ္ဗာန်သာ လည်းလျောင်းရာ ရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏၊ ဤသို့ ဓမ္မဒိန္နာရဟန်းမ ဖြေဆိုလေရာ,၎င်းကိုဘုရား၇ှင့်ဌာန် လျှောက်ထားသော်-"အိုဝိသာခ, ဓမ္မဒိန္နာရဟန်းမသည် ပညာရှိ၏ , ပညာဉာဏ်ကြီး၏၊ ဤအဘိုင်းပင် မှန်ကန်၏ " ဟု မိန့်ဆိုလေပြီ၊–ဤသို့ ကြားနာ မှတ်သားရ ပါသည်။

စူဠ ဝေဒလ္လ သုတ္တန် ပြီး၏။

# ၄၆။ ဓမ္မသမာဒါနသုတ္တန်

တရံ အခါ ဘုရားရှင် သာဝတ္ထိ မြို့တော် အနာထပိဏ် သူဌေးကြီးဆောက်လုပ် လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူသောအခါ၊ ဘုရားရှင့် အခြံရံတော်မှ အကျွန်ုပ် ဤသို့ ကြားနာ မှတ်သားရ ပါသည်၊ ဘုရားရှင်က "အို ရဟန်းတို့" ဟု ခေါ်တော်မူရာ၊ တရားသဘင်ရှိ ရဟန်းတို့က "အို မြတ်စွာဘုရား" ဟု ပြန်ကြားအပ်သော် ဤသို့ ဟောညွှန်တော်မူလေပြီ၊ ရဟန်းတို့၊ တရားဆောက်တည် ကျင့်သုံးခြင်းမျိုးတို့ကား လေးမျိုးဖြစ်ကုန်၏၊ အဘယ်တို့နည်း?၊

၁ - မျက်မှောက် ချမ်းသာ၍ တမလွန်၌ ဆင်းရဲကျိုး ခံစားရသော တရားကျင့်ကြံနည်း၊

၂ - မျက်မှောက်လည်း ဆင်းရဲ၍ တမလွန် ၌လည်း ဆင်းရဲကျိုး ခံစားရသော တရားကျင့်ကြံနည်း၊

၃ - မျက်မှောက် ဆင်းရဲ၍ တမလွန်၌ ချမ်းသာကျိုး ခံစားရသော တရားကျင့်ကြံနည်း၊

၄ - မျက်မှောက်လည်း ချမ်းသာ၍ တမလွန် ၌လည်း ချမ်းသာကျိုး ခံစားရသော ကျင့်ကြံနည်း၊— ဤသည်တို့တည်း။

၁ - ရဟန်းတို့၊ မျက်မှောက် ချမ်းသာ၍ တမလွန်၌ ဆင်းရဲကျိုး ခံစားရသော တရားအကျင့်မျိုးကား အဘယ်နည်း?၊ ရဟန်းတို့၊ ဤလောကကြီး၌ "ကာမဂုဏ်တို့၌ အပြစ်မရှိ" ဟု အယူအစွဲ ထားကြသော ရဟန်း သူတော် သူမြတ်တို့ ရှိကုန်၏၊ ၎င်းတို့သည် ထိုသို့ အယူရှိတိုင်း ကာမဂုဏ်ကို ခံစား လွန်ကျူး ကုန်၏၊ ၎င်းတို့သည် ဦးသျှောင်ထုံး ပရိဗိုဇ်မတို့နှင့် ခံစား မွေ့လျော်ကုန်၏၊ သူတို့ ဆိုကြကုန်သည်ကား- အချို့ ရဟန်း သူတော် သူမြတ်တို့က ကာမဂုဏ်၌ မရောက်သေးသော အပြစ်ကို မည်သို့ မြင်ကြကုန်သည် မသိရကုန်၊ ကာမဂုဏ်တို့ကို ပယ်စွန့်ရန် ဆိုကုန်၏၊ ကာမ၏ ပိုင်းခြားခြင်းကို ပညတ်ကုန်၏၊ စင်စစ်ကား ဤ ပရိဗိုဇ်မကလေး၏ ပြောင်းပြေ နူးညံ့သော လက်မောင်းအတွေ့မှာ လွန်စွာ ချမ်းမြေ့ ဘဝင်ခွေ့လှ၏၊ ဤသို့ဆိုကုန်၍ ကာမဂုဏ်တို့ကို လွန်ကျူး ခံစားကြကုန်၏၊ ထိုသို့ ပြုကျင့် သေလွန်သော်- ချမ်းသာကင်း၍ မကောင်းသူတို့ ရောက်ဆိုက်ရာ၊ မကောင်းဆိုးဝါးစွာ ကျခံရ ဖြစ်သည့် ငရဲ၌ ဖြစ်ကြကုန်၏၊ သူတို့သည် ထိုငရဲ၌ အလွန် ထက်မျက် ပူးယှ စပ်ရှားလှသော ဆင်းရဲကြီးကို ခံစားကြရကုန်၏။

ထိုအခါမှ သူတို့ ဆိုတတ်ကြသည်ကား- အိုဤသည့် အနာဂတ် ဘေးကြီးကို မြင်ကုန်၍သာ အချို့ ရဟန်း သူတော်သူမြတ်တို့သည် ကာမဂုဏ်ကို ပယ်စွန့်ရန် ပြောဆိုကုန်ကြ ခဲ့တကား၊ ကာမတို့၏ ပိုင်းခြား ရေးကို ပညတ်ကုန်ကြ ခဲ့တကား၊ အမှန် လက်တွေ့မှုကား ငါတို့သည် ဤသည့် ဆိုးဝါး စပ်ရှား ကြမ်းကြုတ်စွာ လှသော ဆင်းရဲတို့ကို ထိုကာမဂုဏ်ကြောင့်ပင် ထိုကာမဂုဏ် အတွက်ပင် ထိုကာမဂုဏ်ကိုအစွဲပြု၍ပင် ယခုခံစားကြရကုန်၏ဟု နောက်ကြီးကျမှ နောင်တသံဝေ ဖြစ်ကြလေကုန်သတည်း။

+ ရဟန်းတို့ ,ဥပမာ အားဖြင့် နွေလတို့၏ နောက်ဆုံး နှယုန်လ၌ မာလောနွယ်သီး ကွဲသဖြင့်,၎င်း အစိသည် အင်ကြင်းပင် တခု၏ အောက် အနီးသို့ ကျရောက် ခဲ့လေပြီ၊ ရဟန်းတို့, ထိုအခါ ထိုအင်ကြင်းပင်စောင့်နတ်သည် ထိတ်လန့်တုန်လှုပ်ကာ, ချောက် ချောက် ခြားခြား ဖြစ်ခဲ့လေပြီ၊ ရဟန်းတို့, ထိုအခါ ၎င်း၏ မိတ်ခင်ပွန်း ဆွေမျိုးသားချင်း ဖြစ်ကြသည့်အာရာမ်စောင့် , တောစောင့် ,သစ်ပင်စောင့် , မြက်ကြီး-ဝါးကြီးစောင့် , တောဗိုးပင်စောင့်နတ်တို့က စုရုံးလာရောက်ကြကုန်ကာ''အရှင်အင်ကြင်းပင်စောင့်နတ် မကြောက်ပါလင့် ,မတုန်လှုပ်ပါလင့် , ဤသည့် မာလောနွယ်စိကို ဥဒေါင်း ငှက်သော် မျိုပါလိမ့်မည်, ဖွတ်သော် စားပါလိမ့်မည်, သားသမင်သော် စားပါလိမ့်မည်, တောမီး သော် လောင်မြိုက် ပါလိမ့်မည် , တောခုတ်သမားသော် နုတ်ပစ် ပါလိမ့်မည်'' ဟု သက်သာခွင့်ရရန် အားပေးပြောဆိုကြကုန်လေပြီ။

ရဟန်းတို့, မာလောနွယ်စိကား ညွှန်ပြခဲ့ကြသော ဘေးဥပဒ်များ မရရောက် မူ၍ မိုးဦးမိုးလ်း ဆွတ်ဖျန်းသဖြင့် ကောင်းစွာ ပေါက်ပွါးခဲ့လေပြီ၊ ထိုနွယ်ပင်ကလေးကား နုပျို၍ နူးညံ့ ညက်ညော ချောမွတ် ပြေပြောင်းသော အမွေးများ ဖြစ်ပေါ်ကာ, ထို အင်ကြင်းပင်ထက်သို့ နွယ်၍ တက်ရောက်ခဲ့လေပြီ၊ ရဟန်းတို့, ထိုအခါ * အင်ကြင်းပင်စောင့်နတ်က ''အို ငါ၏အဆွေခင်ပွန်းနှင့်ဆွေမျိုးသားချင်းတို့သည် မည်သို့သော အပြစ်များကို မြင်ကြသည် မသိကုန် , ငါ့ဌာနလာရောက်ကာ, ဤမာလောနွယ်ပင် အတွက် မကြောက်ရွံ့ မထိတ်လန့်ရန် အားပေးစကား ပြောကြားလာကြကုန်ပြီ၊ အမှန်မှာကား ဤမာလောနွယ်ပင်၏ နူးညံ့ ပြောင်းပြေ့သော အမွေးအတွေကား များစွာ ကောင်းမွန် လှ၏၊''ဟု စိတ်ကူးခဲ့လေပြီ။

မာလောနွယ်ပင်သည်ကား အင်ကြင်းပင်ကို တဖြည်းဖြည်း ရစ်ပတ် တက်ရောက် ကာ, အင်ကြင်းပင်၏ အကိုင်းအခက်တိုင်း မာလောနွယ်ခက်ဖြင့် အုပ်ဖုံးလျက် တည်း

---

+ ဤ ဥပမာစကားပြ ဝါကျစုကား ပိဋကဆောင်တို့ ထပ်ဖြည့် ဝါကျစုသော် ဖြစ်နိုင်၏၊ အကြောင်းကား ဥပမာနှင့် ဥပမေယျ မကိုက်ညီလှချေ၊ ၎င်းကို ထောက်ထား၍ တသုတ်လုံးပင် လုပ်သုတ်, ဝင်ပြည့် ပဏ္ဏာသပြည့် သုတ်ဟုလည်း သိစရာဖြစ်၏၊

* ဤ ဥပမာနှင့် ဥပမေယျ မညီညွတ်ခြင်းသည်လည်း ဤသုတ်၏ မူလမမှန်ပုံ၌ ထောက်ထားရန် အကြောင်း ဖြစ်၏။

နက်သော ချုံပိတ်ပေါင်းကြီး ဖြစ်နေလေပြီ၊ ယင်းသို့အားဖြင့် ကာလကြာခဲ့သော်- မာလောနွယ်ပင် ကြီးမားသဖြင့် အင်ကြင်းခက်များ မခံနိုင်ပဲ ကျိုးပြတ်ကျ ကြလေပြီ၊ ထိုအခါရောက်မှ အင်ကြင်းပင်စောင့်နတ်က " အို ဤသို့သော ဘေးရန်ကို မြင်ကြကုန်၍ပင် ငါ၏ မိတ်ဆွေ ခင်ပွန်းနှင့် ဆွေမျိုး သားချင်းတို့က ငါ့အား အားပေးကုန်ကာ သက်သာရာစကား ဆိုကြကုန်ပြီ၊ အမှန်ကား- ငါမှာ ဤမာလောနွယ်စိ အတွက်ပင် ဤသို့သော ဆင်းရဲကြီးစွာကို ယခုရရောက်ခဲ့သည်"ဟု နောက်ကြီးကျမှနောင်တသံဝေ ရ၍ နေလေသတည်း။ ရဟန်းတို့ , ဤ အတူပင် ကာမဂုဏ်၌ အပြစ်မမြင်၍ ခံစား လွန်ကြူးကြသောရဟန်း သူတော်သူမြတ်တို့လည်း ဆင်းရဲရ၍ နောင်တပူပန်ဖြစ်ကြရ ကုန်ပြီ၊ ရဟန်းတို့,၎င်းကို မျက်မှောက်ချမ်းသာ၍ တမလွန်၌ ဆင်းရဲကျိုး ခံစားရသော အကျင့်မည်၏၊

၂ -ရဟန်းတို့, မျက်မှောက်လည်းဆင်းရဲ၍ တမလွန်၌လည်း ဆင်းရဲကျိုးခံစားရသောအကျင့်မျိုး အဘယ်နည်း?၊ရဟန်းတို့,ဤလောက၌ အချို့သူသည် အဝတ်မဝတ်, ကျင်ကြီးကျင်ငယ်ကိုစား၏၊ လက်ဖြင့် ကျင်ကြီးကျင်ငယ်ကို သုတ်သင်၏၊ ကြွပါဆို၍ လှူသောဆွမ်းကို မခံယူ–† ပေ ……ဤသို့ စသည် ကိုယ်ပူပန်ဆင်းရဲသော အကျင့်ကို အမြဲ အားပိုက် နေ၏၊ ၎င်းသည် သေလွန်သည့်အခါ်မှ၌ ငရဲသို့ ကျရောက်ကာ, ကြီးစွာသော ဆင်းရဲကို ခံစားရလေ၏၊ ဤကား မျက်မှောက်လည်း ဆင်းရဲ၍ တမလွန်၌လည်း ဆင်းရဲကျိုး ခံစားရသောကျင့်ကြံနည်းတည်း။

၃ -ရဟန်းတို့, မျက်မှောက်ဆင်းရဲ၍ တမလွန်၌ ချမ်းသာကျိုး ခံစားရသော အကျင့်မျိုး အဘယ်နည်း?၊ရဟန်းတို့, ဤလောက၌အချို့ကား ပကတိအားဖြင့် တပ်စွန်းခြင်း ထက်သန်၏ , သူ့မှာ တပ်စွန်းခြင်းဆိုင်ရာ ကိုယ်ဆင်းရဲ , စိတ်ဆင်းရဲကို ခဏခဏ ခံစားရ၏၊ ပကတိအားဖြင့် ပြစ်မှားစိတ်ထက်သန်၏၊ သူ့မှာ ပြစ်မှားခြင်းဆိုင်ရာ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲကို မပြတ်ခံစားရ၏၊ ပကတိအားဖြင့် တွေဝေမိန်းမောစိတ် ထက်သန်၏၊ သူ့မှာ တွေဝေမိန်းမောခြင်းဆိုင်ရာ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲကို အမြဲ တစေ ခံစားရ၏၊ သို့ရာတွင် သူသည် ယင်းသို့ ကိုယ်စိတ်ဆင်းရဲကို ခံယူလျက် မျက်ရည်ယိုကျ ငိုရကာပင် အကျင့်မြတ်ကို အပြည့်အစုံ အဖြူအစင် ကျင့်ဆောင်လေသည်၊ သူသည် သေလွန်သော်- ကောင်းသောသူတို့ ဆိုက်ရောက်ရာ , ကောင်းကျိုးမင်္ဂလာ ရပေါင်းသည့် နတ်ပြည်သို့ ဆိုက်ရောက်ကာ, ချမ်းသာ အကြီး အကျယ်ကို ခံစားရလေသည်၊ ရဟန်းတို့ , ဤကား မျက်မှောက်ဆင်းရဲ၍ တမလွန်၌ ချမ်းသာကျိုး ခံစားရသော ကျင့်ကြံနည်းတည်း။

---

† ဤနေရာ၌ အကျယ်ကို စာမျက်နှာ ၉၁-လောမဟံသန သုတ္တန်၌ ပြန်ကြည့်ပါ၊

၄-ရဟန်းတို့, မျက်မှောက်လည်း ချမ်းသာ၍, တမလွန်၌လည်း ချမ်းသာကျိုး ခံစားရသော အကျင့်မျိုး အဘယ်နည်း?၊ ရဟန်းတို့, ဤလောက၌ အချို့ပုဂ္ဂိုလ်မှာ တပ်စွန်းခြင်း, ပြစ်မှားခြင်း, တွေဝေခြင်းများ ထက်မျက်ပြင်းပြလှသော သဘောမရှိ, ထို့ကြောင့် သူ့မှာ တပ်စွန်းခြင်း အတွက် ဖြစ်စေ, ပြစ်မှား စိတ် အတွက် ဖြစ်စေ, တွေဝေမိန်းမောရေးအတွက် ဖြစ်စေ, ကိုယ် စိတ် ဆင်းရဲခြင်းမျိုးကို မပြတ် မခံစားရချေ၊ သူသည် အကျင့်သီလကို ပြည့်စုံစွာကျင့်ဆောင်၍ ကာမနှင့် အကုသိုလ်တရားတို့ကို ပယ်စွန့်လျက် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်သို့ ရရောက် နေထိုင်လေသည်၊ သူသည် သေလွန်သော်- နတ်ရွာသုဂတိသို့ ဆိုက်ရောက်ကာ, ချမ်းသာကို ခံစားရလေသည်၊ ရဟန်းတို့, ဤကား မျက်မှောက်လည်း ချမ်းသာ၍ တမလွန်၌လည်း ချမ်းသာကျိုးရသော ကျင့်သုံး ဆောက်တည်နည်းမည်၏၊ ရဟန်းတို့, ဤသို့အားဖြင့် တရားဆောက်တည် ကျင့်ကြံနည်း လေးမျိုး ဖြစ်ကုန်၏၊ ဤသို့ ဘုရားရှင် ဟောညွှန်တော်မူရာ, ရဟန်းတို့, နှစ်သိမ့်ကုန်ပြီ၊— ဤသို့ ကြားနာမှတ်သားရ ပါသည်။

**စူဠ ဓမ္မ သမာဒါန သုတ္တန် ပြီး၏။**

# ၄၇။ မဟာဓမ္မသမာဒါနသုတ္တန်

ဦးတော် ၊ ကမ်တော် ၊ ညဏ်တော် ၊ တန်ခိုးတော် ၊ အသရေတော်သခင် ဘုရားရှင် အဌာန်တော်မှ ၊ အကျွန်ုပ် ဤသို့ ကြားနာ မှတ်သားရ ပါသည်၊ တရံအခါ ကောသလတိုင်း သာဝတ္ထိမြို့တော် အနာထပိဏ်ဍိကဟု အမည်ထင်ရှားသော သုဒတ္တ သဌေးကြီး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီး၌ နတ်လူတို့ အကျိုးစီးပွါးအလို့ငှါ နိဗ္ဗာန်တရား ဆိပ်ကမ်းကြီး အဖြစ်ဖြင့် ဘုရားရှင် သီတင်းသုံး နေတော်မူလေပြီ၊ ထိုအခါ ဘုရားရှင်က တရားသဘင်ရှိ ရဟန်းတို့ကို ခေါ်တော်မူ၍ ဤသို့ မေးတော်မူလေပြီ၊ ရဟန်းတို့ ၊ များသောအားဖြင့် သတ္တဝါတို့သည် အလိုမရှိရာ ၊ မနှစ်မြို့ကျရာ ၊ စိတ်အားမထက်သန်ဖွယ်ရာ တရားတို့သည် ဆုတ်ယုတ်ကုန်မူ ကောင်းလေစွ၊ အလိုရှိရာ ၊ နှစ်မြို့ကျရာ ၊ စိတ်အားထက်သန်ဖွယ်ရာ တရားတို့သာ ဖြစ်ပွါးကုန်ပါမူ ကောင်းလေစွ ဟု လိုလားကြကုန်၏၊ ရဟန်းတို့ ၊ ထိုသို့ လိုလား စေကုန်ကာမူ ၊ ထိုသတ္တဝါတို့မှာ အလိုရှိရာ ၊ နှစ်မြို့ကျရာ ၊ စိတ်အား ထက်သန်ဖွယ်ရာတို့ကား လျော့ပါးဆုတ်ယုတ်ကုန်၍ မလိုလားရာ ၊ မနှစ်မြို့ကျရာ၊ စိတ်အား မထက်သန်ဖွယ်ရာတို့သာ တိုးတက် ပွါးစီးကုန်၏။ ရဟန်းတို့ ၊ ထိုသို့ဖြစ်ရာ၌ အဘယ်အကြောင်းကို သင်တို့ ယုံကြည်ကုန်သနည်း ? ၊ အို မြတ်စွာဘုရား ၊ တပည့်တော်များအတွက် တရားတို့ကား ဘုရားသာ အရင်းဖြစ်ပါကုန်သည်၊ ဘုရားလျှင် ညွှန်ကြားရာ ၊ ဘုရားလျှင် ကိုးစားအပ်ထားရာ ဖြစ်ပါကုန်သည်၊ ဘုရားရှင်သည်ပင် ထိုစကား၏ အနက်ကို ဟောကြားပြ တော်မူပါ ၊ ဘုရားရှင်၏ တရားတော်ကို ကြားနာကုန်ကာ ၊ ရဟန်းတို့ နာယူမှတ်သားပါကုန်လိမ့်မည်၊ ရဟန်းတို့ ၊ ထိုသို့တပြီးကား နာကြားကြကုန် ၊ ကောင်းစွာ နှလုံးထားကြကုန် ၊ ဟောညွှန်အံ့၊ ကောင်းလှပါပြီ ဘုရား။

ရဟန်းတို့ ၊ ဤလောက၌ သူစင်သူမြတ်တို့ကို မဖူးမြော်ရ၍ အကြားအမြင် ကင်းမဲ့သဖြင့် သူစင်သူမြတ်တို့ တရား၌ မလိမ်မာသောကြောင့် သူစင်သူမြတ်တို့ တရားတော်၌ မဆုံးမ ၊ ယောင်ကျေးသော အများပုထုဇဉ်ပုဂ္ဂိုလ်သည် ကျင့်ဆောင် မှီဝဲအပ်သော တရားတို့ကို မသိ ၊ မကျင့်ဆောင် မမှီဝဲအပ်သော တရားတို့ကို မသိ ၊ ကိုးစားအပ်သော တရားတို့ကို မသိ ၊ မကိုးစားအပ်သော တရားတို့ကို မသိ ၊ သူသည် ထိုသို့ဖြစ်သောကြောင့် ကျင့်ဆောင် မှီဝဲအပ်သောတရားတို့ကို မကျင့်ဆောင် မမှီဝဲ ၊ မကျင့်ဆောင် မမှီဝဲ အပ်သော တရားတို့ကို ကျင့်ဆောင် မှီဝဲ၏၊ ကိုးစားအပ်သော တရားတို့ကို မကိုးစား ၊ မကိုးစားအပ်သော တရားတို့ကို ကိုးစား၏၊ ထိုသို့ဖြစ်သောကြောင့်

ထိုသို့သောသူမှာ မလိုလားရာ ၊ မနှစ်သက်ရာ၊ စိတ်အား မထက်သန်ရာတို့သာ တိုးပွါး ကုန်၍ လိုလားရာ ၊ နှစ်သက်ရာ ၊ စိတ်ထား ထက်သန်ရာတို့ကား လျော့ပါး ဆုတ်ယုတ် ကုန်၏၊ အကြောင်းကား ၊ ရဟန်းတို့ ၊ ပညာဉာဏ်မရှိ၍ မသိတတ် သူတို့မှာ ဤသို့ဖြစ်ရမြဲ ဓမ္မတာပင်ဖြစ်၏၊ ရဟန်းတို့ ၊ သူစင်သူမြတ်တို့ကို ဖူးမြင်ရ၍ အကြား အမြင်ရှိသဖြင့် သူစင်သူမြတ်တို့တရား၌ လိမ္မာသောကြောင့် သူစင်သူမြတ်တို့ တရား၌ ဆုံးမယဉ်ကျေးပြီး ဘုရား တပည့်တော် သည်ကား ကျင့်ဆောင် မှီဝဲ အပ်သည်ကို လည်း သိ၏ ၊ မကျင့်ဆောင် မမှီဝဲ အပ်သည်ကိုလည်း သိ၏၊ ကိုးစား အပ်သည်ကို လည်း သိ၏ ၊ မကိုးစားအပ်သည်ကိုလည်း သိ၏ ၊ ထို့ကြောင့် သူသည် ကျင့်ဆောင် မှီဝဲအပ်သည်ကိုသာ မှီဝဲကျင့်ဆောင်၏ ၊ မကျင့်ဆောင် မမှီဝဲအပ်သည်ကို မကျင့် ဆောင်မမှီဝဲချေ၊ ကိုးစားအပ်သည်ကိုသာ ကိုးစား၏၊ မကိုးစားအပ်သည်ကို မကိုးစား ချေ၊ ယင်းသို့ ဖြစ်ရကား သူ့မှာ မလိုလားရာ ၊ မနှစ်ခြိုက်ရာ ၊ စိတ်အား မထက်သန် ရာ ၊ မကောင်းကျိုးများ လျော့ပါး ဆုတ်ယုတ်ကုန်၍ လိုလားရာ ၊ နှစ်ခြိုက်ရာ ၊ စိတ် အား ထက်သန်ရာ ကောင်းကျိုး တရား တို့သာ တိုးပွါး ကုန်၏၊ အကြောင်းကား ရဟန်းတို့၊ ပညာဉာဏ်ရှိ၍ သိတတ်သူတို့မှာ ဤသို့ ဖြစ်ရမြဲဓမ္မတာပင်ဖြစ်သတည်း၊

အို ရဟန်းတို့ ၊ တရား ဆောက်တည် ကျင့်သုံးနည်းတို့ကား လေးမျိုးတို့တည်း။ ၎င်းတို့ကား ၁–မျက်မှောက်ဆင်းရဲ၍ တမလွန်ဆင်းရဲရရေး၊

၂–မျက်မှောက်ချမ်းသာ၍ တမလွန်ဆင်းရဲရရေး၊

ရှိ ၃–မျက်မှောက်ဆင်းရဲ၍ တမလွန်ချမ်းသာရရေး၊

နှပ် ၄–မျက်မှောက်လည်းချမ်းသာရ၍ တမလွန်လည်းချမ်းသာရရေး

ကြ ့လေးမျိုးတို့တည်း။

ဂဂ ရဟန်းတို့ ၊ ဤလေးမျိုးတို့အနက် ၁– မျက်မှောက်လည်း ဆင်းရဲ၍ တမလွန် လည်း ဆင်းရဲရရေး ကျင့်ဆောင် နည်းကို၊ ပညာဉာဏ် ကင်းမဲ့ မိုက်မဲသူသည် မသိတတ်၊ ထို့ကြောင့် ထိုသို့သော တရားကို ထိုသူ ကျင့်ဆောင်များသဖြင့် အလိုမရှိ ရာ ၊ မနှစ်ခြိုက်ရာ ၊ စိတ်အားမထက်သန်ရာ ၊ မကောင်း ဆိုးဝါးသော အဖြစ်ဆိုးတို့ တိုးပွါးကုန်၍ အလိုရှိရာ ၊ နှစ်ခြိုက်ရာ ၊ စိတ်အားထက်သန်ရာ ကောင်းကျိုးတို့ကား လျော့ပါး ဆုတ်ယုတ်ကုန်၏၊ ရဟန်းတို့ ၊ အကြောင်းကား မသိမိုက်မဲသူတို့မှာ ထိုသို့ ဖြစ်ရမြဲ ဓမ္မတာပင် ဖြစ်သတည်း။

၂- ရဟန်းတို့ ၊ မျက်မှောက်ချမ်းသာ၍ တမလွန်ဆင်းရဲရရေး ကျင့်ဆောင်နည်းကို မသိမိုက်မဲသူသည် ကျင့်ဆောင်လိုက်နာလေသည်၊ ထို့ကြောင့် သူ့မှာ မလိုလားရာ မနှစ်ခြိုက်ရာ၊ စိတ်အား မထက်သန်ရာ မကောင်းကျိုးတို့ တိုးပွါး ကုန်၍ လိုလားရာ နှစ်ခြိုက်ရာ ၊ စိတ်အားထက်သန်ရာ ကောင်းကျိုးတရားတို့ လျော့ပါး ဆုတ်ယုတ် ကုန်၏။ ရဟန်းတို့၊ အကြောင်းကား မသိမိုက်မဲသူတို့မှာ ထိုသို့ဖြစ်ရမြဲ ဓမ္မတာပင် ဖြစ်၏။

၃- ရဟန်းတို့, မျက်မှောက်ဆင်းရဲ၍ တမလွန်ချမ်းသာရရေး ကျင့်ဆောင်နည်းကို မသိမိုက်မဲသူ မသိ, ထို့ကြောင့် သူသည် ၎င်းကို မကျင့်ဆောင်, ရှောင်ကြဉ်လေသည်၊ ထို့ကြောင့် သူ့မှာ မလိုလားရာ, မနှစ်မြို့ကရာ, စိတ်အားမထက်သန်ရာ မကောင်း ကျိုး တို့သာ တိုးပွါးကုန်၍ လိုလားရာ,နှစ်မြို့ကရာ,စိတ်အားထက်သန်ရာ ကောင်းကျိုးတရားတို့ကား လျော့ပါး ဆုတ်ယုတ်ကုန်၏၊ အကြောင်းကား မသိမိုက်မဲသူမှာ ထိုသို့ဖြစ်ရခြင်း ဓမ္မတာပင်ဖြစ်၏။

၄- ရဟန်းတို့, မျက်မှောက်လည်း ချမ်းသာ၍ တမလွန်လည်း ချမ်းသာရရေး,ကျင့်ဆောင်နည်းကို မသိမိုက်မဲသူသည် မသိ, ထို့ကြောင့် သူသည် ၎င်းကိုမကျင့်ဆောင်, ကြဉ်ရှောင် လေသည်၊ ထို့ကြောင့် သူ့မှာ မလိုလားရာ , မနှစ်မြို့ကရာ , စိတ်အား မထက်သန်ရာ မကောင်း ကျိုးတရားတို့ တိုးပွါးကုန်၍ လိုလားရာ, နှစ်မြို့ကရာ , စိတ်အားထက်သန်ရာ ကောင်းကျိုးတရားတို့ကား လျော့ပါး ဆုတ်ယုတ်ကုန်၏၊ ရဟန်းတို့, အကြောင်းကား မသိမိုက်မဲသူမှာ ထိုသို့ဖြစ်ရခြင်း ဓမ္မတာပင် ဖြစ်သတည်း။

ရဟန်းတို့ , ပညာ ဉာဏ်ရှိ၍ သိတတ်သူ ကား ဤလေးမျိုး ကျင့်ကြံနည်း တို့ကို ကောင်းစွာသိ၍ လိုက်နာ ကျင့်ကြံသင့်သည်ကို လိုက်နာကျင့်ကြံ၏ , ကြဉ်ရှောင် သင့်သည်ကို ကြဉ်ရှောင်၏၊ ထို့ကြောင့် သူ့မှာမလိုလားရာ, မနှစ်မြို့ကရာ,စိတ်အားမထ က်သန်ရာ မကောင်း ကျိုးတရားတို့ လျော့ပါးဆုတ်ယုတ်ကုန်၍ လိုလားရာ , နှစ်မြို့ကရာ , စိတ်အား ထက်သန်ရာ ကောင်းကျိုးတရားတို့ တိုးပွါးကုန်၏၊ ရဟန်းတို့ , အကြောင်းကား ပညာဉာဏ်ရှိ၍ သိမြင်လိမ္မာသူမှာ ထိုသို့ဖြစ်ရခြင်း ဓမ္မတာပင် ဖြစ်၏။

၁- ရဟန်းတို့, မျက်မှောက်လည်း ဆင်းရဲ၍ တမလွန်လည်း ဆင်းရဲရရေး ကျင့်ကြံနည်းကား အဘယ်နည်း?၊ ရဟန်းတို့ , ဤလောက၌ အချို့ ပုဂ္ဂိုလ်သည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်လျက်ပင် သူ့အသက်ကို သတ်ဖြတ်၏, သူ့ဥစ္စာကို ခိုးယူ၏ , ကာမဂုဏ်တို့၌ မှားယွင်းကျင့်ကြံ၏, မုသားဆို၏,ချောပစ်ကုန်းတိုက်၏,စကားရုန့်ကြမ်းဆို၏, အပြိန်အဖျင်းပြော၏, သူ့စည်းစိမ်ကို တသ်မက်၏,သူ့ကိုပြစ်မှား၏, အယူအစွဲမှား၏- သူသည် ဤသို့သော အကျင့်များကို မျက်မှောက်တွင်လည်း ကိုယ်စိတ်ဆင်းရဲစွာ ကျင့်ဆောင်၍ တမလွန်၌လည်း ချမ်းသာ ကင်း၍ မကောင်း ဆိုးဝါးသူတို့ ဆိုက်ရောက်ရာ, မကောင်းကျခံရာ ငရဲ၌ ဖြစ်သေ၏၊ ရဟန်းတို့,ဤကား မျက်မှောက်လည်း ဆင်းရဲ, တမလွန်လည်း ဆင်းရဲရရေး ကျင့်ကြံနည်းတည်း။

၂- ရဟန်းတို့, မျက်မှောက်ချမ်းသာ၍ တမလွန် ဆင်းရဲရရေး ကျင့်ကြံနည်းကား၊ ဤလောက၌ အချို့ပုဂ္ဂိုလ်သည် ချမ်းသာ ရွှင်ပျလျက် သူ့အသက်ကို သတ်ဖြတ်၏, သူ့ဥစ္စာကို ခိုးယူ၏,ကာမဂုဏ်တို့၌ မှားယွင်းကျင့်ကြံ၏,မုသားဆို၏,ချောပစ်ကုန်းတိုက်၏, စကားရုန့်ကြမ်းဆို၏,အပြိန်အဖျင်းပြော၏,သူ့စည်းစိမ်ကိုတသ်မက်၏,သူ့ကိုပြစ်မှား၏, အယူအစွဲ မှား၏-သူသည် ဤသို့သော အကျင့်တို့ကို ရွှင်ပျချမ်းသာစွာ ကျင့်ကြံ၍

သေလွန်သော်-ဒုဂ္ဂတိသို့ ရောက်ရလေ၏၊ ရဟန်းတို့, ဤကား မျက်မှောက်ချမ်းသာ၍ တမလွန် ဆင်းရဲရရေး ကျင့်ကြံနည်းတည်း။

၃- ရဟန်းတို့, မျက်မှောက်ဆင်းရဲ၍ တမလွန် ချမ်းသာရရေး ကျင့်ကြံနည်း ကား၊ ဤလောက၌ အချို့သူသည် ကိုယ်စိတ် ဆင်းရဲရလျက် သူ့အသက် သတ်ခြင်းမှ ကြဉ်ရှောင်၏, သူ့ဥစ္စာ ခိုးမှုမှ ကြဉ်ရှောင်၏, ကာမဂုဏ်တို့၌ မှားယွင်း ကျင့်ကြံမှုမှ ကြဉ်ရှောင်၏, မုသားမှ ကြဉ်ရှောင်၏, ချောပစ်ခြင်းမှ ကြဉ်ရှောင်၏, စကားရုန့်ကြမ်း ပြောဆိုခြင်းမှ ကြဉ်ရှောင်၏, အပြိန်အဖျင်း ပြောဆိုခြင်းမှ ကြဉ်ရှောင်၏, သူ့စည်းစိမ်ကို မတသ်မက်,သူ့ကို မပြစ်မှား,အယူမှန်၏-သူသည် ၎င်းတို့မှ ကြဉ်ရှောင်ရသည့်အတွက် မျက်မှောက်တွင် ကိုယ်စိတ်ဆင်းရဲရ၍ တမလွန်၌ကား နတ်ရွာသို့ ရောက်ဆိုက်ရ၏၊ ဤကား မျက်မှောက်ဆင်းရဲ၍ တမလွန်၌ ချမ်းသာရရေး ကျင့်ကြံနည်းတည်း၊

၄ - ရဟန်းတို့ , မျက်မှောက်လည်း ချမ်းသာ၍ တမလွန်လည်း ချမ်းသာ ရရေး ကျင့်ကြံနည်းကား၊ ဤလောက၌ အချို့သူသည် ချမ်းသာ ရွှင်ပျလျက်ပင် သူ့အသက် သတ်မှုမှ ကြဉ်ရှောင်၏, သူ့ဥစ္စာခိုးမှုမှကြဉ်ရှောင်၏, ကာမဂုဏ်တို့၌ မှားယွင်းကျင့်ကြံမှုမှ ကြဉ်ရှောင်၏,မုသားမှ ကြဉ်ရှောင်၏,ချောပစ်ခြင်းမှ ကြဉ်ရှောင်၏, စကားရုန့်ကြမ်း ပြောဆိုခြင်းမှ ကြဉ်ရှောင်၏,အပြိန်အဖျင်း ပြောဆိုခြင်းမှ ကြဉ်ရှောင်၏,သူ့စည်းစိမ်ကို မတသ်မက်, သူ့ကိုမပြစ်မှား,အယူအစွဲမှန်၏- သူသည် ဤသို့သောကြဉ်ရှောင်ရေးများ အတွက် မျက်မှောက်လည်း ချမ်းသာ ရွှင်ပျလျက်,တမလွန်လည်း ကောင်းရာသုဂတိသို့ ဆိုက်ရောက်ရလေသည်၊ ရဟန်းတို့, ဤကား မျက်မှောက်လည်း ချမ်းသာ၍ တမလွန် လည်း ချမ်းသာရရေး ကြင့်ကြံနည်းတည်း။

၁- အို ရဟန်းတို့, ဥပမာအားဖြင့် ဗူးခါးသီးကို အဆိပ်ခတ်ပြီးလျှင် အသက်ရှင်လို, မသေလို, ချမ်းသာလို၍. ဆင်းရဲမုန်းတီးသူ တယောက်အား- အို အချင်း, သင်သည် အလိုရှိလျှင် ၎င်းကိုသောက်, အရသာလည်း ရှိမည်မဟုတ်, သောက်ပြီးသော်- သေရခြင်းသော်၎င်း, သေဝပါးနီး ဆင်းရဲသော်၎င်း ဖြစ်မည်ကား မလွတ်ဟုဆိုရာ၏၊ သူသည် ၎င်းကို မဆူးစမ်း မဆင်ခြင်မူ၍ သောက်လေရာ၏၊၎င်းမှာ သောက်၍ အရသာမရှိရုံမျှ မကသေး, သေလွန်ရခြင်းသို့သော်၎င်း, သေဝနီးပါး ဆင်းရဲသို့သော်၎င်း , ရောက်လေရာ၏၊ ရဟန်းတို့ , မျက်မှောက်လည်း ဆင်းရဲရ၍ တမလွန်လည်း ဆင်းရဲရရေး တရားကျင့်နည်းကို ဤဗူးခါးသီးအဆိပ်ခတ်ပုံအတိုင်းငါဆို၏။

၂- ရဟန်းတို့, အဆျော်ရည် ထည့်ထားသော ခွက်သည် အဆင်းအနံ့ နှင့်ကား ပြည့်စုံ၏၊ သို့ရာတွင် အဆိပ်ခတ်၍ ထားလေသည်၊ မသေလိုပဲ အသက်ရှင်လိုသူ,မဆင်းရဲမူ၍ ချမ်းသာလိုသူ တယောက်အား- အို အချင်း , သင်သည် ၎င်းကို သောက်လိုက သောက်, အရသာရှိ၏၊ သို့သော် သောက်ပြီးလျှင် သေသော်သေမည် , သေဝနီးပါး ဆင်းရဲကိုသော်ရောက်မည်ဟုဆိုရာ , ၎င်းကို ထိုသူမဆူးစမ်းမဆင်ခြင်ပဲသောက်လေ၍

သေသော် သေလေရာ၏, သေ၀ နီးပါးသော် ဖြစ်လေရာ၏၊ ရဟန်းတို့, မျက်မှောက် ချမ်းသာ၍ တမလွန်ဆင်းရဲရရေး ကျင့်ကြံနည်းကို ဤအဆိပ်ခတ်အဖျော်ရည်အတိုင်း ငါဆို၏။

၃-ရဟန်းတို့, နွားကျင်ငယ်ကို အထူးထူးသောဆေး၀ါးတို့ဖြင့်ရောနှောထားလေရာ၊ ၎င်းကို ဖျော့တော့သော ရောဂါရှိသူအား - အို အချင်း , ၎င်းကို သင် သောက်လိုက သောက်, သောက်လျှင် အရသာ မကောင်းစေကာ , ရောဂါ ပျောက်၍ ချမ်းသာလေရာသည်ဟု ဆိုရာ, ၎င်းကို ထိုသူ သောက်လေလျှင် အရသာ မကောင်းစေကာ, ရောဂါ ပျောက်ကင်းလေ၏၊ ရဟန်းတို့ , မျက်မှောက်ဆင်းရဲ၍ တမလွန် ချမ်းသာ ရရေး ကျင့်ကြံနည်းကို ဤဆေးထုံ နွားကျင်ငယ် ပုံအတိုင်း ငါဆို၏၊

၄-ရဟန်းတို့, ဥပမာအားဖြင့် နို့, မေ, ပျားရည်, ထောပတ်, တင်လဲ-ဤလေးမျိုးကို ယောစင်ထား၍ သွေးသွန်ရောဂါရှိသူ တယောက်အား- အို အချင်း , သင်အလိုရှိက ဤအရာကိုသောက်, အရသာလည်းရှိ၍ သင်၏ရောဂါလည်း ပျောက်ကင်းလိမ့်မည်ဟု ဆိုရာ,ထိုသူသည်၎င်းကိုသောက်လေရာ၏၊သူသည် ၎င်းကိုသောက်လျှင်အရသာလည်း ရှိလျက် ရောဂါလည်း ပျောက်ကင်း လေရာ၏၊ ရဟန်းတို့, မျက်မှောက်လည်းချမ်းသာ ရ၍ တမလွန်လည်း ချမ်းသာရရေးကျင့်ကြံနည်းကို ဤစတုမဓုပုံအတိုင်းငါဆို၏။

ရဟန်းတို့,ဥပမာအားဖြင့် မိုးလကုန်အဆုံး တန်ဆောင်မုန်းလ၌မိုးတိမ်ကင်းစင်၍ မြူ အညစ်အကြေးမတင်သောအခါ- နေမင်းသည် ထွက်ပေါ် လာလျက် ကောင်းကင် ပြင်၌ရှိ အမိုက်မှောင်အားလုံးကို ပယ်ဖျောက် ထွန်းပ ထိန်လက် တင့်တယ် လေသကဲ့သို့ ထို့အတူပင် မျက်မှောက်လည်း ချမ်းသာ တမလွန်လည်း ချမ်းသာရေး ကျင့်ကြံနည်း သည်,ထိုမှတပါး အခြားသော ရဟန်း သူတော်သူမြတ်တို့ကို လွှမ်းကဲလွှမ်းမိုး၍ ထွန်း ထိန်လင်း တင့်တယ်လေသည်၊ ဤတရားကို ဘုရားရှင် ဟောတော်မူရာ , ရဟန်းတို့ နှစ်သိမ့်ကုန်ပြီ၊ ဤသို့ ကြားနာ မှတ်သားရ ပါသည်။ †

မဟာ ဓမ္မ သမာဒါန သုတ္တန် ပြီး၏။

† ဤဆိုခဲ့ပြီး စူဠ ဓမ္မ သမာဒါန - မဟာ ဓမ္မ သမာဒါန သုတ္တန် နှစ်မျိုးလုံးပဲ ဘုရားဟောဟု ကျွန်ုပ်တို့ မဆိုလို၊ သို့သော် ဘုရား့တရားတော်နှင့် သင့်တန်လိုက်လျော၏၊

# ၄၇။ ဝီမံသက သုတ္တန်

ဤသို့ အကျွန်ုပ်သည် ဘုရားရှင့်အထံတော်မှ ကြားနာမှတ်သားရပါသည်၊ တရံအခါ သာဝတ္ထိမြို့တော် အနာထပိဏ်သဋ္ဌေးကြီးဆောက်လုပ် လှူဒါန်းသော ဇေတဝန်ကျောင်းတော် ကြီး၌ နတ်လူတို့ ကျေးဇူးကို ဆောင်ရွက်လျက် ဘုရားရှင် သီတင်းသုံး နေတော်မူလေပြီ၊ ထိုစဉ်အခါ တနေ့သ၌ တရားသဘင်တွင် နေထိုင်လျက်ရှိကြသော ရဟန်းတို့အား ဘုရားရှင်က "ရဟန်းတို့ , သူတပါး၏ စိတ် အကြံအစည်ကို သိနိုင်၍ ထောက်လှမ်း စုံစမ်းလေ့ ရှိသော ရဟန်းသည် ဘုရားရှင့် အပေါ်၌ တရား အားလုံးကို မှန်ကန်စွာ သိနိုင်သော ဘုရား ဟုတ်သလော ?၊ မဟုတ်လော ? "ဟု သိမြင်ရန် စုံစမ်း ရှာဖွေအပ်၏၊ ဤသို့ မိန့်တော်မူရာ, + ရဟန်းတို့က " တပည့်တော်များ၏ တရား သိမြင်ရေး အားလုံးကား ဘုရားရှင်လျှင် အရင်းအမြစ် ကိုးစားရာ, အားထားရာ ဖြစ်ပါ သည်၊ တောင်းပန်ပါသည်ဘုရား, ဘုရားရှင်သာလျှင် ထိုစကား၏ အနက်အဓိပ္ပါယ်ကို အကျယ်ဝေဖန် ညွှန်ပြတော်မူပါ, ရဟန်းတို့သည် ဘုရားရှင့် အမိန့်တော်ကို နာကြား၍ မှတ်သားကြပါကုန်လိမ့်မည် " ဟု လျှောက်ထားသဖြင့်, ရဟန်းတို့, ထိုသို့ ဖြစ်ခဲ့လျှင် နာယူကြကုန်, ကောင်းစွာ နှလုံးသွင်းကြကုန်, ဟောကြားအံ့ဟု ဘုရားဝန်ခံတော်မူ၍ "ကောင်းလှပါပြီ ဘုရား"ဟု ရဟန်းတို့ လျှောက်ထားကြကုန်သော်- ဤသို့ ဟော ညွှန်တော်မူလေပြီ။

ရဟန်းတို့, သူတပါး၏ စိတ်အကြံအစည်ကို သိမြင်နိုင်၍ စုံစမ်း ဆင်ခြင်လေ့ရှိသော ရဟန်းသည် ဘုရားရှင်၏ မျက်စိအရာ , နားအရာ * ဖြစ်သော တရားနှစ်မျိုး တို့၌ ဘုရားရှင်မှာ ညစ်ညမ်းသော မျက်စိအမှုအရာ , နား အမှုအရာများ ရှိသလော ?၊ မရှိ လော ? ဟု စုံစမ်းဆင်ခြင်အပ်၏၊ သို့ စုံစမ်းဆင်ခြင်၍ မျက်စိအရာ , နားအရာ တို့၌ ညစ်ညမ်းသော အချက်များ မရှိခဲ့သော် - ယောနှော ထွေးသွက်သော မျက်စိအရာ , နားအရာ ညစ်ညမ်းမှုများ ရှိသလော ?၊ မရှိလော ? ဟု ထပ်မံစုံစမ်းအပ်၏၊ သို့စုံစမ်း ရာ၌လည်း ယောနှောထွေးသွက်သောမျက်စိနှင့်နားအရာ ညစ်ညမ်းမှုများ မရှိခဲ့သော်

---

+ မည်သို့ စုံစမ်း အပ်ပါသနည်း ဟု မေးလျှောက် ခွင့်မှတပါး အခြားပြောဆိုခွင့် မရှိချေ၊ သို့ရာတွင် တောင်းပန်စကား ထွက်ပေါ် နေ၏၊ ဤကို မြင်သဖြင့် သီဟိုဠ်ပိဋကဆောင်တို့ ချွတ်ယွင်းချက်ကိုသိအပ် လေသည်၊ သို့သော် ဤသုတ္တန်မူကား အလွန်ကောင်း၏၊ အဆင်း အတက်ကား မကောင်းလှချေ။

* မျက်စိနှင့်နား ဒွါရနှစ်မျိုး၌သာ စုံစမ်းဖွယ်မဟုတ်, ခြောက်ဒွါရလုံးမှာပင် စုံစမ်းရမည့်အရာသာဖြစ်ရာ၏။

ဘုရားရှင်မှာ မျက်စိနှင့် နား ဆိုင်ရာ တို့၌ စင်ကြယ်သော အချက်များ ရှိသလော ?၊ မရှိလော ? ဟု ထပ်မံ စုံစမ်းအပ်၏၊ သို့ စုံစမ်းရာ၌ ဘုရားရှင်မှာ မျက်စိနှင့်နားဆိုင်ရာ စင်ကြယ်သောအချက်များကို တွေ့မြင်ရခဲ့သော်- ဤအရှင်သည် ဤသည့် ကုသိုလ်တရားကို ရှည်မြင့်စွာကပင် ပြည့်စုံစွာ ဖြစ်ခဲ့သလော ?၊ သို့မဟုတ် တခဏမျှ အတွင်းမှာပင် ပြည့်စုံစွာ ဖြစ်ခဲ့သလော ? ဟု ထပ်မံ စုံစမ်းအပ်၏၊ သို့စုံစမ်းရာတွင် ရှည်မြင့်စွာကပင် ဤ ကုသိုလ်တရားတို့ ဆိုက်ရောက်နေသည့် , တခဏမျှ အတွင်းမှာသာ ဆိုက်ရောက် ပြည့်စုံနေသည် မဟုတ်ဟု သိခဲ့ရသော်- ဤအရှင်သည် ရှည်မြင့်စွာသော ကာလပတ်လုံး ကုသိုလ် တရားနှင့် ပြည့်စုံခဲ့၍ သိမြင်ခြင်းသို့ ရောက်လျက် ကျော်ကြား သလော ?၊ သို့မဟုတ် တစုံတရာ အနည်းငယ်မျှ ဖြစ်စေ အပြစ်များ ရှိသေးသလော? ဟု ထပ်မံ စုံစမ်းအပ်၏။

ရဟန်းတို့ , သို့ စုံစမ်းရာတွင် ရှည်မြင့် စွာသော ကာလပတ်လုံး သိမြင် ကျော်ကြား ခြင်းသို့ ရောက်ခဲ့လျက်, အပြစ် ဒိုးစဉ်းမျှ မရှိသည်ကို သိရသော် - ဤအရှင်သည် ဘေး ဥပဒ်မှ ကြောက်ရွံ့ခြင်းကင်းသလော ?၊ သို့မဟုတ် ကြောက်ရွံ့သလော ?၊ တပ်ခြင်း ကင်း၍ ကာမဂုဏ်ကို မမှီဝဲသလော ? ဟု ထပ်မံ စုံစမ်းအပ်၏၊ သို့ စုံစမ်းရာ၌ ဤ အရှင်သည် ကြောက်ရွံ့ထိတ်လန့်ခြင်းကင်း၏,ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိ၊ တပ်ခြင်း ကင်း၍ ကာမဂုဏ်ကို မမှီဝဲဟု သိရအံ့၊ ရဟန်းတို့,၎င်းကို အခြားသောရဟန်းတို့က " ဒိုင် ငါ့ရှင်,ဤအရှင်သည် ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ,တပ်ခြင်းကင်း၍ ကာမဂုဏ် ကို မမှီဝဲဟု ငါ့ရှင်ဆို၏၊ သို့ဆိုရခြင်း၏ အကြောင်းကား အဘယ်နည်း ?၊ အချက်ကား အဘယ်နည်း ? "ဟု မေးကုန်အံ့၊ ရဟန်းတို့, ထိုအမေး၏ကောင်းမွန်သော အဖြေမှာ ဤသို့ ဖြစ်ပေရာ၏၊ ဤအရှင်သည် သံဃာ့ဘောင်၌ နေသော်၎င်း , တဦးတည်း ဆိတ် ငြိမ်ရာ၌ နေသော်၎င်း-ကောင်းသောအရာ, မကောင်းသောအရာ,သံဃာအားဆုံးမချက်, လာဘ်ပစ္စည်း-ဤအရာတို့ကို ဤအရှင် မသိသည်မဟုတ်၊ ထို့ပြင်၎င်း၏ မျက်မှောက် မှလည်း "ငါသည် ဘေးဥပဒ်မှ မကြောက်,တပ်ခြင်းကင်း၍ ကာမဂုဏ်ကို မမှီဝဲ " ဟုလည်း ကြားနာရ၏၊ ဤသို့ ဖြေကြားသော်-ကောင်းသောဖြေဆိုခြင်းဖြစ်ပေရာ၏။

ရဟန်းတို့ , ထိုသို့ဖြစ်ရာတွင် မျက်စိနှင့် နားဆိုင်ရာ ညစ်ညမ်းသော တရားယုတ် များ,ယောနှော ထွေးယှက်သော တရားများ , ထိုသို့မဟုတ် စင်ကြယ်သော တရားများ ရှိပါကုန်သလော ? ဟု ဘုရားရှင်ကိုသာ * မေးအပ်၏၊ ရဟန်းတို့ , ဘုရားရှင်က ဖြေ ကြားခဲ့သော်- ဤသို့ ဖြေဆိုပေရာ၏၊ မျက်စိနှင့် နားဆိုင်ရာ ညစ်ညမ်းသော တရား ယုတ်တို့ မရှိကုန်၊ ယောနှော ထွေးယှက်သော တရားတို့လည်းမရှိကုန်၊ စင်ကြယ်သော

* ဤ၌ ''ဘုရားဟုတ်- မဟုတ် စုံစမ်းရာတွင် ဘုရားကိုသာ မေးရမည်'' ဆိုချက်မှာ မကောင်းချေ၊ဤလည်း ပိဋကဆောင်တို့ ခွတ်ယွင်းချက်ပင် ဖြစ်ပေရသည်၊ ဘုရားရှင်၌သာ် တနားနာရန် တိုက်တွန်းညွှန်ကြား ချက်သာ ကောင်း၏၊ ပိဋကတော် ကြည့်ခြင်းမှာလည်း ဤအကျိုးပင်ငြိး၏။

တရားတို့သာ ရှိကုန်၏၊ ဤသို့လျှင် ငါသွားလမ်းရှိသူ ဖြစ်၏၊ ဤသို့ ငါစားကျက်ရှိသူ ဖြစ်၏၊ ထို့အတိုင်းကား မဖြစ်ပေ၊ ဤသို့ ဖြေဆိုရာ၏၊ ရဟန်းတို့ ၊ ဤသို့ဆိုသော ဘုရားရှင့်ထံသို့ ဝင်ရောက်၍ တရားနာယူအပ်၏၊ ၎င်းရဟန်းအား ဘုရားရှင်က လွန်လွန်ကဲကဲ မွန်မြတ်မွန် ဖြစ်၍ မည်းညစ်သော အဖို့ရှိသည့် တရား ၊ ဖြူစင်သော အဖို့ရှိသည့် တရားကို ဟောကြားတော်မူ၏၊ သို့ ဟောကြားသောတရားကို နာယူသိမှတ်၍ ထူးခြားစွာ သိမြင်လျက် ၊ အချို့သော တရားတို့၌ ဆုံးဖြတ်နိုင်၏၊ တရားမှန်ကို မှန်တိုင်း သိမြင်သော ပုဂ္ဂိုလ်တော်သခင် ဘုရားရှင်ပေတည်း၊ တရားတော်ကို ကောင်းစွာ ဟောကြားအပ်၏၊ တပည့် သံဃာတော်သည် ဟောကြားတိုင်း ကောင်းစွာ ကျင့်ဆောင်၏ဟု ဘုရားရှင် အပေါ်၌ ကြည်ညိုရ၏။

ထိုသို့သော ရဟန်းကို အခြားရဟန်းတို့က ဒိုငါ့ရှင် ၊ ငါ့ရှင်သည် " တရားမှန် အတိုင်း သိမြင်သော ဘုရား ၊ ကောင်းစွာ ဟောကြားသော တရား ၊ ကောင်းမွန်စွာကျင့် ဆောင်သော သံဃာ " ဟု ဆို၏၊ ထိုသို့ဆိုရန်အကြောင်း အဘယ်နည်း ?၊ အကျိုး အဘယ်နည်း ? ဟု မေးကုန်အံ့၊ ရဟန်းတို့ ၊ ထိုရဟန်းက "ငါ့ရှင်တို့ ၊ ငါသည် ဘုရားရှင့်ထံသို့ ဝင်ရောက်၍ တရားနာယူ၍ ထူးခြားစွာသိမြင်လျက်၊ အချို့သော တရား တို့၌ ဆုံးဖြတ်နိုင်ခဲ့ပြီ၊ ထို့ကြောင့် မှန်တိုင်းသိသော ဘုရား ၊ ကောင်းစွာ ဟောသော တရား၊ ကောင်းစွာကျင့်ဆောင်သောသံဃာဟု ဘုရားရှင့်အပေါ်၌ ငါကြည်ညိုခဲ့ပြီ "ဟု ဖြေဆိုပေရာ၏။

ဒိုရဟန်းတို့ ၊ အမှတ်မရှိ တစုံတဦးသော သူမှာ ဤအကြောင်း အချက်တို့ဖြင့် ၊ ဤသဒ္ဒါ ပုဒ် ဗျည်းတို့ဖြင့်၊ဤ ဝါကျစကား အပုအစဉ်တို့ဖြင့်ဘုရားရှင့်အပေါ်၌ ယုံကြည် ရေး သက်ဝင်သော- အရင်းအမြစ်ဖြစ်၍ တည်မြဲ၏၊ ရဟန်းတို့ ၊ ဤသည့် ယုံကြည် ရေးသည်သာ၊ ဤသို့သော ယုံကြည်ရေးသည်သာ အကြောင်းအချက်ရှိသောယုံကြည် ခြင်း၊ ဉာဏ်မြင်အရင်းရှိ၍ ယုံကြည်ခြင်း ဖြစ်သောကြောင့် ခိုင်မြဲသည့်၊ လောက၌ တစုံ တဦးသော ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ် ၊ ဗြဟ္မာတို့ မရွေ့ရှားနိုင် ၊ မလှုပ်ချောက်ခြားနိုင် ၊ မြဲခိုင်စွာသော ရှုမြင်ခြင်းအရင်းရှိသည့်ယုံကြည်ခြင်း၊အကြောင်းနှင့်တကွသောယုံကြည် ခြင်းဟု ဆိုအပ်၏၊ ရဟန်းတို့၊ ဘုရားရှင့်အပေါ်၌ ဤသို့ စုံစမ်းအပ်၏၊ ဤသို့ ဘုရားရှင် ဟောကြားတော်မူရာ၊ ရဟန်းတို့ နှစ်ခြိုက်ကုန်ပြီ၊ ဤသို့ ကြားနာ မှတ်သားရ ပါသည်။

ဝီမံ သက သုတ္တန် ပြီး၏။

## ၄၉။ သာရဏီယ ဓမ္မ သုတ္တန်

ဘုရားရှင် ကောသမ္ဗီ မြို့တော် ဃောသိတာရုံ ကျောင်းတော်ကြီး၌ သီတင်းသုံး နေတော်မူစဉ်အခါ ဤဆိုလတ္တံ့အတိုင်း ဘုရားရှင့် အဋ္ဌာန်တော်မှ အကျွန်ုပ် ကြားနာ မှတ်သားရပါသည်၊ ထိုစဉ်အခါ ဘုရားရှင်သည် ငြင်းခုံခိုက်ရန်ဖြစ်ပွါး ကြသော ရဟန်းတို့နှင့်စပ်၍ * ဤသို့ ဟောညွှန်တော်မူလေပြီ၊ ရဟန်းတို့, ဤခြောက် မျိုးသော တရားတို့သည် အောက်မေ့ကုန်သော်- အချင်းချင်း ချစ်ခင်ခြင်း, လေးစားခြင်း ဖြစ်ကုန်၍ ချီးမြှောက်ခြင်းငှါ, မငြင်းခုံခြင်းငှါ, ညီညွတ်ခြင်းငှါ , လုံးစည်းခြင်းငှါ ဖြစ် ကုန်၏၊ အဘယ်ခြောက်မျိုးတို့နည်း ?၊ ရဟန်းတို့, ဤသာသနာတော်ဝင် ရဟန်းမှာ သီတင်းသုံးဖေါ်တို့အပေါ်၌ မျက်မှောက်ဖြစ်စေ,မျက်ကွယ်ဖြစ်စေ ကာယကံ မေတ္တာ ကို ရှေးရှုထားအပ်၏၊ ဤတရားသည်လည်း အောက်မေ့အပ် , ချစ်ခင်အပ် , လေးစား အပ်၍ အချင်းချင်း ချီးမြှောက်ခြင်းငှါ,မငြင်းခုံခြင်းငှါ,ညီညွတ်ခြင်းငှါဖြစ်၏၊ ရဟန်းတို့, ထို့မှတပါးတုံ၊ရဟန်းမှာသီတင်းသုံးဖေါ်တို့အပေါ်၌ မျက်မှောက်မျက်ကွယ်ပင် ဝစီကံ မေတ္တာကို ရှေးရှုထားအပ်၏၊မနောကံမေတ္တာကို ရှေးရှုထားအပ်၏၊တရားနှင့်လျော်၍ တရားသဖြင့်ရသော လာဘ်ပစ္စည်းကို အယုတ်သဖြင့် သပိတ်တွင်းပစ္စည်းမျှကို ဖြစ်စေ, သီလရှိ သီတင်းသုံးဖေါ်တို့နှင့် မခွဲခြမ်း မသီးသန့်ပဲ ဆက်ဆံ ဃောနှော၍ သုံးဆောင် အပ်၏။

ရဟန်းတို့, ထို့မှတပါးတုံ၊ ကျိုးပေါက် ပြောက်ကျားခြင်း , သုံးလောကကို တော်လှန် ခြင်း, ပညာရှိချီးမွမ်းအပ်ခြင်း, အစွဲအလမ်းကင်းခြင်း, တည်တန့်ရေးကို ဖြစ်စေနိုင်ခြင်း- ရှိသည့် အင်္ဂါတို့နှင့် ပြည့်စုံသော သီလရှိ၍ သီတင်းသုံးဖေါ်တို့နှင့် သီလချင်း တူမျှစွာ ဖြစ်ရှိနေထိုင်၏၊ တဖန်တုံလည်း ကျင့်ကြံလိုက်နာခဲ့သော်- ဆင်းရဲကုန်ခန်းရေးဖြစ်၍ နိဗ္ဗာန် ထွက်ရပ်ပေါက် မဂ်လမ်း၌ သီတင်းသုံးဖေါ် တို့နှင့် မျက်မှောက် မျက်ကွယ်ပင် အယူအစွဲတူမျှ၏၊ ရဟန်းတို့, ဤသည့် အောက်မေ့အပ်,ချစ်ခင်အပ်,လေးစားအပ်သော တရားခြောက်မျိုးတို့ကား အချင်းချင်း ချီးမြှောက်ခြင်းငှါ, မငြင်းခုံခြင်းငှါ, ညီညွတ်ခြင်း ငှါ လုံးစည်းခြင်းငှါ ဖြစ်ကုန်၏။

÷ ရဟန်းတို့ , ဤသည့် ခြောက်မျိုးသော သာရဏီယ တရားတို့တွင် လိုက်နာ ပြု ကျင့်သူ့အတွက် ဆင်းရဲ ကုန်ခန်းရေး ဖြစ်၍ နိဗ္ဗာန် ထွက်ရပ် ပေါက်ရေး မဂ်လမ်း၌

---

* ဒိနည်း ကောသမ္ဗီကကျွန်တွင်ကား ဤစကားများ မပါချေ၊နိကာယ်ချင်း ဝါဒကွဲနေသည်ဟု ဆိုရမည့် အချက်လော ? သီဟိုဠ်ပိဋကဆောင်တို့ ရှုပ်ရှက်သော လုပ်ဇာတ်ပင်လော ? စဉ်းစားစရာ။

÷ ဤမှ ရှေးစကားရကား ဘုရားဟောရင်း တရားဖြစ်ကြောင်း သုတ္တန်တပါး သက်သေခံ ရှိ၏။

အကျင့်အယူ တူမျှခြင်းသည် ဒိဋ္ဌိ၏ အဆောက်အအုံ အားလုံးကို ရုံးပေါင်းစည်းရာ အထွတ်အချက်ကဲ့သို့ သာရဏီယတရား အားလုံးတို့၏ အထွတ်အထိပ်ဖြစ်၏၊ ပေါင်းစည်းရာ ရုံးရာဖြစ်၏၊ ရဟန်းတို့, ဤသည့် မဂ်လမ်းစဉ် အဘယ်သို့အားဖြင့် ဆင်းရဲကုန်ခန်းရေးဖြစ်၍ နိဗ္ဗာန် ထွက်ရပ်ပေါက်ရေးဖြစ်သနည်း ?၊ ရဟန်းတို့, * ဤသာသနာ၌ ဝင်ရဟန်းသည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်၍ ဤသို့ဆင်ခြင်အပ်၏၊

၁ - ငါ့မှာ ကာမအလိုဆန္ဒ ထကြွသောင်းကျန်းချက်များ မပယ်အပ်ပဲ ရှိနေသလော ?၊ သူတပါးအပေါ်၌ ဖျက်ဆီးလိုခြင်း ထကြွ သောင်းကျန်း ချက်များ မပယ်ဖွန့်ပဲ ရှိနေသလော ?၊ ပျင်းရိ ငိုက်မြည်းခြင်း ထကြွ သောင်းကျန်း ချက်များ မပယ်ဖွန့်ပဲ ရှိနေသလော ?၊ ပျံ့လွင့်ခြင်း, အလိုလိုဖြစ်ခြင်း ထကြွသောင်းကျန်းချက်များ မပယ်ဖွန့်ပဲ ရှိနေသလော ?၊ ယုံမှားခြင်း ထကြွသောင်းကျန်းချက်များ မပယ်ဖွန့်ပဲရှိနေသလော ?၊ ဤသို့ ဆင်ခြင်အပ်၏၊ သို့ဆင်ခြင်သော်-ငါ၏စိတ်မှာ အမှန်တရားလေးပါးကို သိမြင်ရေးအတွက် ဤသည့် ထကြွသောင်းကျန်းရေး တရားများကို ပယ်ဖွန့်အပ်ပြီဟု ဆင်ခြင်သိမြင် ရအံ့၊ ဤသည်ကား အများကိုကျင့်ဝင်သူတို့နှင့်မဆက်ဆံမူ၍, ဖြူစင်သောလောကမှ လွတ်မြောက်ရေးဉာဏ်ကို ရခြင်းပင်ဖြစ်၏၊

၂ - ရဟန်းတို့ , ထိုမှ တပါးလည်း ဘုရား၏ တပည့်တော်သည် ငါကား ဤ အယူတရားကို မှီဝဲ၍ , ပွါးများ၍ , အကြိမ်များစွာ ပြုလုပ်၍, မျက်မှောက်၌ အေးမြငြိမ်းချမ်းရ၏လော ? ဟု ဆင်ခြင်ရာ၏၊ သို့ဆင်ခြင်၍, အေးမြငြိမ်းချမ်းသည်ကို သိရအံ့ , ဤကား အများကိုကျင့်ဝင်သူတို့နှင့် မဆက်ဆံမူ၍, ဖြူစင်သော လောကမှ လွတ်မြောက်ရေးဉာဏ်ကို ရခြင်းပင်ဖြစ်၏။

၃ - ရဟန်းတို့,ထိုမှတပါးလည်း ဘုရား၏တပည့်တော်သည် ¶ ဤသာသနာတော်မှ အပြင်ပ၌ဖြစ်သော ရဟန်း သူတော် သူမြတ်တို့မှာ ဤသို့သော အယူအစွဲများနှင့်ပြည့်စုံပါ၏လော ? ဟု စုံစမ်းဆင်ခြင်အပ်၏၊ သို့ဆင်ခြင်၍, အခြား ရဟန်း သူတော်သူမြတ်တို့မှာ ဤအယူအစွဲမျိုး မရှိဟု ဆင်ခြင်မိအံ့၊ ဤကား အများကိုကျင့်ဝင်သူတို့နှင့် မဆက်ဆံမူ၍, ဖြူစင်သော လောကမှ လွတ်မြောက်ရေးဉာဏ်ကိုရခြင်းပင်ဖြစ်၏။

၄ - ရဟန်းတို့,ထိုမှတပါးလည်း ဘုရား၏တပည့်တော်သည် ငါကား အပြစ်အာပတ်တစုံတခု သင့်ရောက်ခဲ့သော်-ထိုအပြစ်မှ လျှင်စွာထမြောက် စောင့်စည်းစင်ကြယ်သော ပုဂ္ဂိုလ် အတန်းအစားဝင် ဖြစ်ပါ၏လော ? ဟု ဆင်ခြင်အပ်၏၊ သို့ဆင်ခြင်၍, အပြစ်

---

* ဤမှနောက် စကားရကား သိဟ်ဠိပိဋကဆောင်တို့ လုပ်တ-ချားဖြစ်၏, သုတ်တပါး အကိုး သက်သေခံမင်း

¶ ဤစကားဖြင့်လည်း ခရစ္စယာန် စသော အယူဝါဒတပါးကို သိနား၊လည် စုံစမ်းရမည်ဟု သိအပ်ပေသနည်းဖြစ်၏။

လျှင်စွာ ထမြောက် စောင့်စည်း စင်ကြယ်သူ ဖြစ်သည်ကို သိရအံ့, ဤကား အများ ဂိုဏ်းဝင်သူတို့နှင့် မဆက်ဆံမှု၍ ပြုစင်သော လောကမှ ထွက်မြောက်ရေး ဉာဏ်ကို ရခြင်းပင် ဖြစ်၏။

၅- ရဟန်းတို့,ထိုမှတပါးလည်း ဘုရား၏တပည့်တော်သည် ငါကား သိတင်းသုံးဖော်တို့၏ အမှုကြီးငယ်ကို လုပ်ကိုင် ဆောင်ရွက်စေကာ , ထိုအမှုနှင့်သာ မမွေ့လျော်ပဲ မဂ်ဖိုလ်ဆိုင်ရာ သီလ-သမာဓိ- ပညာတို့၌ ထက်သန်စွာ ငဲ့ကွက်သူ ဖြစ်ပါ၏လော ? ဟု ဆင်ခြင်အပ်၏၊ သို့ဆင်ခြင်၍ မဂ်ဖိုလ်ဆိုင်ရာ သီလ-သမာဓိ- ပညာတို့၌ ထက်သန်စွာ ငဲ့ကွက်သည်ကို သိရအံ့, ဤကား အများဂိုဏ်းဝင်သူတို့နှင့် မဆက်ဆံမှု၍ ပြုစင်သော လောကမှ ထွက်မြောက်ရေး ဉာဏ်အမြင်ကို ရခြင်းဖြစ်၏။

၆ - ရဟန်းတို့,ထိုမှတပါးလည်း ဘုရား၏တပည့်တော်သည် ငါကားဘုရားဟောညွှန်ချက် တရားတော်ကို အရိုးစွဲ နှစ်လုံးထား၍ နာယူသော အယူစင်ကြယ်သူ၏ အတန်းအစားသို့ ရောက်ပါ၏လော ? ဟု ဆင်ခြင်အပ်၏၊ သို့ဆင်ခြင်၍ ထိုသို့သော အယူပြည့်စုံသူနှင့် တူမျှသော အင်အားရှိသည်ကို သိရအံ့ , ဤကား အများဂိုဏ်းဝင်သူတို့နှင့် မဆက်ဆံမှု၍ ပြုစင်သော လောကမှ လွတ်လပ်ရေးဉာဏ်ကို ရခြင်းဖြစ်၏။

၇ -ရဟန်းတို့,ထိုမှတပါးလည်း ဘုရား၏တပည့်တော်သည် ငါကားဘုရားဟောချက် တရားကို ကြားနာသော် - အနက် အဓိပ္ပါယ်ကို နှစ်သက် , တရားကို နှစ်သက်သော အယူပြည့်စုံသူနှင့် တူတန်ပါ၏လော? ဟု ဆင်ခြင်အပ်၏၊ သို့ဆင်ခြင်၍ အယူပြည့်စုံသူနှင့် အားအင်တူသည်ကို သိရအံ့ , ဤကား အများဂိုဏ်းဝင်သူတို့နှင့်မဆက်ဆံမှု၍ ပြုစင်သော လောကမှ လွတ်မြောက်ရေး ဉာဏ်ကို ရခြင်းဖြစ်၏။

ရဟန်းတို့, ဤဉာဏ်ခုနစ်မျိုးနှင့် ပြည့်စုံသော ရဟန်းမှာ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် တရားသို့ ကောင်းစွာ ရောက်ဆိုက်သက်ဝင်၏၊ ရဟန်းတို့ , ဤ အင်္ဂါ ခုနစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည် သောတာပတ္တိ ဖိုလ်ကို မျက်မှောက်ပြု၏၊ ဤ တရားကို ဘုရားရှင် ဟောညွှန်တော်မူရာ , ရဟန်းတို့ နှစ်မြို့က်ကုန်ပြီ၊ ဤသို့ ကြားနာ မှတ်သားရပါသည်။

**သာရဏီယ ဓမ္မ သုတ္တန် ပြီး၏။**

မယော နှောဟု ဆိုဘိ၏၊ ရွေ့လျောခြင်း သဘောရှိလျက် မရွေ့လျောဟု ဆိုဘိ၏၊ တဖန် ဖြစ်ရ, အိုခင်းရ, သေလွန်ရ, ပြောင်းရွေ့ ဖြစ်ပွါးရသော ဖြဟ္မာ့ဘုံ ဖြဟ္မာ့ အဖြစ်ကို တဖန် မဖြစ်ပွါးရ, မအိုမင်းရ, မသေလွန်ရ, မပြောင်းရွေ့ မဖြစ်ပွါးရ ဟု ဆိုဘိ၏၊ ဤ့ထက် အလွန် လွှတ်လပ်ရေးရှိလျက်, ဤ့ထက်အလွန် လွတ်သပ်ရေး မရှိ"ဟု ဆိုဘိ၏။

† ရဟန်းတို့, ထိုသို့ ငါဆိုသောအခါ ဗကဖြဟ္မာက ဤသို့ဆိုလေပြီ၊ အို အရှင်, ကျွန်ုပ်ကား မြဲသည်ဖြစ်၍သာ မြဲ၏ဟု ဆိုပါသည်၊ မရွေ့ရှား၍သာ မရွေ့ရှားဟုဆိုပါသည်၊ အမြဲတည်၍သာ အမြဲတည်နေ၏ဟု ဆိုပါသည်၊ ဆင်းရဲနှင့် မယောနှော၍သာ ဆင်းရဲနှင့်မယောနှောဟု ဆိုပါသည်၊ ရွေ့လျောခြင်းသဘောမရှိ၍သာ ရွေ့လျောခြင်းသဘော မရှိဟု ဆိုပါသည်၊ တဖန် မဖြစ်ရ, မအိုမင်းရ, မသေရ, မရွေ့ရှား မဖြစ်ပွါး၍သာ ထို့အတိုင်းဆိုပါသည်၊ ဤထက်အလွန် လွှတ်လပ်ရာ မရှိ၍သာ ဤ့ထက် အလွန် လွတ်လပ်ရာ မရှိ ဟု ဆိုပါသည်၊ အို ရဟန်း, သင်မဖြစ်မီ ရှေးက ရဟန်း သူတော်သူမြတ်တို့သည် လောက၌ ဖြစ်ပွါးခဲ့ကုန်ပြီ၊ ၎င်းတို့မှာ သင်၏ကသိုဏ်းအသက် ခန့်မျှပင် အကျင့်လည်း ရှိခဲ့ပြီ၊ ၎င်းတို့ကား ဤ့ထက် ပိုလွန်သော လွတ်လပ်ရေး ရှိသည်ကို ဤ့ထက် ပိုလွန်သော လွတ်လပ်ရေးရှိ၏၊ ဤ့ထက်ပိုလွန်သော လွတ်လပ်ရေး မရှိသည်ကို ဤ့ထက် ပိုလွန်သော လွတ်သပ်ရေး မရှိဟု ဆိုကြကုန်ပြီ၊ အို ရဟန်း, ထို့ကြောင့် ငါ ဤသို့ပြော၏၊ သင်သည် ဤ့ထက် ပိုလွန်သော လွတ်လပ်ရာကို မတွေ့မြင်ရလတ္တံ့၊ စင်စစ်ကား သင် ပင်ပန်းရခြင်း, ဆင်းရဲရခြင်း, အကျိုးရကာမျှ ဖြစ်လိမ့်မည်၊ အို ရဟန်း, သင်သည် အကာယ်၌ မြေကိုစွဲမှီလေအံ့, ငါ၏ အနီး၌ပင် ဖြစ်လိမ့်မည်, မှီရာကို မှီနေကာသာ ဖြစ်လိမ့်မည်၊ ငါအလိုရှိတိုင်း ပြုလုပ်နိုင်ရာ, အပပြုနိုင်ရာသာ ဖြစ်လိမ့်မည်၊ အို ရဟန်း, သင်သည် အကာယ်၌ ရေကို, မီးကို, လေကို, သတ္တဝါတို့ကို, နတ်တို့ကို, နတ်မင်းတို့ကို, ဖြဟ္မာကို စွဲမှီနေခဲ့အံ့, ငါ့အနီး၌သာ တည်နေသူ, ငါအလိုရှိတိုင်း ပြုလုပ်နိုင်, အပပြုနိုင်ရာသာ ဖြစ်လတ်မည်- ဤသို့ ဆိုရလေပြီ။

ရဟန်းတို့, ထိုအခါ ငါဆိုသည်ကား "အို ဗကဖြဟ္မာ, အမှန်အားဖြင့် ငါသည် သင်၏လာရာကိုင်း, ရောက်ဆိုက်ရာကိုင်း, သင်၏ တန်ခိုး စွမ်းပကားကိုင်း, ဗက ဖြဟ္မာသည် ဤမှလာ၏, ဤသို့ ဆိုက်ရောက်၏, ဤမျှ တန်ခိုး စွမ်းပကားရှိ၏, ဤမျှ အာနုဘော်ကြီး၏, ဤသို့ စိုးရပိုင်နင်း၏ဟု ဤအားလုံးကို ငါသိ၏" ဟု ဆိုလေရာ၊ ဗကဖြဟ္မာက "အကျွန်ုပ်၏ လာရာ-ရောက်ရာကိုင်း, တန်ခိုး စွမ်းပကားကိုင်း ဘယ်သို့ သိပါသနည်း ? ဟု မေးသကာလ, ငါက-

---

† ဤနေရာ၌ ပိဋကဆောင်တို့ သီဟိုဠ်မူတွင် မာရ်နတ်ပူးဝင်သော ဖြဟ္မပါရိသဇ္ဇာ ဖြဟ္မာတဦး၏ စကားတခု တမျက်နှာကျော် စကားပိုပါရှိနေ၏။

ဤလ ဤနေ လှည့်လေ ကုန်ရာ ,
ရပ်အဝန်း ထွန်းတောက် ထိန်လက်စွာ၊
ထိုမျှပြော လောက ထောင်အရာ ,
သင့်အလို ထိုနိုက် ဖြစ်နိုင်စွာ။

တပါး သူ့ရှိ သင်သိ နိုင်စွာ ,
တပ်စွန်း ရှိ-မဲ့ သိခဲ့ နိုင်စွာ၊
ဤနိုက် ထုံနိုက် ဖြစ်ထိုက် သိစွာ,
လာရောက်ရှိ သင်သိ နိုင်စွမ်းစွာ။

ဤသို့အားဖြင့် သင်၏ တန်ခိုး စွမ်းပကားကို ငါသိ၏။ အို ဗြဟ္မာ , ဤမှတပါး ဤသည့် သင် သိစွမ်းနိုင်ရာမှတပါး အခြားသော အပေါင်း အစု မြောက်မြားစွာသည့် ဗြဟ္မာအပေါင်းအစု ရှိနေသေး၏၊ ၎င်းများကို သင်မသိ , မမြင်၊ ငါကား ၎င်းများကို သိ၏ , မြင်၏၊ အို ဗြဟ္မာ , အာဘဿရမည်သော ဗြဟ္မာအပေါင်းသည် ထင်စွာ ရှိ၏၊ သင်ကား ထိုမှသေလွန်ခဲ့၍ ဤဘုံမှာ ဖြစ်လာခဲ့၏၊ သင်သည်ကား ဤသည့် ယခု လက်ရှိဘုံ၌ ရှည်လျားကြာမြင့်စွာ နေထိုင်ရသဖြင့် ၎င်းကိုသတိမေ့လျော့ခဲ့ပြီ၊ ထို့ကြောင့် ၎င်းကို သင်မသိ , မမြင်၊ ငါကား သိ၏ , မြင်၏၊ အို ဗြဟ္မာ , ဤသို့ အားဖြင့်လည်း ငါသည် အသိဉာဏ်အားဖြင့် သင်နှင့် မတူ မျှချေ၊ အဘယ်မှာ သင့်အောက် နိမ့်ကျမည်နည်း ?၊ စင်စစ်ကား ငါသာ သင့်ထက်လွန်ကဲ၏။

အို ဗြဟ္မာ, သုဘကိဏှာမည်သောဗြဟ္မာအပေါင်းမည်သည်ရှိသေး၏၊ ဝေဟပ္ဖလာ မည်သော ဗြဟ္မာအပေါင်းမည်သည် ရှိသေး၏၊ အဘိဘူမည်သော ဗြဟ္မာအပေါင်းမည် သည် ရှိသေး၏၊ ၎င်းများကို သင်မသိ , မမြင်၊ ငါကား သိ၏, မြင်၏၊ ဤသို့အားဖြင့်လည်း ငါသည် အသိဉာဏ်အားဖြင့် သင်နှင့် မညီ မျှချေ၊ အဘယ်မှာ သင့်အောက် ယုတ်နိမ့် အံ့နည်း ?၊ စင်စင်ကား ငါသာ သင့်ထက် လွန်ကဲ၏၊ အို ဗြဟ္မာ , ငါကား မြေကို မြေအားဖြင့် , မြေဟု , မြေ့အတိုင်း ခွဲခြားသိ၍ မြေကို အမှတ်မထား , မြေကို ငါဟု အမှတ်မထား , မြေကိုငါ့ဟာဟု မစွဲဆို၊ အို ဗြဟ္မာ , ဤသို့ အားဖြင့်လည်း ငါသည် အသိဉာဏ်အားဖြင့် သင်နှင့်မတူ မျှချေ၊ အဘယ်မှာ သင့်အောက် နိမ့်ကျအံ့နည်း ?၊ စင်စင်မူကား ငါသာ သင့်ထက်လွန်ကဲ၏၊ အို ဗြဟ္မာ , ငါသည် ရေကို……မီးကို……လေ ကို……သတ္တဝါတို့ကို……နတ်တို့ကို…… နတ်မင်းတို့ကို…… ဗြဟ္မာကို ,အာဘဿရဗြဟ္မာ တို့ကို…… သုဘကိဏှာ ဗြဟ္မာတို့ကို……ဝေဟပ္ဖလာ ဗြဟ္မာတို့ကို……အဘိဘူဗြဟ္မာတို့ ကို…… အားလုံးကို အားလုံးအားဖြင့် အားလုံးဟု အားလုံးအတိုင်း ပိုင်းခြားသိ၏ , ထိုသို့ သိ၍ အားလုံးကို အားလုံးအနက် အဓိပ္ပါယ်အားဖြင့် မဘသ်မက်၊ အားလုံးကို အမှတ် မထား, အားလုံး၌ အမှတ်မထား, အားလုံးအားဖြင့်အမှတ်မထား, အားလုံးကိုငါဟုမမှတ်,

အားလုံးကို ငါ့ဟာဟု မစွဲလမ်း၊ ဤသို့ အားဖြင့်လည်း ငါကား အသိဉာဏ် အားဖြင့် သင်နှင့် မတူ မမျှချေ၊ အဘယ်မှာ သင့်အောက် ယုတ်နိမ့်အံ့နည်း?၊ စင်စစ်မှုကား ငါသာ သင့်ထက် လွန်ကဲ၏- ဤသို့ ပြောဆိုလေပြီ။

ထိုအခါ ရဟန်းတို့, ဗကဗြဟ္မာ ဆိုသည်ကား "အို အရှင်, အားလုံးကို အားလုံး အဖြစ်ဖြင့် အကယ်၍ မတသ်မက်အံ့ , ၎င်းကို သိမြင်ခြင်းအားဖြင့် သင့်မှာ အချည်းနှီး မဖြစ်ပါစေလင့်, အကျိုးမဲ့ မဖြစ်ပါစေလင့်, ဝိညာဉ်သည် မမြင်အပ်, အပိုင်းအခြား မရှိ, တက်ဝန်းကျင် လင်းထိန်၏၊ ထို ဝိညာဉ် သည် မြေကို မြေအားဖြင့် မတသ်မက်အံ့, ရေကို·····မီးကို ·····လေကို·····သတ္တဝါတို့ကို ······နတ်တို့ကို---နတ်ခင်းတို့ကို--ဗြဟ္မာကို- အာဘဿရာ ဗြဟ္မာတို့ကို ····· သုဘကိဏှာ ဗြဟ္မာတို့ကို···ဝေဟပ္ဖလာ ဗြဟ္မာတို့ကို- အဘိဘူ ဗြဟ္မာတို့ကို···· အားလုံးကို အားလုံးအဖြစ်ဖြင့် အကယ်၍ မတသ်မက်အံ့ အို အရှင်, ယခု သင့်မျက်စိအောက်မှ ငါ ပျောက်ကွယ်မည် , ကြည့် , ပျောက်ကွယ် တော့အံ့"ဟု ဗကဗြဟ္မာဆိုလျှင်, ငါက "အို ဗကဗြဟ္မာ, သင်ကား ယခု ငါ့မျက်စိ အောက်က မပျောက်ကွယ်နိုင်လတ္တံ့."ဟု ငါဆိုပြီ၊ ရဟန်းတို့, ထိုအခါ ဗကဗြဟ္မာ သည် "အို ရဟန်းဂေါတမ, သင့်မျက်မှောက်မှ ငါပျောက်ကွယ်မည် , ငါ ပျောက် ကွယ်မည်"ဟုဆို၍ မိမိကိုယ်ကို ငါ့မျက်မှောက်မှပျောက်ကွယ်ရန် အားထုတ်ကြိုးပမ်း လေရာ, ငါ့မျက်စိအောက်မှ ကွယ်ပျောက်ရန် မတတ်နိုင်ချေ။

ရဟန်းတို့, ထိုအခါ ငါက " အို ဗြဟ္မာ, သင်၏ မျက်စိအောက်မှ ငါကွယ်ပျောက် မည်"ဟု ဆိုရာ, ၎င်းက "အို အရှင်, သင်သည် ယခု ကျွန်ုပ် မျက်စိ အောက်မှ ကွယ် ပျောက်စမ်းပါလော ? ဟု ဆိုလေသော်- ရဟန်းတို့ , ထိုအခါ ငါသည် ဗြဟ္မာ, ဗြဟ္မာ့ ပရိသတ်နှင့် ဗြဟ္မာ့ အခြံအရံတို့က ငါ့ အသံကိုသာ ကြားရ၍ , ငါ့ကို မမြင်နိုင်ရန် တန်ခိုးဖြင့် ဖန်ဆင်း ပျောက်ကွယ်ကာ, ဤဂါထာကို ငါဆိုပြီ ·····

ဘဝ၌လျှင် ဘေးရှု မြင် ငါ,
ဘဝကင်း ထင်လင်း ဘဝသာ၊
ဘဝအတွက် မတသ်မက် ငါ,
စွဲလမ်းချက် တကွက် မထားသာ။

ရဟန်းတို့, ထိုအခါ ဗြဟ္မာသည်၎င်း, ဗြဟ္မာ့ပရိသတ်သည်၎င်း, ဗြဟ္မာ့ အခြံအရံ တို့သည်၎င်း အံ့ဖွယ်ဘနန်း အဆန်းအထူး သိမှတ်အံ့ဩကြကုန်ကာ "အို အချင်းတို့, ရဟန်း ဂေါတမ၏ တန်ခိုးစွမ်းပကား အာနုဘော် ကြီးမားခြင်းမှာ အံ့ဩစရာ , ချီးကျူး စရာ ဖြစ်ပါပေသည်၊ ဤသို့သော တန်ခိုး စွမ်းပကား ကြောင့်ပင် သာကီဝင် နွယ်ဖွား, သာကီဝင်ခင်းသား ရဟန်းဂေါတမသည် ဘုံဘဝ၌ပြင်းပြစွာ မွေ့လျော်ပျော်ပိုက်သော ဗြဟ္မာအပေါင်းနှင့် ဘုံဘဝကိုငြီးစီးရန် အားကြီးကြောင့်ကြနေသောဗြဟ္မာအပေါင်း၏

တသ်မက်ခြင်း တဏှာ အမြစ်အရင်းနှင့် တကွသော ဘုံဘဝ အစွဲးကို နှုတ်ပယ်တော် မူလေပြီ၊ ff ဟု ဆိုကုန်ပြီ၊　ဤသို့အားဖြင့် ဗြဟ္မာတို့မာနကို ချိုးနှိမ် စေကာ ပြန်ရောက် လာခဲ့သတည်း၊ ဤစကားကို ဘုရားရှင်ဟောညွှန်တော်မူရာ, ရဟန်းတို့ ကြေနပ် နှစ်သိမ့် ကုန်ပြီ၊　ဤသို့ အကျဉ်းချုပ် ကြားနာ မှတ်သားရ ပါသည်။

ဗြဟ္မနိမန္တနိကသုတ္တန် ပြီး၏။

---

ဤသုတ္တန်၌ ff ဤနေရာတွင် မာရ်နတ်က ဗြဟ္မာငယ်တဦးကို ပူးဝင်ကာ ဘုရားအား တောက်တီးတောက်တက် စကားမြွက်ဆိုပုံများ, ဘုရားက ၎င်းအား ပြန်လည်ချေပပုံများ ပါရှိနေ၏၊ ၎င်းမှာ ပိဋကဆောင်ရှေးသီဟိုဠ်တို့အတည်ပြုချက်မျှဖြစ်၏၊ ၎င်းတို့ကား စာရှိတိုင်း မှတ်သားထားခြင်းမျှကို ရည်၍ ကျေးဇူးတင်သော်-တင်ရန်သင့်၏၊　အမှန်စင်စစ်ကား "သမ္မုလံ ဘဝ 'မုဒမ္ဘတိ'" ဟူသော ဗြဟ္မာ တို့၏ တသ်မက်ခြင်း-တဏှာ အရင်းအမြစ်နှင့်တကွသော ဘဝအစွဲးကို နှုတ်ပယ်တော်မူလေပြီ ဟူသော စကား အထင်အရှား ပါရှိနေလေသည်၊　စင်စစ်မှာ နီဝရဏ ကင်းပြီး ဗြဟ္မာကို မာရ်နတ်လို အစားရှိသူတို့ မြင်မျှ မမြင်နိုင်သည်ကို ပိဋကဆောင်တို့ မစဉ်းစားမိကြကုန်၊　ထို့အတူပင် ဤသုတ် အခြားမဲ့ဘွင် ၅၀-မာရတဇ္ဇနီယသုတ္တန် ဟု အရှင်မဟာမောဂ္ဂလ္လာန်၏ ဝမ်းတွင်း၌ မာရ်နတ် ဝင်ရောက်နှောက်ယှက်ပုံ, အရှင်မဟာမောဂ္ဂလ္လာန်က ပြန်ကြား ပုံများ မှာလည်း ယုတ္တိ မရှိ သောကြောင့် ဤ၌ မထည့်သွင်းပေးမှန်လှ၏၊　ကျွန်ုပ်တို့၏ ဤမြန်မာပိဋကတော်ကား အနှစ်သက်သက်ဖြစ်သော ဘုရားစကားတော်စုသာ တည်နေရာ ဖြစ်သတည်း။

မဇ္ဈိမနိကာယ် မူလပဏ္ဏာသက မြန်မာ ဘာသာပြန် ပြီး၏။